ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်

အမျိုးသားစီမံကိန်း

ပထမ(၆)လပတ်အစီရင်ခံစာ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်
အမျိုးသားစီမံကိန်းပထမ (၆)လပတ်
အစီရင်ခံစာ

မာတိကာ

		စာမျက်နှာ
	နိဒါန်း	၁
အခန်း(၁)	ပြုပြင်ပြောင်းလဲမှုများ	၁၂
အခန်း(၂)	မေခရိုစီးပွားရေးအခြေအနေ	၁၇
အခန်း(၃)	မြန်မာနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးအခြေအနေ	၃၆
အခန်း(၄)	ငွေကြေးမူဝါဒ၊ဘဏ္ဍာရေးမူဝါဒများ၊ရသုံးမှန်းခြေငွေစာရင်း	၄၈
အခန်း(၅)	ကဏ္ဍစီမံကိန်း	၅၆
အခန်း(၆)	ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ	၁၄၅
အခန်း(၇)	ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု	၁၉၁
အခန်း(၈)	အထူးစီးပွားရေးဇုန်များနှင့်ဆောင်ရွက်မှုအခြေအနေ	၂၀၂
အခန်း(၉)	ပြည်ပအကူအညီအထောက်အပံ့ရရှိမှု	၂၁၄
အခန်း(၁၀)	ပြည်ပစီးပွားရေးဆက်ဆံမှုများနှင့်မြန်မာနိုင်ငံ၏အလားအလာ	၂၂၁
	နိဂုံး	၂၂၈

ပုံပြဂရပ် မာတိကာ

ပုံပြဂရပ် က

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁	ပုံ ၂-၁	တစ်ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှု (ရာခိုင်နှုန်း)	၁၇
၂	ပုံ ၂-၂	တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး(နှစ်အလိုက်ဈေးနှုန်းများ အရ)	၂၁
၃	ပုံ ၂-၃	ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်များ(၂၀၁၃ ခုနှစ်)	၂၂
၄	ပုံ ၂-၄	စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား	၂၃
၅	ပုံ ၂-၅	ဧည့်မထဆန်ဈေးနှုန်းအခြေအနေ	၂၄
၆	ပုံ ၂-၆	မြေပဲဆီဈေးနှုန်း အခြေအနေ	၂၄
၇	ပုံ ၂-၇	ကုလားပဲခြမ်းဈေးနှုန်းအခြေအနေ	၂၄
၈	ပုံ ၂-၈	ငွေကြေးဖောင်းပွမှုနှုန်း	၂၄
၉	ပုံ ၂-၉	တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း	၂၄
၁၀	ပုံ ၂-၁၀	နိုင်ငံခြားငွေလဲလှယ်နှုန်း	၂၅
၁၁	ပုံ ၂-၁၁	ငွေကြေးပမာဏ	၂၅
၁၂	ပုံ ၂-၁၂	၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် နိုင်ငံပိုင် ၊ သမဝါ ယမပိုင်နှင့် ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု	၂၆
၁၃	ပုံ ၂-၁၃	ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၂၆
၁၄	ပုံ ၂-၁၄	လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု	၂၇
၁၅	ပုံ ၂-၁၅	လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု	၂၇
၁၆	ပုံ ၂-၁၆	အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ	၂၈
၁၇	ပုံ ၂-၁၇	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ ပို့ကုန်အကောင်အထည် ဖော်နိုင်မှုအခြေအနေ	၂၈
၁၈	ပုံ ၂-၁၈	၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လ သွင်းကုန်အကောင်အထည်ဖော် နိုင်မှု အခြေအနေ	၂၉
၁၉	ပုံ ၂-၁၉	ကုန်သွယ်မှုပမာဏ	၂၉
၂၀	ပုံ ၂-၂၀	ကုန်သွယ်မှု ပိုငွေ/ လိုငွေ	၂၉
၂၁	ပုံ ၂-၂၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန် အခြေအနေ	၃၀
၂၂	ပုံ ၂-၂၂	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ	၃၀

စဉ်		အကြောင်းအရာ	စာမျက်နှာ
၂၃	ပုံ ၂-၂၃	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆရာဝန်ဦးရေ	၃၁
၂၄	ပုံ ၂-၂၄	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သူနာပြုဦးရေ	၃၁
၂၅	ပုံ ၂-၂၅	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းများ	၃၂
၂၆	ပုံ ၂-၂၆	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာ ကျောင်းဆရာများ	၃၂
၂၇	ပုံ ၂-၂၇	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းသားများ	၃၃
၂၈	ပုံ ၂-၂၈	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ကျောင်းဆရာနှင့် ကျောင်းသားများ	၃၃
၂၉	ပုံ ၂-၂၉	ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု	၃၄
၃၀	ပုံ ၂-၃၀	လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း	၃၄
၃၁	ပုံ ၂-၃၁	မြန်မာ့မီးရထား၏ဘူတာရုံနှင့်သံလမ်းမိုင်	၃၅
၃၂	ပုံ ၂-၃၂	အလုပ်အကိုင်ရရှိမှုအခြေအနေ	၃၅
၃၃	ပုံ ၅-၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၅၆
၃၄	ပုံ ၅-၂	ကဏ္ဍများ၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ (၆) လပတ် ပြောင်းလဲမှုနှုန်း	၅၇
၃၅	ပုံ ၅-၃	လယ်ယာကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၅၈
၃၆	ပုံ ၅-၄	သားငါးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက် အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၀
၃၇	ပုံ ၅-၅	သစ်တောကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက် အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၃
၃၈	ပုံ ၅-၆	စွမ်းအင်ကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၆
၃၉	ပုံ ၅-၇	သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၉
၄၀	ပုံ ၅-၈	စက်မှုလက်မှုကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၇၂

စဉ်		အကြောင်းအရာ	စာမျက်နှာ
၄၁	ပုံ ၅-၉	လျှပ်စစ်ဓာတ်အားကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၇၇
၄၂	ပုံ ၅-၁၀	ဆောက်လုပ်မှုကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၈၂
၄၃	ပုံ ၅-၁၁	ပို့ဆောင်ရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၈၅
၄၄	ပုံ ၅-၁၂	ဆက်သွယ်ရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၉၁
၄၅	ပုံ ၅-၁၃	ငွေရေးကြေးရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၉၄
၄၆	ပုံ ၅-၁၄	ကုန်သွယ်ရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၉၇
၄၇	ပုံ ၅-၁၅	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ သမဝါယမပိုင်အခန်းမှ ပထမ(၆) လပတ် ထုတ်လုပ်မှု၊ဝန်ဆောင်မှု၊ကုန်သွယ်မှုအကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၀၂
၄၈	ပုံ ၅-၁၆	သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမအသင်းများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ(၆)လပတ် အကောင် အထည် ဖော်နိုင်မှု အခြေအနေ	၁၀၄
၄၉	ပုံ ၅-၁၇	၄ားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုး သား စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၀၅
၅၀	ပုံ ၅-၁၈	လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၁၁

စဉ်		အကြောင်းအရာ	စာမျက်နှာ
၅၁	ပုံ ၆-၁	ကချင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၄၅
၅၂	ပုံ ၆-၂	ကယားပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၀
၅၃	ပုံ ၆-၃	ကရင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၂
၅၄	ပုံ ၆-၄	ချင်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၃
၅၅	ပုံ ၆-၅	စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၈
၅၆	ပုံ ၆-၆	တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၆၂
၅၇	ပုံ ၆-၇	ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၆၅
၅၈	ပုံ ၆-၈	မကွေးတိုင်းဒေသကြီး ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၆၇
၅၉	ပုံ ၆-၉	မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၀
၆၀	ပုံ ၆-၁၀	မွန်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၃
၆၁	ပုံ ၆-၁၁	ရခိုင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၆
၆၂	ပုံ ၆-၁၂	ရန်ကုန်တိုင်းဒေသကြီး ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၈
၆၃	ပုံ ၆-၁၃	ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၈၂
၆၄	ပုံ ၆-၁၄	ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၈၅

စဉ်		အကြောင်းအရာ	စာမျက်နှာ
၆၅	ပုံ ၆-၁၅	နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၈၇
၆၆	ပုံ ၉-၁	ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ	၂၁၆
၆၇	ပုံ ၉-၂	နိုင်ငံအချင်းချင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု	၂၁၉
၆၈	ပုံ ၉-၃	ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု	၂၂၀

ဇယားမာတိကာ

ဇယား			စ
စဉ်		အကြောင်းအရာ	စာမျက်နှာ
၁	ဇယား က-၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက် ဈေးနှုန်းများအရ)	၈
၂	ဇယား က-၂	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် အကောင်အထည် ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းများအရ)	၉
၃	ဇယား က-၃	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (ပုံမှန်ဈေးနှုန်း များအရ)	၁၀
၄	ဇယား က-၄	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် အကောင်အထည် ဖော်နိုင်မှု အခြေအနေ (ပုံမှန်ဈေးနှုန်းများအရ)	၁၁
၅	ဇယား ၃-၁	မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ	၃၉
၆	ဇယား ၃-၂	မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ	၄၂
၉	ဇယား ၄-၁	ပြည်တွင်းအခွန်ကောက်ခံရရှိမှု	၅၂
၁၀	ဇယား ၄-၂	နိုင်ငံပိုင်အခန်းမှလုပ်ငန်းစီမံကိန်းများ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ အခြေအနေ	၅၃
၁၁	ဇယား ၄-၃	ဝန်ကြီးဌာနများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အတွင်း နိုင်ငံအချင်းချင်း အကူအညီ ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ	၅၄
၁၂	ဇယား ၅-၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ ၆ လပတ် (ဧပြီလမှ စက်တင်ဘာ လ) လျှပ်စစ်မောတာအားအသုံးပြုမှု အခြေအနေ	၇၈
၁၃	ဇယား ၅-၂	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု လျာထားချက်နှင့် ပထမ (၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု	၁၄၄
၁၄	ဇယား ၇-၁	၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အလုပ်အကိုင် အခွင့် အလမ်းပေါ်ပေါက်မှု	၁၉၆
၁၅	ဇယား ၇-၂	ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ	၂၀၀

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁၆	ဇယား ၇-၃	နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီ ထူထောင်မှု	၂၀၀
၁၇	ဇယား ၈-၁	ထားဝယ် အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသား နှင့် နိုင်ငံခြား အလုပ်သမားစာရင်း	၂၀၉
၁၈	ဇယား ၉-၁	ဝန်ကြီးဌာနများအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု အခြေအနေ	၂၁၅
၁၉	ဇယား ၉-၂	နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်း များ အလိုက် အကူအညီ အထောက်အပံ့ ရရှိမှု	၂၁၈

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
ပထမ(၆)လပတ် အစီရင်ခံစာ

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၄)၊ ပုဒ်မ ၁၀၀ (ခ) အရ အမျိုးသားစီမံကိန်း၊ အခန်း(၄) ပုဒ်မ ၁၉၀ (ခ) အရ ဒေသန္တရစီမံကိန်းကို ရေးဆွဲလျက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီးသို့ ရေးဆွဲတင်ပြပြီး အတည်ပြုပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်သည် တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ပြည်သူ ဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development) ရရှိစေရန် စီးပွားရေးမူဝါဒ (၄)ရပ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမူဝါဒများနှင့်အညီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေး၊ သစ်တောသယံဇာတ ထိန်းသိမ်းရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်း ထူထောင်ရေး၊ စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ထွန်းရေး၊ မြို့ပြများ ဖြစ်ထွန်းရေးနှင့် ခေတ်မီလမ်းတံတားများ ဖြစ်ထွန်း

ပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး၊ လူတိုင်းအတွက်၊ နေရာတိုင်း အတွက် ဆက်သွယ်ရေးစနစ် ပေါ်ပေါက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသား အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး၊ အမျိုးသားစာရင်းအင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကို လည်း အလေးထားရေးဆွဲဖော်ဆောင်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တစ်မျိုးသားလုံး ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅၉,၂၄၈,၉၅၃.၀ သန်းရရှိရန်နှင့် ၁၅.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ကဏ္ဍတစ်ခုချင်း အလိုက် နှစ်အလိုက်ဈေးနှုန်းများအရ-

(က) လယ်ယာကဏ္ဍတွင် ကျပ် ၁၃,၀၅၈,၆၄၀.၄ သန်း ဖြစ်ပြီး၊ ၆.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ခ) သားငါးကဏ္ဍတွင် ကျပ် ၄,၅၀၉,၅၁၆.၈ သန်း ဖြစ်ပြီး၊ ၁၀.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဂ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် သစ်တောကဏ္ဍ တွင် ကျပ် ၁၆၁,၁၆၁.၁ သန်းဖြစ်ပြီး၊ ၂.၆ ရာခိုင်နှုန်း လျော့နည်း ဖြစ်ပေါ်ရန်၊

(ဃ) စွမ်းအင်ကဏ္ဍတွင် ကျပ် ၃,၇၆၇,၀၉၆.၂ သန်း ဖြစ်ပြီး၊ ၁၀၉.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကျပ် ၇၀၈,၅၁၇.၀ သန်း ဖြစ်ပြီး၊ ၃၀.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(စ) စက်မှုလက်မှုကဏ္ဍတွင် ကျပ် ၁၂,၀၉၉,၅၀၉.၄ သန်း ဖြစ်ပြီး၊ ၁၆.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ် ၇၂၈,၅၂၄.၇ သန်း ဖြစ်ပြီး၊ ၁၇.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဇ) ဆောက်လုပ်မှုကဏ္ဍတွင် ကျပ် ၂,၆၉၆,၀၃၇.၃ သန်း ဖြစ်ပြီး၊ ၂၆.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(စျ) ပို့ဆောင်ရေးကဏ္ဍတွင် ကျပ် ၆,၉၅၅,၅၀၄.၁ သန်း ဖြစ်ပြီး၊ ၈.၃ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ည) ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၅၆၀,၇၂၆.၂ သန်း ဖြစ်ပြီး၊ ၂၆.၇ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(ဋ) ငွေရေးကြေးရေးကဏ္ဍတွင် ကျပ် ၇၉,၈၆၈.၂ သန်း ဖြစ်ပြီး၊ ၆၄.၀ ရာခိုင် နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ကျပ် ၁,၃၅၅,၆၁၀.၁ သန်း ဖြစ်ပြီး၊ ၅၁.၅ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဍ) ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ် ၁,၂၂၈,၆၂၈.၄ သန်း ဖြစ်ပြီး၊ ၁၉.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဎ) ကုန်သွယ်မှုကဏ္ဍတွင် ကျပ် ၁၁,၃၃၉,၆၁၃.၁ သန်း ဖြစ်ပြီး၊ ၁၃.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး / ပြည်နယ် အလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းဖြင့် ဖော်ပြ အပ်ပါသည် -

(က) ကချင်ပြည်နယ်တွင်ကျပ် ၁,၅၅၀,၃၆၀.၃ သန်းဖြစ်ပြီး၊ ၁၂.၁ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(ခ) ကယားပြည်နယ်တွင်ကျပ် ၁၉၆,၅၂၃.၅ သန်းဖြစ်ပြီး၊ ၁၀.၉ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(ဂ) ကရင်ပြည်နယ်တွင်ကျပ် ၉၅၇,၁၄၇.၄ သန်းဖြစ်ပြီး၊ ၁၁.၀ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(ဃ) ချင်းပြည်နယ်တွင်ကျပ် ၁၉၂,၂၉၆.၄ သန်း ဖြစ်ပြီး၊ ၁၂.၂ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(c) စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျပ် ၆,၄၇၀,၅၀၂.၀ သန်း ဖြစ်ပြီး၊ ၁၃.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(စ) တနင်္သာရီတိုင်းဒေသကြီးတွင် ကျပ် ၃,၂၅၄,၈၈၆.၉ သန်း ဖြစ်ပြီး၊ ၂၆.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဆ) ပဲခူးတိုင်းဒေသကြီး တွင် ကျပ် ၄,၇၁၃,၆၉၇.၈ သန်း ဖြစ်ပြီး၊ ၁၀.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဇ) မကွေးတိုင်းဒေသကြီး တွင် ကျပ် ၅,၄၈၅,၃၂၇.၆ သန်း ဖြစ်ပြီး၊ ၁၄.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(စျ) မန္တလေးတိုင်းဒေသကြီး တွင် ကျပ် ၆,၁၀၉,၉၅၀.၅ သန်း ဖြစ်ပြီး၊ ၉.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ည) မွန်ပြည်နယ်တွင် ကျပ် ၂,၃၄၈,၃၁၆.၅ သန်းဖြစ်ပြီး၊ ၁၁.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဋ) ရခိုင်ပြည်နယ်တွင်ကျပ် ၂,၇၉၇,၈၈၈.၁ သန်း ဖြစ်ပြီး၊ ၄၆.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဌ) ရန်ကုန်တိုင်းဒေသကြီးတွင် ကျပ် ၁၂,၄၀၇,၁၃၄.၁ သန်း ဖြစ်ပြီး၊ ၁၂.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဍ) ရှမ်းပြည်နယ်တွင် ကျပ် ၃,၉၀၁,၆၄၉.၆ သန်း ဖြစ်ပြီး၊ ၈.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဎ) ဧရာဝတီတိုင်းဒေသကြီးတွင် ကျပ် ၇,၇၇၇,၉၆၂.၅ သန်း ဖြစ်ပြီး၊ ၁၈.၀ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဏ) နေပြည်တော် ကောင်စီနယ်မြေ တွင် ကျပ် ၁,၀၈၅,၃၀၉.၈ သန်း ဖြစ်ပြီး၊ ၈၀.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ ၈.၉ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားပါသည်။ကဏ္ဍတစ်ခုချင်းအလိုက်ပုံမှန်စျေးနှုန်းများအရ-

(က) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) သားငါးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် သစ်တောကဏ္ဍတွင် ၆.၁ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(ဃ) စွမ်းအင်ကဏ္ဍတွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) ဆောက်လုပ်မှုကဏ္ဍတွင် ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(စျ) ပို့ဆောင်ရေးကဏ္ဍတွင် ၅.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) ဆက်သွယ်ရေးကဏ္ဍတွင် ၅၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဋ) ငွေရေးကြေးရေးကဏ္ဍတွင် ၉၂.၇ ရာခိုင် နှုန်း တိုးတက်ရန်၊

(ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဍ) ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဎ) ကုန်သွယ်မှုကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပုံမှန်စျေးနှုန်းများအရ တိုးတက်ရန် ရည်မှန်း ထားပါသည်-

(က) ကချင်ပြည်နယ်တွင် ၈.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ခ) ကယားပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) ကရင်ပြည်နယ်တွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဃ) ချင်းပြည်နယ်တွင် ၈.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(င) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(စ) တနင်္သာရီတိုင်းဒေသကြီးတွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဆ) ပဲခူးတိုင်းဒေသကြီး တွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဇ) မကွေးတိုင်းဒေသကြီး တွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(စျ) မန္တလေးတိုင်းဒေသကြီး တွင် ၇.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ည) မွန်ပြည်နယ်တွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဋ) ရခိုင်ပြည်နယ်တွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဌ) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဍ) ရှမ်းပြည်နယ်တွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဎ) ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဏ) နေပြည်တော် ကောင်စီနယ်မြေ ၇၆.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်အလိုက်ဈေးနှုန်းအရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတန်ဖိုး ပါဝင်မှုအချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ဖေါ်ပြပါအတိုင်း တိုးတက်ဖြစ်ပေါ်လာစေရန် ရည်မှန်းခဲ့ပါသည်-

(က) ကုန်ထုတ်လုပ်သောကဏ္ဍများတွင် ၆၂.၆ မှ ၆၃.၇ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) ဝန်ဆောင်မှုကဏ္ဍများတွင် ၁၇.၉ ရာခိုင်နှုန်းမှ ၁၇.၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ကုန်သွယ်မှုကဏ္ဍတွင် ၁၉.၅ ရာခိုင်နှုန်းမှ ၁၉.၁ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်အလိုက်ဈေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ဖေါ်ပြပါအတိုင်း ဖြစ်ပေါ်လာစေရန် ရည်မှန်းခဲ့ပါသည်-

(က) လယ်ယာကဏ္ဍကြီးတွင် ၃၂.၃ ရာခိုင်နှုန်းမှ ၂၉.၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) စက်မှုကဏ္ဍကြီးတွင် ၃၀.၃ ရာခိုင်နှုန်းမှ ၃၃.၈ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၇.၄ ရာခိုင်နှုန်းမှ ၃၆.၃ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန် ရည်မှန်းခဲ့ပါသည်။

နှစ်အလိုက်ဈေးနှုန်းများအရ လူတစ်ဦးစီ၏ (Per capita GDP) မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၈၃၉,၇၉၉ ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျပ် ၉၆၂,၂၄၀ ဖြစ်ပေါ်လာရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်နှင့် ဆက်စပ်ညှိနှိုင်း၍ ခန့်မှန်း လျာထားပါသည်။ တစ်မျိုးသားလုံး၏ စီးပွားရေးနှင့် ပတ်သက်၍ ထားရှိသည့် ဦးစားပေး အစီအစဉ်များအရ လည်းကောင်း၊ စီးပွားရေး အဆောက်အအုံ ပြောင်းလဲရန် ဦးတည်ချက်များအရ လည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအရ လည်းကောင်း အဖက်ဖက်မှ ဆက်စပ် ညှိနှိုင်းပြီး လျာထား သတ်မှတ်ထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၉,၃၄၂,၆၆၅.၄ သန်း လျာထားပြီး နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၉၂၈,၈၂၄.၀ သန်း၊ အချိုးအစားအားဖြင့် ၂၅.၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ ကျပ် ၁,၆၇၃.၇ သန်း၊ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း နှင့် ပုဂ္ဂလိကပိုင်အခန်းမှ ကျပ် ၁၄,၄၁၂,၁၆၇.၇ သန်း၊ အချိုးအစားအားဖြင့် ၇၄.၅ ရာခိုင်နှုန်း အသီးသီး လျာထားပါသည်။

နှစ်အလိုက်ဈေးနှုန်းအရ ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုးအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃၀.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၂.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် လျာထားပါသည်။ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေခံများအပေါ် မူတည်၍ ချမှတ်ထားသော ရည်မှန်းချက်များ ပြည့်မီရေးအတွက် မူဝါဒများ၊ စီးပွားရေး မဟာဗျူဟာများ၊ နည်းဗျူဟာ နှင့် လုပ်နည်း လုပ်ဟန်များတွင် အလျော့အတင်းများ ပြုလုပ်လျက် လိုအပ်သည့် ပြုပြင် ပြောင်းလဲမှု (Reform Measure) များဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာတွင် ပထမ (၆)လပတ် (၈ပြီလ မှ စက်တင်ဘာလ)အထိ အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေကို တင်ပြအပ်ပါသည်။

ဇယား (က-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	ကဏ္ဍ	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှု(%)
၁	တစ်မျိုးသားလုံး၏အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၅၉,၂၄၈,၉၅၃.၀	၂၉,၆၂၄,၄၇၆.၅	၁၉,၄၆၀,၇၀၅.၀	၆၅.၇
၂	လယ်ယာကဏ္ဍ	၁၃,၀၅၈,၆၄၀.၄	၆,၅၂၉,၃၂၀.၂	၂,၆၈၂,၄၇၆.၂	၄၁.၁
၃	သားငါးကဏ္ဍ	၄,၅၀၉,၅၁၆.၈	၂,၂၅၄,၇၅၈.၄	၂,၀၈၇,၁၀၂.၀	၉၂.၆
၄	သစ်တောကဏ္ဍ	၁၆၁,၁၆၁.၁	၈၀,၅၈၀.၆	၄၂,၄၄၂.၀	၅၂.၇
၅	စွမ်းအင်ကဏ္ဍ	၃,၇၆၇,၀၉၆.၂	၁,၈၈၃,၅၄၈.၁	၁,၃၆၅,၅၁၃.၁	၇၂.၅
၆	သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ	၇၀၈,၅၁၇.၀	၃၅၄,၂၅၈.၅	၁၉၅,၁၉၂.၆	၅၅.၁
၇	စက်မှုလက်မှုကဏ္ဍ	၁၂,၀၉၉,၅၀၉.၄	၆,၀၄၉,၇၅၄.၇	၃,၆၀၆,၆၃၉.၅	၅၉.၆
၈	လျှပ်စစ်ဓာတ်အားကဏ္ဍ	၇၂၈,၅၂၄.၇	၃၆၄,၂၆၂.၄	၃၅၁,၃၆၁.၆	၉၆.၅
၉	ဆောက်လုပ်မှုကဏ္ဍ	၂,၆၉၆,၀၃၇.၃	၁,၃၄၈,၀၁၈.၆	၉၈၈,၆၉၁.၉	၇၃.၃
၁၀	ပို့ဆောင်ရေးကဏ္ဍ	၆,၉၅၅,၅၀၄.၁	၃,၄၇၇,၇၅၂.၀	၃,၀၀၀,၃၈၂.၉	၈၆.၃
၁၁	ဆက်သွယ်ရေးကဏ္ဍ	၅၆၀,၇၂၆.၂	၂၈၀,၃၆၃.၁	၃၅၀,၃၅၆.၂	၁၂၅.၀
၁၂	ငွေရေးကြေးရေးကဏ္ဍ	၇၉,၈၆၈.၂	၃၉,၉၃၄.၁	၄၃,၃၄၁.၅	၁၀၈.၅
၁၃	လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ	၁,၃၅၅,၆၁၀.၁	၆၇၇,၈၀၅.၁	၆၇၇,၇၂၉.၀	၁၀၀.၀
၁၄	ဌားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ	၁,၂၂၈,၆၂၈.၄	၆၁၄,၃၁၄.၂	၆၃၅,၅၉၁.၅	၁၀၃.၅
၁၅	ကုန်သွယ်မှုကဏ္ဍ	၁၁,၃၃၉,၆၁၃.၁	၅,၆၆၉,၈၀၆.၅	၃,၄၃၃,၈၈၅.၀	၆၀.၆
	ပါဝင်မှုအချိုးအစား (%)				
၁၆	လယ်ယာကဏ္ဍကြီး	၂၉.၉	၂၉.၉	၂၄.၇	
၁၇	စက်မှုကဏ္ဍကြီး	၃၃.၈	၃၃.၈	၃၃.၄	
၁၈	ဝန်ဆောင်မှုကဏ္ဍကြီး	၃၆.၃	၃၆.၃	၄၁.၉	

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (က-၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%)
၁	ကချင်ပြည်နယ်	၁,၅၅၀,၃၆၀.၃	၇၇၅,၁၈၀.၂	၂၉၀,၅၀၄.၃	၃၇.၅
၂	ကယားပြည်နယ်	၁၉၆,၅၂၃.၅	၉၈,၂၆၁.၈	၇၅,၂၉၉.၇	၇၆.၆
၃	ကရင်ပြည်နယ်	၉၅၇,၁၄၇.၄	၄၇၈,၅၇၃.၇	၂၅၈,၄၄၈.၅	၅၄.၀
၄	ချင်းပြည်နယ်	၁၉၂,၂၉၆.၄	၉၆,၁၄၈.၂	၆၅,၂၁၈.၂	၆၇.၈
၅	စစ်ကိုင်းတိုင်းဒေသကြီး	၆,၄၇၀,၅၀၂.၀	၃,၂၃၅,၂၅၁.၀	၁,၈၁၅,၇၁၉.၄	၅၆.၁
၆	တနင်္သာရီတိုင်းဒေသကြီး	၃,၂၅၄,၈၈၆.၉	၁,၆၂၇,၄၄၃.၄	၁,၅၀၀,၆၀၃.၃	၉၂.၂
၇	ပဲခူးတိုင်းဒေသကြီး	၄,၇၁၃,၆၉၇.၈	၂,၃၅၆,၈၄၈.၉	၁,၁၈၉,၇၂၄.၉	၅၀.၅
၈	မကွေးတိုင်းဒေသကြီး	၅,၄၈၅,၃၂၇.၆	၂,၇၄၂,၆၆၃.၈	၂,၀၉၉,၅၉၃.၄	၇၆.၆
၉	မန္တလေးတိုင်းဒေသကြီး	၆,၁၀၉,၉၅၀.၅	၃,၀၅၄,၉၇၅.၂	၂,၀၈၈,၉၄၅.၆	၆၈.၄
၁၀	မွန်ပြည်နယ်	၂,၃၄၈,၃၁၆.၅	၁,၁၇၄,၁၅၈.၃	၇၁၆,၆၄၀.၅	၆၁.၀
၁၁	ရခိုင်ပြည်နယ်	၂,၇၉၇,၈၈၈.၁	၁,၃၉၈,၉၄၄.၁	၆၉၄,၉၅၇.၄	၄၉.၇
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၂,၄၀၇,၁၃၄.၁	၆,၂၀၃,၅၆၇.၀	၄,၆၂၂,၀၀၀.၆	၇၄.၅
၁၃	ရှမ်းပြည်နယ်	၃,၉၀၁,၆၄၉.၆	၁,၉၅၀,၈၂၄.၈	၁,၁၉၂,၇၇၂.၀	၆၁.၁
၁၄	ဧရာဝတီတိုင်းဒေသကြီး	၇,၇၇၇,၉၆၂.၅	၃,၈၈၈,၉၈၁.၂	၂,၅၁၇,၃၉၉.၅	၆၄.၇
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၀၈၅,၃၀၉.၈	၅၄၂,၆၅၄.၉	၃၃၂,၈၇၇.၇	၆၁.၃

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (က-၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

စဉ်	ကဏ္ဍ	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှု(%)
၁	တစ်မျိုးသားလုံး၏အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၄၉,၈၆၈,၈၁၃.၃	၂၄,၉၃၄,၄၀၆.၇	၁၆,၅၂၆,၆၂၇.၄	၆၆.၃
၂	လယ်ယာကဏ္ဍ	၁၁,၆၃၃,၁၂၈.၃	၅,၈၁၆,၅၆၄.၁	၂,၄၅၉,၅၆၇.၂	၄၂.၃
၃	သားငါးကဏ္ဍ	၄,၀၈၂,၈၄၄.၆	၂၀,၄၁၄,၂၂.၃	၁,၉၂၄,၃၀၁.၇	၉၄.၃
၄	သစ်တောကဏ္ဍ	၁၄၉,၃၂၃.၈	၇၄,၆၆၁.၉	၃၉,၆၀၄.၇	၅၃.၀
၅	စွမ်းအင်ကဏ္ဍ	၇၀,၉၉၈.၉	၃၅,၄၉၉.၄	၃၀,၅၄၆.၉	၈၆.၀
၆	သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ	၄၁၅,၁၂၆.၈	၂၀၇,၅၆၃.၄	၁၅၃,၈၂၈.၆	၇၄.၁
၇	စက်မှုလက်မှုကဏ္ဍ	၁၀,၇၇၈,၇၃၆.၅	၅,၃၈၉,၃၆၈.၃	၃,၁၉၇,၆၁၆.၀	၅၉.၃
၈	လျှပ်စစ်ဓာတ်အားကဏ္ဍ	၅၇၃,၈၀၄.၄	၂၈၆,၉၀၂.၂	၂၇၉,၁၀၀.၃	၉၇.၃
၉	ဆောက်လုပ်မှုကဏ္ဍ	၂,၄၉၉,၉၀၇.၃	၁,၂၄၉,၉၅၃.၇	၈၁၈,၀၄၄.၄	၆၅.၄
၁၀	ပို့ဆောင်ရေးကဏ္ဍ	၆,၂၀၅,၈၅၄.၁	၃,၁၀၂,၉၂၇.၁	၂,၇၁၇,၈၄၆.၃	၈၇.၆
၁၁	ဆက်သွယ်ရေးကဏ္ဍ	၁,၅၄၇,၇၂၅.၁	၇၇၃,၈၆၂.၆	၉၇၀,၅၆၇.၂	၁၂၅.၄
၁၂	ငွေရေးကြေးရေးကဏ္ဍ	၁၀၃,၀၇၁.၄	၅၁,၅၃၅.၇	၅၅,၉၃၁.၅	၁၀၈.၅
၁၃	လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ	၁,၁၄၄,၂၉၆.၀	၅၇၂,၁၄၈.၀	၅၀၇,၁၇၆.၀	၈၈.၆
၁၄	ဌားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ	၁,၁၁၉,၆၇၃.၆	၅၅၉,၈၃၆.၈	၅၄၀,၀၇၅.၂	၉၆.၅
၁၅	ကုန်သွယ်မှုကဏ္ဍ	၉,၅၄၄,၃၂၂.၅	၄,၇၇၂,၁၆၁.၂	၂,၈၃၂,၄၂၁.၄	၅၉.၄

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (က-၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%)
၁	ကချင်ပြည်နယ်	၁,၂၃၇,၂၂၁.၇	၆၁၈,၆၁၀.၈	၂၄၃,၅၁၆.၈	၃၉.၄
၂	ကယားပြည်နယ်	၁၇၈,၂၄၈.၀	၈၉,၁၂၄.၀	၆၈,၄၀၈.၆	၇၆.၈
၃	ကရင်ပြည်နယ်	၈၆၉,၂၀၃.၈	၄၃၄,၆၀၁.၉	၂၄၈,၂၄၉.၃	၅၇.၁
၄	ချင်းပြည်နယ်	၁၇၄,၄၉၇.၆	၈၇,၂၄၈.၈	၆၁,၆၉၆.၁	၇၀.၇
၅	စစ်ကိုင်းတိုင်းဒေသကြီး	၅,၇၇၅,၀၈၂.၈	၂,၈၈၇,၅၄၁.၄	၁,၆၅၁,၁၈၁.၇	၅၇.၂
၆	တနင်္သာရီတိုင်းဒေသကြီး	၁,၇၀၃,၀၄၆.၄	၈၅၁,၅၂၃.၂	၆၈၀,၃၃၅.၁	၇၉.၉
၇	ပဲခူးတိုင်းဒေသကြီး	၄,၂၉၈,၅၇၂.၃	၂,၁၄၉,၂၈၆.၁	၁,၁၂၉,၀၉၀.၆	၅၂.၅
၈	မကွေးတိုင်းဒေသကြီး	၄,၇၈၀,၆၅၁.၆	၂,၃၉၀,၃၂၅.၈	၁,၈၆၉,၄၈၃.၅	၇၈.၂
၉	မန္တလေးတိုင်းဒေသကြီး	၅,၅၂၉,၀၀၄.၅	၂,၇၆၄,၅၀၂.၃	၁,၉၇၇,၉၂၉.၁	၇၁.၅
၁၀	မွန်ပြည်နယ်	၂,၁၃၃,၈၄၆.၃	၁,၀၆၆,၉၂၃.၁	၆၇၁,၃၈၂.၄	၆၂.၉
၁၁	ရခိုင်ပြည်နယ်	၁,၉၁၄,၃၁၈.၈	၉၅၇,၁၅၉.၄	၆၂၅,၁၇၉.၁	၆၅.၃
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁,၁၀၇,၉၄၅၀.၁	၅,၅၃၉,၇၂၅.၁	၄,၁၇၅,၉၅၅.၅	၇၅.၄
၁၃	ရှမ်းပြည်နယ်	၃,၅၂၃,၄၀၄.၄	၁,၇၆၁,၇၀၂.၂	၁,၁၂၂,၃၇၈.၉	၆၃.၇
၁၄	ဧရာဝတီတိုင်းဒေသကြီး	၅,၆၅၉,၆၃၃.၉	၂,၈၂၉,၈၁၇.၀	၁,၆၈၂,၃၇၆.၁	၅၉.၅
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၀၁၂,၆၃၁.၁	၅၀၆,၃၁၅.၆	၃၁၉,၄၆၄.၆	၆၃.၁

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အခန်း(၁)

ပြုပြင်ပြောင်းလဲမှုများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရတာဝန်ယူသည့် ၂၀၁၁ ခုနှစ်ဧပြီလမှ စ၍ ဒီမိုကရေစီစနစ်နှင့် စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ပေါက်ရန်အတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြုပြင်ပြောင်းလဲမှုများကို အောက်ဖော်ပြပါ အဆင့် (၄) ဆင့်ဖြင့် ဆောင်ရွက် လျက်ရှိပါသည်-

(က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊

(ခ) လူမှုရေးနှင့်စီးပွားရေး ပြုပြင် ပြောင်းလဲမှု၊

(ဂ) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊

(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု တို့ဖြစ်ပါသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု။ နိုင်ငံတော်အစိုးရ၏ ပထမအဆင့် ပြုပြင် ပြောင်းလဲရေး မဟာဗျူဟာဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အနေဖြင့် ပြစ်ဒဏ်ကျခံ နေသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခြင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခြင်း၊ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်း၊ မီဒီယာအတွက် အကန့်အသတ်များကို ပယ်ဖျက်ပေးခြင်း၊ ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့်နှင့် ပြည်သူများ၏ဆန္ဒသဘောထားများအား ဥပဒေနှင့်အညီ ထုတ်ဖော်ခွင့်ပေးခြင်း စသည်တို့မှာ သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိတော့သည့် ဥပဒေများကိုလည်း ဖျက်သိမ်းပြီး ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင်များနှင့်လည်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး မတူညီသည်များကို ဘေးဖယ်၍ တူညီသည်များကို လက်တွဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့(၁၀)ဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးနှင့် နိုင်ငံရေးအရ တွေ့ဆုံမှုများ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။

လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု။ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုအဖြစ် လူမှုရေး နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ

လုပ်ငန်းစဉ်များသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် အလျင်အမြန် အောင်မြင်မှုများ (Quick-Wins) ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကာလရှည်တွင် ပြည်သူလူထုအကျိုးကို ရှေးရှုသည့် ဖွံ့ဖြိုးတိုးတက်မှု (People Centered Development) နှင့် ပြည်သူအားလုံး ပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု (inclusive growth) တို့ အောင်မြင်ဖြစ်ထွန်းစေရေးအတွက်ချမှတ်ထားသည့် မူဝါဒများ၊ ကာလတို၊ ကာလရှည် စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပေါင်းစပ်ပေးမည် ဖြစ်ပါသည်။ အစီရင်ခံသည့် ပထမ(၆)လပတ် ကာလအတွင်း အောက်ပါလူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အစိုးရဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာ နှင့် လုပ်ခလစာများ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများအား လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC) များပြန်လည်ရွေးနှုတ်ခြင်း လုပ်ငန်းအား ၂၀၁၃ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေသစ်အား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၆)ဖြင့် ၂၀၁၃ခုနှစ် ဇူလိုင်လ(၁၁)ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်း၊ ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက် (Yangon Foreign Exchange Spot Market) အား ၂၀၁၃ခုနှစ် သြဂုတ်လမှစတင်၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားမှု လိုင်စင်ရ (Authorized Dealer Licence) ဘဏ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့် လျော်ညီစေရန် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့၏ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ ရယူ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲကောင်တာများ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိက အာမခံ ကုမ္ပဏီ (၁၂) ခုအား အသက်အာမခံ၊ မီး အာမခံ၊ အလုံးစုံ မော်တော်ယာဉ် အာမခံ၊ ငွေပို့ငွေသယ် အာမခံ၊ ငွေသား လုံခြုံမှုအာမခံ၊

သမာဓိ အာမခံ လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) e-payment စနစ်အား မြန်မာနိုင်ငံသားများဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားမှုစနစ် (IELPS) အား အဆင့်လိုက် ဖြေလျော့ ဆောင်ရွက်လျက် ရှိပါသည်။

အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု ။ တတိယအဆင့် ပြုပြင်ပြောင်းလဲမှု ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသော အစိုးရ ဖြစ်စေရေး အတွက် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေး အတွက် ရည်ရွယ်၍ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံ မူဘောင်နှင့် အညီ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရန် လိုအပ်လာသဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် သွက်လက် ထိရောက်သော စီမံအုပ်ချုပ် လုပ်ကိုင်မှုစနစ်၊ ဆောင်ရွက်ပုံယန္တရား လုပ်ငန်းပိုင်းဆိုင်ရာနှင့် ပတ်သက်သော ရုံးအဖွဲ့အစည်းများတွင် အောက်ခြေပိုင်းမှစ၍ ပြုပြင်ပြောင်းလဲမှု ဖြစ်စေရေး၊ ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်မြင့်မားစေရေး၊ ဆောင်ရွက်မှုစွမ်းရည် ပြည့်ဝရေး၊ ခေတ်နောက်ကျပြီး ဖောင်းပွနေသော စည်းမျဉ်း စည်းကမ်းများ ပြုပြင်ရေးများ ဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲ ရလဒ်နှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို တတိယအကြိမ် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် တင်ပြအတည် ပြုခဲ့ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေး အတွက် -

(က) ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် စွမ်းရည်ပြည့် အကောင်အထည်ဖော်ခြင်း၊

(ခ) တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း၊

(ဂ) တရားဥပဒေစိုးမိုးခြင်း၊

(ဃ) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(င) ကိစ္စရပ်များနှင့် ပြဿနာများကို မဆိုင်းမတွ အလိုက်သင့် တုန့်ပြန် ဖြေရှင်းခြင်း၊

(စ) အများပါဝင်ခြင်း၊ အများအား အသိပေးခြင်းနှင့် တုန့်ပြန်မှု ရယူခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း၊

(ဆ) အများသဘော၊ အများဆန္ဒနှင့်အညီ တရားမျှတသော အုပ်ချုပ်မှုနှင့် စီမံ ခန့်ခွဲမှု ရှိခြင်း၊

(ဇ) ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှု ကင်းခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ချမှတ်ခဲ့သည့်လုပ်ငန်းစဉ်များမှာ-

(က) ပေါ်လစီနှင့် ရည်မှန်းချက်များသတ်မှတ်ခြင်း၊

(ခ) ဥပဒေများရေးဆွဲခြင်း၊

(ဂ) ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(ဃ) စီမံကိန်းနှင့်အစီအစဉ်များရေးဆွဲခြင်း၊

(င) အုပ်ချုပ်မှုအလွှာများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ဌာနဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်း၊

(စ) ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း၊

(ဆ) တိကျသော လုပ်ပိုင်ခွင့်နှင့် တာဝန်ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ပြဿနာများ ဖြေရှင်းပိုင်ခွင့်သတ်မှတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေခြင်း၊

(ဇ) အစိုးရဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့် ပျိုးထောင်ခြင်း၊

(ဈ) ပေါင်းစပ်ညှိနှိုင်းခြင်း(အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်)၊

(ည) ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း တို့ဖြစ်ပါသည်။

စီမံကိန်းများကို ရေးဆွဲရာတွင် ပြည်သူ့ဗဟိုပြု၍ ပြည်သူ့အများ ပူးပေါင်းပါဝင်သော အောက်ခြေမှ တင်ပြသည့် ဒေသန္တရ စီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။ ဒေသတွင် အဓိကကျသည့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း၊ မြို့ပြစီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ထိရောက်စွာ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ ပါဝင်သည့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်

ရှိပါသည်။ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ရေးဆွဲရာတွင် လွတ်တော် ကိုယ်စားလှယ်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှု။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံစီးပွားရေး၏ အဓိက အသက်သွေးကြောဖြစ်သော အသေးစားနှင့် အလတ်စား လုပ်ငန်းများအား ထိရောက်စွာ ကူညီ ထောက်ပံ့အားပေးနိုင်ရေး၊ အောင်မြင်သော အသေးစား၊ အလတ်စား လုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ အသေးစား အလတ်စား လုပ်ငန်းများမှ အကြီးစား လုပ်ငန်းများသို့ ကူးပြောင်းချဲ့ထွင်လာနိုင်စေရန် ထောက်ပံ့ကူညီပေးနိုင်ရေး တို့အတွက် ထိုဗဟိုဌာနမှ အထောက်အကူပေးလျက်ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား အဆင်ပြေချောမွေ့စေနိုင်ရန်အတွက် ရန်ကုန်မြို့တွင် သက်ဆိုင်ရာဌာနများပါဝင်သော "One Stop Service for Investment" အဖွဲ့ကို ဧပြီလ ၁၀ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ ပုဂ္ဂလိကဘဏ် (၂၀)မှ နိုင်ငံတစ်ဝှမ်း ဘဏ်ခွဲပေါင်း ၅၉၂ ခုဖွင့်လှစ်ထားရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆) လအတွင်း ဘဏ်ခွဲ ၁၀၇ ခု အသစ်တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများတို့ကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ကိုယ်စားလှယ် ရုံးခွဲများနှင့် နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲ ကောင်တာများ ဖွင့်လှစ် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက အာမခံ ကုမ္ပဏီ (၁၂) ခုအား အသက်အာမခံ၊ မီး အာမခံ၊ အလုံးစုံ မော်တော်ယာဉ် အာမခံ၊ ငွေပို့ငွေသယ် အာမခံ၊ ငွေသား လုံခြုံမှုအာမခံ၊ သမာဓိ အာမခံ လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

အခန်း(၂)
မက်ခရိုစီးပွားရေးအခြေအနေ

ကမ္ဘာ့စီးပွားရေးအခြေအနေ

ကမ္ဘာ့စီးပွားရေးအခြေအနေကို ၂၀၁၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်း တိုးတက်မည်ဟု World Economic Outlook-2013 အရ ခန့်မှန်းခဲ့သော်လည်း ပြည်တွင်းဝယ်လိုအား နည်းပါးလာခြင်း၊ ဥရောပသမဂ္ဂ နိုင်ငံများအတွင်း အချိန်ကြာမြင့်စွာ စီးပွားရေး ကျဆင်းနေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်မှုအလားအလာ နည်းပါးလာခြင်း၊ အကြွေးများ ပြန်လည်ပေးဆပ်မှု နှေးကွေးလာခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ တင်းကျပ်လာခြင်း တို့ကြောင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာပြီး ၂.၇၅ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု မျှော်မှန်းခဲ့ပါ သည်။

ပုံ (၂-၁) တစ်ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှု (ရာခိုင်နှုန်း)



ဇာစ်မြစ် ။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလျက်ရှိသော်လည်း စီးပွားရေးထွန်းသစ်စ နိုင်ငံများတွင် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏

စီးပွားရေး အခြေအနေမှာ ၂၀၁၃ခုနှစ်၊ ပထမ (၆)လပတ်တွင် ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဟောင်ကောင်တွင် ၂၀၁၃ ခုနှစ် ပထမ(၆)လပတ်၌ တည်ငြိမ်သောဝင်ငွေနှင့် အလုပ်အကိုင်ရရှိမှု အခြေအနေများ ဖြစ်ပေါ်ခြင်းကြောင့် ပုဂ္ဂလိက စားသုံးမှု၊ ပြည်တွင်းဝယ်လိုအားနှင့် ရင်နှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပါသည်။ ထို့ကြောင့် ထုတ်လုပ်မှုနှင့် စုစုပေါင်း ပို့ကုန်များ တိုးတက်လာပြီး ဂျီဒီပီတိုးတက်မှုနှုန်း ၃.၁ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် တစ်နှစ်လုံး အတွက် စီးပွားရေး အခြေအနေကို ၂.၅ ရာခိုင်နှုန်း မှ ၃.၅ ရာခိုင်နှုန်း အထိ တိုးတက် လာစေရန် မျှော်မှန်းထားပါသည်။

ကိုရီးယားသမ္မတနိုင်ငံသည် ၂၀၁၃ ခုနှစ် ပထမ(၆)လပတ်တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု၊ ပညာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုများ စသည့်အရေးကြီးဆုံး ဝန်ဆောင်မှုများ တိုးတက်လာခြင်းကြောင့် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁ ရာခိုင်နှုန်းသာ ဖြစ်ပေါ်ခဲ့ပါ သည်။

အိန္ဒိယနိုင်ငံသည် ၁၉၅၁ ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ် တိုင်အောင် နှစ်စဉ် ဂျီဒီပီ တိုးတက်မှုနှုန်း ပျမ်းမျှအားဖြင့် ၅.၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ပထမ (၆)လ ပတ်တွင် ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများ၏ ကုန်ထုတ်လုပ်မှုစရိတ် အပြောင်းအလဲများကြောင့် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၄.၄ ရာခိုင်နှုန်းပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

အာဆီယံနိုင်ငံအချို့၏ စီးပွားရေးအခြေအနေ

ASEAN Outlook 2013 အရ အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၂ ခုနှစ်တွင် ယခင်နှစ်ကထက် ၅.၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တိုးတက်မှုနှုန်း ၅.၃ ရာခိုင်နှုန်းရရှိခဲ့ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်း စသည့် အာဆီယံ(၅)နိုင်ငံတို့တွင် ၅.၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။ ယင်း အာဆီယံ(၅)နိုင်ငံ တို့သည် ယခုနှစ် ပထမ(၆)လပတ် အတွင်း ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ နှင့် ထိုင်းနိုင်ငံတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများ ရရှိ ဖြစ်ပေါ်ခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ၂၀၁၃ ခုနှစ်၊ ပထမ (၃)လပတ်တွင် စီးပွားရေးတိုးတက်မှု ၅.၄ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ဒုတိယ (၃)လပတ်တွင် ၂.၈ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါ သည်။ ထို့ကြောင့် ကျန်ရှိနေသည့် (၆)လတွင် စီးပွားရေးအလားအလာ တိုးတက်ကောင်းမွန်စေ

ရေးအတွက် အစိုးရမှ ထောက်ပံ့အားပေးဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေသည့် ဆွဲဆောင်မှုများ ဖန်တီးပေးရေး၊ ပြည်တွင်းဝယ်လိုအား မြင့်မားလာစေရေးနှင့် ခရီးသွား ကဏ္ဍ တိုးတက်မှု မြင့်မားစေရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၃ခုနှစ်၊ ပထမ (၆)လအတွင်း GDP တိုးတက်မှုနှုန်း ၄.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း ၂.၄ ရာခိုင်နှုန်းသာ ရှိသဖြင့် (၁၀)နှစ် တာကာလအတွင်း အနည်းဆုံးဖြစ်ပါသည်။ အစိုးရ၏ ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေး၊ မက်ခရိုစီးပွားရေး တည်ငြိမ်ရေးနှင့် သင့်တင့်သော စီးပွားရေးတိုးတက်မှု ရရှိရေး ရည်မှန်း ချက်များ အောင်မြင်ခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၃ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၇.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်း ဝန်းကျင်သာရှိခဲ့ပါ သည်။ ငွေလဲလှယ်နှုန်းမှာလည်း တည်ငြိမ် လျက် ရှိပါသည်။

လာအိုနိုင်ငံသည် ၂၀၁၃ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ စိုက်ပျိုးရေးနှင့် ခရီးသွားလာရေး လုပ်ငန်းများမှ နိုင်ငံခြား ဝင်ငွေ အများဆုံး ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လာအို နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၆.၉ ရာခိုင်နှုန်းဖြစ်သည်။

မြန်မာမက်ခရိုစီးပွားရေးအခြေအနေ

စီမံကိန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပြည်သူများ အမှန်တကယ် လက်တွေ့ခံစားနိုင်သည့် တိုးတက်မှုကို ရရှိနိုင်စေရန် ဆောင်ရွက်သကဲ့သို့ နိုင်ငံတော် သမ္မတကြီးမှ ဦးစားပေးကဏ္ဍ (၇) ခု ကို ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ် များမှာ- လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင် ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လအတွင်း ဈေးနှုန်းတည်ငြိမ်မှု ရရှိရေး၊ ပြည်ပ ကုန်သွယ်မှုတွင် လုံခြုံချောမွေ့စေရေး၊ စီးပွားရေးတည်ငြိမ်စေရေး၊ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် မက်ခရိုစီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကိစ္စရပ်များကို ဆောင်ရွက် ခဲ့ပါသည်။

အဓိက ဆောင်ရွက်ခဲ့မှုများ

ဧပြီလ -အစိုးရဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများတိုးမြှင့်သတ်မှတ်ခြင်း၊

-နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC)များကို ပြန်လည် ရွေးနှုတ်ခြင်း လုပ်ငန်းအား ၂၀၁၃ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

မေလ -အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ကို ဖွဲ့စည်းခြင်း၊

-အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခြင်း၊

-မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ထုတ်ပြန်ခြင်း၊

-မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင် ထုတ်ပေးခြင်း၊

ဇွန်လ -အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်း၊

-မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အထောက်အကူပေးရေးအတွက် မြန်မာ-အီးယူဖိုရမ်ကို ကျင်းပခြင်း၊

-အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေး ဖိုရမ် (World Economic Forum on East Asia 2013) ကျင်းပခြင်း၊

ဇူလိုင်လ -ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊

-မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေသစ်အား ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆)ဖြင့် ၂၀၁၃ခုနှစ် ဇူလိုင်လ(၁၁) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း၊

သြဂုတ်လ-Good Local Governance and People Centered Services နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊

-ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက်(Yangon Foreign Exchange Spot Market)အား ၂၀၁၃ခုနှစ် သြဂုတ်လမှစတင်၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားမှု လိုင်စင်ရ (Authorized Dealer Licence) ဘဏ်များဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

စက်တင် -ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေး ကော်မတီဖွဲ့စည်းခြင်း၊

ဘာလ -အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအာဏာတည်သည့် နေ့ရက် သတ်မှတ်ခြင်း၊

-ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းခြင်း၊

ပုံ(၂-၂)တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၁၉,၄၆၀,၇၀၅.၀ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက် ၏ ၆၅.၇ ရာခိုင်နှုန်းသာ အကောင်အထည် ဖော်နိုင်ခဲ့ပြီး တစ်နှစ်လုံးအတွက် ပျမ်းမျှရည်မှန်းချက် ၁၅.၇ ရာခိုင်နှုန်းထက်လျော့နည်းခဲ့ပြီး ၁၀.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

လယ်ယာကဏ္ဍကြီး အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၈,၈၆၄,၆၅၉.၂ သန်း နှင့် ၇.၁ရာခိုင်နှုန်းပြောင်းလဲ ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၄,၈၁၂,၀၂၀.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၄.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၅.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

စက်မှုကဏ္ဍကြီး အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၉,၉၉၉,၈၄၂.၃ သန်း နှင့် ၂၉.၁ ရာခိုင်နှုန်းပြောင်းလဲ ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၆,၅၀၇,၃၉၈.၇ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၆၅.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၃.၃ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

ဝန်ဆောင်မှုကဏ္ဍကြီး အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၁၀,၇၅၉,၉၇၅.၀ သန်း နှင့် ၁၂.၃ ရာခိုင်နှုန်းပြောင်းလဲ ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၈,၁၄၁,၂၈၆.၁ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၇၅.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၁.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်များ

(ပုံ ၂-၃) ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်များ (၂၀၁၃ ခုနှစ်)



ဇယားမြစ်။ ADB December 2012, McKinsey Global Institute 2013, Multidimensional review of Myanmar vol-1 (OECD- 2013)

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က မြန်မာ့စီးပွားရေးသည် ဥရောပဈေးကွက်ရရှိလာခြင်း၊ ဘဏ္ဍာရေး ဈေးကွက်တွင် ပုဂ္ဂလိက ပါဝင်ခွင့်ပေးခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်း၊ သဘာဝဓာတ်ငွေ့များ တင်ပို့ရောင်းချနိုင်ခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် နိုင်ငံခြား ကုမ္ပဏီ (၂) ခု မှ ထပ်မံ ဆောင်ရွက်လာခြင်းတို့ကြောင့် ၆.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OECD) က မြန်မာ့စီးပွားရေးသည် မြေဆီကောင်းသော မြေယာများရှိခြင်း၊ ငယ်ရွယ်သော လုပ်သားများရှိခြင်း၊ ပထဝီအနေအထား ကောင်းမွန်ခြင်း၊ ယဉ်ကျေးမှု အမွေအနှစ် ပေါများခြင်း၊ သဘာဝအရင်းအမြစ်ကြွယ်ဝခြင်း တို့ကြောင့် ၇.၇ ရာခိုင်နှုန်းတိုးတက်မည် ဟုခန့်မှန်းထားပါသည်။

McKinsey Global Institute က မြန်မာ့စီးပွားရေးသည် ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အဦ၊ စွမ်းအင်၊ သတ္တု၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ငွေကြေးလုပ်ငန်း တို့ကိုဆောင်ရွက်နိုင်ပါက ၈.၀ ရာခိုင်နှုန်း တိုးတက်နိုင်မည်ဟု ခန့်မှန်းပါသည်။

ပုံ ၂-၄ စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား



စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၃၆.၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး တွင် ၃၃.၈ ရာခိုင်နှုန်း၊ လယ်ယာ ကဏ္ဍကြီးတွင် ၂၆.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းခဲ့ရာ ပထမ (၆)လပတ်တွင် ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၄၁.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၃.၄ ရာခိုင်နှုန်း၊ လယ်ယာ ကဏ္ဍကြီးတွင် ၂၄.၇ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ ပါသည်။ ဝန်ဆောင်မှုကဏ္ဍ ကြီး၏ ပါဝင်မှု အချိုးအစား မြင့်မားရခြင်းမှာ နိုင်ငံတော်မှ မိုဘိုင်းဖုန်းနှင့် အင်တာနက်စသော ဆက်သွယ်ရေး လုပ်ငန်းများ၊ ငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများ တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းပိုမို ဖွံ့ဖြိုးတိုးတက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

စျေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှုနှုန်း

၂၀၁၃ ခုနှစ် ပထမ (၆)လတွင် အခြေခံ စားကုန်များ ဖြစ်သည့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုးနှင့် စက်သုံးဆီ စျေးနှုန်းများ မြင့်တက်လာပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း တဖြည်းဖြည်း မြင့်မားလာခဲ့ရာ စက်တင်ဘာလတွင် ပျမ်းမျှ ၅.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရခြင်းမှာ စားသုံးသူစျေးဆနှုန်း တွက်ချက်ရာတွင် အချိုးအစား အများဆုံး ပါဝင်သော အစားအစာအုပ်စု ကုန်ပစ္စည်းများ၏ စျေးနှုန်း မြင့်တက်လာခြင်း၊ ကုန်စည် ထုတ်လုပ်မှုနိမ့်ကျခြင်း၊ သဘာဝဘေး အန္တရာယ်များ ကျရောက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးလာခြင်းတို့အပြင် စျေးကွက်တွင်ဖြစ်ပေါ် နေသော ငွေလဲလှယ် နှုန်းထားအရ အမေရိကန် ဒေါ်လာ စျေးနှုန်း မြင့်မားလာခြင်းသည်လည်း ငွေကြေး ဖောင်းပွမှုနှုန်း ဖြစ်ပေါ်ရခြင်း၏ အရေးပါသော အကြောင်းတစ်ရပ် ဖြစ်ပါသည်။

ပုံ(၂-၅)ဧည့်မထဆန်ဈေးနှုန်းအခြေအနေ



ပုံ(၂-၆)မြေပဲဆီဈေးနှုန်းအခြေအနေ



ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၇)ကုလားပဲခြမ်းဈေးနှုန်းအခြေအနေ



ပုံ(၂-၈)ငွေကြေးဖောင်းပွမှုနှုန်း



ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၉)တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း



ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းတို့တွင် ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားနေပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၁၀) နိုင်ငံခြားငွေလဲလှယ်နှုန်း



ဇယားမြစ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ် ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

နိုင်ငံခြား ငွေလဲနှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ နှုန်းရှင်စနစ်ဖြင့် တရားဝင် ရောင်းဝယ်ခွင့် ပြုခဲ့ရာ ငွေလဲလှယ်နှုန်းမှာ ၂၀၁၃ခုနှစ် ဧပြီလတွင် အမေရိကန် တစ်ဒေါ်လာ ၈၉၀ ကျပ် မှ စက်တင်ဘာလတွင် အမေရိကန် တစ်ဒေါ်လာလျှင် ၉၇၃ ကျပ် ရှိခဲ့ပါ သည်။ ဧပြီလမှ ဇွန်လအထိ ငွေလဲလှယ်နှုန်း မြင့်တက်ခဲ့သော်လည်း ဇွန်လနောက်ပိုင်းတွင် ငွေလဲလှယ်နှုန်းမှာ ၉၇၀ ကျပ် ဝန်းကျင်တွင် ရှိပါသည်။

ပုံ(၂-၁၁) ငွေကြေးပမာဏ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၃)လပတ်၏ မြန်မာနိုင်ငံ ငွေကြေး ပမာဏမှာ ၈,၇၅၁,၆၂၃သန်း၊ ကျပ် ၈,၇၃၃,၃၇၃ သန်း နှင့်၊ ကျပ် ၈,၇၅၄,၈၂၈ သန်း အသီးသီး ရှိပါသည်။ ဘဏ်အပ်ငွေ အနေဖြင့် ဧပြီလ တွင် ငွေကြေးပမာဏ၏ ၂၅.၅ ရာခိုင်နှုန်း၊ မေလတွင် ၂၆.၈ ရာခိုင်နှုန်းနှင့် ဇွန်လတွင် ၂၈.၅ ရာခိုင်နှုန်း ရှိပါသည်။

ဇယားမြစ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ပုံ (၂-၁၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ ပထမ(၆)လပတ်တွင် ကျပ် ၂,၄၆၄,၄၁၂.၀ သန်း ရင်းနှီးမြှုပ်နှံ ရန်လျာထားခဲ့သည့်အနက် ကျပ် ၁,၃၈၇,၀၃၁.၁ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် လျာထားချက်၏ ၅၆.၃ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းတွင် ကျပ် ၈၃၆.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၈၆၃.၆ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် ၁၀၃.၂ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်း တွင် ကျပ် ၇,၂၀၆,၀၈၃.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၇,၆၀၂,၅၁၅.၀ သန်း ရင်းနှီးမြှုပ်နှံ ခဲ့သဖြင့် ၁၀၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပုံ (၂-၁၃) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတန်ဖိုး



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ၁၀၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ပုဂ္ဂလိကပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုပိုမို ဖွံ့ဖြိုးလာစေရန် အခွန်အကောက်နှင့် ကုန်သွယ်မှု အတားအဆီး ဖြေလျော့မှုများ၊ ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုများ၊ အခွင့်အလမ်းကောင်းများ ဖန်တီး ပေးနိုင်ခဲ့မှုများကြောင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများပိုမို တိုးတက်လာခဲ့သဖြင့် ပထမ(၆)လအတွင်း ကျပ် ၇,၆၀၂,၅၁၅.၀ သန်း ဖြစ်ပေါ်ခဲ့ပါ သည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

ပုံ (၂-၁၄) လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေ အတွက် (၃၃)ခုမှာ စက်မှုလုပ်ငန်း (၁၄)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၆)ခု၊ ဆောက် လုပ်ရေး လုပ်ငန်း(၃)ခု၊ လျှပ်စစ်ဓါတ်အား လုပ်ငန်း (၁)ခု၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း (၁)ခုနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၈)ခု တို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏ ကျပ် ၇၆၂,၉၂၃ သန်းရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ပုံ (၂-၁၅) လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေ အတွက် (၅၅)ခုမှာ စက်မှုလုပ်ငန်း (၄၃)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၃)ခု၊ သတ္တု ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်း(၁)ခု၊ သားငါးလုပ်ငန်း (၁)ခု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (၃)ခု၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း (၂)ခုနှင့် အခြားဝန်ဆောင်မှု လုပ်ငန်း (၂)ခု တို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏ ကျပ် ၁,၃၇၄,၆၄၀ သန်း ရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ပုံ (၂-၁၆) အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ



မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုသည့် ဥပဒေ အရ ခွင့်ပြုခဲ့ သော ရင်းနှီးမြှုပ်နှံမှု နိုင်ငံများမှာ မလေးရှား၊ ထိုင်း၊ စင်္ကာပူ၊ ဗီယက်နမ်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဖြိတိန်၊ ဩစတြေးလျှ၊ တရုတ်၊ အိန္ဒိယ၊ ကျပန်၊ ပြင်သစ်၊ လူဇင်းဘတ် နှင့် ဘရူနိုင်းနိုင်ငံများ ဖြစ်ပါသည်။

ဇယားမြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ပြည်ပကုန်သွယ်ရေးအခြေအနေ

ပုံ(၂-၁၇)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပိုကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်ပ ပို့ကုန်တန်ဖိုး ကျပ် ၅,၆၃၆,၇၈၇.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ပထမ(၆)လပတ်တွင် ကျပ် ၄,၈၉၈,၄၅၂.၅ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၈၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါ သည်။

အများဆုံး တင်ပို့သော ကုန်စည်များမှာ သဘာဝဓါတ်ငွေ့၊ ကျောက်စိမ်း၊ ပဲအမျိုးမျိုး၊ ချုပ်ပြီး အထည်နှင့် ကျွန်းသစ်လုံးတို့ ဖြစ်ပြီး အများဆုံး တင်ပို့သော ကုန်သွယ်ဘက်နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ကျပန်နှင့် ကိုရီးယားနိုင်ငံတို့ ဖြစ်ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၁၈)၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆)လသွင်းကုန်အကောင်အထည်ဖော်နိုင်မှုအခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် သွင်းကုန် တန်ဖိုးကို ကျပ် ၅,၈၆၅,၁ ၂၀.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ပထမ (၆) လပတ်တွင် ကျပ် ၅,၂၉၂,၆ဝ၁.၀ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက် ၏ ၉၀.၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ အများဆုံးတင်သွင်းသော ကုန်စည်များ မှာ ရေနံထွက်ပစ္စည်း၊ မော်တော်ယာဉ် နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ အခြားစက် နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေး ပစ္စည်း နှင့် စားအုန်းဆီတို့ ဖြစ်ပြီး အများဆုံးတင်သွင်း သော ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်၊ စင်္ကာပူ၊ ဂျပန်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါ သည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၁၉) ကုန်သွယ်မှုပမာဏ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကုန်သွယ်မှု ပမာဏကို ကျပ် ၁၁,၅၀၁,၉၀၇.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ပထမ (၆) လတွင် ကျပ် ၁၀,၁၉၁,၁၄၃.၅ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၈၈.၆ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပါ သည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၂၀) ကုန်သွယ်မှု ပိုငွေ/ လိုငွေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပို့ကုန်တန်ဖိုး ကျပ် ၄,၈၉၈,၄၅၂.၅ သန်း ဖြစ်ပြီး သွင်းကုန်တန်ဖိုး ကျပ် ၅,၂၉၂,၆ဝ၁.၀ သန်း ရှိသောကြောင့် ကုန်သွယ်မှု လိုငွေ ကျပ် ၃၉၄,၂၃၈.၅ သန်း ဖြစ်ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၂၁)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် လယ်ယာထွက်ကုန် ပစ္စည်းများတွင် ၉၂.၅ ရာခိုင်နှုန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း များတွင် ၂၃.၅ ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းများတွင် ၁၀၆.၂ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်ပစ္စည်းများတွင် ၄၅.၃ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပစ္စည်းများတွင် ၇၈.၄ ရာခိုင်နှုန်း သစ်တော ထွက် ပစ္စည်းတွင် ၁၃၅.၄ ရာခိုင်နှုန်း၊ စက်မှုကုန်ချောတွင် ၁၄၉.၉ ရာခိုင်နှုန်း၊ အခြားကုန်ပစ္စည်းများတွင် ၁၆၁.၄ ရာခိုင်နှုန်း တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ပိုမိုတင်ပို့ နိုင်ခဲ့ခြင်းမှာ ကုန်သွယ်ရေး ဖြေလျှော့မှုများ ဆောင်ရွက်လာခြင်း၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံ တို့၏ စီးပွားရေး ပိတ်ဆို့မှုများ ဖယ်ရှားပေးခြင်း၊ ဈေးကွက်များ ကျယ်ပြန့်စွာ ထိုးဖောက်လာနိုင်သည့်အတွက် စက်မှု ကုန်ချော ပစ္စည်းအုပ်စု တွင် ချုပ်ပြီး အထည်တင်ပို့မှုသည် ယခင်နှစ် အလားတူကာလ ထက်ပိုမိုခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၂၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စုအလိုက်သွင်းကုန်အခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ တင်သွင်းရန် US$ ၂၉၃၂.၆ သန်း ရည်မှန်းထားရှိရာ US$ ၂၂၇၀.၇ သန်း တင်သွင်းခဲ့သဖြင့် ၇၇.၄ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။ လုပ်ငန်းသုံးကုန်ကြမ်းနှင့်အရန်ပစ္စည်းများကို US$ ၂၄၇၆.၄ သန်း တင်သွင်းရန် ရည်မှန်းထားရှိရာ US$ ၁၉၇၀.၃ သန်း တင်သွင်းခဲ့သဖြင့် ၇၉.၆ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။ စားသုံးကုန်ပစ္စည်းများကို US$ ၁၁၀၇.၈ သန်း တင်သွင်းရန် လျာထားခဲ့ရာ US$ ၁၃၀၅.၁ သန်း တင်သွင်း ခဲ့သဖြင့် ၁၁၇.၈ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသော ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ပိုမို တင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါ သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ကျန်းမာရေး

ပုံ (၂-၂၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆရာဝန်ဦးရေ



မန္တလေး ခုတင်(၂၀၀)ဆံ့ စိတ်ကျန်းမာရေး ဆေးရုံကြီးနှင့်ရန်ကုန် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးတိုးချဲ့ ဖွင့်လှစ်ခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း စသည့် လိုအပ်ချက်များကြောင့် ဆရာဝန်များ ထပ်မံတိုးမြှင့်ခန့်ထားရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ (၂-၂၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သူနာပြုဦးရေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုးချဲ့တည် ဆောက်ပြီးစီးသည့် တိုက်နယ် ဆေးရုံများအတွက် လည်းကောင်း၊ အဆင့်မြှင့်တင်ပေးမည့် ဆေးရုံများအတွက်လည်းကောင်း၊ လက်ရှိဆေးရုံများ၏ သူနာပြု အင်အား လိုအပ်ချက်များ အား ဖြည့်ဆည်းပေးရန် အတွက် လည်းကောင်း သူနာပြုဦးရေကို ၂၀၁၃-၂၀၁၄ နှစ်ကုန်တွင် ၂၉၆၄၀ အထိ ရရှိရန် စီမံဆောင်ရွက်လျက် ရှိပါသည်။

ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပညာရေး

ပုံ(၂-၂၅) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းများ



ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် အခြေခံမူလတန်းနှင့် မူလတန်းကြိုကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း နှင့် တိုးချဲ့ဆောက်လုပ်ခြင်းကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်းမှာပင် ရည်မှန်းချက် ပြည့်လုနီးပါး ကျောင်းအရေအတွက်များ တိုးတက်လာခဲ့ပါသည်။ မန္တလေးတိုင်း ဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ် နှင့် မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ် တို့တွင်လည်း အထက်တန်း နှင့် အလယ်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မူလတန်းကျောင်းမှ အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ခြင်း၊အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း အဖြစ်သို့ အဆင့်တိုးမြှင့်ခြင်းတို့ကြောင့် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသည် ပထမ(၆)လပတ် အတွင်းမှာ ပင် စီမံကိန်းရည်မှန်းချက်ထက် ပိုမို တိုးတက်ခဲ့ပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၂-၂၆) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာ ကျောင်းဆရာများ



ကျောင်းဦးရေ တိုးတက်လာသည်နှင့်အမျှ ဆရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆရာ လိုအပ်လျက်ရှိသည့်ကျောင်းများ၊ ဝေးလံခက်ခဲ ဒေသနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများရှိ ကျောင်းများတွင် ဆရာအင်အား ပြည့်မီရေးအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ နေ့စား၊ လပေး မူလတန်းပြ ဆရာ၊ ဆရာမများ ခန့်အပ်ပေးနိုင်ရန် စီစဉ် ဆောင်ရွက်ခဲ့သောကြောင့် လည်းကောင်း၊ ဒေသခံဆရာ/ ဆရာမများအား မိမိဒေသတွင် ဦးစားပေး ခန့်ထားရန် ဆောင်ရွက်ခြင်းတို့ကြောင့် ပထမ(၆)လပတ်အတွင်းမှာပင် ကျောင်းဆရာများ များပြားစွာ တိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၂-၂၇) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းသားများ



ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း ဆရာအင်အား တိုးမြှင့်ခန့်ထားခြင်းတို့ကြောင့် ကျောင်းသားဦးရေများ ရည်မှန်းချက်ထက် တိုးတက်လာခဲ့ပါသည်။ ဝေးလံဒေသမှ ကျောင်းသား စာရင်းများ ထပ်မံရရှိပါက မူလတန်း ကျောင်းသားစာရင်းတွင် စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီနိုင်မည် ဖြစ်ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၂-၂၈) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ကျောင်းဆရာနှင့် ကျောင်းသားများ



၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ပထမ(၆)လပတ်တွင် ရည်မှန်း ထားသည့်အတိုင်း စစ်ကိုင်းတက္ကသိုလ်နှင့် လားရှိုး ပညာရေးကောလိပ်တို့ကို အသစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါ သည်။ ယခုပညာသင်နှစ် အတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သူများသည် ဒီဇင်ဘာလမှ စတင် တက်ရောက် သင်ကြားနိုင်မည် ဖြစ်သဖြင့် နှစ်ကုန်တွင် ကျောင်းသား ဦးရေ ရည်မှန်းချက် ပြည့်မီနိုင်မည် ဖြစ်ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

အခြေခံအဆောက်အအုံများအခြေအနေ

ပုံ(၂-၂၉) ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု



ဇယားမြစ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၅၉၆၁.၃ သုံးစွဲရန်ရည်မှန်းချက် ထားရှိရာ ပထမ ၆ လပတ်တွင် ကီလိုဝပ်နာရီ ၅၉၉၃.၀ သန်း သုံးစွဲနိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၀.၅၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကျောင် ပြည်နယ်ရှိ တာပိန်(၁)ရေအား လျှပ်စစ် စက်ရုံပြန်လည် လည်ပတ်နိုင်ခဲ့ခြင်း၊ စစ်ကိုင်း နှင့် မန္တလေးတိုင်း ဒေသကြီး တို့တွင် နိုင်ငံတော်မှ ဒီဇယ်စက်ကြီးများဖြင့် မိုဘိုင်း စနစ်မီးပေးခြင်း၊ ပုဂ္ဂလိက ဒီဇယ်မီးပေးစက် များ၏ မီးပေးချိန် ပိုမိုလာခြင်း နှင့် အသေးစားရေအား၊ စပါးခွံ လောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်အား လျှပ်စစ် ထုတ်လုပ်သုံးစွဲမှုများ ပိုမိုလာခဲ့ခြင်းတို့ကြောင့် ထိုသို့ အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်ပါသည်။

ပုံ(၂-၃၀) လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း



ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လူတစ်ထောင်လျှင် သုံးစွဲနိုင်မည့် တယ်လီဖုန်း ၁၁၃ လုံး ရရှိရန်အတွက် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၆၉၇,၃၁၉ လုံး တပ်ဆင်ရန် ရည်မှန်းထားခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၆၃,၂၁၉,၀၃ လုံး တပ်ဆင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၉၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လူတစ်ထောင်လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာလည်း ၁၀၄ လုံးရှိလာပြီ ဖြစ်ပါသည်။ ထိုကဲ့သို့ အကောင်အထည် ဖော်နိုင်ခဲ့ခြင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မိုဘိုင်းတယ်လီဖုန်း များကို ၁၅၀၀ကျပ် သို့ ဈေးနှုန်းပြင်ဆင်လျော့ချ၍ ပြည်သူ များနှင့် ကျေးလက်နေပြည်သူများသို့ တပ်ဆင်ပေးခဲ့သောကြောင့် ဖြစ်ပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပုံ(၂-၃၁)မြန်မာ့မီးရထား၏ဘူတာရုံနှင့်သံလမ်းမိုင်



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဘူတာရုံ ၉၄၄ ရုံ နှင့် သံလမ်းမိုင် ၄,၈၃၂ မိုင် ရှိရန် ရည်မှန်းခဲ့ပြီး ပထမ(၆)လပတ်တွင် ဘူတာရုံ ၉၄၄ ရုံ ၊ သံလမ်းမိုင် ၄၈၃၃ မိုင် တို့ဖြင့် ဆောင်ရွက်လျက် ရှိပါ သည်။

အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေး အတွက် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသည် နှင့်ကုန်စည်ပို့ဆောင်မှု စွမ်းဆောင်ရည် မြင့်တင်ရေး များကို အလေးပေး ဆောင်ရွက်လျက် ရှိပါသည်။

ဇာစ်မြစ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ပုံ(၂-၃၂) အလုပ်အကိုင်ရရှိမှုအခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လအတွင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနတွင် အလုပ်အကိုင်ရရှိရန် မှတ်ပုံတင်သူ ဦးရေ (၅၄၄၇၂၈) ဦး အနက် (၂၀၀၀၁၇)ဦး အလုပ်အကိုင်ရရှိခဲ့ပါသည်။ (၃၆.၇၂) ရာခိုင်နှုန်း အလုပ်အကိုင်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ပြည်တွင်း အလုပ်အကိုင်ရရှိမှု တိုးတက်သကဲ့သို့ ပြည်ပတွင် အလုပ်အကိုင်ရရှိ စေနိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ မလေးရှား၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ ဂျပန် စသည့် နိုင်ငံများသို့ အလုပ်သွားရောက် လုပ်ကိုင်လိုသူများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း ပို့ချပေးပြီး အလုပ်အကိုင်များ ရှာဖွေပေးလျက် ရှိပါသည်။

ဇာစ်မြစ်။ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

အခန်း(၃)

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအား စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ စီးပွားရေးပုံသဏ္ဌာန်၊ ပြည်သူ့ဘဏ္ဍာရေးများဖြင့် အောက်ပါ အတိုင်းတင်ပြအပ်ပါသည်။

ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး။ နှစ်အလိုက်ဈေးနှုန်းများအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း ရည်မှန်းထားရာ ကျပ် ၁၉,၄၆၀,၇၀၅.၀ သန်း ဖြစ်ပေါ်ခဲ့၍ ၆၅.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်း။ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စက်တင်ဘာလတွင် ပျမ်းမျှ ၀.၃၇ ရာခိုင်နှုန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလတွင် ပျမ်းမျှ ၅.၇၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၄.၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၃၃.၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၄၁.၉ ရာခိုင်နှုန်းဖြစ်ပါသည်။

ပြည်သူ့ဘဏ္ဍာရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်း စုစုပေါင်းရငွေ ကျပ် ၁၄,၃၈၆,၂၂၁.၄ သန်းတွင် သာမန်ရငွေ ကျပ် ၁၃,၁၄၄,၅၉၄.၇ သန်း ငွေလုံးငွေရင်းရငွေ ကျပ် ၂၉၉,၇၈၈.၅ သန်းဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၉၄၁,၈၃၈.၂ သန်းဖြစ်ပါသည်။ ပထမ(၆)လပတ်တွင် စုစုပေါင်းရငွေ ကျပ် ၅,၉၉၇,၁၅၉.၃ သန်း အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ရငွေ စုစုပေါင်း ကျပ် ၂၀၂,၆၉၁.၃ သန်း ဖြစ်၍ စုစုပေါင်းရငွေ အပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၃.၃၈ ရာခိုင်နှုန်း ရရှိပါသည်။ ငွေလုံးငွေရင်းရငွေ ကျပ် ၁၅၄,၀၆၁.၀ သန်း အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ကျပ် ၁၃,၄၉၈.၀ သန်း ရရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်းတွင် အသုံးစရိတ် စုစုပေါင်း ကျပ် ၁၇,၃၁၂,၉၆၆.၉ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၁၁,၆၈၄,၂၆၀.၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄,၉၂၈,၆၇၁.၁ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၇၀၀,၀၃၅.၁ သန်း ဖြစ်ပါသည်။ ပထမ (၆)လပတ် စုစုပေါင်း အသုံးစရိတ် ကျပ် ၅,၃၄၅,၇၆၃.၄ သန်း အနက် တိုင်းဒေသကြီး/ ပြည်နယ် အသုံးစရိတ် ကျပ် ၃၂၃,၇၅၉.၄ သန်းဖြစ်၍ ၆.၀၆ ရာခိုင်နှုန်း

ပါဝင်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁,၃၆၀,၄၈၇.၉ သန်းရှိသည့် အနက် တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၁၀၅,၁၃၁.၉ သန်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ ပတ် တွင် ကျပ် ၁၄၀၆၂၈၅.၅ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၁,၃၈၇,၀၃၁.၁ သန်း ဖြစ်ပါသည်။ သမဝါယမပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ တွင် ကျပ် ၉၇၄.၂ သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၈၆၃.၆ သန်း ရှိခဲ့ပါသည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ ပတ် တွင် ကျပ် ၅,၄၃၂,၇၆၇.၂ သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၇,၆၀၂,၅၁၄.၉ သန်း ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ စုစုပေါင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၈,၉၉၀,၄၀၉.၇ သန်း ရှိခဲ့ပါ သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၃၄၂၁၆၈.၃ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၄၂၄,၉၆၇.၅ သန်းတိုးတက် ရရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အမေရိကန်ဒေါ်လာ ၄၁၂.၃ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် အမေရိကန်ဒေါ်လာ ၁,၆၇၃.၁ သန်း ဖြစ်ပါ သည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၂၄၅,၂၂၄.၂ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၇၆၂,၉၂၂.၆ သန်း ရှိခဲ့ပါသည်။

ပြည်တွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၄,၈၄၅,၃၇၄.၇ သန်းရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၅,၄၁၄,၆၂၄.၈ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး။ ပုဂ္ဂလိကဘဏ် အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ၁၉ ခုနှင့် ဘဏ်ခွဲ ၄၈၅ ခုရှိပြီး၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၀ ခုနှင့် စုစုပေါင်း ဘဏ်ခွဲ ၅၉၂ ခု ရှိပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ဘဏ်အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၂၅ ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၃၂ ခု ရှိခဲ့သည်။ အာမခံကုမ္ပဏီ အနေဖြင့် ၁၂ ခု စတင်ဖွင့်လှစ်ရန် ခွင့်ပြုပေးနိုင်ခဲ့ပါသည်။ မှတ်ပုံတင်ထားသော ငွေရေး ကြေးရေး ကုမ္ပဏီ အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃ ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ပထမ(၆) လပတ်တွင် ၄ ခု ရှိလာပါသည်။

ငွေလဲလှယ်နှုန်း။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တစ်ဒေါ်လာလျှင် ၆၃၈.၆၂ ကျပ် ရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် တစ်ဒေါ်လာလျှင် ၉၅၄.၀၀ ကျပ် ရှိခဲ့ပါသည်။

ပြည်ပအကူအညီအထောက်အပံ့။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီ အထောက်အပံ့ စီမံချက် အရေအတွက် (၂၀)ခုရှိပြီး အမေရိကန်ဒေါ်လာ ၁၀၃.၆၆ သန်း ရှိပါသည်။ ချေးငွေအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ချေးငွေ စီမံချက် အရေအတွက် (၁၀)ခုရှိပြီး အမေရိကန် ဒေါ်လာ ၆၆၉.၁၆ သန်းဖြစ်ပါသည်။

ဇယား (၃-၁) မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ ဘဏ္ဍာနှစ်	၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ
၁	**ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** (နှစ်အလိုက်ထုတ်လုပ်သူများ၏စျေးနှုန်း)	ကျပ်သန်း	၁၇,၅၈၂,၆၉၃.၃ ပထမ(၆)လ	၁၉,၄၆၀,၇၀၅.၀
၂	**ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး** (နှစ်အလိုက်ထုတ်လုပ်သူများစျေးနှုန်း)			
	လယ်ယာ	(%)	၂၆.၀	၂၄.၇
	စက်မှု	(%)	၃၂.၇	၃၃.၄
	ဝန်ဆောင်မှု	(%)	၄၁.၃	၄၁.၉
၃	**ကဏ္ဍကြီးများအလိုက်ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း**			
	လယ်ယာ	(%)		၅.၄
	စက်မှု	(%)		၁၃.၃
	ဝန်ဆောင်မှု	(%)		၁၁.၉
၄	**ငွေကြေးဖောင်းပွမှုနှုန်း**			
	ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပျမ်းမျှ)	(%)	၂.၈၅	၅.၇၇
	Inflation(Annual Average)			
	ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပြောင်းလဲမှု)	(%)	၂.၈၃	၅.၇၂
	Inflation(Year on Year)			
၅	**ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (ACCESS TO BANKING & FINANCE)**			
	ကူးသန်းရောင်းဝယ်ရေးဘဏ်	ခုရေ	၁၉	၂၀
	ကူးသန်းရောင်းဝယ်ရေးဘဏ်ခွဲ	ခုရေ	၄၈၅	၅၉၂
	အလိုအလျောက်ငွေထုတ်စက် စနစ် ကူးသန်းရောင်းဝယ်ရေးဘဏ်	ခုရေ	၂၂၅	၃၃၂
	အာမခံကုမ္ပဏီ	ခုရေ	-	၁၂
	မှတ်ပုံတင်ထားသော ငွေရေးကြေးရေး ကုမ္ပဏီ	ခုရေ	၃	၄
၆	**ငွေလဲလှယ်နှုန်း (EXCHANGE RATE)**			
	ပျမ်းမျှ ကျပ်/ဒေါ်လာ		၅၈၁.၅၈	၉၅၄.၀၀
	ပထမ(၆)လကုန် ကျပ်/ဒေါ်လာ		၆၃၈.၆၂	၉၅၄.၀၀

မော်တော်ယာဉ်တင်သွင်းမှု။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တွင် အမေရိကန်ဒေါ်လာ ၅.၀၆၅ သန်းတန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၄,၄၇၉ စီး၊ အမေရိကန်ဒေါ်လာ ၁၉.၁၂၈ သန်းတန်ဖိုးရှိ ထွန်စက် ၃၉,၈၀၆ စီး၊ အမေရိကန်ဒေါ်လာ ၂၈၄.၀၇၆ သန်းတန်ဖိုးရှိ ကုန်တင်ယာဉ် ၃၅,၄၄၇ စီး၊ အမေရိကန်ဒေါ်လာ ၅၇.၂၉၃ သန်းတန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၂,၃၉၈ စီး၊ အမေရိကန်ဒေါ်လာ ၆၉.၀၇၃ တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၄၆,၇၆၉ စီး၊ အမေရိကန် ဒေါ်လာ ၂.၅၃၈ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၅၂ စီး တင်သွင်းခဲ့ပါသည်။

လျှပ်စစ်ဓါတ်အား။ ပြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅,၉၉၃.၀ ရှိပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၈,၀၄၇ ရွာ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် လျှပ်စစ်မီးရရှိမှု ၃,၆၂၈ ရွာ တိုးတက်လာသောကြောင့် စုစုပေါင်း ၂၁,၆၇၅ ရွာ ဖြစ်ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ အမေရိကန်စည်ထောင်ပေါင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆,၇၃၆.၉ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၃,၃၈၄.၂ ဖြစ်ပါသည်။ သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုမှာ ကုဗပေသန်းပေါင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၄၆,၁၀၉ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၂၁၉,၇၇၀ ဖြစ်ပါသည်။

ဆက်သွယ်ရေးနှင့် ဆယ်လူလာမိုဘိုင်းဖုန်း အသုံးပြုနိုင်မှု။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍတွင် တပ်ဆင်ပြီး ကြိုးဖုန်း လိုင်းအရေအတွက်မှာ ၅၃၀,၄၇၃ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၅၃၃,၂၀၇ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လိုင်းအရေအတွက် ၃,၈၀၄,၅၀၇ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် လိုင်းအရေအတွက် ၅,၇၄၈,၃၀၆ ဖြစ်ပါသည်။

တယ်လီဖုန်းသုံးစွဲမှု။ လူဦးရေ ၁,၀၀၀ လျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၇၂ လုံးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁၀၄ လုံး ဖြစ်ပါသည်။ အင်တာနက် အသုံးပြုမှု လိုင်းအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၈၅၈,၂၄၇ လိုင်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁,၄၀၃,၃၀၆ လိုင်း ဖြစ်ပါသည်။ စာတိုက်လုပ်ငန်းတွင် အစိုးရ စာတိုက်ပေါင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁,၃၈၂ ခု ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁,၃၈၁ ခု ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေး။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ(၃၉၇၀၁) ကီလိုမီတာရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (၃၉၇၈၂) ကီလိုမီတာသို့ တိုးတက်လာပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်(၀.၀၅၈၇)ကီလိုမီတာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ပထမ(၆)လပတ်တွင် (၀.၀၅၈၈) ကီလိုမီတာ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပလက်ဖောင်းပါသော လမ်းအရှည် (၃၂၂၁၇) ကီလိုမီတာရှိခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (၃၂၂၈၁) ကီလိုမီတာသို့ တိုးတက်ခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခွဲ မှတ်ပုံတင်သည့် ယာဉ်စီးရေ မှာ (၄၂၆၈၇၃)စီး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ယာဉ်စီးရေ (၅၀၆၁၈၆) စီး ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ရှိ မီးရထားလမ်းအရှည်မှာ (၄၈၁၈)မိုင် ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (၄၈၃၃) မိုင်သို့ တိုးတက်လာခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဘူတာရုံ(၉၄၄) ခု၊ ဒီဇယ်စက်ခေါင်း(၄၀၅) ခု၊ လူစီးတွဲ (၁၂၉၅) တွဲ၊ ကုန်တင်တွဲ(၃၃၆၁)တွဲဖြင့် ခရီးသည်ဦးရေ (၁.၇)သန်း နှင့် ကုန်တန်ချိန် (၁.၃) သန်းကို မြန်မာ့မီးရထားက ပို့ဆောင်ပေးခဲ့ပါသည်။

ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။ ကြေးမုံသတင်းစာထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၅၄၄.၇၉ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဘဏ္ဍာနှစ် ပထမ(၆) လပတ်ထုတ်ဝေမှုမှာ စောင်ရေ ၃၂၄.၇၉ သိန်း ဖြစ်ပါသည်။ မြန်မာ့အလင်း သတင်းစာထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၄၇၇.၇၈ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၅၆.၁၅ သိန်း ဖြစ်ပါသည်။ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာထုတ်ဝေမှုမှာ စောင်ရေ ၄၈.၂၁ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၆.၈၆ သိန်း ဖြစ်ပါသည်။ မြဝတီသတင်းစာ ထုတ်ဝေမှုအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၁၄၀.၉၇ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စောင်ရေ ၆၈.၃၄ သိန်း ဖြစ်ပါသည်။ မြို့တော်သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၁၀.၆၁ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တွင် စောင်ရေ ၅.၅၃ သိန်း ဖြစ်ပါသည်။ ရတနာပုံ သတင်းစာထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၃.၄၅ သိန်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စောင်ရေ ၁.၈၄ သိန်း ဖြစ်ပါသည်။

ဇယား (၃-၂) မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လကုန်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
လူမှုရေးဖွံ့ဖြိုးတိုးတက်မှု			
လူဦးရေ			
စုစုပေါင်း	ထောင်ပေါင်း	၆၀၉၇၆	ဇန်နဝါရီလမှ ဒီဇင်ဘာ လ အထိသာ တွက်ချက်သည့် အတွက် ဧပြီလမှ စက်တင်ဘာ လ အထိ တွက်ချက် ၍ မရပါ။
ကျား	ထောင်ပေါင်း	၃၀၁၃၉	
မ	ထောင်ပေါင်း	၃၀၈၃၇	
လူဦးရေတိုးနှုန်း (Population Growth)	%	၀.၉၈	
လူဦးရေသိပ်သည်းမှု (population Density)	တစ်စတုရန်းကီလိုမီတာ	၉၀	
မြို့ပြလူဦးရေ	ထောင်ပေါင်း	၁၈၇၅၅	
ကျေးလက် လူဦးရေ	ထောင်ပေါင်း	၄၂၂၂၁	
မှီခိုမှုအချိုး (Dependency Ratio) (သက်ကြီး ၆၅+နှင့် သက်ငယ်(၀-၁၄)နှစ်)	(%)	၅၃.၅၆	
မှီခိုမှုအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ်(၀-၁၄)နှစ်)	(%)	၆၀.၈၆	
လူ၏မျှော်မှန်းသက်တမ်း (Life Expectancy at Birth)	နှစ်	၆၇.၁(ယာယီ)	
တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း (Infant Mortality Rate)(အရှင်မွေး ၁၀၀၀ လျှင်)	နှုန်း	၂၆.၀(ယာယီ)	
သားဖွားမိခင်သေဆုံးမှုအချိုး (Maternal Mortality Ratio)(အရှင်မွေး ၁၀၀,၀၀၀လျှင်)	အချိုး	၁၁၁(ယာယီ)	
မွေးနှုန်းကြမ်း (Crude Birth Rate) (လူဦးရေ ၁၀၀၀ လျှင်)	နှုန်း	၁၆.၁(ယာယီ)	
သေနှုန်းကြမ်း (Crude Death Rate) (လူဦးရေ ၁၀၀၀ လျှင်)	နှုန်း	၅.၆(ယာယီ)	
မော်တော်ယာဉ်တင်သွင်းမှု			
မော်တော်ဆိုင်ကယ်	စီးရေ	၄,၂၈၉	၄၄၇၉
သုံးဘီးယာဉ်များ	စီးရေ	၅၆	
ထွန်စက်	စီးရေ	၁,၂၄၈၀	၃၉၈၀၆
ကုန်တင်ယာဉ်	စီးရေ	၃၁၉၄၃	၃၅၄၄၃
ခရီးသည်တင်ယာဉ်နှင့် VAN ကားများ	စီးရေ	၃၀၈၃	၂၃၉၈
မော်တော်ကား(ဆလွန်း)	စီးရေ	၉,၂၈၈၅	၄၆၇၆၉
အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle)	စီးရေ	၃၃	၅၂

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်း)	၂၀၁၃-၁၄ ပထမ(၆)လပတ်
မော်တော်ယာဉ်တင်သွင်းမှု (တန်ဖိုး)			
မော်တော်ဆိုင်ကယ်	ဒေါ်လာ	၃၆၂၅၅၅.၀၂	၅၀၆၄၉၄၇.၃၈
သုံးဘီးယာဉ်များ	ဒေါ်လာ	၁၁၄၂၄၀.၀၀	-
ထွန်စက်	ဒေါ်လာ	၁၂၆၁၈၈၉၃.၅၅	၁၉၁၂၇၆၀၄.၁၅
ကုန်တင်ယာဉ်	ဒေါ်လာ	၄၄၀၂၅၂၈၇၆.၃၈	၂၈၄၀၇၅၅၁၁.၆၉
ခရီးသည်တင်ယာဉ်နှင့် VAN ကားများ	ဒေါ်လာ	၈၁၀၁၃၄၈၆.၂၁	၅၇၂၉၂၇၁၀.၀၈
မော်တော်ကား(ဆလွန်း)	ဒေါ်လာ	၆၂၀၆၉၇၆၂၆.၆၂	၆၉၀၇၃၀၄၀.၂၅
အထူးကိစ္စအတွက်အသုံးပြုသော ယာဉ်များ	ဒေါ်လာ	၁၁၀၈၈၂၄.၀၀	၂၅၃၇၅၀၈.၈၀
အခြေခံ အဆောက်အအုံဆိုင်ရာသုံးစွဲမှု			
လျှပ်စစ်မီးရရှိသော ကျေးရွာ	ဦးရေ	၁၈၀၄၇	၂၁၆၇၅
ဆက်သွယ်ရေး			
အော်တိုတယ်လီဖုန်းလိုင်းများ	လိုင်းရေ	၅၃၀၄၇၃	၅၃၃၂၀၇
မိုဘိုင်းဖုန်းလိုင်း	လိုင်းရေ	၃၈၀၄၅၀၇	၅၇၄၈၃၀၆
လူဦးရေ၁၀၀၀လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း (Telephone Density) (per 1000 people)	လုံးရေ	၇၂	၁၀၄
အင်တာနက်/အီးမေးလ်လိုင်း	လိုင်းရေ	၈၅၈၂	၁၄၀၃၃၀၆
စာတိုက်			
အစိုးရစာတိုက်	ခုရေ	၁၃၈၂	၁၃၈၁
ယာဉ်အသုံးပြုမှု			
စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ်(ခရီးသည်+ကုန်တင်)	စီးရေ	၄၂၆၈၇၃	၅၀၆၁၈၆
ကုန်တင်ယာဉ်	စီးရေ (သန်းပေါင်း)	၀.၀၉	၀.၁၀
မီးရထား			
မီးရထားလမ်းအရှည်	သံလမ်းမိုင်	၄၈၁၈	၄၈၃၃
ခရီးသည်	သန်းပေါင်း	၅၄.၃	၂၇.၁
ခရီးသည် (တစ်ကီလိုမီတာလျှင်)	ဦးရေ	၉၀၂၀	၄၅၄၅
ကုန်တန်ချိန်	သန်းပေါင်း	၃.၀	၁.၃

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတွင်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
မြို့၊မြိုလေကြောင်း			
ပြည်တွင်းလေဆိပ်	ခုရေ	၆၆	၆၆
လေယာဉ်စီးရေ	စီးရေ	၄၆	၄၆
အပြည်ပြည်ဆိုင်ရာလေဆိပ်	ခုရေ	၃	၃
ဆည်နှင့်ကန်ရေပေးစရိယာစာရင်း			
ဆည်မြောင်း	ဧက	-	၁၄၀၄၉၉၈
ကန်	ဧက	-	၁၈၉၁၃၇၈
စုစုပေါင်း	ဧက	-	၃၂၉၆၇၆၄
ရေချို၊ရေနော်ငါးထုတ်လုပ်မှု			
ရေနော်ငါးဖမ်းလုပ်ငန်း	မက်ထရစ်တန်	၂၄၈၃၉၀၀	၁၁၆၁၆၃၂
ရေချို၊ငါးဖမ်းလုပ်ငန်း	မက်ထရစ်တန်	၂၂၃၂၃၀၀	၁၀၄၈၆၂၄
မြေမွေးတိရစ္ဆာန်နှင့် ကြက်ဘဲဥများရောစာရင်း			
နွား	ကောင်ရေ (ထောင်ပေါင်း)	၁၄၃၃၀	၁၅၂၄၀
ကျွဲ	ကောင်ရေ (ထောင်ပေါင်း)	၃၂၃၀	၃၃၃၀
ဝက်	ကောင်ရေ (ထောင်ပေါင်း)	၁၂၀၄၀	၁၃၁၆၀
သိုး/ဆိတ်	ကောင်ရေ (ထောင်ပေါင်း)	၅၆၀၀	၆၃၃၀
ကြက်	ကောင်ရေ (ထောင်ပေါင်း)	၂၀၅၃၅၀	၂၂၉၃၂၀
ဘဲ	ကောင်ရေ (ထောင်ပေါင်း)	၁၃၅၉၀	၁၉၁၆၀
အသားထုတ်လုပ်မှုစာရင်း			
အမဲသား	မက်ထရစ်တန် ထောင်ပေါင်း	၂၃၃.၃	၁၄၉.၁
သိုးဆိတ်သား	မက်ထရစ်တန် ထောင်ပေါင်း	၅၃.၀	၂၉.၃
ဝက်သား	မက်ထရစ်တန် ထောင်ပေါင်း	၆၃၁.၅	၃၆၃.၄
ကြက်သား	မက်ထရစ်တန် ထောင်ပေါင်း	၁၁၅၈.၅	၆၁၄.၂
သီးနှံထုတ်လုပ်မှုစာရင်း			
စပါး	မက်ထရစ်တန်	၂၈၈၅၃၅၉၃	၂၆၃၄၂၉၆
ကျွဲ	မက်ထရစ်တန်	၁၈၀၄၉၆	-
ပြောင်း	မက်ထရစ်တန်	၁၅၂၅၆၃၁	၈၉၄၆၄၈
ပဲတီစိမ်း	မက်ထရစ်တန်	၁၃၈၆၉၃၉	၅၁၁၉၃၀
မတ်ပဲ	မက်ထရစ်တန်	၁၅၄၈၄၅၄	၃၃
ဘဲကီတပ်ပဲ	မက်ထရစ်တန်	၁၆၄၉၁၉	-
ပဲပုတ်	မက်ထရစ်တန်	၂၃၃၉၁၄	၆၂၃၃၉
အာလူး	မက်ထရစ်တန်	၅၅၉၉၁၆	၂၆၁၁၄၈
ကြက်သွန်နီ	မက်ထရစ်တန်	၁၁၆၀၆၄၃	၂၈၁၆
ငရုတ်	မက်ထရစ်တန်	၁၁၉၃၈၈	၁၁၃၄၅

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်)	၂၀၁၃-၁၄ ဝထမ(၆)လဝတ်
အခြေခံလိုအပ်ချက်များ သုံးစွဲမှု			
ကျန်းမာရေး			
ပြည်သူ့ဆေးရုံများ*	ဦးရေ	၁၀၁၂	၁၀၁၄
ပုဂ္ဂလိကဆေးရုံများ	ဦးရေ	၁၆၅	၁၃၃
ဆေးပေးခန်းများ*	ဦးရေ	၄၆၉	၄၆၉
ခုတင်(အစိုးရ)	ဦးရေ	၅၅၃၀၅	၅၆၀၃၅
ကျွမ်းကျင်သူများနှင့် ကလေးမွေးဖွားမှု	%	၇၀.၈၈	-
အသက်တစ်နှစ်ကလေးများ ဝက်သက် ကာကွယ်ဆေးထိုးမှု	%	၈၄	-
ငှက်ဖျားရောဂါကာကွယ်မှုနှုန်း (လူဦးရေ ၁၀၀၀လျှင်)		၉.၃၄	-
တီဘီရောဂါကာကွယ်မှုနှုန်း (လူဦးရေ ၁၀၀,၀၀၀ လျှင်)		၅၀၆	၄၈၉
အသက်၁၅နှစ်နှင့်အထက် လူဦးရေအတွင်း HIV ကာကွယ်မှုနှုန်း (၂၀၀၉ခုနှစ် အပေါ် အခြေခံ)	%	၀.၀၃	၀.၄၇
ပညာရေး(အခြေခံ)			
အစိုးရ	(၂၀၁၂-၁၃၊မတ်လကုန်)		(၂၀၁၃-၂၀၁၄)
ကျောင်း	ဦးရေ	၄၃၉၆၄	၄၃၁၈၁
ကျောင်းသား	ဦးရေ ထောင်ပေါင်း	၈၅၈၃	၈၂၉၄
ဆရာ/ဆရာမ	ဦးရေ	၂၈၆၈၉၄	၂၈၁၉၉၅
ပုဂ္ဂလိက			
ကျောင်း	ဦးရေ	၆၆	၁၅၉
ကျောင်းသား	ဦးရေ	၂၂၂၅၃	၂၉၉၄
ဆရာ/ဆရာမ	ဦးရေ	၁၄၀၃	၄၅၂၄
ပညာရေး(အဆင့်မြင့်)			
အစိုးရ	(၂၀၁၂-၁၃၊မတ်လကုန်)		(၂၀၁၃-၂၀၁၄)
ကျောင်း	ဦးရေ	၁၆၁	၁၆၁
ကျောင်းသား	ဦးရေ	၄၈၁၃၁	၆၃၉၂၂၀
ဆရာ/ဆရာမ	ဦးရေ	၂၃၃၃၆	၂၄၂၃
သက်ကြီးစာတတ်မြောက်မှုနှုန်း			
စုစုပေါင်း	(%)	၉၅.၀၈	၉၅.၁၃
ကျား	(%)	၉၄.၃၅	၉၄.၈၁
မ	(%)	၉၅.၄၀	၉၅.၄၃

* ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြားဝန်ကြီးဌာနများ အပါအဝင် ဖြစ်ပါသည်။

အခြေခံပညာရေးတွင် ဘုန်းတော်ကြီးသင်ကျောင်းများ အပါအဝင်ဖြစ်ပါသည်။

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
အသားတင်ကျောင်းနေနှုန်း (Net Enrollment Ratio)			
(မူလတန်း)	(%)	၈၆.၂၃	၈၆.၀၀
(အလယ်တန်း)	(%)	၆၃.၅၁	၆၃.၅၀
(အထက်တန်း)	(%)	၃၂.၀၄	၃၂.၀၈
စုစုပေါင်းကျောင်းနေနှုန်းကြမ်း (Gross Enrollment Ratio)			
(မူလတန်း)	(%)	၁၀၁.၄၉	၁၀၂.၆
(အလယ်တန်း)	(%)	၃၄.၃၀	၃၄.၃၀
(အထက်တန်း)	(%)	၃၃.၃၀	၃၃.၃၄
နိုင်ငံရပ်ခြားခရီးသည်များ	ဦးရေ	**၁၁၃၃၁၄၄**	**၃၉၄၅၁၉**
ကမ္ဘာလှည့်ခရီးသည်များ	ဦးရေ	၁၁၃၃၁၄၄	၃၉၄၅၁၉
အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု			
အမျိုးသမီးဦးရေ	ထောင်ပေါင်း	၃၀၈၃၃	-
အလုပ်လုပ်သူ အမျိုးသမီးဦးရေ	သန်းပေါင်း	၁၁.၅၃	-
အမျိုးသမီးလုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း (Women Participation in the Labour Force)	(%)	၅၀.၂၃	-
ပုံနှိပ်မီဒီယာ (ပြကွဒိန်နှစ်)			
ကြေးမုံသတင်းစာ	သိန်းပေါင်း	၅၄၄.၃၉	၃၂၄.၃၉၃
မြန်မာ့အလင်းသတင်းစာ	သိန်းပေါင်း	၄၃၃.၃၈	၂၅၆.၁၅၃
The New Light Of Myanmar	သိန်းပေါင်း	၄၈.၂၁	၂၆.၈၅၆
မြဝတီသတင်းစာ	စောင်ရေ	၁၄၀၉၃၀၅၉	၆၈၃၄၄၉၉
မြို့တော်သတင်းစာ	စောင်ရေ	၁၀၆၁၁၂၄	၅၅၂၉၂၃
ရတနာပုံသတင်းစာ	စောင်ရေ	၃၄၃၈၁၈	၁၈၄၀၄၆

၂၀၁၂-၂၀၁၃ခုနှစ် အသားတင် နှင့် စုစုပေါင်းကျောင်းနေနှုန်းကြမ်းတို့သည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများမှ ပေးပို့သော လူဦးရေဖြင့် တွက်ချက် ထားခြင်း ဖြစ်ပါသည်။ လူဦးရေ ပြောင်းလဲပါက ရာခိုင်နှုန်း ပြောင်းလဲနိုင်ပါသည်။

ဇယား (၃-၂)အဆုံး

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
အစိုးရ			
မြန်မာ (MRTV, MWD)	ခုရေ	၂	၂
ဖက်စပ်			
မြန်မာ (MRTV-4)	ခုရေ	၁	၂
အင်္ဂလိပ် (MI)	ခုရေ	၁	၂
ပုဂ္ဂလိက			
မြန်မာ (Skynet)	ခုရေ	၁	၂
ရေဒီယိုလိုင်းများ			
အစိုးရ			
မြန်မာ	ခုရေ	၂	၂
အင်္ဂလိပ်	ခုရေ	၁	၁
ပုဂ္ဂလိက			
မြန်မာ	ခုရေ	၆	၆
မြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှု	ကီလိုဝပ်နာရီ သန်းပေါင်း	၁၀၇၂၅	၅၉၉၃
ထုတ်လုပ်မှု			
ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil)	အမေရိကန် စည်ထောင်ပေါင်း	၆၇၃၆.၉၇	၃၃၈၄.၂၉
သဘာဝဓါတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas)	ကုဗပေသန်းပေါင်း	၄၄၆၁၀၉	၂၁၉၇၇၀

အခန်း(၄)
ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂၉ နှင့်အညီ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်း၍ နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများကို ချမှတ်ခဲ့ပါသည်။ နိုင်ငံတော် စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Sustainable Economic Development) ရရှိစေရန်အတွက် ကောင်းမွန်သော ဘဏ္ဍာလုပ်ငန်း စနစ်၊ ငွေကြေးအရင်းအနှီးများ၊ ငွေပေးချေမှုစနစ်များနှင့် အခြားအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရန် ဆောင်ရွက်လျက် ရှိပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဘဏ္ဍာရေး မူဝါဒများနှင့် ငွေကြေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ လိုအပ်သော အသုံးစရိတ်များအတွက် အခွန်အကောက်များ အပြည့်အဝရရှိရန် ပြည်သူ့ဘဏ္ဍာငွေ ရှာဖွေခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်း၊ စုဆောင်းငွေတိုးမြှင့် စုဆောင်းရန်အတွက် တိုးမြှင့် ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိက ငွေကြေးလိုအပ်ချက်အတွက် ပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ငွေကြေးမူဝါဒ (Monetary Policy)

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ္ဍာလုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မူဝါဒကို ချမှတ်ခဲ့ပြီး အောက်ပါ ငွေကြေးကဏ္ဍ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြဋ္ဌာန်းခြင်း၊

(ခ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များ တိုးချဲ့ခွင့်ပြုပေးခြင်းနှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊

(ဂ) နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC) များ ပြန်လည် ရွေးနှုတ်ခြင်း၊

ချမှတ်ထားသည့် မူဝါဒများအရ ငွေရေးကြေးရေးကဏ္ဍကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ခေတ်နှင့် လျော်ညီစေရန် ပြန်လည် ရေးဆွဲ၍ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၆ ဖြင့် ၁၁.၇.၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နည်းဥပဒေ ထုတ်ပြန် ရန်နှင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေရေးဆွဲ ပြဋ္ဌာန်းရန် ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီရယူ၍ ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ ပုဂ္ဂလိကဘဏ် ၂၀ ခု မှ ဘဏ်ခွဲ ပေါင်း ၅၉၂ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၃၃ ခုနှင့် နိုင်ငံခြား ငွေကြေးကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲ ၁ ခု ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ထိန်းကျောင်းမှုရှိသည့် ဈေးကွက်ကိုအခြေခံသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ယခင်ထုတ်ပြန်ထားသည့် နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနှုတ်ခြင်း လုပ်ငန်းကို ၁.၄.၂၀၁၃ ရက်နေ့ မှ ၃၀.၆.၂၀၁၃ ရက်နေ့ အတွင်း ဆောင်ရွက်ခဲ့ ပါသည်။

ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)

နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း စီမံခန့်ခွဲမှု ပိုမိုထိရောက်ထက်မြက်သည့် လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရန်နှင့် ထင်သာမြင်သာရှိသည့် အခွန်ပေးဆောင်မှုစနစ် ဖြစ်ပေါ်လာစေရန် မူဝါဒ ချမှတ်ပြီး ရည်မှန်းချက်များကို ထားရှိခဲ့ပါသည်-

(က) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝကောက်ခံရရှိရေးနှင့် ပြည်သူများ ယုံကြည်သော အခွန်ဌာနအဖြစ် ပြုပြင်ပြောင်းလဲနိုင်ရေး၊

(ခ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ ပြုပြင်ပြောင်းလဲရေး၊

(ဂ) လူစွမ်းအား အရင်းအမြစ်တိုးတက်စေမည့် ကဏ္ဍများအတွက် အသုံးစရိတ်များ တိုးမြှင့်ခွဲဝေရေး၊

ဖော်ပြပါမူဝါဒများအရ အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ပထမအဆင့်အနေဖြင့် အခွန်ထမ်းကြီးများအတွက် အခွန်ပေးဆောင်ရမည့် ရုံးများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါရုံးများအတွက် ဝန်ထမ်းများ ရွေးချယ် သင်တန်းပေးခြင်းကို ဆောင်ရွက်လျက် ရှိပါသည်။

(ခ) အခွန်ရငွေအား ဂျီဒီပီ နှစ်စဉ်တိုးတက်မှုနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုစာရင်းများ အတိုင်း ကောက်ခံရမည့် အခွန်အခများ ခွဲခြားသတ်မှတ်ပေးရေး တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ဘဏ္ဍာရန်ပုံငွေ စာရင်းများအားလုံး စုစည်းပါဝင်သည့် တစ်ခုတည်းသော ငွေတိုက်စာရင်း Treasury Single Account စနစ်အား စတင်ဆောင်ရွက်ရန် အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) နိုင်ငံတော်၏ ဘဏ္ဍာငွေ တိုးတက်ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး အသုံးစရိတ်များ တိုးမြှင့်ခွဲဝေ ချထားလျက် ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအား အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ခွဲဝေပေးခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ခန့်မှန်းခြေစာရင်း) တွင် သာမန်အသုံးစရိတ်၌ တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်းမှ ကယား ပြည်နယ်သည် ကျပ် ၁၈,၀၀၂ သန်းဖြင့် အနည်းဆုံး ဖြစ်ပြီး ရှမ်းပြည်နယ်သည် ကျပ် ၁၂၀,၄၃၅ သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကရင်ပြည်နယ်သည် ကျပ် ၅,၅၂၃ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၉၆,၀၅၆ သန်းဖြင့် အများဆုံးဖြစ်ပါသည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ခန့်မှန်းခြေစာရင်း) စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် ၆၃.၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၆.၂ ရာခိုင်နှုန်းနှင့် ကြွေးမြီ ၀.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။

ရသုံးမှန်းခြေငွေစာရင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်း စုစုပေါင်းရငွေ ကျပ် ၁၄,၃၈၆,၂၂၁.၄ သန်းတွင် သာမန်ရငွေ ကျပ် ၁၃,၁၄၄,၅၉၄.၇ သန်း ငွေလုံးငွေရင်းရငွေ ကျပ် ၂၉၉,၇၈၈.၅ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၉၄၁,၈၃၈.၂ သန်း ဖြစ်ပါသည်။ စုစုပေါင်းရငွေ အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ရငွေစုစုပေါင်း ကျပ် ၁,၁၇၁,၉၁၁.၅ သန်း ဖြစ်၍ စုစုပေါင်းရငွေ အပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၈.၁၅ ရာခိုင်နှုန်းရရှိပါသည်။ ငွေလုံးငွေရင်း ရငွေ ကျပ် ၂၉၉,၇၈၈.၅ သန်းအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၈၁,၂၀၃.၆ သန်း ရရှိပါသည်။ ကြွေးမြီရငွေ ကျပ် ၉၄၁,၈၃၈.၂ သန်းအနက် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျပ် ၃၁,၈၇၅.၁ သန်းရရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်းတွင် အသုံးစရိတ် စုစုပေါင်း ကျပ် ၁၇,၃၁၂,၉၆၆.၉ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၁၁,၆၈၄,၂၆၀.၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄,၉၂၈,၆၇၁.၁ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၇၀၀,၀၃၅.၁ သန်း ဖြစ်ပါသည်။ စုစုပေါင်းအသုံးစရိတ်အနက် တိုင်းဒေသကြီး/ ပြည်နယ် အသုံးစရိတ် ကျပ် ၁,၁၇၁,၉၁၁.၅ သန်းဖြစ်၍ ၆.၇၆ ရာခိုင်နှုန်းပါဝင်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၄,၉၂၈,၆၇၁.၁ သန်းရှိသည့် အနက် တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၄၂၄,၉၅၇.၁ သန်းဖြစ်ပါသည်။ နိုင်ငံတော်၏ ဘဏ္ဍာရေး ပိုငွေ/လိုငွေ (Overall budgetary surplus/deficit) ကို ဆန်းစစ်ရာတွင် လိုငွေ ကျပ် ၂,၉၂၆,၇၄၅.၅ သန်း ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု

အစီရင်ခံသည့်ကာလအတွင်း အခွန်အမျိုးအစားအလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီး လျာထားငွေအပေါ် ပထမ(၆)လပတ် ယာယီစာရင်းအရ ကောက်ခံရရှိမှု အခြေအနေမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

ဇယား (၄-၁) ပြည်တွင်းအခွန်ကောက်ခံရရှိမှု

(ကျပ်သန်းပေါင်း)

စဉ်	အခွန်အမျိုးအစား	မူလလျာထားချက်	ပထမ(၆)လပတ် ကောက်ခံရရှိမှု	ကောက်ခံရရှိမှု ရာခိုင်နှုန်း
၁	ကုန်သွယ်လုပ်ငန်းခွန်	၁၁၀၀၀၀.၀၀၀	၆၁၃၈၅၁.၃၅၈	၅၅.၈၀
၂	ဝင်ငွေခွန်	၁၂၈၆၀၁၄.၉၆၆	၆၄၃၆၅၃.၂၉၉	၅၀.၀၅
၃	တံဆိပ်ခေါင်းခွန်	၄၁၀၀၀.၀၀၀	၁၅၄၂၈.၃၃၆	၃၇.၆၃
၄	အောင်ဘာလေသိန်းဆုခွန်	၁၉၉၈၅.၀၃၄	၁၃၇၆၉.၃၂၀	၆၈.၉၀
	စုစုပေါင်း	၂၄၄၇၀၀၀.၀၀၀	၁၂၈၆၇၀၂.၃၁၃	၅၂.၅၈

ဇာစ်မြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု

အစီရင်ခံသည့်ကာလ ၁-၄-၂၀၁၃ ရက်နေ့ မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ အခွန်ငွေကောက်ခံ ရရှိမှု(ရုံးချုပ်) ကျပ် (၁၄၉၂၁၅.၀၀) သန်း ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၁၂၉.၇၅ ရာခိုင်နှုန်း နှင့် (မြို့နယ်ရုံး)များတွင် အခွန်ငွေကောက်ခံရရှိမှု ကျပ် (၂၇၉၉၄.၇၆) သန်းဖြစ်ပြီး၊ ရာခိုင်နှုန်း အားဖြင့် ၁၃၉.၉၈ ရာခိုင်နှုန်း ကောက်ခံရရှိပြီးဖြစ်ပါသည်။

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်နိုင်မှု

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကို ၂၀၁၃-၂၀၁၄ ပထမ(၆) လပတ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်မြောင်းတာတမံ တည်ဆောက်မှု လုပ်ငန်းစီမံကိန်းများနှင့် မြစ်ရေတင်လုပ်ငန်းများတွင် ကျပ် ၁၅၆,၀၆၆.၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းများကို ကျပ် ၇၃,၁၈၈.၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဖိုက်ဘာဆက်ကြောင်း နှင့် မိုက္ကရိုဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ GSM / UMTS မိုဘိုင်းဖုန်းလိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ Sea Me We 6 ရေအောက်ကေဘယ်စနစ်စီမံကိန်း စသည့်လုပ်ငန်းများအတွက် ကျပ် ၁၁,၁၄၇.၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ပထမ(၆) လပတ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစီမံကိန်းတန်ဖိုးမှာ ကျပ် ၈,၁၂၈.၉ သန်း ဖြစ်ပါ သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းတံတားဦးစီးဌာန၊ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများတွင် ကျပ် ၁၂၄,၆၀၁.၀ သန်းနှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းစီမံကိန်းဖြစ်သည့် ဧရာဝတီနှင့်ရတနာအိမ်ရာ စီမံကိန်းတွင် ကျပ် ၇၀၈.၀ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဇယား (၄-၂) နိုင်ငံပိုင်အခန်းမှလုပ်ငန်းစီမံကိန်းများ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ အခြေအနေ

(ကျပ်သန်းပေါင်း)

စဉ်		အကြောင်းအရာ	တန်ဖိုး
၁		**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**၁၅၆၀၆၆**
	၁	ဆည်မြောင်းဦးစီးဌာန	
		ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း	၁၅၅၃၂၀
	၂	ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန	
		လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်း	၇၄၆
၂		**စက်မှုဝန်ကြီးဌာန**	**၁၆၃၉၉၈**
	၁	အမှတ်(၁)အကြီးစားလုပ်ငန်း	၁၅၆၇၂၅
	၂	စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း	၇၂၇၃
၃		**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**၁၂၅၃၀၉**
	၁	လမ်းတံတားဦးစီးဌာန	၁၂၄၆၀၁
	၂	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန	၇၀၈
၄		**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	**၇၃၁၈၈**
	၁	ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန	
		ရေအားလျှပ်စစ်စီမံကိန်းများ	၅၄၈၇၉
	၂	မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း	
		ဓာတ်အားလိုင်းတည်ဆောက်ရေးစီမံကိန်း	၁၈၃၀၉
၅		**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**	**၈၁၂၉**
	၁	မြန်မာ့မီးရထား	
		ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း	၈၁၂၉
၆		**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန**	**၁၁၁၄၇**
	၁	မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း	
		မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း	၁၁၁၄၇

ဝန်ကြီးဌာနများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ဇယား (၄-၃) ဝန်ကြီးဌာနများမှ ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ

စဉ်	ဝန်ကြီးဌာန	စီမံကိန်း အမည်	နိုင်ငံ/ အဖွဲ့အစည်း	ငွေကြေး အမျိုးအစား	ပမာဏ (သန်းပေါင်း)
၁	ဘဏ္ဍာရေး	The project for development of ICT System for Central Banking	Japan	Yen	၅၁၀၀.၀၀
၂	ပို့ဆောင်ရေး	သဘာဝ ဘေး အန္တရာယ်ကြောင့် ပေါ်ပေါက်လာမည့် ရာသီဥတု အခြေအနေ စောင့်ကြည့်ရေး စနစ် ထူထောင်ရေး	Japan	Yen	၂၃၁.၀၀
၃	ပြန်ကြားရေး	MRTV အစီအစဉ်နှင့် အသံလွှင့် တည်းဖြတ်ခြင်းဆိုင်ရာ စက် ပစ္စည်းများ ပိုမိုကောင်းမွန် လာစေရေး	Japan	Yen	၈၁.၉၀
၄	စီမံ/စီးပွား	မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌ အစည်းအဝေး များတွင် ယာဉ်နှင့် ရုံးသုံး ပစ္စည်း တန်ဖိုး	China	Yuan	၁၀.၀၀
၅	ဆောက်လုပ်ရေး	မြန်မာနိုင်ငံ၏ အဓိကလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊	Korea	US$	၃.၀၀
၆	နိုင်ငံခြားရေး	ညီလာခံများ ကျင်းပရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး၊	Korea	US$	၁.၀၀
၇	လယ်/ဆည်	စက်မှုလယ်ယာကူးပြောင်းရေး အတွက် လယ်ယာမြေ ပြုပြင် ပြောင်းလဲရေး	Korea	US$	၅.၂၇
၈	ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေးရာ	မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်း စိုပြေရေး	Korea	US$	၂.၅၀
၉	စီမံ/စီးပွား	အမျိုး သား စာရင်းအင်းစနစ် ခိုင်မာရေး၊	Korea	US$	၂.၀၀
၁၀	အလုပ်သမား၊ စက်မှု၊ ပညာရေး	အသက်မွေးဝမ်း ကျောင်း လေ့ကျင့် ပညာပေးရေး	Germany (GIZ)	Euro	၄.၈၀
၁၁	ဘဏ္ဍာရေး	အသေးစား နှင့် အလတ်စား လုပ်ငန်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် သင်တန်းများ ပေးခြင်း	Germany (GIZ)	Euro	၃.၄၅

စဉ်	ဝန်ကြီးဌာန	စီမံကိန်း အမည်	နိုင်ငံ/ အဖွဲ့အစည်း	ငွေကြေး အမျိုးအစား	ပမာဏ (သန်းပေါင်း)
၁၂	စက်မှု	ကျေးလက် အခြေခံ အဆောက် အအုံ ဖွံ့ဖြိုး တိုးတက်ရေး	Germany (GIZ)	Euro	၃.၇၅
၁၃	ဆောက်လုပ်ရေး	Maximizing Transport Benefit through communicity engagement	ADB	US$	၀.၁၉
၁၄	ဆောက်လုပ်ရေး	Preparing GMS East-West Economic Corridor extension Eindu to Kawkareik Road	ADB	US$	၁.၅၀
၁၅	ဆောက်လုပ်ရေး	Developing Asset management program for Myanmar road	ADB	US$	၁.၃၇
၁၆	စီမံ/စီးပွား	Capacity development of the National statistical System of Myanmar	ADB	US$	၁.၂၀
၁၇	ဆက်သွယ်ရေး၊ သိပ္ပံ နှင့် နည်းပညာ	Design of E-Govenment master plan and review of ICT capacity in Academic Institutions	ADB	US$	၁.၅၀
၁၈	ပညာရေး	Support for post primary education development project	ADB	US$	၁.၅၀
၁၉	လျှပ်စစ်စွမ်းအား	Power transmission and distribution improvement project	ADB	US$	၁.၅၀
၂၀	စွမ်းအင်	Institutional strengthening of National energy management committee in energy policy and planning	ADB	US$	၁.၃၅
			စုစုပေါင်း	US$ Yen Yuan Euro	၂၃.၈၈ ၅၄၁၂.၉၀ ၁၀.၀၀ ၁၅.၀၀

အခန်း(၅)
ကဏ္ဍစီမံကိန်း
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေအရ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **၁၅.၇** ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း)



တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၉,၄၆၀,၇၀၅.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၆၅.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၀.၇** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၂၄,၉၃၄,၄၀၆.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၉** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၁၆,၅၂၆,၆၂၇.၄ သန်း ရရှိခဲ့ပြီး **၅.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယခု အစီရင်ခံသည့်ပထမ(၆) လပတ်တွင် ပြောင်းလဲမှုနှုန်း **၁၀.၇** ရာခိုင်နှုန်း ရရှိသဖြင့် ကျန် (၆)လ တွင် ယခုပထမ(၆)လပတ်ထက် ပိုမိုကြိုးပမ်းအား ထုတ်နိုင်မှသာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် တစ်နှစ်လုံးအတွက် ရည်မှန်းထားသည့် ပြောင်းလဲမှုနှုန်း **၁၅.၇** ရာခိုင်နှုန်းကို ပြည့်မီရန် အလားအလာရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီးကို **၇.၁** ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို **၂၉.၁** ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးကို **၁၂.၃** ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းရာတွင် အစီရင်ခံသည့် ပထမ (၆) လပတ်၌ လယ်ယာကဏ္ဍကြီး တွင် **၅.၄** ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် **၁၃.၃** ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် **၁၁.၉** ရာခိုင်နှုန်း အသီးသီး ပြောင်းလဲခဲ့ပါသည်။

စီးပွားရေးကဏ္ဍအလိုက် ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါ သည်။

ပုံ (၅-၂) ကဏ္ဍများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ပြောင်းလဲမှုနှုန်း



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ (ဧပြီလ မှ စက်တင်ဘာလ) ကဏ္ဍအလိုက် စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြအပ်ပါသည်။

လယ်ယာကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆,၅၂၉,၃၂၀.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၁ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ





လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂,၆၈၂,၄၇၆.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၄၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၁.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅,၈၁၆,၅၆၄.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂,၄၅၉,၅၆၇.၂ သန်း ရရှိခဲ့ပြီး၊ ၁.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

အစီအရင်ခံသည့် ကာလတွင် ဈေးကွက်ဝင်သီးနှံ ဖြစ်သည့် အစေ့ထုတ်ပြောင်းကို တောင်သူများ ပိုမိုစိုက်ပျိုးခြင်း၊ ကုမ္ပဏီနှင့်တောင်သူများ အကျိုးတူစိုက်ပျိုးထုတ်လုပ်ခြင်း၊ နယ်စပ်မှတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံမှဝယ်ယူသဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး တောင်သူများ ပိုမိုစိုက်ပျိုးခြင်းကြောင့် ယခင်နှစ်အလားတူကာလထက် အထွက်တင်း ထောင်ပေါင်း ၂,၅၈၄ ပိုမိုခဲ့ပါသည်။ ဖူးစားပြောင်းတွင်လည်း တောင်သူပညာပေးလုပ်ငန်းများဖြစ်သည့် သီးနှံအလှည့်ကျစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်အသုံးပြု စိုက်ပျိုးခြင်း၊ ဓါတ်မြေဩဇာကို အချိုးကျသုံးစွဲခြင်း၊ မြေဆီလွှာပြုပြင်ခြင်း၊ မြေဆီလွှာ ထိန်းသိမ်းခြင်း၊ မြေဆီလွှာ ထက်သန်ရန် ပဲမျိုးနွယ်ဝင် အပင်များကို စိုက်ပျိုးခြင်းတို့ကြောင့် ဖူးရေ ထောင်ပေါင်း ၁၁၆,၁၇၂ ပိုမိုထွက်ရှိခဲ့ပါသည်။

ပဲတီစိမ်းစိုက်ပျိုးမှုတွင် ဈေးကွက်ကောင်းခြင်းကြောင့် တောင်သူများစိတ်ဝင်စား စိုက်ပျိုးခဲ့သဖြင့် အထွက်နှုန်းမြင့်တက်ခဲ့ပြီး၊ အထွက် တင်းထောင်ပေါင်း ၅၉၈ ပိုမိုခဲ့ပါသည်။ မိုးနှမ်းစိုက်ပျိုးမှုမှာ ဆည်ရေကောင်းစွာ ရရှိသဖြင့် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး၊ ယခင်ပထမ(၆)လထက် အထွက်တင်း ထောင်ပေါင်း ၆၅၆ ပိုမို ခဲ့ပါသည်။

ဆီအုန်းစိုက်ပျိုးမှုသည် (၁)နှစ် စိုက်ပျိုးပြီးပါက နှစ်(၃၀)စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် အပင်ဖြစ်သဖြင့် စိုက်ဧကတိုးတက်လာခြင်း၊ အပင်ပြုစု ထိန်းသိမ်းမှုနှင့် အပင်သက်တမ်း အပေါ်မူတည်၍ တစ်ဧကအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးလာခြင်းကြောင့် အထွက် ပိုမိုခဲ့ပြီး အထွက်သီးခိုင်ပိသာထောင်ပေါင်း ၂၁,၇၁၄ ပိုမိုခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ မိုးမြေပဲ၊ မိုးနှမ်း၊ ဆီအုန်း၊ ချည်မျှင်ရှည်ဝါ၊ ကြက်ပေါင်စေး၊ ငရုတ်ခြောက်၊ ငရုတ်စို၊ အာလူးနှင့် အခြားမိုးသီးနှံများထွက်ရှိခဲ့ပါသည်။ လယ်ယာကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှု ၄၁.၁ ရာခိုင်နှုန်းသာ ရရှိခဲ့ခြင်းမှာ မြန်မာပြည် အလယ်ပိုင်းဒေသများ၌ မိုးရွာသွန်းမှု လျော့နည်းခဲ့ခြင်း၊ မြစ်ရေတင်ဒေသများတွင်လည်း မြစ်ရေကျဆင်းမှုကြောင့် ရေပေးဝေနိုင်မှု အားနည်းခြင်းတို့ကြောင့် ယခင်နှစ်အလားတူ ကာလထက် နွေစပါးအထွက် တင်းထောင်ပေါင်း ၃၀,၆၇၄ လျော့နည်းခဲ့ခြင်း၊ ကြက်ပေါင်စေးအထွက်မှာလည်း အစေးလှီးချိန်တွင် မိုးများစွာ ရွာသွန်းမှုကြောင့် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် အထွက်နှုန်း လျော့နည်း၍ စုစုပေါင်း

အထွက် ပေါင်ထောင်ပေါင်း ၇၀၉ လျော့နည်းခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည်။ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နွေစပါး၊ နွေနှမ်း၊ ကုလားပဲ၊ မတ်ပဲစသည့် မိုးသီးနှံများ ရိတ်သိမ်းရန် ကျန်ရှိပြီး၊ ဆောင်းသီးနှံများကို ရည်မှန်းချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးနိုင်ပါက စီမံကိန်း ရည်မှန်းချက်ကို နှစ်ကုန်တွင် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ရေကြီးနစ်မြုပ်၍ မိုးစပါး စိုက်ဧက ၁၂၆,၈၃၃ ထိခိုက်ခဲ့ရာတွင် ပျက်စီးဧက ၄၃,၇၅၃ ရှိခဲ့ရာ ၄၀,၂၄၀ ဧကကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး၊ အစေ့ထုတ်ပြောင်းစိုက်ဧက ၃,၂၇၈ ထိခိုက်ခဲ့ရာတွင် ပျက်စီးဧက ၂,၈၈၀ ရှိခဲ့ရာ ၁,၇၁၆ ဧကကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ကယားပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုစုပေါင်းစိုက်ပျိုးဧကမှ ရေကြီးနစ်မြုပ်၍ ထိခိုက်မှု ၁၃၁,၈၁၅ ဧက ရှိခဲ့ရာ ၄၆,၇၀၇ ဧက ပျက်စီးခဲ့ပြီး၊ ၄၁,၉၅၆ ဧကကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးလိုမိုးခေါင်ခြင်းကြောင့် စုစုပေါင်းစိုက်ဧက ၄၉၃,၂၂၇ ထိခိုက်ခဲ့ရာ ၃၆,၅၃၂ ဧက ပျက်စီးခဲ့သော်လည်း ၂,၁၈၅ ဧက ကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရေကြီးနစ်မြုပ်ခြင်း၊ မိုးလိုမိုးခေါင်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းနှင့် အခြားအကြောင်းများကြောင့် ထိခိုက် ခဲ့သည့် စုစုပေါင်း စိုက်ဧက ၆၂၉,၅၉၈ ရှိရာတွင် ၈၅,၃၉၄ ဧက ပျက်စီးခဲ့ရာ ၄၄,၁၄၁ ဧက ကိုပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါ သည်။

နွေစပါးစိုက်ဧက ပိုမိုတိုးတက်လာစေရန်အတွက် ရေရရှိနိုင်မှုအစီအစဉ်များကို ကြိုတင်ဆောင်ရွက်ထားရှိခြင်း၊ အပူပိုင်းဒေသများတွင် အပူဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးစိတ် များကို ရှာဖွေဖေါ်ထုတ်၍ စိုက်ပျိုးစေခြင်း၊ မိုးများသည့်ဒေသများတွင် ရေကြီးနစ်မြုပ်မှုဒဏ် ခံနိုင်ရည်ရှိသည့် မျိုးစိတ်များကို စိုက်ပျိုးစေခြင်း၊ အထွက်တိုး မိုးစပါးများကို ယခင်ကထက်တိုးတက်စိုက်ပျိုးလာခြင်း၊ စပ်မျိုးစပါး၊ စပ်မျိုးနေကြာနှင့် အထွက်နှုန်း အထူးကောင်းသည့် အစေ့ထုတ်ပြောင်းများကို စိုက်ပျိုးလာကြခြင်း၊ အထွက်နှုန်းကောင်းသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာကြခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို အသုံးပြုလာကြခြင်း၊ တောင်သူပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လာခြင်း စသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍ၏ ရည်မှန်းချက်များ ပြည့်မီကျော်လွန်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရှိစေရန်အတွက် သီးနှံအလိုက် တောင်သူပညာပေး စိုက်ပျိုးနည်းသင်တန်းများ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေးနှင့် ကိုင်တွယ်မောင်းနှင်မှုသင်တန်းများ၊ ရာသီသီးနှံဆိုင်ရာသရုပ်ပြပွဲများ၊ ငွေကြေးအရင်းအနှီးများ အချိန်မီရရှိအောင် ဆောင်ရွက်

မှုများ၊ ကျယ်ပြန့်စွာဆောင်ရွက်ရန် အထူးလိုအပ်နေပြီး၊ တောင်သူ လုပ်သားအခက်အခဲရှိသည့် မြို့နယ်များတွင် မြို့နယ်အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ပေးခြင်းများ လိုအပ်မည်ဖြစ်ပါသည်။

သားငါးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများ အရ ကျပ် ၂,၂၅၄,၇၅၈.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၀.၆ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်း ထားပါသည်။

ပုံ (၅-၄) သားငါးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



သားငါးကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂,၀၈၇,၁၀၂.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၂.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၁၁.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ ကျပ် ၂,၀၄၁,၄၂၂.၃ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၁,၉၂၄,၃၀၁.၇ သန်း ရရှိခဲ့ပြီး၊ ၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ပထမ(၆)လပတ် စီမံကိန်းအပေါ် ၉၁.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှု အနေဖြင့် ၈၈.၄၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ငါးထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်း မပြည့်မီရခြင်းမှာ ဧပြီလ၊ မေလများတွင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တို့၌ ငါးမဖမ်းဆီးရ ကာလအဖြစ် သတ်မှတ်တားမြစ်ထား၍ ဖြစ်ပါသည်။ သို့ရာတွင်ဒုတိယ(၆)လပတ်အတွင်း ပွင့်လင်းရာသီများ၌ ငါးပိုမိုထုတ်လုပ် နိုင်သဖြင့် နှစ်ကုန်ချိန်တွင် ငါးထုတ်လုပ်မှု ရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှု အကောင်အထည်ဖော်နိုင်မှု အနေဖြင့် ၉၀.၃၀ ရာခိုင်နှုန်း ရရှိနေပြီဖြစ်ပါသဖြင့် နှစ်ကုန်ချိန်တွင် ယခင်နှစ်ကကဲ့သို့ ငါးထုတ်လုပ်မှု ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အသားထုတ်လုပ်မှုတွင် ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုဖွံ့ဖြိုးရေး ကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ ပထမ (၆) လပတ်အတွင်း တိုင်းရင်းကြက်ကောင်ရေ စုစုပေါင်း(၃၂၆၁)ကောင် မွေးမြူထားပါသည်။ (၃၀-၉-၂၀၁၃)နေ့ထိ ပြည်နယ်/ တိုင်းဒေသကြီးများတွင် ဥစားကြက် ကောင်ရေ (၁၅.၀၄)သန်း၊ အသားစားကြက်ကောင်ရေ (၁၃.၂၄) သန်း၊ တိုင်းရင်းကြက် ကောင်ရေ (၂၀၁.၀၄) သန်း၊ ကြက်စုစုပေါင်းကောင်ရေ (၂၂၉.၃၂)သန်း မွေးမြူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးအမျိုးမျိုးတွင် အဆ (၃၆၈.၂၉) သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ (၁၇.၁၂) သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ(၁.၆၉)သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်း မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ(၁၄၅၄၇)၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ (၁၃၂၈၁) ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပထမ(၆)လပတ် ကာလအတွင်း ဗျားရည်ထုတ်လုပ်မှုတွင် ပေါင်ထောင်ပေါင်း (၁၀၁၇) ထုတ်လုပ်နိုင်ခဲ့ပြီး ၄၂.၆ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့

ပါသည်။ ပြည်တွင်း ပျားရည် ရောင်းချနိုင်မှုမှာ (၁.၉၃) တန်၊ ပြည်ပတင်ပို့ ရောင်းချရန် လျာထား ချက် (၈၀၀) တန်တွင် (၈၅၄.၃၇) တန်၊ အမေရိကန်ဒေါ်လာ (၀.၉၇၆) သန်း ရရှိခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ပထမ(၆)လပတ် ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိက ကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ် စံချိန်စံညွှန်း နှင့်အညီ စနစ်တကျ စစ်ဆေးပေးရာ ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် (၇၃.၈၄) တန်၊ ရေချိုငါး (၃၈၇၀၄.၅၉) တန်၊ ရေငန်ပုစွန် (၅၉၉၈.၂၂) တန်၊ ရေငန်ငါး (၁၆၁၄၀.၅၁) တန်၊ ကဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့်(၂၅၁၈.၉၈)တန်နှင့် အခြား (၁၀၅၂၈.၇၇)တန် ၊ စုစုပေါင်း (၇၃၉၆၄.၉၁)တန် အရည်အသွေး စစ်ဆေးပေးနိုင်ခဲ့ပါသည်။ ရေထွက်ကုန်နမူနာ အရေအတွက် (၁၆၈၅၆) ခုအား စစ်ဆေးပေးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများ အရ ကျပ် ၈၀,၅၈၀.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ၂.၆ ရာခိုင်နှုန်း ပြောင်းလဲမှု လျော့နည်းရန် ရည်မှန်း ထားပါသည်။

ပုံ (၅-၅) သစ်တောကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



သစ်တောကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၄၂,၄၄၂.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၅၂.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၂.၃ ရာခိုင်နှုန်း လျော့နည်းပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၇၄,၆၆၁.၉ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၁ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန် ရည်မှန်းထားရာ ကျပ် ၃၉,၆၀၄.၇ သန်း ရရှိခဲ့ပြီး၊ ၃.၂ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်မှစ၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းနှစ်ရပ်လုံး သစ်အလုံးလိုက်တင်ပို့မှုကို လုံးဝရပ်ဆိုင်းမည်ဖြစ်ပါသည်။ ထို့ကြောင့် သစ်ဝယ်ယူသော ကုမ္ပဏီများ၏ သစ်လုံးတင်ပို့မှုအား အချိန်မီတင်ပို့နိုင်ရေးကို ရည်မှန်းပြီး လျာထားချက် ပြည့်မီစွာ အလျင်အမြန် အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်ခြင်းသည် တွေ့ကြုံရသော စိန်ခေါ်မှုများဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အထိ ကျွန်း ၁၂၂၄၇၈ ကုဗတန်နှင့် သစ်မာ ၅၄၃၄၀၉ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကိုလည်း စီမံကိန်း ရည်မှန်းချက်ဘောင်အတွင်းမှ ထုတ်လုပ်လျက် ရှိပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးကိုရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ကျွန်းသင်းသတ်ခြင်း ၂၃၆၂၀ ပင်၊ သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်း ၅၇၂၄၄ ပင်၊ ပဝတ္တိမျိုးဆက်ခြင်း ၁၅၀၀၀ ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ၁၈၅ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၄၅၈ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၇၄၆၆ ဧက၊ နွယ်ဖြတ် ညောင်ပတ်လှဲခြင်း ၁၀၇၇၂ ဧက၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁၂ မိုင် နှင့် ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်း ၁၆၀၃ စတုရန်းမိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို စီးပွားရေးစိုက်ခင်း ၁၃၂၂၅ ဧက၊ ကျေးရွာသုံး စိုက်ခင်း ၁၁၀၀ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၇၅ ဧက၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၂၅၆၅ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၅၂၈၇ ဧကတို့ကို စိုက်ပျိုးတည်ထောင်ခွင့်ပြုနိုင်ခဲ့ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် သစ်တော သယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း လုပ်ငန်းများ နှင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများ ကိုလည်းနိုင်ငံတကာအဖွဲ့အစည်းများ၏

ပုံပိုးကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် ဖော်ပြပါ လုပ်ငန်းစီမံချက် များသည် ကာလရှည် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများအတွက်လိုအပ်သော သစ်တောဆိုင်ရာ ထွက်ကုန်များ ဖြည့်ဆည်း ပေးနိုင်ရေး၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေးအား အထောက်အကူဖြစ်စေရေး တို့အတွက် သစ်တော သယံဇာတများ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး တို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သစ်တော ထွက်ပစ္စည်းများနိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်တော ထောက်ခံချက်ရရှိရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ရည်မှန်းချက် ပြည့်မီရေး အတွက် ကျန်ရှိသည့်ကာလများသည် ပွင့်လင်းရာသီဖြစ်ပြီး နယ်မြေလုံခြုံမှု အခြေ အနေ တိုးတက် ကောင်းမွန် လာသည်နှင့်အမျှ သစ်ထုတ်လုပ်ငန်းများနှင့် သစ်လုံးသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ ရည်မှန်းချက် ပြည့်မီရေးကိုကြိုးပမ်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် အနာဂတ်ကာလတွင် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှု များကိုလည်း တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရန် လိုအပ် ပါသည်။ ထို့အပြင် သစ်တောနယ်မြေ အတွင်း တရားမဝင်ကျူးကျော်မှုများကို ထိန်းချုပ်ရန် လိုအပ်ခြင်း၊ ထင်းအစားထိုးလောင်စာ ပိုမိုသုံးစွဲရန် လိုအပ်ခြင်းများကိုလည်း တွေ့ကြုံနေရ ပါသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များကို အလေးထား ဖိတ်ခေါ်ရန်လိုအပ်သကဲ့သို့ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများတွင် လည်း စက်စွမ်းအား မြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၈၈၃,၅၄၈.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၀၉.၂ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၆) စွမ်းအင်ကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၃၆၅,၅၁၃.၁ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၇၂.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၃.၃ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ ကျပ် ၃၅,၄၉၉.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၃၀,၅၄၆.၉ သန်း ရရှိခဲ့ပြီး၊ ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၇၂.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ရခြင်းမှာ ရေနံစိမ်းထုတ်လုပ်မှု တွင် သမဝါယမ ပိုင်အခန်း၌ မြစ်သာရွှေရည် ရေနံမြေနှင့် ရွှေမဲရတနာ ရေနံမြေမှရေနံတွင်းများ တွင်းအရေအတွက် လျော့နည်းသွားခြင်း၊ သက်တမ်း ကြာမြင့်လာ၍ အထွက်နှုန်း တဖြည်းဖြည်း ကျဆင်း လာရခြင်း တို့ကြောင့် လည်းကောင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် သရက်မြို့နယ် ပိတောက်ပင်ဒေသရှိ

ရေနံတွင်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ထုတ်လုပ်ရန် လျာထားသော်လည်း ခွင့်ပြုမိန့် မရရှိသေးသဖြင့် ထုတ်လုပ်နိုင်မှု မရှိခြင်း၊ ဂန့်ဂေါမြို့နယ်ရှိ ရေနံတွင်းများ ဖျက်သိမ်းခြင်းနှင့် ဆောမြို့နယ် ပုဂ္ဂလိကပိုင် ရေနံတွင်းများ ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် လည်းကောင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ဧရာဝတီတိုင်း ဒေသကြီး၌ စီမံကိန်းရေးဆွဲစဉ်က ဇောတိကစီမံကိန်းမှ ထွက်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ပထမ(၆)လပတ်အထိ ထွက်ရှိမှုမရှိခြင်း၊ ကုန်းတွင်းသဘာဝ ဓာတ်ငွေ့တွင်းများသည် သက်တမ်း ကြာမြင့်သော တွင်းဟောင်းများ ဖြစ်သဖြင့် decline rate အထွက်နှုန်းများမှာ တဖြည်းဖြည်း ကျဆင်းလာခြင်း၊ ရခိုင်ပြည်နယ်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှာလည်း ၁၂-၉-၂၀၁၃ ရက်နေ့ တွင် ၄၀ လက်မ မြန်မာ-တရုတ်ပိုက်လိုင်း၏ ကျောက်ဖြူမှ နမ့်ခမ်းအထိတွင် ပျမ်းမျှဖိအား 6 Mpa သို့ရောက်ရှိ သဖြင့် ပိုက်လိုင်းအတွင်းသို့ ဓာတ်ငွေ့ ဖြည့်သွင်းခြင်းကို ရပ်ဆိုင်းခဲ့ပြီး ပိုက်လိုင်း Leak Test လုပ်ငန်းများ ဆောင်ရွက်လျက် ရှိခြင်းတို့ကြောင့်လည်းကောင်း၊ ဘူးသွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် စီအန်ဂျီ အသုံးပြုသော ယာဉ်အို ယာဉ်ဟောင်းများကို အစိုးရထံ ပြန်လည်အပ်နှံခြင်းကြောင့် စီအန်ဂျီ အသုံးပြုမှု လျော့နည်းခြင်း နှင့် သဘာဝဓာတ်ငွေ့ များကို စက်ရုံအလုပ်ရုံများသို့ ဦးစားပေး ပို့လွှတ်ရခြင်းတို့ကြောင့် ၇၂.၅ ရာခိုင်နှုန်းသာ အကောင် အထည်ဖော်နိုင်ခြင်း ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလ) တွင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းအင်မူဝါဒများနှင့်အညီ ဖော်ပြပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ရေနံရှာဖွေရေးကွင်းဆင်းအဖွဲ့များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အစီရင်ခံသည့် ကာလ ကွင်းဆင်းတိုင်းတာမှု (၁၀၇.၀၅) လိုင်းကီလိုမီတာ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ရေနံတွင်းသစ်များတူးဖေါ်ခြင်း၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်လျာထားချက်မှာ (၃၈) တွင်း ဖြစ်ပြီး အစီရင်ခံသည့်ကာလပြီးစီးမှုမှာ (၂၀) တွင်းနှင့် (၅၂.၆၁) ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်တွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ် ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့် နိုင်ငံတကာရေနံကုမ္ပဏီများ၏ အဆိုပြုလွှာများ ခေါ်ယူခဲ့ရာ နိုင်ငံတကာ ကုမ္ပဏီ ပေါင်း ၇၈ ခုမှ အဆိုပြုလွှာများပေးပို့ခဲ့၍ Pre-Qualified အောင်မြင်သည့် ကုမ္ပဏီ ၅၉ ခုရှိပါသည်။ လုပ်ကွက်အဆိုပြုလွှာ တင်ပြလာသည့် ကုမ္ပဏီစုစုပေါင်း ၂၆ ခုမှ

လုပ်ကွက်အဆိုပြုလွှာပေါင်း ၅၄ ခု တင်ပြခဲ့ရာ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ကမ်းလွန်လုပ်ကွက် ၃၀ ကွက်တွင်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ် ချုပ်ဆိုရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့် နိုင်ငံတကာရေနံကုမ္ပဏီများ၏ အဆိုပြုလွှာများ ခေါ်ယူခဲ့ရာ နိုင်ငံတကာ ကုမ္ပဏီပေါင်း ၆၈ ခုမှ အဆိုပြုလွှာများပေးပို့ခဲ့၍ Pre-Qualified အောင်မြင်သည့် ကုမ္ပဏီ ၆၁ ခုရှိပါသည်။

(c) ရွှေစီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ပိုက်လိုင်းဖြင့်သွယ်တန်းရောင်းချရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်၍ ၂၈-၇-၂၀၁၃ ရက်နေ့တွင် ရွှေစီမံကိန်း၏ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်နိုင်ခဲ့ပြီး မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း ကိုလည်းစတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

(စ) စွမ်းအင်ဝန်ကြီးဌာနမှ Co-organizer အဖြစ် Alpha Resources & Training Co., Ltd. နှင့်ပူးတွဲ၍ Health, Safety Environment & Training လုပ်ငန်းကိစ္စနှင့် ပတ်သက်သော "Myanmar Drilling 2013 Conference & Exhibition" ကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တို့တွင် ရန်ကုန်မြို့၊ Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၅၄,၂၅၈.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ၃၀.၁ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၇) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လ ပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၉၅,၁၉၂.၆ သန်း ဖြစ်ပေါ်ခဲ့ သဖြင့် ရည်မှန်းချက်အပေါ် ၅၅.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၇.၇ ရာခိုင်နှုန်း လျော့နည်းပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၂၀၇,၅၆၃.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၂၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၁၅၃,၈၂၈.၆ သန်း ရရှိခဲ့၍ ၇၄.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၅၅.၁ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ကချင်ပြည်နယ် တွင် ရွှေထုတ်လုပ်မှု၌ အသေးစားလုပ်ကွက်များအနေဖြင့် သက်တမ်းတိုးမှုမရှိခြင်း၊ သံသတ္တုရိုင်း ထုတ်လုပ်သည့် ထူးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ ထုတ်လုပ်မှု ရပ်နားထားခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်စိမ်း ထုတ်လုပ်မှုတွင် လုံးခင်း၊ ဖားကန့်ဒေသ၌ ထုတ်လုပ်မှုရပ်နားထားခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကုန်အထိ တူးဖော်မှု လုပ်ငန်းများ ပြန်လည် စတင်နိုင်မှု မရှိသဖြင့် ကျောက်စိမ်း ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောက်မီးသွေးထုတ်လုပ်မှုဌ် ကုမ္ပဏီအချို့ မိုးတွင်းကာလဖြစ်၍ ထုတ်လုပ်မှု ခေတ္တရပ်နားထား၍လည်းကောင်း၊ ဖယ်ရိုနီကယ် ထုတ်လုပ်မှုမှာ စီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်း မရှိသေးခြင်းကြောင့် လည်းကောင်းထုတ်လုပ်မှု လျော့နည်းခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာမရရှိခြင်းနှင့် သန့်စင်ရေးသုံး ရေလုံလောက်စွာ မရရှိခြင်းကြောင့် ခဲမဖြူသတ္တုသန့်စင် (၉၉.၉%) ထုတ်လုပ်မှု လျော့နည်းခြင်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ သံမဏိတုံးထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိခြင်းကြောင့် ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍအနေဖြင့် ပထမ(၆)လပတ်ကာလမှာ မိုးတွင်းကာလဖြစ်သဖြင့် တူးဖော်ထုတ်လုပ်ရာတွင် အခက်အခဲများရှိ၍ ထုတ်လုပ်မှုလျော့နည်းသော်လည်း ပွင့်လင်းရာသီတွင် ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ စမ်းသပ်တိုင်းတာ ရှာဖွေရေးလုပ်ငန်းများတိုးတက်မှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းရရှိမှု၊ ထုတ်လုပ်မှု အတွေ့အကြုံကောင်းများနှင့် နည်းပညာတိုးတက်မှု တို့အပေါ်တွင် မူတည်၍ ထုတ်လုပ်မှုများ တိုးတက်လာမည် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေးမူဘောင်တို့အရ ချမှတ်ခဲ့သည့် မူဝါဒ(၈) ရပ် နှင့်အညီ အောက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နှစ်ကုန်တွင် ရည်မှန်းချက်များ ပြည့်မီနိုင်မည် ဖြစ်ပါသည်-

(က) ဓာတ်သတ္တုများ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ခြင်း၊

(ခ) သတ္တုတွင်းသစ်များတိုးချဲ့ခြင်းနှင့် တွင်းဟောင်းများပြုပြင်မွမ်းမံ၍ အရည်အသွေးမြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံအနှံ့ရှေသတ္တု/ကျောက်မျက်လုပ်ကွက်များကိုပြည်သူများ၊အသေးစားလုပ်ငန်းရှင်များသို့ ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေချထား လုပ်ကိုင်ရေး အလေးထားဆောင်ရွက်ခြင်း၊

(ဃ) အရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (Coordinating Committee For Geo-Science Programmes

In East and Southeast Asia-CCOP) တွင် အဖွဲ့ဝင် (Member) အဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခြင်း၊

(c) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနတို့အကြား ဘူမိမြေပုံပြုစုရေးဆွဲရေး၊ ဓာတ်သတ္တု သယံဇာတ အရင်းအမြစ်များနှင့် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပို့ချဖလှယ်ရေး နားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်း၊

(စ) သတ္တုတွင်းဝန်ကြီးဌာနနှင့် ဂျပန်အမျိုးသား ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တု တူးဖော်ရေး ကော်ပိုရေးရှင်း (JAPAN OIL GAS AND METAL NATIONAL CORPORATION JOEMEC) တို့သည် တနင်္သာရီတိုင်းဒေသကြီး အတွင်း ခဲမဖြူအဖြိုက်နက် ဖြစ်ထွန်းမှုများအား နှစ်ဖက်ပူးပေါင်းကာ ဒုတိယအကြိမ် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခြင်း၊

(ဆ) သတ္တုတွင်းဝန်ကြီးဌာနနှင့် ကိုးရီးယားသမ္မတနိုင်ငံ အသိပညာနှင့် စီးပွားရေး ဝန်ကြီးဌာန (Ministry of Knowledge of Economy) တို့သည် မြန်မာ-ကိုးရီးယား ဓာတ်သတ္တုနှင့် သဘာဝ အရင်းအမြစ်များပူးပေါင်းဆောင်ရွက်ရန် မြန်မာ-ကိုးရီးယား သတ္တုသယံဇာတများ ပူးပေါင်းကော်မတီ လုပ်ထုံး လုပ်နည်း (မူကြမ်း) (Terms of Reference) နှင့် ကိုးရီးယား သမ္မတနိုင်ငံ ကိုးရီးယား ဘူမိသိပ္ပံနှင့် သတ္တုသယံဇာတဆိုင်ရာဌာန (Korea Institute of Geo-Science and Mineral Resource-KIGAM) နှင့် သုတေသနပြု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်(မူကြမ်း) (Research-Agreement) လက်မှတ် ရေးထိုး နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊

စက်မှုလက်မှုကဏ္ဍ ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၀၄၉,၇၅၄.၇ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၆.၄ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-ခ) စက်မှုလက်မှုကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



စက်မှုလက်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၆၀၆,၆၃၉.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၉.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၁၇.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅,၃၈၉,၃၆၈.၃ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၀.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၃,၁၉၇,၆၁၆.၀ သန်း ရရှိခဲ့ပြီး၊ ၆.၅ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော စိုက်ပျိုးရေး ကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးဟူသော စီးပွားရေး မူဝါဒနှင့် အညီ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးဖြစ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ဆောင်ရွက်လျက် ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ကျုံပျော်၊ ဝါးခယ်မ၊ အိမ်မဲ၊ ဒေးဒရဲ၊ ဘိုကလေးမြို့များတွင် ပေါင်းဆန်စက် (၅) လုံး၊ ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်ရှိ UMH အထည်ချုပ်စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ စက်မှုနယ်မြေတွင် ရှင်ဆောင်း၊

ကြယ်စင်ဝိုင်း၊ ရွှေမြန်မာ အထည်ချုပ်စက်ရုံများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်ခွဲတွင် လင်းဒဂုံအထည်ချုပ်စက်ရုံ၊ မင်္ဂလာဒုံစက်မှုဇုန်တွင် KMA နှင့် Honey အထည်ချုပ်စက်ရုံများ၊ ရွာမတာယာစက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် Delta Industry Group Co;Ltd အထည်ချုပ်စက်ရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေရည်ပုလဲ ကုမ္ပဏီ၏ ဆင်းရွှေလီသကြားစက်၊ ကရောင်း ဘိလပ်မြေစက်ရုံ စသည့် စက်ရုံများ တိုးတက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာန တွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှာ အကြီးစား စက်မှုလုပ်ငန်း (၅၁၆၈) ခု၊ အလတ်စား စက်မှုလုပ်ငန်း (၇၆၆၅) ခု၊ အငယ်စားစက်မှုလုပ်ငန်း (၃၀၄၀၃) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၄၃,၂၃၆) ခု ရှိပါသည်။ လက်ရှိ တည်ဆောက်ပြီး စက်မှုဇုန် (၁၉) ဇုန်တွင် အကြီးစားစက်မှုလုပ်ငန်း (၂၆၇၈) ခု၊ အလတ်စားစက်မှုလုပ်ငန်း(၂၄၈၅) ခု၊ အငယ်စားစက်မှု လုပ်ငန်း (၃၈၀၄) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၈၉၆၇) ခု မှတ်ပုံတင် ဆောင်ရွက်လျက် ရှိပါသည်။

သို့ရာတွင် အကောင်အထည်ဖော်နိုင်မှုမှာ ၅၉.၆ ရာခိုင်နှုန်း သာဖြစ်သဖြင့် လာမည့် ဒုတိယ (၆)လတွင် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ပါ သည်။ အကောင်အထည်ဖော်နိုင်မှု လျော့နည်းရခြင်းမှာ ထုတ်ကုန်ပစ္စည်းများ အနေဖြင့် နည်းပညာကြောင့် အရည်အသွေးအားနည်းခြင်း၊ ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသော ကုန်စည်များအပေါ် ယှဉ်ပြိုင် နိုင်မှုအားနည်းခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းခါစတွင် ပြင်ဆင် ဆောင်ရွက်မှု များကို ဆောင်ရွက်နေရသဖြင့် ထုတ်လုပ်မှု ရပ်ဆိုင်းနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရာ နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက် ပြည့်မီစေရန်အတွက် လက်ရှိ ထုတ်လုပ်မှုများကို တွန်းအား ပေး ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

နိုင်ငံတော် အနေဖြင့် စက်ရုံများအတွက် ကျခံသုံးစွဲနေရသော စီမံခန့်ခွဲမှုအသုံးစရိတ်များ လျော့နည်းကျဆင်းပြီး အသားတင်ဝင်ငွေရရှိရေးနှင့် စက်မှုကဏ္ဍတွင် ပုဂ္ဂလိက၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာရေး တို့အတွက် အချို့သော ပင်မစက်ရုံကြီးများနှင့် စက်ရုံခွဲများကို ပုဂ္ဂလိကသို့ နှစ်တို/ နှစ်ရှည်ငှားရမ်းခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အထိ အထည်စက်ရုံ၊ ဆေးဝါးစက်ရုံ၊ အပ်ချုပ်စက် စက်ရုံ၊ ဖိနပ်စက်ရုံ၊ ကြွေထည်မြေထည်စက်ရုံ၊ စက်ဘီးစက်ရုံ၊ သစ်စက်၊ ဆန်စက်၊ အအေးခန်း

စက်ရုံ၊ စည်သွပ်စက်ရုံ၊ အစာစပ်စက်ရုံ၊ တိရစ္ဆာန် ကာကွယ်ဆေး စက်ရုံ အပါအဝင် နိုင်ငံပိုင်စက်ရုံ ပေါင်း (၄၈)ရုံကို ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုတက်ရေးအတွက် ဈေးကွက် လိုအပ်ချက်ရှိသည့် ထုတ်ကုန် အမယ်သစ်များ ပြောင်းလဲထုတ်လုပ်နိုင်ရန် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ဖော်ပြပါ လုပ်ငန်း များတွင် ပူးပေါင်း ဆက်သွယ် ဆောင်ရွက်လျက်ရှိပါသည် -

(က) ၄က်ဖျားရောဂါကာကွယ်ကုသဆေး (Quinine Sulphate) များ ထုတ်လုပ်ခြင်း၊

(ခ) တစ်နေ့တန် (၆၀) (Chemical Termo Mechanical Part) CTMP သတင်းစာ စက္ကူ ထုတ်လုပ်ခြင်း၊

(ဂ) အကြီးစား ဒီဇယ်အင်ဂျင်စီမံကိန်းအတွက် စက်ရုံတည်ဆောက်ခြင်း၊

(ဃ) ကုန်တင်ယာဉ်ထုတ်လုပ်မှုစီမံကိန်း အတွက် စက်ရုံ အဆင့်မြှင့်ခြင်း၊

(င) ကုန်တင်ယာဉ်ဝင်ရိုးနှင့် မော်တော်ယာဉ် မိုး(လ်) နှင့် ဒိုင်ထုတ်လုပ်မှုစီမံကိန်း အတွက် အလုပ်ရုံများ တည်ဆောက်ခြင်း၊

(စ) အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း၊

(ဆ) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း။

ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ၂၀၁၃ ခုနှစ် ပထမ(၆)လပတ်တွင် ဖော်ပြပါ သုတေသနနှင့် တီထွင်စမ်းသပ်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဆေးဝါးအမယ်သစ် (၃) မျိုးတီထွင်စမ်းသပ်ခြင်း၊

(ခ) စက်ရုံထုတ်ဆေးဝါးများ ဈေးကွက်မှ နမူနာဝယ်ယူစမ်းသပ်ခြင်း၊

(ဂ) ဆေးဘက်ဝင်အပင်များ စမ်းသပ်ခြင်း၊

(ဃ) ဆေးဝါးထုတ်လုပ်မှုများ စမ်းသပ်ခြင်း၊

(င) စွန့်ပစ်ရေဆိုး စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(စ) အရက်ပြင်းနှင့် ပုလင်းသွင်းအရက် စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(ဆ) အချိုရည်စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(ဇ) စားသောက်ကုန် အရည်အသွေးစမ်းသပ်ခြင်း၊

(ဈ) စားသောက်ကုန် သုတေသနဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(ည) စက်မှုဇုန်များမှ မော်တော်ယာဉ်များကို စနစ်တကျ ထုတ်လုပ်နိုင်ရေး အတွက် **ဒီဇိုင်းပုံစံသစ် (၁၃) မျိုး** ကို စံသတ်မှတ်ပုံစံများ အတည်ပြုပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များ ချမှတ် ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အရေးပါအရာရောက်ဆုံးနှင့် အများစုပါဝင်နေပြီး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထားရှိပါသည်။

နိုင်ငံတော်အနေဖြင့် ယခုအခါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာပံ့ပိုးပေးနိုင်ရန် "အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ" ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အစုအဖွဲ့ (၉)ခုကို ဖွဲ့စည်းရန် စီစဉ်လျက်ရှိပါသည် ။

ထို့ပြင် စက်မှုကဏ္ဍတွင် အဓိကပါဝင်သော အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၃ ခုနှစ် ပထမ(ဖ)လပတ်တွင် ဖော်ပြပါ လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက် ပေးခဲ့ပါသည် -

(က) SME ဗဟိုဌာန အနေဖြင့် ပြည်တွင်းရှိ SME များနှင့် ဝန်ထမ်းများ၏ Capacity Building မြှင့်တင်နိုင် ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ ကျင်းပပေးခြင်း၊ နည်းပညာရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

(ခ) နိုင်ငံတော်အစိုးရမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးပေးရန် ငွေကျပ် (၁၀) ဘီလီယံအား အတိုးနှုန်း (၈.၅) % ဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန မှ လုပ်ငန်းရှင် (၆၂) ဦးအား စုစုပေါင်းငွေကျပ် (၉.၉၁) ဘီလီယံ ချေးငွေ ထောက်ပံ့ပေး ထားပြီးဖြစ်ပါသည်။

(ဂ) အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ

(၁) **ချေးငွေဆောင်ရွက်မှုအခြေအနေ**

(ကက)ရိုးရိုးချေးငွေ ၅၅၁ ဦး ကျပ် (၉၃,၃၀၃) သန်း၊

(ခခ) SME ချေးငွေ ၆၀ ဦး ကျပ် (၉,၅၆၈) သန်း၊

(၂) **Hire Purchase စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေ**

Hire Purchase စနစ်ဖြင့် ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းရှင် (၁၂) ဦးသို့ ချေးငွေ ကျပ် (၂၄၄.၆၆၀) သန်း ထုတ်ချေးထားပါသည်။

(၃) **အစုရှယ်ယာ ရောင်းချမှုအခြေအနေ**

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ရောင်းချပြီး အစုရှယ်ယာ အရေအတွက်မှာ (၄၆,၇၇၆) ဖြစ်၍ တန်ဘိုးငွေ ကျပ် (၂၃,၃၈၈) သန်း ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရမည်ဖြစ်ရာ ပြည်ထောင်စု အဆင့်မှ မူဝါဒပိုင်းကို ချမှတ်ပေးရန်ဖြစ်ပြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်မှ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဥပဒေများ သတ်မှတ်ပေးခြင်း၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးခြင်း၊ အကောင်အထည်ဖော်မှုများအပေါ် ကြီးကြပ်ထိန်းသိမ်းပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ ဒေသဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခြင်း၊ မိမိဒေသအလိုက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးနိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်း၊ လုပ်ငန်းအကောင်အထည် ဖော်မည့်ယူနစ်များ ဖွဲ့စည်းခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုး ဆောင်ရွက်ခြင်း၊ မိမိဒေသအလိုက် အရင်းအနှီးပံ့ပိုးပေးခြင်း၊ လိုအပ်သော တိုင်ပင်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊ ခေတ်မီနည်းပညာ ပိုင်းဆိုင်ရာ သင်တန်းများပို့ချပေးနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲမှုပေးခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင်လျှပ်စစ်ဓာတ်အား ကဏ္ဍ ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၆၄,၂၆၂.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၇.၁ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၉) လျှပ်စစ်ဓာတ်အားကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၅၁,၃၆၀.၆ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၆.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၁၅.၆ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၂၈၆,၉၀၂.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၃.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂၇၉,၁၀၀.၃ သန်း ရရှိခဲ့ပြီး၊ ၁၃.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်ကုန်အထိ ရည်မှန်းချက်၏ ၉၆.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခြင်းမှာ ကချင်ပြည်နယ်တွင် စီမံကိန်း ရည်မှန်းချက် ရေးဆွဲစဉ်က နယ်မြေ အခြေအနေကြောင့် ပိတ်ထားခဲ့သည့် တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံတော်မှ ဒီဇယ်စက်ကြီးများဖြင့် မိုဘိုင်းစနစ်မီးပေးမှုကြောင့် လျှပ်စစ်မီးပိုမိုရရှိခြင်း၊ မွန်ပြည်နယ်တွင် နိုင်ငံပိုင်လျှပ်စစ်မီးပေးချိန် ပိုမိုလာခြင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် ပုဂ္ဂလိကပိုင်၌ အသေးစားရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုများ ပိုမိုခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်သည့် မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပုဂ္ဂလိကပိုင်အခန်း၌ ရည်မှန်းခဲ့သော ကျေးလက်မီးလင်းရေး (ဒီဇယ်) လုပ်ငန်းများသည် မိုးတွင်းဖြစ်၍ အကောင်အထည်ဖော်မှုနည်းပါးပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ရွှေလီရေအားလျှပ်စစ် စက်ရုံမှ ပြည်ပရောင်း လျှပ်စစ်ဓာတ်အား လျော့နည်း ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းအပေါ် ပထမ (၆) လပတ်ကုန်အထိ (ဧပြီလမှစက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှုတွင် အကြီးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၂၀ ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝ ဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၉ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ နှင့် ဒီဇယ်ဓာတ်အားပေးစက်များ၌ စုစုပေါင်း ၃,၉၄၇ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၇,၁၁၅.၈ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အား ဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၉၉၅ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၄၀,၁၅၂ မိုင်အထိ သွယ်တန်း နိုင်ခဲ့ပါသည်။ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၇ခု၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း၂ခု၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၉ခု တို့ကို တည်ဆောက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါ သည်-

ဇယား (၅-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ

(ကီလိုဝပ်နာရီသန်းပေါင်း)

အမှတ်စဉ်		အကြောင်းအရာ	၆လပတ် စီမံကိန်းရည်မှန်းချက်	ပထမ ၆ လပတ်	အကောင်အထည်ဖော်နိုင်မှု(%)
၁		၂	၃	၄	၅
		စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား	**၇,၀၆၃.၂**	**၇,၁၁၅.၈**	**၁၀၀.၇**
၁		**နိုင်ငံပိုင်**	**၄,၃၅၈.၆**	**၄,၆၄၇.၄**	**၁၀၆.၆**
	၁	စက်ရုံသုံး	၁,၅၄၃.၈	၁,၂၃၇.၅	၈၀.၂
	၂	အိမ်သုံး	၁,၈၂၅.၉	၁,၉၀၇.၅	၁၀၄.၅
	၃	ဆေးရုံ၊ရုံး၊ကျောင်းစသည်များ	၈၆၇.၉	၈၆၆.၀	၉၉.၈
	၄	အထွေထွေသုံး	၄၈.၀	၃၆.၉	၇၆.၉
	၅	ကုမ္ဗဏီသို့ရောင်းချခြင်း	၇၃.၀	၅၉၉.၅	၈၂၁.၂
၂		**သမဝါယမပိုင်**	**၀.၇**	**၀.၆**	**၈၅.၇**
၃		**ပုဂ္ဂလိကပိုင်**	**၂,၇၀၃.၉**	**၂,၄၆၇.၈**	**၉၁.၃**

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊

မြို့နယ်ခွဲများအပါအဝင် မြို့နယ်အားလုံး ၄၈၅ မြို့ မီးလင်းပြီးဖြစ်ပါသည်။ ကျေးရွာ အလိုက်မီးလင်းမှုအနေဖြင့် ဓာတ်အားစနစ်အတွင်းမှ ၄,၇၈၅ရွာ၊ မီးစက်စနစ်ဖြင့် ၁၂,၇၈၃ ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၂,၁၅၄ ရွာ၊ ဆိုလာစနစ်ဖြင့် ၇၄၀ ရွာ၊ ဇီဝဓာတ်ငွေ့/ဒြပ်ထု (Bio gas/ Bio mass)ဖြင့် ၁,၂၁၃ ရွာ စုစုပေါင်း ၂၁,၆၇၅ ရွာ မီးလင်းခဲ့ပါသည်။ နိုင်ငံအတွင်း စုစုပေါင်းကျေးရွာ ၆၄,၉၁၇ ရှိသဖြင့် ကျေးရွာအလိုက်မီးလင်းမှုမှာ ၃၃.၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ထို့အပြင် မီးလင်းရန် ဆောင်ရွက်ဆဲကျေးရွာများမှာ ဓာတ်အားစနစ်အတွင်းမှ ၂၄၉ ရွာ၊ မီးစက်စနစ်ဖြင့် ၁ ရွာ၊ အသေးစား ရေအားစနစ်ဖြင့် ၁၅၆ ရွာ၊ ဆိုလာစနစ်ဖြင့် ၃၅၈ ရွာ၊ ဇီဝဓာတ်ငွေ့/ဒြပ်ထု (Bio gas/ Bio mass)ဖြင့် ၂ ရွာ စုစုပေါင်း ၇၆၆ ရွာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ချမှတ်ထားသော မူဝါဒများဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆောက်မှု ကာလတိုတောင်းသည့် သဘာဝ ဓာတ်ငွေ့သုံးအင်ဂျင်စက်များ (Gas Engine)ကို IPP Developer ကုမ္ပဏီများမှ လျော်ကား သဘာဝဓာတ်အားပေးစက်ရုံဝန်းတွင် (၅၀)မဂ္ဂါဝပ်၊ ရွာမသဘာဝဓာတ်အားပေးစက်ရုံဝန်းတွင် (၅၀)မဂ္ဂါဝပ်၊ သာကေတ သဘာဝဓာတ်အားပေး စက်ရုံဝန်းတွင် (၅၀) မဂ္ဂါဝပ်၊ အလုံ သဘာဝ ဓာတ်အားပေး စက်ရုံဝန်းတွင် (၁၂၀)မဂ္ဂါဝပ်တို့ကို တည်ဆောက် တပ်ဆင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ ထိုင်းနိုင်ငံ EGAT ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်သော (၁၂၀)မဂ္ဂါဝပ် ဓာတ်ငွေ့ တာဘိုင်စက်(၂)လုံးအား ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမ သဘာဝဓာတ်အားပေးစက်ရုံဝန်းအတွင်းတွင် တိုးချဲ့တည်ဆောက် တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် တစ်နိုင်ငံလုံးတွင် အောက်ပါလုပ်ငန်းများကိုလည်း အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် -

(က) **ဓာတ်အားဝယ်ယူမှု၊ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားရောင်းချမှုနှင့် ဓာတ်အား ပျောက်ဆုံးမှု အခြေအနေ**

(၁) **ဓာတ်အားဝယ်ယူမှု**။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ရွှေလီ ရေအားလျှပ်စစ် စက်ရုံ (SHPC)၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ် စက်ရုံတို့မှ စုစုပေါင်း ယူနစ် (၄၂၇၈.၄၀၈) သန်း ဝယ်ယူခဲ့ပါသည်။

(၂) **ဓာတ်အားထုတ်လုပ်မှု။** သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများမှ ယူနစ် (၁၃၇၂.၆၀၅) သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ပုဂ္ဂလိက သဘာဝဓာတ်ငွေ့ ဓာတ်အားပေး အင်ဂျင်စက်များမှ ယူနစ် (၁၂၆.၃၈၂) သန်း ထုတ်လုပ်ခဲ့ပါသည်။

(၃) **ဓာတ်အားရောင်းချမှု။** လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့သို့ စုစုပေါင်း ယူနစ် (၅၄၆၇.၆၉၄) သန်း ရောင်းချနိုင်ခဲ့ပါသည်။

(၄) **ဓာတ်အားပျောက်ဆုံးမှု။** ဓာတ်အားစနစ်အတွင်း စုစုပေါင်းဓာတ်အား ထုတ်လုပ်မှုယူနစ် (၅၇၇၇.၃၉၅) သန်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တို့သို့ ဓာတ်အားရောင်းချမှု ယူနစ် (၅၄၆.၆၉၄) သန်း ဖြစ်၍ ပျောက်ဆုံးယူနစ် ပမာဏမှာ ယူနစ် (၂၅၅.၅၉၄) သန်း ဖြစ်သောကြောင့် Transmission Loss ပမာဏ (၄.၄၂၄) ရာခိုင်နှုန်း ဖြစ်ပါ သည်။

(ခ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ လျှပ်စစ်ဓာတ်အားရောင်းချရမှု** ။ရောင်းရယူနစ် (၄၆၄၇.၃၆၅)သန်း၊ ရငွေ ကျပ် (၂၄၇,၁၇၁.၃၃၉) သန်း ဖြစ်ပါသည်။

(ဂ) **စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု**

(၁) **၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ရွာမ-လှိုင်သာယာ (၈.၁၀)မိုင် တည်ဆောက်လျက်ရှိသည့်အပြင် ရွှေတောင်-မြောင်းတကာ (၁၃၀.၉၆) မိုင်၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း(၁၁၅.၇၃)မိုင်၊ အမ်း-မန်း(၆၇) မိုင် ၊ တောင်ကုတ်- မအီ (၄၆.၇၈) မိုင်၊ ဥသျှစ်ပင်-တောင်ကုတ် (၅၄.၄၁) မိုင်တို့ကိုလည်း ဆက်လက် တည်ဆောက်လျက်ရှိပါသည်။

(၂) **၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ဘီလူးချောင်း(၂)-ဘီလူးချောင်း(၃) (၂.၉၀) မိုင်ကို ဆက်လက်တည်ဆောက်လျက် ရှိပါ သည်။

(၃) **၆၆ ကေဗွီ ဓာတ်အားလိုင်း။** ပုဏ္ဏားကျွန်း- ကျောက်တော် (၃၇.၀၁) မိုင်၊ ကျောက်ဖြူ GT- ကျောက်ဖြူ (၅.၅၃)မိုင် တည်ဆောက်လျက်ရှိသည့်

အပြင် ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) (၂၁.၅၇)မိုင်၊ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၂) (၁၈.၉ဖ)မိုင်၊ ပုဏ္ဏားကျွန်း-မြောက်ဦး (၃၅.၃၇) မိုင်၊ ခိုလန်-ကွန်ဟိန်း (၃၂.ဖဖ)မိုင်၊ ဂန့်ဂေါ-ဟားခါး (ကျောက်တိုင်အပိုင်း) (၂၁.၈၅)မိုင်၊ ဂန့်ဂေါ-ဟားခါး (တာဝါအပိုင်း) (၃၅.၁၅) မိုင်၊ မိုင်းရယ်-တန့်ယန်း (၃၂.၅၀)မိုင် တို့ကိုလည်း ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

(၄) **၂၃၀ကေဗို့ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** နေပြည်တော်(၂) (၂၃၀/ ၃၃/ ၁၁ ကေဗို့ ၁၀၀ အမ်ဗို့အေ)၊ ပုသိမ်(၂၃၀/ ဖဖ/ ၁၁ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ အမ်း (၂၃၀/ ၃၃/ ၁၁ ကေဗို့၊ ၅၀အမ်ဗို့အေ)၊ ပုဏ္ဏားကျွန်း (၂၃၀/ ဖဖ/ ၁၁ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ တောင်ကုတ်(၂၃၀/ ဖဖ/၁၁ ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ အရှေ့ဒဂုံ (၂၃၀/ ဖဖ/ ၁၁ ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ ကျောက်ဖြူ (၂၃၀/ဖဖ/၁၁ ကေဗို့၊ ၁၀၀ အမ်ဗို့အေ) တို့ကို ဆက်လက် တည်ဆောက်လျက်ရှိပါသည်။

(၅) **၁၃၂ကေဗို့ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** ဗန်းမော် (၁၃၂/ ဖဖ/ ၁၁ ကေဗို့၊ ဖ၀ အမ်ဗို့အေ)၊ ဝိုင်းမော် (၁၃၂/ ဖဖ/၁၁ ကေဗို့၊ ဖ၀ အမ်ဗို့အေ) တို့ကို ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

(၆) **ဖဖကေဗို့ဓာတ်အားခွဲရုံစီမံကိန်းများ။** မြစ်ကြီးနား(၁)၊ စစ်တွေနှင့် ကျောက်ဖြူ ခွဲရုံများ (ဖဖ/ ၁၁ ကေဗို့၊၂၀ အမ်ဗို့အေ)၊ မြစ်ကြီးနား(၂) (ဖဖ/၁၁ကေဗို့၊ ၁၀အမ်ဗို့အေ)၊ ကျော နှင့် ဂန့်ဂေါခွဲရုံများ (ဖဖ/၁၁ ကေဗို့၊ ၂ အမ်ဗို့အေ)၊ တာမိုးညဲ၊ ကွန်ဟိန်း၊ ဟားခါးခွဲရုံများ (ဖဖ/၁၁ ကေဗို့၊ ၅အမ်ဗို့အေ) တို့ကို ဆက်လက် တည်ဆောက်လျက်ရှိပါသည်။

(၇) **အထက်ပေါင်းလောင်း** (၁၄၀မဂ္ဂါဝပ်) (ပျဉ်းမနား)၊ **နန်ချို** (၄၀ မဂ္ဂါဝပ်) (ပျဉ်းမနား)၊ **ရွှေလီ(၃)** (၁၀၅၀ မဂ္ဂါဝပ်)(မိုးမိတ်)၊ **ဖြူးချောင်း** (၄၀ မဂ္ဂါဝပ်) (ဖြူး)၊ **အထက်ရဲရွာ** (၂၈၀မဂ္ဂါဝပ်) (ကျောက်မဲ)၊ **ဟတ်ကြီး** (၁၃ဖ၀ မဂ္ဂါဝပ်) (ကမမောင်း)၊ **မဏိပူရ** (၃၈၀မဂ္ဂါဝပ်)(ကလေး)၊ **သူဌေး** (၁၁၁မဂ္ဂါဝပ်) (သံတွဲ)၊ **အမ်းချောင်း** (၁၀ မဂ္ဂါဝပ်) (အမ်း)၊ **အထက်ကျိုင်းတောင်း** (၅၁မဂ္ဂါဝပ်) (ကျိုင်းတောင်း) ရေအားလျှပ်စစ်

စီမံကိန်းများကို တည်ဆောက်လျက် ရှိပါသည်။ **အထက်သံလွင်(မိုင်းတုံ) ရေအားလျှပ်စစ် စီမံကိန်း** (၇၁၁၀မဂ္ဂါဝပ်) (တောင်ကြီး) တည်ဆောက်ရန် စူးစမ်းတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ အသားတင် ဆောက်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၃၄၈,၀၁၈.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ၂၆.၆ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၀) ဆောက်လုပ်မှုကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ဆောက်လုပ်မှုကဏ္ဍ၏ အသားတင် ဆောက်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၉၈၈,၆၉၁.၉ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၇၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၁၈.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၁,၂၄၉,၉၅၃.၇ သန်း အကောင်အထည် ဖော်ရန် နှင့် ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၈၁၈,၀၄၄.၄ သန်း ရရှိခဲ့ပြီး ၁၄.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) (၁၂)ပေ အကျယ် ကတ္တရာလမ်းမှ (၂၄)ပေ အကျယ် ကတ္တရာလမ်းအဆင့် (၂၀) မိုင် အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂) ပေ အကျယ် ကတ္တရာလမ်းအဆင့် (၁၁၀) မိုင် တိုးမြှင့်ဖောက်လုပ်ရန် ရည်မှန်းထားရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း လမ်းမိုင် စုစုပေါင်း (၄၉-၆)မိုင် ဖောက်လုပ်ခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတကာဆက်သွယ်မှုလမ်းပေါ်ရှိ တံတား (၃၁)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများပေါ်ရှိ တံတား (၁၀၈)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းသစ်များပေါ်ရှိ တံတား (၉)စင်း၊ စုစုပေါင်း တံတား (၁၄၈) စင်းအား (၂၄) ပေ အကျယ် သံကူ ကွန်ကရစ်တံတားများအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပေ ၅၀ အောက် တံတား (၃)စင်း၊ ပေ (၅၀)နှင့် အထက် ပေ (၁၀၀) အောက် တံတား (၂၅) စင်း၊ ပေ (၁၀၀) နှင့် အထက် ပေ(၁၈၀) အောက် တံတား (၃၈) စင်း၊ ပေ (၁၈၀) အထက် တံတား (၆၅)စင်း၊ စုစုပေါင်း တံတား (၁၃၁) စင်းကို ဆောက်လုပ်လျက် ရှိပါသည်။

(ဂ) ဧရာဝတီ၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် (၂၄) ခန်းတွဲ (၁၈)ထပ်၊ အဆောက်အဦ (၄၉) လုံး ကို (၁.၆.၂၀၁၃) ရက်နေ့မှ စတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မီးလောင်မြေ ပြန်လည်နေရာချထားရေး စီမံကိန်းရေးဆွဲခြင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် ကော့ကရိတ်မြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့တွင် မြို့ပြစီမံကိန်း ရေးဆွဲခြင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အိမ်ရာစီမံကိန်းရေးဆွဲခြင်း၊ မိတ္ထီလာမြို့ Layout Plan ချထားရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(c) ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အိမ်ရာပိုင်ဆိုင်ခွင့် ရရှိရေးကို အထောက်အကူပြုမည့် အိမ်ရာဘဏ္ဍာငွေ စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် "ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်" အများနှင့် သက်ဆိုင်သောလီမိတက် (Construction and Housing Development Bank-CHDB) ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် စတင် ဖွင့်လှစ် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလ)အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချောင်းဇြဲကြီးချောင်းတံတား၊ ရေကျော်ကြီးချောင်းတံတား၊ အမ်းချောင်း(အောက်)တံတား၊ ဧရာဝတီမြစ်ကူးတံတား(မလွန်)၊ မိကျောင်းရဲတံတား၊ ပင်းချောင်းတံတား၊ ဆင်ဇာချောင်းတံတား၊ လွှာချောင်းတံတား၊ ဟောင်သရောတံတား၊ မင်းတုန်းချောင်းတံတား၊ သက္ကယ်ချောင်းတံတား၊ ရတနာသိုက်တံတားတို့ကို ဖွင့်လှစ်နိုင်ခဲ့ ပါသည်။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၂၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ၁၉.၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။ ထို့အပြင် စီမံကိန်းရည်မှန်းချက် အပေါ်တွင်လည်း ၇၃.၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သေးသဖြင့် ကျန်ဒုတိယ(၆) လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍအနေဖြင့် အကောင်အထည်ဖော်နိုင်မှု နည်းရခြင်းမှာ မိုးတွင်းကာလဖြစ်၍ တည်ဆောက်ရေး လုပ်ငန်းများ နည်းပါးခြင်းကြောင့် ဖြစ်ပြီး၊ ကျန် ဒုတိယ(၆) လပတ်တွင် ပွင့်လင်းရာသီ ဖြစ်သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းပါသည်။

ပို့ဆောင်ရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၄၇၇,၇၅၂.၀ သန်း အကောင်အထည်ဖော်ရန် နှင့် ၈.၃ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၁၁) ပို့ဆောင်ရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၀၀၀,၃၈၂.၉ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၈၆.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၁၀.၇ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၃,၁၀၂,၉၂၇.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၅.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂,၇၁၇,၈၄၆.၃ သန်း ရရှိခဲ့ပြီး၊ ၄.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှု ၈၆.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းမှာ ပုဂ္ဂလိကပိုင်လေကြောင်း ခရီးသွားလာမှု ပိုမိုများပြားလာခြင်းနှင့် အဝေးပြေးကားလိုင်းများ၊ လိုင်းပေါင်းစုံ ဘတ်စ်ကားယာဉ်များ များပြားလာခြင်း၊ ပုဂ္ဂလိကပိုင်အငှားယာဉ်များ၊ ပုဂ္ဂလိကပိုင် မော်တော်ယာဉ် လိုင်းသစ်များ တိုးချဲ့ပြေးဆွဲလာခြင်း တို့ကြောင့်ဖြစ်ပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ ပထမ(၆)လပတ်သည် မိုးရာသီကာလဖြစ်၍ ခရီးသွားလာမှု၊ ခရီးစဉ်များပုံမှန် ပြေးဆွဲနိုင်မှု လျော့နည်းသော်လည်း ပွင့်လင်းရာသီတွင် ပို့ဆောင်ရေးကဏ္ဍ အကောင်အထည်ဖော်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်၍ နှစ်ကုန်တွင် ရာခိုင်နှုန်းပြည့်အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(ဖ)လပတ် အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးအဖွဲ့အစည်း(၂)ခုဖြစ်သော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်းတို့မှ ခရီးသည် ပို့ဆောင်မှုတွင် ခရီးသည်ဦးရေ (၁၅.၄၈၄) သန်းလျှာထားခဲ့ပြီး ပထမ (ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ(ဖ.၉၀၅)သန်းဖြစ်၍(၄၄.၅၉)ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင်(၃ဖ၃.၈၃၉)သန်း လျှာထားခဲ့ပြီး ပထမ(ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ (၁၃၃.၀ဖ၀)သန်းဖြစ်၍ (၃ဖ.၅၇) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးအဖွဲ့အစည်း (၂)ခုဖြစ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်းတို့မှ ကုန်စည် ပို့ဆောင်မှုတွင် ကုန်တန်ချိန်(၂.၀ဖ၈ဖ၇)သန်းလျှာထားခဲ့ပြီး ပထမ(ဖ)လပတ် အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ (၀.၉ဖ၂၈ဖ)သန်းဖြစ်၍ (၄ဖ.၅၄) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင်(၃၃၇.၅၀၄) သန်း လျှာထားခဲ့ပြီး ပထမ(ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ (၁၄ဖ.၉၈၂)သန်း ဖြစ်၍ (၄၃.၅၅) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ပထမ (ဖ) လပတ်အတွင်း ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ ရန်ကုန်-ပုသိမ်၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး-ညောင်ဦး (ထူး)၊ မန္တလေး-ဗန်းမော် (ထူးမြန်)၊ မန္တလေး-ဗန်းမော် (မြန်)၊ မော်လမြိုင်-ကလို၊ မော်လမြိုင်-နတ်မော်၊ စစ်တွေ-မြောက်ဦး၊ စစ်တွေ-ဘူးသီးတောင်၊ မုံရွာ-ဟုမ္မလင်း(မြန်) တို့သို့ ပြည်တွင်းရေကြောင်းပိုင် သင်္ဘောများဖြင့် ကမ္ဘာလှည့် ခရီးသည် (၁၇၄၇၈)ဦးကို ပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

(ဃ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာဆိပ်ကမ်းအာဏာပိုင်မှ ကုန်ကိုင်တွယ်မှုတွင် ပို့ကုန် မက်ထရစ်တန်(၁၀.၄၃၅)သန်းလျှာထားခဲ့ပြီး၊ ပထမ(ဖ)လပတ် အတွင်း အမှန် အကောင်အထည်ဖော်နိုင်မှုမှာ မက်ထရစ်တန်(၄.၀၄၁)သန်း ဖြစ်၍ (၃၈.၇၃) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သွင်းကုန် မက်ထရစ်တန် (၁၅.၅၅၇) သန်း လျှာထားခဲ့ပြီး ပထမ(ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ မက်ထရစ်တန် (၉.၉ဖ၀)သန်းဖြစ်၍ (ဖ၄.၀၂) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ် ပုဂ္ဂလိကပိုင်အခန်းတွင် တိုးတက်မှု ရှိသော်လည်း နိုင်ငံပိုင်အခန်းတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ခရီးသည် လိုက်ပါမှုနှင့် ကုန်တင်ဆောင်မှုလျော့နည်းခြင်း၊ မြန်မာ့လေကြောင်းအနေဖြင့် ခရီးစဉ်ပျံသန်းမှု အတွက် လေယာဉ်အင်အား လျော့နည်းသုံးစွဲခဲ့ရသောကြောင့် ခရီးသည်၊ ခရီးသည်မိုင်နှင့် ဝင်ငွေများ လျော့နည်းခဲ့ပါသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခဲ့ရာ ခရီးစဉ် အချို့တွင် မော်တော်ယာဉ်လက်မှတ်ခနှင့် ကွာဟမှုနည်းပါးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်ကားလမ်းမကြီး ဖွင့်လှစ်ပြီးသည့်နောက် ရန်ကုန်-မန္တလေးခရီးစဉ်နှင့် အဆိုပါ လမ်းပိုင်းနှင့် ဆက်စပ်လျက်ရှိသည့် မြို့များသို့ အလွယ်တကူ အချိန်တိုအတွင်း မော်တော်ယာဉ်ဖြင့် သွားလာ နိုင်ခြင်း၊ တောင်ပေါ်လမ်းပိုင်းများတွင် ခေတ်မီမော်တော်ယာဉ်လိုင်းများ ပိုမိုလျင်မြန်စွာ ပို့ဆောင် နိုင်မှုကြောင့် ခရီးဝေးရထားစီးခရီးသည် စီးနင်းမှု လျော့နည်းခဲ့ခြင်း၊ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင်လည်း အထူးမော်တော်ယာဉ်လိုင်းများ တိုးချဲ့ ပြေးဆွဲလာခြင်းတို့ကြောင့် ရထားစီးခရီးသည် လျော့နည်းရခြင်း၊ ပုဂ္ဂလိက ကျောက်တင်ပို့ပေးမှု ရထားတွဲဆိုင်းများအား သိမ်းဆည်းခဲ့ပြီး မြို့ပြအင်ဂျင်နီယာဌာန၏ ကျောက်ရထားအဖြစ် အသုံးပြုခဲ့ရခြင်းကြောင့် လစဉ် ပျမ်းမျှတန်ချိန် (၀.၀၁၃)သန်းနှင့် ဝင်ငွေကျပ် (၁၀၀)သန်း လျော့နည်းခဲ့ခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု လျော့နည်းခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးပိုင်ယာဉ်များသည် စီးပွားရေး တွက်ချေမကိုက်သည့် ယာဉ်များ များပြားခြင်း၊ ဆောက်လုပ်ရေး ကုန်တန်ချိန် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ပြေးဆွဲစီးရေ လျော့နည်းခြင်းနှင့် ပုဂ္ဂလိကပိုင်ယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲ နိုင်မှု မရှိခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု လျော့နည်း ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လေကြောင်းပို့ဆောင်ရေး လုပ်ငန်းသစ် ၂၆ ခု တည်ဆောက်ရန်လျာထားခဲ့ပြီး မြစ်ကြီးနားလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း (၀.၆) ရာခိုင်နှုန်း၊ ဟဲဟိုးလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်း (၁၃.၀၇)ရာခိုင်နှုန်း၊ ညောင်ဦး လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း (၂၈.၂၆) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ၁၁ ခု နှင့် လုပ်ငန်းသစ် ၁ ခုကို ဆောင်ရွက်ရန်ရည်မှန်းထားရာ ဆောင်ရွက်ဆဲလုပ်ငန်းမှ ဧရာဝတီမြစ် ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်း(၄.၄၅)ရာခိုင်နှုန်း၊ ချင်းတွင်းမြစ် ရေလမ်း ဖွံ့ဖြိုးရေး လုပ်ငန်း (၁.၀၂)ရာခိုင်နှုန်း၊ စကြော-ကျီးကန်းသိုက် ရေလမ်း ဖွံ့ဖြိုးရေး လုပ်ငန်း (၅၂.၂၇) ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မြန်မာ့မီးရထားသည် သစ်သား ဧလီဖားတုံး ဝယ်ယူလဲလှယ်မှု အခြေအနေတွင် သစ်သား ဧလီဖားတုံး (၃၁၁၅၈) တုံး ဝယ်ယူရန် လျာထားသည့်အနက် မြန်မာ့သစ်လုပ်ငန်းထံမှ သစ်သားဧလီဖား (၁၇၈၉) တုံးနှင့် အထူးဧလီဖား (၄.၅၄) တန် ဝယ်ယူရရှိခဲ့ပါသည်။ သစ်သားဧလီဖား (၁၄၀,၀၀၀)တုံး လဲလှယ်ရန်လျာထားခဲ့ရာ (၆၂၈၉) တုံး လဲလှယ်ထည့်သွင်း နိုင်ခဲ့ပါသည်။ ကွန်ကရစ်ဧလီဖား ထုတ်လုပ်နိုင်မှုနှင့် လဲလှယ်နိုင်မှု အခြေအနေတွင် ကွန်ကရစ်ဧလီဖား စက်ရုံများမှ ကွန်ကရစ်ဧလီဖား (၅၃၀၀၀၀)တုံး ထုတ်လုပ်ရန် လျာထားခဲ့ပြီး(၄၃၇၄၉၈) တုံး ထုတ်လုပ်နိုင်ခဲ့ပါသည်။ အဆိုပါ ထုတ်လုပ်ပြီး ကွန်ကရစ်ဧလီဖားများကို တိုင်းအသီးသီး သို့ပေးပို့လဲလှယ်စေခဲ့ရာ စုစုပေါင်း (၁၅၇၆၅၅)တုံးကို လဲလှယ် ထည့်သွင်းနိုင်ခဲ့ ပါသည်။ လမ်းခင်းကျောက်ဖြည့်တင်းနိုင်မှု အခြေအနေတွင် ကျင်းပေါင်း (၄၂၀၀၀) ကျင်း ဝယ်ယူဖြည့်တင်းရန် လျာထားသည့်အနက် တိုင်းအသီးသီးရှိ လမ်းပိုင်းများသို့ (၅၄၁၈၀.၂၅)ကျင်း၊ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းလမ်းပိုင်းများသို့ (၂၄၃၈.၅၀) ကျင်း၊ စုစုပေါင်း (၅၆၆၁၈.၇၅) ကျင်း ဖြည့်တင်းနိုင်ခဲ့သဖြင့် (၁၄၃.၈၀) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအချိန်တွင် အိန္ဒိယချေးငွေဖြင့် တစ်နာရီလျှင် တန်(၅၀)ကျ ကျောက်ခွဲစက် (၈)လုံးနှင့် တစ်နာရီလျှင် (၂၅)တန်ကျ ကျောက်ခွဲစက် (၈)လုံးကို ဝယ်ယူခဲ့ပြီး အဆိုပါ ကျောက်ခွဲစက်များကို အသုံးပြုကာ လမ်းခင်းကျောက်များကို ပိုမိုရရှိအောင် ထုတ်လုပ်၍ လမ်းပိုင်း အသီးသီးသို့ စံနှုန်းပြည့် ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) မြန်မာ့မီးရထား ၊ ရထားသွားလာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အရေးပါ၍ မရှိမဖြစ် လိုအပ်ချက်မှာ အချက်ပြများ ကောင်းမွန်ရေးနှင့် တစ်ဘူတာ နှင့် တစ်ဘူတာ၊ ဘူတာအချင်းချင်း ဆက်သွယ်သည့် ဆက်သွယ်ရေးစနစ် ပြည့်စုံ ကောင်းမွန်စေရေး

(Railway Signalling & Telecomunication Service) တို့ လိုအပ်ပါသည်။ သို့ဖြစ်၍ အိန္ဒိယသမ္မတနိုင်ငံမှ ချေးငွေဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်းမှ ဘူတာများအား အချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ အဆင့်မြှင့်တင်နိုင်ရေး အတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါ သည်-

(၁) ဘူတာ(၆)ဘူတာအတွက် Solid State Interlocking ကွန်ပျူတာ ကွန်ထရိုးစနစ်သုံးမည့် မီးရောင်ပြောင်း အချက်ပြစနစ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် Block Proving with Axle Counter အချက်ပြစနစ်များ တပ်ဆင်ခြင်း၊

(၂) ပဲခူးဘူတာမှ မန္တလေးဘူတာအထိ Block Proving with Axle Counter အချက်ပြစနစ် တပ်ဆင်ခြင်းလုပ်ငန်း၊

(၃) ဘူတာအချင်းချင်းနှင့် ဌာနချုပ် ဆက်သွယ်ရန်အတွက် ရန်ကုန်-မန္တလေး လမ်းပိုင်းရှိ ဘူတာများတွင် EPABX Exchangeများ တပ်ဆင်ကာ Cable Media အသုံးပြုသည့် Fiber Phone ကွန်ယက်ဖြင့် Block Phone များ ဆက်သွယ် တပ်ဆင်ခြင်းလုပ်ငန်း၊

(၄) Electronic Private Automatic Branch Exchange စက်ခလုတ်ခုံ (၈) ခုံ တပ်ဆင်ခြင်းလုပ်ငန်း၊

(၅) Optical Fibre Cable - OFC သွယ်တန်းခြင်းနှင့် Transmission စက်များ တပ်ဆင်ခြင်းလုပ်ငန်း၊

ပို့ဆောင်ရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှ အပြည့်အဝရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စွမ်း ရှိလာခြင်းကြောင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာခြင်း၊ လေယာဉ်လက်မှတ်ဈေးနှုန်းများကြီးမြင့်ခြင်း တို့မှာ အဓိကပြဿနာ အဟန့်အတားများဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ မလုံလောက်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများနည်းပါးခြင်း၊ နိုင်ငံတကာအဆင့်မီကုန်သိုလှောင်ရုံများ လိုအပ်ခြင်းများလည်းဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံပိုင် ပို့ဆောင်ရေး လုပ်ငန်းများအနေဖြင့် ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများ နှင့် ယှဉ်ပြိုင်ပြေးဆွဲနိုင်မှု မရှိသဖြင့် ဖက်စပ်လုပ်ငန်း (Joint Venture)၊ တည်ဆောက် လုပ်ဆောင် လွှဲပြောင်းစနစ် (BOT) နှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းလုပ်ဆောင်မှု အစီအစဉ် (PPP)

စနစ်ဖြင့်ပြောင်းလဲကျင့်သုံး ဆောင်ရွက်လျက်ရှိရာ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် တည်ဆောက်ရေး လုပ်ငန်းအတွက် တင်ဒါအောင်မြင် ပြီးဖြစ်သော Incheon Airport Consortium နှင့် လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း အနေဖြင့် တင်ဒါ အောင်မြင်ပြီး ဖြစ်သော Pioneer Aerodrome Service နှင့် လည်းကောင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် ဖွံ့ဖြိုးရေးလုပ်ငန်း အတွက် တင်ဒါအောင်မြင်ပြီး ဖြစ်သော Mitsubishi-Jalux in association with SPA နှင့်လည်းကောင်း အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများ ဖြစ်သည့် ဗိုလ်တထောင်ဆိပ်ကမ်းတွင် အပန်းဖြေအနားယူနိုင်ရေး နေရာများ၊ အဆောက်အဦများ၊ ဆိုင်ခန်းများ တည်ဆောက်ခြင်း၊ ဆူးလေဆိပ်ခံတံတား အမှတ် (၁၊ ၂၊ ၃၊ ၄) အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ နန်းသီတာ၊ ပန်းဆိုးတန်း၊ ဒလဆိပ်ခံတံတား အဆင့်မြှင့်တင် တည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ ခေတ်မီ အဆောက်အအုံများ တည်ဆောက်ခြင်းတို့ကို PPP စနစ်ဖြင့် တင်ဒါခေါ်ယူပြီး ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် စေရေးနှင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေမည် ၊လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီးစရိတ်သက်သာစွာဖြင့် သွားလာနိုင်မည်၊ ပို့ဆောင်ရေး ဆိုင်ရာ ဝန်ဆောင်မှုများမှာအခြားအာဆီယံနိုင်ငံများနည်းတူဖြစ်လာမည်၊ပြည်တွင်းပြည်ပလေကြောင်း လိုင်းခရီးစဉ်များတိုးချဲ့ပျံ့သန်းခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်၏အကျိုး စီးပွားကို ကာကွယ်ပေးမည် ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေး ကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကိုပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၈၀,၃၆၃.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ၂၆.၇ ရာခိုင်နှုန်း ပြောင်းလဲမှုလျော့နည်းရန် လျာထား ခဲ့ပါသည်။

ပုံ (၅-၁၂) ဆက်သွယ်ရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ဆက်သွယ်ရေးကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၅၀,၃၅၆.၂ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၂၅.၀ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၆.၁ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၇၇၃,၈၆၂.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ၅၇.၂ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားရာ ကျပ် ၉၇၀,၅၆၇.၂ သန်း ရရှိခဲ့ပြီး၊ ၇၁.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း (၁၅၀၀ကျပ်တန်) တန်ဖိုးနည်း မိုဘိုင်းဖုန်း များကို လစဉ် မြို့နယ်၊ကျေးရွာများသို့ တိုးချဲ့ တပ်ဆင်ပေးခဲ့သောကြောင့် ဆက်သွယ်ရေးကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုမှာ ၁၂၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ တယ်လီဖုန်း တပ်ဆင်မှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၂၂၀၂၀၀၀ ရည်မှန်းခဲ့ရာ ပထမ (၆)လပတ် အထိ တပ်ဆင်သည့် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၁၇၇၂၇၉၀ ဖြစ်၍ ၈၀.၅ ရာခိုင်နှုန်း တပ်ဆင်နိုင်ခဲ့ပါသည်။ တယ်လီဖုန်းတပ်ဆင်မှု ၈၀.၅ ရာခိုင်နှုန်းအထိ ဆောင်ရွက် နိုင်ခဲ့၍ တယ်လီဖုန်း ဝင်ငွေလည်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန် အထိ မိုဘိုင်းဖုန်းများကို လစဉ် တိုးချဲ့တပ်ဆင် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ရည်မှန်းချက်အပေါ် ရာခိုင်နှုန်း ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဟု သုံးသပ်ရပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများမှာ ဖော်ပြပါ အတိုင်းဖြစ်ပသည်-

(က) ဆက်သွယ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက် ရေးဆွဲထားသည့် ဆက်သွယ်ရေးဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းထားရှိပါသည်။ ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးပါက နည်းဥပဒေကို ဆက်လက်ရေးဆွဲသွားမည် ဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံရှိပြီး လက်ရှိ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေး ကုမ္ပဏီကြီးများ ပါဝင်ဆောင်ရွက်ရန် နိုင်ငံတကာ ဆက်သွယ်ရေးဆိုင်ရာ တင်ဒါခေါ်ယူ ရွေးချယ်၍ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိသည့် ကုမ္ပဏီ ၂ခု ဖြစ်သော Telenor Mobile Communications နှင့် Ooredoo ကုမ္ပဏီတို့ကို ရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါတွင် နိုင်ငံတော် ဘတ်ဂျက်ငွေကိုသာမက ပြည်တွင်း/ပြည်ပမှ ချေးငွေနှင့်အကူအညီ အထောက်အပံ့များပါ ရယူ၍ စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ချင်းပြည်နယ် ဆမီးမြို့နယ်ခွဲ တွင် အဆင့်(၅)ရှိစာတိုက် ရုံးသစ်(၁) ရုံးနှင့် ကြေးနန်းရုံး အသစ် (၁) ရုံး ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ကြို့ပင်ကောက် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီမြို့နယ်တို့တွင် ကြေးနန်းရုံးများကို အဆင့်မြှင့်တင်ခဲ့ပါသည်။ မချမ်းဘော၊ လှိုင်းဘွဲ့၊ ကလေးဝ၊ ပလက်ဝ၊ ပင်လောင်း၊ သိန္နီ၊ မိုင်းတုံနှင့် ငွေဆောင်မြို့နယ်တို့တွင် ကွန်ပျူတာဖြင့် ကြေးနန်းပို့ခြင်း လုပ်ငန်းကိုတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ ဆက်သွယ်ရေးရုံးများကို ဝေးလံဒေသများတွင် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ဒေသနေပြည်သူများ ယခင်ထက် ဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ပါသည်။

(ဂ) တယ်လီဖုန်းလုပ်ငန်း အနေဖြင့် လုပ်ငန်းလိုအပ်ချက်များအရ နေပြည်တော်တွင် GSM စခန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် GSM, CDMA-800 နှင့် MEC စခန်းများ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် CDMA-800 နှင့် MECစခန်းများ နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် CDMA-800 နှင့် MECစခန်းများစသည့်၊ မိုဘိုင်းရုံး (၅) ရုံး ဖွင့်လှစ် နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝ နှင့် မော်လိုက်၊ ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်၊ ရသေ့တောင်နှင့်အမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကာလိ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မဘိမ်း၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ပြင်စလူ၊ ချင်းပြည်နယ်တွင် ကန်ပက်လက်၊ တနင်္သာရီတိုင်း ဒေသကြီးတွင် တနင်္သာရီ နှင့် မကွေးတိုင်းဒေသကြီးတွင် ဆောစသည့် မြို့နယ်များတွင် တယ်လီဖုန်း ရုံးသစ်များ (၁၁) ရုံး ဖွင့်လှစ်ခြင်း နှင့် နေပြည်တော်တွင် ဒက္ခိဏာသီရိ မြို့သစ်နှင့် ရွှေကြာပင်(၁,၂)၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ပန်းတနော်၊ မြန်အောင်နှင့် ကျောင်းကုန်းနှင့် ကယားပြည်နယ်တွင် ဒီမောဆိုးစသည့် မြို့နယ်များတွင် လိုင်းအင်အား တိုးချဲ့ခြင်း (၆) ရုံးကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

(ဃ) မိုဘိုင်းတယ်လီဖုန်းများကို ၂၃-၄-၂၀၁၃ ရက်နေ့မှ စတင်၍ ၁၅၀၀ကျပ် ဈေးနှုန်းသို့ လျော့ချတပ်ဆင်၍ မြို့ပြ/ကျေးလက်နေ ပြည်သူများအထိ သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။ လစဉ် မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တပ်ဆင်ဆောင်ရွက် ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ တပ်ဆင်ပြီး မိုဘိုင်းဖုန်း ၅,၇၄၈,၂၉၈ လုံးအပါအဝင် တယ်လီဖုန်း လုံးရေ စုစုပေါင်း ၆,၃၂၁,၉၀၃ လုံး တပ်ဆင်ပြီး ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း သိပ်သည်းဆ ၃.၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင်GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ တပ်ဆင်ခြင်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ တယ်လီဖုန်းသိပ်သည်းဆ မှာ ၁၃.၇၈ ရာခိုင်နှုန်း ရှိလာ ပြီဖြစ်ပါသည်။

(c) GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ သွားရောက် အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှုစနစ် ကို ဆောင်ရွက် လျက်ရှိပါသည်။ နိုင်ငံပေါင်း(၂၅)နိုင်ငံမှ Operator (၄၉) ဦး၏ မိုဘိုင်းတယ်လီ ဖုန်း သုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက် သုံးစွဲနိုင်ပြီ ဖြစ်ပါ သည်။

(စ) အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းအနေဖြင့် ပက်ကက်ဆွိချင်လိုင်း၊ ဖိုက်ဘာ လိုင်း၊ MPT Satellite Terminal E1 လိုင်း၊ ADSL လိုင်း ၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေးစနစ် အမျိုးမျိုးကိုအသုံးပြု၍ အင်တာနက် ချိတ်ဆက် အသုံးပြု လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အထိ အင်တာနက် လိုင်း အင်အား၁,၄၀၃,၃၀၆လိုင်းနှင့် သုံးစွဲသူဦးရေမှာ ၁,၄၈၉,၂၅၁ ရှိလာပြီ ဖြစ်ပါသည်။

(ဆ) ဖိုက်ဘာဆက်ကြောင်း လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ဆဲ ၈၃၉ ကီလိုမီတာ ရှည်သော ရန်ကုန်-နေပြည်တော် -မန္တလေး(အမြန်လမ်း) ၊ ၇၀၀ ကီလိုမီတာ ရှည် သော ရန်ကုန်-ပြည်-နတ်မောက်-ပျော်ဘွယ်-နေပြည်တော်ဆက်ကြောင်း များ၏ ဖိုက်ဘာချခင်းသွယ်တန်းခြင်းမှာ ၁၀၀ ရာခိုင်နှုန်း နှင့် ၉၆.၃၂ ကီလိုမီတာ ရှည်သော ငွေးချို-ရေနံချောင်း-မကွေး ဆက်ကြောင်းမှာ ၈၀ရာခိုင်နှုန်း ပြီးစီး ဆောင်ရွက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေး ကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၉,၉၃၄.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၆၄.၀ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၃) ငွေရေးကြေးရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ငွေရေးကြေးရေး ကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၄၃,၃၄၁.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၂၄.၃ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် ၅၁,၅၃၅.၇ သန်း အကောင်အထည်ဖော်ရန် နှင့် ၉၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၅၅,၉၃၁.၅ သန်း ရရှိခဲ့ပြီး၊ ၁၀၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေများ ပိုမို ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းသည် ဝင်ငွေလျော့နည်းမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂလိက အာမခံကုမ္ပဏီများလုပ်ငန်းများ စတင် ဆောင်ရွက်လာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းမှ ရငွေများနှင့် ပတ်သက်၍ စာရင်းထားရှိမှု စနစ်ပြောင်းလဲခြင်းကြောင့် (ကျပ်ငွေလဲနှုန်းမြင့်တက်လာသဖြင့်) ဝင်ငွေလျော့နည်းခြင်း ဖြစ်ပေါ်သည် ကို တွေ့ရှိရပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေး အသင်းများမှ ချေးငွေများ ပိုမို ထုတ်ချေးခဲ့သဖြင့် အတိုးရငွေများ တိုးတက်လာခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ် (၂၀) ဘဏ်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ နိုင်ငံတစ်ဝှမ်း ဘဏ်ခွဲပေါင်း ၅၉၂ ဘဏ် ဖွင့်လှစ် နိုင်ခဲ့သဖြင့် ပထမ(၆)လပတ်တွင် စုစုပေါင်းဘဏ်ခွဲ ၁၀၇ ဘဏ် အသစ်တိုးချဲ့ ဖွင့်လှစ် ခဲ့ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများကိုလည်း တိုးချဲ့ ဆောင်ရွက် နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ် ပြန်လည် ရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရန်အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ နည်းပညာအကူအညီ၊ လိုအပ်သော ကျွမ်းကျင်မှု အကူအညီ ရယူဆောင်ရွက် လျက်ရှိပါသည်။

နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရာတွင် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများ နှင့်

နိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုခြင်းများ ဆောင်ရွက်ခြင်းဖြင့် ငွေကြေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်လာပါသည်။ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲကောင်တာများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိခြင်းနှင့် ပုဂ္ဂလိက အာမခံ ကုမ္ပဏီ (၁၂) ခုအား အသက်အာမခံ၊ မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ငွေပို့ငွေသယ် အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့တိုးတက်လာမှု အစဉ်ဖွံ့ဖြိုးစေရန် လိုအပ်သော သင်တန်း(နည်းပညာ) အထောက်အပံ့များ သင်ကြားပေးခြင်း ဆောင်ရွက်ပေး သင့်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေး မူဝါဒများနှင့် ငွေကြေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။ နိုင်ငံတော်၏ လိုအပ်သော အသုံးစရိတ်များ အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ရရှိရန် ဆောင်ရွက်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေ ရှာဖွေခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်း၊ ငွေကြေးဖောင်းပွမှု ကျဆင်းရေး၊ ကုန်စျေးနှုန်း တည်ငြိမ်ရေး၊ စုဆောင်းငွေတိုးမြှင့် စုဆောင်းရန်အတွက် ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိက ငွေကြေး လိုအပ်ချက်အတွက် ပံ့ပိုးပေးခြင်း စသည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အထူးသဖြင့် ဖွံ့ဖြိုးလာသော ပုဂ္ဂလိက ငွေရေးကြေးရေး ကဏ္ဍအား မျက်ခြေမပြတ် စောင့်ကြပ် ကြည့်ရှုသုံးသပ်နေရန် လိုအပ်ပါသည်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာချမှတ်ရန်လည်း လိုအပ် ပါသည်။ငွေကြေးနှင့် ဘဏ်လုပ်ငန်း များသည် နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးနှင့် တိုက်ရိုက် ဆက်နွယ်နေသဖြင့် ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အစဉ်မပြတ် ထိရောက်စွာ ကွပ်ကဲကြပ်မတ် ထိန်းကြောင်းခြင်းဖြင့် ငွေရေးကြေးရေးကဏ္ဍ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းအား ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေး ပိုမိုကြိုးပမ်းရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကုန်သွယ်ရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်ရေး ကဏ္ဍ ၏ အသားတင် ကုန်သွယ်ရေးတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၅,၆၆၉,၈၀၆.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၃.၄ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၄) ကုန်သွယ်ရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



#

ကုန်သွယ်ရေး ကဏ္ဍ ၏ အသားတင် ကုန်သွယ်ရေးတန်ဖိုး သည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၄၃၃,၈၈၅.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်း ချက်အပေါ် ၆၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၉.၆ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၄,၇၇၂,၁၆၁.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂,၈၃၂,၄၂၁.၄ သန်း ရရှိခဲ့ပြီး၊ ၃.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ပကုန်သွယ်မှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်ပကုန်သွယ်မှု တန်ဖိုး အခြေအနေမှာ ပြည်ပပို့ကုန် ကျပ် ၄,၈၉၈,၄၅၂.၅ သန်းရှိပြီး ပြည်ပသွင်းကုန် မှာ ကျပ် ၅,၂၉၂,၆၉၁.၀ သန်း ရရှိသဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် **၁၀,၁၉၁,၁၄၃.၅** သန်း ဖြစ်ပါသည်။ ပြည်ပသွင်းကုန်များ (အထူးသဖြင့် ရင်းနှီးကုန်ပစ္စည်းများ) တင်သွင်းမှုတွင် ပိုမိုလာပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များ တင်ပို့မှုအခြေအနေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ **၅,၁၂၂.၁** သန်း တင်ပို့နိုင်ခဲ့ပါသည်။ လယ်ယာ ထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်နှင့် ကျောက်မျက်ရတနာပစ္စည်း၊ စက်မှုကုန်ချောပစ္စည်း စသည့် ပို့ကုန်အုပ်စု များတွင် ပိုမိုတင်ပို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပထမ

(ဖ)လပတ်တွင် တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် သစ်တော ထွက်ပစ္စည်းတင်ပို့မှုတို့တွင် ယခင်နှစ်ကထက် လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု တွင်ပါဝင်သည့် ပြောင်း၊ နှမ်း၊ ရာဘာနှင့် ဆန်ကွဲ တင်ပို့နိုင်မှု သိသိသာသာ တိုးတက်လာပါသည်။ ကုန်သွယ်ရေး ဖြေလျော့မှုများ ဆောင်ရွက်လာခြင်းဖြင့် လည်းကောင်း၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေး ပိတ်ဆို့မှုများ ဖယ်ရှား ပေးမှုကြောင့်လည်းကောင်း ပို့ကုန်ဈေးကွက်များ ကျယ်ပြန့်စွာ ထိုးဖောက်လာနိုင်သည့် အတွက် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် ပါဝင်သော ချုပ်ပြီးအထည်တင်ပို့မှု (လက်ခစား လုပ်ငန်း)သည် ယခင်နှစ် အလားတူကာလထက် ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။ ပွင့်လင်းလာသော ဈေးကွက် သစ်၊ အမယ်သစ်များ တင်ပို့ ကုန်သွယ်နိုင်ရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက် ရပါမည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(ဖ)လပတ်တွင် ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန် တင်သွင်းမှုအခြေအနေမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ **၅,၅၄၆.၁** သန်း တင်သွင်းခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသော ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများတွင် အလားတူကာလထက် ပိုမိုတင်သွင်းခဲ့ ကြောင်း တွေ့ရှိရပါသည်။

ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခဲ့ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြုပြင်ပြောင်းလဲမှုအနေဖြင့် ဌာနများအား ဝန်ကြီးရုံး၊ ကုန်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တို့ကို ပြင်ဆင်ဖွဲ့စည်း စီမံဆောင်ရွက်ခဲ့ပါသည်။ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖေါ်ပြပါ လုပ်ငန်းများအား ဆောင်ရွက်စေနိုင်ပါသည် –

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(ဖ) လပတ်တွင် နယ်စပ်ဒေသများအတွင်း တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team)များ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လာမည့်ကာလ ပွင့်လင်းရာသီတွင် (Mobile Team)များပိုမိုရှိ ဆောင်ရွက်စေခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု လျော့နည်း ပျောက် စေပြီး ပုံမှန်ကုန်သွယ်မှု တိုးပွားလာပါ မည်။

(ခ) ကုန်ထုတ်လုပ်မှု စက်ရုံ/အလုပ်ရုံများအတွင်း နည်းပညာနှင့် လိုအပ်ချက် အခြေ အနေများကို ပြည်တွင်း/ပြည်ပကုန်သည်များ၊ အသင်းအဖွဲ့များက ပေါင်းစပ် ပံ့ပိုး ပေးခြင်းဖြင့် ထုတ်လုပ်သူနှင့် ကုန်သွယ်သူတို့အကြား လိုအပ်ချက်များ ပိုမို ချောမွေ့စေပါသည်။

(ဂ) Website နှင့် Trade News Bulletin ၊ Hot News စာစောင်တို့တွင် ကုန်သွယ်မှုဆိုင်ရာ ပြည်တွင်း/ပြည်ပမှ စျေးကွက်သတင်း အချက်အလက်များ အားလေ့လာဖော်ပြခြင်းအပြင် စာစောင်များတွင်စီးပွားရေးဆိုင်ရာများ ထည့်သွင်းပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

(ဃ) ပို့ကုန်/သွင်းကုန် လိုင်စင် လျှောက်ထားမှုစနစ် (IELPS) အား အဆင့်လိုက်သင့်တင့်စွာ ဆက်လက် ဖြေလျော့ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပိုမို ချောမွေ့စေမည် ဖြစ်ပါသည်။

(င) ပို့ကုန်/သွင်းကုန် လိုင်စင်ကြေးဖြတ်တောက်ရာတွင် အသုံးပြုနေသည့် e-payment စနစ်အား မြန်မာနိုင်ငံသားများဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ သကဲ့သို့ အခြားငွေကြေးနှင့် ဘဏ်လုပ်ငန်းများကိုပါ ပါဝင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(စ) မြန်မာနိုင်ငံ၏ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းအတွက် ADB အကူအညီဖြင့် နည်းပညာ၊ ကျွမ်းကျင်ပညာရှင်များ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆန်းစစ်ချက်အစီရင်ခံစာများမှ အားသာချက် အားနည်းချက်များကို သုံးသပ် ပြုပြင် သင့်ပါသည်။

(ဆ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးသည့် Enhanced Integrated Framework (EIF) အစီအစဉ် မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီးဖြစ်၍ လက်တွေ့လုပ်ငန်းစဉ်များ တွင်လည်း စတင်ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးကဏ္ဍအနေဖြင့် ပွင့်လင်းမြင်သာသော ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး အတွက် မြန်မာနိုင်ငံသည် WTO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖေါ်ပြပါ ဘာသာရပ်များကို လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်–

(က) အကောက်ခွန် လျော့ချရေး၊

(ခ) အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရေး၊

(ဂ) ပင်ရင်းဒေသ စည်းမျဉ်းများ၊

(ဃ) အကောက်ခွန် ပေါင်းစည်းရေး၊

(င) စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ အတားအဆီးများ၊

(စ) ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး၊

(ဆ) အာဆီယံ ပြုတင်းတစ်ပေါက်စနစ် ဖြစ်ပေါ်ရေးစသည်တို့ဖြစ်သည်။

ထိုဘာသာရပ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်အာဏာပိုင်အဖွဲ့အစည်း တစ်ခု (Competent Authority) သတ်မှတ်၍ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ (Intergovernment Agency Body) ဖွဲ့စည်းရေးအတွက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ၂၀၁၅ အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ပေါ်ရေးအတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက်အရ ကုန်စည်များ လွတ်လပ်စွာစီးဆင်းရေး လုပ်ငန်းကော်မတီကို အစိုးရဌာန/အဖွဲ့အစည်း (၁၈)ခု၊ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့(၃)ခု၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အာဆီယံဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲများအတွက် Market Research Services (CPC86401)၊ Market Management Consulting Services(CPC86503) တို့နှင့် စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ခွင့်ပြုသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြေလျော့ပေးခဲ့ပါသည်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံ၏ထွက်ကုန်များ ပိုမိုတင်ပို့လာနိုင်ရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာရေးဆွဲမှုအား ဂျာမန် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) နှင့် နိုင်ငံတကာ ကုန်သွယ်မှုစင်တာ (International Trade Center-ITC)၏ နည်းပညာအထောက်အပံ့တို့ဖြင့် အမျိုးသားအဆင့် ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာ (National Export Strategy-NES) ကို ရေးဆွဲဆောင်ရွက်နိုင်ရန်စီစဉ်နိုင်ခဲ့ပါသည်။

ပို့ကုန်မြှင့်တင်ရေးအတွက် ဦးစားပေးကုန်ပစ္စည်း (Priority Sector Goods) တွင် ဆန်၊ ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းစသည့် ကုန်ပစ္စည်း(၅)မျိုးအား ဦးစားပေးသတ်မှတ်ခဲ့ပြီး၊ ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအား လည်းကောင်း၊ ဖွံ့ဖြိုးရန် အလားအလာရှိသော ကဏ္ဍတွင် ရော်ဘာအားလည်းကောင်းသတ်မှတ်ခဲ့ပါသည်။ ဦးစားပေး အထောက်အကူပြု ကဏ္ဍများအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှု၊ ကုန်သွယ်မှု သတင်းအချက်

အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်းနှင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေးစသည့် ကဏ္ဍများအား သတ်မှတ်ထားပြီး အမျိုးသားအဆင့် ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းအား ထိုကဏ္ဍများအတွင်း ဆောင်ရွက်သွားရန်ဖြစ်သည်။

နိုင်ငံအလိုက် ကုန်သွယ်မှု အခြေအနေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အာရှနိုင်ငံများသည် ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်ပြီး(၉၅.၁)ရာခိုင်နှုန်း၊ ဥရောပနိုင်ငံများ (၁.၉)ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံ(၀.၅)ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများ၏ကုန်သွယ်မှုသည် (၂.၅) ရာခိုင်နှုန်းဖြစ်ပါသည်။ ပထမ(၆)လပတ်အတွင်း အဓိကကုန်သွယ်ခဲ့သော နိုင်ငံများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့ ဖြစ်ပါသည်။ ယင်းတို့အနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃.၄၉ ဘီလီယံနှင့် ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂.၄၃ ဘီလီယံ အများဆုံး ကုန်သွယ်မှု ပြုခဲ့ပါသည်။ ပထမ(၆)လပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံး တင်ပို့နိုင်ခဲ့သည့်နိုင်ငံသည် စုစုပေါင်းပို့ကုန်ပမာဏ၏(၃၇.၂) ရာခိုင်နှုန်းရှိခဲ့သော ထိုင်းနိုင်ငံ ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စုစုပေါင်းပို့ကုန် ပမာဏ၏(၃၄.၄)ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံး တင်ပို့နိုင်ခဲ့သည့်နိုင်ငံ ဖြစ်ပါသည်။ ပထမ(၆)လအတွင်း ကုန်ပစ္စည်း တင်သွင်းခဲ့သည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စုစုပေါင်း သွင်းကုန်ပမာဏ၏(၃၁.၂) ရာခိုင်နှုန်းဖြင့် အများဆုံး တင်သွင်းခဲ့ပြီး စင်္ကာပူနိုင်ငံသည် (၂၃.၅) ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံး တင်သွင်းခဲ့ပါသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများနှင့်သာမက ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်နိုင်ငံကဲ့သို့ ကမ္ဘာပေါ်ရှိ အင်အားကြီး အနောက်နိုင်ငံများနှင့် လိုက်လျောညီစွာ ပေါင်းသင်းဆက်ဆံမှုအားဖြင့် လွတ်လပ်သော ကုန်သွယ်မှု ဈေးကွက်သို့ ဦးတည်ရောက်ရှိစေပြီး၊ မြန်မာနိုင်ငံအတွင်း မျက်မှောက်ကာလနှင့် အနာဂတ်၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေမည် ဖြစ်ပါသည်။

သမဝါ ယမကဏ္ဍ။ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျှက်ရှိရာ အဓိကမူဝါဒများမှာ ခေတ်မီနည်းပညာနှင့်အတတ်ပညာတတ်မြောက် အသုံးပြုနိုင်သည့် သမဝါ ယမအသင်းများ၊ အသင်းသားများဖြစ်စေရေး အားပေးဆောင်ရွက်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များတိုးတက် ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေရေးအတွက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု စုစုပေါင်းတန်ဖိုးကို ပထမ (၆)လပတ်တွင် ကျပ် ၁၈၀,၂၀၆.၅ သန်း ရရှိရန် မျှော်မှန်းထားရှိခဲ့ရာ ကျပ် ၁၇၆,၂၉၅.၇ သန်း ရရှိခဲ့သဖြင့် ၉၇.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ တိုးတက်မှုနှုန်း အနေဖြင့် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခဲ့ရာ ၄.၇ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

ပုံ (၅-၁၅) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ သမဝါယမပိုင်အခန်းမှ ပထမ(၆) လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှုအခြေအနေ



စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေနှင့် ပတ်သက်၍ လူတန်းစားအလွှာပေါင်းစုံဆောင်ရွက်စေနိုင်မည့် အခြေခံသမဝါယမအသင်း (၂၃၈၄) သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး (၃၀-၉-၂၀၁၃) အထိ ဖွဲ့စည်းပြီး သမဝါ ယမ အသင်း ပေါင်း (၂၂၉၄၉) သင်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပါဝင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် ငွေစုငွေချေးနှင့် အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သော သမဝါယမအသင်း (၄၈၈) သင်း၏ ငွေစုငွေချေး လုပ်ငန်းခွဲများမှ အသင်းသား(၃၆၉၅၄)ဦးသို့ ကျပ်(၂၄၂၈.၄၇၄) သန်းထုတ်ချေး ပေးနိုင်ခဲ့ပါသည်။ လိုအပ်သော ငွေကြေး အရင်းအနှီးရရှိစေရန်နှင့် ဘဏ္ဍာရေး ခိုင်မာမှုရရှိစေရန် အစုတစ်စု တန်ဖိုး

ကိုလည်း (၅၀၀) ကျပ် မှ(၅၀၀၀) ကျပ်သို့ အစုတန်ဖိုး တိုးမြှင့် ထည့်ဝင်စေခြင်း၊ အကျိုးငွေဖြင့် အရင်းဖြည့်သွင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒေသထွက်သယံဇာတအရင်းအမြစ်များကို အသုံးပြုလုပ်ဆောင်သော စီးပွားရေး လုပ်ငန်းများဖြစ်သည့် ရေနံစိမ်းထုတ်လုပ်ခြင်းကို သမဝါယမအသင်း(ဖ)သင်းမှလည်းကောင်း၊ ကျောက်စိမ်းကျောက်မျက်အရိုင်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဂဝံအုတ်ပြား၊ လမ်းခင်းကျောက်၊ မြစ်သဲ၊ ရေတွင်းကျောက်၊ ကျင်းကျောက်၊ စကျင်ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများကို သမဝါယမအသင်း(၁၂)သင်းမှ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးမြင့်လာရေးအတွက် လူတစ်ဦးချင်း ဝင်ငွေရရှိရန် ချေးငွေများထုတ်ချေးပြီး၊ ဝက်၊ နွား၊ ဆိတ်၊ ငါးမွေးမြူရေးလုပ်ငန်း၊ အိမ်ဆိုင် လုပ်ငန်းများဆောင်ရွက်ပြီး ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သမဝါ ယမ အသင်းများမှ လိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာ များကို ဂျပန်၊ ကိုရီးယား၊ မလေးရှားနိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတကာကုန်စည်ပြပွဲများဖြစ်သော တရုတ်-တောင်အာရှ၊ ကူမင်း၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲများသို့၊ သမဝါယမအသင်းများမှ ကျောက်မျက်ရတနာ၊ သစ်အချောထည်၊ ပန်းပု ရုပ်မျိုးစုံ၊ ကြိမ်ထည်ပစ္စည်းများ သွားရောက်ပြသပေးနိုင်ခဲ့ပါသည်။

သမဝါယမတက္ကသိုလ်(၂)ခု၊ ကောလိပ်(၂)ခု၊ သင်တန်းကျောင်း (၄) ကျောင်းနှင့် ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း (၃) ကျောင်းတို့တွင် လက်မှတ်ရ စာရင်းရေး စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ လက်နှိပ်စက်သင်တန်း၊ အရာရှိများလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှလည်း စားသောက်ကုန်၊ လူသုံးကုန်၊ အခြားနည်းပညာသင်တန်း၊ (၃၀) ကြိမ်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ အသေးစား စက်မှု လက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းကို လုပ်ငန်း (၉၄၉)ခု လျာထားရာ (၁၀၀၉)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သမဝါယမပို့ကုန်သွင်းကုန် လုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(ဖ)လပတ် တွင် ပို့ကုန်တင်ပို့နိုင်မှုမှာ လယ်ယာဥယျာဉ်ခြံမြေထွက် သီးနှံအနေဖြင့် မတ်ပဲ၊ ရေထွက် ပစ္စည်း စသည့် ပို့ကုန်ပစ္စည်း (၂)မျိုး အတွက် မက်ထရစ်တန်ချိန် (၉၂၃.၉၆၅၀)၊ တန်ဖိုး ကျပ် (၄၆၃.၅) သန်း၊ သမဝါယမအသင်းများမှ ပို့ကုန်တင်ပို့နိုင်မှုမှာ လယ်ယာဥယျာဉ် ခြံမြေထွက် သီးနှံ၊ ရေထွက်

ပစ္စည်း၊ ကြိမ်၊ လက်မှုပစ္စည်း၊ ကုန်မျိုးစုံ အတွက် မက်ထရစ်တန်ချိန် (၁၃၇၀၀.၆)၊ တန်ဖိုး ကျပ် (၉၆၃၂၂.၅) သန်း တင်ပို့နိုင်ခဲ့ပါသည်။

ပုံ (၅-၁၆) သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမအသင်းများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း)



သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ သမဝါ ယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၏ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် ကျပ် ၄၁၄၂.၆ သန်း လျာထားခဲ့ရာ ကျပ် ၄၆၃၂.၅ သန်း ရရှိခဲ့သဖြင့် ၁၁.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။ သမဝါယမအသင်းများ၏ ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးကို ကျပ် ၅၂၂၃.၂ သန်း လျာထားခဲ့ရာ ကျပ် ၉၆၃၂.၅ သန်း ရရှိခဲ့သဖြင့် ၁၈၄.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။

ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးကို ပထမ(၆)လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ်

၆၁၄,၃၁၄.၂ သန်း အကောင် အထည်ဖော်ရန် နှင့် ၁၉.၇ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၇) ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးသည် ပထမ(၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများ အရ ကျပ် ၆၃၅,၅၉၁.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၃.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၂၀.၇ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅၅၉,၈၃၆.၈ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၅၄၀,၀၇၅.၂ သန်း ရရှိခဲ့ပြီး၊ ၁၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အနေဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးစသည့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အကျုံးဝင်ခြင်းမရှိသေးသည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ဌားရမ်းမှု လုပ်ငန်းတို့၏ ဝန်ဆောင်မှု တန်ဖိုးကို စုစည်း၊ ခန့်မှန်း ဖော်ပြလျက်ရှိပါသည်။ ပုဂ္ဂလိကပိုင်အခန်းသည် ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉၆% ကျော်ပါ ဝင်နေပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှု လိုအပ်ချက်များအရ ပညာရေးဝန်ဆောင်မှု၊

ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Toll Gate တို့အပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်ဖြစ် ထွန်းလာပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဟူသောနိုင်ငံတော်သမ္မတ လမ်းညွှန် ချက်နှင့်အညီ နိုင်ငံတော်၏ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ထူးချွန်ထက်မြက်သည့် လူစွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပညာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပုဂ္ဂလိက ပညာသင်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ်တွင် ပုဂ္ဂလိကကျောင်း (၆၉)ခု၊ ဘော်ဒါဆောင်လုပ်ငန်း(၄၈၁၉)ခုနှင့် နေ့ကလေးထိန်း လုပ်ငန်း (၂၂၈၀)ခုတို့ ဖြင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

အဆင့်အတန်းမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးသော ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုလည်း ၂၀၀၇ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဥပဒေနှင့်အညီခွင့်ပြု၍ ဆောင်ရွက်စေခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိက ပိုင်အခန်းမှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် ပုဂ္ဂလိကဆေးရုံ (၁၆၇)ခု၊ ဆေးကုသခန်း (၅၅၄၅)ခု၊ တိုင်းရင်းဆေးကုသခန်း (၈၅၉)ခု အထိ ဖြစ်ပေါ်တိုးတက်ခဲ့ပြီး ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါသည်။

ခရီးသွားလုပ်ငန်း။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်မှ ချမှတ်ပေးသော ဦးစားပေး လုပ်ငန်း (၇)ခုတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရာသီချိန်နှင့် ပတ်သက်ပြီး ခရီးသည်အများအပြားလာရောက်ချိန်နှင့် ခရီးသည်ဦးရေ နည်းပါးသည့်အချိန် ဟူ၍ အခြေအနေနှစ်မျိုးရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်သည် ခရီးသည် နည်းပါးသည့် အချိန် ဟု သတ်မှတ်နိုင်ပါသည်။ ကမ္ဘာလှည့်ခရီးသည် ဦးရေကို ၉၀၀,၀၀၀ ဦး ရည်မှန်းခဲ့ရာ ခရီးသည် ဦးရေ ၇၉၄၅၁၉ ဦးရောက်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို အဆင့် (၄)ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၎င်းတို့အနက် ပထမအဆင့်ဖြစ်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းကြောင့် မြန်မာ နိုင်ငံကို နိုင်ငံတကာမှ စိတ်ဝင်စားလာသောကြောင့် ခရီးသွားလုပ်ငန်းကို ဆွဲဆောင်မှု ဖြစ်စေပါ သည်။ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုဖြစ်သော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်

ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက် လုပ်ကိုင်လိုခြင်းသည်လည်း ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် အချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်များ၊ ဟိုတယ်အခန်းများလိုအပ်ချက်ရှိခြင်း၊ အဆင့်အတန်းမီ သောဟိုတယ်များသည် တည်းခိုခန်းခ စရိတ်ကြီးမြင့်ခြင်း၊ ကန့်သတ်နယ်မြေများ သတ်မှတ်၍ ကမ္ဘာလှည့်ခရီးသည်များအား သွားရောက်ခွင့်မပြုခြင်း၊ ဒေသတွင်းလုံခြုံမှုမရှိခြင်း၊ လူမျိုးရေး ပဋိပက္ခများကြောင့် ငြိမ်းချမ်းမှုမရှိခြင်းများက ကမ္ဘာလှည့်ခရီးသည်များ နည်းပါးသွားစေသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျန်ရှိနေသော ဒုတိယ(၆)လပတ်သည် ခရီးသည်အများအပြား လာရောက်ချိန် ဖြစ်သည့်အပြင် မကြာမီပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ခုနှစ် အတွင်း အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီး အစည်းအဝေးများကြောင့် နိုင်ငံခြားသား ခရီးသည် ဝင်ရောက်မှုအခြေအနေ တိုးတက်များပြားလာနိုင်သည့်အပြင် ပွင့်လင်းမြင်သာမှု ရှိလာသော နိုင်ငံတော်၏ အခြေအနေ များကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပိုမိုတိုးတက် ဝင်ရောက်လာနိုင်ခြင်းကြောင့် ရည်မှန်းထားသည့် ကမ္ဘာလှည့်ခရီးသည် ဦးရေထက်ကျော်လွန်မည်ဟု မျှော်မှန်းထားခြင်း ဖြစ်ပါ သည်။

ခရီးသွားလုပ်ငန်း အောင်မြင်မှုရရှိရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့်ဟိုတယ်များကိုအဆင့်အတန်းမီဟိုတယ်များဖြစ်ပေါ်ရန်ဆောင်ရွက်ခြင်း၊ လုပ်ကိုင်ခွင့်ပြုထားသောဟိုတယ်တည်ဆောက်မှုများနှင့်ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော လုပ်ငန်းများကိုလည်းပြီးစီးအောင်ဆောင်ရွက်ခွင့်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ခရီးသွားပြပွဲများတွင် ပါ ဝင်ပြသနိုင်ရေး ကြိုးကြပ်စီစဉ်ပေးပြီး ဈေးကွက်ရှာဖွေ ဆောင်ရွက် ခြင်း၊ စင်းလုံးဌားလေယာဉ်၊ လေယာဉ်ခရီးစဉ်များ၊ မြစ်တွင်းအပျော်စီး သင်္ဘောခရီးစဉ်များ ဆောင်ရွက်ပေးခြင်း၊ ခရီးစဉ်ဒေသအလိုက် နိုင်ငံခြားသားများအတွက် လုံခြုံမှုရှိစေရန် စောင့်ရှောက် အကူအညီပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊ ခရီးစဉ်ဒေသတွင်း ဒေသခံပြည်သူများ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်နိုင် စေရေးနှင့် ဝန်ဆောင်မှုကောင်းများဖြင့် ဧည့်ဝတ်ကျေပွန်စွာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်ပြီး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အပြည်ပြည် ဆိုင်ရာ လေကြောင်းလိုင်းများတိုက်ရိုက်ပြေးဆွဲနိုင်ရေး၊ နယ်စပ် ဝင်/ထွက်ပေါက်များတွင် အဆင်ပြေစွာ ဝင်/ထွက် သွားလာနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်ရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲစေမည့် ခရီးသွားလုပ်ငန်းအဖြစ် စနစ်တကျ အကောင်အထည်ဖော် နိုင်ရန်ဖြစ်ပါသည်။ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံရုံးများ၊ ရုံးစိုက်ရာမြို့များနှင့် အလှမ်းကွာဝေးသော နိုင်ငံခြားသား ဧည့်သည်များအတွက် ပထမ(၆)လ ပတ်အတွင်း ခရီးသွားလုပ်ငန်း ကုမ္ပဏီ (၉၂) ခုမှ နိုင်ငံခြားသားဧည့်သည် (၁၁၅၅၈) ဦး အတွက် ပြည်ဝင်ခွင့်ဗီဇာ (Visa On Arrival) ရရှိရေး ထောက်ခံ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်/ တာဝန်ထမ်းဆောင်လျှက်ရှိသည့် နိုင်ငံခြားသားဝန်ထမ်း (၆၇၁)ဦး အတွက် ဗီဇာသက်တမ်း တိုးမြှင့်ရေး ထောက်ခံ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ခွင့်ပြုထားသည့်ခရီးစဉ်များအပြင် ခွင့်ပြုချက်ရယူ၍ သွားရောက်ရမည့် ခရီးစဉ်များ အတွက် ပထမ(၆)လပတ်အတွင်း ခရီးသွားကုမ္ပဏီ (၁၇၅)ခုမှ နိုင်ငံခြားသားဧည့်သည် (၂၇၇၁) ဦး အတွက် ခရီးစဉ်ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များမှ ဟိုတယ်ဆောက်လုပ်ခွင့်ပြုမိန့် တောင်းခံခဲ့ခြင်းနှင့် ပတ်သက်၍ ပထမ(၆) လပတ်အတွင်း ဟိုတယ်(၅)လုံးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီသောလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်(၄)မျိုးကို ထုတ်ပေးလျက်ရှိပါသည်။

(က) **ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်**

(၁) ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်း (၈၃၄) ခု၊ နိုင်ငံခြားနှင့်ပြည်တွင်းဖက်စပ် ဟိုတယ် (၂၆) ခု၊ ဌာနပိုင်ဌားရမ်း ဟိုတယ်(၂၁) ခု စုစုပေါင်း (၈၈၁) ခု ရှိပြီး၊ ပြည်တွင်းပုဂ္ဂလိကပိုင် ဟိုတယ်၌(၂၇၁၉၂) ခန်းနှင့် နိုင်ငံခြားနှင့် ဖက်စပ် ဟိုတယ်(၃၈၇၁)ခန်းနှင့် ဌာနပိုင်ဌားရမ်း ဟိုတယ်(၉၆၈) ခန်းရှိ ပါသည်။ စုစုပေါင်း အခန်း (၃၂၀၃၁) ခန်း ရှိ ပါသည်။

(၂) ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ်များမှာ မန္တလေးတိုင်း၌ အများဆုံးရှိပြီး၊ ရန်ကုန်တိုင်း၌ ဒုတိယအများဆုံးရှိပါသည်။

(၃) နိုင်ငံခြားဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များမှာ ရန်ကုန်မြို့၌ အများဆုံးနှင့် ဒုတိယအများဆုံးမှာ မန္တလေးမြို့၌ ဖြစ်ပါသည်။

(ခ) **ခရီးလှည့်လည်ရေးကုမ္ပဏီများ**

(၁) ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီများမှာ စုစုပေါင်း(၁၂၃၃) ခု ရှိပါသည်။ ၄င်းကုမ္ပဏီများသည် ရန်ကုန်ပင်

ပေါက်မှဝင် ရောက်လာသော ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးစဉ်ချောမွေ့စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ တချို့သော ကုမ္ပဏီများသည် နယ်စပ်ဝင်ပေါက်များမှတဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအတွက် ခရီးစဉ် ဆောင်ရွက်ကြပါ သည်။

(၂) နိုင်ငံခြားမှ ရာနှုန်းပြည့်ရင်းနှီးလုပ်ကိုင်သော ခရီးလှည့်လည်ရေး ကုမ္ပဏီ (၁) ခုရှိပြီး၊ ပြည်တွင်းနှင့် နိုင်ငံခြားဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီ (၂၃)ခု ရှိပါ သည်။

(ဂ) **ဧည့်လမ်းညွှန်လိုင်စင်**

(၁) ကမ္ဘာလှည့် ခရီးသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြန်မာလူမျိုးတိုင်းရင်းသားတို့၏ ဆီးကြိုသောအပြုံးများကို နှစ်ခြိုက်စွာ လက်ခံကြပြီး မြန်မာ့ရေမြေတောတောင် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာ ခံစားရင်းမြန်မာ့ ရိုးရာယဉ်ကျေးမှု ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများ အကြောင်းကို ၎င်းတို့၏ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်း ကို နှစ်သက်ကြပါသည်။

(၂) ယင်းသို့ ရှင်းလင်းပြောကြားနိုင်ရန် သက်ဆိုင်ရာ ဘာသာရပ် အလိုက် ဧည့်လမ်းညွှန်များကို အခါအားလျော်စွာ လေ့ကျင့်မွေးထုတ် ပေးလျက်ရှိပါ သည်။ ယခုအခါ ဧည့်လမ်းညွှန်စုစုပေါင်း (၃၄၄၃) ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် အင်္ဂလိပ်ဘာသာဖြင့် လိုင်စင်ရရှိသူမှာ အများဆုံးဖြစ်ပြီး ဂျပန်ဘာသာမှာ ဒုတိယအများဆုံးဖြစ်ပါသည်။ တရုတ်ဘာသာမှာ တတိယအများဆုံး ဖြစ်ပါသည်။ ကျန်ဘာသာရပ်များမှာ အနည်းအကျဉ်းသာ ရှိကြပါသည်။

(ဃ) **ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်**

(၁) မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့် ခရီးသည်များအား သက်တောင့်သက်သာစွာ ပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များကို ထုတ်ပေးခဲ့ပါသည်။

(၂) ယင်းသို့ ထုတ်ပေးပြီးသော လိုင်စင်စုစုပေါင်းမှာ (၁၉၂)ခု၊ စင်းရေပေါင်း (၁၉ဖ) စင်း ရှိပါသည်။

(၃) ပုဂံ-ညောင်ဦးဒေသအတွင်း မိုးပျံပူဖောင်းဖြင့် ကောင်းကင်ယံမှ လှည့်လည်ကြည့်ရှုရန် ခရီးလှည့်လည်ရေးကုမ္ပဏီ (၁) ခုအား လုပ်ငန်းလုပ်ကိုင် ခွင့်ပြုထားပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ၎င်းအဖွဲ့ချုပ်အောက်ရှိ လုပ်ငန်းကဏ္ဍအလိုက် အသင်း(၁၁) သင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဟိုတယ်ဇုန် (၁၁)ဇုန် သတ်မှတ်ပြီး သက်ဆိုင်ရာဇုန် နယ်မြေအလိုက် အလုပ်အမှုဆောင်များကို ဖွဲ့စည်းပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် Sea Game၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေးများကျင်းပချိန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် AEC အဖွဲ့သို့ဝင်ရောက်ပြီး ပိုမိုပွင့်လင်းလာမည့် အချိန်များတွင် တိုးတက်ဝင်ရောက် လာမည့် နိုင်ငံခြားသား ခရီးသွား ဧည့်သည်များအတွက် တည်းခိုနေထိုင်ရေး ကိစ္စများ အဆင်ပြေစေရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီး ဟိုတယ်များတိုးတက်လာအောင် မျှော်မှန်း ဆောင်ရွက်လျက် ရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့နိုင်စေရန်အတွက် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ဆောင်ရန်၊ ရှောင်ရန် (Dos and Don’ts for Tourists) ပညာပေး မှတ်တမ်းစာအုပ်နှင့် ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်စေရန် အတွက် ပြည်ပပညာရှင်များ၏ အကူအညီဖြင့် Policy for Responsible Tourism, Policy for Involvement in Tourism စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအထိ ဖြန့်ဝေထားရှိပြီးဖြစ်ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း Myanmar Tourism Master Plan ကိုလည်းထုတ်ဝေရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

ကျင်းပပြီးစီးခဲ့သည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေး ဖိုရမ်ကာလအတွင်း Tourism Sector ၏ High Level Meeting ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပါဝင် တက်ရောက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့်လည်း Letter of Intent on Smart Tourism လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး Guiding Principle for Sustainable Tourism Development in Myanmar ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ၦင်းအပြင် World Economic Forum ကျင်းပချိန်နှင့် ချိန်ကိုက်ပြီး Nation Branding Campaign TV Commercial အစီအစဉ်ကို Channel News Asia နှင့် BBC Channel တို့တွင် ထုတ်လွှင့်ပြသနိုင်ခဲ့သကဲ့သို့ ဆက်လက်ပြီး CNN Channel ၌လည်း လွှင့်တင်ပြသ လျက်ရှိပါသည်။

ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါ က အရေအတွက် တိုးလာသည့်အပြင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေတိုးလာကြောင်း တွေ့ရှိရပါ သည်။ ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများတွင် အဓိကအားဖြင့် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ Toll Gate လုပ်ငန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ်လုပ်ငန်းများ၊ Internet ဝန်ဆောင်မှုလုပ်ငန်းများသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါ က အရေအတွက် တိုးလာသည့်အပြင် ဝင်ငွေများလည်း တိုးတက်လာသောကြောင့် ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီနိုင်မည် ဖြစ်ပါ သည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆၇၇,၈၀၅.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၅၁.၅ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၁၈) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လ ပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆၇၇,၇၂၉.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၁၀၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၂၆.၅ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅၇၂,၁၄၈.၀ သန်း အကောင်အထည် ဖော်ရန် နှင့် ၂၇.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၅၀၇,၁၇၆.၀ သန်းရရှိခဲ့ပြီး၊ ၂၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန။ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းများမှာ-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အသိပညာပေးခြင်း နေရပ်သို့ ကယ်တင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ လူကုန်ကူးခံရသူများ စုစုပေါင်း (၁၆၆) ဦး လွှဲပြောင်းပေးခဲ့ပါသည်။

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့သည် ဘိန်းခင်း ၂၉၅၄.၆၇ ဧက ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ယာယီ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (ရနောင်း) အပါအဝင် (၁၁)ရုံး တိုးချဲ့ ဖွင့်လှစ်ထားရာ နှစ်နိုင်ငံ ညှိနှိုင်းချက်အရ ထိုင်းနိုင်ငံတွင် (စမုစခွန် (မဟာချိုင်)၊ စူရတ်ဌာနီ၊ ချင်းမိုင်၊ ရနောင်း) ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ရုံး (၄) ရုံးဖြင့် မြန်မာအလုပ်သမားများ၏ သက်တမ်းတိုးပေးခြင်း၊ ဒဏ်ကြေးဖြင့် စာအုပ်အသစ် ပြန်လည် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုများအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်တိုင် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ခဲ့ ပါသည်။ နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုကို ချီးမြှင့်နိုင်ရေး အတွက် မြို့ပြ/ကျေးရွာအဆင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်း ကော်မတီ အနေဖြင့် အောက်ပါဆုများ ချီးမြှင့် နိုင်ရေးကို ဆောင်ရွက်ပေး ခဲ့ပါသည်-

(၁) စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးတောင်သူလယ်သမားဆု၊

(၂) စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု၊

(၃) မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလူပုဂ္ဂိုလ်ဆု၊

(၄) မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု၊

(၅) ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု။

(ဂ) မြန်မာနိုင်ငံအမျိုးသားရှာဖွေ ကယ်ဆယ်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ သြဂုတ်လ(၂၇)ရက်စွဲပါ စာအမှတ်၊ ၅၀၆(၃၅၉)/၁၂/ သမ္မတရုံး ခွင့်ပြု ချက်အရ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီး အမျိုးသားရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်း ကော်မတီမှ တိုင်းဒေသကြီး/ ပြည်နယ်(၁၄)ခုတွင် သဘာဝဘေး အန္တရာယ် ဖြစ်ပွားမှု(၁၈၁) ကြိမ်တွင် ဒုက္ခသည်ပေါင်း (၅၆,၃၅၃) ဦးကို ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(စ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ် (UNDP)တို့အကြား Country Programme Action Plan - CPAP (2013-2015)အား မဏ္ဍိုင် (၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးဌာနများ နှင့်အတူ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ "ဒေသဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲခြင်း၊ ထိရောက်မြန်ဆန်သော ပြည်သူ့ဝန်ဆောင်မှုပေး ခြင်း နှင့် ပဋိပက္ခကြုံတင် ကာကွယ်တားဆီးခြင်း အတွက် ဒေသဆိုင်ရာ အစိုးရများ၏ စွမ်းရည် နှင့် စီမံခန့်ခွဲမှု တိုးတက်စေခြင်း" ရလဒ်ကို အကောင်အထည် ဖော်ဆောင် ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် UNDP တို့ ပူးပေါင်း၍ Good Local Governance and People Centered Services ခေါင်းစဉ်ဖြင့် နိုင်ငံတော် အဆင့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေးပွဲများကို မွန်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မဏ္ဍိုင်(၁) ရလဒ်၊ ကဏ္ဍပါ ထိရောက် သော ပြည်သူ့ဝန်ဆောင်မှုများအတွက် မြို့နယ်ဖွံ့ဖြိုးမှု ရန်ပုံငွေထောက်ပံ့မှုနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို (၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြည်သူ့ ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်း အဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ သက်ဆိုင်ရာအစိုးရဌာန ကိုယ်စား လှယ်များ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ ပါသည်။ ညောင်ဦးခရိုင်၊ ပုဂံဒေသတွင် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက် အာဏာ

ပိုင်များ၏ (၂၀)ကြိမ်မြောက် ဒေသအဆင့် အစည်းအဝေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဆ) အကျဉ်ဦးစီးဌာန၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကျင့်ထုံး-၄၀၁(၁)အရ နိုင်ငံခြားသား အကျဉ်းသား (၅)ဦး နှင့် နိုင်ငံသား အကျဉ်းသား (၁၈၆)ဦးတို့ လွတ်မြောက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အင်းစိန်ဗဟို အကျဉ်းထောင်၊ မန္တလေးဗဟို အကျဉ်းထောင်၊ သာယာဝတီ ဗဟိုအကျဉ်းထောင်နှင့် မြင်းခြံ အကျဉ်းထောင်များ၌ ရေနှင့်သန့်ရှင်းမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း လုပ်ငန်းများအပြင် အကျဉ်းထောင်များသို့ ဝင်ရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဇ) မီးသတ်ဦးစီးဌာနသည် မီးဘေး ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်ကို တိုင်းဒေသကြီး / ပြည်နယ်အဆင့်(၁၄)ဖွဲ့၊ ခရိုင်အဆင့်(၅၉)ဖွဲ့၊ မြို့နယ်အဆင့် (၃၂၄)ဖွဲ့၊ ရပ်ကွက်/ ကျေးရွာ အဆင့် (၈၀၃၈)ဖွဲ့၊ စုစုပေါင်း(၈၄၃၅)ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဖော်ပြပါလုပ်ငန်း များကို ဆောင်ရွက်လျက် ရှိပါသည် -

(က) တပ်မတော်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ၊ အရေးကြီးအဆောက်အဦများ၊ လေယာဉ်ကွင်းများ၊ စီမံကိန်းဝင်တည်ဆောက်ရေး လုပ်ငန်းများအား လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ပေးခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်း ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့ပြီး သဘောတူညီချက် ၁၄ ချက် ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အခမဲ့ဆေးဝါး ကုသပေးသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်း တာကျောက်၊ မိုင်းဖြတ်ကြား ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာအတွင်း ရေနစ်မြုပ်မှု ဖြစ်ပွားခြင်း၊ နမ့်လင်းချောင်းရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီး ယိုယွင်းမှုများ၊ ကတ်ထိုက် ကျေးရွာအုပ်စုတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ကတ်ဝုန်းကျေးရွာ တစ်ဝိုက်တွင် မိုးသီးများ ကြွေကျခြင်း၊ နောင်ရှန်တံတား ရေတိုက်စားမှုကြောင့် ရေဘေးသင့်

အိမ်များကို ပြောင်းရွှေ့ပေးခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ရေစီးလမ်းကြောင်း တူးဖော်ခြင်း၊ လမ်းအူကြောင်း ပြန်လည်ဖော်ခြင်းနှင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ကို ဆောင်ရွက်ပေးခဲ့ပါ သည်။

(ဂ) ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း၊ ပခုက္ကူမြို့နယ်၊ အမရပူရမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ မင်းဘူးမြို့နယ်၊ ညောင်ဦးမြို့နယ်များတွင် ရေကြီးနစ်မြုပ်မှုများမှ ရေဘေးသင့်အိမ်များကို ရေဘေး ကင်းလွတ်ရာ နေရာများသို့ ကူညီပြောင်းရွှေ့ပေးခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများ တည်ဆောက်ပေးခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း ခဲ့ပါသည်။ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်း များ အတွက်ဆောင်ရွက်ပေးခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အတည်ပြုချမှတ်ပေးထားသော နှစ်တို နှစ်ရှည် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းတံတား လုပ်ငန်း အနေဖြင့် လုပ်ငန်း ပြီးစီးမှုမှာ မြေလမ်း (၄၆/၂) မိုင်၊ ကျောက်လမ်း (၁၄၁/၂) မိုင်၊ ကတ္တရာလမ်း (၂၈/၄) မိုင်၊ တံတားကြီး(၃) စင်း၊ တံတားငယ် (၁၈)စင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်(၁)ခု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။

(ခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအား ချင်းပြည်နယ် (၉) မြို့နယ်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ (၃)မြို့နယ်တို့တွင် ကျေးလက်လမ်းများ ဖောက်လုပ်မြှင့်တင်ခြင်း၊ တံတားငယ်များ ဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်း၊ အသေးစားလျှပ်စစ်ဓါတ်အား ရရှိရေး၊ ပညာရေး၊ကျန်းမာရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ World Food Programme (WFP)တို့ ပူးပေါင်း၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် ဆန်နှင့် စားနပ်ရိက္ခာဖြန့်ဖြူး ခြင်း လုပ်ငန်းများ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) United Nations High Commissioner for Refugees (UNHCR) နှင့် နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျေးရွာအခြေပြု လူထုစွမ်းရည်မြှင့်တင်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်း နှင့် တန်ဘိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါ သည်။

(ဃ) SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား မွန်ပြည်နယ် နှင့် ကရင်ပြည်နယ် တို့တွင် ပညာရေး၊ ကျန်းမာရေးနှင့် ရေရရှိရေးလုပ်ငန်း၊ JICA နှင့် ဘိန်းစိုက်ပျိုးမှု ပယောက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် စိုက်ပျိုးရေးလုပ်ငန်း၊World Vision Myanmar နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နှင့် ကရင်ပြည်နယ်တို့တွင် ကျေးရွာလူထု ဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး၊ ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ လျှော့ချရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ Terra People Association (TPA) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးနှင့် ပညာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ The Association of Medical Doctors of Asia (AMDA)နှင့်လည်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူတို့တွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်ရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများတိုးတက် ကောင်းမွန်ရေး၊ ကျောင်း ထောက်ပံ့ရေး လုပ်ငန်းများအား အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(c) SWISSAID နှင့် ပူးပေါင်း၍ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဂျင်ဒါ နှင့် အမျိုးသမီးဖွံ့ဖြိုးမှု

လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ Nippon Foundation (စေတနာ) နှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာသင်ကြားခြင်း စီမံကိန်းအား ရှမ်းပြည်နယ်တွင် စာသင်ကျောင်း (၁၀၀)ဆောက်လုပ်ခြင်း၊ ကျောင်း (၅၀) ပြုပြင်ခြင်း လုပ်ငန်းများ၊ Nippon Foundation (BAJ)နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် စာသင်ကျောင်း (၁၀၀) ဆောက်လုပ်ခြင်း စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Welt hunger hilfe (Whh)နှင့် ပူးပေါင်း၍ လူမှုစီးပွားဘဝနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှု လျှော့ချရေးနှင့် ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း အား ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများအား အကောင် အထည် ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ Malteser International နှင့် ပူးပေါင်း၍ ကျန်းမာရေး၊ သောက်သုံးရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စီမံကိန်းအား ရှမ်း ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

(စ) စက်မှုလက်မှု သင်တန်းကျောင်း (မိုင်းလား၊ ပန်ဆန်း၊ လောက်ကိုင်၊ လပွတ္တာ) (၄)ကျောင်းတွင် လောက်ကိုင်နှင့်လပွတ္တာကျောင်း တို့တွင်သင်တန်း (၄)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား(၁၅၀) ဦး တက်ရောက်လျက်ရှိပါသည်။ တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း၊ ရန်ကုန်မြို့တွင် "အသက်မွေးမှု ပညာလေ့ကျင့်ရေး သင်တန်းကျောင်း (စက်/ အလုပ်ရုံ)" ဖွင့်လှစ်ပြီး စက်ပြင် သင်တန်း၊ အခြေခံလျှပ်စစ်နှင့် အီလက်ထရွန်နစ် သင်တန်း၊ လျှပ်စစ်ဂေဟဆက် သင်တန်းတို့ကို (၆)လ သတ်မှတ်သင်ကြားပေးလျက် အောင်လက်မှတ်များ ချီးမြှင့် ပေးခဲ့ပါသည်။

(ဆ) အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(၃၆) ကျောင်း တွင် အခြေခံစက်ချုပ်၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေး၊ ဂျပ်ခုတ်၊ ရက်ကန်း စသည့် သင်တန်းများကိုဖွင့်လှစ်ပေးပြီး ပထမအကြိမ် သင်တန်းသူ စုစုပေါင်း(၁၈၁၅)ဦး တက်ရောက် အောင်မြင်ခဲ့ပြီး၊ ဒုတိယ အကြိမ် သင်တန်းကို သင်တန်းသူ စုစုပေါင်း (၁၉၁၉)ဦး သင်ကြားပေးခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန။ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်စေရန် နယ်နိမိတ် သတ်မှတ်ဆောင်ရွက်ရေးနှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) အရှေ့အာရှနှင့် ပစိဖိတ်ဌာန၊ အရှေ့တောင်အာရှဌာန၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန၊ ဥရောပဌာန၊ အမေရိကဌာန၊ တောင်နှင့် အနောက် အာရှဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဌာနတို့မှ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(ခ) ကောင်စစ်ရေးရာနှင့် နယ်နိမိတ်ရေးရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် သံတမန်ရေးရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောက်ရွက်နိုင်ခဲ့ပါသည်။

(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် သမ္မတကြီး၏ တရုတ်ပြည်ချစ်ကြည်ရေး ခရီးစဉ်အတွင်း ဘိုအောင်းဖိုရမ်အစည်းအဝေးတွင် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆိုင်ရာလုပ်ငန်းစီမံချက်(မူကြမ်း)ကို သဘောတူခဲ့သည်။

(ဃ) မဲခေါင်-ကိုးရီးယား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀-၆-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ (၄၆)ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားကို ၂၀၁၃ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(င) ဆွမ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၁၁-၉-၂၀၁၃ ရက်နေ့မှ ၁၄-၉-၂၀၁၃ ရက်နေ့ထိ ကျင်းပသည့် (၂၄)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး၊ လက်နက်ဖျက်သိမ်းရေးညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်ညီလာခံတို့တွင်အပြည်ပြည်ဆိုင်ရာအဏုမြူ စွမ်းအင်အေဂျင်စီ၏ နောက်ဆက်တွဲ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန။ မြန်မာ့မီဒီယာ လောကကို အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာရေး မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ရန် အပါအဝင် လုပ်ငန်းစဉ်(၅၅)ခုကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပခုက္ကူစက်ရုံ (3KW) ၊ ရေဦးစက်ရုံ (3KW)၊ မိုင်းလုံစက်ရုံ (50W)၊ ခိုလန်စက်ရုံ (50W)၊ ပန်လုံစက်ရုံ(50W)၊ ကာလိစက်ရုံ(50W)၊ မော်ထိုက်စက်ရုံ (50W)နှင့် မင်းတုန်းစက်ရုံ (250W)တို့ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ရုပ်သံအစီအစဉ်များ ထုတ်လွှင့်ခဲ့ပါသည်။

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မွန်ပြည်နယ် အတွင်းရှိ ပြည်သူ့စာကြည့်တိုက် (၈)တိုက် နှင့် ကျေးရွာစာကြည့်တိုက် (၁၉)တိုက် စုစုပေါင်း (၂၇) တိုက်ကို International Media Support (IMS)အဖွဲ့ နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ အင်တာနက်အသုံးပြု နိုင်ရန် Sky Net များတပ်ဆင်ခြင်း၊ ခရိုင်ရုံးများ၌ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Router များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ခရိုင်ရုံး (၁၃)ရုံးတွင် တပ်ဆင်ပေးခဲ့ပါသည်။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ခရိုင် (၃၅)ခုတွင် ပြည်တွင်းပြည်ပ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်း အချက် အလက်များကို သိရှိနိုင်ရန်အတွက် WiFi များ တပ်ဆင်ပေးခဲ့ပါသည်။ ခရိုင်ရုံး (၆၉)ရုံး၊ မြို့နယ်ရုံး (၂၅၉)ရုံးနှင့် မြို့နယ်ခွဲရုံး(၈၄)ရုံး တို့တွင် မြေစိုက် နံရံကပ်စာစောင်များ စိုက်ထူပြသထားပါသည်။

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မူလတန်းကျောင်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှု(၅၆၂၃)ကြိမ်၊ လက်ကမ်း စာစောင် ထုတ်ဝေမှု (၃၇၅) ကြိမ်၊ နံရံကပ်စာစောင်ပြသမှု (၅၂၂၂)ကြိမ်၊ ဓာတ်ပုံပြပွဲ (၅၂၇၆) ကြိမ်၊ ဟောပြောပွဲ (၅၆၂၃) ကြိမ်ကို ခင်းကျင်းပြသ ပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ကူညီဆောင်ရွက်မှုများဖြင့် e-Library (၁၀၈)ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

(c) ခရိုင်နှင့်မြို့နယ်ရုံး စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်း နေရာများကို သီးခြားသတ်မှတ်ပေးထားပြီး ကလေးဆိုင်ရာစာပေများကို ဝယ်ယူ စုဆောင်းပေးခဲ့ပါသည်။

(စ) ဝန်ထမ်းများ၏ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် ပြည်သူ့ ဆက်ဆံရေးလုပ်ငန်းစွမ်းရည်များ တိုးတက်လာစေရေးအတွက် စာကြည့် တိုက် ပညာသင်တန်း၊ သတင်း ဗီဒီယိုရိုက်ကူးခြင်းနှင့် တည်းဖြတ်ခြင်း သင်တန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဆက်သွယ်ရေးအရာရှိ သင်တန်းနှင့် စွမ်းရည်မြှင့်သင်တန်းတို့ကို ဖွင့်လှစ် ပေးခဲ့ပါသည်။

(ဆ) သတင်းစာ တိုက်(၁၃)ခုမှ စောင်ရေပေါင်း(၆၀၇၈၀၆၃၉)စောင် ရိုက်နှိပ်နိုင်ခဲ့ပြီး၊ စက်လုံးရေ (၂၁)လုံးဖြင့် လည်ပတ်လျက်ရှိရာ စက်တစ်လုံးချင်း အနေဖြင့် မူလ စက်စွမ်းအားအပေါ် ၅၉.၈၁ ရာခိုင်နှုန်း ထုတ်လုပ် နိုင်ခဲ့ပါသည်။

(ဇ) မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ရုပ်ရှင်ဇာတ်ကား (၅၄)ကား၊ ဗီဒီယိုတိပ်ခွေ (၈၆၈) ခွေအား စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး သတင်းကား ရိုက်ကူးခြင်းတွင် (၇)ကား ရိုက်ကူးနိုင်ခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန။ သာသနာရေးဝန်ကြီးဌာနအနေဖြင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းအတွက် Infrastructure တည်ဆောက်ခြင်း၊ HRD (Human Resources Development) မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ Data base Portal ထူထောင်ခြင်း၊ ကိုယ်ပိုင် Website ထူထောင်ခြင်း၊ e-Library ထူထောင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ICT နည်းပညာရပ်များအသုံးပြုကာ လူနည်းနည်းဖြင့် စွမ်းရည် ပြည့်ဝအောင် ဆောင်ရွက်ရန်၊ ICT နည်းပညာရပ်များကို အခြေပြုကာ ခေတ်မီအစိုးရ အုပ်ချုပ်ရေးယန္တရား များ ဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိပါ သည်။

(က) (၆၅) ကြိမ်မြောက် တိပိဋ္ဌကရေ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပခြင်း၊ (၆၆)ကြိမ်မြောက် တိပိဋ္ဌကရေ ရွေးချယ်ရေး စာမေးပွဲကျင်းပရေး ကြိုတင် ပြင်ဆင်ခြင်း၊ (၆၆) ကြိမ်မြောက် တိပိဋ္ဌကရေစာမေးပွဲ ဝင်ခွင့်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးပို့ခြင်း၊ ၂၀၁၃ ခုနှစ်၊ (၂၁) ကြိမ်မြောက် နိကာယ်စာမေးပွဲကို ကျင်းပခြင်း၊ (၂၁)ကြိမ်မြောက် နိကာယ် စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) ပြည်ပသာသနာပြုအနေဖြင့် မြန်မာနိုင်ငံသို့ တရားအားထုတ်ရန် လာရောက်ကြသော နိုင်ငံခြားသားရဟန်းတော်၊ သီလရှင်၊ ယောဂီများ၏ ပြည်နေခွင့်သက်တမ်း တိုးမြှင့်ခြင်း၊ ပြည်ဝင် ဗီဇာလျှောက်ထားခြင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားခြင်းများကို နိုင်ငံပေါင်း ၅၈ နိုင်ငံမှ ရဟန်း ၂၆၇ ပါး၊ သီလရှင် ၁၇၈ ပါးနှင့် ယောဂီ ၂၇၃ ဦးတို့အတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်ပသို့သာသနာပြု ဆောင်ရွက်ရန်နှင့် ဘုရားဖူးကြွရောက်ကြသော ရဟန်း ၉၀၅ ပါးနှင့် သီလရှင် ၃၀ ပါးတို့ အတွက် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

(ဂ) ပိဋကတ် ဘာသာပြန်စာတည်းအဖွဲ့က ပိဋကတ်တော် ဘာသာပြန်စာမူများကို တည်းဖြတ်ပေးပြီးနောက် စာမူချော ပြုစုခြင်း၊ စာစီခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း နှင့်ဌာနဆိုင်ရာ အချက်အလက်များ ပြန်ဆို စာစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) မြန်မာနိုင်ငံ၌ ထူးခြားထင်ရှားသော သာသနာ့ဥည္သျှောင် ဆရာတော်များ၏ အတ္ထုပ္ပတ္တိများကို ရှာဖွေစုဆောင်း၍ ထေရုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်း စသည်တို့ ဆောင်ရွက်ခဲ့ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားဆင်းတုတော် ၅၇၅ ဆူအား ရှေးမူမပျက် ပြန်လည်ပြုပြင်ပြီး ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ အမျိုးအစားခွဲခြား၍ စာရင်းပြုစုခြင်း၊ ကွန်ပျူတာမှတ်တမ်းများ အတွင်း စာရင်းရေးသွင်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။ ဝန်ကြီးဌာနသည် အဓိကတာဝန်ကြီး (၃)ရပ် ဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသား မှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့် (PR)စနစ် စီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စုစုပေါင်း(၃)ကြိမ် ကျင်းပပြီး၊ နည်းဥပဒေ (မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထား မှတ်ချက် တောင်းခံထားပါသည်။ အိမ်နီးချင်း(၅)နိုင်ငံအနက် အိန္ဒိယနိုင်ငံမှ လွဲ၍ ကျန်(၄)နိုင်ငံနှင့် နယ်စပ် ဖြတ်သန်းသွားလာရေးဆိုင်ရာ စာချုပ်များအရ စုစုပေါင်း ဝင်/ထွက်ပေါက် (၁၆) ပေါက်ဖွင့်လှစ်၍ နှစ်နိုင်ငံပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တို့ဖြင့် နှစ်နိုင်ငံ ပြည်သူများအား အဆင်ပြေချောမွေ့စွာ ဝင်/ထွက်သွားလာရေး ခွင့်ပြုလျက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်တွင် နယ်စပ်ဝင်/ထွက်ပေါက် (၃) ပေါက်အပြင် ထီးခီး-ဖူနာရွန် နယ်စပ် ဝင်/ထွက်ပေါက်

အား အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်၍ (၂၈-၈-၂၀၁၃) ရက်နေ့မှစ၍ နယ်စပ် ဝင်/ထွက် ပေါက်(၄) ပေါက်တွင် Visa ပါရှိသော နိုင်ငံကူးလက်မှတ်ဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံသားများ နှင့် တတိယနိုင်ငံသားများကို ဝင်ထွက် ခွင့်ပြုလျက်ရှိပါသည်။

(ခ) လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွင် ရေဆိပ်စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက် သဘော်(၇ဖ၃)စီးနှင့် ထွက်ခွာသဘော်(ဖ၂၃)စီးကိုစစ်ဆေးခဲ့ပြီး၊ ကမ္ဘာလှည့် သဘော်(၁)စီး ဝင်ရောက်/ ထွက်ခွါခဲ့ပါသည်။ On Arrival Visa ထုတ်ပေးသူ (၃၂၈၉၅)ဦး၊ Overstay ဖြစ်သူ (၇ဖ၂၈) ဦး၊ နယ်စပ်နှင့်ကုန်းလမ်းမှ နိုင်ငံခြားသား (၇၉၁၄၅၃) ဦး ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား (၂ဖ၅၃၄၇) ဦး ထွက်ခွာခဲ့ပါသည်။ ပြည်ပြန်ဝင်ခွင့်ဗီဇာ ထုတ်ပေးပြီးသူ (၃၀၁၁) ဦး၊ အခွန်အခ ကင်းလွတ်ခွင့်ပြုသူ (၈၄၅) ဦး၊ ဆက်လက် နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသား (၁၄၇၃၉) ဦးနှင့် အခွန်အခ ကင်းလွတ်ခွင့်ပြုထားသူ (၁၄၂၉)ဦးတို့ဖြစ်ပါသည်။

(ဂ) ၂၀၁၄ခုနှစ်၊ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရန်အတွက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝယ်ယူထားသော Universal Transverse Mercator မြေပုံ(၁၁၃၄)ပုံအား လက်ခံစစ်ဆေးခြင်း၊ ပြည်တွင်း/ ပြည်ပပညာရှင်များ၏ ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေအသစ်ကို အတည်ပြုပြီး (၃၁-၇-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းအတွက် ကောင်းကင် မြေပုံရရှိရန် Google Earth Software အသုံးပြု၍ ကွန်ပျူတာဖြင့် မြေပုံများ ရေးဆွဲ လျက်ရှိရာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မွန်၊ ရခိုင်၊ ရှမ်း နှင့် နေပြည်တော်ရှိ ကျေးရွာမြေပုံများအား ရေးဆွဲပြီးဖြစ်ပါသည်။ Geographic Information System နည်းပညာကို အသုံးပြု၍ ရေးဆွဲခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်အပ်နှံသော မြေပုံ(၅)မျိုးနှင့် စာရင်းကောက်ကွက် မြေပုံများကို Scan ဆွဲခြင်းနှင့် Editing ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အားကစားဝန်ကြီးဌာန ။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက် မြင့်မားစေရေးအတွက် အားကစားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် "မြန်မာ့အားကစား မှ ကမ္ဘာ့အားကစားသို့" ဟူသော ရည်မှန်းချက်ကို ရေတို ရေရှည် စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

(က) အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် ရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေး စီမံချက်နှင့် အောင်နိုင်ရေး စီမံချက်များအား လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများ မြန်မာနိုင်ငံတွင် လက်ခံကျင်းပခြင်း၊ ပြည်ပနိုင်ငံများသို့ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် ဒိုင်တာဝန်ထမ်းဆောင်ရန် ကိုယ်စားလှယ် စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံများသို့ အားကစားသင်တန်းနှင့် ပညာသင်စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းနှင့် ပြည်တွင်း၌ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီအစဉ်ဖြင့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာစစ်တမ်းများနှင့် လေ့ကျင့်ပညာပေးလုပ်ငန်း၊ လူငယ်လူရွယ်များ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု နှင့်ကြံ့ခိုင်မှုကို လေ့လာစစ်တမ်း ကောက်ယူရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များတွင် အားကစားနည်းအလိုက် အားကစားကလပ် အသင်းများ ဖွဲ့စည်း လေ့ကျင့်စေခဲ့ရာ အားကစား ကလပ်ပေါင်း (၁၀၄၇) ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သိပ္ပံဘွဲ့ (အားကစားပညာ)၊ Bachelor of Science (Sport)၊ B.Sc(Sport) နှင့် ဝိဇ္ဇာဘွဲ့ (အားကစားပညာ) Bachelor of Arts (Sport)၊ B.A(Sport) ဘွဲ့ကြိုသင်တန်း ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒီဇင်ဘာလမှ စတင်၍ ဒဂုံတက္ကသိုလ် (ရန်ကုန်) နှင့် ရတနာပုံတက္ကသိုလ်(မန္တလေး) တို့တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သား ကောင်းများ ပေါ်ထွန်းလာစေရန်၊ကျောင်းသား၊ ကျောင်းသူများ၏ စံနမူနာပြ လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များ ဖြင့် ဘက်စုံထူးချွန်လူငယ် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ပေးခဲ့ ပါသည်။

(ခ) အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အဆင့် မြှင့်တင်ရေး

အနေဖြင့် အင်္ဂလိပ်ဘာသာစွမ်းရည် ပြိုင်ပွဲကျင်းပခြင်း၊ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းများ ဖွင့်လှစ်ခြင်း တို့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း (၁၅၉) ကျောင်း အထိ တိုးမြှင့် ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးနှင့် ကျေးလက်ဒေသများတွင် ဆရာတည်မြဲရေးအတွက် အခြေခံကျောင်း / ရုံးများတွင် နေ့စား၊ လပေး မူလတန်းပြ ဆရာ၊ ဆရာမ (၂၉၅၃၅) ဦး၊ နေ့စား၊ လပေးအောက်ခြေ ဝန်ထမ်း (၂၂၁၀၀) ဦး စုစုပေါင်း (၅၁၆၃၅) ဦး တို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြည့်ဆည်းခန့်ထားပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားရောက် မြန်မာကလေးငယ်များ အတွက် အခြေခံပညာ စာပေးစာယူနည်းဖြင့် ဆက်သွယ်ပို့ချပေးခဲ့ရာ နိုင်ငံပေါင်း ၃၉ နိုင်ငံမှ အခြေခံပညာ မူလတန်းအဆင့် (၂၅၀) ဦး၊ အလယ်တန်းအဆင့် (၁၈၃)ဦး၊ အထက်တန်း အဆင့် (၁၁၇)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၅၅၀)ဦး ဆက်သွယ် သင်ယူနေဆဲဖြစ်ပါသည်။ ကျောင်းပြင်ပ မူလတန်း ပညာရေးနှင့် ကျောင်းပြင်ပရောက် ကလေးများ/လူငယ်များအတွက် စဉ်ဆက်မပြတ် တိုးချဲ့ပညာ သင်ယူခြင်း စီမံချက် EXCEL ကို မြို့နယ် ၃၀ တွင် လည်းကောင်း၊ အခြေခံပညာ ကဏ္ဍလေ့လာစိစစ် အကဲဖြတ်ခြင်း နှင့် ပညာရေး ကောလိပ်သင်ရိုးတွင် ကလေးပျော်ကျောင်းသဘောတရားများ ပေါင်းစပ်သင်ကြားရေး လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ပညာရေးဂန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး ဘက်စုံအရည်အသွေးပြည့်ဝသော ပညာရေး အစီအစဉ် (Comprehensive Quality Education) ဖြင့် အရည်အသွေးရှိသည့် အခြေခံ ပညာရေးစီမံချက် (Quality Basic Education Project-QBE) ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေး စီမံချက် (Early Childhood Development- ECD)၊ ဘဝတွက်တာ ကျွမ်းကျင်စရာနှင့် HIV/AIDS ကာကွယ်တားဆီးရေးပညာရေး စီမံချက်(Life-skill & HIV/ AIDS Prevention Education Project-LAPE)များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(c) မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပညာရေးကဏ္ဍတွင် အခြေခံပညာရေး နှင့် ကျားမတန်းတူ အခွင့်အရေးရရှိရေး အစီအစဉ် (Basic Education and Gender Equality–BEGE)ကို ဆောင်ရွက်လျက် ရှိပါသည်။

ဘဝတွက်တာ ကျွမ်းကျင်စရာ နှင့် ခုခံအား ကျဆင်းမှု ကူးစက် ရောဂါ ကာကွယ်တားဆီးရေးနှင့် ဒုတိယအကြိမ် သင်ယူမှု အခွင့်အလမ်း ရရှိရေး (Life Skills and HIV/AIDS Prevention Education and Second Chance Education) စသည့် စီမံချက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေမြဲရေးတို့အတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင် မိဘများ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ ကျောင်းနေ အရွယ်လွန် သက်ကြီးစာမတတ်သူ အားလုံး စာတတ်မြောက်ရေးအတွက် ၂၀၁၃ ခုနှစ်၊ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို ဘားအံမြို့နယ်၊ တီးတိန်မြို့နယ်၊ ချောင်းဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တမူးမြို့နယ်၊ ငဖဲမြို့နယ်၊ ရေစကြိုမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် မုဒုံမြို့နယ်များတွင် လုပ်အားပေး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(စ) တက္ကသိုလ်အသီးသီး၏ ဘွဲ့သင်တန်းများကို ပညာသင်နှစ် တစ်နှစ်စီ တိုးမြှင့်သင်ကြားပေးလျက်ရှိ ပါသည်။ Comprehensive Education Sector Review (CESR) ကို နိုင်ငံတကာမှ Development Partners များနှင့် ဆွေးနွေးကာ Phase (၃) ခု ဖြင့် ဆောင်ရွက် လျက်ရှိပါသည်။ ဝန်ကြီးဌာန(၁၃) ခု အောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များတွင် ပေါ်ပေါက်လာမည့် တက္ကသိုလ် ပညာရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြ ပါသည်။

(ဆ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR) လုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်တိုအတွင်း အကဲဖြတ်ခြင်း (Rapid Assessment)၊ အသေးစိတ် လေ့လာဆန်းစစ်ခြင်း (In-depth Analysis) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အမေရိကန် နိုင်ငံ၊ Spoon River College နှင့် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒ ဌာနတို့ပူးပေါင်း၍ Training for Computer Based Laboratory (CBL) သင်တန်း ဖွင့်လှစ်ခဲ့ပါသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် "အာဆီယံ စီးပွားရေး ပညာရပ်ကျွမ်းကျင်မှု သင်တန်း" ဖွင့်လှစ်ဆောင်ရွက်ခဲ့ ပါသည်။

(ဇ) သဘာဝဘေးအန္တရာယ် လျော့ပါးရေး ပညာပေး အစီအစဉ် (Education for Disaster Risk Reduction)ကို ယူနက်စကိုနှင့်ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ် ၆ ခုရှိ ၈၈ မြို့နယ်တွင် ၂နှစ် ကြာ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါသည်။ ငလျင်ဘေး၊ မီးဘေး၊ ရေဘေး၊ မုန်တိုင်းစသော သဘာဝဘေးအန္တရာယ် အမျိုးမျိုး တွေ့ကြုံရပါက ကြိုတင် ပြင်ဆင်တတ်ရန် နှင့် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံပညာကျောင်းသင်ခန်းစာများ၊ ဆရာအတတ်ပညာဆိုင်ရာ သင်ခန်းစာများနှင့် ပညာရေး အကောင်အထည်ဖော်မှု ဆိုင်ရာ လမ်းညွှန်ချက်များကို မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား (ရေဒီယိုကဏ္ဍ) မှ ထုတ်လွှင့်ပေးခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တိုင်းရင်းဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**အား (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ်(၂)ဖြင့် (၁၅-၁-၂၀၁၃) ရက်နေ့၊ **ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**အား (၂၀၁၃)ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁၄)ဖြင့် (၂၈-၆-၂၀၁၃) ရက်နေ့၊ **မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား** (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၁၅) ဖြင့် (၂၈-၆-၂၀၁၃) ရက်နေ့၊ **အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**အား (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၂၄)ဖြင့် (၁၃-၈-၂၀၁၃) ရက်နေ့၊ **မျက်စိ လှူဒါန်းခြင်းဆိုင်ရာဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေအား (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၂၅)ဖြင့် (၂၀-၈-၂၀၁၃) ရက်နေ့ တို့တွင် အသီးသီး ပြဋ္ဌာန်းခဲ့ပါသည် ။

(ခ) The Geneva Convention Implementing Act (India Act XIV, 1936, Vol V) ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) တို့အား ညှိနှိုင်းရေးဆွဲလျက်ရှိပါသည်။

(ဂ) နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှ ရရှိခံစားနိုင်စေရန် အစီရင်ခံသည့် ကာလအတွင်း

ဆေးရုံများ အသစ်ဖွင့်လှစ်ခြင်း(၂)ရုံ၊ စံကိုက်ဖွဲ့စည်းပုံ နှင့် လက်ရှိဖွဲ့စည်းပုံများ ပြင်ဆင်သည့် ဆေးရုံ(၁)ရုံဖြစ်၍ ကျေးလက် ကျန်းမာရေးဌာန (၁) ဌာန အသစ် ဖွင့်လှစ်ပေးပြီး၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ (၂၃၇) ဌာနကိုလည်း အသစ် ဖွင့်လှစ်ပေးခဲ့သည့်အပြင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ရုံး(၃)ရုံးကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည် ။

(ဃ) ဆေးသိပ္ပံပညာဦးစီးဌာနသည် အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည့် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်များကို လေ့ကျင့် မွေးထုတ်ပေးနိုင်ရန်အတွက် ဆေးတက္ကသိုလ်အသစ်တစ်ခုအား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ရေး အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

(c) ဆေးသိပ္ပံပညာဦးစီးဌာနသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများ(နာဂ၊ ဓနု၊ ပအိုဝ်၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့်နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေး နှင့် လူမှုရေးခက်ခဲသော ဒေသများမှ (၂၀၁၃) ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲကို ဓါတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူများအား ဆေးတက္ကသိုလ် ဝင်ခွင့်ပြုရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည် ။

(စ) ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအနေဖြင့် ၄က်ဖျားရောဂါ တိုက်ဖျက်ရေး ဌာနသည် တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခု ရှိဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများမှ ၄က်ဖျားရောဂါဖြစ်ပွားသူ၊ (RDT/ Microscope) ဖြင့် သွေးစစ်ဆေးပေးသူ လူနာများအနက် ရောဂါပိုးတွေ့ရှိသူများအား ကုသပေးနိုင်ခဲ့ပါသည်။

(ဆ) သွေးလွန်တုပ်ကွေးရောဂါအနေဖြင့် အစီရင်ခံကာလအတွင်း သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားသူပေါင်း (၁၇,၉၅၀)ဦး ရှိပြီး သေဆုံးသူ (၇၉)ဦး ရှိပါသည်။ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသော တိုင်းဒေသကြီး/ ပြည်နယ်များ၏ မြို့နယ် (၂၅၆) တွင် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းအဖြစ် ရပ်ကွက်/ကျေးရွာ ပေါင်း(၁၄,၇၄၂)၊ အိမ်ခြေပေါင်း (၁,၇၁၅,၀၂၆)တွင် လူဦးရေ(၇,၂၀၇,၂၅၆)ဦး ကာကွယ်ပေးနိုင်ခဲ့ပါသည်။ ဆေးမှုတ်ဆောင်ရွက်ခြင်း အဖြစ် မြို့နယ်ပေါင်း(၉၄) မြို့နယ်၊ ရပ်ကွက်/ ကျေးရွာပေါင်း (၁၀၇၆)ခု၊ အိမ်ခြေ/

ကျောင်းပေါင်း (၂၁,၈၀၂)၊ ကာကွယ်ပေးနိုင်သည့် လူဦးရေပေါင်း (၁၅၉,၀၂၉)ဦး၊ ကျန်းမာရေး ပညာပေးခဲ့သူပေါင်း (၁,၆၇၂,၁၉၅)ဦး ဖြစ်ပါသည်။

(ဇ) ဆင်ခြေထောက်ရောဂါကင်းဝေးရေး၊ လူကုန်ဆေးကျွေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအနေဖြင့် တိုင်းဒေသကြီး(၇)တိုင်း၊ နေပြည်တော် နှင့် ကရင်၊ မွန်ပြည်နယ် တို့တွင်ဆေးတိုက်ရန် ရည်မှန်းလူဦးရေ စုစုပေါင်း(၃၃.၄သန်း) အနက် ဆေးတိုက်ကျွေးပြီးစီးသည့် လူဦးရေ စုစုပေါင်း (၂၃.၇) သန်းရှိပြီး ဆေးတိုက်ပြီးစီးမှု ရာခိုင်နှုန်းအားဖြင့် (၇၀.၉၆%)ဖြစ်ပါသည်။

(စျ) အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် တီဘီရောဂါ ရှာဖွေရေး လုပ်ငန်းဆောင်ရွက်မှုများ အနေဖြင့် သလိပ်ပိုးတွေ့လူနာသစ် (၂၁,၃၇၈)ဦး၊ သလိပ်ပိုးတွေ့ ပြန်ဖြစ်လူနာ (၂,၃၁၆) ဦး၊ ပျက်ကွက်ပြန်ကု လူနာ(၂၄၅)ဦး၊ ဆေးကုသမှု မအောင်မြင်သော လူနာ (၈၁၈)ဦး၊ သလိပ်ပိုး မတွေ့လူနာ (၂၀,၈၄၃) ဦး၊ ကလေးတီဘီ(၁၀,၈၀၉)ဦး၊ အဆုတ်ပြင်ပတီဘီ လူနာ(၈,၀၂၃) ဦး၊ အခြား လူနာများ (၂,၄၄၆)ဦး၊ စုစုပေါင်းလူနာ(၆၆,၈၇၈) ဦးတို့အား ကုသပေးနိုင်ခဲ့သည်။

(ည) အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးကင်း လုံခြုံစိတ်ချရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအား ၂၂-၄-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉/၂၀၁၃အရ အသစ်တိုးချဲ့ ဖွဲ့စည်းခွင့် ရရှိခဲ့ပါသည်။ အဆိုပါဌာနမှ ပြည်သူများ အရည်အသွေးပြည့်မီ၍ ဘေးဥပါဒ် အန္တရာယ် ကင်းစင်သော အစား အသောက်နှင့် ဆေးဝါးများ ရရှိသုံးစွဲ နိုင်ရေးနှင့် အလှကုန်၊ လူသုံးကုန်ကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းများနှင့် ဆေးပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဓါတ်ခွဲစစ်ဆေးခြင်း ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ဌာနအသစ် ဖွင့်လှစ်ခြင်း အနေဖြင့် (၁၁-၅-၂၀၁၃) ရက်နေ့တွင် နယ်စပ်ကုန်သွယ်ရေးစခန်း၊ တမူး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံးခွဲကို ဖွင့်လှစ်ခဲ့ပါသည် ။

(ဋ) အစားအသောက် ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း အနေဖြင့် အစားအသောက် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများမှ အစားအသောက် တင်သွင်း ခြင်း နမူနာ (၃၁၅၀)ခု၊ အစားအသောက် တင်ပို့ခြင်း နမူနာ(၉၅)ခု အတွက်

ကျန်းမာရေးထောက်ခံချက်/လက်မှတ်ထုတ်ပေးခြင်း၊ ပြည်တွင်းတွင်လုပ်ငန်းသစ် အစားအသောက် လုပ်ငန်း(၁၁)ခု၊ သောက်ရေသန့် လုပ်ငန်း (၂၀)ခု၊ တိုးချဲ့ ထုတ်လုပ်ခြင်း ထောက်ခံချက် လက်မှတ် လျှောက်ထားသော အစားအသောက် လုပ်ငန်း(၁၉)ခု၊ သောက်ရေသန့် လုပ်ငန်း(၃)ခု၊ ထောက်ခံချက် သက်တမ်းတိုး ပေးရန် လျှောက်ထားသော အစားအသောက်လုပ်ငန်း(၂၈)ခု၊ သောက်ရေသန့် လုပ်ငန်း(၃၈)ခုတို့အား ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ အစား အသောက် နမူနာ(၁၉)မျိုး၊ ဈေးကွက်နမူနာကောက်ယူ ဓါတ်ခွဲစစ်ဆေးခဲ့ပြီး အစားအသောက် ထုတ်လုပ်သည့် လုပ်ငန်း(၄၀)ခုအား ကွင်းဆင်းစစ်ဆေးခဲ့ ပါသည်။

(၄) ကျန်းမာရေးသတင်းအချက်အလက်လုပ်ငန်း အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ ဆေးရုံများ၏ ဆေးမှတ်တမ်းဌာနမှ ဆေးမှတ်တမ်းထိန်းများအား အပြည်ပြည်ဆိုင်ရာ ရောဂါသင်္ကေတ (International Classification of Diseases (ICD-10) ပြုလုပ်ခြင်း၊ ကွန်ပျူတာအသုံးချ ဆေးမှတ်တမ်းစနစ် (Computer Assisted Medical Record System-CAMRS) သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပြု လုပ်ခဲ့ပါသည်။

(၃) e-Health လုပ်ငန်းအနေဖြင့် ကွန်ပျူတာစနစ်နှင့် ကွန်ပျူတာကွန်ယက်စနစ် အခြေခံသဘောတရားများ နားလည်စေရန် ရည်ရွယ်၍ ဝန်ထမ်းများအား ကွန်ပျူတာစနစ်နှင့် ကွန်ပျူတာ ကွန်ယက်စနစ် အခြေခံပြုပြင် ထိန်းသိမ်းခြင်း သင်တန်းပို့ချခြင်း၊ Geographical Information System (GIS) စနစ် အသုံးပြု၍ ကျန်းမာရေးတည်နေရာပြမြေပုံများ ရေးဆွဲခြင်းကို ဆောင်ရွက် လျက်ရှိရာ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီးတို့တွင် ဆေးရုံ၊ ကျန်းမာရေး ဌာန၊ ကျန်းမာရေး ဌာနခွဲတို့၏ Geo-database နှင့် တည်နေရာပြ ကွန်ပျူတာ မြေပုံများအား တိုင်းဒေသကြီး/ပြည်နယ် အလိုက်၊ မြို့နယ် တစ်ခုချင်းအလိုက် ပြုစု ရေးဆွဲခဲ့ပြီး မန္တလေးတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်တို့အတွက် Geo-database နှင့် တည်နေရာပြ ကွန်ပျူတာ မြေပုံများအား တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် တစ်ခုချင်း အလိုက် ပြုစုရေးဆွဲလျက်ရှိပါသည်။

(ဃ) အခြေခံ/အဓိကဆေးဝါးများ၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ရာတွင် ဗဟိုဆေးသိုလှောင်ရေးဌာနမှ ကျပ်သန်းပေါင်း ၁၄,၈၃၆ ၊ FEC ၅၇၂၁၀ နှင့် US$ ၁၃,၄၈၁,၉၃၉ တန်ဘိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံအသီးသီးသို့ ခွဲဝေ ဖြန့်ဖြူးခဲ့ပါသည်။

(ဏ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းလိုင်စင် ခွင့်ပြုခြင်းအနေဖြင့် လိုင်စင် လျှောက်ထားမှုများအပေါ် လုပ်ငန်း လိုင်စင်(ယာယီ) ခွင့်ပြုပေးမှု စုစုပေါင်းမှာ အထူးကုဆေးခန်း (၄၇၅)ခန်း၊ ဆေးရုံ (၁၇၆)ရုံ၊ သားဖွားခန်း(၁၇)ခန်း၊ ရောဂါရှာဖွေရေး လုပ်ငန်း(ဓာတ်ခွဲ) (၁၅၂)ခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း (ဓာတ်မှန်) (၁၁၅) ခန်း၊ သူနာပြုစုရေး ဂေဟာ(၁) ခု၊ ကျန်းမာရေး အကျိုးဆောင်လုပ်ငန်း (၁၃)ခု၊ အထွေထွေကျန်းမာရေးလုပ်ငန်း (၁၂) ခု တို့ဖြစ်ပါသည်။

(တ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သြစတြေးလျ နိုင်ငံ Royal Adelaide Hospital အဖွဲ့သည် မြန်မာမျက်စိကု ဆရာဝန်များ အဖွဲ့နှင့် ပူးပေါင်း၍လည်းကောင်း၊ ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ ကလေးအရိုး အထူးကု ဆရာဝန်ကြီးနှင့် မေ့ဆေးအထူးကု ဆရာဝန်ကြီးတို့သည် မြန်မာ ဆရာဝန်ကြီးများ အဖွဲ့နှင့် ပူးပေါင်း၍လည်းကောင်း၊ ပြင်သစ်နိုင်ငံ AMFA မှ နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး ဦးဆောင်သောအဖွဲ့၊ ဂျပန်နိုင်ငံ Department of Endoscopy, Nagoya University အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ နှလုံးအထူးကု ဆရာဝန်ကြီးတို့သည် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးအဖွဲ့တို့နှင့် ပူးပေါင်း၍ ခွဲစိတ် ကုသမှုများ၊ သင်တန်းပို့ချမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

(ထ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် "အစိုးရကျန်းမာရေးအသုံးစရိတ်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်း"အစည်းအဝေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း စီစဉ်မှုဖြင့် ကျန်းမာရေးမူဝါဒနှင့် စီမံကိန်း ပြန်လည် သုံးသပ်စိစစ်ရေးဆိုင်ရာ အကြံပေး ဆွေးနွေးပွဲ (Health Policy and Meeting)၊ ကျန်းမာရေး မူဝါဒများ စိစစ်လေ့လာ အကြံပြုသည့်လုပ်ငန်း (Technical Consultation Meeting on Myanmar Health Systems in Transition Series (Myanmar Hits) အစည်းအဝေး တို့ကို ကျင်းပခဲ့ပါသည်။

(ဒ) တိုင်းရင်းဆေးပညာလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်ကို မူလ(၂၂.၇၇) ဧကမှ (၁၉ဖ.၄) ဧကအထိ တိုးချဲ့ပြီး တိုင်းဒေသ ကြီးများနှင့်ပြည်နယ်များမှ ရှားပါးပရဆေးပင်များ အပါအဝင် ပရဆေးပင် အမျိုး အစားပေါင်း(၄ဖ၅)မျိုး၊ အပင်အရေအတွက် စုစုပေါင်း(၁၂၀၀၀) ကျော် စုဆောင်း ထားရှိနိုင်ခဲ့ပြီး ၄င်းတို့အနက် (ဖ၇၀)ပင် ကို မြေခြ စိုက်ပျိုးထားရှိခဲ့ပြီး ဖြစ်ပါ သည်။

(ဓ) အခြေခံသုတေသန၊ အသုံးချသုတေသနနှင့် ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေး စနစ်ဆိုင်ရာ သုတေသနများကို ဟန်ချက်ညီညီ တိုးမြှင့်ဆောင်ရွက်ရေးအတွက် စက်မှုဇုန်များမှ စွန့်ပစ်သောရေများ စီးဆင်းရာ မြစ်ကြောင်းများမှ ရေနမူနာယူရန် နေရာများကို လေ့လာလျက်ရှိပြီး စက်ဖြင့် တိုင်းတာနိုင်ရန် စမ်းသပ်လျက်ရှိပါ သည်။

(နဓ) မြန်မာနိုင်ငံအတွင်း ၄က်ဖျားရောဂါပိုးအဓိကသယ်ဆောင်သော Anopheles dirus (baimaii) ခြင် ၏ ဒေသအလိုက် မျိုးရိုးဗီဇကွဲပြားမှုကို သိရှိနိုင်ရန်အတွက် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်နှင့် ကသာ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်နှင့် ရှမ်းပြည်နယ် လားရှိုး မြို့နယ်တို့မှ ဖမ်းယူရရှိခဲ့သော A.dirus (baimaii) ခြင်များအား မန်ချက်စတာတက္ကသိုလ်သို့ ပို့ဆောင်ခဲ့ပြီး၊ Molecular genetic analysis စိစစ်မှုကို ဆောင်ရွက်လျက်ရှိပါ သည်။

(ပ) ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်မှ) ပြင်ဦးလွင်မြို့နယ် အတွင်းရှိ နမိုးနီးယား အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်နေသော ကလေး များတွင် တွေ့ရသော သတ္တုဓာတ်ပြောင်းလဲမှုများအား လေ့လာခြင်း၊ မန္တလေးခရိုင်အတွင်း ရှိ သွေးလွန် တုပ်ကွေး ခြင်ကျား (Aedes Aegypti)၏ ပိုးသတ်ဆေးအာနိသင် ယဉ်ပါးမှုရှိ/မရှိကို ဓာတ်ခွဲခန်း အတွင်း စမ်းသပ် ဆောင်ရွက်ခြင်း၊ အထက်မြန်မာ ပြည်ရှိရွှေးချယ်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် HIV ရောဂါကုသရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ အပေါ်တွင် လူနာများ၏ သဘောထားအမြင် လေ့လာသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ အသက်ငါးနှစ်အောက် ကလေးများသေဆုံးရခြင်း အကြောင်းအရင်း များအားလေ့လာခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံ

ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၏ ကျန်းမာရေးအသုံးစရိတ် စစ်တမ်းကောက်ယူခြင်း၊ ဆယ်ကျော်သက် တက္ကသိုလ်ကျောင်းသားများ လိင်ဆိုင်ရာ အပြုအမူနှင့် ကိုယ်ဝန်တားဆေးသုံးစွဲမှုတို့ကို လေ့လာခြင်း သုတေသနတို့ ဆောင်ရွက်လျက်ရှိပါသည်။

(ဖ) (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် အားကစားသမားများအား တားမြစ်ဆေးဝါးသုံးစွဲမှုရှိ/မရှိ စစ်ဆေးမည့် တားမြစ်ဆေးဝါးစစ်ဆေးသည့် အဖွဲ့ (Doping Control Team) ကို ကူညီဆောင်ရွက်ပေးမည့်သူများ (Chaperon) အဖြစ် တာဝန်ပေးလေ့ကျင့်ရန် အတွက် ကျောင်းသား၊ ကျောင်းသူ(၁၀၀)ဦး တို့၏ အမည်စာရင်းအား ရွေးချယ်၍ ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့ခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန။ မျိုးဆက်သစ်အနုပညာရှင်များပြုစုပျိုးထောင်ခြင်းလုပ်ငန်းအနေဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ကျောင်းသား၊ ကျောင်းသူ ၄၈၄ ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၆ ဦးနှင့် အနုပညာအထက်တန်းကျောင်း (မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ ၇၆ ဦး ကို ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

(က) မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအနေဖြင့် စစ်ကိုင်းဒေသ၊ ပုဂံဒေသ၊ မန္တလေးဒေသ၊ ရွှေဘို-ဟန်လင်းဒေသ၊ ဘားအံဒေသ၊ မြောက်ဦးဒေသ၊ တကောင်းဒေသ၊ ဗိသဏိုး ဒေသများရှိ ရှေးဟောင်းဘုရားများ၊ လှိုဏ်များရှိ နံရံဆေးရေးပန်းချီများ၊ ကျောက်စာရုံနှင့် ကျောက်စာချပ်များ၊ ဂူဘုရားများ၊ အက်ကွဲကြောင်းများ၊ ကုန်းများနှင့် ကြေးခေတ်၊ သံခေတ် သမိုင်းအထောက်အထား ရုပ်ကြွင်းများအား ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

(ခ) မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များအား ကမ္ဘာ့ဒြပ်မဲ့ အမွေအနှစ်စာရင်း သို့ တင်သွင်းနိုင်ရေးအတွက် တောင်ကြီးဒေသ၊ လွှင်ကော်ဒေသ၊ ကျိုင်းတုံ ဒေသ၊ မန္တလေးဒေသတို့တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ပေပုရပိုဒ်များ စာရင်းကောက်ယူခြင်း၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လက်မှုပညာရပ်များကို သုတေသနပြု မှတ်တမ်းတင်ခဲ့ပါသည်။

(ဂ) သမိုင်းသုတေသန လုပ်ငန်းများအနေဖြင့် မြန်မာ့နိုင်ငံရေးသမိုင်း(၁၉၄၅-၁၉၄၈)၊ မြန်မာ့သတ္တုခေတ်ကာလ (ကြေးခေတ်၊ သံခေတ်) သမိုင်း၊ မြန်မာသမိုင်း သုတေသနစာစောင် အမှတ် (၂၄) စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ မော်ကွန်း ဌာနတွင် စုဆောင်းထားရှိသည့် ဖလင်လိပ် (၅၂)လိပ်၊ အသံသွင်းတိပ်ခွေ (၁၀၉) ခွေ၊ မဟာမုနိတံတိုင်း အတွင်းရှိ ကျောက်စာမင်ကူးချပ်ရေ (၈၄)ချပ် တို့အား ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။ နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုစီးပွား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ(၉)ရပ်ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလကုန်အထိ လုပ်ငန်းစဉ်များ ချမှတ်၍ အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) လက်ရှိအသုံးပြုနေသော ၁၉၆၈ ခုနှစ်၊ အမျိုးသား စာရင်းအင်းစနစ်မှ ၂၀၀၈ ခုနှစ် အမျိုးသားစာရင်းအင်းစနစ်သို့ ပြောင်းလဲရေးအတွက် သင်တန်းများပေးခြင်း၊ ကောက်ယူရရှိသည့် ကိန်းဂဏန်းများကို ကွန်ပျူတာ ပရိုဂရမ်များဖြင့် စမ်းသပ်စာရင်းရေးသွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ကဏ္ဍစီမံကိန်းတာဝန်ယူသည့် ဝန်ကြီးဌာနများနှင့် ဒေသန္တရစီမံကိန်း တာဝန်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ နိုင်ငံပိုင်၊ ပုဂ္ဂလိက နှင့်အသင်းအဖွဲ့များအတွက် ကောက်ယူထားသည့် စာရင်းများကို ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

(ဂ) ဌာနဆိုင်ရာများ နှင့် ဒေသန္တရဆိုင်ရာများမှ စာရင်းများရယူ စုစည်းထုတ်ပြန် ခြင်း၊ စာရင်းအင်းများမှန်ကန်စေရေးအတွက် လိုအပ်မည့်စစ်တမ်းများ ကောက်ယူခြင်း၊ လူမှုစီးပွားအညွှန်းကိန်းများ ကဏ္ဍပေါင်းစုံ ထုတ်ပြန်နိုင်ရေးအတွက် ဌာန အသီးသီး နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုကို စိစစ် ဆောင်ရွက်ခြင်း၊ စာရင်းအင်း ဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် Action Aid Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူအများ ပူးပေါင်းပါဝင်မှုရှိသော အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။

(င) မော်ကွန်း ဥပဒေအသစ် ရေးဆွဲရေးဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်၏ မှတ်တမ်းများ ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(စ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသော စက်မှုနှင့် ထုတ်လုပ်မှု လုပ်ငန်း(၄၃)ခု၊ ဝန်ဆောင်မှုလုပ်ငန်း (၃၉)ခု၊ CMP လုပ်ငန်း (၅၅)ခု၊ ဟိုတယ်လုပ်ငန်း(၁၀)ခု နှင့် သဘော်ကျင်း လုပ်ငန်း(၁)ခု၊ စုစုပေါင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု(၁၄၈)ခုတို့၏ စီးပွားရေး ဆိုင်ရာကိစ္စရပ်များကို စိစစ်ပြီး တွေ့ရှိချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အကြောင်းပြန်ကြားခဲ့ပါသည်။

(ဆ) မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ ပဋ္ဌမအကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးကို ၂၃-၉-၂၀၁၃ တွင် ကျင်းပခဲ့ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကို ၁၀-၉-၂၀၁၃ တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) နှင့် (၂/၂၀၁၃)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါ သည်။ မြန်မာအစိုးရနှင့် အမေရိကန် ပြည်ထောင်စုအစိုးရတို့အကြား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၁-၅-၂၀၁၃ တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဇ) UNCTAD National Workshop on FDI Statistic in Myanmar; Survey Methodologies in Collecting Data on FDI and TNC Activities ကို ၁၆-၇-၂၀၁၃ မှ ၁၉-၆-၂၀၁၃ အထိ နေပြည်တော် ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ Euromoney Myanmar Global Investment Forum ကို ၁၀-၉-၂၀၁၃ မှ ၁၁-၉-၂၀၁၃ အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

(ဈ) အရှေ့အာရှဒေသ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia 2013)ကို ၂၀၁၃ ခုနှစ် ဇွန်လ(၅)ရက် မှ (၇)ရက်နေ့အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန၊ နေပြည်တော်တွင် ကျင်းပခဲ့ပါ သည်။

(ည) မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၁၁-၂၀၁၅ ကာလဝက် ပြန်လည်သုံးသပ်ရေး အစည်းအဝေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ (MTR-Organizing Committee) အစည်းအဝေးကိုလည်း ကျင်းပခဲ့ပါသည်။

(ဋ) မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရဘက်မှ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (Sectoral Working Groups -

SWGs) အစည်းအဝေးကို ၆-၅-၂၀၁၃ နှင့် ၅-၇-၂၀၁၃ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။

(ဌ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကဏ္ဍအဖွဲ့များ ပါ ဝင်သော (Sectoral Strategy Development Framework) ရေးဆွဲရေး အတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၂-၉-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ မြန်မာအစိုးရ ဘက်မှ လုပ်ငန်းကဏ္ဍ အဖွဲ့များပါဝင်သော (Sectoral Working Groups - SWGs) အစည်းအဝေးကို ၅-၇-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ အာဆီယံ အသိုက်အဝန်း (အေအီးစီ) ၂၀၁၅ ပြည့်မီရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ အဖြစ် အောင်မြင်နိုင်ရေးအတွက် အာဆီယံ ဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းကော်မတီ အစည်းအဝေးကို ၃၀-၄-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနဌာန(အီရီယာ)တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် (MCDV) စီမံချက် လေ့လာမှု အစည်းအဝေးကို ၂၈-၅-၂၀၁၃ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။ အာဆီယံအသိုက်အဝန်း (အေအီးစီ)အတွက် အသင့် ပြင်ဆင်ရန် အထောက်အကူပေးနိုင်သည့် အလုပ်ရုံ ဆွေးနွေးပွဲကို ၄-၉-၂၀၁၃ မှ ၅-၉-၂၀၁၃ ရက်နေ့အထိ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။ နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အစည်းအဝေးကို ၉-၉-၂၀၁၃ ရက်နေ့တွင် သမ္မတရုံး(၃)၌ ကျင်းပခဲ့ပါ သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။ အစိုးရ၊ အလုပ်ရှင် နှင့် အလုပ်သမား(၃)ဦး (၃)ဖလှယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက် ပေးသည့် အသွင်သဏ္ဌာန်ဖြင့် လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များရရှိရေး၊ လူမှုရေးရပိုင်ခွင့်များ ခံစားခွင့် ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကိုလည်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

(က) ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းတွင် The Organization for Educational Resource and Technological Training (ORT) အဖွဲ့နှင့်ပူးပေါင်း၍ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းများ၊ ရန်ကုန်မြို့

တွင် ဖွင့်လှစ်နေသော ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အသက်မွေးမှု အတတ်ပညာ သင်တန်းကျောင်း Centre for Vocational Training (VT Myanmar)တို့ကို ဖွင့်လှစ်ရေးကိစ္စရပ်များ ဆောင်ရွက်ခဲ့ ပါသည်။

(ခ) လုပ်သားအင်အားစစ်တမ်း နှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူး အပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းအစည်း အဝေးများ ပြုလုပ်ခဲ့ပြီး၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့အကြား ချုပ်ဆိုမည့် နားလည် မှု စာချွန်လွှာ ရေးထိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိ ပါသည်။

(ဂ) ၁၉၅၄ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေသည် ခေတ်နှင့်လျော်ညီမှု မရှိတော့သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်သောဥပဒေ ဖြစ်စေရန် လည်းကောင်း၊ ASEAN Charter နှင့် သဟဇာတ ဖြစ်စေရန် လည်းကောင်း၊ ILO Conventions များ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ နှင့် ညီညွတ်စေရန် လည်းကောင်း ပြင်ဆင်ရေးဆွဲခဲ့သော ၂၀၁၃ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေအား အတည်ပြုခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီးရှိ ရုံးခွဲ (၅) မင်္ဂလာဒုံစက်မှုဇုန်နယ်မြေမှ စတင်ကာ ရုံးခွဲပေါင်း (၇) ရုံးမှ ဌာနပေါင်း (၂၄၈၀) ဌာန ရှိ အာမခံအလုပ်သမားပေါင်း (၁၃၄၈၂)ဦးတို့၏ လက်ဗွေ နှင့် ဓာတ်ပုံများကို စက်ရုံ၊ အလုပ်ရုံများ အရောက် ကွင်းဆင်းရယူနိုင်ခဲ့ပါသည်။ အာမခံအလုပ်သမား (၄၁၂၀၂) ဦး လက်ဝယ်သို့ Smart Card များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ လူမှုရေး ပြဿနာများ ကြုံတင်ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်မျိုးသားလုံးကြံ့ခိုင်ရေး နှင့် ပညာရည် မြင့်မားရေးတွင် လူမှုရေးချို့တဲ့သူများ ပါဝင်နိုင်စေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးမှု လျော့ပါးရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်ရိပ်သာ (၇၀)ခုကို ဖွင့်လှစ်ပြီး၊ လူငယ်ရိပ်သာများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ပရိဘောဂ နှင့်အားကစား ပစ္စည်းများကို ထောက်ပံ့လျက် ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ တွင် စေတနာမူလတန်း ညကျောင်း(၈၉) ကျောင်းဖွင့်လှစ်ပြီး၊ ကျောင်းသား ပေါင်း (၅၅၀၇)ဦးကို မူလတန်းပညာရပ်များ သင်ကြားလျက် ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများ သင်တန်းကျောင်း (၁၀)ခု ဖွင့်လှစ်ပြီး ပျမ်းမျှအားဖြင့် လူငယ် (၁၄၂၂)ဦး လက်ခံ၍ ကျောင်းပညာသင်ကြားခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်လာအောင် ဆုံးမပြုပြင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။ လူငယ်အမျိုးသား/ အမျိုးသမီး (၂၇၈) ဦးကို မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပေးခြင်း၊ ၂၀၁၃-၂၀၁၄ ပညာရေးနှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်း ကျောင်း/ ဌာနငယ်များမှ ပညာသင်ကြားနေသော မူလတန်း ကျောင်းသား (၄၄၄) ဦး၊ အလယ်တန်း ကျောင်းသား (၃၀၈)ဦး၊ အထက်တန်း ကျောင်း သား(၅၄) ဦး နှင့်တက္ကသိုလ်ကျောင်းသား (၄)ဦးတို့အတွက် မူလတန်း(၁)ဦး (၈၀၀၀) ကျပ်၊ အလယ်တန်း (၁၂၀၀၀) ကျပ်၊ အထက်တန်း (၁၅၀၀၀) ကျပ်နှင့် တက္ကသိုလ်(၁)ဦး (၂၀၀၀၀)ကျပ် စုစုပေါင်း ပညာသင်စရိတ် ကျပ်သန်း ၈.၁၄၅ ကို ခွဲဝေ ထောက်ပံ့ပေးခဲ့ပါသည်။

(ခ) အစီရင်ခံသည့် ကာလအတွင်း တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်းခံရသူ (၆၀)ဦး၊ ထိုင်းနိုင်ငံ သို့ လူကုန်ကူးခြင်းခံရသူ(၂၆) ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခြင်း ခံရသူ (၇၀) ဦးတို့အား မိဘရပ်ထံ ပြန်လည်အပ်နှံခဲ့ပါ သည်။

(ဂ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း ဘိုးဘွားရိပ်သာ (၆၂)ခု တွင် ဘိုးဘွားပေါင်း (၂၁၇၈)ကျော်ကို စောင့်ရှောက်ထားပါသည်။ ပြောင်းလဲလာ သော မြန်မာ့လူ့အဖွဲ့အစည်း၏ အသွင်၊ အမြင်များအား ထောက်ရှု၍ ရိပ်သာအခြေပြု နှင့် ရပ်ရွာအခြေပြု စောင့်ရှောက်ရေး နည်းစနစ် (၂) မျိုး လုံး ရောစပ်ထားသော သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်မှုဂေဟာ (Day Care Centre for Aged)ကို ရန်ကုန်မြို့၊ အမှတ်(၆၄)၊ ကမ္ဘာအေး စေတီလမ်း၌ ဖွင့်လှစ်၍ ရန်ကုန်တိုင်းအတွင်းရှိ အသက်(၇၀) နှင့်အထက် လူမှုရေးအရ အထီးကျန် နေသော သက်ကြီးရွယ်အို (၃၀)ဦး ဖြင့် စတင် ဆောင်ရွက်ရန်စီစဉ်လျက် ရှိပါသည်။

(ဃ) မသန်စွမ်းသူများပြုစု စောင့်ရှောက်ရေး ဂေဟာကို ဖွင့်လှစ်ထားရှိပြီး၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဌာနငယ်၊ သင်တန်းကျောင်းများမှ မသန်စွမ်းကလေးများနှင့် ဉာဏ်ရည်မမီသူများအား ပြုစုစောင့်ရှောက်

လျက်ရှိရာ ကလေး (၆၂) ဦးကို ပြုစု စောင့်ရှောက်လျက် ရှိပါသည်။ ဥာဏ်ရည်မမီနှင့် ကိုယ်အင်္ဂါ မသန်စွမ်းသူ ကလေးများ အတွက် မသန်စွမ်း သက်ငယ် သင်တန်းကျောင်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး၊ ကျောင်းသား (၂၁၈) ဦးကို လေ့ကျင့်ပေးလျက်ရှိပါသည်။ နေ့စဉ်လှုပ်ရှား သွားလာမှု၊ လူမှုဆက်ဆံရေးနှင့် အကြို အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးလျက်ရှိပါသည်။ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး၊ သင်တန်းသား (၉၃) ဦး လက်ခံထားရှိ၍ စက်ချုပ်၊ ရေဒီယို အီလက်ထရောနစ်သင်တန်း၊ ကွန်ပျူတာ၊ ပိုးဇာ ပုံနှိပ် သင်တန်း၊ ဆံပင်ညှပ် သင်တန်းများနှင့် ဓါတ်ပုံ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက် ရှိပါသည်။ ရန်ကုန်မြို့ရှိ မျက်မမြင်ကျောင်းတွင် ကျောင်းသား (၁၃၂)ဦးကို လက်ခံစောင့်ရှောက်ထားပြီး၊ မျက်မမြင် လက်စမ်းစာပေ Braille ဖြင့် ကျောင်းပညာ သင်ကြားပေးခြင်း၊ ကွန်ပျူတာပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်း၊ ဂျပန်စာ နှင့် စကားပြော၊ အင်္ဂလိပ်စာနှင့် စကားပြော လေ့ကျင့် သင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များအဖြစ် ကြိမ်ထိုးခြင်း၊ တံမြက်စည်း ပြုလုပ်ခြင်း၊ အနှိပ်သင်တန်း၊ သိုးမွေးထိုးသင်တန်းများ သင်ကြားပေး လျက်ရှိပါသည်။ မျက်မမြင်ကျောင်း(စစ်ကိုင်း)တွင် ကျောင်းသား/ ကျောင်းသူ (၆၆)ဦးကို စောင့်ရှောက်ထားပြီး၊ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်အဖြစ် ကြိမ်ထိုးလုပ်ငန်း ပညာကို သင်ကြားပေး လျက်ရှိပါသည်။ နားမကြားသော ကလေးများကျောင်း(မန္တလေး)တွင် ကျောင်းသား (၁၉၀)ဦး ရှိပြီး၊ Sign Language ဖြင့် ကျောင်းပညာ သင်ကြားခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(c) မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးတွင် ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မြစ်ကြီးနားနှင့် တာချီလိတ် ပြန်လည်ထူထောင်ရေး စခန်းတွင် စုစုပေါင်းသင်တန်းသား (၂၅၈)ဦးအား ဆောင်ရွက်ပေးလျက် ရှိပါသည်။ ရွှေပြည်သာလူငယ်များပြုစု ပျိုးထောင်ရေးဌာနတွင် မိဘအပ် (သီးသန့်) သင်တန်းသား(၂၉)ဦးကို လက်ခံစောင့်ရှောက် ပေးလျက် ရှိပါသည်။ ပြန်လည်ထူထောင်ရေးစခန်း အသီးသီးမှ သင်တန်းဆင်းများ

အား ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူး အသင်း၏ ကူညီမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်မြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့၊ မန္တလေးမြို့နှင့်လားရှိုးမြို့တွင် စုစုပေါင်း(၁၅၄)ဦး အား နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

(စ) HIV / AIDS ရောဂါဝေဒနာ ခံစားနေရသော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအား လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ပြည်မြို့၊ မော်လမြိုင်မြို့နှင့်မုံရွာမြို့များတွင် ၂၀၁၃ ခုနှစ်မှ စတင်၍ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

(ဆ) သင်တန်းကျောင်းအခြေပြုလုပ်ငန်းအဖြစ် လူငယ်သင်တန်းကျောင်း (၁၀) ခုတွင် ကလေးဦးရေ ကျား(၁၀၇၉)ဦး၊ မ(၃၄၃) ဦး၊ စုစုပေါင်း (၁၄၂၂) ဦးကို လက်ခံစောင့်ရှောက် ပေးလျက်ရှိပါသည်။ သင်တန်းကျောင်းမှ ကလေးများအား မိသားစုထံ ပြန်လည်အပ်နှံနိုင်ရေးအတွက် Terre def hommes-L အဖွဲ့အစည်းမှ မိသားစုပြန်လည် ပေါင်းစည်းနိုင်ရန် နောက်ကြောင်း ရာဇဝင် လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း လုပ်ငန်းများကို ကလေး (၆၁)ဦး အတွက် ဆောင်ရွက်ခဲ့ပါသည်။

(ဇ) ၄က်အော်စမ်း လူငယ်သင်တန်းကျောင်းမှ ကလေး(၁၅)ဦးအား အလုပ်အကိုင်ရရှိရန် နှင့် လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်စေရန်အတွက် Group Home ပုံစံဖြင့် နေထိုင်စေပြီး အသက်မွေး ဝမ်းကျောင်းသင်တန်းများဖြင့် လေ့ကျင့်ပေးလျက် ပုံနှိပ်လုပ်ငန်းတွင် အလုပ်အကိုင်ရှာဖွေပေးခဲ့ပါသည်။ ရန်ကုန်မြို့ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် Adolenscent Counselling ကို သင်တန်းသား(၂၅)ဦးဖြင့် သင်တန်း ဖွင့်လှစ်ခြင်းနှင့် Counselling Training of Trainer သင်တန်းကို သင်တန်းသား(၃၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ Shelter Self Improvement အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ၊ သင်တန်းသား/သူ (၁၇)ဦးသည် Shelter Visit အဖြစ် ကျိုင်းတုံ အမျိုးသမီး သက်မွေးအတတ် ပညာသင်ကျောင်း၊ မူဆယ် လူကုန်ကူးခံရသူများ ယာယီ စောင့်ရှောက်ရေးဂေဟာ၊ မန္တလေးအမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ ရန်ကုန် အမျိုးသမီး သက်မွေးအတတ်ပညာသင် ကျောင်းတို့သို့

သွားရောက် လေ့လာကြပြီး ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံ ကျောင်း၌ Shelter Visit Wind Up အစည်းအဝေး ကျင်းပခဲ့ပါသည်။

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ရန်ကုန်မြို့၊ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်းတွင် Trafficking Training of Trainer သင်တန်း တက်ရောက်ပြီးသူများမှ ဆင့်ပွားသင်တန်းများကို ရန်ကုန်မြို့ Central Hotel ၌ Case Form Meeting ကို ကျင်းပပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၊ လားရှိုးမြို့တွင် လက်တွေ့ ဝန်ဆောင်မှု ပေးနေသော အမျိုး သမီးရေးရာ အဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး သင်တန်းကို သင်တန်းသား (၃၀)ဦးဖြင့် ဖွင့်လှစ် ခဲ့ပါသည်။

(ည) ဘေးဒုက္ခသည်များအား ကယ်ဆယ်ထောက်ပံ့ခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဒုက္ခသည်များ စားသောက်ရေးအတွက် ဆန် (၁) အိတ် (၁၉၂၀၀) ကျပ်နှုန်းဖြင့် လူဦးရေအလိုက် ဆန်ရိက္ခာ (၃)ရက်စာမှ (၁) လစာထိ ထောက်ပံ့ခြင်း၊ လတ်တလော သုံးစွဲနိုင်ရန်အတွက် ကယ်ဆယ် ရေး ပစ္စည်းများကို ဘေးသင့်အိမ်ထောင်စု အလိုက် ထောက်ပံ့ခြင်း၊ ပျက်စီး အိမ်ခြေအတွက် (၁) အိမ်လျှင် (၅၀၀၀၀) ကျပ်နှုန်းနှင့် ဘာသာရေး အဆောက်အဦးဖြစ်သော ဘုန်းကြီးကျောင်း (၁) ကျောင်းလျှင် (၆၀၀၀၀) ကျပ်နှုန်းထောက်ပံ့ခြင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် သေဆုံးသူများ အတွက် ဗဟိုအထွေထွေ ကယ်ဆယ်ရေး ရန်ပုံငွေမှ လူကြီး (၁) ဦးလျှင် (၁၀၀၀၀၀)ကျပ်၊ ကလေး(၁) ဦးလျှင် (၅၀၀၀၀) ကျပ်နှုန်း ထောက်ပံ့ပေး ခြင်းတို့ ဆောင်ရွက်လျက် ရှိပါသည်။ မီးဘေး(၆၈)ကြိမ်၊ ရေဘေး(၂၅) ကြိမ်၊ လေဘေး(၄၇) ကြိမ်၊ အခြားဘေး(၂၇) ကြိမ်ဖြစ်ပွားခဲ့ပြီး၊ ၎င်းဘေး များအတွက် ကယ်ဆယ်ရေးပစ္စည်း (၈)မျိုး၊ စုစုပေါင်း (၁၄၀၆၆) အိမ်ထောင် စာနှင့် ရန်ပုံငွေအပါအဝင် စုစုပေါင်း ကျပ်သန်း ၂၇၈.၅၉၁ ထောက်ပံ့ခဲ့ပါ သည်။ သေဆုံးသူကလေး (၁၃)ဦးနှင့် လူကြီး (၂) ဦး အတွက် ဗဟို အထွေထွေကယ်ဆယ်ရေး ရန်ပုံငွေမှ ကျပ်သန်း ၀.၈၅၀ ကို ထောက်ပံ့ခဲ့ ပါသည်။ ထိခိုက်ပျက်စီး ဆုံးရှုံးမှု ကြီးမားသော ဘေးများမှာ ကရင်

ပြည်နယ်ရှိ မြို့နယ်/မြို့နယ်ခွဲ (၁၃) ခု၌ ရေဘေးဖြစ်ပွားခဲ့ရာ ယင်းဘေး အတွက် ကျပ်သန်း ၄၂.၅၄၁ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၈)မျိုး ကို ထောက်ပံ့ခဲ့ပါသည်။ မွန်ပြည်နယ်ရှိ မြို့နယ်(၅)မြို့နယ်၌ ရေဘေး ဖြစ်ပွားခဲ့ရာ ယင်းရေဘေး အတွက် ဆန်ရိက္ခာ ရန်ပုံငွေ ကျပ် ၁.၁၁၉ သန်း၊ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် ကျပ် ၂၀.၆၄၄ သန်း ကို ထောက်ပံ့ခဲ့ပါသည်။ မန္တလေးတိုင်း ဒေသကြီးရှိ မြို့နယ်(၆)မြို့နယ်၌ ဖြစ်ပွားခဲ့သည့် ရေဘေးအတွက် ကျပ် ၃.၅၆၄ သန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၄) မျိုး နှင့် ဆန်ရိက္ခာ ရန်ပုံငွေ ကျပ် ၄.၁၄၁ သန်း ကို ထောက်ပံ့ ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်(၄) မြို့နယ်၌ ဖြစ်ပွားခဲ့သည့် ရေဘေးအတွက် ကျပ် ၁.၂၇၈ သန်း တန်ဖိုးရှိ ကယ်ဆယ်ရေး ပစ္စည်း(၄) မျိုးနှင့် ဆန်ရိက္ခာ ရန်ပုံငွေ ကျပ် ၀.၅၈၉ သန်းကို ထောက်ပံ့ခဲ့ပါသည်။ ပေါင်မြို့သို့ ရောက်ရှိလာသော ပြည်တွင်း ရေမျှော မြန်မာ ရေလုပ်သား(၁)ဦး၊ အိန္ဒိယနိုင်ငံ၊ ပို့ဘလဲယားမြို့ရှိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာရေလုပ်သား (၁၂၃)ဦးကို ပြန်လည်ခေါ်ယူ၍ နေရပ်များသို့ ပြန်လည် ပို့ဆောင်ခဲ့ပါသည်။

(၆) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်း စာနာကူညီမှုဆိုင်ရာ အာဆီယံ ညှိနှိုင်းရေးမှူးရုံး (AHA-Centre) ထူထောင် ရာတွင် မြန်မာနိုင်ငံအနေ ဖြင့် (၁)နှစ်လျှင် အမေရိကန် ဒေါ်လာ (၃၀၀၀၀) ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ထည့်ဝင်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ် ကယ်ဆယ်ရေးရန်ပုံငွေ (AADMER- Fund) သို့ နှစ်စဉ်ကြေး အမေရိကန်ဒေါ်လာ (၂၀၀၀၀) ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ထည့်ဝင်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

(၇) သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို ရပ်ရွာ လူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ရပ်ကွက်/ ကျေးရွာများ အထိ ဆွေးနွေး ဟောပြောပွဲများ ပြုလုပ်လျက်ရှိရာ မြို့နယ် (၅၀)ရှိ ပြည်သူ လူထု (၁၀၇၄၆)ဦးကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာများကို ဖြန့်ဝေ နိုင်ခဲ့ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန်နှင့် သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုအောင်မြင်စေရေးအတွက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကဏ္ဍတွင် အခြေခံကျွမ်းကျင်မှု အဆင့်ဖြစ်သော ဒီပလိုမာအချိန်ပိုင်း သင်တန်းမှစ၍ အဆင့်မြင့်ပါရဂူဘွဲ့ သင်တန်းများအထိ အထူးပြုပညာရပ် ဆိုင်ရာ သင်တန်းများကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ ပါရဂူဘွဲ့ရရှိပြီးသူ (၁၄၇၉)ဦး၊ မဟာဘွဲ့ရရှိပြီးသူ (၉၉၂၇) ဦး အပါအဝင် စုစုပေါင်း (၃၄၃၀၆) ဦးအား အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပါသည်၊

(ခ) သင်တန်းများကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ သင်တန်း ကာလ (၅)နှစ်မှ (၆) နှစ်သို့ ပြောင်းလဲ၍ တိုက်ရိုက်အင်ဂျင်နီယာဘွဲ့ BE ရရှိမည့် သင်တန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် နှင့် မန္တလေး နည်းပညာတက္ကသိုလ် တို့တွင် ပြုလုပ်လျက်ရှိပြီး ကျန်နည်းပညာတက္ကသိုလ်များ ၏ ပညာသင်နှစ်အား (၅)နှစ်မှ (၆)နှစ်သို့ တိုးမြှင့်ခြင်း၊ ကွန်ပျူတာ တက္ကသိုလ်များ၏ ပညာသင်နှစ်ကို (၄)နှစ်မှ (၅)နှစ်သို့ တိုးမြှင့်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) နိုင်ငံခြားတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရိုးရိုးတွင်ခုံ၊ ဖောက်ခုံများအား PC-Based Computer Numerical Control Machine များ အဖြစ်သို့ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်း၊ Internal Combustion Engine ဆိုင်ရာ သင်ထောက် ကူပစ္စည်းများ ဆောင်ရွက်ခြင်း၊ သုတေသန လုပ်ငန်းနှင့် အသေးစား ရေအား လျှပ်စစ်တာဘိုင် သုတေသနပြု ထုတ်လုပ်ခြင်း လုပ်ငန်းများ တို့ကို ဆောင်ရွက်ခဲ့ ပါသည်၊

(ဃ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ သုတေသန လုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးပေးခြင်းနှင့် လက်တွေ့သုံးစွဲနည်းများအား ကျေးရွာများသို့ အရောက် ကွင်းဆင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပညာသင်ကြား လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည် ဆန်းသစ်ရေးဆွဲခြင်း၊ အမျိုးသားပညာရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးတွင်

ကျွမ်းကျင်မှုစံ သတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အင်ဒိုနီးရှား သမ္မတနိုင်ငံ SEAMOLEC စင်ကာပူ သမ္မတနိုင်ငံ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ Asian Development Bank (ADB)၊ Korea International Cooperation Agency (KOICA), Japan International Cooperation Agency (JICA)၊ Asia Institute of Technology (AIT) တို့နှင့် Techanical Vocational Education Training (TVET) တို့နှင့်ပူးပေါင်း၍ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

(c) အဏုမြူ စွမ်းအင်ဆိုင်ရာ နည်းပညာရပ်ဖွံ့ဖြိုးရေးကို ထိရောက်စွာဆောင်ရွက်သွားရန်နှင့် အဏုမြူ ဓာတ်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ သတ္တုဗေဒ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ)၊ စက်မှုနည်းပညာ မြှင့်တင်ရေး သင်တန်းဌာန (ဘယ်လင်း) နှင့် သုတေသနလုပ်ငန်းများ၊ လက်တွေ့ ကျွမ်းကျင်မှု သင်တန်းများနှင့် အလုပ်ရုံလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၉၂၈,၈၂၄ သန်း (ပါဝင်မှုရာခိုင်နှုန်း ၂၅.၅ ရာခိုင်နှုန်း)၊ သမဝါ ယမပိုင်အခန်းအနေဖြင့် ကျပ် ၁,၆၇၄ သန်း (ပါဝင်မှုရာခိုင်နှုန်း ၀.၀၁ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ကျပ် ၁၄,၄၁၂,၁၆၈ သန်း (ပါဝင်မှုရာခိုင်နှုန်း ၇၄.၅ ရာခိုင်နှုန်း) ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထား သတ်မှတ်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု အနေဖြင့် နိုင်ငံပိုင်အခန်းမှ ကျပ် ၁,၃၈၇,၀၃၁ သန်း (ရာခိုင်နှုန်းအားဖြင့် ၂၈.၁၄ ရာခိုင်နှုန်း)၊ သမဝါ ယမပိုင် အခန်းအနေဖြင့်ကျပ် ၈၆၄ သန်း (ရာခိုင်နှုန်းအားဖြင့် ၅၁.၆၀ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကပိုင် အခန်းအနေဖြင့် ကျပ် ၇,၆၀၂,၅၁၅ သန်း (ရာခိုင်နှုန်းအားဖြင့် ၅၂.၇၅ ရာခိုင်နှုန်း) အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ယခင်နှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံပိုင်အခန်းအနေဖြင့် ၁.၄ ရာခိုင်နှုန်း လျော့နည်းအကောင်အထည် ဖော်နိုင်ခဲ့သော်လည်း သမ/အဖွဲ့အစည်းပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်း အနေဖြင့် ၃၉.၉ ရာခိုင်နှုန်း တိုးတက် အကောင်အထည်ဖော်

နိုင်ခဲ့ပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ယခင်နှစ် ပထမ(၆)လပတ်ထက် ၃၁.၄ ရာခိုင်နှုန်း ပိုမို အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၅-၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလျာထားချက်နှင့် ပထမ(၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု

အမှတ်စဉ်	အကြောင်းအရာ	နိုင်ငံပိုင်		သမ/အဖွဲ့အစည်းပိုင် နှင့်ပုဂ္ဂလိကပိုင်		စုစုပေါင်း
		တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု ရာခိုင်နှုန်း	တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု ရာခိုင်နှုန်း	
၁	၂၀၁၂-၂၀၁၃ (ပထမ ၆ လ)	၁၄၀၆၂၈၅	၂၀.၆	၅၄၃၃၇၄၂	၇၉.၄	၆၈၄၀၀၂၇
၂	၂၀၁၃-၂၀၁၄ (လျာထားချက်)	၄၉၂၈၈၂၄	၂၅.၅	၁၄၄၁၃၈၄၁	၇၄.၅	၁၉၃၄၂ဖ၆၅
၃	၂၀၁၃-၂၀၁၄ (ပထမ ၆ လ)	၁၃၈၇၀၃၁	၁၅.၄	၇ဖ၀၃၃၇၈	၈၄.ဖ	၈၉၉၀၄၀၉

အခန်း(၆)

ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆောင်ရွက် အကောင်အထည်ဖော်မှုကို တင်ပြအပ်ပါသည်။

ကျင်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ်တွင် နှစ်အလိုက် ဈေးနှုန်း များအရ ကျပ် **၇၇၅,၁၈၀.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၂.၁** ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁) ကျင်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ကျင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၂၉၀,၅၆၇.၃** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၃၇.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **-၀.၃** ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၆၁၈,၆၁၀.၈** သန်း အကောင်အထည် ဖော်ရန်နှင့် **၈.၄** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၂၄၃,၅၁၆.၈** သန်း ဖြစ်ပေါ်ခဲ့ သဖြင့် **၃.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၈၂၈၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ထို့အပြင် အထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစမ်းသပ် စိုက်ပျိုးခြင်းကို ဝိုင်းမော် မြို့နယ်၊ ဝါရှောင် ဆည်ရေသောက် ဧရိယာတွင် ဧက ၁၀၀၊ မိုးကောင်း မြို့နယ် ကုလားကုန်း ဆည်ရေသောက် ဧရိယာတွင် ဧက ၁၀၀၊ ဟိုပင် မြို့နယ်ခွဲ မြို့သစ်ကလေး ဆည်ရေသောက် ဧရိယာတွင် ဧက ၁၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ပထမ(၆)လပတ်တွင် နိုင်ငံပိုင် အခန်းမှ ကျွန်း နှင့် သစ်မာ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိစေရေး အတွက် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူရာတွင် စနစ်တကျ စီစစ်၍ ဆောင်ရွက်လျက် ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ရွှေထုတ်လုပ်မှု၌ အသေးစားလုပ်ကွက်များ အနေဖြင့် သက်တမ်းတိုးမှုမရှိခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်စိမ်းထုတ်လုပ်မှုတွင် ဖော်ထုတ်လုပ်ကွက်များ ရပ်ဆိုင်းထားခြင်း၊ ပုဂ္ဂလိကပိုင် အခန်းတွင် လုံးခင်း၊ ဖားကန့်ဒေသတွင် တူးဖော်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ခြင်း မရှိသဖြင့် ကျောက်စိမ်းထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ သယံဇာတ သတ္တုသိုက်များ မကုန်ခမ်းစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ စက်မှုဇုန်တည်ထောင်နိုင်ခြင်း မရှိသော်လည်း မိုးညှင်းမြို့နယ်နှင့် မိုးမောက်မြို့နယ်များတွင် သစ်အခြေခံကုန်ချောပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ်များတွင် ပီလောပီနံကော်မှုန့်စက်ရုံနှင့် စက္ကူထုတ်လုပ်ခြင်းစက်ရုံ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းအကြီးစား ၄၂ ခု၊ အလတ်စား ၉၄ ခု၊ အငယ်စား ၁၀၅၈ ခု၊ စုစုပေါင်း လုပ်ငန်းဦးရေ ၁၁၉၄ ခုနှင့် မှတ်ပုံ မတင်ထားသော လုပ်ငန်းဦးရေ ၁၀၂၀ ခု ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန တာပိန်(၁) မှ ပြည်ပသို့ ဓာတ်အားတင်ပို့ဖြန့်ဖြူးမှု ယခင်နှစ်က ရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလမှ စ၍ ပြည်ပသို့ဓာတ်အားများ ပြန်လည် ဖြန့်ဖြူးလျက်ရှိပါသည်။ မိုးညှင်း-နမ္မားသို့ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျောက်ပထိုး မဟာဓာတ်အားစနစ် (National Grid) လျှပ်စစ်ဓာတ်အားစနစ်မှ ၃၁.၈.၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ မိုးကောင်းသို့ ၁.၉.၂၀၁၃

ရက်နေ့တွင် လည်းကောင်း စတင်ဖြန့်ဖြူးလျက် ရှိပါသည်။ ချီဖွေငယ် ရေအား လျှပ်စစ် ဓာတ်အားလုပ်ငန်းသည် ရာနှုန်းပြည့် တည်ဆောက်ပြီးဖြစ်၍ ဓာတ်အားပို့လွှတ်နိုင်ရေး စီစဉ်လျက် ရှိပါသည်။ မလိခရေအားလျှပ်စစ် ဓာတ်အားကို ဘူးဂါးကုမ္ဗဏီမှ တစ်ယူနစ်လျှင် ၁၆၀ ကျပ်နှုန်းဖြင့် မြစ်ကြီးနား မြို့နယ်အတွင်း ဖြန့်ဖြူးလျက်ရှိသော်လည်း ဓာတ်အား လိုအပ်ချက် ရှိနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နိုင်ငံပိုင်လမ်းတံတားများ ဖောက်လုပ်ခြင်း၊ ရထားပို့ဆောင်ရေးမှ ကသာ-ဗန်းမော်လမ်းဖောက်လုပ်ခြင်း၊ ရွှေဘို-မြစ်ကြီးနားကားလမ်းနှင့် မြစ်ကြီးနား-ဆွမ်ပရာ ဘွမ်-ပူတာအိုကားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြစ်ကြီးနားပညာရေးကောလိပ်၊ ဗန်းမော် သူနာပြုသင်တန်းကျောင်း၊ တကွင်းရေလွှဲဆည်တည်ဆောက်ခြင်းနှင့် မိုးညှင်းခရိုင်တွင် သာသနိက အဆောက်အဦတည်ဆောက်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ လမ်းများဖောက်လုပ် ပြုပြင်ခြင်းနှင့် ပုဂ္ဂလိကအခန်းတွင် လူနေအိမ်များအသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ မီးရထားကိုသာ အဓိက အသုံးပြုသွားလာနေရသဖြင့် ရထား လမ်း ပိုမိုကောင်းမွန်ရေးအတွက် ကွန်ကရစ်ဧလီဖားတုံးများ၊ လမ်းခင်းကျောက်များ ၊ လူစီးတွဲ၊ ကုန်တွဲများ ဖြည့်ဆည်းပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြစ်ကြီးနား-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ဖားကန့်လမ်း၊ မြစ်ကြီးနား-တနိုင်းလမ်း၊ မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီးလမ်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ပုဂ္ဂလိက မော်တော်ယာဉ် လိုင်းများ အသီးသီး ပြေးဆွဲလျက်ရှိရာ ကုန်စည်များလည်းပုံမှန် ပို့ဆောင်လျက် ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ တယ်လီဖုန်းကွန်ယက်များ ချဲ့ထွင်ပေးခြင်း၊ သက်တမ်း ကြာမြင့်သည့် မြေအောက်ကြိုးများနှင့် ကောင်းကင်ကြိုးများလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ တယ်လီဖုန်း ၂၇၂၁၆ လုံးအား အသစ်တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းတို့၏ ဝင်ငွေများတိုးလာခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ကမ္ဘောဇဘဏ်နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်တို့၏ ဝင်ငွေတိုးလာခြင်း၊ ဧရာဝတီ ဘဏ်ခွဲ အသစ်ဖွင့်လှစ်ခြင်း တို့ကြောင့် တိုးတက်ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကုန်အထိ နိုင်ငံတော် ဘတ်ဂျက်ဖြင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ အင်ဂျန်ယန်၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ မိုးမောက်၊ ပူတာအို၊ မချမ်းဘောမြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန ၅ ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၉ ခု တို့ကို ကျပ် ၁၅၀၃.၉စသန်း ဖြင့် တည်ဆောက် လျက်ရှိပါသည်။

သောက်သုံးရေရရှိမှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ တနိုင်း၊ ဖားကန့်၊ မိုးကောင်း၊ မိုးမောက်၊ မန်စီ၊ လွယ်ဂျယ်၊ ပူတာအို၊ ရှင်ဖွေယန်မြို့နယ်များတွင် မြို့ပြ ရေပေးရေးလုပ်ငန်း ၂၆ ခု တို့အား စည်ပင်သာယာရန်ပုံငွေ ကျပ် ၈၁.၅၉ သန်း ဖြင့် လည်းကောင်း၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ဖားကန့် မြို့နယ်တွင် လုပ်ငန်း ၁ ခု ကို စည်ပင်သာယာရန်ပုံငွေ ကျပ် ၃.၅၅ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်မီးလင်းရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ ကျေးရွာပေါင်း ၂၅၇၉ ရွာတွင် မီးလင်းပြီးကျေးရွာ ၂၉၆ ရွာရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၁.၄၈ ရာခိုင်နှုန်း ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကုန်အထိ ပြည်နယ်အတွင်း မြို့ပြလမ်းတံတားလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ကတ္တရာလမ်း ၇/၃.၂ မိုင်၊ ကျောက်ချောလမ်း ၀/၃.၇၁၉ မိုင်၊ ၈ဝ/သဲကျောက်ခင်းလမ်း ၅.၉၃၉ မိုင်၊ ကွန်ကရစ်လမ်း ၀/၁.၅၇၅ မိုင်၊ ကွန်ကရစ်တံတား ၃၀ စင်း၊ သစ်သားနှင့် အခြားတံတား ၁၇ စင်းတို့အား စည်ပင်သာယာရန်ပုံငွေ ကျပ်သန်း ၁၀၂၀.၈၉၆၆ ဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်လမ်း၊ တံတားဆောင်ရွက်မှုတွင် ကျောက်ချောလမ်း ၀/၁.၅၁ မိုင်၊ ၈ဝ/သဲ ကျောက်ခင်း လမ်း ၀.၁၇၆၅ မိုင်၊ သစ်သားတံတား ၁ စင်း တို့ကို စည်ပင်သာယာရန်ပုံငွေ ကျပ် ၁၅.၁၃၈ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

နယ်စပ်ကုန်သွယ်ရေး။ ကုန်သွယ်ရေးကဏ္ဍတွင် လွယ်ဂျယ်၊ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်အတွက် အတားအဆီးဖြစ်နေသော စာရွက်စာတမ်းကိစ္စများကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ ယခင် ကုမ္ပဏီလိုင်စင်ဖြင့်သာ ကုန်ပစ္စည်းတင်ပို့ခြင်း၊ တင်သွင်းခြင်း ခွင့်ပြုခဲ့သော်လည်း ယခုအခါ ITC (Individual Trading Card) များထုတ်ပေးပြီး တစ်ဦးချင်း ကုန်သွယ်ခွင့်မပြုသော ကုန်ပစ္စည်းများ၊ စားသုံးသူ အန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများမှအပ အခြား ကုန်ပစ္စည်းများကို တင်သွင်းခွင့်ပြုလျက် ရှိပါသည်။

ကချင်ပြည်နယ်၏ ပထမ(၆)လပတ် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပြည့်မီစေရန် ထုတ်လုပ်မှုကဏ္ဍများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေး ကဏ္ဍများမှာ စီမံကိန်း ရည်မှန်းချက် ပြည့်မီနိုင်ရန် အားနည်း နေသောကြောင့် ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် မိုးစပါးမှာ ဧက ၅၅၀၀၀၀ ကျော် စိုက်ပျိုးရန် ရည်မှန်းသော်လည်း ၄၄၀၀၀၀ ကျော်သာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍသည် နယ်မြေ

အခြေအနေအရ ထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရသည့် အခြေအနေများ ရှိနေခြင်း၊ ကျောက်စိမ်းများ ထုတ်လုပ်မှု လျော့နည်းခြင်း၊ ရွှေလုပ်ကွက်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကုမ္ပဏီများမှ ရွှေလုပ်ကွက်အတွက် တစ်နှစ်စာ ရွှေစင် ၂၄ ကျပ်သား ကြိုတင်ပေးသွင်းရခြင်း စနစ်ကြောင့် သက်တမ်းလွန် လုပ်ကွက်များအား ဆက်လက် သက်တမ်း မတိုးခြင်းနှင့် လုပ်ကွက် ပြန်လည် အပ်နှံခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် သစ်မာခွဲသား၊ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပွင့်နှင့် ကျောက်စိမ်းပြားတို့တွင် ထုတ်လုပ်မှု ရည်မှန်းချက် မပြည့်မီခြင်း၊ မော်တော်ကားနှင့် ဆိုင်ကယ်ဝပ်ရှော့ လုပ်ငန်းများ၊ ဆွယ်တာ ထိုးလုပ်ငန်း ထုတ်လုပ်မှု လျော့နည်း ကျဆင်းနေခြင်း၊ ပို့ဆောင်ရေးကဏ္ဍ အနေဖြင့် ပွင့်လင်းရာသီ ကာလတွင် မြစ်ကြီးနား-တနိုင်း၊ မြစ်ကြီးနား-ဖားကန့်၊ မြစ်ကြီးနား-လိုင်ဇာ၊ မြစ်ကြီးနား-ဗန်းမော်၊ မြစ်ကြီးနား-ကန်ပိုက်တီးလမ်းများ ပွင့်လင်းလာ၍ ပုဂ္ဂလိက မော်တော်ယာဉ် လိုင်းများ ပုံမှန်ပြေးဆွဲ လာနိုင်သော်လည်း အဓိက အားဖြင့် မီးရထားကိုသာ အားထားအသုံးပြု သွားလာနေရခြင်း စသည် တို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက် ပြည့်မီနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကယားပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကယားပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ပထမ(ဖ) လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၉၈,၂၆၁.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၀.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၂) ကယားပြည်နယ်၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ကယားပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၇၅,၂၉၉.၇** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၇၆.၆** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၃.၄** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၉,၁၂၄.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၈,၄၀၈.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၁** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံ စိုက်ဧက ၂၆၄၆၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။အထူးသဖြင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်းနှင့် နေကြာ တို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ မျိုးကောင်း မျိုးသန့် ဖြန့်ဖြူးမှုအနေဖြင့် စပါးအထွက်ကောင်းမျိုးသန့်၊ ပုလဲသွယ် မျိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲပုတ် တို့ကို ဖြန့်ဖြူးပေးခဲ့ပါသည်။ မိုးစိုက်သီးနှံဖြစ်သည့် ပဲအမျိုးမျိုးမှာ ယခင်နှစ်ထက် ပိုမိုထွက်ရှိခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံစိုက်ပျိုးထုတ်လုပ် ရန်အတွက် တောင်သူလယ်သမားများ သို့ ချေးငွေ ကျပ် ၁၄၈၄.၃ သန်း ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

သားငါးကဏ္ဍ ။ ပြည်နယ်အတွင်း အသားစားသုံးမှု ဖူလုံစေရန်အတွက် ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်ရန် မိတ္ထီလာမြို့နယ်၊

တောမကျေးရွာ နို့စားနွားမွေးမြူရေးခြံမှ သားစပ်မိတ်လိုက်နိုင်သော ဖရီရှန်နို့စားနွားသိုး ၇ ကောင်၊ ဒိုက်ဦးမွေးမြူရေးခြံမှ သားခွဝက်ငယ်ကောင်ရေ ၂၀၀ မွေးမြူလျက် ရှိပါသည်။ ငါးမွေးမြူသူဦးရေ ၁၂၂ ဦးမှ ငါးမွေးကန် ၇၅၉.၀၄ ဧကတွင် မွေးမြူလျက်ရှိပါသည်။

သစ်တောကဏ္ဍ။ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သစ်တောစိုက်ခင်း ထူထောင်ရန် စုစုပေါင်း ကျွန်း ၂၃၇၄၂ ပင်၊ သစ်မာပင် ၁၆၉၀၀ ပင် စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ကျွန်းစိုက်ခင်းတွင် လွိုင်ကော်မြို့နယ် မထောခူကြိုးဝိုင်းတွင် ဧက ၅၀ ၊ သစ်မာစိုက်ခင်း ပိတောက်ဧက ၅၀ ၊ ဒီးမောဆိုမြို့နယ် နန့်စံဖူးကြိုးပြင်ကာကွယ်တောတွင် သစ်မာမျိုးစုံ ဧက ၁၉၀ စိုက်ပျိုးပြီးဖြစ်ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပုဂ္ဂလိကအခန်းမှ ခဲမဖြူအဖြိုက်နက် ရိုးလိုက်ရောရာ မက်ထရစ်တန် ၃၉၁.၉၄၉၊ ခနောက်စိမ်း မက်ထရစ်တန် ၈၉၀ နှင့် ထုံးကျောက် ၁၆၈၄ တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အတွင်း ၁၇၅ ရွာ မီးလင်းနိုင်ခဲ့ပါသည်။ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းကို High Tech Concrete Technology Co. Ltd မှ ဆောင်ရွက်လျက်ရှိရာ ၇၃ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။ နိုင်ငံပိုင် လျှပ်စစ်ခါတ်အား ကီလိုဝပ် နာရီထောင်ပေါင်း ၁၇၃၈၂ နှင့် ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း ၅၉၁ စုစုပေါင်း ကီလိုဝပ်နာရီထောင်ပေါင်း ၁၇၉၇၃ အသုံးပြုနိုင်ခဲ့ပါ သည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အတွင်း ယာဉ်လိုင်း ၂၂ လိုင်း၊ ယာဉ်စီးရေ ၁၁၂ စီးဖြင့် လွိုင်ကော်-ရန်ကုန်၊ ရန်ကုန်-နေပြည်တော်-တောင်ငူ၊ လွိုင်ကော်-တောင်ကြီး၊ လွိုင်ကော်-မန္တလေး၊ လွိုင်ကော်-မိတ္ထီလာခရီးစဉ်များကိုလည်းကောင်း၊ ပြည်နယ် အတွင်း ယာဉ်လိုင်း ၁၂ လိုင်း၊ ယာဉ်စီးရေ ၆၂ စီး ဖြင့်လည်းကောင်း ခရီးသွားလာမှု နှင့် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရန် ဆောင်ရွက် လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆) လပတ် အတွင်း တန်ဖိုးနည်း တယ်လီဖုန်းများကို ပြည်သူများသို့ လစဉ် ဖြန့်ဖြူးပေးလျက်ရှိရာ ၇၄၀၉ လုံး ဖြန့်ဖြူးပေး နိုင်ခဲ့ပါသည်။

ကယားပြည်နယ်အစိုးရအနေဖြင့် လယ်ယာကဏ္ဍတွင် မိုးသီးနှံဆောင်းသီးနှံများကို ပိုမိုထွက်ရှိရန်အတွက် တွန်းအားပေး ဆောင်ရွက်ခြင်းနှင့် ကျန်ပွင့်လင်းရာသီတွင် သတ္တုကဏ္ဍ၏ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ပါက နှစ်ကုန်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင် အထည် ဖော်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

ကရင်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၄၇၈,၅၇၃.၇** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၁.၀** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၃) ကရင်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ကရင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၂၅၈,၄၄၈.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၅၄.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၇.၀** ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၄၃၄,၆၀၁.၉** သန်း အကောင်အထည် ဖော်ရန်နှင့် **၈.၆** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၂၄၈,၂၄၉.၃** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံစိုက်ဧက ၁၂၀၆၅၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အထူးသဖြင့် စီးပွားရေးတွက်ခြေကိုက်သည့် အစေ့ထုတ်ပြောင်းကို မြဝတီမြို့နယ်တွင် ယခင်နှစ်ထက် ဧက ၇၀၀၀ ကျော် ပိုမိုစိုက်ပျိုးပြီး ဖြစ်ပါသည်။ ရာဘာစိုက်ပျိုးနည်းကို ကုမ္ပဏီများမှ နည်းပညာပေးခြင်းကြောင့် တောင်သူများ စိတ်ပါဝင်စားလာပြီး စက်မှုသီးနှံ ဦးစီးဌာနမှ နောင်နန်းမျိုးကဲ့သို့ မျိုးကောင်း မျိုးသန့်

ဖြန့်ဝေပေးခြင်း၊ ရာဘာစိုက်ပျိုး ဖြစ်ထွန်းသော မွန်ပြည်နယ်မှ နည်းပညာများ ရရှိခြင်း တို့ကြောင့် ရာဘာ ၂၂၃၁၄၄ ဧက စိုက်ပျိုးခဲ့ပါသည်။

သားငါးကဏ္ဍ။ ငါးလုပ်ငန်းဦးစီးဌာနမှ ဘားအံငါးလုပ်ငန်းစခန်းရှိ ငါးမွေးကန်များ အား ရေလျှံမှုကာကွယ်တားဆီးရန် လက်ရှိမြေသားကန်များကို အနက် ၂ ပေစီ မြေတူးဘောင် မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပေါင်းစည်းလယ်ယာ ငါးမွေးကန်များနှင့် တစ်ပိုင်တစ်နိုင် ငါးမွေးကန်များသို့ ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ စပါးငါးကန်များ အတွင်းသို့ ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးမြူရေးဆိုင်ရာ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ကျေးရွာများသို့ ကွင်းဆင်းပြီး အစုအဖွဲ့များဖွဲ့စည်းရေး ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ ဘားအံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ် များရှိ ဆန်စက်များအား အဆင့်မြှင့်တင်ခြင်းကြောင့် ဒေသတွင်း ကြိတ်ခွဲမှုများ ပိုမိုလာခဲ့ ပါသည်။ ဘားအံစက်မှုဇုန်မှ စက်ရုံများ၏ ထုတ်လုပ်မှုများ၊ ဘုရားသုံးဆူ မြို့နယ်ခွဲတွင် စက်မှုလုပ်ငန်းများ၏ထုတ်လုပ်မှုများပိုမိုလာခြင်း၊ ၄င်းတို့အနက်မှ ဦးမန်းသိန်းပိုင် 'ဆိုပန်းဆံ' ဖိနပ်လုပ်ငန်းတွင် လုပ်သား ၁၈၅၀ ခန့် ဝင်ရောက် လုပ်ကိုင်လျက်ရှိပြီး၊ တစ်လ ထက်တစ်လ လုပ်ငန်းတွင်ကျယ်လျက်ရှိပါသည်။ ထို့အပြင် ဦးဆောက်ပန်း ရေသန့်လုပ်ငန်း၏ ကျေးရွာ အရောက် ဖြန့်ဖြူးမှု တိုးချဲ့လာခြင်းကြောင့် ထုတ်လုပ်မှုများ ပိုမိုလာပါသည်။ အိမ်တွင်း စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဘားအံမြို့ သစ်လွင်ယက္ကန်း ကုန်ထုတ် သမဝါယမ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် အရင်းအနှီး ပိုမိုရရှိကာ ယက္ကန်းထည် ထုတ်လုပ်မှုများ တွင်ကျယ်လျက်ရှိပါသည်။ မြဝတီမြို့နယ်တွင် ပြည်တွင်းပြည်ပဇည့်သည် ပိုမိုဝင်ရောက် လာမှုကြောင့် သောက်ရေသန့် လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ဘားအံမြို့နယ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိက MCC ကုမ္ပဏီတို့ ပူးပေါင်း၍ သြဂုတ်လမှ စတင်ပြီး ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း များကို ဆောင်ရွက်လျက် ရှိပါ သည်။

ဆောက်လုပ်မှုကဏ္ဍ။ ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမို ချောမွေ့လာစေရန်အတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လမ်းတံတားတည်ဆောက်မှုများ ယခင်နှစ်ထက် တိုးတက်ဆောက်လုပ်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကယာဉ်လိုင်းများ ယခင်နှစ်ကထက် ပိုမိုတိုးချဲ့ ပြေးဆွဲလာခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ တယ်လီဖုန်း အသစ်တပ်ဆင်မှုများ ယခင်နှစ်ထက် ၁၄၀၆၇ လုံး ပိုမိုတပ်ဆင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ မြဝတီမြို့တွင် ဧရာဝတီဘဏ်နှင့် ပထမပုဂ္ဂလိကဘဏ် ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

ပညာရေးကဏ္ဍ။ ပညာရေးဝန်ထမ်းလိုအပ်ချက်အရ နေ့စား၊ လပေး ဝန်ထမ်းဦးရေ ၂၁၇၆ ဦး တိုးချဲ့ ခန့်ထားခဲ့ပါသည်။ ကရင်ပြည်နယ်၏ ပညာရေးကဏ္ဍတွင် ကျောင်းဆရာနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင် ၁:၃၇၊ အလယ်တန်းအဆင့်တွင် ၁:၃၈၊ အထက်တန်းအဆင့်တွင် ၁:၂၂ ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍ။ ကျန်းမာရေးဝန်ထမ်း ၂၅၈ ဦး တိုးချဲ့ခန့်ထားခဲ့ပါသည်။ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ပိုမိုစောင့်ရှောက်နိုင်ရန်အတွက် တိုင်းရင်းဆေးဆရာအသင်း (ကရင်ပြည်နယ် အသင်းခွဲ)၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်း အစရှိသည့် NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွင်းဆင်းကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ဟိုတယ်နှင့်တည်းခိုခန်း ဝင်ငွေ တိုးတက်လာခြင်းမှာ မြဝတီဝင်ပေါက်မှ နိုင်ငံခြားခရီးသွားများနှင့် တတိယနိုင်ငံသား လာရောက် လည်ပတ်ခွင့်ပြုခဲ့ပြီး ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအနေဖြင့် Vega Hpaan International Tour & Air Ticket Center လုပ်ငန်းမှ Passport နှင့် Visa ပြုလုပ်ပေးခြင်း၊ ပြည်တွင်း ပြည်ပလေယာဉ်လက်မှတ်များ ရောင်းချပေးခြင်း၊ နိုင်ငံတကာ ဟိုတယ်များမှ အခန်းများ ရယူပေးခြင်း၊ မွန်ပြည်နယ်-ကရင်ပြည်နယ် အလည်အပတ် ခရီးစဉ်များ စီစဉ်ပေးခြင်း၊ နိုင်ငံ ၁၂ နိုင်ငံအား အလည်အပတ်ခရီးစဉ်များ စီစဉ်ပေးခြင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မစ်ရှင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလိုသူများအား အထူး ဝန်ဆောင်မှုများပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ကရင်ပြည်နယ်အနေဖြင့် ပထမ(၆) လပတ် စီမံကိန်း အကောင်အထည် ဖော်ရာတွင် အစေ့ထုတ်ပြောင်းကို စမ်းသပ် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှု ရရှိခြင်းကြောင့် စုစုပေါင်းဧက ၂၀၀၀ ကို CP ကုမ္ပဏီနှင့် တောင်သူများ အကျိုးတူ စိုက်ပျိုးထုတ်လုပ်မည့် Contract Farming စနစ်ဖြင့် ဆောင်ရွက်သွားရန် ညှိနှိုင်းဆောင်ရွက်လျက် ရှိသည့်အတွက် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်၍ နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါသည်။

ချင်းပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၉၆,၁၄၈.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၂.၂** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၄) ချင်းပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၆၅,၂၁၈.၂** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၇.၈** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင် ခဲ့ပြီး **၉.၃** ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၇,၂၄၈.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၈** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၆၁,၆၉၆.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံ စိုက်ဧက ၂၈၅၉၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အထူးသဖြင့် လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ (လှေခါးထစ်လယ်) ၁၅၀ ဧက ဖော်ထုတ်ရန် စီစဉ်ထားရှိပါသည်။ INGO အဖွဲ့အစည်းများဖြစ်သော CAD၊ ADRA၊ GRET၊ KMSS၊ UNDP

အဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် လှေခါးထစ် လယ် ၁၀.၆၂ ဧက နှင့် တောင်သူများမှ ၁၇၇.၄၂ ဧက ဖော်ထုတ်ရန် စီစဉ်ထားရှိပါသည်။

သားငါးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်မွေးမြူမှုအနေဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲဆောင်ရွက်ရာတွင် နွားနောက် ၄၉၃၉ ကောင် ၊ ဝက် ၈၀၄၈ ကောင်၊ ဆိတ် ၁၄၂၆ ကောင်၊ တို့ကို စီးပွားဖြစ်မွေးမြူနိုင်ခဲ့ပါသည်။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနမှ တောင်သူများသို့ ချေးငွေ ကျပ် ၂၀၀၀ သန်း ထုတ်ချေးခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ အသေးစား အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများအား မှတ်ပုံတင်ထုတ်ပေးလျက်ရှိပြီး မှတ်ပုံတင်ထုတ်ပေးပြီးသည့် လုပ်ငန်းများမှာ စပျစ်ဝိုင်လုပ်ငန်း၊ မြင်းဆိုသစ်တောထွက်ပစ္စည်းလုပ်ငန်း၊ ပရိဘောဂနှင့် သစ်သီးစုံ ဖျော်ရည်လုပ်ငန်း၊ ဗျူတီလင်းဝိုင်လုပ်ငန်း၊ လန်းဆန်းအောင် သစ်သီးစုံ၊ ဝိုင်နှင့် ဖျော်ရည်လုပ်ငန်း၊ ရွှေမက်မန်း ဝိုင်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်းနှင့် မုန့်ဖုတ်လုပ်ငန်းများ ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မီးလင်းသော ကျေးရွာများ တိုးတက်လာရေးကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၄၇ ရွာကို အသစ်ထပ်မံ မီးလင်းစေနိုင်ခဲ့ပါသည်။ ကျေးရွာများကို မီးလင်းရေး ဆောင်ရွက်ရာတွင် မီးလင်းပြီး ကျေးရွာပေါင်း ၃၆၆ ရွာ ရှိပြီး ကျေးရွာများ မီးလင်းရေးအတွက် ဒီဇယ်စွမ်းအင်ဖြင့် လည်းကောင်း၊ စပါးခွံစွမ်းအင်ဖြင့် လည်းကောင်း၊ ဆိုလာစွမ်းအင်ဖြင့် လည်းကောင်း၊ ဘိုင်အိုဂက်စ်ဖြင့် လည်းကောင်း၊ အသေးစားရေအား လျှပ်စစ်စွမ်းအင်ဖြင့် လည်းကောင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းသွားလာရေး တိုးတက်ကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း၊ သိုင်းငင်-တီးတိန်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဂန့်ဂေါ-အိုက်ကားလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ရှာတလိုင်း-လိုတောလမ်းနှင့် တီးတိန် မြို့တွင်းလမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ဖလမ်း-ရိဒ် လမ်း၊ ထန်တလန်-လုံလဲလမ်း၊

ထန်တလန်-နှာရှိန်-ရေဇော-မတူပီလမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ ဖို့ဝှိက်- ထုတ်လှိုင်လမ်း၊ ဖလမ်း မြို့ရှောင်ကွင်းလမ်း၊ လောင်းရှည်-ကျင်ဒွေး လမ်း၊ မတူပီ-ပလက်ဝလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ဟားခါး-ထန်တလန်- ဆာဆီချောက်လမ်း၊ တီးတိန် မြို့တွင်းလမ်း၊ မင်းတပ်မြို့တွင်းလမ်းများကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်ကုန်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်ထောင်စုလမ်းများအတွက် ငွေလုံးငွေရင်း၊ ပြင်ဆင်ထိန်းသိမ်းရန်ပုံငွေ ကျပ် ၁၈၀၂၅.၄ သန်း သုံးစွဲထားပါသည်။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ပံ့ပိုးမှုနှင့် လူမှုဖွံ့ဖြိုးရေး ထောက်ပံ့ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး ရန်ပုံငွေတို့ဖြင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ မြို့ပြ/ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရရှိနိုင်သမျှသော ရေအရင်းအမြစ်ထွက်ရှိရာ နေရာဒေသများတွင် ရေဖမ်း၊ ရေစုကန်များ တည်ဆောက်၍ ၄င်းကန်များမှတစ်ဆင့် ရေပိုက်လိုင်းများ သွယ်တန်းကာ ရေမီတာများ တပ်ဆင်၍ မြို့ပြကျေးလက် ရေပေးဝေမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ကျေးရွာပေါင်း ၃၀ ရွာနှင့် ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ကျေးရွာပေါင်း ၇ ရွာကို သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသတွင်း ကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိုခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ်လျက်ရှိသော်လည်း မိုးရာသီ သွားလာရေး ခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှု ကြန့်ကြာသောကြောင့် လက်ရှိအခြေအနေတွင် များစွာဖွံ့ဖြိုးမှု မရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းပါသည်။ အဓိကအားဖြင့် ဆောက်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေး

ကဏ္ဍများမှာ စီမံကိန်းရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆)လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၃,၂၃၅,၂၅၁.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၃.၁** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၅) စစ်ကိုင်းတိုင်းဒေသကြီး၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ (၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁,ဝ၁၅,ဂ၁ဇ.ဂ** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၅၆.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၆.ဝ** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန် ဈေးနှုန်းများအရ ကျပ် **၂,ဝဝဂ,၅၄၁.ဂ** သန်း အကောင်အထည်ဖော်ရန်နှင့် **ဇ.၅** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၆၅၁,၁ဝ၁.ဂ** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.ဂ** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၅၇ဇ၃၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လ

ပတ်အတွင်း စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်များတွင် ငွေချည် ၆ စံပြကွက် ဧက **၇၅** ဧက၊ မျိုးသန့် စိုက်နိုင်သည့် စုစုပေါင်း ဧက **၇၆၃၇၃** ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။

လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့် မြှင့်တင်ခြင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း လမ်းပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း အတွက် ကျပ် ၂၈၈၀၀.၀ သန်းနှင့် တံတားပြင်ဆင် အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ကျပ် ၂၆၀၃.၆ သန်း ကုန်ကျခံ ဆောင်ရွက်လျက်ရှိပါသည်။ နာဂဒေသ၏ ဆင်သေ-လဟယ်လမ်းနှင့် ရှင်ဗွေယန်-နန်ယွန်း-ပန်ဆောင် လမ်းအားတစ်နှစ်ပတ်လုံး မော်တော်ယာဉ်များ သွားလာနိုင်ရန် အတွက် ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်သွယ်တန်းထုတ်လုပ်မှုနှင့် ဖြန့်ဖြူးပေးရေးလုပ်ငန်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အတွင်း လျှပ်စစ်မာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် စစ်ကိုင်းမြို့တွင် ၄၀၀ ဗို့လိုင်းကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း၊ ချောင်းဦးမြို့တွင် ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း၊ ကေဗီအေခွဲရုံ ၁ ရုံ၊ ၁၁ ကေဗီ လိုင်းတည်ဆောက်ခြင်း၊ ဆားလင်းကြီးမြို့ ၃၃/၁၁ ကေဗီ (၅)အမ်ဗီအေခွဲရုံ၊ ၃၃ ကေဗီ တည်ဆောက်ခြင်း၊ ကနီမြို့တွင် ၁၁ ကေဗီလိုင်း၊ ၂၀၀ ကေဗီအေခွဲရုံ တည်ဆောက်ခြင်း၊ မုံရွာ မြို့နယ် အလုံတွင် ၃၃/၁၁ ကေဗီ (၁၀) အမ်ဗီအေခွဲရုံ တည်ဆောက်ခြင်း၊ ရွှေဘိုမြို့တွင် ခွဲရုံတည်ဆောက်ခြင်း၊ ရေဦးမြို့တွင်ခွဲရုံ ၃ ရုံ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ရေရရှိရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ စိုက်ပျိုးမြေ ၁၅၀၀ ဧက အကျိုးသက်ရောက်မည့် အရာတော်(၂) လျှပ်စစ် မြစ်ရေတင် စီမံကိန်း ဆောင်ရွက်လျက်ရှိရာ ပထမ(၆)လပတ်အတွင်း ရေပေးမြောင်းပြုပြင်ရေးလုပ်ငန်း **၇၄** ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း **၂၅** ရာခိုင်နှုန်း နှင့် လျှပ်စစ်လုပ်ငန်းပိုင်း အနေဖြင့် **၁၀** ရာခိုင်နှုန်း အထိ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ဝက်လက်မြို့နယ်၊ တပ်ရွာ လျှပ်စစ်မြစ်ရေတင် လုပ်ငန်း အတွက် ရေပေးမြောင်းပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆည်ရေရရှိမှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်မည့်အစီအစဉ်များ။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ရာဇေဂြိုလ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း တစ်ခုလုံးပြီးစီးမှုရာခိုင်နှုန်းမှာ အကြိုတည်ဆောက်မှု ၄.၅၂ ရာခိုင်နှုန်း၊ တမံ ၃၂.၁၄ ရာခိုင်နှုန်း ၊ ရေအားလျှပ်စစ် ၀.၀၄ ရာခိုင်နှုန်း၊ ရေပိုလွှဲ ၁၄.၁ ရာခိုင်နှုန်း နှင့် ဆည်ရေသောက် ၅.၀၂ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ ပါသည်။

ဆက်သွယ်ရေး လုပ်ငန်းများ တိုးချဲ့ခြင်း၊ အသစ် တည်ဆောက်ခြင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်းဖုန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်၍ ပထမ (၆) လပတ်အတွင်း ဖုန်းလုံးရေ ၆၅၂၀၀ လုံး ရောင်းချပေးခဲ့ပါသည်။

ပညာရေးကဏ္ဍ။ စစ်ကိုင်းမြို့နယ်တွင် သမဝါယမတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကို အဆင့်မြှင့်၍ စစ်ကိုင်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာသင်တန်း (MPA)၊ စီးပွားရေး စီမံခန့်ခွဲမှုမဟာသင်တန်း(MBA)တို့ကို ဖွင့်လှစ်ပို့ချ လျက်ရှိပါသည်။

ကျန်းမာရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ်အတွင်း ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရွှေဝန်းပြည့်ကုမ္ပဏီမှ ခင်ဦးမြို့နယ်၊ တန့်ဆည်မြို့နယ် နှင့် ကန့်ဘလူမြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ သစ္စာတောင်ကုမ္ပဏီမှ ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ သာထက်ကုမ္ပဏီမှ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း၊ ချင်းတွင်း ငွေဇင်ယော်ကုမ္ပဏီမှ စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်တို့တွင်ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ Good Tow Side ကုမ္ပဏီမှ မုံရွာမြို့နယ်တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ မြန်မာ့ခေတ် ကုမ္ပဏီမှ ကန့်ဘလူ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ဒေါက်တာတင်အောင်ဆွေ ကုမ္ပဏီမှ တမူးခရိုင် ဆရာဝန်များ နေအိမ်ဆောက်လုပ်ခြင်း၊ မန္တလေးစွမ်းအား ကုမ္ပဏီမှ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဧည့်ရိပ်သာဆောက်လုပ်ခြင်း၊ စာရာမေရိ အားမာန်နှင့် ရွှေညီအစ်ကိုများ ကုမ္ပဏီမှလေရှီးမြို့နယ် ဆေးရုံရေစင်ဆောက်လုပ်ခြင်း၊ ဇေယျာဖြိုး ကုမ္ပဏီမှ ခမ်းပတ်တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ရေပေးဝေမည့်အစီအစဉ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက် သောက်သုံးရေ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်း ၈၈ ခု အတွက် ဆောင်ရွက်ရန် ပစ္စည်းများ စုဆောင်းလျက်ရှိပါသည်။

ကျေးလက်မီးလင်းရေး။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၂၅၂၆ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၄၂.၁ ရာခိုင်နှုန်းကို ပထမ(၆)လပတ်အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမ(၆)လပတ် စီမံကိန်း အကောင်အထည်ဖော်နိုင်မှုမှာ လယ်ယာကဏ္ဍတွင် တောင်သူအစီအစဉ်ဖြင့် ပလပ်မြေမှ ၆၁၂ ဧက၊ မြေရိုင်းမှ ၂၆၉၃ ဧက၊ တောရိုင်းမြေမှ ၇၂၅၃ ဧက၊ စုစုပေါင်း ၁၀၅၅၈ ဧက ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လယ်ယာကဏ္ဍအနေဖြင့် ရည်မှန်းချက် ပြည့်မီနိုင်မည်ဟု ခန့်မှန်းပါသည်။

သီးနှံများလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရိတ်သိမ်း ခြွေလှေ့စက်များကို တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဝယ်ယူ၍ မြို့နယ်များတွင် ရိတ်သိမ်း ဆောင်ရွက်လျက်ရှိခြင်း၊ ဆန်စက်၊ သစ်စက်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ လုပ်ငန်းသုံး စက်ကိရိယာများ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများရှိခြင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် မုံရွာစက်မှုဇုန်မှ ရတနာမိုးမြင့် စက္ကူထုတ်လုပ်ခြင်း၊ သီဟထွန်း သံရည်ကျိုစက်ရုံမှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်း၊ စစ်ကိုင်း စက်မှုဇုန် ဟွန်ဒါမြန်မာကုမ္ပဏီမှ သစ်ပါးလွှာအမျိုးမျိုး ထုတ်လုပ်ခြင်း၊ ကလေး စက်မှုဇုန်မှ ရေနံတွင်းတူးကိရိယာများ ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်များ အစားထိုးလဲလှယ်မှုများ နှင့် မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်လက် တိုးချဲ့ချထားပေးခြင်းတို့ကိုဆောင်ရွက်လျက် ရှိသည့်အတွက် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည် ဖော်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

တနင်္သာရီတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆) လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၁,၆၂၇,၄၄၃.၄** သန်း အကောင်အထည် ဖော်ရန်နှင့် **၂၆.၁** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၆) တနင်္သာရီတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



တနင်္သာရီတိုင်း ဒေသကြီး၏ အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၁,၅၀၀,၆၀၃.၃** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၉၂.၂** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၁၃.၂** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၅၁,၅၂၃.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၇.၄** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၈၀,၃၃၅.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ပထမ (၆) လပတ်အတွင်း စုစုပေါင်း စိုက်ပျိုးပြီးဧကမှာ ၁၄၁၇၀၈၃ ဧကဖြစ်ပါသည်။ ဆီအုန်း ၃၆၂၃၄၂ ဧကနှင့် ရာဘာ ၃၁၈၈၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍတွင် ကမ်းဝေးရေယာဉ် ၁၀၀၂ စီး၊ ကမ်းနီးရေယာဉ် ၄၉၅၁ စီးနှင့် ငါးသယ် လှေစီးရေ ၉၀ စီးဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ အက်ဖ်အိုဘီ (မြိတ်) စနစ်ဖြင့် စက်တင်ဘာလကုန်အထိ ငါး၊ပုစွန်တန်ချိန် ၅၉၅၅.၂၈ တင်ပို့ခဲ့ရာ အမေရိကန် ဒေါ်လာ ၇.၆၅ သန်း ရရှိခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း ရေဖြူမြို့၌ ရဲတံခွန်ရေနံမြေ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့

ကုဗပေသန်း ၇၁၂၄၆ ထုတ်လုပ်နိုင်ခဲ့ပြီး ရေနံစိမ်း(ကမ်းလွန်) အနေဖြင့် အမေရိကန် စည်ထောင်ပေါင်း ၁၇၆၇.၃၀၂ ထုတ်လုပ် ဆောင်ရွက် နိုင်ခဲ့ပါသည်။

သတ္တုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခဲမဖြူသတ္တု ၆၈၄ မက်ထရစ်တန် ထုတ်လုပ်ရန် ရည်မှန်းထားပြီး ပထမ (၆) လပတ် အတွင်း ၃၁၂ မက်ထရစ်တန် ထုတ်လုပ်ပြီး ဖြစ်ပါသည်။ ထုတ်လုပ်မှုအသစ်အဖြစ် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ကိုလည်း မက်ထရစ်တန် ၁၅၅၀ ထုတ်လုပ်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရရှိသည့် အတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းပိုင် ဒီဇယ်အင်ဂျင် အလုံး ၂၀၊ မြို့မီးလင်းရေး ကော်မတီ၏ ဒီဇယ်အင်ဂျင် ၈၆ လုံး၊ စုစုပေါင်း ၁၀၆ လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်း ဓာတ်အား လိုအပ်ချက်အနေဖြင့် ၃၅.၉၁၂ မဂ္ဂါဝပ် ရှိသည့်အနက် ၁၄.၀၈၁ မဂ္ဂါဝပ်သာ ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းကို ကော့သောင်းမြို့၊ ရွှေပြည်သာ စက်မှုဇုန်အနီးတွင် သန်းဖြိုးသူ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်မှ တပ်ဆင် အသုံးပြုမည့် စက်အင်အား (၈) မဂ္ဂါဝပ်ဖြင့် ခမောက်ကြီးမြို့နယ်ခွဲရှိ ကျေးရွာများ၊ စက်မှု လက်မှုလုပ်ငန်းများသို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်ထောင်စုလမ်းဖြစ်သော ထားဝယ်-ရေး-မြိတ်လမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ လမ်း/တံတားများ ဖောက်လုပ်ခြင်း၊ မြိတ်-တနင်္သာရီလမ်းပေါ်ရှိ ချောင်းမွန်တံတား၊ ရန်ကုန်-မြိတ် လမ်းပေါ်ရှိ ကြဲတံတား၊ ပုလော တံတား၊ ပိတောက်ငယ်တံတား၊ ကညင်ချောင်းတံတား၊ မြိတ်တက္ကသိုလ်အဆောက်အဦနှင့် ထားဝယ်ခရိုင်အတွင်းရှိ ရုံး အဆောက်အဦများ၊ အထူးစီးပွားရေးဇုန်လုပ်ငန်းများကို တည်ဆောက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ် အတွင်း ကုန်းလမ်းပို့ဆောင်ရေးတွင် ထားဝယ်-မြိတ်-ကော့သောင်း ခရီးစဉ်ကို ပုဂ္ဂလိက မော်တော်ယာဉ်များ ပြေးဆွဲလျက်ရှိပါသည်။ ရေကြောင်း ပို့ဆောင်ရေးတွင် ပုဂ္ဂလိက အမြန် ရေယာဉ်များနှင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းများမှလည်း ပြေးဆွဲလျက်ရှိပါသည်။ မြန်မာ့ လေကြောင်း လိုင်းမှ အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေ (၂) ရက် ပြေးဆွဲ၍ ပုဂ္ဂလိက လေကြောင်းလိုင်းများဖြစ်သော Air Mandalay, Air KBZ, Air Bagan, Asia Wings, Yangon Airways တို့မှ နေ့စဉ် ပျမ်းမျှအနည်းဆုံး ၁ စီးစီ ပြေးဆွဲလျက် ရှိပါသည်။

တနင်္သာရီတိုင်း ဒေသကြီးအနေဖြင့် ပထမ(၆)လပတ် စီမံကိန်း အကောင်အထည်ဖော်နိုင်မှုမှာ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ပုဂ္ဂလိကပိုင်ကဏ္ဍမှ ဂေါ်ဒန်ကျောက် (အမည်သစ်) ထုတ်လုပ်မှုနှင့် စင်္ကာပူအခြေစိုက်ကုမ္ပဏီပိုင် သဲတင်သင်္ဘောများမှ ပင်လယ်သဲ ထုတ်လုပ်မှု ပိုမိုလာနိုင်မည်ဖြစ်သောကြောင့်ရည်မှန်းချက် ပြည့်မီနိုင်မည် ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်ပါသဖြင့် ပြည်ထောင်စု လမ်းမကြီးဖြစ်သော ထားဝယ်-ရေးလမ်း တည်ဆောက်ခြင်း၊ ထားဝယ် ခရိုင် ရှိ ကလိန်အောင် တံတား၊ ရေဖြူ တံတား၊ တံတားဖြူ တံတားများ တည်ဆောက်ခြင်း၊ ခရိုင်ချင်းဆက် လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ရုံး၊ ကျောင်း၊ ဝန်ထမ်း အိမ်ရာများ၊ သာသနိက အဆောက်အဦများ၊ ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတား လုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာရေရရှိရေး လုပ်ငန်းများကို တည်ဆောက် အကောင်အထည်ဖော်မည်ဖြစ်ပါသဖြင့် ရည်မှန်းချက်ကိုပြည့်မီကျော်လွန်နိုင်မည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၂,၃၅၆,၈၄၈.၉** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၀.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၇) ပဲခူးတိုင်းဒေသကြီး၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၁,၁၈၉,၇၂၄.၉** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်း ချက်အပေါ် **၅၀.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၁.၃** ရာခိုင်နှုန်း ပြောင်းလဲ ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၂,၁၄၉,၂၈၆.၁** သန်း အကောင်အထည်ဖေါ်ရန်နှင့် **၈.၇** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၁,၁၂၉,၀၉၀.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း စုစုပေါင်း စိုက်ပျိုးပြီး ဧကမှာ ၃၅၉၈၆၃၄ ဧကဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ယခုနှစ် မိုးရာသီ မိုးရွာသွန်းမှု ပုံမှန်ထက် မိုးရွာရက်နှင့် မိုးရေချိန်လက်မ အနည်းငယ်သာ ပိုမိုရွာသွန်းခဲ့၍ မိုးစပါးများ စိုက်ပျိုးမှုတွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်တို့တွင် ထိခိုက်ခြင်းမရှိခဲ့ပါ။ သာယာဝတီခရိုင်တွင် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့ မြစ်ရေတိုးခြင်းတို့ကြောင့် မိုးစပါးဧက ၃၇၄၂ ဧက ထိခိုက်မှု ရှိခဲ့ပါသည်။ ကြက်ပေါင်စေး စိုက်ပျိုးမှု၌ စိုက်ဧက ၃၁၄၃ ဧက တိုးလာခြင်း နှင့် အစေးလှီးဧက များ၏ သက်တမ်းပြည့်မီလာခြင်းတို့ကြောင့် ရာဘာအထွက် တိုးတက်လာပါသည်။

စက်မှုလက်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အတွင်း ပုဂ္ဂလိကပိုင် ကဏ္ဍတွင် ဒေသန္တရစက်မှုလက်မှု လုပ်ငန်းများမှ သောက်ရေသန့် ထုတ်လုပ်မှု၊ အထည်ချုပ်

လုပ်ငန်းတွင် ရှင်ဆောင်း အထည်ချုပ်စက်ရုံနှင့် ကြယ်စင်ဝိုင်း အထည်ချုပ် စက်ရုံများမှ ချုပ်ပြီးအထည်ထုတ်လုပ်မှုများ တိုးတက်လာခဲ့ပါ သည်။ ဂျပန် ဂေါက်လက်အိတ် စက်ရုံကို ၂၄.၉.၂၀၁၃ ရက်နေ့တွင် ဖွင့်လှစ်၍ လုပ်သားများအား လုပ်ငန်းခွင်သင်တန်း ပေးလျက်ရှိရာ လက်ရှိ အခြေအနေတွင် ထုတ်လုပ်နိုင်မှု မရှိသေးသော်လည်း လုပ်ငန်းစတင် လည်ပတ်ပါက လုပ်သား အင်အား ၂၅၀ ဦးအထိ ခန့်ထား၍ လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေလမ်းနှင့် တံတားများစသည်ဖြင့် ဆောင်ရွက်ရာတွင် ကျပ် ၁၇၀၅.၅ သန်းဖြင့်ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ ပထမ(၆) လ ပတ် အတွင်း ပဲခူးမြို့၊ ကဝ၊ ဝေါ၊ အုတ်တွင်း၊ ရေတာရှည်မြို့နယ်များတွင် ကျန်းမာရေး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊ အုတ်တွင်း၊ အုတ်ဖို၊ ရွှေတောင်၊ မင်းလှ မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာနများ တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လ ပတ်အတွင်း လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးသစ်စမ်းသပ်ကွက်များ တည်ထောင် ခြင်း၊ ဇုန် ၈ ဇုန် တွင် မျိုးသန့်ဇုန်တည်ထောင်ခြင်း၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွဲ၊ နွားများကာကွယ်ဆေးထိုးခြင်း ၂၁ ကြိမ်နှင့် ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစုအဖွဲ့ ၁၅ ဖွဲ့အား လိုင်စင်ချထားပေးခဲ့ပြီး အသေးစားနှင့် အလတ်စား SME လုပ်ငန်းများအတွက် ငွေထုတ်ချေးပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ပထမ(၆)လပတ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ရာတွင် အဓိကကျသော လယ်ယာကဏ္ဍ၏ ရည်မှန်းချက်ပြည့်မီစေရန်အတွက် စပါး၊ မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲအမျိုးမျိုး၊ အခြားသစ်သီးဝလံများ၏ အထွက်နှုန်းပိုမို တိုးတက်စေရေးအတွက် တွန်းအား ပေးဆောင်ရွက်ခြင်း၊ အထောက်အပံ့ပေးခြင်းတို့အပြင် သာယာဝတီ ခရိုင်တွင် မြစ်ရေတိုး၍ ပျက်စီးသွားသော စိုက်ဧကများကို အချိန်မီ ပြန်လည်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်း များအရ ကျပ် **၂,၇၄၂,၆၆၃.၈** သန်း အကောင်အထည် ဖော်ရန်နှင့် **၁၄.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၈) မကွေးတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လ ပတ်တွင် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် **၂,၀၉၉,ရ၉ရ.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **ရ၆.၆** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၁၁.၀** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် **၂,၃၉၀,၃၂၅.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၁,၈၆၉,၄၈၃.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ ပထမ(၆)လပတ်တွင် ၆၂၂၁၉၂၇ ဧက စိုက်ပျိုး ပြီးဖြစ်ပါသည်။ လယ်ယာမြေ မှတ်ပုံတင်ခြင်း လုပ်ငန်းကို ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ(၁) ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ ပထမ(၆)ပတ်တွင် ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ မျိုးသန့်မျိုးပွားစေ့ ၃၄၀၄ တင်း၊ ပုလဲသွယ် စပ်မျိုး စပါး ၂၁၀၀၀ ကီလို၊

ထုတ်လုပ် ပွားများနိုင်ရန် ရည်မှန်းထားခဲ့သည့် အတိုင်း ဆောင်ရွက် နိုင်ခဲ့ပါသည်။ ပထမ(၆) ပတ်တွင် လယ်ယာသုံး စက်ကိရိယာထွန်စက် စီးရေ ၃၀၅ စီးရောင်းချ ပေးနိုင်ခဲ့ပါသည်။ မြေယာ ပြုပြင်ရေး၊ ထွန်ယက်ရေးလုပ်ငန်း အနေဖြင့် ၁၂၃၄၈ ဧက ထွန်ယက် ပေးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ပထမ (၆)လပတ်တွင် ငါးလုပ်ငန်း ဦးစီးဌာန မှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ဆည်၊ တမံ၊ ကန်၊ ဂရမ်အင်းများ၊ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးရစ်သန်ကာလဖြစ်သော မေလနှောင်းပိုင်းမှ ဇူလိုင်လကုန်အထိ ငါးမဖမ်းဆီးရန် အဆိပ်ချငါးဖမ်းခြင်း၊ ဘက်ထရီ ရှော့တိုက် ငါးဖမ်းဆီးခြင်း များ မပြုလုပ်ရန် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ ကြီးအုံကြီးဝဆည်အတွင်း တစ်ပိုင် တစ်နိုင် ငါးသားပေါက်စခန်း တည်ဆောက်ခြင်း စေတုတ္တရာမြို့နယ် သဲဆည်ကျေးရွာ ငါးကုန်ထုတ် သ/မအသင်း ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျောက်မီးသွေး ထုတ်လုပ်သည့် ပုဂ္ဂလိကပိုင် ကုမ္ပဏီ ၂ ခု တိုးချဲ့ စုစုပေါင်း ကုမ္ပဏီ ၆ ခု ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ပထမ(၆)လ ပတ်ကုန်အထိ ရေနံချောင်း စက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်၊ ဇုန်(၂)ဇုန် အပါအဝင် စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၂၆၆၆ ၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ကျပ် ၂၀၄၈၃.၁၈၆ သန်း၊ အမေရိကန်ဒေါ်လာ ၀.၂၃၂ သန်းဖြင့် တိုးတက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ လျှပ်စစ်မီးပြည့်ဝစွာ ရရှိရေးအတွက် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ်ပေါ် အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် (၁၁)ကေဗွီ လိုင်းများအားလုံး တိုင်ထူပြီး ဖြစ်၍ လုပ်ငန်း၏ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ပါသည်။ (၁၁/၀.၄) ကေဗွီ ခွဲရုံတည်ဆောက် ခြင်းလုပ်ငန်းများမှာ Transformer ၅ လုံး ရောက်ရှိပြီး လုပ်ငန်း၏ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ကျေးလက်မီးလင်းရေး။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆)ပတ်အထိ မီးလင်းရန် ကျန်ရှိသည့် ကျေးရွာ ၂၀၈၇ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၄၃.၅ရာခိုင်နှုန်းကို ဆောင်ရွက် နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ကျန်းမာရေး။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) အစီအစဉ်ဖြင့် ကျေးလက်ကျန်းမာရေး ဌာန(၃၁)ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ၁ခုတို့ကို ဂျပန်ယန်း ငွေ ၁၂၅ဒေ သန်း အထောက်အပံ့ ဖြင့် ဆောက်လုပ်လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အော်တို တယ်လီဖုန်း ၈၁ လုံး၊ Mobile (GSM + CDMA) ၁၂၃၃၅၀ လုံး တိုးချဲ့တပ်ဆင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး။ မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ် ၆ လုံး၊ တည်းခိုရိပ်သာ ၉၆ လုံးဖြင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကိုဆောင်ရွက်လျက် ရှိပါသည်။

မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး ။ မကွေးမြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ပြည်တော်သာအိမ်ရာ စခန်းတွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ၄ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၂ လုံး၊ ၂ ခန်းတွဲ ၂ ထပ် အဆောက်အဦ၁ လုံး၊ ၄ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၁ လုံး၊ ၆ခန်းတွဲ ၂ ထပ် အဆောက်အဦ ၂ လုံးတို့ကို ပထမ(၆)လပတ်တွင်စတင် ဆောက်လုပ်လျက် ရှိပါသည်။

မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

လယ်ယာကဏ္ဍတွင် မိုးစပါးသီးနှံ သည် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးရေချိန် နည်းပါးခြင်းတို့ကြောင့် စိုက်ပျိုးချိန် နောက်ကျခဲ့ရသဖြင့် စိုက်ဧက မပြည့်မီသည့်အတွက် စုစုပေါင်းစိုက်ဧက ပြည့်မီရေးအတွက် ဆောင်းသီးနှံကို တိုးတက်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ မိုးရေချိန် နည်းပါး၍ ဆည်ငယ်၊ ကန်ငယ်များတွင် ရေဝင်ရောက်မှုနည်းပါးသဖြင့် နွေစပါးစိုက်ပျိုးရန် ရေလုံလောက်စွာ မဖြန့်ဝေနိုင်သည့်အတွက် အစားထိုးသီးနှံအဖြစ် တွက်ခြေကိုက်သည့် ပဲသီးနှံများကို အစားထိုး စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ ဆောင်းသီးနှံများဖြစ်သော ဆောင်းနှမ်း၊ ဆောင်းမြေပဲ၊ နေကြာ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲလွန်း၊ ပဲစဉ်ငုံ၊ ပဲကြီးတို့ကို ပိုမိုတိုးတက် စိုက်ပျိုးနိုင်ပါက ရည်မှန်းချက်အပေါ် ပြည့်မီနိုင်မည်ဟု ခန့်မှန်းပါသည်။

သားငါးကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း၌ တစ်နိုင်တစ်ပိုင် ဆိတ်မွေးမြူရေး လုပ်ငန်းများ နို့စားနွားမွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးတက် မွေးမြူရန်စီစဉ် ဆောင်ရွက်ထားခြင်း တို့ကြောင့် လည်းကောင်း၊ ငါးမွေးမြူရေးလုပ်ငန်းတွင် ဧရာမင်း သမဝါယမအသင်း ကဲ့သို့သော အသင်းအဖွဲ့များကြောင့်လည်းကောင်း၊ အသားထုတ်လုပ်မှု၊ ငါးထုတ်လုပ်မှုများ ပိုမိုထွက်ရှိလာနိုင်ပါသဖြင့် ရည်မှန်းချက်အပေါ် ပြည့်မီ နိုင်မည်ဟု ခန့်မှန်းပါသည်။

ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်းတွင် လမ်းပန်း ဆက်သွယ်ရေး မြန်ဆန်ချောမွေ့ လာသည်နှင့်အမျှ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များပိုမို လာရောက်နိုင်မည်ဟု မျှော်မှန်း၍ မကွေးမြို့တွင် နန်းထိုက်သူ ဟိုတယ်သစ် တည်ဆောက်ခြင်း၊ ပွင့်လင်းရာသီ၌ ရွှေစက်တော် ဘုရားပွဲတော်၊ ခရီးသွားဧည့်သည်များ လာရောက်လေ့လာရန် နေရာများ

ဖြစ်သည့် ဗိဿနိုး မြို့ဟောင်း၊ ကွေ့ချောင်း ခံတပ်၊ မင်းလှ ခံတပ်၊ စလေ ရုပ်စုံကျောင်းသို့ ပိုမို လာရောက်နိုင်ရန် စီမံထားရှိခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ရည်မှန်းချက် အပေါ် ပြည့်မီ နိုင်မည်ဟု ခန့်မှန်းပါသည်။

မန္တလေးတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၃,၀၅၄,၉၇၅.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၉.၂** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၉) မန္တလေးတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



မန္တလေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၂,၀၈၈,၉၄၅.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၈.၄** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၁၃.၁** ရာခိုင်နှုန်း ပြောင်းလဲ ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၂,၇၆၄,၅၀၂.၃** သန်း အကောင် အထည်ဖေါ်ရန်နှင့် ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၉၇၇,၉၂၉.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.၀** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၃၈၁၄၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပထမ(၆)လပတ်အထိ လယ်ယာကဏ္ဍတွင် မိုးစပါး ပုလဲသွယ် အထူးအထွက်တိုးမျိုးကို ၂၁၅၅ ဧက၊ မနောသုခ ၂၁၉၇၀၅ ဧက၊ ရွှေသွယ်ရင် ၄၁၇၃၉ ဧက၊ ရေဆင်းလုံးသွယ် အထူးအထွက် ကောင်းမျိုးကို ၆၁၃၈ ဧကနှင့် အခြားမျိုးများ အပါအဝင် မိုးစပါး ၄၅၆၈၈၀ ဧက စိုက်ပျိုးထားပါသည်။

သားငါးကဏ္ဍ။ ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုဖွံ့ဖြိုးရေးအနေဖြင့် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံကို ညောင်ဦးမြို့နယ်တွင် ထူထောင်မွေးမြူခြင်း၊ တိုင်းရင်းကြက်၊ ဥစားကြက်များအား တိုးချဲ့မွေးမြူနိုင်ခြင်းကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု တိုးတက်လာခြင်း၊ ကျွဲနို့ နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ငါးထုတ်လုပ်မှုများလည်း တိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် ဧရာဝတီမြစ် ဆီမီးခုံဆိပ်ကမ်းကို Royal Hi-Tech Group ကုမ္ပဏီမှ မှတ်ပုံတင်ပြီး မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၃၁.၁ သန်း အပါအဝင် စုစုပေါင်း ကျပ် ၄၈၄၀၀ သန်းဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ မြင်းခြံခရိုင်မြို့သာတွင် ခေတ်မီစက်မှုဥယျာဉ် (Industrial Park) စီမံကိန်းကို မေ ၁၀၇၃၄ ဧကတွင် လျာထားဖော်ဆောင်ပြီး စံပြစက်မှုမြို့တော်တစ်ခု ပေါ်ပေါက်ရန် ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ရွှေ၊ ကျောက်မျက်ရတနာ၊ ခဲသွပ်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက် နှင့် ခနောက်စိမ်းများ ထုတ်လုပ်လျက်ရှိပါသည်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အနေဖြင့် ကြေးနီ၊ ခနောက်စိမ်း၊ သွပ်သတ္တုများကို ဦးစားပေး ထုတ်လုပ်လျက်ရှိပါသည်။ပထမ(၆)လပတ်ကုန်ထိအမှတ်(၁)စက်မှုဝန်ကြီးဌာန မြင်းခြံသံမဏိ စက်ရုံမှ သံမဏိတုံး ၅၈၆၃.၄၂ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ပထမ(၆)လ ပတ်ကုန်ထိ ကျေးလက်မီးလင်းရေးအနေဖြင့် မီးလင်းပြီး ကျေးရွာပေါင်း ၂၁၂၂ ရွာရှိပါသည်။ ၎င်းရွာများတွင်ယခင် မီးလင်းပြီး ကျေးရွာ ၁၅၃၁ ရွာ၊ တိုင်းဒေသကြီး အစီအစဉ်အနေဖြင့် မီးလင်းပြီး ၃၈၅ ရွာ၊ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်မီးလင်းပြီး ၂၀၆ ရွာ တို့ ပါဝင်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ဒေသအလိုက်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို အဆောက်အဦ အထူးအဖွဲ့(၆)မှမန္တလေးမြို့တွင် အိုးအိမ် ၁ ခန်းတွဲ ၈ ထပ်တိုက်(ဓာတ်လှေကားပါ) ဆောက်လုပ်ခြင်း၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် ဆေးရုံဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်ဆောက်လုပ်မှုများနှင့် ညောင်ဦးတွင် ခရိုင်အင်ဂျင်နီယာမှူးရုံး ပြင်ဆင်မှုများအတွက် ကျပ် ၈၁၆၉.၄ သန်း သုံးစွဲခဲ့ပါသည်။ လမ်းဖောက်လုပ်မှုတွင် မန္တလေး-

ချောင်းဝန်းလမ်းပိုင်း၊ ရန်ကင်းတောင် - စက်မှု တက္ကသိုလ်-ရေတံခွန်တောင်လမ်းပိုင်းတို့အား မြေသားဘောင်ဖို့ ကြိတ်ခြင်း၊ ကျောက်ရိုးစီ မြေကာ နံရံပြုလုပ်ခြင်း၊ ကတ္တရာလမ်းသား တိုးချဲ့ခြင်း၊ မန္တလေး-တကောင်း- ဗန်းမော် မြစ်ကြီးနား မဟာဗျူဟာလမ်းပိုင်း ကတ္တရာခင်းရန် ရေပိတ်လွှာလောင်းခြင်းနှင့် မန္တလေး- မိုးကုတ် လမ်းပိုင်း၊ ရတနာသိဃ်ီ တံတားချဉ်းကပ် လမ်းအား ကျောက်စီရေမြောင်း တည်ဆောက်ခြင်း၊ မိတ္ထီလာခရိုင် အတွင်း ရေဝေ-သဖန်းချောင်း လမ်းပိုင်းတွင် ကျောက်ချောလမ်းခင်းခြင်း၊ ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက် လျက်ရှိပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းတွင် ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ စွန်းလွန်း တံတား၊ မြို့သာ-ငါန်းဇွန်-စစ်ကိုင်း လမ်းပေါ်ရှိ သစ်သားတံတား၊ ထွန်းသာချောင်းရေကျော် တံတားနှင့် ရွာသစ်ရေကျော်တံတားများအား သံကူကွန်ကရစ် တံတားအဖြစ်လည်းကောင်း၊ ပြင်စာ-ရွှေချောင်းလမ်းပေါ်တွင်သံကူကွန်ကရစ်တံတား(၃)စင်း၊ဒုဋ္ဌဝတီတံတား ဆောက်လုပ် ခြင်းများနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်လျက် ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ကမ္ဘောဇောဏ်၊ သမဝါယမဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေး ဘဏ်ခွဲအသစ် ဖွင့်လှစ်နိုင်ခြင်းနှင့် ငွေကြေးကိုင်တွယ်သုံးစွဲမှု လျော့ချရေးအတွက် ချက်လက်မှတ် များ အသုံးပြုငွေပေးချေခြင်းနှင့် ငွေပေးချေကဒ်များ Myanmar Payment Union Card သုံးစွဲ မှုကို ပုဂ္ဂလိကဘဏ်များမှ ATM နှင့် POS များတွင် ငွေများ ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး၏ နှစ်ကုန်ခန့်မှန်းခြေ အကောင်အထည်ဖော်နိုင်မှုမှာ ပြည့်မီ အောင် ဆောင်ရွက်နိုင်ခြင်းမရှိဟု ခန့်မှန်းရပါသည်။ မန္တလေးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ စိုက်ပျိုးသီးနှံများမှာ မိုးကောင်းသောက် သီးနှံများဖြစ်ပြီး ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်း ရက်မှာ စုစုပေါင်းရက်(၅၀)ခန့်သာရှိပြီး မိုးရေချိန်မှာလည်း များစွာလျော့နည်းသည့် အတွက်သီးနှံ များ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခြင်းကြောင့်ဖြစ်ပါသည်။ သတ္တုကဏ္ဍတွင် သပိတ်ကျင်း မြေငလျင်ကြောင့် ရွှေထုတ်လုပ်မှု လျော့နည်းခြင်းနှင့် သံမဏိထုတ်လုပ်မှုတွင်လည်း စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

မွန်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကို ပထမ(ဖ)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁,၁၇၄,၁၅၈.၃** သန်း အကောင် အထည်ဖော်ရန်နှင့် **၁၁.၂** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၀) မွန်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ



မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်း များအရ ကျပ် **၇၁၆,၆၄၀.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၁.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၅.၉** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် **၁,၀၆၆,၉၂၃.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **၉.၁** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၇၁,၃၈၂.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၁၆၁၈၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးမျိုးကွဲများဖြစ်သော မနောသုခ၊ ပေါ်ဆန်းဘေးကြား၊ ဆင်းသွယ်လတ်စသော မျိုးကောင်း မျိုးသန့်များကို စိုက်ပျိုးခဲ့ပါသည်။ ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေးသည် အစေးခြစ်ချိန်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းများ လျော့နည်း ထွက်ရှိခဲ့ပါ သည်။

စက်မှုလက်မှုကဏ္ဍ။ ပထမ(၆)လပတ်အထိ နိုင်ငံပိုင်စက်ရုံ ၉ ခု အနက် ဘီးလင်း အရက်ပျံစက်ရုံ၊ စစ်တောင်းစက္ကူစက်နှင့် ဘီးလင်းသကြား စက်ရုံတို့ကို ပုဂ္ဂလိကသို့လွှဲပြောင်း လုပ်ကိုင်ခဲ့ပါသည်။ သထုံတာယာစက်ရုံ၊ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက်ပြုပြင်ခြင်းနှင့် အခြား အသေးစား ပုဂ္ဂလိက လုပ်ငန်းများမှကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နိုင်ငံပိုင်အခန်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခေါဇာ မြို့နယ်ခွဲတွင် ရေး - ကလော့ - ခေါဇာလမ်း ၊ ကျိုက်ထိုမြို့နယ်တွင် သဲဖြူချောင်း - တောင်စွန်း လမ်း ၊ ဘီးလင်းမြို့နယ်တွင် နှင်းပုလဲ-ရွှေလှေ-လိပ်ခုံးလမ်းများ ကတ္တရာလမ်း သစ်ခင်းခြင်း ၊ ဆည်မြောင်း တာတမံများ တည်ဆောက်ခြင်းလုပ်ငန်းမှ ဆည်မြောင်းဦးစီးဌာန၏ ချောင်းကော၊ မြောင်းကောများ၊ တာတမံများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ တူးမြောင်းများ ပြန်လည် တူးဖော်ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှပေါင်မြို့နယ်တွင် ထန်းပင်ချောင်ကြီးရွာတွင်း လမ်းခင်းခြင်း၊ မုတ္တမ - ပုသိမ်ကွင်း - ဇင်းဘာလမ်း ပြုပြင်ခြင်း၊ ကျိုက်မရောမြို့နယ်တွင် ခနောင်ကျေးရွာ ကတ္တရာလမ်းခင်းခြင်း၊ ဘုရားကုန်း- ဘိန်းဗျောလမ်း ကျောက်ချောခင်းခြင်း၊ ပေါလော-ကြီတောရွာချင်းဆက် တံတားများတည်ဆောက်ခြင်း၊ နေအိမ်အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည် ။

ပို့ဆောင်ရေးကဏ္ဍ။ ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုအားကောင်းလာပြီး ခရီးသည်နှင့် ကုန်စည်တင်ယာဉ်များ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိက ပို့ဆောင်ရေးတွင် မော်လမြိုင်မြို့နယ် အခြေပြု၍ ပြည်နယ်ကျော်မှန်လုံနှင့် ဟိုင်းလတ် ၄၀ လိုင်း၊ ပြည်နယ် တွင်း၂၃ လိုင်း၊ မြို့တွင်း ၈ လိုင်းတို့ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ မော်လမြိုင်မြို့တွင် ရိုးမဘဏ်၊ ချောင်းဆုံမြို့တွင် ကမ္ဘောဇ ဘဏ်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်၊ မုဒုံမြို့နှင့် သထုံမြို့တို့တွင် ဧရာဝတီဘဏ်ခွဲ ၁ ခု စီ ဖြင့် စုစုပေါင်းဘဏ်ခွဲ ၅ ခု ထပ်မံဖွင့်လှစ်နိုင်ပါသည်။

ကျန်းမာရေး။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာ ရေးဌာနအဖြစ် တိုးမြှင့်ခြင်းလုပ်ငန်းများကို ရေးမြို့နယ် ကဗျာကြီးကျေးရွာ၊ ဘီးလင်းမြို့နယ် အဝင်းကြီး ကျေးရွာ၊ ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာများတွင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ရေးမြို့နယ် ကွမ်ဒူးကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ အသစ်ဆောက်လုပ်နိုင်ခဲ့ပါသည်။

ကျေးရွာမီးလင်းရေး။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် အသေးစား၊ ဒီဇယ်၊ ဆိုလာ၊ စပါးခွံ၊ နေရောင်ခြည် စသည့်နည်းတို့ဖြင့် ကျေးရွာပေါင်း ၁၄ ရွာ မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မွန်ပြည်နယ်၏ပထမ(၆)လပတ် စီမံကိန်း အကောင်အထည်ဖော်မှုကို သုံးသပ်ရာတွင် စက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများသည် နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည့်မီနိုင်မည်ဟု ခန့်မှန်းရပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ရာဘာထုတ်လုပ်မှုတိုးတက်လာခြင်း၊ မြို့နယ်များအတွင်း ဆန်ကြိတ်ခွဲလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝပ်ရှော့ လုပ်ငန်း၊ တွင်ခုံ လုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းကြောင့် ရည်မှန်းချက် ပြည့်မီနိုင်မည် ဟုခန့်မှန်းရပါ သည်။

ဆောက်လုပ်မှုကဏ္ဍတွင် ရေးမြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်တွင် လမ်း တံတားများဆောက်လုပ်ခြင်း၊ ကျိုက်မရောမြို့နယ်တွင် ကျောင်းများ ဆောက်လုပ်ခြင်း၊ သံဖြူဇရပ်မြို့နယ်တွင် ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း၊ ပုဂ္ဂလိကအခန်းမှ ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်တို့တွင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းနှင့်နေအိမ် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြုပြင်မှုများကြောင့် နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည်မီနိုင်မည်ဟု ခန့်မှန်းပါ သည်။

ပို့ဆောင်ရေးကဏ္ဍ ပုဂ္ဂလိကပိုင်အခန်းတွင် ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မော်တော်ကားလမ်းနှင့် တံတားများလည်း ကောင်းမွန်လာပြီး ခရီးသွားလာမှု ပိုမိုဖွံ့ဖြိုး တိုးတက် လာပါသည်။ ပွင့်လင်းရာသီ ရောက်ရှိလာပြီ ဖြစ်၍ ကျိုက်ထီးရိုး စေတီတော်၊ စက်စဲ ကမ်းခြေနှင့် ကျိုက္ခမီဘုရားများသို့လည်း ဘုရားဖူးများ ပိုမိုလာရောက်နိုင်မည်ဟု မျှော်မှန်း ခြင်းကြောင့် ရည်မှန်းချက်ကိုပြည်မီနိုင်မည်ဟု ခန့်မှန်းပါ သည်။

ရခိုင်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကိုပထမ(ဖ)လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၁,၃၉၈,၉၄၄.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **၄၆.၄** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၁) ရခိုင်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ရခိုင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကိုပထမ(၆)လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၆,၉၄,၈၅၃.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၄၉.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၆.၄** ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၅၇,၁၅၉.၄** သန်း အကောင်အထည်ဖော်ရန်နှင့် **၆.၂** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၂၅,၁၇၉.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄.၀** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၁၃၁၆၂၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်ရန် အတွက် စိုက်ပျိုးရေးဦးစီးဌာန မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း မျိုးစပါး မျိုးကွဲအလိုက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် အထူးအထွက်တိုးစပါး မျိုးကောင်း မျိုးသန့်များ စုစုပေါင်း ၁၁၁၁၈၃၅ ဧက စိုက်ပျိုး ခဲ့ပါသည်။

သားငါးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများမှ ငါးပုစွန်ထုတ်လုပ်မှုမှာ ပိဿာထောင်ပေါင်း ၈၁၇၉၁ ထုတ်လုပ် နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း ကျွန်း၊ ထင်း၊ မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အတွင်း ရွှေသဘာဝ ဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ ၁၈၅၆ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အထိ မီးလင်းပြီးကျေးရွာပေါင်း ၁၂၁၂ ရွာ ရှိပြီးဖြစ်ပါသည်။ ကျေးရွာ မီးလင်းရေးအတွက် ကျေးရွာပိုင် ဒီဇယ်စွမ်းအင်များဖြင့်လည်းကောင်း၊ စပါးခွံ စွမ်းအင်ဖြင့်လည်းကောင်း၊ ဇီဝဓာတ်ငွေ့စွမ်းအား ဖြင့်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)ပတ်အထိ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရန်ကုန်- ကျောက်ဖြူလမ်း၊ အမ်း-ပဒဲကြော-မအီလမ်း၊ ငသိုင်းချောင်း-ဂွလမ်း၊ မြေပုံ-ကံသာလမ်း-ကပိုင်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ မင်းဘူး-အမ်း-စစ်တွေ မြို့တွင်းလမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ် ဘတ်ဂျက်ဖြင့် ပန်းတောင်း-တောင်ကုတ်လမ်း၊ သံတွဲ-ဂွလမ်း၊ ကျောက်ဖြူ-မင်းပြင်- ရမ်းဇြဲလမ်း၊ ရမ်းဇြဲ-အောင်လှပြင်-ပိန္နဲတောင်လမ်း၊ မာန်အောင် ကျွန်းပတ်လမ်း၊ ဘူးသီးတောင်-မောင်တော လမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း၊ ပေါက်တော-မင်းပြားလမ်း၊ မြေပုံ-မင်းပြားလမ်းတို့တွင် ကတ္တရာလမ်းအဆင့် မြှင့်တင်ခြင်း၊ ကျောက်ချောလမ်းများအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း၊ ရုံးခြံစည်းရိုးများ ပြုပြင်ခြင်း၊ ရုံးခြံဝန်းအတွင်း ကတ္တရာလမ်း ခင်းခြင်းများ၊ အားကစားကွင်း၊ အားကစားရုံများ ဆောက်လုပ်ခြင်း၊ ကျေးရွာချင်း ဆက်လမ်း များ ဖောက်လုပ်ခြင်းနှင့် အခြားတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ ပထမ(၆)လပတ်အထိ ရခိုင်ပြည်နယ်၏ မြို့ပြနှင့် ကျေးလက် ဒေသများတွင် သောက်သုံး ရေရရှိရေး လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များ၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆည်မြောင်း ဦးစီးဌာနတို့မှ ဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေခရိုင်တွင် စက်ရေတွင်း ၄ တွင်း၊ တွင်းတိမ် ၁၅၂ တွင်း၊ မိုးရေလှောင်ကန် ၃၁၃၇ ကန်၊ လက်တူးတွင်း ၅၂၉ တွင်းရှိပြီး၊ မောင်တောခရိုင်တွင် တွင်းတိမ် ၃၉၈၃ တွင်း၊ မိုးရေ လှောင်ကန် ၁၃၅၅ ကန်၊ လက်တူးတွင်း ၃၀၂ တွင်းရှိပြီး၊ ကျောက်ဖြူခရိုင်တွင် တွင်းတိမ် ၇၅ တွင်း ၊ မိုးရေလှောင်ကန် ၄၅၃ကန်၊ လက်တူး တွင်း ၃၈၃၆ တွင်းရှိပြီး၊ သံတွဲခရိုင်တွင် တွင်းတိမ် ၄၂၀ တွင်း၊ မိုးရေလှောင်ကန် ၈၂ ကန်၊ လက်တူးတွင်း ၆၂၇၉ တွင်း ကျေးရွာပေါင်း ၂၆၁၄၆ ရွာတို့အား သောက်သုံးရေ ရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အဓိကအားဖြင့် စွမ်းအင်ကဏ္ဍတွင် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရေးဆွဲချိန်တွင် တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရေးဆွဲခဲ့သော်လည်း "ရွှေ" သဘာဝဓာတ်ငွေ့ စီမံကိန်းသည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်မှသာ ထုတ်လုပ်နိုင်ခြင်းကြောင့် အကောင်အထည်ဖော်နိုင်မှု လျော့နည်းရခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၆,၂၀၃,၅၆၇.၀** သန်း အကောင်အထည် ဖော်ရန်နှင့် **၁၂.၁** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၂) ရန်ကုန်တိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ရန်ကုန်တိုင်း ဒေသ ကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၄,၆၂၂,၀၀၀.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၇၄.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၅.၆** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါ သည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများ အရ ကျပ် **၅,၅၃၉,၇၂၅.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၀** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၄,၁၇၅,၉၅၅.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၀** ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက **၁,၄၅၅,၉၅၀** ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါးရာသီတွင် အထွက်ကောင်း မျိုးစေ့ထုတ် စိုက်ကွက်များ စိုက်ပျိုးရာ မျိုးသန့် စံပြရွာနှင့် ကုမ္ပဏီများမှ **၁,၉၂၂** ဧက၊ အကျိုးဆောင် တောင်သူများမှ **၂၉,၅၅၀** ဧက စိုက်ပျိုးပြီးစီးခဲ့ပါသည်။ မျိုးသန့်ခြံများမှ စပါး မျိုးကောင်းမျိုးသန့်များကို **၂၄၀** ဧက စိုက်ပျိုးပြီးစီးခဲ့ပါသည်။ ကျေးရွာ **၈၅၁** ရွာတွင် တောင်သူနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး တောင်သူများစိုက်ပျိုးရေး လုပ်ငန်းများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ရာဘာစိုက်ဧက**၄၀,၈၂၉** တွင် အစေးလှီးဧက **၈,၆၂၁**ရှိပါသည်။ ရာသီဥတု ကောင်းမွန်ခြင်းကြောင့် ကော့မှူး၊ တိုက်ကြီးနှင့် လှည်းကူးမြို့နယ်ရှိ ရာဘာခြံများမှ ရာဘာများ အထွက်နှုန်း တိုးတက်ခဲ့ပါ သည်။

စွမ်းအင်ကဏ္ဍ ။ တိုက်ကြီးမြို့နယ် အဖျောက်ရေနံ သဘာဝဓာတ်ငွေ့တွင်းမှ သဘာဝ ဓာတ်ငွေ့နှင့် ဘူးသွင်းဓာတ်ငွေ့များ ထုတ်လုပ်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ ။ စက်မှုဇုန်ကြီး ဌာနအောက်ရှိ နိုင်ငံပိုင် စက်ရုံ အလုပ်ရုံ ၁၇၄ ရုံ အနက် ပုဂ္ဂလိကသို့ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အကျိုးတူဖက်စပ်ပြုခြင်းများကြောင့် နိုင်ငံပိုင် စက်ရုံ ၇၄ ရုံသာ ကျန်ရှိပါသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးကို ဆောင်ရွက် လျက် ရှိပါသည်။

အထူးစီးပွားရေးဇုန်။ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုစီမံကိန်းအတွက် ပတ်ဝန်းကျင် ထိခိုက်မှု စိစစ်ခြင်း (Environment Impact Assessment- EIA) ကိုဆောင်ရွက်နိုင်ခဲ့ပါ သည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ ။ လှော်ကားဌ်ဓာတ်ငွေ့တပ်ဆင်မှုအတွက်ပထမအဆင့် ၉၀%၊ ရွာမဌ် တည်ဆောက်မှု ၉၀ %၊ ရွာမဌ် ထိုင်းနိုင်ငံ EGAT နှင့် ဓာတ်ငွေ့သုံးတည်ဆောက်မှု ၄၅%၊ သာကေတဌ် တည်ဆောက်မှု ၈၀ %၊ အလုံဌ် ဓာတ်ငွေ့သုံးအတွက် စက် ၂ လုံး တပ်ဆင်နိုင် ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ ။ ကျေးလက်မြို့ပြကွန်ယက် ဆက်သွယ်မှု တိုးမြှင့်နိုင်ရေးနှင့် မြို့ပြရှိ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်ပင်သာယာ ပြင်ပမြို့နယ်များတွင် စည်ပင်သာယာရေး အဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေမြယာ(၂) အဆင့်မြင့်အိမ်ရာစီမံကိန်း၊ လမ်းမတော် မြို့နယ် အဆင့်မြင့်အိမ်ရာ စီမံကိန်း၊ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း Pent House စီမံကိန်း၊

ဒဂုံမြို့သစ်မြောက်ပိုင်း ဗိုလ်ဗထူး အိမ်ရာစီမံကိန်း၊ ဗိုလ်မင်းရောင်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်တောင်ပိုင်း ဧရာဝဏ်အိမ်ရာ စီမံကိန်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မင်းရဲကျော်စွာအိမ်ရာ စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ လမ်းတံတား ၈၇ ခု၊ အဆောက်အဦ ၃ ခု တည်ဆောက်ခဲ့ပါ သည်။

ပို့ဆောင်ရေး ကဏ္ဍ ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ ပထမ(၆) လပတ်တွင် အင်္ဂပယာဉ် ၄၁၅၃၃ စီး၊ လိုင်းပေါင်းစုံ ဘတ်စ်ကား ၆၂၉၅ စီး၊ အဝေးပြေး ၂၈၆၁ စီး၊ ကြို/ပို့ ယာဉ် ၆၂၁ စီး၊ လုပ်ငန်းသုံးယာဉ် ၂၁၆၇၀ စီး၊ ၅ တန်အထက် ကုန်တင်ယာဉ် ၂၁၂၁၆ စီး၊ ၅ တန်အောက် ၁၇၁၂၉ စီး ဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းမှ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ အင်္ဂပယာဉ်၊ အဝေးပြေး ကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ကားလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေး။ အမှတ်(၃)အခြေခံပညာဦးစီးဌာနအနေဖြင့် ပထမ(၆)လပတ်တွင် တွံတေးမြို့နယ် ကျောင်း ၁၆ ကျောင်း၌ အန္တရာယ်ရှိ ကျောင်းပေါင်း ၁၁ ကျောင်း၊ ဥပဓိရုပ် မကောင်းသော ကျောင်း ၃ ကျောင်း၊ ကျောင်းသားဦးရေ အရ တိုးချဲ့ကျောင်း ၂ ကျောင်း ဆောက်လုပ်ခဲ့ပါသည်။ ၎င်းကျောင်းများအနက် အန္တရာယ်ရှိကျောင်း ၁၀ ကျောင်း၊ ကျောင်းသားဦးရေ အရ တိုးချဲ့ကျောင်း ၂ ကျောင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်း ၂ ကျောင်းမှာ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

ကျန်းမာရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်၌ ကျေးလက်ကျန်းမာရေးဌာန ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉ ခု တိုးချဲ့ နိုင်ခဲ့သဖြင့် ကျေးလက် ကျန်းမာရေးဌာန ၇၉ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၄၀၇ ခု ရှိပါသည်။ ကုတင် ၁၀၀ တိုင်းရင်းဆေးရုံတွင် အတွင်းလူနာ ၆၈၃ ဦး၊ ပြင်ပလူနာ ၉၇၀၇ ဦး ကုသပေးနိုင်ခဲ့ပါသည်။

ရေပေးဝေရေးနှင့်သောက်သုံးရေဖူလုံရေး။ မြို့ပြရေပေးရေးနှင့် ကျေးလက်ရေရရှိရေး တို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မှ နေ့စဉ်ဖြန့်ဝေသည့် ရေပမာဏမှာ ဂျိုးဖြူကန် မှ ရေဂါလန် ၂၇ သန်း၊ လှော်ကားကန်မှ ရေဂါလန် ၁၄ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၅၄ သန်း၊ ရန်ကုန်မြို့တော်ရေပေး ဝေရေး(ငမိုးရိပ်)မှ ရေဂါလန် ၄၅ သန်း၊ အဝီစိစက်ရေတွင်းမှ ရေဂါလန် ၁၆ သန်း၊ ၎င်းအပြင် ရေပေးဝေရေး စခန်းများမှ တစ်နေ့ ရေဂါလန် ၄ သန်း၊ စုစုပေါင်း ရေဂါလန် ၁၆၀ သန်း တို့ကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိပါသည်။

မီးလင်းရေး။ နိုင်ငံတော်အနေဖြင့် မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလတွင် ကျေးရွာပေါင်း **၅၁၃** ရွာ မီးလင်းပြီး ဖြစ်ပါသည်။

ဌားရမ်းခနှင့်အခြားဝန်ဆောင်မှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် လုပ်ငန်းလိုင်စင်ခွန်၊ တည်းခိုခန်း လိုင်စင်ခွန်၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်ဖြင့်လှည့်လည် ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်၊ အနေးယာဉ် (ဆိုက်ကား) လိုင်စင်များအငှားချထားခြင်း၊ အနေးယာဉ်နှင့် ပတ်သက်သည့် လုပ်ငန်းများ၊ City Taxi လုပ်ငန်းနှင့် မြောက်ဥက္ကလာပမြို့နယ် ခန်းမ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ခန်းမ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ခန်းမတို့နှင့် ဆိုင်/မြေ ငှားရမ်းခ စသည့်လုပ်ငန်းများမှ အခွန်အခရင်ငွေများ တိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ နှစ်ကုန် ခန့်မှန်းခြေ အကောင်အထည် ဖော်နိုင်မှုမှာ ပြည့်မီမည်ဟု ခန့်မှန်းနိုင်ပါသည်။ အကြောင်းအရင်းများမှာ မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်ခဲ့သဖြင့် လယ်ယာကဏ္ဍတွင် လျာထားချက် ပြည့်မီနိုင်ခြင်း၊ မိုးနှောင်း ရာသီတွင် အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးကြောင့် သီးနှံများ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များကို တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဝယ်ယူ၍ မြို့နယ်များတွင် ရိတ်သိမ်းဆောင်ရွက်လျက်ရှိခြင်း၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း မြေနေရာများတွင် တစ်ရာသီ စိုက်ပျိုးခွင့်ပြုခြင်း၊ သုံးခွ မြို့နယ်တွင် ယခင်က ရေငန်ဝင်သည့် နေရာများ၌ ရေငန်တား တာများ ပြုလုပ်၍ ၈က ၁၀၀၀ တိုးချဲ့၍ စပါး စိုက်ပျိုးခြင်းများ၊ ကော့မှူးမြို့နယ်၊ ၄က်အော်စမ်း ဆုကလပ် ရာဘာခြံအား ပုဂ္ဂလိကသို့ အငှားချ၍ ရင်းနှီး မြှုပ်နှံမှုပြုခြင်း၊ ကန်တော်ကြီး ရေချိုငါးဥယျာဉ်ကို ပုဂ္ဂလိကသို့ အငှားချ၍ ရင်းနှီးမြှုပ်နှံမှု ပြုခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုမ္ပဏီများ မှတ်ပုံတင်သည့် အရေအတွက်သည် ၂၂၆၂ အထိ ရှိခဲ့သဖြင့် ကုမ္ပဏီဖွဲ့စည်းသည့် အရေအတွက် တိုးတက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်း၊ ရွှေဂုံတိုင်နှင့် ဘုရင့်နောင် ခုံးကျော်တံတားများ တည်ဆောက် ပြီးစီး၍ ဖွင့်လှစ်မည် ဖြစ်ခြင်း၊ ဆန်စက်များတိုးချဲ့ ဆောက်လုပ်ခြင်း၊ သစ်စက်များတွင် လုပ်ငန်းသုံးစက်ကိရိယာများ တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများရှိခြင်း ၊ မော်တော်ယာဉ်များ အစားထိုး လဲလှယ်မှုများနှင့် မော်တော်ယာဉ် လိုင်းသစ်တိုးချဲ့မှုများရှိခြင်း၊ ဘဏ်လုပ်ငန်းတွင် ပုဂ္ဂလိက ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်မှုများ၊ ဆရာ/ဆရာမများအား တိုးချဲ့ခန့်ထားခြင်း၊ တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်လက်ချထား ပေးမှုများ ရှိသဖြင့် နှစ်ကုန်ခန့်မှန်းခြေ ပြည့်မီနိုင်မည်ဟု ခန့်မှန်း ပါသည်။

ရှမ်းပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၁,၉၅၀,၈၂၄.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၃) ရှမ်းပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ရှမ်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁,၁၉၂,၇၇၂.၀** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၁.၁** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၇.၀** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၁,၇၆၁,၇၀၂.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၆.၁** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၁၂၂,၃၇၈.၉** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၃.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၃၄၈၈၀၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးသီးနှံများ မိုးရွာသွန်းမှု နောက်ကျ၍ စိုက်ပျိုး၊ ရိတ်သိမ်းမှု နောက်ကျခြင်း၊ မိုးနှောင်းပိုင်းတွင် အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှု ခံရသဖြင့် နွေစပါး၊ ပဲပုတ်စသည့် သီးနှံအချို့ ထွက်ရှိမှုသည် ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံများအား တာရှည်ခံရန်နှင့် အရည်အသွေးမီ စားသောက်ကုန်အဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် တောင်ကြီး မြို့နယ်တွင် Myanmar Belle Manufacture Co.ltd မှ ဂေါ်ဖီထုပ် အခြောက်ခံစက်ရုံ၊ ဟဲဟိုးမြို့တွင် မြနဒီ ပြောင်းဖူးအခြောက်ခံ စက်ရုံ၊ထုံးကျောက် ထွက်ရှိသည့် ပင်လောင်းမြို့နယ်တွင် ဘိလပ်မြေ စက်ရုံ

၂ ရုံနှင့် ထူးကွန်ကရစ်မီးတိုင် ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို တည်ဆောက်နိုင်ခဲ့ပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ခဲ့ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အေးသာယာစက်မှုဇုန် တွင်ပတ္တမြား နဂါးသံနှင့် သံမဏိ စက်ရုံ တည်ထောင်ပြီး လုပ်ငန်းများ လည်ပတ် လုပ်ကိုင်လျက်ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင်လုပ်ငန်း ကြီး ၁၇၅ ခု၊ လုပ်ငန်းလတ် ၃၅၆ ခု၊ လုပ်ငန်းငယ် ၃၀၂၂ခု ၊ စုစုပေါင်း စက်မှုလုပ်ငန်းပေါင်း ၃၅၅၃ ခု မှတ်ပုံတင်နိုင်ခဲ့ပြီးကျပ် ၃၇၇၆၈.၅ သန်းရင်းနှီးမြှုပ်နှံခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်တွင် ကျေးရွာ ၈ ရွာကို ဒီဇယ်စနစ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ မြို့နယ် မန်မွန်းခေး ကျေးရွာနှင့် ပန်မြိုင်းကျေးရွာ တို့တွင် ဆိုလာစနစ် ဖြင့်လည်းကောင်း၊ မူဆယ် ခရိုင် ဟိုမောလော့ခွမ် ကျေးရွာအုပ်စု နှင့် နမ့်ဖတ်ကာ ကျေးရွာတို့တွင် တရုတ်နိုင်ငံ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားဖြင့်လည်းကောင်း၊ လောက်ကိုင်ခရိုင်ကျေးရွာ ၇ ရွာတွင် ကိုယ်အားကိုယ်ကိုး ဓာတ်အားခွဲစက်ရုံ၊ကျေးရွာ ၂ ရွာတွင်အသေးစားရေအားဖြင့် လည်းကောင်း၊ ကျေးရွာ ၁၅ ရွာကို စပါးခွံဓာတ်အားပေးစက် ၂၉ ခုဖြင့်လည်းကောင်း ကျေးလက် မီးလင်းရေး ဆောင်ရွက်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပိုင် လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲနိုင်ခဲ့ခြင်းနှင့် မော်တော်ယာဉ်လိုင်းသစ် ၂၀ ကျော် တိုးချဲ့ ပြေးဆွဲလျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အစတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ သုံးဘီးဆိုင်ကယ် စီးရေ ၄၈၆ စီး ဖြင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ ရှမ်းပြည်နယ် စည်ပင်သာယာရေးမှ ဘဏ္ဍာနှစ်အတွင်း ရေပေးရေး လုပ်ငန်းများကို ကျေးလက်တွင် အဝီစိရေတွင်းတူးဖော်ခြင်း ၄ ခု၊ လက်တူးတွင်း ၁၄ ခု၊ ရေကန် အဆင့်မြှင့် ၇ ခု၊ စိမ့်စမ်းရေသွယ် ၁၇ ခု၊ အခြား ၇ ခု စုစုပေါင်း ၄၉ ခု ကို လည်းကောင်း၊ မြို့ပြတွင် အဝီစိရေတွင်း တူးဖော်ခြင်း ၅ ခု၊ တွင်းတိမ် ၁ ခု၊ လက်တူးတွင်း ၁၄ ခု၊ ရေကန် အဆင့်မြှင့် ၂ ခု၊ အခြား ၃၀ ခု စုစုပေါင်း ၅၂ ခုကို လည်းကောင်း သောက်သုံးရေ ရရှိရန် ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားကဏ္ဍ။ အင်ကြင်းကုန်း ကျေးရွာအနီးရှိ အင်းလေး အရှေ့ကြိုးဝိုင်းမှ မြေဧရိယာ ၆၂၂ ဧကကို ဟိုတယ်ဇုန်အဖြစ် ဖော်ထုတ်ကာ ဟိုတယ် ၁၄ လုံး တည်ဆောက်လျက် ရှိပါသည်။

ရှမ်းပြည်နယ်၏ ပထမ(၆)လပတ် စီမံကိန်းအကောင်အထည်ဖော်နိုင်မှုအရ ရည်မှန်းချက် ပြည့်မီစေရန် ပါဝင်မှုအများဆုံးဖြစ်သော လယ်ယာကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့၏ အကောင်အထည်ဖော်မှု အနည်းငယ် လျော့နည်းနိုင်ကြောင်း ခန့်မှန်းရပါသည်။

လယ်ယာကဏ္ဍတွင် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းတို့ကြောင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ပဲပုတ် စိုက်ဧကများ ထိခိုက်ပျက်စီးပြီး အထွက်လျာထားချက် မပြည့်မီနိုင်ခြင်းကြောင့် လည်းကောင်း၊ အချို့စိုက်ဧကများမှာ သဲဖုံးခြင်းကြောင့် မူလမြေဆီလွှာကဲ့သို့ အထွက်နှုန်း မပြည့်မီနိုင်ခြင်းကြောင့်လည်းကောင်း နှစ်ကုန်တွင်ရည်မှန်းချက် မပြည့်မီနိုင်ကြောင်း ခန့်မှန်း ရပါသည်။

စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ သစ်မာခွဲသား ထုတ်လုပ်မှုတွင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ သစ်စက်များမှာ သစ်လုံးရရှိမှု မရှိခြင်းကြောင့် စက်များလည်ပတ် နိုင်ခြင်းမရှိဘဲ ထုတ်လုပ်မှုလျော့နည်းခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် မိုးစပါးနှင့် ဆီထွက်သီးနှံ များဖြစ်သော မိုးနှမ်း၊ ပဲပုတ် စိုက်ဧကအချို့ထိခိုက်ပျက်စီးပြီး အထွက်လျော့နည်း၍ ဆန်ကြိတ် ခွဲမှု နှင့် ဆီကြိတ်ခွဲမှုများ လျော့နည်းခြင်း၊ စက်မှုဇုန်ရှိ ပုဂ္ဂလိက မော်တော်ယာဉ် ထုတ်လုပ်မှုသည် ပြည်ပမော်တော်ယာဉ်များနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်မှု မရှိသဖြင့်စက်မှုဇုန် မော်တော်ယာဉ် များ ထုတ်လုပ်မှုလျော့နည်းခြင်း၊ မော်တော်ယာဉ်နှင့် ဆက်စပ်သည့် အပိုပစ္စည်းများ ထုတ်လုပ်မှု ကျဆင်းသဖြင့် ရည်မှန်းချက် ပြည့်မီနိုင်ခြင်းမရှိကြောင်း ခန့်မှန်းပါသည်။

ဧရာဝတီတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဧရာဝတီတိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၃,၈၈၈,၉၈၁.၂** သန်း အကောင်အထည် ဖော်ရန်နှင့် **၁၈.၀** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၄) ဧရာဝတီတိုင်းဒေသကြီး၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ဧရာဝတီတိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ (၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၂,၅၁၃,၃၃၉.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၄.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၅.၇** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန် ဈေးနှုန်းများအရ ကျပ် **၂,၈၂၉,၈၁၇.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **၅.၆** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၆၈၂,၃၇၆.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၃.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၄၅၈၂၀၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်းသီးနှံများမှအပ ကျန်သီးနှံများ အားလုံးနီးပါး စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သော်လည်း နွေစပါးနှင့်ဂုန်လျှော်အထွက် လျော့နည်းခဲ့ပါသည်။ နွေစပါးစိုက်ပျိုးမှုမှာ သက်တမ်းနုအထွက်ကောင်းမျိုးများ ဖြစ်သော်လည်း ဆည်ရေသောက် ဧကအချို့တွင် ဆည်ရေပေးမှု နောက်ကျသဖြင့် အပင်ပွားအားနည်းခြင်း၊ အပင်ပန်းပွင့်ချိန်တွင် အပူချိန် မြင့်တက်ခြင်းကြောင့် စပါးအဖျင်းများ၍ အထွက်နှုန်းများ လျော့နည်းခဲ့ရ ပါသည်။

သားငါးကဏ္ဍ။ ပထမ (ဖ)လပတ်တွင် ငါးပုစွန် ထုတ်လုပ်မှု ပိသာ ၅၂၉.၄ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခင်နှစ် ထုတ်လုပ်မှု ပိသာ ၅၀၁.၃ သန်း ထက် ပိသာ ၂၈.၁ သန်းခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(ဖ)လပတ်အထိ သစ်တောဦးစီးဌာနမှ ကျွန်းစိုက်ဧက ၇၀၀ တွင် အပင်ထောင်ပေါင်း ၃၇၈ နှင့် သစ်မာစိုက်ဧက ၃၀၀ တွင် အပင်ထောင်ပေါင်း ၁၆၂ စိုက်ပျိုး နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (ဖ) လပတ် အတွင်း သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၄.၇ ဖြစ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၅၈၈ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (ဖ) လပတ်တွင် အော်တိုတယ်လီဖုန်း ၃ လုံး၊ GSM Mobile ၂၃၁၀၀ လုံး၊ CDMA 800 Mobile ၁ဖ၇၉၉၅ လုံး ကို တပ်ဆင်ခဲ့ပါသည်။

သောက်သုံးရေရရှိမှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (ဖ) လပတ်တွင် တွင်းနက် ၇တွင်း၊ တွင်းတိမ် ၅၇ တွင်း၊လက်တူးတွင်း ၁တွင်း မြေသားမိုးရေလျှောင်ကန် ၉ ကန်၊ စုစုပေါင်း ၇၄ ခုအား ငွေကျပ် ဖ၁၇.၇ဖ သိန်းဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ကျေးလက်မီးလင်းရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(ဖ)လပတ် အထိ နိုင်ငံပိုင်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာများမှာ ၅၀၅ ရွာရှိပြီး ၊အခြားနည်းဖြင့် လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာများမှာ အသေးစား ရေအား ဖြင့် ၂၅ ရွာ၊ ဇီဝသုံးစွမ်းအင်ဖြင့် ၂ ရွာ ၊ စပါးခွံလောင်စာဖြင့် ဖ၈၀ ရွာ၊ ဒီဇယ်လောင်စာဖြင့် ၄၇၄၉ ရွာ၊ နေရောင်ခြည်ဖြင့် ၁၉၅ ရွာ၊ ဒီဇယ်ရေအားဖြင့် ၃ ရွာဖြစ်ပါသည်။ မီးလင်းပြီးကျေးရွာပေါင်း ဖ၀၉၇ ရွာရှိပြီး မီးလင်းရန် ကျန်ရှိသော ကျေးရွာပေါင်း ၅၈ဖ၈ ရွာ ရှိပါသည်။

ခရီးသွားလုပ်ငန်း။ ပထမ(ဖ)လပတ်အထိ လက်ရှိလိုင်စင် ထုတ်ပေးသည့် ဟိုတယ်/တည်းခိုခန်းမှာ ပုသိမ်ဒေသတွင် ၁၀လုံး၊ ချောင်းသာကမ်းခြေ ဒေသတွင် ၂၂ လုံး၊ ငွေဆောင်ကမ်းခြေဒေသတွင် ၂၁ လုံးတို့ဖြင့် လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ပထမ(ဖ)လပတ် လယ်ယာကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍ စီမံကိန်းအကောင်အထည်ဖော်မှုအရ လယ်ယာကဏ္ဍတွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ဧကများ လျှာထားချက် ပြည့်မီမှုမရှိခြင်း၊ ထိခိုက်ပျက်စီးဧကများမှ အထွက်နှုန်းများ လျော့နည်းခြင်းတို့ကြောင့် နှစ်ကုန် တွင် ရည်မှန်းချက် ပြည့်မီခြင်း မရှိဟု ခန့်မှန်းပါသည်။

စက်မှုလက်မှုကဏ္ဍတွင် စွမ်းအင်ဝန်ကြီးဌာန၏ ဓာတ်မြေသြဇာ၊ ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်မှုများမှာ သဘာဝဓာတ်ငွေ့ရရှိမှု နည်းပါးခြင်း၊ သစ်တောရေးရာဝန်ကြီးဌာန၏ သစ်မာခွဲသားနှင့် အထပ်သား ထုတ်လုပ်မှုတွင် သစ်စက် ၆ စက် ဖျက်သိမ်းလိုက်သောကြောင့် ရည်မှန်းချက် သစ်စက် ၁၁ စက် အပေါ် သစ်စက် ၅ စက်သာ ဆက်လက်လည်ပတ်နိုင်မည်ဖြစ်သဖြင့် ရည်မှန်းချက် မပြည့်မီနိုင်ခြင်း ဖြစ်ပါသည်။ သို့ပါ၍ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီနိုင်ရေးအတွက် ဆောင်းရာသီ သီးနှံများ လျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးသွားရန်နှင့် သားငါး ကဏ္ဍ၊ ခရီးသွား လုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နေပြည်တော် ကောင်စီနယ်မြေ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၅၄၂,၆၅၄.၉** သန်း အကောင်အထည်ဖော်ရန်နှင့် **၈၀.၆** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၅) နေပြည်တော်ကောင်စီနယ်မြေ၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



နေပြည်တော် ကောင်စီနယ်မြေ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၃၃၂,၈၇၇.၇** သန်း ဖြစ်ပေါ်ခဲ့သဖြင့်

ရည်မှန်းချက်အပေါ် **၆၁.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၂၁.၃** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၅၀၆,၃၁၅.၆** သန်း အကောင်အထည်ဖော်ရန်နှင့် **၇၆.၇** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၃၁၉,၄၆၄.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄၈.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၃၉၆၄၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရေကြီးနှစ်မြုပ်ထိခိုက် ဧက ၁၈၆၅၊ မိုးလိုမိုးခေါင် ထိခိုက်ဧက ၆၂၉ ရှိခဲ့ပြီး မိုးလိုမိုးခေါင် ပျက်စီးဧက ၇၅ ရှိခဲ့ပါသည်။

သစ်တောကဏ္ဍ။ ပထမ(၆) လပတ်ကုန်အထိ နိုင်ငံပိုင်အခန်းမှ သစ်မာထုတ်လုပ်မှုတွင် ၅၁၉ ကုဗတန်သာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်ကျွန်းထုတ်လုပ်မှု စီမံကိန်းရည်မှန်းချက် ကုဗတန် ၃၀၀၀၊ သစ်မာ ကုဗတန် ၃၀၀၀၀ ကို ဝန်ကြီးဌာနမှ ချမှတ်ခဲ့သော်လည်း ဒေသ ရည်မှန်းချက်အရ နိုင်ငံပိုင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှုများကို နေပြည်တော် ကောင်စီနယ်မြေ အတွင်း လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ နေပြည်တော် ကောင်စီနယ်မြေတွင် နိုင်ငံပိုင် မြန်မာ့သစ်လုပ်ငန်းမှ သစ်စက် ၅ စက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ သကြားစက်ရုံ ၂ ရုံ၊ ရေသန့်စက်ရုံတို့၏ ထုတ်လုပ်မှုမှာလည်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် နေပြည်တော်စည်ပင် သာယာရေး ကော်မတီမှ ဘိလပ်မြေစက်ရုံ၊ အုတ်စက်ရုံ ၂ ရုံ၊ မက်စ်မြန်မာကုမ္ပဏီမှ ဘိလပ်မြေ စက်ရုံ၊ ယုဇနကုမ္ပဏီလီမိတက်မှ သကြားစက်ရုံများနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများလည်း တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နေပြည်တော်ကောင်စီ နယ်မြေ အတွင်းတွင် မွန်းတည့်ခွင် - ကျည်တောင် - ခေါမ - သာယာဝှမ်း - ဇီးပင်ရိုင်း - ဝဲကြီး- ကုတို့ဆိပ် ရေလွှဲဆည်၊ သစ်စိမ့်ပင်-နှမ်းတော-သကြားစက်-နေပြည်တော်ပတ်လမ်း၊ ဆည်မြောင်းဦးစီးဌာန မှ ပေါင်းလောင်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်၊ မဒန်း ရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ် ရေလှောင်တမံစီမံကိန်း၊ ဖောင်းလောင်းရေလှောင်တမံစီမံကိန်း၊ နေပြည်တော် စိမ်းလန်းစိုပြေရေးစီမံကိန်းနှင့် ငလိုက်တူးမြောင်း ကျောက်လိုင်နင်စီခြင်း လုပ်ငန်းတို့ကို တည်ဆောက်ခဲ့ပါသည်။ အထူးဖွံ့ဖြိုးရေး စီမံကိန်းမှ တည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ် ၁၄၅၀၀ သန်းခန့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာပြီး နေပြည်တော် အခြေပြု ယာဉ်လိုင်းအသင်း ၁၆ သင်း၊ အခြားဒေသအခြေစိုက် ယာဉ်လိုင်းအသင်း ၄၅ သင်း

တိုင်းဒေသကြီး ၃၂ မြို့သို့ ကွန်ယက်သဖွယ်ပြေးဆွဲဆောင်ရွက်ခဲ့ပါသည်။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ် ၃၉၃ စီး၊ မော်တော်ဆိုင်ကယ် ၈၉၆ စီး တိုးတက် မှတ်ပုံတင်ထားရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ဧရာဝတီဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်၊ အာရှ-ရန်ကုန်ဘဏ်နှင့် စည်ပင်သာယာရေးဘဏ်တို့ မှ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်မီးလင်းရေး။ နိုင်ငံတော်အစီအစဉ်ဖြင့် ၁၃၄ ရွာ၊ ဒီဇယ်စက်ဖြင့် ၂၇၆ ရွာ၊ စပါးခွံသုံးစက်ဖြင့် ၂၂ ရွာ၊ ဆိုလာစနစ်ဖြင့် ၂ ရွာ၊ အသေးစားရေအားလျှပ်စစ် ၁၅ ရွာ၊ ဇီဝလောင်စာဖြင့် ၁ ရွာ၊ စုစုပေါင်း ၄၃၈ ရွာ၊ စုစုပေါင်းကျေးရွာ၏ ၅၄.၈ ရာခိုင်နှုန်း မီးလင်းအောင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ပထမ(၆)လပတ်အထိ ဧယျာဝတီရိုးမြို့နယ်တွင် ဟိုတယ် ၁ လုံး၊ ပုဗ္ဗသီရိ မြို့နယ်တွင်မိုတယ် ၁ လုံးနှင့်ဟိုတယ် ၂ လုံး၊ ဥတ္တရသီရိမြို့နယ်တွင် ဟိုတယ် ၉ လုံး၊ ဒက္ခိဏသီရိ မြို့နယ်တွင် ဟိုတယ် ၂၅ လုံး၊ စုစုပေါင်း မိုတယ် ၁ လုံး၊ ဟိုတယ် ၃၇ လုံးနှင့်စည်ပင်တည်းခိုရိပ်သာ ၁ လုံး တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေသည် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍများမှ စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ပထမ(၆) လပတ်ကုန်အထိ မိုးစပါး ၁၀၀.၆ ရာခိုင်နှုန်း၊ မိုးသီးနှံများ ဖြစ်သော ပဲတီစိမ်း ၉၇.၁ ရာခိုင်နှုန်း၊ ပဲစဉ်းငုံ(မိုး) ၁၄၅.၃ ရာခိုင်နှုန်း၊ မိုးမြေပဲ ၁၁၀.၈ ရာခိုင်နှုန်း ၊ မိုးနှမ်း ၁၁၀.၅ ရာခိုင်နှုန်း ၊ ချည်မျှင်ရှည်ဝါ ၁၁၇.၆ ရာခိုင်နှုန်း၊ မိုးငရုတ်စို ၁၁၃.၃ ရာခိုင်နှုန်း အသီးသီး စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးပိုမို စိုက်ပျိုးနိုင်ရန် ရေရရှိမှုအစီအစဉ်များ ကြိုတင်ဆောင်ရွက်ခြင်းတို့ကြောင့် နှစ်ကုန်တွင် လယ်ယာကဏ္ဍအနေဖြင့် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည် ဖော်နိုင်မည်ဟု မျှော်မှန်းပါသည်။

အခန်း(၇)

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစ၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဆောင်ရွက်ခဲ့ရာတွင် စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍ အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ယူဆောင်ရွက်သော ဝန်ကြီးဌာနများ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေး တာဝန်ယူဆောင်ရွက်သော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များအား အစိုးရဌာနများက ကမကထပြုပြီး ပုဂ္ဂလိက ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ရန်နှင့် အစီအမံများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် နိုင်ငံတော်မှ မူဝါဒချမှတ်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်မှချမှတ်ထားသောမူဝါဒနှင့်အညီ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့်ကိစ္စများ အကောင်အထည်ဖော်ခြင်းကို လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို လည်းကောင်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် ပုဂ္ဂလိက ကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီကို Delivery Unit အဖြစ် ပြည်ထောင်စု အစိုးရအဖွဲ့မှ ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဆပ်ကော်မတီအဖွဲ့များ၏ လုပ်ငန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍ နယ်ပယ်အလိုက် အသင်းအဖွဲ့များ ပိုမိုအားကောင်း ခိုင်မာအောင် ဖွဲ့စည်း ဆောင်ရွက်သွားရန်၊

(ခ) အသင်းအဖွဲ့၊ အစုအဖွဲ့မရှိသေးသော လုပ်ငန်းကဏ္ဍများ၊ ဒေသများ၌ အသင်းအဖွဲ့ သို့မဟုတ် အစုအဖွဲ့များ၊ သမဝါယမကုန်ထုတ်လုပ်ငန်းများတိုးချဲ့ဖွဲ့စည်းအားပေး မြှင့်တင်သွားရန်၊

(ဂ) ပုဂ္ဂလိက ကဏ္ဍရှိ အသင်းအဖွဲ့များအတွင်း လုပ်ငန်းအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများမှ လုပ်ငန်းကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းသွားရန်၊

(ဃ) ဝန်ကြီးဌာနအဆင့်၊ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့သော်လည်း ဆွေးနွေးညှိနှိုင်းမှု ရလဒ်နှင့် လက်တွေ့အကောင်အထည်ဖော်မှု၊ စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်မှု အားနည်းသည့်အတွက် အဆိုပါ

ဆွေးနွေးပွဲများ၊ ညှိနှိုင်းအစည်းအဝေးများကိုလိုအပ်သလောက်ကျင်းပ၍လက်တွေ့ ညှိနှိုင်းလုပ်ကိုင် အကောင်အထည်ဖော်မည့်အဆင့် ညှိနှိုင်းအစည်းအဝေး (Working Level Meeting) များကို ပိုမိုအလေးထား၍ ပုံမှန် ထိထိ ရောက်ရောက် ညှိနှိုင်း ဆောင်ရွက်ပြီး လက်တွေ့အောင်မြင် တိုးတက်မှု ရှိအောင် ဆောင်ရွက် သွားရန်၊

(c) စိုက်ပျိုးမွေးမြူထုတ်လုပ်မှုကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်မှုမှ ဈေးကွက်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးတွင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့များ၊ Working Group များ ပူးပေါင်း ကွင်းဆင်း၍ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး တိုးတက်အောင် အားပေး မြှင့်တင်မည့် နည်းလမ်းများ ရှာဖွေစီမံ အကောင်အထည်ဖော် သွားရန်၊

(စ) မြို့နယ်၊ ဒေသအလိုက် လက်ကားဈေးကွက်များနှင့် ကုန်စည်ဒိုင် ဈေးကွက် ဖွံ့ဖြိုး ရေးအဆင့်မှ နိုင်ငံတကာဈေးကွက်သို့ လုပ်ငန်းကဏ္ဍ နယ်ပယ်အလိုက် ယှဉ်ပြိုင် ဝင်ရောက်နိုင်စွမ်းရှိရေး အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းလုပ်ငန်းအဖွဲ့များ၊ Working Group များ ဖွဲ့စည်းညှိနှိုင်း စီမံအားပေးမြှင့်တင် ဆောင်ရွက်သွားရန်၊

(ဆ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်ရန် လျှပ်စစ် ဓာတ်အား လိုအပ်ချက်အား ပြည့်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဒေသ အလိုက်၊ ဧုန်အလိုက် လျှပ်စစ်ရရှိရေး ဆောင်ရွက်သွားရန်၊

(ဇ) ငွေကြေးလိုအပ်ချက်အတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းလုပ်ငန်းအဖွဲ့များဖြင့် ညှိနှိုင်းပြီး အသေးစားငွေချေးလုပ်ငန်းများ အားပေးမြှင့်တင်သွားရန်၊

(ဆ) လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံ ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်း လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပြီး အစီအမံရေးဆွဲ အားပေးမြှင့်တင်ဆောင်ရွက် သွားရန်၊

ဆပ်ကော်မတီအနေဖြင့် အသင်းအဖွဲ့များနှင့် ကွင်းဆင်းထိတွေ့ခြင်း၊ အသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မန္တလေးမြို့၊ ကုန်သွယ်ရေးမြှင့်တင်မှု ဦးစီးဌာနတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း

ရှင်များအသင်း၊ မန္တလေးကုန်စည်ဒိုင်၊ မန္တလေးစက်မှုဇုန်များမှ တာဝန်ရှိပုဂ္ဂိုလ် များ အားတွေ့ဆုံညှိနှိုင်းကာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ရုံးခွဲကို မန္တလေးမြို့၌ ဖွင့်လှစ်ပေးရေး၊ မန္တလေးတိုင်းအတွင်းရှိ လုပ်ငန်းရှင်များ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းဖွင့်လှစ်ပေးရေး ကိစ္စများ ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

(ခ) ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိ သူများ နှင့် တွေ့ဆုံ၍ လုပ်ငန်းများညှိနှိုင်းခဲ့ပြီး၊ လုပ်ငန်းရှင်များ အခက်အခဲ ကြုံတွေ့လျက်ရှိသည့် ၄င်းတို့၏ လုပ်ငန်းများတွင် တာဝန်ပေးအပ်ထားသော နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ဗီဇာ ရရှိရေး အခက်အခဲပေါ်ပေါက်နေမှုကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ဗီဇာနှင့်ပတ်သက်၍ဆောင်ရွက်ပေးမည့် အစီအစဉ်များ ကိုလည်း ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများ တွင် ဖော်ပြပေးခဲ့ပါသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အသင်းချုပ်မှ ဖွဲ့စည်းထားသည့် လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးရန် ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ နယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဃ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးတွင် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်းမှ တာဝန်ရှိသူ များနှင့် တွေ့ဆုံ၍ အထည်ချုပ်လုပ်ငန်းများအား လက်ခစားစနစ်မှ ပြည်ပ တိုက်ရိုက်တင်ပို့နိုင်သည့် စနစ်သို့ ကူးပြောင်းရေး၊ ပဲနှမ်းလုပ်ငန်းရှင်များ အသင်း ဖွံ့ဖြိုးမှုရန်ပုံငွေ ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းခဲ့ ပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရမှ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးပေး ဆောင်ရွက်လျက်ရှိရာတွင် စတုတ္ထအဆင့်ပြုပြင်ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်မှု ပြုပြင်ပြောင်းလဲရေးကိုဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတို့၏ ဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှု

လျှော့ချရေး၊ နိုင်ငံတော်ရှိ မြို့ပြကျေးလက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျ မျှတစွာ ဖွံ့ဖြိုး တိုးတက်ရေးကိုဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြား တွင် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းဖြင့် လည်းကောင်း ကြိုးပမ်းအကောင်အထည် ဖော်ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ တို့အရ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ၊ စက်မှုလက်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်းများထူထောင်၍ ရင်းနှီးမြှုပ်နှံခြင်းများပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းများ အနေဖြင့် နိုင်ငံတော်အတွင်း နေရာဒေသစုံ၊ နယ်ပယ်ကဏ္ဍစုံတွင် ပုံစံစုံဖြင့် ပါဝင်နေပြီး ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းမှသည် မိသားစု ဝင်ငွေကို တိုးမြင့် စေကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများကို ဖွံ့ဖြိုးစေနိုင်ပါသည်။

လက်ရှိမြန်မာနိုင်ငံ စီးပွားရေးတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမပိုင် အခန်း ကဏ္ဍ နှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ပါဝင်မှု အချိုးအစားအရ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ ၉၁.၇ ရာခိုင်နှုန်း၊ သမဝါယမကဏ္ဍ ၁.၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင်ကဏ္ဍ ၇.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိက ကဏ္ဍ အချိုးအစားမှာ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးစုစုပေါင်းတွင် အများဆုံး ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှာများစွာ အရေးပါလှသည်ကို တွေ့မြင်နိုင်ပေသည်။

ယနေ့အချိန်တွင် နိုင်ငံ၏ တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့်အတူ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများသည်လည်း တိုးတက်များ ပြားလျက် ရှိပါသည်။ နိုင်ငံပိုင်စက်ရုံအလုပ်ရုံ၊ စက်မှုနယ်မြေများနှင့် ပုဂ္ဂလိက စက်မှုဇုန် များလည်း အများအပြား ပေါ်ပေါက်လာပြီဖြစ်သည်။ ၁၉၉၅ ခုနှစ်ခန့်မှစ၍ စက်မှုဇုန်များ ဖွဲ့စည်းတည်ထောင် ခဲ့ရာ စက်မှုဇုန် ၁၈ ဇုန်ကို တည်ထောင်နိုင်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ အချင်းချင်း ပူးပေါင်း၍ လုပ်ငန်း တိုးချဲ့ရင်းနှီး မြှုပ်နှံနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူ စာချုပ်ပုံစံ အမျိုးမျိုးဖြင့် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုကို ရည်သန်လျက် စက်မှုလုပ်ငန်းများ တရှိန်ထိုးတိုးတက်စေရန် ထပ်မံ၍ ပြည်တွင်း စက်မှုဇုန် ၇ ဇုန်ကို လည်းကောင်း၊ ထားဝယ်အထူး စီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန် နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စသည့် အထူးစီးပွားရေးဇုန် ၃ ဇုန်ကိုလည်းကောင်း တည်ဆောက်၍ ယင်းဒေသများရှိ လူမှုစီးပွားရေး ဖွံ့ဖြိုးရေး မှသည် အာဆီယံနှင့် အရှေ့အာရှ ဒေသဆိုင်ရာ ပေါင်းစပ်ယှက်နွယ်ရေး ကွန်ယက်ကို အားဖြည့်ရန် ဆောင်ရွက်လျက်ရှိပါသည်။ တည်ထောင်ပြီး စက်မှုဇုန် ၁၈ ဇုန်၏ စုစုပေါင်းအကျယ်အဝန်းမှာ ၁၁,၂၇၈.၇၃၈ ဧကရှိပြီး၊ စက်ရုံအရေအတွက် ၉,၃၈၇ ရုံနှင့်အလုပ်သမားဦးရေ ၁၂၆,၃၀၆ ဦးတို့ဖြင့် လုပ်ငန်း အမျိုးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လုပ်ငန်းသဘာဝအရ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအား လက်ရှိတည်ဆဲ လုပ်ငန်းများ (Existing Projects) ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်း အမေရိကန် ဒေါ်လာ ၃၂၀၈၉.၁၅၈ သန်းအပေါ် အခြေခံ၍ လေ့လာလျှင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၆၉၁.၆၄၂ သန်း(၈၉.၄၂%) ဖြစ်ပြီး၊ ပုဂ္ဂလိက သီးသန့်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၉၇.၅၁၆ သန်း(၁၀.၅၈%)ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် လုပ်ငန်းများမှာ PSC, BOT , IPP များဖြစ်၍ ယင်းလုပ်ငန်းများသည် ပုဂ္ဂလိကပိုင်း၏ ရင်းနှီးမြှုပ်နှံမှု များပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု၌ နိုင်ငံပိုင် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ (အမေရိကန်ဒေါ်လာ ၂၈၁၈.၉၃ သန်း အပါအဝင်) ကျပ် ၂၈၂၀၄၃၆.၆၇ သန်းဖြစ်ပါသည်။ ယင်းအနက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပါဝင်မှုမှာ (အမေရိကန်ဒေါ်လာ ၁၄၃၃.၀၁ သန်းအပါအဝင်)ကျပ် ၁၈၉၇၉၅၁.၀၀ သန်းဖြစ်၍ ၆၇.၂၉ % ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ ၍ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် အရေးပါသော အနေအထားတွင် ရပ်တည်နေသည်ကို တွေ့နိုင်ပါသည်။

နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအရ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခြေအနေမှာရင်းနှီးမြှုပ်နှံမှု ကဏ္ဍအလိုက် အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည်–

ဇယား(၇-၁) ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်မှု (ကဏ္ဍအလိုက်)

စဉ်	ကဏ္ဍ	၂၀၁၁-၂၀၁၂		၂၀၁၂-၂၀၁၃	
		FIL	MCIL	FIL	MCIL
၁	၂	၃	၄	၅	၆
၁	စက်မှုကဏ္ဍ	၆၂၈၇	၉၉၄၂	၅၉၅၂၇	၁၃၃၉၅
၂	လျှပ်စစ်ဓာတ်အားကဏ္ဍ	၅၀၀		၇၀	၅၅
၃	ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ				
၄	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ		၅၇	၄၅၀	၄၃၉
၅	သတ္တုတွင်းကဏ္ဍ	၂၇		၄၀၀	
၆	အခြားဝန်ဆောင်မှုကဏ္ဍ			၉၄၄	၃၃၂
၇	စိုက်ပျိုးရေးကဏ္ဍ			၈၁၅	
၈	မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ			၂၀၆	၈၅၄
၉	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု လုပ်ငန်း		၃၈၈၁		၂၀၂

၁၀	သယ်ယူပို့ဆောင်ရေး လုပ်ငန်း		၂၁၇		၁၇၉၁
၁၁	စက်မှုဇုန် တည်ဆောက်မှု လုပ်ငန်း				၁၂၂
၁၂	ဆောက်လုပ်ရေးလုပ်ငန်း		၁၇၆၂		၃၄၈
	စုစုပေါင်း	**၆၉၁၄**	**၁၅၈၅၉**	**၆၂၄၁၂**	**၁၇၆၉၈**

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းနှင့် အလုပ်အကိုင်ဖန်တီးမှုကို တိုးတက်အောင် ဆောင်ရွက်သော်လည်း မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီး အကန့်အသတ်ရှိခြင်း၊ ငွေကြေး အထောက်အပံ့မရရှိခြင်း၊ အတိုးနှုန်း သက်သာသည့် ချေးငွေအစီအစဉ် အားနည်းခြင်း၊ အရည်အချင်း ပြည့်မီသည့် လုပ်သားအင်အားအလုံအလောက် မရှိခြင်း၊ ခေတ်မီ နည်းပညာများ အသုံးမပြုနိုင်ခြင်း၊ ဈေးကွက် ထိုးဖောက်နိုင်စွမ်းမရှိခြင်း၊ နည်းပညာဈေးနှုန်းတို့ နှင့်ပတ်သက်၍ သတင်းအချက် အလက်များ လုံလောက်စွာ မရရှိခြင်း၊ အချိန်မီသိရှိအောင်ဆောင်ရွက်မှု အစီအမံများနည်းခြင်း၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် သွင်းအားစုများ ရရှိရန်ခက်ခဲခြင်း၊ ထုတ်ကုန်ပစ္စည်း ဖြန့်ဖြူးရေးအပိုင်းတွင် ခက်ခဲမှုရှိခြင်း၊ ဈေးကွက်သတင်းအချက်အလက်နှင့်ဈေးကွက်ရှိမှု အခက်အခဲရှိခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်ကြီးမြင့်ခြင်း၊ လမ်းပန်း ဆက်သွယ်မှု၊ လျှပ်စစ် ဓာတ်အား၊ ရေရရှိမှု စသည့် အခြေခံ အဆောက်အဦ ပြည့်စုံမှုမရှိခြင်းစသည့် အချက်များမှာ မိမိတို့၏ ပုဂ္ဂလိက လုပ်ငန်းဖွံ့ဖြိုးရေးတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြစ်ပါသည်။

သို့ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအများတွင် ဆောင်ရွက်နေကြသည့် လုပ်ငန်းစဉ်များဖြစ်သည့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ တိုးတက်ရန်၊ သတင်းအချက်အလက်ရရှိမှုနှင့် ၄င်းကို အထောက်အကူပြုမည့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်စေရန်၊ ငွေရေးကြေးရေးရရှိမှု အဆင်ပြေစေရန်၊ နည်းပညာနှင့် တီထွင်နိုင်မှု စွမ်းအား တိုးတက်စေရန်၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုချဉ်းကပ်နိုင်ရန်၊ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်စသည်တို့ကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အရင်းအနှီး ရရှိနိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ၏တီထွင်နိုင်မှု စွမ်းရည်နှင့် ပြည်ပတင်ပို့မှုတိုးမြှင့်စေရန်တို့ကို အစီအစဉ်ချမှတ် ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငွေကြေး စီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ တိုးတက် ကောင်းမွန်မှုရှိစေရန်နှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ငွေကြေးဆိုင်ရာ သိနားလည်မှု စွမ်းရည်မြှင့် အစီအစဉ်များ ပြုလုပ်ပေးရန်တို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်မှလည်း စားသုံးသူပြည်သူများ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအကြား လွတ်လပ်စွာ ယှဉ်ပြိုင်

နိုင်ခွင့်အတွက် ယှဉ်ပြိုင်မှုဥပဒေများ (Competition Law) ကိုလည်း မူကြမ်းရေးဆွဲပြီး အတည်ပြု ပြဋ္ဌာန်းရန်ရှိပါသည်။ အခွန်စနစ် ခေတ်မီ တိုးတက်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများအား ဖြေလျော့ ပြင်ဆင်မှုများ ရှိသကဲ့သို့ ဖက်စက်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှု များ ဖိတ်ခေါ်လျက်ရှိပါသည်။

ဒေသဆိုင်ရာအဆင့်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း၏ ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား ချုပ်ဆိုသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသဆိုင်ရာ စာချုပ်များသည် ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်အလမ်းကောင်းများ ရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် နိုင်ငံအများမှ ပိုမိုပူးပေါင်းပါဝင်လာခြင်းသည် ပုဂ္ဂလိကကဏ္ဍအား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွန်ရက်တွင် ပါဝင်နိုင်သည့်အခွင့်အလမ်းအား ဖြစ်ပေါ်စေပါသည်။

ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ရက်တွင် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ခြင်းသည် ပုဂ္ဂလိက ကဏ္ဍ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ နိုင်ငံခြားငွေပိုင်ဆိုင်မှု၊ ငွေကြေးရရှိနိုင်မှု၊ တီထွင်မှုဆိုင်ရာ ကြိုးပမ်းမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများကို တိုးတက်စေပါသည်။ ၄င်းအပြင် ကုမ္ပဏီကြီးများ၊ နိုင်ငံစုံကော်ပိုရေးရှင်းများနှင့် စီးပွားရေးမိတ်ဖက် ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ရာ လူ့အဖွဲ့အစည်း ကောင်းမွန်တိုးတက်စေရန်အတွက် မိမိထုတ်ကုန်များကို ရွေးချယ် ထုတ်လုပ်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုနှင့် စွမ်းအင်အသုံးပြုရာတွင် ချေတာမှုဖြစ်စေသော (Environmental Friendly Technologies and Energy Saving Technologies)များ တီထွင်ခြင်း၊ အသုံးပြုခြင်း၊ မိမိတို့ရရှိသည့် အမြတ်ထဲမှ လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်း၊ နိုင်ငံတော်သို့ အခွန်မှန်ကန်စွာ ပေးဆောင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အတွက် အလေးထား ဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ငန်းအတွက်၊ တိုင်းပြည်အတွက်၊ စားသုံးသူဖြစ်သော ပြည်သူအတွက် အလုပ်အကိုင်များ ဖန်တီးရေးစသည့် Win-Win-Win မဟာဗျူဟာဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင် ဖန်တီးပေးရန်လိုအပ်ကြောင်း သုံးသပ်တင်ပြရပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရန်များ

စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ် ဆောင်ရွက်မှုများ တိုးတက်မှုရှိစေရန်အတွက်ဆောင်ရွက်ရာတွင် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးရန်၊ ပုဂ္ဂလိကကဏ္ဍများ အကြားပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန်၊ မူဝါဒပိုင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ ညှိနှိုင်းအကြံပေးခြင်းဆိုင်ရာ၊ အခက်အခဲများ ဖြေရှင်းခြင်းဆိုင်ရာကိစ္စများတွင် အစိုးရ၊ လုပ်ငန်းရှင်၊ စက်မှုအဖွဲ့အစည်းများ၊ သုတေသနပြုသူများ၊ ပညာရှင်များ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့သူတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ဆောင်မှု

ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာ နည်းလမ်းများ ချမှတ်ခြင်းတို့ကို ဆက်လက် ကြိုးပမ်းဖေါ်ဆောင်ရန် ဖြစ်ပါသည်။

ထို့အပြင် သတင်းအချက်အလက်ရရှိမှုနှင့် အထောက်အကူပြုမည့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်တည်ထောင်မှု၌ လိုအပ်သော သတင်း အချက် အလက်များအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်ဌာနတည်ထောင်ရန်၊ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် စျေးကွက် ရရှိနိုင်မှု၊ ကုန်ကြမ်းရရှိနိုင်မည့် နည်းလမ်း၊ အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည် တို့ပါဝင်သော Portal တစ်ခုတည်ဆောက်ရန်နှင့် အစိုးရ နှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန် ဖြစ်ပါသည်။

နည်းပညာနှင့် တီထွင်နိုင်မှုစွမ်းအား တိုးတက်စေရန် ဆောင်ရွက်ရာတွင် ထုတ်ကုန်များသည် စံချိန်စံညွှန်းများနှင့် အရည်အသွေးသတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန်၊ ပြည်တွင်းပြည်ပ စျေးကွက် ရှယ်ယာများရရှိရန်နှင့် စားသုံးသူများ၏ ယုံကြည်မှုရရှိစေရန်အတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထွက်ကုန် အရည်အသွေးဆိုင်ရာ စစ်ဆေးမှုပြုနိုင်သည့်ဌာန တည်ထောင်ရန်၊ အဆင့်မြင့် နည်းပညာများ အသုံးပြုနိုင်ရေးကြိုးပမ်းရန်၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ရန်အတွက် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါ သည်။

နိုင်ငံတကာစျေးကွက်သို့ ချဉ်းကပ်နိုင်ရန်အတွက်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ နိုင်ငံတကာစျေးကွက် အခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အကြံဉာဏ်များ၊ နိုင်ငံတကာမှ ကျင့်သုံးနေသော အလေ့အကျင့်များ၊ အက်ဖ်တီအေများရှိ ဦးစားပေးအကောက်အခွန် အစီအစဉ်အသီးသီးတွင် အသုံးပြုသည့် MFM Tariff Rate နှင့် Preferential Tariff Rate များ၊ ပင်ရင်းဒေသစည်းမျဉ်းများအပါအဝင် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများ၊ စျေးကွက်တိုးချဲ့ရေးအတွက် ဆောင်ရွက်နေမှုများအား ပုဂ္ဂလိကကဏ္ဍမှ သိရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများ(clusters) များတည်ထောင်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍများ အကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ရန် ဖြစ်ပါသည်။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် ပညာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ လုပ်ငန်းခွင်မဝင်မီနှင့် လုပ်ငန်းခွင်ဝင်နေစဉ်အတွင်း လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုနှင့် စွန့်ဦးတီထွင်မှု စွမ်းရည်မြှင့်တင်ခြင်း၊ စက်မှုလုပ်ငန်းများ ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းများ၊ အတတ် ပညာရှင်များအကြား လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများတင်ပြမှုအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေမှာ ဖော်ပြပါ အတိုင်း ဖြစ်ပါသည် -

ဇယား (၇-၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ

ကျပ်သန်း

စဉ်	လုပ်ငန်းကဏ္ဍ	၃၀-၉-၂၀၁၃ ထိ ရင်းနှီးမြှုပ်နှံမှု	ယခင်နှစ်ကာလတူ ရင်းနှီးမြှုပ်နှံမှု (၃၀-၉-၂၀၁၂)	ယခင်နှစ် ရင်းနှီးမြှုပ်နှံမှု
(က)	စိုက်ပျိုးရေး	-	-	-
(ခ)	မွေးမြူရေး	-	၁၂၀၀.၀၀	၆၂၅၀.၀၀
(ဂ)	သတ္တုတူးဖော်ရေး		၅၀၀.၀၀	၂၅၀၀.၀၀
(ဃ)	စက်မှုလုပ်ငန်း	၇၅၆၉၆.၈၁	၄၃၂၀၃.၈၅	၁၈၅၄၆၉.၉၁
(c)	လျှပ်စစ်ဓာတ်အား	၄၄၂၅၁.၂၆	၄၃၆၉.၂၆	၄၃၆၉.၂၆
(စ)	ဆောက်လုပ်ရေး	၁၈၉၅၅.၇၅	၁၀၅၀၀.၀၀	၇၂၄၉၇.၁၂
(ဆ)	သယ်ယူပို့ဆောင်ရေး	-	၂၄၇၀၀.၀၀	၂၂၀၁၈၉.၈၄
(ဇ)	ဟိုတယ်/ခရီး	၂၀၀၈၂၈.၆၅	-	၆၃၁၁.၀၀
(ဈ)	အိမ်ရာအဆောက်အအုံ	-	-	၂၂၃၅၂၂.၁၇
(ည)	စက်မှုဇုန်လုပ်ငန်း	၅၁၅၀၀.၀၀	-	၂၄၈၂၀၀.၀၀
(ဋ)	အခြား	၂၃၃၄၃၅.၇၁	၄၈၄၀၀.၀၀	၉၅၃၅.၀၅
	စုစုပေါင်း	၆၂၄၆၆၈.၁၈	၁၃၂၈၇၃.၁၁	၁၀၆၄၆၆၄.၃၅

နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျော့မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကုမ္ပဏီထူထောင် ဆောင်ရွက်မှု တိုးတက်လာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဇယား (၇-၃)နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

စဉ်	ကုမ္ပဏီအမျိုးအစား	၃၀-၉-၂၀၁၃ ထိ အရေအတွက်	ယခင်နှစ်ကာလတူ အရေအတွက် (၃၀-၉-၂၀၁၂)	ယခင်နှစ် စုစုပေါင်း
(က)	ပုဂ္ဂလိကကုမ္ပဏီ	၃၄၁၀၈	၂၇၉	၅၁၆
(ခ)	အများနှင့်သက်ဆိုင်သော ကုမ္ပဏီ	၁၀၀	၃၆	၅၁

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များ ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အသင်းအဖွဲ့ ပေါင်း ၇၀ ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖွဲ့စည်းနိုင်မှုမှာ ၅၀ သင်းဖြစ်ပြီး ယခင်နှစ် တစ်နှစ်တာ ဖွဲ့စည်းနိုင်မှုမှာ အသင်းပေါင်း ၃ ခု ဖြစ်ပါသည်။ သို့ပါ၍ ယခုနှစ်တွင် ယခင်နှစ်ကာလတူ အခြေအနေထက် အသင်းပေါင်း ၉ ခု ပိုမို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ အစုအဖွဲ့များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပြည်သူပိုင်ကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် တိုးတက်မှု ရရှိသွားအောင် ဆောင်ရွက်နိုင်ပါကြောင်း နှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်း စီးပွားရေး ဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ် သကဲ့သို့ စီးပွားရေး လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ် (Corporate Social Responsibility CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ် ပါသည်။

အခန်း(၈)

အထူးစီးပွားရေးဇုန်များနှင့်ဆောင်ရွက်မှုအခြေအနေ

အထူးစီးပွားရေးဇုန်များ

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆွဲဆောင်နိုင်ရေး အတွက် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်လျက်ရှိရာ တနင်္သာရီတိုင်း ဒေသကြီး တွင် ထားဝယ် အထူးစီးပွားရေးဇုန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ အထူး စီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို စတင် အကောင် အထည်ဖော်လျက် ရှိပါသည်။

အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်မှာ ဒေသ အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးရန် စက်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး ကွန်ရက် လုပ်ငန်းများ တည်ထောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ စီးဝင်ဆောင်ရွက် ကြခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖြစ်ပါ သည်။

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့တို့ကို နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် (၄၁/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုအဖွဲ့တွင် နိုင်ငံတော် သမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးသည် အတွင်းရေးမှူးနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက်အတွင်းရေးမှူး အဖြစ် ဖွဲ့စည်းထားပါသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၃ ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ်(၇၄/၂၀၁၂)ဖြင့် အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့၍ ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာ စာအရ နိုင်ငံတော် ဒုတိယ သမ္မတ ၂ သည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည် ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အတွင်းရေးမှူးနှင့် ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက် အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားပါသည်။

အထူးစီးပွားရေးဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်နှင့် ဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအထူးစီးပွားရေးဇုန် စီမံ ခန့်ခွဲမှု ကော်မတီများ ကို ဖွဲ့စည်းခဲ့ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်

ထားဝယ်အထူး စီးပွားရေးဇုန် နယ်နိမိတ် ဧရိယာ ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၀/၂၀၁၃ ဖြင့် နယ်နိမိတ်ဧရိယာ ၁၉၅.၉၉၉၉၇၉၀ စတုရန်းကီလို မီတာ (၄၈၄၃၂.၄၅၁၂ဧက) အားပြင်ဆင် သတ်မှတ်ခဲ့ ပါသည်။

နိုင်ငံတော်သမ္မတရုံး၏ ၁၅-၈-၂၀၁၃ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီတွင် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး ပါဝင်ကာ ဒုတိယသမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည် ဖော်ရေးဆိုင်ရာ ဆပ်ကော်မတီ (၆)ရပ်မှာ-

(က) အခြေခံ အဆောက်အဦနှင့် တည်ဆောက်မှုလုပ်ငန်းများကဏ္ဍ ဆပ်ကော်မတီ၊

(ခ) စက်ရုံ၊အလုပ်ရုံနှင့်စီးပွားရေးလုပ်ငန်းများတည်ဆောက်ထူထောင်ရေးဆိုင်ရာ ကဏ္ဍဆပ်ကော်မတီ၊

(ဂ) လျှပ်စစ်နှင့် စွမ်းအင်လုပ်ငန်းများ ထူထောင်ရေးကဏ္ဍ ဆိုင်ရာ ဆပ်ကော်မတီ၊

(ဃ) ရပ်ရွာဒေသ လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကဏ္ဍဆပ် ကော် မတီ၊

(င) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီနှင့်

(စ) ငွေကြေးနှင့် ရန်ပုံငွေ ရှာဖွေစုစည်း ထူထောင်ရေး ကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ တို့ ဖြစ်ပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

ထားဝယ် အထူးစီးပွားရေးဇုန် အောင်မြင်စွာ အကောင် အထည်ပေါ်လာစေရေး အတွက် ထိုင်း နှင့် မြန်မာ နှစ်နိုင်ငံ အစိုးရတို့သည် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ နှင့် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းမှုကော်မတီ တို့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာ- ထိုင်း ပူးတွဲလုပ်ငန်းအဖွဲ့ ၏ အစည်းအဝေးများကို ၈-၁၁-၂၀၁၂ နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ၁၄-၁၂-၂၀၁၂ နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်နှင့် ၆-၃-၂၀၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ပတ္တရားမြို့တို့ တွင် ကျင်းပခဲ့ပါသည်။

ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ထိုင်း-မြန်မာ ပူးပေါင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား အောက်ပါစာချုပ်၊ စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပါသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စီမံကိန်းဆက်စပ်နယ်မြေများတွင် ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို ၂၃-၇-၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပူးတွဲကော်မတီ အဆင့်အလိုက် တည်ဆောက်ရေးအတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံပူးတွဲကော်မတီအား ထူထောင်ခြင်းဆိုင်ရာ စာချွန်လွှာများကို ၇-၁၁-၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုး ခဲ့ပါသည်။

(ဂ) ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း ပူးတွဲကြေညာချက် လဲလှယ်ခြင်း (၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များတွင် ဆောင်ရွက်ခဲ့ ပါသည်။)

(ဃ) ၂၀၁၃ ခုနှစ် ဇွန်လ ၁၇ နေ့တွင် ထိုင်းနိုင်ငံခရီးစဉ်၌ ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်းနှင့် ထိုင်းနိုင်ငံအိမ်နီးချင်း နိုင်ငံများ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ Mr. Perames Vudthitornnetirak တို့က အစုရှယ်ယာရှင်များ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ

ထားဝယ်အထူးစီးပွားရေးဇုန်သည် ရင်းနှီးမှုငွေကြေးပမာဏ (ခန့်မှန်းအဆင့်) အမေရိကန် ဒေါ်လာ ၈.၆ ဘီလီယံခန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ ရင်းနှီး မြှုပ်နှံမှုကို အပိုင်းလိုက်ဆောင်ရွက်သွားရန် Development Plan ကို ရေးဆွဲခဲ့ပါသည်။ ယင်းစီမံကိန်း လုပ်ငန်းသည် ငွေကြေးပမာဏများစွာ လိုအပ်သည့်အတွက် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံသာမက စီမံကိန်းတွင် ဂျပန်နိုင်ငံပါဝင်လာနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်တွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်မှာ ပင်မကုမ္ပဏီ-၁ (Special Purpose Vehicle [SPV-1]) ကို ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည်ဖြစ်ပြီး ပင်မကုမ္ပဏီ-၂ (Special Purpose Vehicle[SPV-2])ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။

ပင်မကုမ္ပဏီ- ၁ ကို ဖွဲ့စည်းရာ၌ ထိုင်းနိုင်ငံမှ Neighbouring Countries Economic Development Cooperation Agency – NEDA နှင့် မြန်မာ နိုင်ငံမှ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန FERD တို့မှ ၅၀%စီ အချိုးဖြင့် ဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းအဖွဲ့အစည်း၂ ခုသည် Shareholder Agreement ကို လက်မှတ်ရေးထိုးမည်ဖြစ်ပြီး ကုမ္ပဏီဖွဲ့ပြီးသည်နှင့် Articles of Associations ကို ချုပ်ဆို မည်ဖြစ်ပါသည်။ အလားတူပင် SPV-1 ၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ပေးမည့် SPV-2 ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်း၍ အထူးပြုကုမ္ပဏီများ Special Purpose Companies (SPCs) ဖြစ်သည့် စီမံကိန်းအလိုက် ဆောင်ရွက်မည့် ကုမ္ပဏီများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက် မည်ဖြစ်ပါသည်။ SPV-2 သည် မြန်မာ-ထိုင်း ဖက်စပ်ကုမ္ပဏီခွဲဖြစ်ပြီး၊ ထားဝယ် အထူးစီးပွားရေး ဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အဓိကဆောင်ရွက်ပေးမည့် Operational Level ကုမ္ပဏီဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည့် SPV-1 သည် နိုင်ငံခြားငွေကြေး ဈေးကွက်ရှာဖွေခြင်းအတွက် မူဝါဒ ပိုင်းဆိုင်ရာ ဆောင်ရွက်မည့် ကုမ္ပဏီဖြစ်ပြီး SPV-2သည် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများကို အဓိကဆောင်ရွက်ပေးမည့် ကုမ္ပဏီ ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အား အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက် သွားမည်ဖြစ်ပါသည်-

(က) Phase 1 (ပထမ ၅ နှစ်အတွင်း) တွင် ကနဦးစီးပွားရေးလုပ်ငန်းများကို တည်ထောင်ရန် ဇုန်ဧရိယာ ဧက ၂၅၀၀ကို စတင် အကောင်အထည်ဖော်မည် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ အများဆုံးပေးနိုင်မည့် အသေးစား နှင့် အလတ်စား စက်မှု လုပ်ငန်းများ Small and Medium Industry/Light Industry ကို စတင်အကောင် အထည် ဖော်ဆောင်ရွက်ပြီး၊ ဆိပ်ကမ်းငယ် Small Port ကိုသာ တည်ဆောက် အသုံးပြုမည်ဖြစ်ပါသည်။

(ခ) Phase 2 (၆ နှစ်မှ ၁၀ နှစ်အတွင်း) တွင် ဇုန်ဧရိယာအား ဧက ၄,၀၀၀ ခန့် ထပ်မံတိုးချဲ့ပြီးသံမဏိစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများ၊ Oil Refinery နှင့် မော်တော်ယာဉ်များထုတ်လုပ်သည့် စက်ရုံများတည်ထောင်သွားမည်ဖြစ်ပါ သည်။

(ဂ) Phase 3 (၁၁ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ဇုန်ဧရိယာအား ၁၃,၅၀၀ ဧကခန့် ထပ်မံတိုးချဲ့ပြီး Plastic Industry၊ Chemical Industry၊ Petrochemical Industry နှင့် General Industry တို့ တည်ထောင်သွားရန် လျာထား ပါသည်။

(ဃ) Phase 4 (၂၁ နှစ်မှ ၄၀ နှစ်အတွင်း) တွင် မြေအကျယ်အဝန်း ၁၂,၅၀၀ ဧကခန့်ကို ထပ်မံတိုးချဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကိုသာ တိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(c) Phase 5 (၄၁ နှစ် မှ ၇၅ နှစ်အတွင်း) တွင် မြေဧက ၄၄၈၅၀ ဧကအားလုံး၏ ၉၀% ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထားဝယ်ရေနက်ဆိပ်ကမ်း ပထမအဆင့် တည်ဆောက်ပြီး(၂၀၁၅)တွင်မြင်တွေ့ရမည့်ပုံစံ

အုပ်ချုပ်ရေးအဆောက်အဦသစ် ဆောက်လုပ်မှု

ထားဝယ်အထူးစီးပွားရေးဇုန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထောက် အကူပြု လုပ်ငန်းအဖွဲ့ (ယာယီ) ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရုံးသစ်တည်ဆောက်ခြင်း လုပ်ငန်း အား တည်ဆောက်ပြီးစီး ပြီဖြစ်ပါသည်။

ကျေးရွာများ ပြောင်းရွှေ့နေရာချထားခြင်း

ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းအတွင်းရှိ ရေဖြူမြို့နယ်မှ ကျေးရွာ (၁၅)ရွာနှင့် လောင်းလုံမြို့နယ်မှ ကျေးရွာ (၁)ရွာ၊ စုစုပေါင်း ကျေးရွာ (၁၆)ရွာ အား ပြောင်းရွှေ့ပေးရန် စီစဉ်ဆောင်ရွက်ထားသော်လည်း အဆိုပါ ကျေးရွာများအနက်မှ ရေဖြူမြို့နယ် ကျေးရွာ (၉)ရွာနှင့် လောင်းလုံမြို့နယ်မှ ကျေးရွာ (၁)ရွာ စုစုပေါင်း (၁၀)ရွာအား နှုတ်ပယ်၍ ကျန်ရှိသော ကျေးရွာ (၆)ရွာအား ပြောင်းရွှေ့ပေးရမည်ဖြစ်ပါသည်။

အဆိုပါ ကျေးရွာအား ပြောင်းရွှေ့နေရာ ချထားနိုင်ရေးအတွက် နဘုလယ်ဒေသရှိ ကျေးရွာ (၄)ရွာဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒက်၊ မူးဒူးကျေးရွာများအား ရေဖြူမြို့နယ် ဘဝါကျေးရွာတွင် နဘုလယ်မြို့သစ်တည်၍ လည်းကောင်း ကျန်ကျေးရွာ (၂)ရွာဖြစ်သည့် ခမောင်းချောင်းကျေးရွာနှင့် ဝက်ချောင်းကျေးရွာအား ရေဖြူမြို့နယ်၊ ပုဂေါ့ဒွန်းဆီအုန်းခြံ အကွက်အမှတ် -၆/၇ တွင် လည်းကောင်း ရွှေ့ပြောင်းနေရာချထားနိုင်ရေး စီမံဆောင်ရွက် လျက်ရှိပါသည်။

လျော်ကြေးငွေပေးချေပြီးစီးမှုအခြေအနေ

ထားဝယ်အထူးစီးပွားရေးဇုန်တွင် တည်ဆောက်အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သံမဏိစက်ရုံ၊ Road Link to Thailand လမ်းဖောက်လုပ်မည့် မြေနေရာ၊ Oil and Gas (Refinery)၊ ဓာတ်မြေသြဇာစက်ရုံ၊ Green Area နှင့် ကျေးရွာများ ပြန်လည်နေရာ ချထားမည့် မြေနေရာများအတွက် ဥယျာဉ်ခြံ/ လယ်ပိုင်ရှင်များ အား လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိရာ (၃၁-၁၀-၂၀၁၃) ရက်နေ့အထိ လျော်ကြေးငွေ ကျပ်သန်းပေါင်း ၅၇၉၄.၁ အားပေးချေပြီး ဖြစ်ပါသည်။

ဘဝါကျေးရွာတွင် မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း

ရေဖြူမြို့နယ်မှ ထားဝယ် အထူးစီးပွားရေးဇုန်အတွင်းပါဝင်သည့် ကျေးရွာ ၁၆ ရွာအနက် နဘုလယ်ဒေသရှိ ကျေးရွာ ၅ ရွာ ဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒတ်၊ မယင်းကြီး၊ မူးဒူး ကျေးရွာ များ၌ အိမ်ခြေ ၁၈၂၅ အိမ်ကို ရွှေ့ပြောင်းရန်အတွက် မူလကျေးရွာများနှင့် ၅ မိုင်ခန့် ဝေးကွာသော ဘဝါကျေးရွာအနီးတွင် မြေ ဖော်ထုတ်၍ လမ်း၊ ရေ၊ လျှပ်စစ်မီး၊ အထက်တန်း ကျောင်း၊ အလယ်တန်း ကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ စျေး၊ မီးသတ်၊ ဘိုးဘွားရိပ်သာ၊ အားကစားကွင်း၊ ပန်းခြံတို့ပါဝင်သော မြို့သစ်ကို အသစ် တည်ဆောက်၍ နေရာချထားပေးမည် ဖြစ်ပါသည်။ မြေကွက်များမှာ (ပေ ၈၀ x ပေ ၁၀၀) ရှိရမည် ဖြစ်ပြီး၊ မူလအိမ်အရွယ်အစား ပေါ်မူတည်၍ အိမ်ကြီး၊ အိမ်လတ်၊ အိမ်သေးဟု ခွဲခြားကာ RC တိုင်၊ အကာအဖြစ် ကွန်ကရစ် Pre-fabricated Parts အမိုးအဖြစ် သွပ်မိုးတို့ဖြင့် တည်ဆောက်နေရာ ချထားပေးမည်ဖြစ်ပါသည်။ တည်ဆောက် ရေးလုပ်ငန်း ပထမအဆင့်အနေဖြင့် မူးဒူးကျေးရွာအား စတင်ပြောင်းရွှေ့ နေရာချ ထားနိုင်ရန် နေအိမ် ၄၈၄ လုံးအား ပြည်တွင်းကုမ္ပဏီ ၁၅ ခု ဖြင့်တည်ဆောက်လျက်ရှိပြီး ယခုအခါနေအိမ် ၄၂၄ လုံးအား အချောသတ် ဆောက်လုပ်ပြီးဖြစ်ပါသည်။

ပုဂေါ့ဒွန်းဆီအုန်းခြံအတွင်း မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း

ရေဖြူမြို့နယ်မှ ပြောင်းရွှေ့ရမည့် ကျေးရွာ ၁၀ ရွာဖြစ်သည့် ပုဂေါ့ဒွန်းကျေးရွာ၊ သပြေဒွန်း ကျေးရွာ၊ မင်းဒပ်ကျေးရွာ၊ ဝက်ချောင်းကျေးရွာ၊ ရလိုင်ကျေးရွာ၊ ခမောင်းချောင်း ကျေးရွာ၊ သစ်တိုထောင့်ကျေးရွာ၊ ကျောက်ဝှက်ကုန်းကျေးရွာ၊ ပိန်းရှောင်ကျေးရွာ၊ ကျခတ္တာပင်အင်း

ကျေးရွာတို့အား ရေဖြူမြို့နယ်၊ ပုဂေါဇွန်း ကျေးရွာအုပ်စုတွင် မြို့သစ်တည်ဆောက် နေရာချ ထားပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ပုဂေါဇွန်းဆီအုန်းခြံမှာ စက်မှုဝန်ကြီးဌာနပိုင် မြေဖြစ်ပြီး၊ ၎င်းမြေကို အထူးစီးပွားရေး ဇုန် စီမံခန့်ခွဲမှုကော်မတီက အသုံးပြုနိုင်ရန်အတွက် စက်မှုဝန်ကြီး ဌာနမှ သဘောတူခွင့်ပြုပြီး ဖြစ်ပါသည်။ ယခုအခါ ပုဂေါဇွန်း ဆီအုန်းခြံအတွင်း မြေနေရာ ရှင်းလင်းခြင်း လုပ်ငန်းများမှာ ပြီးစီးပြီ ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်မှုအခြေအနေ

နိုင်ငံတော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ် ဖန်တီးပေးနိုင်ရေး အတွက် အထူးစီးပွားရေးဇုန်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ထားဝယ် အထူးစီးပွားရေး ဇုန်တွင် ပညာရှင်/ ကျွမ်းကျင်သူ/ ကြီးကြပ်သူမှအပ ကျန်ရာထူးနေရာတွင် မြန်မာနိုင်ငံသားကိုသာ မဖြစ်မနေ ငှားရမ်းသုံးစွဲစေရန် ITD သို့ ညွှန်ကြားထားပြီး စီမံကိန်း လုပ်ငန်းများတွင် သီးခြား ကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်၊ ကုမ္ဂဏီ (သို့မဟုတ်) အဖွဲ့အစည်းများအား ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံစေရေး အတွက် မြန်မာ အထူး စီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်း ထားပြီး ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတွင် အလုပ်သမားများခန့်ထားမှုနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ် ပညာရှင်များနှင့် ဝန်ထမ်းများကိုခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမ(၅)နှစ် ကုန်ဆုံး သည့်အချိန်တွင် နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယ (၅)နှစ် ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယ(၅)နှစ်ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး၇၅ ရာခိုင်နှုန်း ခန့်ထားရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့(ယာယီ)၏ အပတ်စဉ် အစီရင်ခံ တင်ပြချက်အရ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ ပြည်တွင်းနိုင်ငံသားလုပ်သား ကျား ၁၀၈၉ဦး၊ မ ၂၁၈ဦး၊ စုစုပေါင်း ၁၃၀၇ဦး နှင့် နိုင်ငံခြားသား အလုပ်သမား ကျား ၁၁၀၃ဦး နှင့် မ ၁၉၄ဦး၊ စုစုပေါင်း နိုင်ငံခြားသား ၁၂၉၇ ဦး အလုပ်လုပ်ကိုင် လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ ထားဝယ်အထူး စီးပွားရေး ဇုန်တွင် အလုပ်လုပ် ကိုင်လျက်ရှိသည့် နိုင်ငံသားနှင့် နိုင်ငံခြား အလုပ်သမား စာရင်းမှာ တစ်ဖက်ပါ အတိုင်း ဖြစ်ပါသည်-

ဇယား (၈-၁) ထားဝယ်အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားနှင့် နိုင်ငံခြား အလုပ်သမားစာရင်း

	၂၀၁၁ ခုနှစ်	၂၀၁၂ ခုနှစ်	၂၀၁၃ ခုနှစ် (အောက်တိုဘာလ)
နိုင်ငံသား	၇၇၂ ဦး	၂၂၇၄ ဦး	၁၃၀၇ ဦး
နိုင်ငံခြားသား	၅၉၉ ဦး	၁၂၁၇ ဦး	၁၂၉၇ ဦး

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း

သီလဝါအထူး စီးပွားရေးဇုန် နယ်နိမိတ် ဧရိယာ ၂၃.၄၂၁၁၈၈၄၂ စတုရန်း ကီလို မီတာ (၅၇၈၇.၇၁၈ဧက) ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု အစိုးရ အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၁၃ ဖြင့်ထုတ်ပြန်ခဲ့ ပါသည်။



သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးနှင့်ပတ်သက်၍ ငွေကြေးအရင်းအနှီး နှင့် နည်းပညာ အရင်းအနှီးတို့၏ပမာဏကြီးမားခြင်း၊ နိုင်ငံတော်အစိုးရအား ဆက်သွယ် ဆောင်ရွက်လာသည့် နိုင်ငံခြားအစိုးရများအနက် ဂျပန်အစိုးရကသာ ယင်းဇုန်စီမံကိန်း တည်ဆောက်ရေး၊ ဆက်စပ်အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက်သာမက လုပ်ငန်းအကောင်အထည် ဖော်နိုင်မည့် အခြေအနေအထိပါ တစိုက်မတ်မတ် ဆက်သွယ် ဆောင်ရွက်ခဲ့ခြင်း၊ သီလဝါအထူး စီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန် လိုအပ်သည့် နည်းပညာ

နှင့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရေးအတွက် ဂျပန်အစိုးရမှ အပြည့်အဝ အာမခံချက်ပေးခြင်း တို့ကြောင့် အထူးစီးပွားရေးဇုန်စီမံကိန်းကို ဂျပန် နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ JV အဖြစ် ထူထောင်ရာတွင် မြန်မာနိုင်ငံဘက်မှ Consortium ဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံမှု၏ ၅၁ % ကို ထည့်ဝင်မည်ဖြစ်ပါသည်။ မြန်မာဘက်မှ ၅၁ % တွင် မြန်မာအစိုးရ၏ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ (in kind တန်ဘိုး) ၁၀ % နှင့် မြန်မာအများပိုင် ကုမ္ပဏီ (၉)ခုမှ အစုရှယ် ယာ ၄၁ % ပါဝင်မတည် ထူထောင်မည်ဖြစ်ပါသည်။ ဂျပန်ဘက်မှ Mitsubishi Corporation, Sumitomo Corporation နှင့် Marubeni Corporation တို့ ပါဝင်လျက် ရင်းနှီးမြှုပ်နှံမှု၏ ၄၉ % ကို ထည့်ဝင်မည်ဖြစ်ပါသည်။ အဆိုပါ မြန်မာ Consortium နှင့် ဂျပန် Consortium တို့ ပူးပေါင်းပါဝင်သော အများပိုင် ကုမ္ပဏီသည် သီလဝါအထူးစီးပွားရေးဇုန်၏ ရင်းနှီးတည်ဆောက်သူ (Developer) ဖြစ်လာပါမည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရည်ရွယ်ချက်မှတ်တမ်းလွှာ (Memorandum of Intent- MOI) တစ်ရပ်ကို ဂျပန်နိုင်ငံတိုကျိုမြို့၌ ၂၀၁၂ ခုနှစ် ဧပြီလ ၂၁ ရက်တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ လက်မှတ်ရေးထိုး ချုပ်ဆို ခဲ့ကြပါသည်။ အဆိုပါ ရည်ရွယ်ချက် မှတ်တမ်းလွှာ MOI ကိုအခြေခံ၍ မြန်မာ-ဂျပန် ပူးပေါင်း ဆောင်ရွက်ရေး စာချွန်လွှာ (Memorandum of Cooperation on Development of the Thilawa Special Economic Zone-MOC)ကို ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ နိုင်ငံတကာရေးရာ ဆိုင်ရာ Vice-Minister တို့မှ လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

၂၀၁၃ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သည် မြန်မာနိုင်ငံသို့ တရားဝင်ခရီးလာရောက်စဉ်အတွင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဂျပန်နိုင်ငံ မစ်ဆူဘစ်ရှိ ကုမ္ပဏီ ဥက္ကဋ္ဌ ကန်ကိုဘေးယာရှိတို့သည် သီလဝါ စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ကြပါသည်။ ထို့အပြင် အဆင့်မြင့်နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏများစွာ လိုအပ်သည့် ဇုန်ပြင်ပ အခြေခံ အဆောက်အအုံများ အချိန်မီ တည်ဆောက် နိုင်ရန်အတွက် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ ကို မြန်မာနိုင်ငံမှ အချိန်မီ

မရရှိနိုင်ပါက ၄င်းဇုန်ပြင်ပ ဆက်စပ်အခြေခံ အဆောက်အအုံများ အားလုံးကို တည်ဆောက်နိုင်ရန်အတွက် ဂျပန်ယန်း ၂၀ ဘီလီယံကို ODA ချေးငွေအနေဖြင့် ဂျပန်အစိုးရမှ ပေးအပ်ရေးအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးထားပါသည်။ ၄င်းဂျပန် ODA ချေးငွေဖြင့် ဇုန်ပြင်ပ ဆက်စပ်အခြေခံအဆောက်အအုံများတည်ဆောက် အကောင်အထည် ဖော်ဆောင်ရာတွင် ဂျပန်ကုမ္ပဏီများကိုသာ ရွေးချယ်ရမည်မဟုတ်ဘဲ တာဝန်ခံ တည်ဆောက်မည့် ကုမ္ပဏီ (Engineering Procurement & Construction Companies - EPCs) များကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် နိုင်ငံပေါင်းစုံမှ ရွေးချယ်နိုင်မည် ဖြစ်ပါ သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသည့်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူ ဒေသအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်အား လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းစွာဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ၁၅-၁၀-၂၀၁၂နေ့တွင် ရန်ကုန်မြို့၌ "ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်သောအစကနဦးဆွေးနွေး တိုင်ပင်ခြင်းလုပ်ငန်းစဉ်"ကို ကျင်းပ၍ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရခိုင်သဟာယအသင်းမှ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသား ပြည်သူများ အကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲတွင် ရခိုင်ဒေသသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဒုတိယ ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ် တစ်ခုဖြစ်ခြင်းကြောင့် အထူးစီးပွားရေးဇုန်ပေါ်ထွန်းလာခြင်းကို ထောက်ခံကြိုဆိုပါကြောင်း၊ သို့သော်လည်း ရေနံတင်ဆိပ်ကမ်းကဲ့သို့သော လုပ်ငန်းများ၊ မြန်မာပြည်အလယ်ပိုင်းကို ကန့်လန့်ဖြတ်၍ ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ပါဝင်မည်ဖြစ်ခြင်းကြောင့် တော၊ တောင်ရေမြေတို့ကို ထိခိုက်စေသည့် ကိစ္စများ မဖြစ်ပေါ်စေရန် အထူးသတိထား၍ ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးကြပါသည်။

၁၃-၅-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌမှ ကျောက်ဖြူအထူးစီးပွားရေးဇုန် Master Plan ရေးဆွဲပြီးစီးမှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ပါသည်။

၁၅-၅-၂၀၁၃ ရက်နေ့တွင် ရေးဆွဲပြီးဖြစ်သော ကျောက်ဖြူအထူးစီးပွားရေးဇုန် Master Plan အရ ကျောက်ဖြူ SEZ မြေနေရာနယ်နိမိတ်တွင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ် ၃ ခုပါဝင်ပြီး ဧရိယာ အကျယ်အဝန်း စုစုပေါင်းမှာ ၃၅၉၂၆၄ ဟက်တာ (၈၈၇၇၅၇ ဧက) ရှိပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် Free Zone (Port, Trade, Processing)၊ Agriculture Zone, Tourism Zone, Environmental Conservation Zone, Deep Sea Port Zone, Logistics Zone စသည်တို့ပါဝင်ပြီး ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ်၌ ဆောင်ရွက်ရန် Master Plan တွင်ထည့်သွင်းရေးဆွဲထားရှိပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အမှတ်(၁)ကို ဧရိယာအကျယ်အဝန်း ၅၂၀ ဟက်တာ(၁၂၈၅ဧက) ဖြင့် အစကနဦး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ ဧရိယာအကျယ်အဝန်း ၅၂၀ ဟက်တာ(၁၂၈၅ ဧက) တွင် ဆိပ်ကမ်းတည်ဆောက်မှု အတွက် ၂၀ ဟက်တာ(၅၀ ဧက)၊ အိမ်ယာစီမံကိန်းအတွက် ၁၀၀ ဟက်တာ(၂၄၇ ဧက)၊ အထူးစီးပွားရေးဇုန် အတွက် ၄၀၀ ဟက်တာ(၉၈၉ ဧက) သတ်မှတ်ဆောင်ရွက်ထားရှိပါသည်။

အိမ်ရာစီမံကိန်းဧရိယာ ၁၀၀ ဟက်တာ(၂၄၇ဧက)အနက် ၇၅ ဟက်တာ (၁၈၆ ဧက) နှင့် အထူးစီးပွားရေးဇုန်အတွက် ၄၀၀ဟက်တာ(၉၈၉ ဧက) အနက် ၃၀၀ဟက်တာ(၇၄၁ဧက) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကျန် ၁၂၅ ဟက်တာ ကို အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စိမ်းလန်းဇုန်ဧရိယာများ လျာထားဆောင်ရွက်မည် ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အမှတ်(၁)ကို အပိုင်းကဏ္ဍ(၃)ခုခွဲ၍ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ အပိုင်းကဏ္ဍ(၁)ကို ၂၀၁၄ ခုနစ်မှ ၂၀၁၆ ခုနစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၄၅ဟက်တာ(၃၅၈ ဧက) ဖြင့်လည်းကောင်း၊ အပိုင်းကဏ္ဍ(၂)ကို ၂၀၁၇ ခုနစ်မှ ၂၀၂၀ ခုနစ်အတွင်း မြေဧရိယာအကျယ်အဝန်း ၁၂၅ ဟက်တာ(၃၀၉ ဧက) ဖြင့်လည်းကောင်း၊ အပိုင်း ကဏ္ဍ(၃) ကို ၂၀၂၁ ခုနစ်မှ ၂၀၂၅ ခုနစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၂၅ ဟက်တာ (၃၀၉ ဧက) ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောက်ဖြူဒေသ၏ ပထဝီဝင်အနေအထားသည် အာရှ၊အာရှအလယ်ပိုင်း ဒေသနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်ရာ တွင် မဟာဗျူဟာကျသော ဒေသအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်


Hkakabo Razi
5881
BHUTAN
INDIA
Naga Hills
Kumon Range
Hengduan Shan
CHINA
Myitkyina
BANGLADESH
Monywa
Mandalay
Shan Plateau
Salween
Taunggyi
Irrawaddy
ကျောက်ဖြူ
LAOS
Sandoway
Pegu
Bay of Bengal
Basseln
Rangoon
Moulmein
Gulf of Martaban
THAILAND
Tavoy
Andaman Sea
Andaman Islands
Mergui Archipelago
Gulf of Thailand

အခန်း(၉)

ပြည်ပ အကူအညီ အထောက်အပံ့ ရရှိမှု

ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၀၁၃ ခုနှစ် ဧနှစ်ဝါရီလ (၁၉)ရက်နှင့် (၂၀)ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်နှင့် ကာလတို၊ ကာလ ရှည် စီမံကိန်းများကို ဆွေးနွေး ခဲ့ကြပြီး ဖွံ့ဖြိုးမှု မိတ်ဖက် နိုင်ငံများနှင့် အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အတွက် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲမှု များကြောင့် နိုင်ငံတကာ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာပြီး နိုင်ငံခြား အကူအညီ အထောက်အပံ့များတိုးမြင့်ပေးအပ်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ် အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက် အပံ့ (Grant) စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇.၉၇ သန်း ရရှိရေးအတွက် ဝန်ကြီးဌာနများမှ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်အတွင်း နိုင်ငံခြား အကူအညီ အထောက် အပံ့ ရရှိမှုကို အောက်ပါအတိုင်း အမျိုးအစား (၃) မျိုး ခွဲ၍ တင်ပြပါသည်-

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

(ဂ) ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်အတွင်း လုပ်ငန်းစီမံချက် ၂၀ ခု အတွက် နိုင်ငံခြားအကူအညီ (Grant) ပမာဏ အမေရိကန် ဒေါ်လာ ၉၇.၉၇ သန်း ရရှိမည် ဖြစ်ပါသည်။

- နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာန အသီးသီးမှ လုပ်ငန်းစီမံချက် (၁) ခု စီအတွက် အမေရိကန် ဒေါ်လာ

စုစုပေါင်း (၁၈.၃၂)သန်း၊ စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ လုပ်ငန်းစီမံချက်(၂)ခုစီအတွက် အမေရိကန် ဒေါ်လာ (၆၇.၇၅)သန်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက် (၃)ခု အတွက် အမေရိကန် ဒေါ်လာ(၄.၈၄)သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက်(၄)ခု အတွက် အမေရိကန်ဒေါ်လာ(၇.၀၆)သန်း ရရှိရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဇယား (၉-၁)

ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

စဉ်	ဝန်ကြီးဌာန	စီမံချက်	ငွေပမာဏ (USS သန်းပေါင်း)
၁	နိုင်ငံခြားရေးဝန်ကြီးဌာန	၁	၁.၀၀
၂	ပြန်ကြားရေးဝန်ကြီးဌာန	၁	၀.၈၃
၃	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန	၁	၆.၀၀
၄	ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန	၁	၁.၅၀
၅	ပို့ဆောင်ရေးဝန်ကြီးဌာန	၁	၂.၃၄
၆	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန	၁	၂.၃၀
၇	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	၁	၁.၅၀
၈	စွမ်းအင်ဝန်ကြီးဌာန	၁	၁.၃၅
၉	စက်မှုဝန်ကြီးဌာန	၂	၁၁.၅၆
၁၀	ပညာရေးဝန်ကြီးဌာန	၁	၁.၅
၁၁	ဘဏ္ဍာရေးဝန်ကြီးဌာန	၂	၅၆.၁၉
၁၂	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	၃	၄.၈၄
၁၃	ဆောက်လုပ်ရေးဝန်ကြီးဌာန	၄	၇.၀၆
	စုစုပေါင်း	၂၀	၉၇.၉၇

ဇယားမှတ်။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

ပုံ (၉-၁)

ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

(US$ သန်းပေါင်း)



ဇယား(၉)။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု။

- အကူအညီ ရရှိမှု အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ် အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ၊ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့များ (Grant)များ ပေးအပ်လျက်ရှိရာ အောက်ဖော်ပြပါ နိုင်ငံ အသီးသီးမှ အကူအညီ အထောက်အပံ့များ ရရှိရန် ဆောင်ရွက် နိုင်ခဲ့ပါ သည်။
- **ဂျပန်နိုင်ငံ**မှ ဗဟိုဘဏ် လုပ်ငန်း ICT နည်းစနစ်ဖွံ့ဖြိုး တိုးတက်ရေး၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ပေါ်ပေါက်လာမည့် ရာသီဥတု အခြေအနေ စောင့်ကြည့်

ရေးစနစ် ထူထောင်ရေးနှင့် MRTV အစီအစဉ်နှင့် အသံလွှင့် တည်းဖြတ်ခြင်း ဆိုင်ရာ စက်ပစ္စည်းများ ပိုမိုကောင်းမွန် လာစေရေး လုပ်ငန်း စီမံချက်(၃)ခု အတွက် ဂျပန် ယန်း သန်း ၅၄၁၂.၉၀(US$ ၅၄.၈၄သန်း)၊

- **တရုတ်ပြည်သူ့သမ္မတနိုင်ငံ** မှ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌ အစည်းအဝေးများတွင် ယာဉ်နှင့် ရုံးသုံးပစ္စည်း တန်ဖိုး ရင်မင်ဘီယွမ် ၁၀ သန်း(US$ ၁.၆၄ သန်း)၊

- **ကိုရီးယားသမ္မတနိုင်ငံ** မှ မြန်မာနိုင်ငံ၏ အဓိကလမ်းများ ဖွံ့ဖြိုးတိုးတက် ရေး၊ အမျိုးသား စာရင်းအင်းစနစ် ခိုင်မာရေး၊ ညီလာခံများ ကျင်းပရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးနှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံချက်(၅)ခု ဆောင်ရွက်ရန် အမေရိကန် ဒေါ်လာ ၁၅.၃၀သန်း၊

- **ဂျာမနီနိုင်ငံ** (GIZ) မှ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ပညာပေးရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးခြင်းနှင့် ကျေးလက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (၃)ခု အတွက် စုစုပေါင်း ယူရို ၁၂ သန်း(US$ ၁၆.၀၈ သန်း)၊

- **အာရှဖွံ့ဖြိုးရေးဘဏ်(ADB)**မှ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ အခြေခံအဆောက်အအုံ၊ ကျွမ်းကျင်မှု နှင့် နည်းပညာ အကူအညီများ ပံ့ပိုးပေးရေးစသည့် လုပ်ငန်းစီမံချက် (၈)ခုအတွက် ကျွမ်းကျင်မှု အမေရိကန်ဒေါ်လာ ၁၀.၁၁ သန်း ရရှိရန်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဇယား (၉-၂)

နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

စဉ်	နိုင်ငံအချင်းချင်း/ အဖွဲ့အစည်း	လုပ်ငန်းစီမံချက်	ငွေပမာဏ(US$ သန်းပေါင်း)
(က)	နိုင်ငံအချင်းချင်း		
၁	ဂျပန်နိုင်ငံ	၃	၅၄.၈၄
၂	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	၁	၁.၆၄
၃	ဂျာမနီနိုင်ငံ	၃	၁၆.၀၈
၄	ကိုရီးယားနိုင်ငံ	၅	၁၅.၃၀
	စုစုပေါင်း	**၁၂**	**၈၇.၈၆**
(ခ)	အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ		
၁	အာရှဖွံ့ဖြိုးရေးဘဏ်	၈	၁၀.၁၁
	စုစုပေါင်း	**၈**	**၁၀.၁၁**
	စာရင်းပေါင်းချုပ်	**၂၀**	**၉၇.၉၇**

ဇာစ်မြစ်။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

ပုံ (၉-၂)

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

(US$ သန်းပေါင်း)



ဇယားမြစ်။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

(ဂ) **ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု။**

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ် အတွင်း ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ ရရှိမှုမှာ စိုက်ပျိုးရေးကဏ္ဍတွင် ၆%၊ ဆက်သွယ်ရေးကဏ္ဍတွင် ၂%၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၇ %၊ လျှပ်စစ်ကဏ္ဍတွင် ၂%၊ စွမ်းအင်ကဏ္ဍတွင် ၁%၊ ငွေကြေးကဏ္ဍတွင် ၅၃%၊ သစ်တောကဏ္ဍတွင် ၂ %၊ စက်မှုကဏ္ဍ တွင် ၁၂%နှင့် လူမှုရေးကဏ္ဍတွင် ၁၅ % တို့ ဖြစ်ပါ သည်။

ပုံ (၉-၃)
ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု
(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)



ဇယား-၆ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

၂၀၁၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စ၍ နိုင်ငံအချင်းချင်းအစီအစဉ် (Bilateral)အရ အကူအညီများ အထောက်အပံ့များ ပေးအပ်နေသည့် နိုင်ငံများမှာ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား၊ အိန္ဒိယ၊ ဗြိတိန်၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျ၊ ဂျာမဏီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ အီတလီ၊ အီးယူ နှင့် ကူဝိတ် ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (International Institutions) များမှာ World Bank, ADB, IFAD နှင့် WTO တို့နှင့် အလျှူရှင် နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှာ UNDP, UNICEF, UNFPA, FAO, UNODC, WHO, UNEP, UNHCR, UNOCHA, UNHABITAT တို့မှ မပြီးပြတ်သေးသော လုပ်ငန်းစီမံချက်များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

အီးယူ မှ ၂၀၁၄-၂၀၂၀ နှစ်များ အတွင်း မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးနယ်ပယ်(၄)ခုတွင် တစ်နှစ်လျှင် ယူရို ၉၀ သန်း ခန့် အကူအညီများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ တစ်ဆင့် ပေးအပ်မည် ဖြစ်ပါသည်။

အခန်း(၁၀)

ပြည်ပ စီးပွားရေး ဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အရှေ့တောင်အာရှ ဒေသနိုင်ငံများအဖွဲ့ (အာဆီယံ)၊ ဒေသခွဲ အဆင့်တွင် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဂျီအမ်အက်စ်)၊ ဘင်္ဂလားပင်လယ် ဘက်စုံစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)၊ ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာ ဗျူဟာ (အက်ခ်မက်) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင် နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးမှုနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးကို ဆောင်ရွက် လျက် ရှိပါသည်။

အာဆီယံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် အာဆီယံ စီးပွားရေး အသိုက်အဝန်း(ASEAN Economic Community-AEC) ၂၀၁၅ ခုနှစ်၌ ဖြစ်ပေါ်လာရေး အတွက် ပါဝင် ဆောင်ရွက်လျက်ရှိရာ AEC အကဲဖြတ် မှတ်တမ်းအရ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိဆောင် ရွက်ရမည့် လုပ်ငန်း၏ စ၄% ကိုအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တွေ့ကြုံရင်ဆိုင်ရမည့် အာဆီယံ လွတ်လပ် သောကုန်သွယ်မှုဒေသအတွင်း စျေးကွက် ယှဉ်ပြိုင်စွမ်းရှိရေး၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရေး၊ အာဆီယံစီးပွားရေး အသိုက်အဝန်း အကဲဖြတ် မှတ်တမ်းအရ နှစ်အလိုက် ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာန အလိုက် ကဏ္ဍအလိုက် နှောင့်နှေးမှု မရှိဘဲ ဆောင်ရွက်နိုင်ရေး တို့အတွက် အာဆီယံ ဒေသတွင်း ထုတ်လုပ်မှုနှင့် စျေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ အဆိုပါ လုပ်ငန်း စီမံချက်အရ ဘာသာရပ်ဆိုင်ရာ ဌာနများမှ ဒုတိယ ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်နှင့် ညွှန်ကြားရေးမှူးချုပ်များက အတွင်းရေးမှူးအဖြစ် ပါဝင်သော လုပ်ငန်းကော်မတီ (၁၅)ရပ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး ညှိနှိုင်း အစည်း အဝေးများကို လစဉ် ကျင်းပခဲ့ရာ ယခုအခါ (၁၃)ကြိမ်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူစဉ် အာဆီယံ စီးပွားရေး အသိုက်အဝန်း မဏ္ဍိုင်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပရန် လျာထားသည့် အစည်းအဝေးများအတွက် Notional Calendar ကိုလည်းကောင်း၊ အာဆီယံ

စီးပွားရေးဝန်ကြီး အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လုပ်ငန်း စီမံချက်ကို လည်းကောင်း၊ ရေးဆွဲထားပြီး ဖြစ်ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာ၌ စွမ်းဆောင်ရည် မြင့်တင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် သင်တန်းများကို အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာန (အီးအာရ်အိုင်အေ)၊ အမျိုးသား စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ နှင့် ဥရောပသမဂ္ဂ အကူအညီ တို့ဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ပါသည်။ ထို့အပြင် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများမှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဩစတြေးလျှနိုင်ငံ တို့တွင် ကျင်းပခဲ့သည့် အလုပ်ရုံ ဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲများသို့ ကိုယ်စားလှယ်များ စေလွှတ် တက်ရောက်နိုင်ခဲ့ပါသည်။ အာဆီယံ ဥက္ကဋ္ဌတာဝန်ရယူ၍ ဒေသဆိုင်ရာ ထိပ်သီး ဆွေးနွေး ပွဲများ၊ ဝန်ကြီးအဆင့် ဆွေးနွေးပွဲများ၊ လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲများ ဖွဲ့စည်းကျင်းပရာတွင် စွမ်းရည်ပြည့်ဝစေရေးအတွက် သင်တန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ဝန်ကြီးဌာနများမှ အရာထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရန် နှင့် နိုင်ငံတကာ အတွေ့အကြုံများ ရရှိရန်အတွက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူး ချုပ်ရုံးနှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (အီးအာရ်အိုင်အေ) တို့၌ (၁)နှစ်၊ (၆)လ နှင့် (၃)လ စသည်ဖြင့် တွဲဘက် တာဝန်ထမ်းဆောင်စေလျက် ရှိပါသည်။

ပြည်သူများ အာဆီယံ စီးပွားရေးဆိုင်ရာ ဘာသာရပ်ကို လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ အာဆီယံ စီးပွားရေးပညာရပ် ကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှင့် ပူးပေါင်း၍ သင်တန်း (၄)ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၄၀၆)ဦး တက်ရောက်ခဲ့ပြီး မန္တလေး တက္ကသိုလ်နှင့် ပူးပေါင်း၍ သင်တန်းတစ်ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား(၉၀)ဦး တက်ရောက် ခဲ့ပါသည်။

မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်)

ဂျီအမ်အက်စ် အစီအစဉ်အောက်တွင် မဲခေါင်ဒေသခွဲ (၆) နိုင်ငံအကြား လာမည့် ဆယ်စုနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင်ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ရေးဆွဲ လျက်ရှိပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်မှ (၁၁) ရက်နေ့ အထိ လာအိုနိုင်ငံ၊ ဗီယင်းကျန်းမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉) ကြိမ် မြောက် ဂျီအမ်အက်စ် ဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုသွားရန်ရှိပါသည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်)

မြန်မာနိုင်ငံသည် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး အာဆီယံနိုင်ငံများ အကြား ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွား လုပ်ငန်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

ဘင်္ဂလားပင်လယ်ဒေသ ဘက်စုံစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)

ထို့အတူ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်ဒေသ ဘက်စုံ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)တွင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလား ဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ နည်းပညာ၊ ငါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ပြည်သူ့ကျန်းမာရေး၊အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ် ဖြတ်ကျော် ရာဇဝတ်မှု နှိမ်နင်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးဒဏ် စီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

အီးယူနှင့် ပူးပေါင်းဆောင်ရွက်မှု

ဖွံ့ဖြိုးမှုစီမံချက်များအတွက် အီးယူမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါသည်။ အီးယူနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နိုင်ငံတော် သမ္မတအား ဖိတ်ကြားသည့် ခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်မည့် ကတိကဝတ်များကို ပေးအပ်ခဲ့ပါသည်။

ပဲရစ်ကလပ်မှ ချေးငွေများ လျော်ခြင်း၊ ပေါ်လစီ အခြေခံသည့် ငွေချေးယူမှုများဖြင့် ပြန်လည်ပေးဆပ်ခြင်း၊ မြန်မာ့ပို့ကုန်များအတွက် ဂျီအက်စ်ပီ ကမ်းလှမ်းခြင်းများ ရှိခဲ့ပါသည်။ အီးယူမှ အဆင့်မြင့် ပုဂ္ဂိုလ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် EU Business Forum ကို

၂၀၁၃ခုနှစ် နိုဝင်ဘာလ(၁၄)ရက်နေ့နှင့်(၁၅)ရက်နေ့များတွင် ရန်ကုန်မြို့နှင့် နေပြည်တော် တို့တွင် ကျင်းပရန် ရှိပါသည်။

ကမ္ဘာ့စီးပွားရေး ဖိုရမ်အား ၂၀၁၃ ခုနှစ် ဇွန်လ (၅) ရက်နေ့မှ (၇) ရက်နေ့ အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အတွင်းရေးမှူးရုံး အဖြစ် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ဖိုရမ်အား လက်ခံကျင်းပခြင်းဖြင့် အဆိုပါ ဖိုရမ်၏ ဆွေးနွေးချက်များသည် အားလုံး (လူတိုင်း) ပါဝင်သည့် တိုးတက်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ အရှေ့အာရှ ဒေသအဆင့် ပေါင်းစည်းမှု အမှန်တကယ် ဖြစ်ပေါ်စေရန် တွန်းအား ပေးဖြေရှင်းနိုင်မည့် ဒေသအဆင့် ဖြေရှင်း ဆောင်ရွက်နိုင်မှုများနှင့် နည်းလမ်းများကို ကမ္ဘာလုံးဆိုင်ရာ ခံနိုင်ရည်ရှိမှု မြင့်မား လာသည် အထိ ပိုမို ကျယ်ပြန့်စေရန် တိုးမြှင့်ဆောင်ရွက်မည့် အခွင့်အရေးများ ရရှိစေပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် စီးပွားရေး ပိတ်ဆို့ထားမှုများ အားလုံးကို ဖယ်ရှားပြီး ဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် အပြန် အလှန် ကုန်သွယ်မှုကို တိုးမြှင့်ရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဆွဲဆောင်နိုင်ရန်၊ ကမ္ဘာ့စျေးကွက်မှာ မြန်မာနိုင်ငံမှ ထုတ်ကုန် ပစ္စည်းများ ပိုမိုတင်ပို့နိုင်စေရန်၊ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်၊ သတင်း အချက် အလက်နှင့် အဆက်အသွယ်များ ရရှိစေပါသည်။

နိုင်ငံခေါင်းဆောင် အကြီးအကဲများ၊ မူဝါဒ ချမှတ်သူများ၊ အထင်ကရ ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများမှ အကြီးအကဲများ၊ စီအီးအိုများ၊ နယ်ပယ် အသီးသီးမှ ကျွမ်းကျင်သူ ပညာရှင် များ၏ အတွေးအခေါ် အယူအဆများကို သိရှိနိုင်ပြီး ကမ္ဘာ့ကြီး၏ အရွေ့များကို မှန်းဆနိုင်သည့် အခွင့်အရေး ရရှိစေပါသည်။ ထို့ပြင် ဆွေးနွေးပွဲများအား ကမ္ဘာသိအောင် တိုက်ရိုက် ထုတ်လွှင့် မှုများ၊ အစိုးရ၊ လွှတ်တော်နှင့် နိုင်ငံရေးပါတီများ၊ အပြည်ပြည်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်း Stakeholders အစုံအလင်ဖြင့် လွတ်လပ်စွာ ပါဝင်တက်ရောက် ဆွေးနွေး နိုင်မှုသည် ပွင့်လင်းလာပြီဖြစ်သည့် မြန်မာ့လူ့အဖွဲ့အစည်းအား ကမ္ဘာကို လက်တွေ့ ပြသ နိုင်သည့် အခွင့် အရေးတစ်ရပ်ပင် ဖြစ်ပါသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်တော့ မည် ဖြစ်ပါသဖြင့် အိမ်ရှင်အဖြစ် ကြီးမားသည့် အစည်းအဝေး ဖွဲ့စည်းကျင်းပမည့် သက်ဆိုင်ရာ ဌာနများ အားလုံး၏ Conference Management စွမ်းရည် တည်ဆောက်ကာ လေ့ကျင့် ပြင်ဆင်မှု ကို ရရှိစေပါသည်။ Online Registration၊ ဖိုရမ်၏ လုံခြုံရေးအစီအမံ၊ ဖိတ်ကြားရေးနှင့် ဧည့်ခံကြိုဆိုရေး ကိစ္စရပ်များ၊ ဖိုရမ်ရုံးလုပ်ငန်းနှင့် စာရွက်စာတမ်းဆိုင်ရာ စီမံဆောင်ရွက်မှုများ၊ သယ်ယူပို့ဆောင်ရေး စီမံဆောင်ရွက်မှုများ၊ ဟိုတယ်တည်းခိုရေး လုပ်ငန်းများ၊ အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့များအတွက် ဆက်ဆံရေးနှင့်လုံခြုံရေး အရာရှိ များ တာဝန်ပေးအပ် ခြင်းဖြင့်

အတွေ့ အကြုံများအား ရရှိစေပါသည်။ မြန်မာကို ကမ္ဘာသိအောင် ပြသကြော်ငြာခြင်း (Marketing of our Nation) လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများအပြင် မြန်မာ-အီးယူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ၊ နည်းပညာ ကျွမ်းကျင်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှု အကူအညီ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရန် အလားအလာ များ ရှိနေပါကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုး တိုးတက်ရေး အတွက် Dialogues များ၊ Joint Initiative Meeting များ၊ Bilateral Meeting များအား သက်ဆိုင်ရာ နိုင်ငံများနှင့် ဖွဲ့စည်းကျင်းပ ဆောင်ရွက်ပါသည်။ ထို့ပြင် နိုင်ငံ အသီးသီးမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဖိတ်ကြားလာသည့် ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ အား အချိန်မီ စေလွှတ်နိုင်ရေး စီမံဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံအတွင်း ပူးပေါင်း ဆောင်ရွက်ရန် ရှိသည့် ဆွေးနွေးပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲ၊ ကွန်ဖရင့်များအား လိုအပ်သလို ဖွဲ့စည်းကျင်းပ ဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံတွင် လာရောက် တာဝန်ထမ်းဆောင်နေစဉ် သက်ဆိုင်ရာ နိုင်ငံများ၏ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ စီမံချက်များအတွက် လာရောက်မည့် ကျွမ်းကျင် သူများ အတွက် ဗီဇာ၊ နေထိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ အချိန်မီ စီစဉ်ဆောင်ရွက်ပေးပါသည်။ နိုင်ငံတော် အကြီးအကဲ များ၊ ဝန်ကြီးဌာနအကြီးအကဲများ ပြည်ပ ခရီးစဉ် သွားရောက်ခြင်း၊ အခြားနိုင်ငံမှ အကြီးအကဲများ မိမိတို့ နိုင်ငံသို့ လာရောက်သည့် ခရီးစဉ်များ၊ ဂါရဝပြု တွေ့ဆုံပွဲများ၊ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အမေရိကန် နိုင်ငံ တို့နှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်/ မူဘောင် စာချုပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင် သဘောတူစာချုပ်များနှင့် နားလည်မှု စာလွှာများ (၁၁)ခု ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

နိုင်ငံခြား အကူအညီ အထောက်အပံ့

နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီများကို ရယူ အသုံးပြုရာတွင် ထိရောက်မှုရှိရေး (Aid Effectiveness) ၊ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအတွက် စနစ်တကျ အသုံးပြုနိုင်ရေးတို့ အတွက် "နိုင်ငံခြား အကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီ" ကို နိုင်ငံတော်သမ္မတကြီး ဦးဆောင်၍ ဖွဲ့စည်းထားပြီး၊ အဆိုပါ ဗဟိုကော်မတီ အောက်တွင် နိုင်ငံခြား အကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီနှင့် အမျိုးသား စီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီတို့ကို ဖွဲ့စည်းထားရှိပါသည်။

နိုင်ငံခြားအကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အနေဖြင့် မူဝါဒ များ ချမှတ်လမ်းညွှန်ပြီး ချမှတ်ထားသည့် မူဘောင်များနှင့်အညီ ဦးစားပေး လုပ်ငန်း၊ စီမံချက် ကဏ္ဍများနှင့် ဦးစားပေး စီမံချက်များကို ရွေးချယ်သတ်မှတ်ပြီး ပြည်သူ့လိုအပ်ချက်များကို ရှာဖွေ ဖော်ထုတ်၍ အလျှုရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်နိုင်ငံအချင်းမှ ပေးအပ်သည့် အကူအညီ၊ အထောက်အပံ့များ၊ ချေးငွေများဖြင့် ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းများ ထိရောက်မှုရှိရေးအတွက် ယင်းလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်သည့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ ဝန်ကြီးဌာနများ နှင့် အကူအညီ ပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်းများက ပူးပေါင်း၍ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ် အကဲဖြတ်ခြင်း (Monitoring and Evaluation) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အကူအညီ အထောက်အပံ့များကို ပိုမိုရရှိနိုင်စေရန် NayPyiTaw Accord အရ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၁၆)ဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်။ အဆိုပါ အဖွဲ့များမှာ (၁)ပညာရေး လုပ်ငန်းအဖွဲ့၊ (၂)ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၃)လယ်ယာစိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊(၄) ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၅) အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၆)လျှပ်စစ်စွမ်းအားလုပ်ငန်းအဖွဲ့၊ (၇)ကျန်းမာရေးနှင့် ရေရရှိရေး လုပ်ငန်းအဖွဲ့၊ (၈) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ လုပ်ငန်းအဖွဲ့၊ (၉)ပို့ဆောင်ရေး ဆိုင်ရာလုပ်ငန်းအဖွဲ့၊(၁၀)လူမှုအကာအကွယ်ပေးရေးနှင့် သဘာဝဘေး အန္တရာယ် လျော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၁၁) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင် ပြောင်းလဲရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၁၁) ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၁၂) အမျိုးသမီးများ စွမ်းပကား မြှင့်တင်ရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၃) မီဒီယာ လုပ်ငန်းအဖွဲ့(၁၄) ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းအဖွဲ့(၁၅) စာရင်းအင်းဆိုင်ရာ အရည် အသွေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းအဖွဲ့ (၁၆)

ကုန်သွယ်ရေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်း အဖွဲ့တို့ ဖြစ်ပြီး အဆိုပါ လုပ်ငန်းအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရှေ့အလားအလာ

အာဆီယံသည် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ဘက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့နှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership - RCEP) ဘောင်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မေလမှ စတင်၍ ညှိနှိုင်းလျက်ရှိရာ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိပါ သည်။ အဆိုပါ ဘောင်သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် ညှိနှိုင်းမှု ပြီးစီးရန် ရည်မှန်းထားရာ ၎င်း ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါ်ပေါက်ပြီး အရှေ့အာရှ စီးပွားရေး အသိုက်အဝန်းကို ဆက်လက် ဖော်ဆောင်ရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မဟာဗျူဟာ အချက်အခြာကျသော နေရာတွင် တည်ရှိနေသည့် အတွက် ဂျီအမ်အက်စ် အရှေ့-အနောက် စင်္ကြံလမ်းကြောင်းတွင် တည်ရှိသကဲ့သို့ တောင်အာရှ နှင့် အရှေ့အာရှတို့အကြား ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံနှစ်နိုင်ငံအကြား တည်ရှိနေပါသည်။ ယခု မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ တည်ထောင်မှုကြောင့် ဂျီအမ်အက်စ် တောင် မြောက် စင်္ကြံများနှင့် ချိတ်ဆက်ခြင်းဖြင့် ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် ကွန်ယက်သဖွယ် ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင် ဒေသခွဲသာမက ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ နှင့် ဆက်ဆံရေး ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်များပြား လာခဲ့ပြီး ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့မှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ လျော့ပျော့ခြင်းနှင့် ဖယ်ရှားခြင်းကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုတွင် ပိုမိုတိုးမြင့် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပွင့်လင်း လာမှုနှင့် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ထောက်ခံလာသည်နှင့်အမျှ နိုင်ငံတကာ အကူအညီ အထောက်အပံ့များ (ငွေကြေးအကူအညီ၊ ကျွမ်းကျင်မှု အကူအညီ၊ နည်းပညာ အကူအညီ) ပိုမို ပေးအပ်လာပါသဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာ အကျိုးပြုစေ နိုင်မည် ဖြစ်ပါသည်။

နိဂုံး

နိုင်ငံတော်အစိုးရသစ် တက်လာပြီး နောက်ပိုင်းတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်ရွယ်၍ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးခဲ့ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်စေရန်အတွက် စက်မှုကဏ္ဍမှာ အဓိကမောင်းနှင်အားဖြစ်သကဲ့သို့၊ စက်မှုကဏ္ဍကြီးတွင် ပါဝင်သည့် လျှပ်စစ်ဓာတ်အား ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် လျှပ်စစ်မီးတိုးတက်ရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေဖူလုံရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေး၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ကဏ္ဍအလိုက် သိသာစွာ တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်မှ ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံတော်သည် လူမှုစီးပွားရေးမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုး တိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဖွံ့ဖြိုးမှုကို ရှုဒေါင့်ပေါင်းစုံ(Multi-Dimentional Aspect) နှင့် ရှုမြင်ပြီး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အထိကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့မှသာ လူထု၊ လူတန်းစားများအကြား ဆင်းရဲ၊ ချမ်းသာကွာဟမှုနည်းပါးပြီး လူတိုင်း ဖွံ့ဖြိုးမှု၏ အသီးအပွင့်ခံစားနိုင်မှသာ နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှု (Quality Development of a Nation) ကို ဖြစ်ပေါ်စေရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် အချိုးမျှတစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ ကဏ္ဍနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ ချိတ်ဆက်၍ ကျန်ရှိနေသော ဒုတိယ (ဖ)လတွင် စီမံကိန်းရည်မှန်းချက်များ အောင်မြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်

အမျိုးသားစီမံကိန်း

ပထမ(၆)လပတ်အစီရင်ခံစာ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်
အမျိုးသားစီမံကိန်းပထမ (၆)လပတ်
အစီရင်ခံစာ

မာတိကာ

		စာမျက်နှာ
	နိဒါန်း	၁
အခန်း(၁)	ပြုပြင်ပြောင်းလဲမှုများ	၁၂
အခန်း(၂)	မေခရိုစီးပွားရေးအခြေအနေ	၁၇
အခန်း(၃)	မြန်မာနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးအခြေအနေ	၃၆
အခန်း(၄)	ငွေကြေးမူဝါဒ၊ဘဏ္ဍာရေးမူဝါဒများ၊ရသုံးမှန်းခြေငွေစာရင်း	၄၈
အခန်း(၅)	ကဏ္ဍစီမံကိန်း	၅၆
အခန်း(၆)	ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ	၁၄၅
အခန်း(၇)	ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု	၁၉၁
အခန်း(၈)	အထူးစီးပွားရေးဇုန်များနှင့်ဆောင်ရွက်မှုအခြေအနေ	၂၀၂
အခန်း(၉)	ပြည်ပအကူအညီအထောက်အပံ့ရရှိမှု	၂၁၄
အခန်း(၁၀)	ပြည်ပစီးပွားရေးဆက်ဆံမှုများနှင့်မြန်မာနိုင်ငံ၏အလားအလာ	၂၂၁
	နိဂုံး	၂၂၈

ပုံပြဂရပ် မာတိကာ

ပုံပြဂရပ် က

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁	ပုံ ၂-၁	တစ်ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှု (ရာခိုင်နှုန်း)	၁၇
၂	ပုံ ၂-၂	တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး(နှစ်အလိုက်ဈေးနှုန်းများ အရ)	၂၁
၃	ပုံ ၂-၃	ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်များ(၂၀၁၃ ခုနှစ်)	၂၂
၄	ပုံ ၂-၄	စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား	၂၃
၅	ပုံ ၂-၅	ဧည့်မထဆန်ဈေးနှုန်းအခြေအနေ	၂၄
၆	ပုံ ၂-၆	မြေပဲဆီဈေးနှုန်း အခြေအနေ	၂၄
၇	ပုံ ၂-၇	ကုလားပဲခြမ်းဈေးနှုန်းအခြေအနေ	၂၄
၈	ပုံ ၂-၈	ငွေကြေးဖောင်းပွမှုနှုန်း	၂၄
၉	ပုံ ၂-၉	တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း	၂၄
၁၀	ပုံ ၂-၁၀	နိုင်ငံခြားငွေလဲလှယ်နှုန်း	၂၅
၁၁	ပုံ ၂-၁၁	ငွေကြေးပမာဏ	၂၅
၁၂	ပုံ ၂-၁၂	၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် နိုင်ငံပိုင် ၊ သမဝါ ယမပိုင်နှင့် ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု	၂၆
၁၃	ပုံ ၂-၁၃	ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၂၆
၁၄	ပုံ ၂-၁၄	လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု	၂၇
၁၅	ပုံ ၂-၁၅	လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု	၂၇
၁၆	ပုံ ၂-၁၆	အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ	၂၈
၁၇	ပုံ ၂-၁၇	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ ပို့ကုန်အကောင်အထည် ဖော်နိုင်မှုအခြေအနေ	၂၈
၁၈	ပုံ ၂-၁၈	၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လ သွင်းကုန်အကောင်အထည်ဖော် နိုင်မှု အခြေအနေ	၂၉
၁၉	ပုံ ၂-၁၉	ကုန်သွယ်မှုပမာဏ	၂၉
၂၀	ပုံ ၂-၂၀	ကုန်သွယ်မှု ပိုငွေ/ လိုငွေ	၂၉
၂၁	ပုံ ၂-၂၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန် အခြေအနေ	၃၀
၂၂	ပုံ ၂-၂၂	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ	၃၀

စဉ်		အကြောင်းအရာ	စာမျက်နှာ
၂၃	ပုံ ၂-၂၃	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆရာဝန်ဦးရေ	၃၁
၂၄	ပုံ ၂-၂၄	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သူနာပြုဦးရေ	၃၁
၂၅	ပုံ ၂-၂၅	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းများ	၃၂
၂၆	ပုံ ၂-၂၆	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာ ကျောင်းဆရာများ	၃၂
၂၇	ပုံ ၂-၂၇	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းသားများ	၃၃
၂၈	ပုံ ၂-၂၈	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ကျောင်းဆရာနှင့် ကျောင်းသားများ	၃၃
၂၉	ပုံ ၂-၂၉	ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု	၃၄
၃၀	ပုံ ၂-၃၀	လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း	၃၄
၃၁	ပုံ ၂-၃၁	မြန်မာ့မီးရထား၏ဘူတာရုံနှင့်သံလမ်းမိုင်	၃၅
၃၂	ပုံ ၂-၃၂	အလုပ်အကိုင်ရရှိမှုအခြေအနေ	၃၅
၃၃	ပုံ ၅-၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၅၆
၃၄	ပုံ ၅-၂	ကဏ္ဍများ၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ (၆) လပတ် ပြောင်းလဲမှုနှုန်း	၅၇
၃၅	ပုံ ၅-၃	လယ်ယာကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၅၈
၃၆	ပုံ ၅-၄	သားငါးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက် အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၀
၃၇	ပုံ ၅-၅	သစ်တောကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက် အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၃
၃၈	ပုံ ၅-၆	စွမ်းအင်ကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၆
၃၉	ပုံ ၅-၇	သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၆၉
၄၀	ပုံ ၅-၈	စက်မှုလက်မှုကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၇၂

စဉ်		အကြောင်းအရာ	စာမျက်နှာ
၄၁	ပုံ ၅-၉	လျှပ်စစ်ဓာတ်အားကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၇၇
၄၂	ပုံ ၅-၁၀	ဆောက်လုပ်မှုကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၈၂
၄၃	ပုံ ၅-၁၁	ပို့ဆောင်ရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၈၅
၄၄	ပုံ ၅-၁၂	ဆက်သွယ်ရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၉၁
၄၅	ပုံ ၅-၁၃	ငွေရေးကြေးရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၉၄
၄၆	ပုံ ၅-၁၄	ကုန်သွယ်ရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၉၇
၄၇	ပုံ ၅-၁၅	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ သမဝါယမပိုင်အခန်းမှ ပထမ(၆) လပတ် ထုတ်လုပ်မှု၊ဝန်ဆောင်မှု၊ကုန်သွယ်မှုအကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၀၂
၄၈	ပုံ ၅-၁၆	သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမအသင်းများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်ပထမ(၆)လပတ် အကောင် အထည် ဖော်နိုင်မှု အခြေအနေ	၁၀၄
၄၉	ပုံ ၅-၁၇	၄ားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုး သား စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၀၅
၅၀	ပုံ ၅-၁၈	လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၁၁

စဉ်		အကြောင်းအရာ	စာမျက်နှာ
၅၁	ပုံ ၆-၁	ကချင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၄၅
၅၂	ပုံ ၆-၂	ကယားပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၀
၅၃	ပုံ ၆-၃	ကရင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၂
၅၄	ပုံ ၆-၄	ချင်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၃
၅၅	ပုံ ၆-၅	စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၅၈
၅၆	ပုံ ၆-၆	တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၆၂
၅၇	ပုံ ၆-၇	ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၆၅
၅၈	ပုံ ၆-၈	မကွေးတိုင်းဒေသကြီး ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၆၇
၅၉	ပုံ ၆-၉	မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၀
၆၀	ပုံ ၆-၁၀	မွန်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၃
၆၁	ပုံ ၆-၁၁	ရခိုင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၆
၆၂	ပုံ ၆-၁၂	ရန်ကုန်တိုင်းဒေသကြီး ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၇၈
၆၃	ပုံ ၆-၁၃	ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၈၂
၆၄	ပုံ ၆-၁၄	ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၈၅

စဉ်		အကြောင်းအရာ	စာမျက်နှာ
၆၅	ပုံ ၆-၁၅	နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ	၁၈၇
၆၆	ပုံ ၉-၁	ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ	၂၁၆
၆၇	ပုံ ၉-၂	နိုင်ငံအချင်းချင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု	၂၁၉
၆၈	ပုံ ၉-၃	ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု	၂၂၀

ဇယားမာတိကာ

ဇယား			စ
စဉ်		အကြောင်းအရာ	စာမျက်နှာ
၁	ဇယား က-၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက် ဈေးနှုန်းများအရ)	၈
၂	ဇယား က-၂	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် အကောင်အထည် ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းများအရ)	၉
၃	ဇယား က-၃	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (ပုံမှန်ဈေးနှုန်း များအရ)	၁၀
၄	ဇယား က-၄	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် အကောင်အထည် ဖော်နိုင်မှု အခြေအနေ (ပုံမှန်ဈေးနှုန်းများအရ)	၁၁
၅	ဇယား ၃-၁	မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ	၃၉
၆	ဇယား ၃-၂	မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ	၄၂
၉	ဇယား ၄-၁	ပြည်တွင်းအခွန်ကောက်ခံရရှိမှု	၅၂
၁၀	ဇယား ၄-၂	နိုင်ငံပိုင်အခန်းမှလုပ်ငန်းစီမံကိန်းများ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ အခြေအနေ	၅၃
၁၁	ဇယား ၄-၃	ဝန်ကြီးဌာနများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အတွင်း နိုင်ငံအချင်းချင်း အကူအညီ ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ	၅၄
၁၂	ဇယား ၅-၁	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ ၆ လပတ် (ဧပြီလမှ စက်တင်ဘာ လ) လျှပ်စစ်မောတာအားအသုံးပြုမှု အခြေအနေ	၇၈
၁၃	ဇယား ၅-၂	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု လျာထားချက်နှင့် ပထမ (၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု	၁၄၄
၁၄	ဇယား ၇-၁	၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အလုပ်အကိုင် အခွင့် အလမ်းပေါ်ပေါက်မှု	၁၉၆
၁၅	ဇယား ၇-၂	ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ	၂၀၀

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁၆	ဇယား ၇-၃	နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီ ထူထောင်မှု	၂၀၀
၁၇	ဇယား ၈-၁	ထားဝယ် အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသား နှင့် နိုင်ငံခြား အလုပ်သမားစာရင်း	၂၀၉
၁၈	ဇယား ၉-၁	ဝန်ကြီးဌာနများအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု အခြေအနေ	၂၁၅
၁၉	ဇယား ၉-၂	နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်း များ အလိုက် အကူအညီ အထောက်အပံ့ ရရှိမှု	၂၁၈

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
ပထမ(၆)လပတ် အစီရင်ခံစာ

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၄)၊ ပုဒ်မ ၁၀၀ (ခ) အရ အမျိုးသားစီမံကိန်း၊ အခန်း(၄) ပုဒ်မ ၁၉၀ (ခ) အရ ဒေသန္တရစီမံကိန်းကို ရေးဆွဲလျက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီးသို့ ရေးဆွဲတင်ပြပြီး အတည်ပြုပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်သည် တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ပြည်သူ ဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development) ရရှိစေရန် စီးပွားရေးမူဝါဒ (၄)ရပ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမူဝါဒများနှင့်အညီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေး၊ သစ်တောသယံဇာတ ထိန်းသိမ်းရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်း ထူထောင်ရေး၊ စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ထွန်းရေး၊ မြို့ပြများ ဖြစ်ထွန်းရေးနှင့် ခေတ်မီလမ်းတံတားများ ဖြစ်ထွန်း

ပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး၊ လူတိုင်းအတွက်၊ နေရာတိုင်း အတွက် ဆက်သွယ်ရေးစနစ် ပေါ်ပေါက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသား အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး၊ အမျိုးသားစာရင်းအင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကို လည်း အလေးထားရေးဆွဲဖော်ဆောင်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တစ်မျိုးသားလုံး ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅၉,၂၄၈,၉၅၃.၀ သန်းရရှိရန်နှင့် ၁၅.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ကဏ္ဍတစ်ခုချင်း အလိုက် နှစ်အလိုက်ဈေးနှုန်းများအရ-

(က) လယ်ယာကဏ္ဍတွင် ကျပ် ၁၃,၀၅၈,၆၄၀.၄ သန်း ဖြစ်ပြီး၊ ၆.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ခ) သားငါးကဏ္ဍတွင် ကျပ် ၄,၅၀၉,၅၁၆.၈ သန်း ဖြစ်ပြီး၊ ၁၀.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဂ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် သစ်တောကဏ္ဍ တွင် ကျပ် ၁၆၁,၁၆၁.၁ သန်းဖြစ်ပြီး၊ ၂.၆ ရာခိုင်နှုန်း လျော့နည်း ဖြစ်ပေါ်ရန်၊

(ဃ) စွမ်းအင်ကဏ္ဍတွင် ကျပ် ၃,၇၆၇,၀၉၆.၂ သန်း ဖြစ်ပြီး၊ ၁၀၉.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကျပ် ၇၀၈,၅၁၇.၀ သန်း ဖြစ်ပြီး၊ ၃၀.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(စ) စက်မှုလက်မှုကဏ္ဍတွင် ကျပ် ၁၂,၀၉၉,၅၀၉.၄ သန်း ဖြစ်ပြီး၊ ၁၆.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ် ၇၂၈,၅၂၄.၇ သန်း ဖြစ်ပြီး၊ ၁၇.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဇ) ဆောက်လုပ်မှုကဏ္ဍတွင် ကျပ် ၂,၆၉၆,၀၃၇.၃ သန်း ဖြစ်ပြီး၊ ၂၆.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(စျ) ပို့ဆောင်ရေးကဏ္ဍတွင် ကျပ် ၆,၉၅၅,၅၀၄.၁ သန်း ဖြစ်ပြီး၊ ၈.၃ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ည) ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၅၆၀,၇၂၆.၂ သန်း ဖြစ်ပြီး၊ ၂၆.၇ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(ဋ) ငွေရေးကြေးရေးကဏ္ဍတွင် ကျပ် ၇၉,၈၆၈.၂ သန်း ဖြစ်ပြီး၊ ၆၄.၀ ရာခိုင် နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ကျပ် ၁,၃၅၅,၆၁၀.၁ သန်း ဖြစ်ပြီး၊ ၅၁.၅ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဍ) ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ် ၁,၂၂၈,၆၂၈.၄ သန်း ဖြစ်ပြီး၊ ၁၉.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဎ) ကုန်သွယ်မှုကဏ္ဍတွင် ကျပ် ၁၁,၃၃၉,၆၁၃.၁ သန်း ဖြစ်ပြီး၊ ၁၃.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး / ပြည်နယ် အလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းဖြင့် ဖော်ပြ အပ်ပါသည် -

(က) ကချင်ပြည်နယ်တွင်ကျပ် ၁,၅၅၀,၃၆၀.၃ သန်းဖြစ်ပြီး၊ ၁၂.၁ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(ခ) ကယားပြည်နယ်တွင်ကျပ် ၁၉၆,၅၂၃.၅ သန်းဖြစ်ပြီး၊ ၁၀.၉ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(ဂ) ကရင်ပြည်နယ်တွင်ကျပ် ၉၅၇,၁၄၇.၄ သန်းဖြစ်ပြီး၊ ၁၁.၀ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(ဃ) ချင်းပြည်နယ်တွင်ကျပ် ၁၉၂,၂၉၆.၄ သန်း ဖြစ်ပြီး၊ ၁၂.၂ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(c) စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျပ် ၆,၄၇၀,၅၀၂.၀ သန်း ဖြစ်ပြီး၊ ၁၃.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(စ) တနင်္သာရီတိုင်းဒေသကြီးတွင် ကျပ် ၃,၂၅၄,၈၈၆.၉ သန်း ဖြစ်ပြီး၊ ၂၆.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဆ) ပဲခူးတိုင်းဒေသကြီး တွင် ကျပ် ၄,၇၁၃,၆၉၇.၈ သန်း ဖြစ်ပြီး၊ ၁၀.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဇ) မကွေးတိုင်းဒေသကြီး တွင် ကျပ် ၅,၄၈၅,၃၂၇.၆ သန်း ဖြစ်ပြီး၊ ၁၄.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(စျ) မန္တလေးတိုင်းဒေသကြီး တွင် ကျပ် ၆,၁၀၉,၉၅၀.၅ သန်း ဖြစ်ပြီး၊ ၉.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ည) မွန်ပြည်နယ်တွင် ကျပ် ၂,၃၄၈,၃၁၆.၅ သန်းဖြစ်ပြီး၊ ၁၁.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဋ) ရခိုင်ပြည်နယ်တွင်ကျပ် ၂,၇၉၇,၈၈၈.၁ သန်း ဖြစ်ပြီး၊ ၄၆.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဌ) ရန်ကုန်တိုင်းဒေသကြီးတွင် ကျပ် ၁၂,၄၀၇,၁၃၄.၁ သန်း ဖြစ်ပြီး၊ ၁၂.၁ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဍ) ရှမ်းပြည်နယ်တွင် ကျပ် ၃,၉၀၁,၆၄၉.၆ သန်း ဖြစ်ပြီး၊ ၈.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဎ) ဧရာဝတီတိုင်းဒေသကြီးတွင် ကျပ် ၇,၇၇၇,၉၆၂.၅ သန်း ဖြစ်ပြီး၊ ၁၈.၀ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဏ) နေပြည်တော် ကောင်စီနယ်မြေ တွင် ကျပ် ၁,၀၈၅,၃၀၉.၈ သန်း ဖြစ်ပြီး၊ ၈၀.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ ၈.၉ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားပါသည်။ကဏ္ဍတစ်ခုချင်းအလိုက်ပုံမှန်စျေးနှုန်းများအရ-

(က) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) သားငါးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် သစ်တောကဏ္ဍတွင် ၆.၁ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(ဃ) စွမ်းအင်ကဏ္ဍတွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) ဆောက်လုပ်မှုကဏ္ဍတွင် ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(စျ) ပို့ဆောင်ရေးကဏ္ဍတွင် ၅.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) ဆက်သွယ်ရေးကဏ္ဍတွင် ၅၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဋ) ငွေရေးကြေးရေးကဏ္ဍတွင် ၉၂.၇ ရာခိုင် နှုန်း တိုးတက်ရန်၊

(ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဍ) ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဎ) ကုန်သွယ်မှုကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပုံမှန်စျေးနှုန်းများအရ တိုးတက်ရန် ရည်မှန်း ထားပါသည်-

(က) ကချင်ပြည်နယ်တွင် ၈.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ခ) ကယားပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) ကရင်ပြည်နယ်တွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဃ) ချင်းပြည်နယ်တွင် ၈.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(င) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(စ) တနင်္သာရီတိုင်းဒေသကြီးတွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဆ) ပဲခူးတိုင်းဒေသကြီး တွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဇ) မကွေးတိုင်းဒေသကြီး တွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(စျ) မန္တလေးတိုင်းဒေသကြီး တွင် ၇.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ည) မွန်ပြည်နယ်တွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဋ) ရခိုင်ပြည်နယ်တွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဌ) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဍ) ရှမ်းပြည်နယ်တွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဎ) ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဏ) နေပြည်တော် ကောင်စီနယ်မြေ ၇၆.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်အလိုက်ဈေးနှုန်းအရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတန်ဖိုး ပါဝင်မှုအချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ဖေါ်ပြပါအတိုင်း တိုးတက်ဖြစ်ပေါ်လာစေရန် ရည်မှန်းခဲ့ပါသည်-

(က) ကုန်ထုတ်လုပ်သောကဏ္ဍများတွင် ၆၂.၆ မှ ၆၃.၇ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) ဝန်ဆောင်မှုကဏ္ဍများတွင် ၁၇.၉ ရာခိုင်နှုန်းမှ ၁၇.၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ကုန်သွယ်မှုကဏ္ဍတွင် ၁၉.၅ ရာခိုင်နှုန်းမှ ၁၉.၁ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်အလိုက်ဈေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ဖေါ်ပြပါအတိုင်း ဖြစ်ပေါ်လာစေရန် ရည်မှန်းခဲ့ပါသည်-

(က) လယ်ယာကဏ္ဍကြီးတွင် ၃၂.၃ ရာခိုင်နှုန်းမှ ၂၉.၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) စက်မှုကဏ္ဍကြီးတွင် ၃၀.၃ ရာခိုင်နှုန်းမှ ၃၃.၈ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၇.၄ ရာခိုင်နှုန်းမှ ၃၆.၃ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန် ရည်မှန်းခဲ့ပါသည်။

နှစ်အလိုက်ဈေးနှုန်းများအရ လူတစ်ဦးစီ၏ (Per capita GDP) မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၈၃၉,၇၉၉ ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျပ် ၉၆၂,၂၄၀ ဖြစ်ပေါ်လာရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်နှင့် ဆက်စပ်ညှိနှိုင်း၍ ခန့်မှန်း လျာထားပါသည်။ တစ်မျိုးသားလုံး၏ စီးပွားရေးနှင့် ပတ်သက်၍ ထားရှိသည့် ဦးစားပေး အစီအစဉ်များအရ လည်းကောင်း၊ စီးပွားရေး အဆောက်အအုံ ပြောင်းလဲရန် ဦးတည်ချက်များအရ လည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအရ လည်းကောင်း အဖက်ဖက်မှ ဆက်စပ် ညှိနှိုင်းပြီး လျာထား သတ်မှတ်ထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၉,၃၄၂,၆၆၅.၄ သန်း လျာထားပြီး နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၉၂၈,၈၂၄.၀ သန်း၊ အချိုးအစားအားဖြင့် ၂၅.၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ ကျပ် ၁,၆၇၃.၇ သန်း၊ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း နှင့် ပုဂ္ဂလိကပိုင်အခန်းမှ ကျပ် ၁၄,၄၁၂,၁၆၇.၇ သန်း၊ အချိုးအစားအားဖြင့် ၇၄.၅ ရာခိုင်နှုန်း အသီးသီး လျာထားပါသည်။

နှစ်အလိုက်ဈေးနှုန်းအရ ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုးအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃၀.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၂.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် လျာထားပါသည်။ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေခံများအပေါ် မူတည်၍ ချမှတ်ထားသော ရည်မှန်းချက်များ ပြည့်မီရေးအတွက် မူဝါဒများ၊ စီးပွားရေး မဟာဗျူဟာများ၊ နည်းဗျူဟာ နှင့် လုပ်နည်း လုပ်ဟန်များတွင် အလျော့အတင်းများ ပြုလုပ်လျက် လိုအပ်သည့် ပြုပြင် ပြောင်းလဲမှု (Reform Measure) များဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာတွင် ပထမ (၆)လပတ် (၈ပြီလ မှ စက်တင်ဘာလ)အထိ အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေကို တင်ပြအပ်ပါသည်။

ဇယား (က-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	ကဏ္ဍ	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှု(%)
၁	တစ်မျိုးသားလုံး၏အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၅၉,၂၄၈,၉၅၃.၀	၂၉,၆၂၄,၄၇၆.၅	၁၉,၄၆၀,၇၀၅.၀	၆၅.၇
၂	လယ်ယာကဏ္ဍ	၁၃,၀၅၈,၆၄၀.၄	၆,၅၂၉,၃၂၀.၂	၂,၆၈၂,၄၇၆.၂	၄၁.၁
၃	သားငါးကဏ္ဍ	၄,၅၀၉,၅၁၆.၈	၂,၂၅၄,၇၅၈.၄	၂,၀၈၇,၁၀၂.၀	၉၂.၆
၄	သစ်တောကဏ္ဍ	၁၆၁,၁၆၁.၁	၈၀,၅၈၀.၆	၄၂,၄၄၂.၀	၅၂.၇
၅	စွမ်းအင်ကဏ္ဍ	၃,၇၆၇,၀၉၆.၂	၁,၈၈၃,၅၄၈.၁	၁,၃၆၅,၅၁၃.၁	၇၂.၅
၆	သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ	၇၀၈,၅၁၇.၀	၃၅၄,၂၅၈.၅	၁၉၅,၁၉၂.၆	၅၅.၁
၇	စက်မှုလက်မှုကဏ္ဍ	၁၂,၀၉၉,၅၀၉.၄	၆,၀၄၉,၇၅၄.၇	၃,၆၀၆,၆၃၉.၅	၅၉.၆
၈	လျှပ်စစ်ဓာတ်အားကဏ္ဍ	၇၂၈,၅၂၄.၇	၃၆၄,၂၆၂.၄	၃၅၁,၃၆၁.၆	၉၆.၅
၉	ဆောက်လုပ်မှုကဏ္ဍ	၂,၆၉၆,၀၃၇.၃	၁,၃၄၈,၀၁၈.၆	၉၈၈,၆၉၁.၉	၇၃.၃
၁၀	ပို့ဆောင်ရေးကဏ္ဍ	၆,၉၅၅,၅၀၄.၁	၃,၄၇၇,၇၅၂.၀	၃,၀၀၀,၃၈၂.၉	၈၆.၃
၁၁	ဆက်သွယ်ရေးကဏ္ဍ	၅၆၀,၇၂၆.၂	၂၈၀,၃၆၃.၁	၃၅၀,၃၅၆.၂	၁၂၅.၀
၁၂	ငွေရေးကြေးရေးကဏ္ဍ	၇၉,၈၆၈.၂	၃၉,၉၃၄.၁	၄၃,၃၄၁.၅	၁၀၈.၅
၁၃	လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ	၁,၃၅၅,၆၁၀.၁	၆၇၇,၈၀၅.၁	၆၇၇,၇၂၉.၀	၁၀၀.၀
၁၄	ဌားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ	၁,၂၂၈,၆၂၈.၄	၆၁၄,၃၁၄.၂	၆၃၅,၅၉၁.၅	၁၀၃.၅
၁၅	ကုန်သွယ်မှုကဏ္ဍ	၁၁,၃၃၉,၆၁၃.၁	၅,၆၆၉,၈၀၆.၅	၃,၄၃၃,၈၈၅.၀	၆၀.၆
	ပါဝင်မှုအချိုးအစား (%)				
၁၆	လယ်ယာကဏ္ဍကြီး	၂၉.၉	၂၉.၉	၂၄.၇	
၁၇	စက်မှုကဏ္ဍကြီး	၃၃.၈	၃၃.၈	၃၃.၄	
၁၈	ဝန်ဆောင်မှုကဏ္ဍကြီး	၃၆.၃	၃၆.၃	၄၁.၉	

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (က-၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%)
၁	ကချင်ပြည်နယ်	၁,၅၅၀,၃၆၀.၃	၇၇၅,၁၈၀.၂	၂၉၀,၅၀၄.၃	၃၇.၅
၂	ကယားပြည်နယ်	၁၉၆,၅၂၃.၅	၉၈,၂၆၁.၈	၇၅,၂၉၉.၇	၇၆.၆
၃	ကရင်ပြည်နယ်	၉၅၇,၁၄၇.၄	၄၇၈,၅၇၃.၇	၂၅၈,၄၄၈.၅	၅၄.၀
၄	ချင်းပြည်နယ်	၁၉၂,၂၉၆.၄	၉၆,၁၄၈.၂	၆၅,၂၁၈.၂	၆၇.၈
၅	စစ်ကိုင်းတိုင်းဒေသကြီး	၆,၄၇၀,၅၀၂.၀	၃,၂၃၅,၂၅၁.၀	၁,၈၁၅,၇၁၉.၄	၅၆.၁
၆	တနင်္သာရီတိုင်းဒေသကြီး	၃,၂၅၄,၈၈၆.၉	၁,၆၂၇,၄၄၃.၄	၁,၅၀၀,၆၀၃.၃	၉၂.၂
၇	ပဲခူးတိုင်းဒေသကြီး	၄,၇၁၃,၆၉၇.၈	၂,၃၅၆,၈၄၈.၉	၁,၁၈၉,၇၂၄.၉	၅၀.၅
၈	မကွေးတိုင်းဒေသကြီး	၅,၄၈၅,၃၂၇.၆	၂,၇၄၂,၆၆၃.၈	၂,၀၉၉,၅၉၃.၄	၇၆.၆
၉	မန္တလေးတိုင်းဒေသကြီး	၆,၁၀၉,၉၅၀.၅	၃,၀၅၄,၉၇၅.၂	၂,၀၈၈,၉၄၅.၆	၆၈.၄
၁၀	မွန်ပြည်နယ်	၂,၃၄၈,၃၁၆.၅	၁,၁၇၄,၁၅၈.၃	၇၁၆,၆၄၀.၅	၆၁.၀
၁၁	ရခိုင်ပြည်နယ်	၂,၇၉၇,၈၈၈.၁	၁,၃၉၈,၉၄၄.၁	၆၉၄,၉၅၇.၄	၄၉.၇
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၂,၄၀၇,၁၃၄.၁	၆,၂၀၃,၅၆၇.၀	၄,၆၂၂,၀၀၀.၆	၇၄.၅
၁၃	ရှမ်းပြည်နယ်	၃,၉၀၁,၆၄၉.၆	၁,၉၅၀,၈၂၄.၈	၁,၁၉၂,၇၇၂.၀	၆၁.၁
၁၄	ဧရာဝတီတိုင်းဒေသကြီး	၇,၇၇၇,၉၆၂.၅	၃,၈၈၈,၉၈၁.၂	၂,၅၁၇,၃၉၉.၅	၆၄.၇
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၀၈၅,၃၀၉.၈	၅၄၂,၆၅၄.၉	၃၃၂,၈၇၇.၇	၆၁.၃

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (က-၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

စဉ်	ကဏ္ဍ	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှု(%)
၁	တစ်မျိုးသားလုံး၏အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၄၉,၈၆၈,၈၁၃.၃	၂၄,၉၃၄,၄၀၆.၇	၁၆,၅၂၆,၆၂၇.၄	၆၆.၃
၂	လယ်ယာကဏ္ဍ	၁၁,၆၃၃,၁၂၈.၃	၅,၈၁၆,၅၆၄.၁	၂,၄၅၉,၅၆၇.၂	၄၂.၃
၃	သားငါးကဏ္ဍ	၄,၀၈၂,၈၄၄.၆	၂၀,၄၁၄,၂၂.၃	၁,၉၂၄,၃၀၁.၇	၉၄.၃
၄	သစ်တောကဏ္ဍ	၁၄၉,၃၂၃.၈	၇၄,၆၆၁.၉	၃၉,၆၀၄.၇	၅၃.၀
၅	စွမ်းအင်ကဏ္ဍ	၇၀,၉၉၈.၉	၃၅,၄၉၉.၄	၃၀,၅၄၆.၉	၈၆.၀
၆	သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ	၄၁၅,၁၂၆.၈	၂၀၇,၅၆၃.၄	၁၅၃,၈၂၈.၆	၇၄.၁
၇	စက်မှုလက်မှုကဏ္ဍ	၁၀,၇၇၈,၇၃၆.၅	၅,၃၈၉,၃၆၈.၃	၃,၁၉၇,၆၁၆.၀	၅၉.၃
၈	လျှပ်စစ်ဓာတ်အားကဏ္ဍ	၅၇၃,၈၀၄.၄	၂၈၆,၉၀၂.၂	၂၇၉,၁၀၀.၃	၉၇.၃
၉	ဆောက်လုပ်မှုကဏ္ဍ	၂,၄၉၉,၉၀၇.၃	၁,၂၄၉,၉၅၃.၇	၈၁၈,၀၄၄.၄	၆၅.၄
၁၀	ပို့ဆောင်ရေးကဏ္ဍ	၆,၂၀၅,၈၅၄.၁	၃,၁၀၂,၉၂၇.၁	၂,၇၁၇,၈၄၆.၃	၈၇.၆
၁၁	ဆက်သွယ်ရေးကဏ္ဍ	၁,၅၄၇,၇၂၅.၁	၇၇၃,၈၆၂.၆	၉၇၀,၅၆၇.၂	၁၂၅.၄
၁၂	ငွေရေးကြေးရေးကဏ္ဍ	၁၀၃,၀၇၁.၄	၅၁,၅၃၅.၇	၅၅,၉၃၁.၅	၁၀၈.၅
၁၃	လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ	၁,၁၄၄,၂၉၆.၀	၅၇၂,၁၄၈.၀	၅၀၇,၁၇၆.၀	၈၈.၆
၁၄	ဌားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ	၁,၁၁၉,၆၇၃.၆	၅၅၉,၈၃၆.၈	၅၄၀,၀၇၅.၂	၉၆.၅
၁၅	ကုန်သွယ်မှုကဏ္ဍ	၉,၅၄၄,၃၂၂.၅	၄,၇၇၂,၁၆၁.၂	၂,၈၃၂,၄၂၁.၄	၅၉.၄

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (က-၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စီမံကိန်း ရည်မှန်းချက်	နှစ်ဝက် ခန့်မှန်းချက် (၆) လ	ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး	ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%)
၁	ကချင်ပြည်နယ်	၁,၂၃၇,၂၂၁.၇	၆၁၈,၆၁၀.၈	၂၄၃,၅၁၆.၈	၃၉.၄
၂	ကယားပြည်နယ်	၁၇၈,၂၄၈.၀	၈၉,၁၂၄.၀	၆၈,၄၀၈.၆	၇၆.၈
၃	ကရင်ပြည်နယ်	၈၆၉,၂၀၃.၈	၄၃၄,၆၀၁.၉	၂၄၈,၂၄၉.၃	၅၇.၁
၄	ချင်းပြည်နယ်	၁၇၄,၄၉၇.၆	၈၇,၂၄၈.၈	၆၁,၆၉၆.၁	၇၀.၇
၅	စစ်ကိုင်းတိုင်းဒေသကြီး	၅,၇၇၅,၀၈၂.၈	၂,၈၈၇,၅၄၁.၄	၁,၆၅၁,၁၈၁.၇	၅၇.၂
၆	တနင်္သာရီတိုင်းဒေသကြီး	၁,၇၀၃,၀၄၆.၄	၈၅၁,၅၂၃.၂	၆၈၀,၃၃၅.၁	၇၉.၉
၇	ပဲခူးတိုင်းဒေသကြီး	၄,၂၉၈,၅၇၂.၃	၂,၁၄၉,၂၈၆.၁	၁,၁၂၉,၀၉၀.၆	၅၂.၅
၈	မကွေးတိုင်းဒေသကြီး	၄,၇၈၀,၆၅၁.၆	၂,၃၉၀,၃၂၅.၈	၁,၈၆၉,၄၈၃.၅	၇၈.၂
၉	မန္တလေးတိုင်းဒေသကြီး	၅,၅၂၉,၀၀၄.၅	၂,၇၆၄,၅၀၂.၃	၁,၉၇၇,၉၂၉.၁	၇၁.၅
၁၀	မွန်ပြည်နယ်	၂,၁၃၃,၈၄၆.၃	၁,၀၆၆,၉၂၃.၁	၆၇၁,၃၈၂.၄	၆၂.၉
၁၁	ရခိုင်ပြည်နယ်	၁,၉၁၄,၃၁၈.၈	၉၅၇,၁၅၉.၄	၆၂၅,၁၇၉.၁	၆၅.၃
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁,၁၀၇,၉၄၅၀.၁	၅,၅၃၉,၇၂၅.၁	၄,၁၇၅,၉၅၅.၅	၇၅.၄
၁၃	ရှမ်းပြည်နယ်	၃,၅၂၃,၄၀၄.၄	၁,၇၆၁,၇၀၂.၂	၁,၁၂၂,၃၇၈.၉	၆၃.၇
၁၄	ဧရာဝတီတိုင်းဒေသကြီး	၅,၆၅၉,၆၃၃.၉	၂,၈၂၉,၈၁၇.၀	၁,၆၈၂,၃၇၆.၁	၅၉.၅
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၀၁၂,၆၃၁.၁	၅၀၆,၃၁၅.၆	၃၁၉,၄၆၄.၆	၆၃.၁

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အခန်း(၁)

ပြုပြင်ပြောင်းလဲမှုများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရတာဝန်ယူသည့် ၂၀၁၁ ခုနှစ်ဧပြီလမှ စ၍ ဒီမိုကရေစီစနစ်နှင့် စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ပေါက်ရန်အတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြုပြင်ပြောင်းလဲမှုများကို အောက်ဖော်ပြပါ အဆင့် (၄) ဆင့်ဖြင့် ဆောင်ရွက် လျက်ရှိပါသည်-

(က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊

(ခ) လူမှုရေးနှင့်စီးပွားရေး ပြုပြင် ပြောင်းလဲမှု၊

(ဂ) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊

(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု တို့ဖြစ်ပါသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု။ နိုင်ငံတော်အစိုးရ၏ ပထမအဆင့် ပြုပြင် ပြောင်းလဲရေး မဟာဗျူဟာဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အနေဖြင့် ပြစ်ဒဏ်ကျခံ နေသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခြင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခြင်း၊ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်း၊ မီဒီယာအတွက် အကန့်အသတ်များကို ပယ်ဖျက်ပေးခြင်း၊ ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့်နှင့် ပြည်သူများ၏ဆန္ဒသဘောထားများအား ဥပဒေနှင့်အညီ ထုတ်ဖော်ခွင့်ပေးခြင်း စသည်တို့မှာ သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိတော့သည့် ဥပဒေများကိုလည်း ဖျက်သိမ်းပြီး ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင်များနှင့်လည်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး မတူညီသည်များကို ဘေးဖယ်၍ တူညီသည်များကို လက်တွဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့(၁၀)ဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးနှင့် နိုင်ငံရေးအရ တွေ့ဆုံမှုများ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။

လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု။ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုအဖြစ် လူမှုရေး နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ

လုပ်ငန်းစဉ်များသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် အလျင်အမြန် အောင်မြင်မှုများ (Quick-Wins) ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကာလရှည်တွင် ပြည်သူလူထုအကျိုးကို ရှေးရှုသည့် ဖွံ့ဖြိုးတိုးတက်မှု (People Centered Development) နှင့် ပြည်သူအားလုံး ပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု (inclusive growth) တို့ အောင်မြင်ဖြစ်ထွန်းစေရေးအတွက်ချမှတ်ထားသည့် မူဝါဒများ၊ ကာလတို၊ ကာလရှည် စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပေါင်းစပ်ပေးမည် ဖြစ်ပါသည်။ အစီရင်ခံသည့် ပထမ(၆)လပတ် ကာလအတွင်း အောက်ပါလူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အစိုးရဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာ နှင့် လုပ်ခလစာများ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများအား လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC) များပြန်လည်ရွေးနှုတ်ခြင်း လုပ်ငန်းအား ၂၀၁၃ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေသစ်အား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၆)ဖြင့် ၂၀၁၃ခုနှစ် ဇူလိုင်လ(၁၁)ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်း၊ ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက် (Yangon Foreign Exchange Spot Market) အား ၂၀၁၃ခုနှစ် သြဂုတ်လမှစတင်၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားမှု လိုင်စင်ရ (Authorized Dealer Licence) ဘဏ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့် လျော်ညီစေရန် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့၏ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ ရယူ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲကောင်တာများ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိက အာမခံ ကုမ္ပဏီ (၁၂) ခုအား အသက်အာမခံ၊ မီး အာမခံ၊ အလုံးစုံ မော်တော်ယာဉ် အာမခံ၊ ငွေပို့ငွေသယ် အာမခံ၊ ငွေသား လုံခြုံမှုအာမခံ၊

သမာဓိ အာမခံ လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) e-payment စနစ်အား မြန်မာနိုင်ငံသားများဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားမှုစနစ် (IELPS) အား အဆင့်လိုက် ဖြေလျော့ ဆောင်ရွက်လျက် ရှိပါသည်။

အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု ။ တတိယအဆင့် ပြုပြင်ပြောင်းလဲမှု ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသော အစိုးရ ဖြစ်စေရေး အတွက် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေး အတွက် ရည်ရွယ်၍ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံ မူဘောင်နှင့် အညီ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရန် လိုအပ်လာသဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် သွက်လက် ထိရောက်သော စီမံအုပ်ချုပ် လုပ်ကိုင်မှုစနစ်၊ ဆောင်ရွက်ပုံယန္တရား လုပ်ငန်းပိုင်းဆိုင်ရာနှင့် ပတ်သက်သော ရုံးအဖွဲ့အစည်းများတွင် အောက်ခြေပိုင်းမှစ၍ ပြုပြင်ပြောင်းလဲမှု ဖြစ်စေရေး၊ ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်မြင့်မားစေရေး၊ ဆောင်ရွက်မှုစွမ်းရည် ပြည့်ဝရေး၊ ခေတ်နောက်ကျပြီး ဖောင်းပွနေသော စည်းမျဉ်း စည်းကမ်းများ ပြုပြင်ရေးများ ဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲ ရလဒ်နှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို တတိယအကြိမ် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် တင်ပြအတည် ပြုခဲ့ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေး အတွက် -

(က) ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် စွမ်းရည်ပြည့် အကောင်အထည်ဖော်ခြင်း၊

(ခ) တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း၊

(ဂ) တရားဥပဒေစိုးမိုးခြင်း၊

(ဃ) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(င) ကိစ္စရပ်များနှင့် ပြဿနာများကို မဆိုင်းမတွ အလိုက်သင့် တုန့်ပြန် ဖြေရှင်းခြင်း၊

(စ) အများပါဝင်ခြင်း၊ အများအား အသိပေးခြင်းနှင့် တုန့်ပြန်မှု ရယူခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း၊

(ဆ) အများသဘော၊ အများဆန္ဒနှင့်အညီ တရားမျှတသော အုပ်ချုပ်မှုနှင့် စီမံ ခန့်ခွဲမှု ရှိခြင်း၊

(ဇ) ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှု ကင်းခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ချမှတ်ခဲ့သည့်လုပ်ငန်းစဉ်များမှာ-

(က) ပေါ်လစီနှင့် ရည်မှန်းချက်များသတ်မှတ်ခြင်း၊

(ခ) ဥပဒေများရေးဆွဲခြင်း၊

(ဂ) ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(ဃ) စီမံကိန်းနှင့်အစီအစဉ်များရေးဆွဲခြင်း၊

(င) အုပ်ချုပ်မှုအလွှာများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ဌာနဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်း၊

(စ) ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း၊

(ဆ) တိကျသော လုပ်ပိုင်ခွင့်နှင့် တာဝန်ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ပြဿနာများ ဖြေရှင်းပိုင်ခွင့်သတ်မှတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေခြင်း၊

(ဇ) အစိုးရဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့် ပျိုးထောင်ခြင်း၊

(ဈ) ပေါင်းစပ်ညှိနှိုင်းခြင်း(အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်)၊

(ည) ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း တို့ဖြစ်ပါသည်။

စီမံကိန်းများကို ရေးဆွဲရာတွင် ပြည်သူ့ဗဟိုပြု၍ ပြည်သူ့အများ ပူးပေါင်းပါဝင်သော အောက်ခြေမှ တင်ပြသည့် ဒေသန္တရ စီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။ ဒေသတွင် အဓိကကျသည့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း၊ မြို့ပြစီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ထိရောက်စွာ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ ပါဝင်သည့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်

ရှိပါသည်။ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ရေးဆွဲရာတွင် လွတ်တော် ကိုယ်စားလှယ်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှု။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံစီးပွားရေး၏ အဓိက အသက်သွေးကြောဖြစ်သော အသေးစားနှင့် အလတ်စား လုပ်ငန်းများအား ထိရောက်စွာ ကူညီ ထောက်ပံ့အားပေးနိုင်ရေး၊ အောင်မြင်သော အသေးစား၊ အလတ်စား လုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ အသေးစား အလတ်စား လုပ်ငန်းများမှ အကြီးစား လုပ်ငန်းများသို့ ကူးပြောင်းချဲ့ထွင်လာနိုင်စေရန် ထောက်ပံ့ကူညီပေးနိုင်ရေး တို့အတွက် ထိုဗဟိုဌာနမှ အထောက်အကူပေးလျက်ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား အဆင်ပြေချောမွေ့စေနိုင်ရန်အတွက် ရန်ကုန်မြို့တွင် သက်ဆိုင်ရာဌာနများပါဝင်သော "One Stop Service for Investment" အဖွဲ့ကို ဧပြီလ ၁၀ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ ပုဂ္ဂလိကဘဏ် (၂၀)မှ နိုင်ငံတစ်ဝှမ်း ဘဏ်ခွဲပေါင်း ၅၉၂ ခုဖွင့်လှစ်ထားရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆) လအတွင်း ဘဏ်ခွဲ ၁၀၇ ခု အသစ်တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများတို့ကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ကိုယ်စားလှယ် ရုံးခွဲများနှင့် နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲ ကောင်တာများ ဖွင့်လှစ် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက အာမခံ ကုမ္ပဏီ (၁၂) ခုအား အသက်အာမခံ၊ မီး အာမခံ၊ အလုံးစုံ မော်တော်ယာဉ် အာမခံ၊ ငွေပို့ငွေသယ် အာမခံ၊ ငွေသား လုံခြုံမှုအာမခံ၊ သမာဓိ အာမခံ လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

အခန်း(၂)
မက်ခရိုစီးပွားရေးအခြေအနေ

ကမ္ဘာ့စီးပွားရေးအခြေအနေ

ကမ္ဘာ့စီးပွားရေးအခြေအနေကို ၂၀၁၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်း တိုးတက်မည်ဟု World Economic Outlook-2013 အရ ခန့်မှန်းခဲ့သော်လည်း ပြည်တွင်းဝယ်လိုအား နည်းပါးလာခြင်း၊ ဥရောပသမဂ္ဂ နိုင်ငံများအတွင်း အချိန်ကြာမြင့်စွာ စီးပွားရေး ကျဆင်းနေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်မှုအလားအလာ နည်းပါးလာခြင်း၊ အကြွေးများ ပြန်လည်ပေးဆပ်မှု နှေးကွေးလာခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ တင်းကျပ်လာခြင်း တို့ကြောင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာပြီး ၂.၇၅ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု မျှော်မှန်းခဲ့ပါ သည်။

ပုံ (၂-၁) တစ်ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှု (ရာခိုင်နှုန်း)



ဇာစ်မြစ် ။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလျက်ရှိသော်လည်း စီးပွားရေးထွန်းသစ်စ နိုင်ငံများတွင် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏

စီးပွားရေး အခြေအနေမှာ ၂၀၁၃ခုနှစ်၊ ပထမ (၆)လပတ်တွင် ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဟောင်ကောင်တွင် ၂၀၁၃ ခုနှစ် ပထမ(၆)လပတ်၌ တည်ငြိမ်သောဝင်ငွေနှင့် အလုပ်အကိုင်ရရှိမှု အခြေအနေများ ဖြစ်ပေါ်ခြင်းကြောင့် ပုဂ္ဂလိက စားသုံးမှု၊ ပြည်တွင်းဝယ်လိုအားနှင့် ရင်နှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပါသည်။ ထို့ကြောင့် ထုတ်လုပ်မှုနှင့် စုစုပေါင်း ပို့ကုန်များ တိုးတက်လာပြီး ဂျီဒီပီတိုးတက်မှုနှုန်း ၃.၁ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် တစ်နှစ်လုံး အတွက် စီးပွားရေး အခြေအနေကို ၂.၅ ရာခိုင်နှုန်း မှ ၃.၅ ရာခိုင်နှုန်း အထိ တိုးတက် လာစေရန် မျှော်မှန်းထားပါသည်။

ကိုရီးယားသမ္မတနိုင်ငံသည် ၂၀၁၃ ခုနှစ် ပထမ(၆)လပတ်တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု၊ ပညာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုများ စသည့်အရေးကြီးဆုံး ဝန်ဆောင်မှုများ တိုးတက်လာခြင်းကြောင့် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁ ရာခိုင်နှုန်းသာ ဖြစ်ပေါ်ခဲ့ပါ သည်။

အိန္ဒိယနိုင်ငံသည် ၁၉၅၁ ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ် တိုင်အောင် နှစ်စဉ် ဂျီဒီပီ တိုးတက်မှုနှုန်း ပျမ်းမျှအားဖြင့် ၅.၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ပထမ (၆)လ ပတ်တွင် ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများ၏ ကုန်ထုတ်လုပ်မှုစရိတ် အပြောင်းအလဲများကြောင့် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၄.၄ ရာခိုင်နှုန်းပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

အာဆီယံနိုင်ငံအချို့၏ စီးပွားရေးအခြေအနေ

ASEAN Outlook 2013 အရ အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၂ ခုနှစ်တွင် ယခင်နှစ်ကထက် ၅.၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တိုးတက်မှုနှုန်း ၅.၃ ရာခိုင်နှုန်းရရှိခဲ့ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်း စသည့် အာဆီယံ(၅)နိုင်ငံတို့တွင် ၅.၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။ ယင်း အာဆီယံ(၅)နိုင်ငံ တို့သည် ယခုနှစ် ပထမ(၆)လပတ် အတွင်း ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ နှင့် ထိုင်းနိုင်ငံတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများ ရရှိ ဖြစ်ပေါ်ခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ၂၀၁၃ ခုနှစ်၊ ပထမ (၃)လပတ်တွင် စီးပွားရေးတိုးတက်မှု ၅.၄ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ဒုတိယ (၃)လပတ်တွင် ၂.၈ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါ သည်။ ထို့ကြောင့် ကျန်ရှိနေသည့် (၆)လတွင် စီးပွားရေးအလားအလာ တိုးတက်ကောင်းမွန်စေ

ရေးအတွက် အစိုးရမှ ထောက်ပံ့အားပေးဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေသည့် ဆွဲဆောင်မှုများ ဖန်တီးပေးရေး၊ ပြည်တွင်းဝယ်လိုအား မြင့်မားလာစေရေးနှင့် ခရီးသွား ကဏ္ဍ တိုးတက်မှု မြင့်မားစေရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၃ခုနှစ်၊ ပထမ (၆)လအတွင်း GDP တိုးတက်မှုနှုန်း ၄.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း ၂.၄ ရာခိုင်နှုန်းသာ ရှိသဖြင့် (၁၀)နှစ် တာကာလအတွင်း အနည်းဆုံးဖြစ်ပါသည်။ အစိုးရ၏ ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေး၊ မက်ခရိုစီးပွားရေး တည်ငြိမ်ရေးနှင့် သင့်တင့်သော စီးပွားရေးတိုးတက်မှု ရရှိရေး ရည်မှန်း ချက်များ အောင်မြင်ခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၃ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၇.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်း ဝန်းကျင်သာရှိခဲ့ပါ သည်။ ငွေလဲလှယ်နှုန်းမှာလည်း တည်ငြိမ် လျက် ရှိပါသည်။

လာအိုနိုင်ငံသည် ၂၀၁၃ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ စိုက်ပျိုးရေးနှင့် ခရီးသွားလာရေး လုပ်ငန်းများမှ နိုင်ငံခြား ဝင်ငွေ အများဆုံး ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လာအို နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၆.၉ ရာခိုင်နှုန်းဖြစ်သည်။

မြန်မာမက်ခရိုစီးပွားရေးအခြေအနေ

စီမံကိန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပြည်သူများ အမှန်တကယ် လက်တွေ့ခံစားနိုင်သည့် တိုးတက်မှုကို ရရှိနိုင်စေရန် ဆောင်ရွက်သကဲ့သို့ နိုင်ငံတော် သမ္မတကြီးမှ ဦးစားပေးကဏ္ဍ (၇) ခု ကို ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ် များမှာ- လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင် ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လအတွင်း ဈေးနှုန်းတည်ငြိမ်မှု ရရှိရေး၊ ပြည်ပ ကုန်သွယ်မှုတွင် လုံခြုံချောမွေ့စေရေး၊ စီးပွားရေးတည်ငြိမ်စေရေး၊ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် မက်ခရိုစီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကိစ္စရပ်များကို ဆောင်ရွက် ခဲ့ပါသည်။

အဓိက ဆောင်ရွက်ခဲ့မှုများ

ဧပြီလ -အစိုးရဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများတိုးမြှင့်သတ်မှတ်ခြင်း၊

-နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC)များကို ပြန်လည် ရွေးနှုတ်ခြင်း လုပ်ငန်းအား ၂၀၁၃ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

မေလ -အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ကို ဖွဲ့စည်းခြင်း၊

-အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခြင်း၊

-မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ထုတ်ပြန်ခြင်း၊

-မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင် ထုတ်ပေးခြင်း၊

ဇွန်လ -အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်း၊

-မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အထောက်အကူပေးရေးအတွက် မြန်မာ-အီးယူဖိုရမ်ကို ကျင်းပခြင်း၊

-အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေး ဖိုရမ် (World Economic Forum on East Asia 2013) ကျင်းပခြင်း၊

ဇူလိုင်လ -ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊

-မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေသစ်အား ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆)ဖြင့် ၂၀၁၃ခုနှစ် ဇူလိုင်လ(၁၁) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း၊

သြဂုတ်လ-Good Local Governance and People Centered Services နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊

-ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက်(Yangon Foreign Exchange Spot Market)အား ၂၀၁၃ခုနှစ် သြဂုတ်လမှစတင်၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားမှု လိုင်စင်ရ (Authorized Dealer Licence) ဘဏ်များဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

စက်တင် -ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေး ကော်မတီဖွဲ့စည်းခြင်း၊

ဘာလ -အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအာဏာတည်သည့် နေ့ရက် သတ်မှတ်ခြင်း၊

-ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းခြင်း၊

ပုံ(၂-၂)တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၁၉,၄၆၀,၇၀၅.၀ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက် ၏ ၆၅.၇ ရာခိုင်နှုန်းသာ အကောင်အထည် ဖော်နိုင်ခဲ့ပြီး တစ်နှစ်လုံးအတွက် ပျမ်းမျှရည်မှန်းချက် ၁၅.၇ ရာခိုင်နှုန်းထက်လျော့နည်းခဲ့ပြီး ၁၀.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

လယ်ယာကဏ္ဍကြီး အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၈,၈၆၄,၆၅၉.၂ သန်း နှင့် ၇.၁ရာခိုင်နှုန်းပြောင်းလဲ ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၄,၈၁၂,၀၂၀.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၄.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၅.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

စက်မှုကဏ္ဍကြီး အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၉,၉၉၉,၈၄၂.၃ သန်း နှင့် ၂၉.၁ ရာခိုင်နှုန်းပြောင်းလဲ ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၆,၅၀၇,၃၉၈.၇ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၆၅.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၃.၃ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

ဝန်ဆောင်မှုကဏ္ဍကြီး အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၁၀,၇၅၉,၉၇၅.၀ သန်း နှင့် ၁၂.၃ ရာခိုင်နှုန်းပြောင်းလဲ ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၈,၁၄၁,၂၈၆.၁ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၇၅.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၁.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်များ

(ပုံ ၂-၃) ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်များ (၂၀၁၃ ခုနှစ်)



ဇယားမြစ်။ ADB December 2012, McKinsey Global Institute 2013, Multidimensional review of Myanmar vol-1 (OECD- 2013)

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က မြန်မာ့စီးပွားရေးသည် ဥရောပဈေးကွက်ရရှိလာခြင်း၊ ဘဏ္ဍာရေး ဈေးကွက်တွင် ပုဂ္ဂလိက ပါဝင်ခွင့်ပေးခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်း၊ သဘာဝဓာတ်ငွေ့များ တင်ပို့ရောင်းချနိုင်ခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် နိုင်ငံခြား ကုမ္ပဏီ (၂) ခု မှ ထပ်မံ ဆောင်ရွက်လာခြင်းတို့ကြောင့် ၆.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OECD) က မြန်မာ့စီးပွားရေးသည် မြေဆီကောင်းသော မြေယာများရှိခြင်း၊ ငယ်ရွယ်သော လုပ်သားများရှိခြင်း၊ ပထဝီအနေအထား ကောင်းမွန်ခြင်း၊ ယဉ်ကျေးမှု အမွေအနှစ် ပေါများခြင်း၊ သဘာဝအရင်းအမြစ်ကြွယ်ဝခြင်း တို့ကြောင့် ၇.၇ ရာခိုင်နှုန်းတိုးတက်မည် ဟုခန့်မှန်းထားပါသည်။

McKinsey Global Institute က မြန်မာ့စီးပွားရေးသည် ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အဦ၊ စွမ်းအင်၊ သတ္တု၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ငွေကြေးလုပ်ငန်း တို့ကိုဆောင်ရွက်နိုင်ပါက ၈.၀ ရာခိုင်နှုန်း တိုးတက်နိုင်မည်ဟု ခန့်မှန်းပါသည်။

ပုံ ၂-၄ စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား



စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၃၆.၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး တွင် ၃၃.၈ ရာခိုင်နှုန်း၊ လယ်ယာ ကဏ္ဍကြီးတွင် ၂၆.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းခဲ့ရာ ပထမ (၆)လပတ်တွင် ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၄၁.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၃.၄ ရာခိုင်နှုန်း၊ လယ်ယာ ကဏ္ဍကြီးတွင် ၂၄.၇ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ ပါသည်။ ဝန်ဆောင်မှုကဏ္ဍ ကြီး၏ ပါဝင်မှု အချိုးအစား မြင့်မားရခြင်းမှာ နိုင်ငံတော်မှ မိုဘိုင်းဖုန်းနှင့် အင်တာနက်စသော ဆက်သွယ်ရေး လုပ်ငန်းများ၊ ငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများ တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းပိုမို ဖွံ့ဖြိုးတိုးတက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

စျေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှုနှုန်း

၂၀၁၃ ခုနှစ် ပထမ (၆)လတွင် အခြေခံ စားကုန်များ ဖြစ်သည့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုးနှင့် စက်သုံးဆီ စျေးနှုန်းများ မြင့်တက်လာပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း တဖြည်းဖြည်း မြင့်မားလာခဲ့ရာ စက်တင်ဘာလတွင် ပျမ်းမျှ ၅.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရခြင်းမှာ စားသုံးသူစျေးဆနှုန်း တွက်ချက်ရာတွင် အချိုးအစား အများဆုံး ပါဝင်သော အစားအစာအုပ်စု ကုန်ပစ္စည်းများ၏ စျေးနှုန်း မြင့်တက်လာခြင်း၊ ကုန်စည် ထုတ်လုပ်မှုနိမ့်ကျခြင်း၊ သဘာဝဘေး အန္တရာယ်များ ကျရောက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးလာခြင်းတို့အပြင် စျေးကွက်တွင်ဖြစ်ပေါ် နေသော ငွေလဲလှယ် နှုန်းထားအရ အမေရိကန် ဒေါ်လာ စျေးနှုန်း မြင့်မားလာခြင်းသည်လည်း ငွေကြေး ဖောင်းပွမှုနှုန်း ဖြစ်ပေါ်ရခြင်း၏ အရေးပါသော အကြောင်းတစ်ရပ် ဖြစ်ပါသည်။

ပုံ(၂-၅)ဧည့်မထဆန်ဈေးနှုန်းအခြေအနေ



ပုံ(၂-၆)မြေပဲဆီဈေးနှုန်းအခြေအနေ



ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၇)ကုလားပဲခြမ်းဈေးနှုန်းအခြေအနေ



ပုံ(၂-၈)ငွေကြေးဖောင်းပွမှုနှုန်း



ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၉)တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း



ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းတို့တွင် ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားနေပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၁၀) နိုင်ငံခြားငွေလဲလှယ်နှုန်း



ဇယားမြစ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ် ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

နိုင်ငံခြား ငွေလဲနှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ နှုန်းရှင်စနစ်ဖြင့် တရားဝင် ရောင်းဝယ်ခွင့် ပြုခဲ့ရာ ငွေလဲလှယ်နှုန်းမှာ ၂၀၁၃ခုနှစ် ဧပြီလတွင် အမေရိကန် တစ်ဒေါ်လာ ၈၉၀ ကျပ် မှ စက်တင်ဘာလတွင် အမေရိကန် တစ်ဒေါ်လာလျှင် ၉၇၃ ကျပ် ရှိခဲ့ပါ သည်။ ဧပြီလမှ ဇွန်လအထိ ငွေလဲလှယ်နှုန်း မြင့်တက်ခဲ့သော်လည်း ဇွန်လနောက်ပိုင်းတွင် ငွေလဲလှယ်နှုန်းမှာ ၉၇၀ ကျပ် ဝန်းကျင်တွင် ရှိပါသည်။

ပုံ(၂-၁၁) ငွေကြေးပမာဏ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၃)လပတ်၏ မြန်မာနိုင်ငံ ငွေကြေး ပမာဏမှာ ၈,၇၅၁,၆၂၃သန်း၊ ကျပ် ၈,၇၃၃,၃၇၃ သန်း နှင့်၊ ကျပ် ၈,၇၅၄,၈၂၈ သန်း အသီးသီး ရှိပါသည်။ ဘဏ်အပ်ငွေ အနေဖြင့် ဧပြီလ တွင် ငွေကြေးပမာဏ၏ ၂၅.၅ ရာခိုင်နှုန်း၊ မေလတွင် ၂၆.၈ ရာခိုင်နှုန်းနှင့် ဇွန်လတွင် ၂၈.၅ ရာခိုင်နှုန်း ရှိပါသည်။

ဇယားမြစ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ပုံ (၂-၁၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ ပထမ(၆)လပတ်တွင် ကျပ် ၂,၄၆၄,၄၁၂.၀ သန်း ရင်းနှီးမြှုပ်နှံ ရန်လျာထားခဲ့သည့်အနက် ကျပ် ၁,၃၈၇,၀၃၁.၁ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် လျာထားချက်၏ ၅၆.၃ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းတွင် ကျပ် ၈၃၆.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၈၆၃.၆ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် ၁၀၃.၂ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်း တွင် ကျပ် ၇,၂၀၆,၀၈၃.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၇,၆၀၂,၅၁၅.၀ သန်း ရင်းနှီးမြှုပ်နှံ ခဲ့သဖြင့် ၁၀၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပုံ (၂-၁၃) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတန်ဖိုး



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ၁၀၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ပုဂ္ဂလိကပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုပိုမို ဖွံ့ဖြိုးလာစေရန် အခွန်အကောက်နှင့် ကုန်သွယ်မှု အတားအဆီး ဖြေလျော့မှုများ၊ ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုများ၊ အခွင့်အလမ်းကောင်းများ ဖန်တီး ပေးနိုင်ခဲ့မှုများကြောင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများပိုမို တိုးတက်လာခဲ့သဖြင့် ပထမ(၆)လအတွင်း ကျပ် ၇,၆၀၂,၅၁၅.၀ သန်း ဖြစ်ပေါ်ခဲ့ပါ သည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

ပုံ (၂-၁၄) လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေ အတွက် (၃၃)ခုမှာ စက်မှုလုပ်ငန်း (၁၄)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၆)ခု၊ ဆောက် လုပ်ရေး လုပ်ငန်း(၃)ခု၊ လျှပ်စစ်ဓါတ်အား လုပ်ငန်း (၁)ခု၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း (၁)ခုနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၈)ခု တို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏ ကျပ် ၇၆၂,၉၂၃ သန်းရှိပါ သည်။

ဓာတ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ပုံ (၂-၁၅) လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေ အတွက် (၅၅)ခုမှာ စက်မှုလုပ်ငန်း (၄၃)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၃)ခု၊ သတ္တု ရှာဖွေတူးဖော် ထုတ်လုပ် ရေးလုပ်ငန်း(၁)ခု၊ သားငါးလုပ်ငန်း (၁)ခု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (၃)ခု၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း (၂)ခုနှင့် အခြားဝန်ဆောင်မှု လုပ်ငန်း (၂)ခု တို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏ ကျပ် ၁,၃၇၄,၆၄၀ သန်း ရှိပါ သည်။

ဓာတ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ပုံ (၂-၁၆) အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ



မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုသည့် ဥပဒေ အရ ခွင့်ပြုခဲ့ သော ရင်းနှီးမြှုပ်နှံမှု နိုင်ငံများမှာ မလေးရှား၊ ထိုင်း၊ စင်္ကာပူ၊ ဗီယက်နမ်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဖြိတိန်၊ ဩစတြေးလျှ၊ တရုတ်၊ အိန္ဒိယ၊ ကျပန်၊ ပြင်သစ်၊ လူဇင်းဘတ် နှင့် ဘရူနိုင်းနိုင်ငံများ ဖြစ်ပါသည်။

ဇယားမြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ပြည်ပကုန်သွယ်ရေးအခြေအနေ

ပုံ(၂-၁၇)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပိုကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်ပ ပို့ကုန်တန်ဖိုး ကျပ် ၅,၆၃၆,၇၈၇.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ပထမ(၆)လပတ်တွင် ကျပ် ၄,၈၉၈,၄၅၂.၅ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၈၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါ သည်။

အများဆုံး တင်ပို့သော ကုန်စည်များမှာ သဘာဝဓါတ်ငွေ့၊ ကျောက်စိမ်း၊ ပဲအမျိုးမျိုး၊ ချုပ်ပြီး အထည်နှင့် ကျွန်းသစ်လုံးတို့ ဖြစ်ပြီး အများဆုံး တင်ပို့သော ကုန်သွယ်ဘက်နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ကျပန်နှင့် ကိုရီးယားနိုင်ငံတို့ ဖြစ်ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၁၈)၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆)လသွင်းကုန်အကောင်အထည်ဖော်နိုင်မှုအခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် သွင်းကုန် တန်ဖိုးကို ကျပ် ၅,၈၆၅,၁ ၂၀.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ပထမ (၆) လပတ်တွင် ကျပ် ၅,၂၉၂,၆ဝ၁.၀ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက် ၏ ၉၀.၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ အများဆုံးတင်သွင်းသော ကုန်စည်များ မှာ ရေနံထွက်ပစ္စည်း၊ မော်တော်ယာဉ် နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ အခြားစက် နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေး ပစ္စည်း နှင့် စားအုန်းဆီတို့ ဖြစ်ပြီး အများဆုံးတင်သွင်း သော ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်၊ စင်္ကာပူ၊ ဂျပန်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါ သည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၁၉) ကုန်သွယ်မှုပမာဏ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကုန်သွယ်မှု ပမာဏကို ကျပ် ၁၁,၅၀၁,၉၀၇.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ပထမ (၆) လတွင် ကျပ် ၁၀,၁၉၁,၁၄၃.၅ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၈၈.၆ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပါ သည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ (၂-၂၀) ကုန်သွယ်မှု ပိုငွေ/ လိုငွေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပို့ကုန်တန်ဖိုး ကျပ် ၄,၈၉၈,၄၅၂.၅ သန်း ဖြစ်ပြီး သွင်းကုန်တန်ဖိုး ကျပ် ၅,၂၉၂,၆ဝ၁.၀ သန်း ရှိသောကြောင့် ကုန်သွယ်မှု လိုငွေ ကျပ် ၃၉၄,၂၃၈.၅ သန်း ဖြစ်ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၂-၂၁)၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ



ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် လယ်ယာထွက်ကုန် ပစ္စည်းများတွင် ၉၂.၅ ရာခိုင်နှုန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း များတွင် ၂၃.၅ ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းများတွင် ၁၀၆.၂ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်ပစ္စည်းများတွင် ၄၅.၃ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပစ္စည်းများတွင် ၇၈.၄ ရာခိုင်နှုန်း သစ်တော ထွက် ပစ္စည်းတွင် ၁၃၅.၄ ရာခိုင်နှုန်း၊ စက်မှု ကုန်ချောတွင် ၁၄၉.၉ ရာခိုင်နှုန်း၊ အခြားကုန်ပစ္စည်းများတွင် ၁၆၁.၄ ရာခိုင်နှုန်း တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ပိုမိုတင်ပို့ နိုင်ခဲ့ခြင်းမှာ ကုန်သွယ်ရေး ဖြေလျှော့မှုများ ဆောင်ရွက်လာခြင်း၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံ တို့၏ စီးပွားရေး ပိတ်ဆို့မှုများ ဖယ်ရှားပေးခြင်း၊ ဈေးကွက်များ ကျယ်ပြန့်စွာ ထိုးဖောက်လာနိုင်သည့်အတွက် စက်မှု ကုန်ချော ပစ္စည်းအုပ်စု တွင် ချုပ်ပြီး အထည်တင်ပို့မှုသည် ယခင်နှစ် အလားတူကာလ ထက်ပိုမိုခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည်။

ပုံ(၂-၂၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စုအလိုက်သွင်းကုန်အခြေအနေ



ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရင်းနှီး ကုန်ပစ္စည်းများ တင်သွင်းရန် US$ ၂၉၃၂.၆ သန်း ရည်မှန်းထားရှိရာ US$ ၂၂၇၀.၇ သန်း တင်သွင်းခဲ့သဖြင့် ၇၇.၄ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့်အရန်ပစ္စည်းများကို US$ ၂၄၇၆.၄ သန်း တင်သွင်းရန် ရည်မှန်းထားရှိရာ US$ ၁၉၇၀.၃ သန်း တင်သွင်းခဲ့သဖြင့် ၇၉.၆ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။ စားသုံးကုန်ပစ္စည်းများကို US$ ၁၁၀၇.၈ သန်း တင်သွင်းရန် လျာထားခဲ့ရာ US$ ၁၃၀၅.၁ သန်း တင်သွင်း ခဲ့သဖြင့် ၁၁၇.၈ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသော ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ပိုမို တင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါ သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ကျန်းမာရေး

ပုံ (၂-၂၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆရာဝန်ဦးရေ



မန္တလေး ခုတင်(၂၀၀)ဆံ့ စိတ်ကျန်းမာရေး ဆေးရုံကြီးနှင့်ရန်ကုန် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးတိုးချဲ့ ဖွင့်လှစ်ခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း စသည့် လိုအပ်ချက်များကြောင့် ဆရာဝန်များ ထပ်မံတိုးမြှင့်ခန့်ထားရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ (၂-၂၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သူနာပြုဦးရေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုးချဲ့တည် ဆောက်ပြီးစီးသည့် တိုက်နယ် ဆေးရုံများအတွက် လည်းကောင်း၊ အဆင့်မြှင့်တင်ပေးမည့် ဆေးရုံများအတွက်လည်းကောင်း၊ လက်ရှိဆေးရုံများ၏ သူနာပြု အင်အား လိုအပ်ချက်များ အား ဖြည့်ဆည်းပေးရန် အတွက် လည်းကောင်း သူနာပြုဦးရေကို ၂၀၁၃-၂၀၁၄ နှစ်ကုန်တွင် ၂၉၆၄၀ အထိ ရရှိရန် စီမံဆောင်ရွက်လျက် ရှိပါသည်။

ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပညာရေး

ပုံ(၂-၂၅) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းများ



ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် အခြေခံမူလတန်းနှင့် မူလတန်းကြိုကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း နှင့် တိုးချဲ့ဆောက်လုပ်ခြင်းကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်းမှာပင် ရည်မှန်းချက် ပြည့်လုနီးပါး ကျောင်းအရေအတွက်များ တိုးတက်လာခဲ့ပါသည်။ မန္တလေးတိုင်း ဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ် နှင့် မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ် တို့တွင်လည်း အထက်တန်း နှင့် အလယ်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မူလတန်းကျောင်းမှ အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ခြင်း၊အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း အဖြစ်သို့ အဆင့်တိုးမြှင့်ခြင်းတို့ကြောင့် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသည် ပထမ(၆)လပတ် အတွင်းမှာ ပင် စီမံကိန်းရည်မှန်းချက်ထက် ပိုမို တိုးတက်ခဲ့ပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၂-၂၆) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာ ကျောင်းဆရာများ



ကျောင်းဦးရေ တိုးတက်လာသည်နှင့်အမျှ ဆရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆရာ လိုအပ်လျက်ရှိသည့်ကျောင်းများ၊ ဝေးလံခက်ခဲ ဒေသနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများရှိ ကျောင်းများတွင် ဆရာအင်အား ပြည့်မီရေးအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ နေ့စား၊ လပေး မူလတန်းပြ ဆရာ၊ ဆရာမများ ခန့်အပ်ပေးနိုင်ရန် စီစဉ် ဆောင်ရွက်ခဲ့သောကြောင့် လည်းကောင်း၊ ဒေသခံဆရာ/ ဆရာမများအား မိမိဒေသတွင် ဦးစားပေး ခန့်ထားရန် ဆောင်ရွက်ခြင်းတို့ကြောင့် ပထမ(၆)လပတ်အတွင်းမှာပင် ကျောင်းဆရာများ များပြားစွာ တိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၂-၂၇) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာကျောင်းသားများ



ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း ဆရာအင်အား တိုးမြှင့်ခန့်ထားခြင်းတို့ကြောင့် ကျောင်းသားဦးရေများ ရည်မှန်းချက်ထက် တိုးတက်လာခဲ့ပါသည်။ ဝေးလံဒေသမှ ကျောင်းသား စာရင်းများ ထပ်မံရရှိပါက မူလတန်း ကျောင်းသားစာရင်းတွင် စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီနိုင်မည် ဖြစ်ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၂-၂၈) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ကျောင်းဆရာနှင့် ကျောင်းသားများ



၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ပထမ(၆)လပတ်တွင် ရည်မှန်း ထားသည့်အတိုင်း စစ်ကိုင်းတက္ကသိုလ်နှင့် လားရှိုး ပညာရေးကောလိပ်တို့ကို အသစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါ သည်။ ယခုပညာသင်နှစ် အတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သူများသည် ဒီဇင်ဘာလမှ စတင် တက်ရောက် သင်ကြားနိုင်မည် ဖြစ်သဖြင့် နှစ်ကုန်တွင် ကျောင်းသား ဦးရေ ရည်မှန်းချက် ပြည့်မီနိုင်မည် ဖြစ်ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

အခြေခံအဆောက်အအုံများအခြေအနေ

ပုံ(၂-၂၉) ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု



ဇယားမြစ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၅၉၆၁.၃ သုံးစွဲရန်ရည်မှန်းချက် ထားရှိရာ ပထမ ၆ လပတ်တွင် ကီလိုဝပ်နာရီ ၅၉၉၃.၀ သန်း သုံးစွဲနိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၀.၅၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကျောင် ပြည်နယ်ရှိ တာပိန်(၁)ရေအား လျှပ်စစ် စက်ရုံပြန်လည် လည်ပတ်နိုင်ခဲ့ခြင်း၊ စစ်ကိုင်း နှင့် မန္တလေးတိုင်း ဒေသကြီး တို့တွင် နိုင်ငံတော်မှ ဒီဇယ်စက်ကြီးများဖြင့် မိုဘိုင်း စနစ်မီးပေးခြင်း၊ ပုဂ္ဂလိက ဒီဇယ်မီးပေးစက် များ၏ မီးပေးချိန် ပိုမိုလာခြင်း နှင့် အသေးစားရေအား၊ စပါးခွံ လောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်အား လျှပ်စစ် ထုတ်လုပ်သုံးစွဲမှုများ ပိုမိုလာခဲ့ခြင်းတို့ကြောင့် ထိုသို့ အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်ပါသည်။

ပုံ(၂-၃၀) လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း



ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လူတစ်ထောင်လျှင် သုံးစွဲနိုင်မည့် တယ်လီဖုန်း ၁၁၃ လုံး ရရှိရန်အတွက် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၆၉၇,၃၁၉ လုံး တပ်ဆင်ရန် ရည်မှန်းထားခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၆၃,၂၁၉,၀၃ လုံး တပ်ဆင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၉၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လူတစ်ထောင်လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာလည်း ၁၀၄ လုံးရှိလာပြီ ဖြစ်ပါသည်။ ထိုကဲ့သို့ အကောင်အထည် ဖော်နိုင်ခဲ့ခြင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မိုဘိုင်းတယ်လီဖုန်း များကို ၁၅၀၀ကျပ် သို့ ဈေးနှုန်းပြင်ဆင်လျော့ချ၍ ပြည်သူ များနှင့် ကျေးလက်နေပြည်သူများသို့ တပ်ဆင်ပေးခဲ့သောကြောင့် ဖြစ်ပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပုံ(၂-၃၁)မြန်မာ့မီးရထား၏ဘူတာရုံနှင့်သံလမ်းမိုင်



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဘူတာရုံ ၉၄၄ ရုံ နှင့် သံလမ်းမိုင် ၄,၈၃၂ မိုင် ရှိရန် ရည်မှန်းခဲ့ပြီး ပထမ(၆)လပတ်တွင် ဘူတာရုံ ၉၄၄ ရုံ ၊ သံလမ်းမိုင် ၄၈၃၃ မိုင် တို့ဖြင့် ဆောင်ရွက်လျက် ရှိပါ သည်။

အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေး အတွက် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု စွမ်းဆောင်ရည် မြှင့်တင်ရေးများကို အလေးပေး ဆောင်ရွက်လျက် ရှိပါသည်။

ဇာစ်မြစ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ပုံ(၂-၃၂) အလုပ်အကိုင်ရရှိမှုအခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လအတွင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနတွင် အလုပ်အကိုင်ရရှိရန် မှတ်ပုံတင်သူ ဦးရေ (၅၄၄၇၂၈) ဦး အနက် (၂၀၀၁၃၇)ဦး အလုပ်အကိုင်ရရှိခဲ့ပါသည်။ (၃၆.၇၂) ရာခိုင်နှုန်း အလုပ်အကိုင်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ပြည်တွင်း အလုပ်အကိုင်ရရှိမှု တိုးတက်သကဲ့သို့ ပြည်ပတွင် အလုပ်အကိုင်ရရှိ စေနိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ မလေးရှား၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ ဂျပန် စသည့် နိုင်ငံများသို့ အလုပ်သွားရောက် လုပ်ကိုင်လိုသူများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း ပို့ချပေးပြီး အလုပ်အကိုင်များ ရှာဖွေပေးလျက် ရှိပါသည်။

ဇာစ်မြစ်။ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

အခန်း(၃)

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအား စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ စီးပွားရေးပုံသဏ္ဌာန်၊ ပြည်သူ့ဘဏ္ဍာရေးများဖြင့် အောက်ပါ အတိုင်းတင်ပြအပ်ပါသည်။

ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး။ နှစ်အလိုက်ဈေးနှုန်းများအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း ရည်မှန်းထားရာ ကျပ် ၁၉,၄၆၀,၇၀၅.၀ သန်း ဖြစ်ပေါ်ခဲ့၍ ၆၅.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်း။ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စက်တင်ဘာလတွင် ပျမ်းမျှ ၀.၃၇ ရာခိုင်နှုန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလတွင် ပျမ်းမျှ ၅.၇၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၄.၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၃၃.၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၄၁.၉ ရာခိုင်နှုန်းဖြစ်ပါသည်။

ပြည်သူ့ဘဏ္ဍာရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်း စုစုပေါင်းရငွေ ကျပ် ၁၄,၃၈၆,၂၂၁.၄ သန်းတွင် သာမန်ရငွေ ကျပ် ၁၃,၁၄၄,၅၉၄.၇ သန်း ငွေလုံးငွေရင်းရငွေ ကျပ် ၂၉၉,၇၈၈.၅ သန်းဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၉၄၁,၈၃၈.၂ သန်းဖြစ်ပါသည်။ ပထမ(၆)လပတ်တွင် စုစုပေါင်းရငွေ ကျပ် ၅,၉၉၇,၁၅၉.၃ သန်း အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ရငွေ စုစုပေါင်း ကျပ် ၂၀၂,၆၉၁.၃ သန်း ဖြစ်၍ စုစုပေါင်းရငွေ အပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၃.၃၈ ရာခိုင်နှုန်း ရရှိပါသည်။ ငွေလုံးငွေရင်းရငွေ ကျပ် ၁၅၄,၀၆၁.၀ သန်း အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ကျပ် ၁၃,၄၉၈.၀ သန်း ရရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်းတွင် အသုံးစရိတ် စုစုပေါင်း ကျပ် ၁၇,၃၁၂,၉၆၆.၉ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၁၁,၆၈၄,၂၆၀.၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄,၉၂၈,၆၇၁.၁ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၇၀၀,၀၃၅.၁ သန်း ဖြစ်ပါသည်။ ပထမ (၆)လပတ် စုစုပေါင်း အသုံးစရိတ် ကျပ် ၅,၃၄၅,၇၆၃.၄ သန်း အနက် တိုင်းဒေသကြီး/ ပြည်နယ် အသုံးစရိတ် ကျပ် ၃၂၃,၇၅၉.၄ သန်းဖြစ်၍ ၆.၀၆ ရာခိုင်နှုန်း

ပါဝင်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁,၃၆၀,၄၈၇.၉ သန်းရှိသည့် အနက် တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၁၀၅,၁၃၁.၉ သန်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ ပတ် တွင် ကျပ် ၁၄၀၆၂၈၅.၅ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၁,၃၈၇,၀၃၁.၁ သန်း ဖြစ်ပါသည်။ သမဝါယမပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ တွင် ကျပ် ၉၇၄.၂ သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၈၆၃.၆ သန်း ရှိခဲ့ပါသည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ ပတ် တွင် ကျပ် ၅,၄၃၂,၇၆၇.၂ သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၇,၆၀၂,၅၁၄.၉ သန်း ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ စုစုပေါင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၈,၉၉၀,၄၀၉.၇ သန်း ရှိခဲ့ပါ သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၃၄၂၁၆၈.၃ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၄၂၄,၉၆၇.၅ သန်းတိုးတက် ရရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အမေရိကန်ဒေါ်လာ ၄၁၂.၃ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် အမေရိကန်ဒေါ်လာ ၁,၆၇၃.၁ သန်း ဖြစ်ပါ သည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၂၄၅,၂၂၄.၂ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျပ် ၇၆၂,၉၂၂.၆ သန်း ရှိခဲ့ပါသည်။

ပြည်တွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၄,၈၄၅,၃၇၄.၇ သန်းရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ကျပ် ၅,၄၁၄,၆၂၄.၈ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး။ ပုဂ္ဂလိကဘဏ် အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ၁၉ ခုနှင့် ဘဏ်ခွဲ ၄၈၅ ခုရှိပြီး၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၀ ခုနှင့် စုစုပေါင်း ဘဏ်ခွဲ ၅၉၂ ခု ရှိပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ဘဏ်အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၂၅ ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၃၂ ခု ရှိခဲ့သည်။ အာမခံကုမ္ပဏီ အနေဖြင့် ၁၂ ခု စတင်ဖွင့်လှစ်ရန် ခွင့်ပြုပေးနိုင်ခဲ့ပါသည်။ မှတ်ပုံတင်ထားသော ငွေရေး ကြေးရေး ကုမ္ပဏီ အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃ ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ပထမ(၆) လပတ်တွင် ၄ ခု ရှိလာပါသည်။

ငွေလဲလှယ်နှုန်း။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တစ်ဒေါ်လာလျှင် ၆၃၈.၆၂ ကျပ် ရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် တစ်ဒေါ်လာလျှင် ၉၅၄.၀၀ ကျပ် ရှိခဲ့ပါသည်။

ပြည်ပအကူအညီအထောက်အပံ့။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီ အထောက်အပံ့ စီမံချက် အရေအတွက် (၂၀)ခုရှိပြီး အမေရိကန်ဒေါ်လာ ၁၀၃.၆၆ သန်း ရှိပါသည်။ ချေးငွေအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ချေးငွေ စီမံချက် အရေအတွက် (၁၀)ခုရှိပြီး အမေရိကန် ဒေါ်လာ ၆၆၉.၁၆ သန်းဖြစ်ပါသည်။

ဇယား (၃-၁) မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ ဘဏ္ဍာနှစ်	၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ
၁	**ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** (နှစ်အလိုက်ထုတ်လုပ်သူများ၏စျေးနှုန်း)	ကျပ်သန်း	၁၇,၅၈၂,၆၉၃.၃ ပထမ(၆)လ	၁၉,၄၆၀,၇၀၅.၀
၂	**ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး** (နှစ်အလိုက်ထုတ်လုပ်သူများစျေးနှုန်း)			
	လယ်ယာ	(%)	၂၆.၀	၂၄.၇
	စက်မှု	(%)	၃၂.၇	၃၃.၄
	ဝန်ဆောင်မှု	(%)	၄၁.၃	၄၁.၉
၃	**ကဏ္ဍကြီးများအလိုက်ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း**			
	လယ်ယာ	(%)		၅.၄
	စက်မှု	(%)		၁၃.၃
	ဝန်ဆောင်မှု	(%)		၁၁.၉
၄	**ငွေကြေးဖောင်းပွမှုနှုန်း**			
	ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပျမ်းမျှ)	(%)	၂.၈၅	၅.၇၇
	Inflation(Annual Average)			
	ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပြောင်းလဲမှု)	(%)	၂.၈၃	၅.၇၂
	Inflation(Year on Year)			
၅	**ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (ACCESS TO BANKING & FINANCE)**			
	ကူးသန်းရောင်းဝယ်ရေးဘဏ်	ခုရေ	၁၉	၂၀
	ကူးသန်းရောင်းဝယ်ရေးဘဏ်ခွဲ	ခုရေ	၄၈၅	၅၉၂
	အလိုအလျောက်ငွေထုတ်စက် စနစ် ကူးသန်းရောင်းဝယ်ရေးဘဏ်	ခုရေ	၂၂၅	၃၃၂
	အာမခံကုမ္ပဏီ	ခုရေ	-	၁၂
	မှတ်ပုံတင်ထားသော ငွေရေးကြေးရေး ကုမ္ပဏီ	ခုရေ	၃	၄
၆	**ငွေလဲလှယ်နှုန်း (EXCHANGE RATE)**			
	ပျမ်းမျှ ကျပ်/ဒေါ်လာ		၅၈၁.၅၈	၉၅၄.၀၀
	ပထမ(၆)လကုန် ကျပ်/ဒေါ်လာ		၆၃၈.၆၂	၉၅၄.၀၀

မော်တော်ယာဉ်တင်သွင်းမှု။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တွင် အမေရိကန်ဒေါ်လာ ၅.၀၆၅ သန်းတန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၄,၄၇၉ စီး၊ အမေရိကန်ဒေါ်လာ ၁၉.၁၂၈ သန်းတန်ဖိုးရှိ ထွန်စက် ၃၉,၈၀၆ စီး၊ အမေရိကန်ဒေါ်လာ ၂၈၄.၀၇၆ သန်းတန်ဖိုးရှိ ကုန်တင်ယာဉ် ၃၅,၄၄၇ စီး၊ အမေရိကန်ဒေါ်လာ ၅၇.၂၉၃ သန်းတန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၂,၃၉၈ စီး၊ အမေရိကန်ဒေါ်လာ ၆၉.၀၇၃ တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၄၆,၇၆၉ စီး၊ အမေရိကန် ဒေါ်လာ ၂.၅၃၈ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၅၂ စီး တင်သွင်းခဲ့ပါသည်။

လျှပ်စစ်ဓါတ်အား။ ပြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅,၉၉၃.၀ ရှိပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၈,၀၄၇ ရွာ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် လျှပ်စစ်မီးရရှိမှု ၃,၆၂၈ ရွာ တိုးတက်လာသောကြောင့် စုစုပေါင်း ၂၁,၆၇၅ ရွာ ဖြစ်ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ အမေရိကန်စည်ထောင်ပေါင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆,၇၃၆.၉ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၃,၃၈၄.၂ ဖြစ်ပါသည်။ သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုမှာ ကုဗပေသန်းပေါင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၄၆,၁၀၉ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၂၁၉,၇၇၀ ဖြစ်ပါသည်။

ဆက်သွယ်ရေးနှင့် ဆယ်လူလာမိုဘိုင်းဖုန်း အသုံးပြုနိုင်မှု။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍတွင် တပ်ဆင်ပြီး ကြိုးဖုန်း လိုင်းအရေအတွက်မှာ ၅၃၀,၄၇၃ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၅၃၃,၂၀၇ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လိုင်းအရေအတွက် ၃,၈၀၄,၅၀၇ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် လိုင်းအရေအတွက် ၅,၇၄၈,၃၀၆ ဖြစ်ပါသည်။

တယ်လီဖုန်းသုံးစွဲမှု။ လူဦးရေ ၁,၀၀၀ လျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၇၂ လုံးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁၀၄ လုံး ဖြစ်ပါသည်။ အင်တာနက် အသုံးပြုမှု လိုင်းအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၈၅၈,၂၄၇ လိုင်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁,၄၀၃,၃၀၆ လိုင်း ဖြစ်ပါသည်။ စာတိုက်လုပ်ငန်းတွင် အစိုးရ စာတိုက်ပေါင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁,၃၈၂ ခု ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁,၃၈၁ ခု ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေး။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ(၃၉၇၀၁) ကီလိုမီတာရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (၃၉၇၈၂) ကီလိုမီတာသို့ တိုးတက်လာပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်(၀.၀၅၈၇)ကီလိုမီတာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ပထမ(၆)လပတ်တွင် (၀.၀၅၈၈) ကီလိုမီတာ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပလက်ဖောင်းပါသော လမ်းအရှည် (၃၂၂၁၇) ကီလိုမီတာရှိခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (၃၂၂၈၁) ကီလိုမီတာသို့ တိုးတက်ခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခွဲ မှတ်ပုံတင်သည့် ယာဉ်စီးရေ မှာ (၄၂၆၈၇၃)စီး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ယာဉ်စီးရေ (၅၀၆၁၈၆) စီး ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ရှိ မီးရထားလမ်းအရှည်မှာ (၄၈၁၈)မိုင် ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (၄၈၃၃) မိုင်သို့ တိုးတက်လာခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဘူတာရုံ(၉၄၄) ခု၊ ဒီဇယ်စက်ခေါင်း(၄၀၅) ခု၊ လူစီးတွဲ (၁၂၉၅) တွဲ၊ ကုန်တင်တွဲ(၃၃၆၁)တွဲဖြင့် ခရီးသည်ဦးရေ (၁.၇)သန်း နှင့် ကုန်တန်ချိန် (၁.၃) သန်းကို မြန်မာ့မီးရထားက ပို့ဆောင်ပေးခဲ့ပါသည်။

ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။ ကြေးမုံသတင်းစာထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၅၄၄.၇၉ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဘဏ္ဍာနှစ် ပထမ(၆) လပတ်ထုတ်ဝေမှုမှာ စောင်ရေ ၃၂၄.၇၉ သိန်း ဖြစ်ပါသည်။ မြန်မာ့အလင်း သတင်းစာထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၄၇၇.၇၈ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၅၆.၁၅ သိန်း ဖြစ်ပါသည်။ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာထုတ်ဝေမှုမှာ စောင်ရေ ၄၈.၂၁ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၆.၈၆ သိန်း ဖြစ်ပါသည်။ မြဝတီသတင်းစာ ထုတ်ဝေမှုအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၁၄၀.၉၇ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စောင်ရေ ၆၈.၃၄ သိန်း ဖြစ်ပါသည်။ မြို့တော်သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၁၀.၆၁ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တွင် စောင်ရေ ၅.၅၃ သိန်း ဖြစ်ပါသည်။ ရတနာပုံ သတင်းစာထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၃.၄၅ သိန်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စောင်ရေ ၁.၈၄ သိန်း ဖြစ်ပါသည်။

ဇယား (၃-၂) မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လကုန်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
လူမှုရေးဖွံ့ဖြိုးတိုးတက်မှု			
လူဦးရေ			
စုစုပေါင်း	ထောင်ပေါင်း	၆၀၉၇၆	ဇန်နဝါရီလမှ ဒီဇင်ဘာ လ အထိသာ တွက်ချက်သည့် အတွက် ဧပြီလမှ စက်တင်ဘာ လ အထိ တွက်ချက် ၍ မရပါ။
ကျား	ထောင်ပေါင်း	၃၀၁၃၉	
မ	ထောင်ပေါင်း	၃၀၈၃၇	
လူဦးရေတိုးနှုန်း (Population Growth)	%	၀.၉၈	
လူဦးရေသိပ်သည်းမှု (population Density)	တစ်စတုရန်းကီလိုမီတာ	၉၀	
မြို့ပြလူဦးရေ	ထောင်ပေါင်း	၁၈၇၅၅	
ကျေးလက် လူဦးရေ	ထောင်ပေါင်း	၄၂၂၂၁	
မှီခိုမှုအချိုး (Dependency Ratio) (သက်ကြီး ၆၅+နှင့် သက်ငယ်(၀-၁၄)နှစ်)	(%)	၅၃.၅၆	
မှီခိုမှုအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ်(၀-၁၄)နှစ်)	(%)	၆၀.၈၆	
လူ၏မျှော်မှန်းသက်တမ်း (Life Expectancy at Birth)	နှစ်	၆၇.၁(ယာယီ)	
တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း (Infant Mortality Rate)(အရှင်မွေး ၁၀၀၀ လျှင်)	နှုန်း	၂၆.၀(ယာယီ)	
သားဖွားမိခင်သေဆုံးမှုအချိုး (Maternal Mortality Ratio)(အရှင်မွေး ၁၀၀,၀၀၀လျှင်)	အချိုး	၁၁၁(ယာယီ)	
မွေးနှုန်းကြမ်း (Crude Birth Rate) (လူဦးရေ ၁၀၀၀ လျှင်)	နှုန်း	၁၆.၁(ယာယီ)	
သေနှုန်းကြမ်း (Crude Death Rate) (လူဦးရေ ၁၀၀၀ လျှင်)	နှုန်း	၅.၆(ယာယီ)	
မော်တော်ယာဉ်တင်သွင်းမှု			
မော်တော်ဆိုင်ကယ်	စီးရေ	၄,၂၈၉	၄၄၇၉
သုံးဘီးယာဉ်များ	စီးရေ	၅၆	
ထွန်စက်	စီးရေ	၁,၂၄၈၀	၃၉၈၀၆
ကုန်တင်ယာဉ်	စီးရေ	၃၁၉၄၃	၃၅၄၄၃
ခရီးသည်တင်ယာဉ်နှင့် VAN ကားများ	စီးရေ	၃၀၈၃	၂၃၉၈
မော်တော်ကား(ဆလွန်း)	စီးရေ	၉,၂၈၈၅	၄၆၇၆၉
အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle)	စီးရေ	၃၃	၅၂

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်း)	၂၀၁၃-၁၄ ပထမ(၆)လပတ်
မော်တော်ယာဉ်တင်သွင်းမှု (တန်ဖိုး)			
မော်တော်ဆိုင်ကယ်	ဒေါ်လာ	၃၆၂၅၅၅.၀၂	၅၀၆၄၉၄၇.၃၈
သုံးဘီးယာဉ်များ	ဒေါ်လာ	၁၁၄၂၄၀.၀၀	-
ထွန်စက်	ဒေါ်လာ	၁၂၆၁၈၈၉၃.၅၅	၁၉၁၂၇၆၀၄.၁၅
ကုန်တင်ယာဉ်	ဒေါ်လာ	၄၄၀၂၅၂၈၇၆.၃၈	၂၈၄၀၇၅၅၁၁.၆၉
ခရီးသည်တင်ယာဉ်နှင့် VAN ကားများ	ဒေါ်လာ	၈၁၀၁၃၄၈၆.၂၁	၅၇၂၉၂၇၁၀.၀၈
မော်တော်ကား(ဆလွန်း)	ဒေါ်လာ	၆၂၀၆၉၇၆၂၆.၆၂	၆၉၀၇၃၀၄၀.၂၅
အထူးကိစ္စအတွက်အသုံးပြုသော ယာဉ်များ	ဒေါ်လာ	၁၁၀၈၈၂၄.၀၀	၂၅၃၇၅၀၈.၈၀
အခြေခံ အဆောက်အအုံဆိုင်ရာသုံးစွဲမှု			
လျှပ်စစ်မီးရရှိသော ကျေးရွာ	ဦးရေ	၁၈၀၄၇	၂၁၆၇၅
ဆက်သွယ်ရေး			
အော်တိုတယ်လီဖုန်းလိုင်းများ	လိုင်းရေ	၅၃၀၄၇၃	၅၃၃၂၀၇
မိုဘိုင်းဖုန်းလိုင်း	လိုင်းရေ	၃၈၀၄၅၀၇	၅၇၄၈၃၀၆
လူဦးရေ၁၀၀၀လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း (Telephone Density) (per 1000 people)	လုံးရေ	၇၂	၁၀၄
အင်တာနက်/အီးမေးလ်လိုင်း	လိုင်းရေ	၈၅၈၂	၁၄၀၃၃၀၆
စာတိုက်			
အစိုးရစာတိုက်	ခုရေ	၁၃၈၂	၁၃၈၁
ယာဉ်အသုံးပြုမှု			
စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ်(ခရီးသည်+ကုန်တင်)	စီးရေ	၄၂၆၈၇၃	၅၀၆၁၈၆
ကုန်တင်ယာဉ်	စီးရေ (သန်းပေါင်း)	၀.၀၉	၀.၁၀
မီးရထား			
မီးရထားလမ်းအရှည်	သံလမ်းမိုင်	၄၈၁၈	၄၈၃၃
ခရီးသည်	သန်းပေါင်း	၅၄.၃	၂၇.၁
ခရီးသည် (တစ်ကီလိုမီတာလျှင်)	ဦးရေ	၉၀၂၀	၄၅၄၅
ကုန်တန်ချိန်	သန်းပေါင်း	၃.၀	၁.၃

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတွင်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
မြို့၊မြိုလေကြောင်း			
ပြည်တွင်းလေဆိပ်	ခုရေ	၆၆	၆၆
လေယာဉ်စီးရေ	စီးရေ	၄၆	၄၆
အပြည်ပြည်ဆိုင်ရာလေဆိပ်	ခုရေ	၃	၃
ဆည်နှင့်ကန်ရေပေးစရိယာစာရင်း			
ဆည်မြောင်း	ဧက	-	၁၄၀၄၉၉၈
ကန်	ဧက	-	၁၈၉၁၃၇၈
စုစုပေါင်း	ဧက	-	၃၂၉၆၇၆၄
ရေချို၊ရေနော်ငါးထုတ်လုပ်မှု			
ရေနော်ငါးဖမ်းလုပ်ငန်း	မက်ထရစ်တန်	၂၄၈၃၉၀၀	၁၁၆၁၆၃၂
ရေချို၊ငါးဖမ်းလုပ်ငန်း	မက်ထရစ်တန်	၂၂၃၂၃၀၀	၁၀၄၈၆၂၄
မြေမွေးတိရစ္ဆာန်နှင့် ကြက်ဘဲဥများရောစာရင်း			
နွား	ကောင်ရေ (ထောင်ပေါင်း)	၁၄၃၃၀	၁၅၂၄၀
ကျွဲ	ကောင်ရေ (ထောင်ပေါင်း)	၃၂၃၀	၃၃၃၀
ဝက်	ကောင်ရေ (ထောင်ပေါင်း)	၁၂၀၄၀	၁၃၁၆၀
သိုး/ဆိတ်	ကောင်ရေ (ထောင်ပေါင်း)	၅၆၀၀	၆၃၃၀
ကြက်	ကောင်ရေ (ထောင်ပေါင်း)	၂၀၅၃၅၀	၂၂၉၃၂၀
ဘဲ	ကောင်ရေ (ထောင်ပေါင်း)	၁၃၅၉၀	၁၉၁၆၀
အသားထုတ်လုပ်မှုစာရင်း			
အမဲသား	မက်ထရစ်တန် ထောင်ပေါင်း	၂၃၃.၃	၁၄၉.၁
သိုးဆိတ်သား	မက်ထရစ်တန် ထောင်ပေါင်း	၅၃.၀	၂၉.၃
ဝက်သား	မက်ထရစ်တန် ထောင်ပေါင်း	၆၃၁.၅	၃၆၃.၄
ကြက်သား	မက်ထရစ်တန် ထောင်ပေါင်း	၁၁၅၈.၅	၆၁၄.၂
သီးနှံထုတ်လုပ်မှုစာရင်း			
စပါး	မက်ထရစ်တန်	၂၈၈၅၃၅၉၃	၂၆၃၄၂၉၆
ကျွဲ	မက်ထရစ်တန်	၁၈၀၄၉၆	-
ပြောင်း	မက်ထရစ်တန်	၁၅၂၅၆၃၁	၈၉၄၆၄၈
ပဲတီစိမ်း	မက်ထရစ်တန်	၁၃၈၆၉၃၉	၅၁၁၉၃၀
မတ်ပဲ	မက်ထရစ်တန်	၁၅၄၈၄၅၄	၃၃
ဘဲကီတပ်ပဲ	မက်ထရစ်တန်	၁၆၄၉၁၉	-
ပဲပုတ်	မက်ထရစ်တန်	၂၃၃၉၁၄	၆၂၃၃၉
အာလူး	မက်ထရစ်တန်	၅၅၉၉၁၆	၂၆၁၁၄၈
ကြက်သွန်နီ	မက်ထရစ်တန်	၁၁၆၀၆၄၃	၂၈၁၆
ငရုတ်	မက်ထရစ်တန်	၁၁၉၃၈၈	၁၁၃၄၅

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်)	၂၀၁၃-၁၄ ဝထမ(၆)လဝတ်
အခြေခံလိုအပ်ချက်များ သုံးစွဲမှု			
ကျန်းမာရေး			
ပြည်သူ့ဆေးရုံများ*	ဦးရေ	၁၀၁၂	၁၀၁၄
ပုဂ္ဂလိကဆေးရုံများ	ဦးရေ	၁၆၅	၁၃၃
ဆေးပေးခန်းများ*	ဦးရေ	၄၆၉	၄၆၉
ခုတင်(အစိုးရ)	ဦးရေ	၅၅၃၀၅	၅၆၀၃၅
ကျွမ်းကျင်သူများနှင့် ကလေးမွေးဖွားမှု	%	၇၀.၈၈	-
အသက်တစ်နှစ်ကလေးများ ဝက်သက် ကာကွယ်ဆေးထိုးမှု	%	၈၄	-
ငှက်ဖျားရောဂါကာကွယ်မှုနှုန်း (လူဦးရေ ၁၀၀၀လျှင်)		၉.၃၄	-
တီဘီရောဂါကာကွယ်မှုနှုန်း (လူဦးရေ ၁၀၀,၀၀၀ လျှင်)		၅၀၆	၄၈၉
အသက်၁၅နှစ်နှင့်အထက် လူဦးရေအတွင်း HIV ကာကွယ်မှုနှုန်း (၂၀၀၉ခုနှစ် အပေါ် အခြေခံ)	%	၀.၀၃	၀.၄၇
ပညာရေး(အခြေခံ)			
အစိုးရ	(၂၀၁၂-၁၃၊မတ်လကုန်)		(၂၀၁၃-၂၀၁၄)
ကျောင်း	ဦးရေ	၄၃၉၆၄	၄၃၁၈၁
ကျောင်းသား	ဦးရေ ထောင်ပေါင်း	၈၅၈၃	၈၂၉၄
ဆရာ/ဆရာမ	ဦးရေ	၂၈၆၈၉၄	၂၈၁၉၉၅
ပုဂ္ဂလိက			
ကျောင်း	ဦးရေ	၆၆	၁၅၉
ကျောင်းသား	ဦးရေ	၂၂၂၅၃	၂၉၉၄
ဆရာ/ဆရာမ	ဦးရေ	၁၄၀၃	၄၅၂၄
ပညာရေး(အဆင့်မြင့်)			
အစိုးရ	(၂၀၁၂-၁၃၊မတ်လကုန်)		(၂၀၁၃-၂၀၁၄)
ကျောင်း	ဦးရေ	၁၆၁	၁၆၁
ကျောင်းသား	ဦးရေ	၄၈၁၃၁	၆၃၉၂၂၀
ဆရာ/ဆရာမ	ဦးရေ	၂၃၃၃၆	၂၄၂၃
သက်ကြီးစာတတ်မြောက်မှုနှုန်း			
စုစုပေါင်း	(%)	၉၅.၀၈	၉၅.၁၃
ကျား	(%)	၉၄.၃၅	၉၄.၈၁
မ	(%)	၉၅.၄၀	၉၅.၄၃

* ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြားဝန်ကြီးဌာနများ အပါအဝင် ဖြစ်ပါသည်။

အခြေခံပညာရေးတွင် ဘုန်းတော်ကြီးသင်ကျောင်းများ အပါအဝင်ဖြစ်ပါသည်။

ဇယား (၃-၂)အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
အသားတင်ကျောင်းနေနှုန်း (Net Enrollment Ratio)			
(မူလတန်း)	(%)	၈၆.၂၃	၈၆.၀၀
(အလယ်တန်း)	(%)	၆၃.၅၁	၆၃.၅၀
(အထက်တန်း)	(%)	၃၂.၀၄	၃၂.၀၈
စုစုပေါင်းကျောင်းနေနှုန်းကြမ်း (Gross Enrollment Ratio)			
(မူလတန်း)	(%)	၁၀၁.၄၉	၁၀၂.၆
(အလယ်တန်း)	(%)	၃၄.၃၀	၃၄.၃၀
(အထက်တန်း)	(%)	၃၃.၃၀	၃၃.၃၄
နိုင်ငံရပ်ခြားခရီးသည်များ	ဦးရေ	**၁၁၃၃၁၄၄**	**၃၉၄၅၁၉**
ကမ္ဘာလှည့်ခရီးသည်များ	ဦးရေ	၁၁၃၃၁၄၄	၃၉၄၅၁၉
အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု			
အမျိုးသမီးဦးရေ	ထောင်ပေါင်း	၃၀၈၃၃	-
အလုပ်လုပ်သူ အမျိုးသမီးဦးရေ	သန်းပေါင်း	၁၁.၅၃	-
အမျိုးသမီးလုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း (Women Participation in the Labour Force)	(%)	၅၀.၂၃	-
ပုံနှိပ်မီဒီယာ (ပြကွဒိန်နှစ်)			
ကြေးမုံသတင်းစာ	သိန်းပေါင်း	၅၄၄.၃၉	၃၂၄.၃၉၃
မြန်မာ့အလင်းသတင်းစာ	သိန်းပေါင်း	၄၃၃.၃၈	၂၅၆.၁၅၃
The New Light Of Myanmar	သိန်းပေါင်း	၄၈.၂၁	၂၆.၈၅၆
မြဝတီသတင်းစာ	စောင်ရေ	၁၄၀၉၃၀၅၉	၆၈၃၄၄၉၉
မြို့တော်သတင်းစာ	စောင်ရေ	၁၀၆၁၁၂၄	၅၅၂၉၂၃
ရတနာပုံသတင်းစာ	စောင်ရေ	၃၄၃၈၁၈	၁၈၄၀၄၆

၂၀၁၂-၂၀၁၃ခုနှစ် အသားတင် နှင့် စုစုပေါင်းကျောင်းနေနှုန်းကြမ်းတို့သည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများမှ ပေးပို့သော လူဦးရေဖြင့် တွက်ချက် ထားခြင်း ဖြစ်ပါသည်။ လူဦးရေ ပြောင်းလဲပါက ရာခိုင်နှုန်း ပြောင်းလဲနိုင်ပါသည်။

ဇယား (၃-၂)အဆုံး

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၂-၁၃ (မတ်လတုန်)	၂၀၁၃-၁၄ ပထမ(၆)လပတ်
အစိုးရ			
မြန်မာ (MRTV, MWD)	ခုရေ	၂	၂
ဖက်စပ်			
မြန်မာ (MRTV-4)	ခုရေ	၁	၂
အင်္ဂလိပ် (MI)	ခုရေ	၁	၂
ပုဂ္ဂလိက			
မြန်မာ (Skynet)	ခုရေ	၁	၂
ရေဒီယိုလိုင်းများ			
အစိုးရ			
မြန်မာ	ခုရေ	၂	၂
အင်္ဂလိပ်	ခုရေ	၁	၁
ပုဂ္ဂလိက			
မြန်မာ	ခုရေ	၆	၆
မြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှု	ကီလိုဝပ်နာရီ သန်းပေါင်း	၁၀၇၂၅	၅၉၉၃
ထုတ်လုပ်မှု			
ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil)	အမေရိကန် စည်ထောင်ပေါင်း	၆၇၃၆.၉၇	၃၃၈၄.၂၉
သဘာဝဓါတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas)	ကုဗပေသန်းပေါင်း	၄၄၆၁၀၉	၂၁၉၇၇၀

အခန်း(၄)
ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂၉ နှင့်အညီ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်း၍ နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများကို ချမှတ်ခဲ့ပါသည်။ နိုင်ငံတော် စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Sustainable Economic Development) ရရှိစေရန်အတွက် ကောင်းမွန်သော ဘဏ္ဍာလုပ်ငန်း စနစ်၊ ငွေကြေးအရင်းအနှီးများ၊ ငွေပေးချေမှုစနစ်များနှင့် အခြားအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရန် ဆောင်ရွက်လျက် ရှိပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဘဏ္ဍာရေး မူဝါဒများနှင့် ငွေကြေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ လိုအပ်သော အသုံးစရိတ်များအတွက် အခွန်အကောက်များ အပြည့်အဝရရှိရန် ပြည်သူ့ဘဏ္ဍာငွေ ရှာဖွေခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်း၊ စုဆောင်းငွေတိုးမြှင့် စုဆောင်းရန်အတွက် တိုးမြှင့် ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိက ငွေကြေးလိုအပ်ချက်အတွက် ပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ငွေကြေးမူဝါဒ (Monetary Policy)

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ္ဍာလုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မူဝါဒကို ချမှတ်ခဲ့ပြီး အောက်ပါ ငွေကြေးကဏ္ဍ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြဋ္ဌာန်းခြင်း၊

(ခ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များ တိုးချဲ့ခွင့်ပြုပေးခြင်းနှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊

(ဂ) နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC) များ ပြန်လည် ရွေးနှုတ်ခြင်း၊

ချမှတ်ထားသည့် မူဝါဒများအရ ငွေရေးကြေးရေးကဏ္ဍကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ခေတ်နှင့် လျော်ညီစေရန် ပြန်လည် ရေးဆွဲ၍ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၆ ဖြင့် ၁၁.၇.၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နည်းဥပဒေ ထုတ်ပြန် ရန်နှင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေရေးဆွဲ ပြဋ္ဌာန်းရန် ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီရယူ၍ ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ ပုဂ္ဂလိကဘဏ် ၂၀ ခု မှ ဘဏ်ခွဲ ပေါင်း ၅၉၂ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၃၃ ခုနှင့် နိုင်ငံခြား ငွေကြေးကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲ ၁ ခု ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ထိန်းကျောင်းမှုရှိသည့် ဈေးကွက်ကိုအခြေခံသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ယခင်ထုတ်ပြန်ထားသည့် နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနှုတ်ခြင်း လုပ်ငန်းကို ၁.၄.၂၀၁၃ ရက်နေ့ မှ ၃၀.၆.၂၀၁၃ ရက်နေ့ အတွင်း ဆောင်ရွက်ခဲ့ ပါသည်။

ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)

နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း စီမံခန့်ခွဲမှု ပိုမိုထိရောက်ထက်မြက်သည့် လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရန်နှင့် ထင်သာမြင်သာရှိသည့် အခွန်ပေးဆောင်မှုစနစ် ဖြစ်ပေါ်လာစေရန် မူဝါဒ ချမှတ်ပြီး ရည်မှန်းချက်များကို ထားရှိခဲ့ပါသည်-

(က) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝကောက်ခံရရှိရေးနှင့် ပြည်သူများ ယုံကြည်သော အခွန်ဌာနအဖြစ် ပြုပြင်ပြောင်းလဲနိုင်ရေး၊

(ခ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ ပြုပြင်ပြောင်းလဲရေး၊

(ဂ) လူစွမ်းအား အရင်းအမြစ်တိုးတက်စေမည့် ကဏ္ဍများအတွက် အသုံးစရိတ်များ တိုးမြှင့်ခွဲဝေရေး၊

ဖော်ပြပါမူဝါဒများအရ အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ပထမအဆင့်အနေဖြင့် အခွန်ထမ်းကြီးများအတွက် အခွန်ပေးဆောင်ရမည့် ရုံးများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါရုံးများအတွက် ဝန်ထမ်းများ ရွေးချယ် သင်တန်းပေးခြင်းကို ဆောင်ရွက်လျက် ရှိပါသည်။

(ခ) အခွန်ရငွေအား ဂျီဒီပီ နှစ်စဉ်တိုးတက်မှုနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုစာရင်းများ အတိုင်း ကောက်ခံရမည့် အခွန်အခများ ခွဲခြားသတ်မှတ်ပေးရေး တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ဘဏ္ဍာရန်ပုံငွေ စာရင်းများအားလုံး စုစည်းပါဝင်သည့် တစ်ခုတည်းသော ငွေတိုက်စာရင်း Treasury Single Account စနစ်အား စတင်ဆောင်ရွက်ရန် အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) နိုင်ငံတော်၏ ဘဏ္ဍာငွေ တိုးတက်ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး အသုံးစရိတ်များ တိုးမြှင့်ခွဲဝေ ချထားလျက် ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအား အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ခွဲဝေပေးခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ခန့်မှန်းခြေစာရင်း) တွင် သာမန်အသုံးစရိတ်၌ တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်းမှ ကယား ပြည်နယ်သည် ကျပ် ၁၈,၀၀၂ သန်းဖြင့် အနည်းဆုံး ဖြစ်ပြီး ရှမ်းပြည်နယ်သည် ကျပ် ၁၂၀,၄၃၅ သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကရင်ပြည်နယ်သည် ကျပ် ၅,၅၂၃ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၉၆,၀၅၆ သန်းဖြင့် အများဆုံးဖြစ်ပါသည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ခန့်မှန်းခြေစာရင်း) စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် ၆၃.၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၆.၂ ရာခိုင်နှုန်းနှင့် ကြွေးမြီ ၀.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။

ရသုံးမှန်းခြေငွေစာရင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်း စုစုပေါင်းရငွေ ကျပ် ၁၄,၃၈၆,၂၂၁.၄ သန်းတွင် သာမန်ရငွေ ကျပ် ၁၃,၁၄၄,၅၉၄.၇ သန်း ငွေလုံးငွေရင်းရငွေ ကျပ် ၂၉၉,၇၈၈.၅ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၉၄၁,၈၃၈.၂ သန်း ဖြစ်ပါသည်။ စုစုပေါင်းရငွေ အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ရငွေစုစုပေါင်း ကျပ် ၁,၁၇၁,၉၁၁.၅ သန်း ဖြစ်၍ စုစုပေါင်းရငွေ အပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၈.၁၅ ရာခိုင်နှုန်းရရှိပါသည်။ ငွေလုံးငွေရင်း ရငွေ ကျပ် ၂၉၉,၇၈၈.၅ သန်းအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၈၁,၂၀၃.၆ သန်း ရရှိပါသည်။ ကြွေးမြီရငွေ ကျပ် ၉၄၁,၈၃၈.၂ သန်းအနက် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျပ် ၃၁,၈၇၅.၁ သန်းရရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်စာရင်းတွင် အသုံးစရိတ် စုစုပေါင်း ကျပ် ၁၇,၃၁၂,၉၆၆.၉ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၁၁,၆၈၄,၂၆၀.၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄,၉၂၈,၆၇၁.၁ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၇၀၀,၀၃၅.၁ သန်း ဖြစ်ပါသည်။ စုစုပေါင်းအသုံးစရိတ်အနက် တိုင်းဒေသကြီး/ ပြည်နယ် အသုံးစရိတ် ကျပ် ၁,၁၇၁,၉၁၁.၅ သန်းဖြစ်၍ ၆.၇၆ ရာခိုင်နှုန်းပါဝင်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၄,၉၂၈,၆၇၁.၁ သန်းရှိသည့် အနက် တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၄၂၄,၉၅၇.၁ သန်းဖြစ်ပါသည်။ နိုင်ငံတော်၏ ဘဏ္ဍာရေး ပိုငွေ/လိုငွေ (Overall budgetary surplus/deficit) ကို ဆန်းစစ်ရာတွင် လိုငွေ ကျပ် ၂,၉၂၆,၇၄၅.၅ သန်း ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု

အစီရင်ခံသည့်ကာလအတွင်း အခွန်အမျိုးအစားအလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီး လျာထားငွေအပေါ် ပထမ(၆)လပတ် ယာယီစာရင်းအရ ကောက်ခံရရှိမှု အခြေအနေမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

ဇယား (၄-၁) ပြည်တွင်းအခွန်ကောက်ခံရရှိမှု

(ကျပ်သန်းပေါင်း)

စဉ်	အခွန်အမျိုးအစား	မူလလျာထားချက်	ပထမ(၆)လပတ် ကောက်ခံရရှိမှု	ကောက်ခံရရှိမှု ရာခိုင်နှုန်း
၁	ကုန်သွယ်လုပ်ငန်းခွန်	၁၁၀၀၀၀.၀၀၀	၆၁၃၈၅၁.၃၅၈	၅၅.၈၀
၂	ဝင်ငွေခွန်	၁၂၈၆၀၁၄.၉၆၆	၆၄၃၆၅၃.၂၉၉	၅၀.၀၅
၃	တံဆိပ်ခေါင်းခွန်	၄၁၀၀၀.၀၀၀	၁၅၄၂၈.၃၃၆	၃၇.၆၃
၄	အောင်ဘာလေသိန်းဆုခွန်	၁၉၉၈၅.၀၃၄	၁၃၇၆၉.၃၂၀	၆၈.၉၀
	စုစုပေါင်း	၂၄၄၇၀၀၀.၀၀၀	၁၂၈၆၇၀၂.၃၁၃	၅၂.၅၈

ဇာစ်မြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု

အစီရင်ခံသည့်ကာလ ၁-၄-၂၀၁၃ ရက်နေ့ မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ အခွန်ငွေကောက်ခံ ရရှိမှု(ရုံးချုပ်) ကျပ် (၁၄၉၂၁၅.၀၀) သန်း ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၁၂၉.၇၅ ရာခိုင်နှုန်း နှင့် (မြို့နယ်ရုံး)များတွင် အခွန်ငွေကောက်ခံရရှိမှု ကျပ် (၂၇၉၉၄.၇၆) သန်းဖြစ်ပြီး၊ ရာခိုင်နှုန်း အားဖြင့် ၁၃၉.၉၈ ရာခိုင်နှုန်း ကောက်ခံရရှိပြီးဖြစ်ပါသည်။

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်နိုင်မှု

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကို ၂၀၁၃-၂၀၁၄ ပထမ(၆) လပတ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်မြောင်းတာတမံ တည်ဆောက်မှု လုပ်ငန်းစီမံကိန်းများနှင့် မြစ်ရေတင်လုပ်ငန်းများတွင် ကျပ် ၁၅၆,၀၆၆.၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းများကို ကျပ် ၇၃,၁၈၈.၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဖိုက်ဘာဆက်ကြောင်း နှင့် မိုက္ကရိုဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ GSM / UMTS မိုဘိုင်းဖုန်းလိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ Sea Me We 6 ရေအောက်ကေဘယ်စနစ်စီမံကိန်း စသည့်လုပ်ငန်းများအတွက် ကျပ် ၁၁,၁၄၇.၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ပထမ(၆) လပတ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစီမံကိန်းတန်ဖိုးမှာ ကျပ် ၈,၁၂၈.၉ သန်း ဖြစ်ပါ သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းတံတားဦးစီးဌာန၊ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများတွင် ကျပ် ၁၂၄,၆၀၁.၀ သန်းနှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းစီမံကိန်းဖြစ်သည့် ဧရာဝတီနှင့်ရတနာအိမ်ရာ စီမံကိန်းတွင် ကျပ် ၇၀၈.၀ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဇယား (၄-၂) နိုင်ငံပိုင်အခန်းမှလုပ်ငန်းစီမံကိန်းများ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ အခြေအနေ

(ကျပ်သန်းပေါင်း)

စဉ်		အကြောင်းအရာ	တန်ဖိုး
၁		**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**၁၅၆၀၆၆**
	၁	ဆည်မြောင်းဦးစီးဌာန	
		ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း	၁၅၅၃၂၀
	၂	ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန	
		လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်း	၇၄၆
၂		**စက်မှုဝန်ကြီးဌာန**	**၁၆၃၉၉၈**
	၁	အမှတ်(၁)အကြီးစားလုပ်ငန်း	၁၅၆၇၂၅
	၂	စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း	၇၂၇၃
၃		**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**၁၂၅၃၀၉**
	၁	လမ်းတံတားဦးစီးဌာန	၁၂၄၆၀၁
	၂	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန	၇၀၈
၄		**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	**၇၃၁၈၈**
	၁	ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန	
		ရေအားလျှပ်စစ်စီမံကိန်းများ	၅၄၈၇၉
	၂	မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း	
		ဓာတ်အားလိုင်းတည်ဆောက်ရေးစီမံကိန်း	၁၈၃၀၉
၅		**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**	**၈၁၂၉**
	၁	မြန်မာ့မီးရထား	
		ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း	၈၁၂၉
၆		**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန**	**၁၁၁၄၇**
	၁	မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း	
		မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း	၁၁၁၄၇

ဝန်ကြီးဌာနများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ဇယား (၄-၃) ဝန်ကြီးဌာနများမှ ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ

စဉ်	ဝန်ကြီးဌာန	စီမံကိန်း အမည်	နိုင်ငံ/ အဖွဲ့အစည်း	ငွေကြေး အမျိုးအစား	ပမာဏ (သန်းပေါင်း)
၁	ဘဏ္ဍာရေး	The project for development of ICT System for Central Banking	Japan	Yen	၅၁၀၀.၀၀
၂	ပို့ဆောင်ရေး	သဘာဝ ဘေး အန္တရာယ်ကြောင့် ပေါ်ပေါက်လာမည့် ရာသီဥတု အခြေအနေ စောင့်ကြည့်ရေး စနစ် ထူထောင်ရေး	Japan	Yen	၂၃၁.၀၀
၃	ပြန်ကြားရေး	MRTV အစီအစဉ်နှင့် အသံလွှင့် တည်းဖြတ်ခြင်းဆိုင်ရာ စက် ပစ္စည်းများ ပိုမိုကောင်းမွန် လာစေရေး	Japan	Yen	၈၁.၉၀
၄	စီမံ/စီးပွား	မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌ အစည်းအဝေး များတွင် ယာဉ်နှင့် ရုံးသုံး ပစ္စည်း တန်ဖိုး	China	Yuan	၁၀.၀၀
၅	ဆောက်လုပ်ရေး	မြန်မာနိုင်ငံ၏ အဓိကလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊	Korea	US$	၃.၀၀
၆	နိုင်ငံခြားရေး	ညီလာခံများ ကျင်းပရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး၊	Korea	US$	၁.၀၀
၇	လယ်/ဆည်	စက်မှုလယ်ယာကူးပြောင်းရေး အတွက် လယ်ယာမြေ ပြုပြင် ပြောင်းလဲရေး	Korea	US$	၅.၂၇
၈	ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေးရာ	မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်း စိုပြေရေး	Korea	US$	၂.၅၀
၉	စီမံ/စီးပွား	အမျိုး သား စာရင်းအင်းစနစ် ခိုင်မာရေး၊	Korea	US$	၂.၀၀
၁၀	အလုပ်သမား၊ စက်မှု၊ ပညာရေး	အသက်မွေးဝမ်း ကျောင်း လေ့ကျင့် ပညာပေးရေး	Germany (GIZ)	Euro	၄.၈၀
၁၁	ဘဏ္ဍာရေး	အသေးစား နှင့် အလတ်စား လုပ်ငန်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် သင်တန်းများ ပေးခြင်း	Germany (GIZ)	Euro	၃.၄၅

စဉ်	ဝန်ကြီးဌာန	စီမံကိန်း အမည်	နိုင်ငံ/ အဖွဲ့အစည်း	ငွေကြေး အမျိုးအစား	ပမာဏ (သန်းပေါင်း)
၁၂	စက်မှု	ကျေးလက် အခြေခံ အဆောက် အအုံ ဖွံ့ဖြိုး တိုးတက်ရေး	Germany (GIZ)	Euro	၃.၇၅
၁၃	ဆောက်လုပ်ရေး	Maximizing Transport Benefit through communicity engagement	ADB	US$	၀.၁၉
၁၄	ဆောက်လုပ်ရေး	Preparing GMS East-West Economic Corridor extension Eindu to Kawkareik Road	ADB	US$	၁.၅၀
၁၅	ဆောက်လုပ်ရေး	Developing Asset management program for Myanmar road	ADB	US$	၁.၃၇
၁၆	စီမံ/စီးပွား	Capacity development of the National statistical System of Myanmar	ADB	US$	၁.၂၀
၁၇	ဆက်သွယ်ရေး၊ သိပ္ပံ နှင့် နည်းပညာ	Design of E-Govenment master plan and review of ICT capacity in Academic Institutions	ADB	US$	၁.၅၀
၁၈	ပညာရေး	Support for post primary education development project	ADB	US$	၁.၅၀
၁၉	လျှပ်စစ်စွမ်းအား	Power transmission and distribution improvement project	ADB	US$	၁.၅၀
၂၀	စွမ်းအင်	Institutional strengthening of National energy management committee in energy policy and planning	ADB	US$	၁.၃၅
			စုစုပေါင်း	US$ Yen Yuan Euro	၂၃.၈၈ ၅၄၁၂.၉၀ ၁၀.၀၀ ၁၅.၀၀

အခန်း(၅)
ကဏ္ဍစီမံကိန်း
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေအရ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **၁၅.၇** ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း)



တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၉,၄၆၀,၇၀၅.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၆၅.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၀.၇** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၂၄,၉၃၄,၄၀၆.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၉** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၁၆,၅၂၆,၆၂၇.၄ သန်း ရရှိခဲ့ပြီး **၅.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယခု အစီရင်ခံသည့်ပထမ(၆) လပတ်တွင် ပြောင်းလဲမှုနှုန်း **၁၀.၇** ရာခိုင်နှုန်း ရရှိသဖြင့် ကျန် (၆)လ တွင် ယခုပထမ(၆)လပတ်ထက် ပိုမိုကြိုးပမ်းအား ထုတ်နိုင်မှသာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် တစ်နှစ်လုံးအတွက် ရည်မှန်းထားသည့် ပြောင်းလဲမှုနှုန်း **၁၅.၇** ရာခိုင်နှုန်းကို ပြည့်မီရန် အလားအလာရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီးကို **၇.၁** ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို **၂၉.၁** ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးကို **၁၂.၃** ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းရာတွင် အစီရင်ခံသည့် ပထမ (၆) လပတ်၌ လယ်ယာကဏ္ဍကြီး တွင် **၅.၄** ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် **၁၃.၃** ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် **၁၁.၉** ရာခိုင်နှုန်း အသီးသီး ပြောင်းလဲခဲ့ပါသည်။

စီးပွားရေးကဏ္ဍအလိုက် ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါ သည်။

ပုံ (၅-၂) ကဏ္ဍများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ပြောင်းလဲမှုနှုန်း



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လ (ဧပြီလ မှ စက်တင်ဘာလ) ကဏ္ဍအလိုက် စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြအပ်ပါသည်။

လယ်ယာကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆,၅၂၉,၃၂၀.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၁ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ





လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂,၆၈၂,၄၇၆.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၄၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၁.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅,၈၁၆,၅၆၄.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂,၄၅၉,၅၆၇.၂ သန်း ရရှိခဲ့ပြီး၊ ၁.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

အစီအရင်ခံသည့် ကာလတွင် ဈေးကွက်ဝင်သီးနှံ ဖြစ်သည့် အစေ့ထုတ်ပြောင်းကို တောင်သူများ ပိုမိုစိုက်ပျိုးခြင်း၊ ကုမ္ပဏီနှင့်တောင်သူများ အကျိုးတူစိုက်ပျိုးထုတ်လုပ်ခြင်း၊ နယ်စပ်မှတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံမှဝယ်ယူသဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး တောင်သူများ ပိုမိုစိုက်ပျိုးခြင်းကြောင့် ယခင်နှစ်အလားတူကာလထက် အထွက်တင်း ထောင်ပေါင်း ၂,၅၈၄ ပိုမိုခဲ့ပါသည်။ ဖူးစားပြောင်းတွင်လည်း တောင်သူပညာပေးလုပ်ငန်းများဖြစ်သည့် သီးနှံအလှည့်ကျစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်အသုံးပြု စိုက်ပျိုးခြင်း၊ ဓါတ်မြေဩဇာကို အချိုးကျသုံးစွဲခြင်း၊ မြေဆီလွှာပြုပြင်ခြင်း၊ မြေဆီလွှာ ထိန်းသိမ်းခြင်း၊ မြေဆီလွှာ ထက်သန်ရန် ပဲမျိုးနွယ်ဝင် အပင်များကို စိုက်ပျိုးခြင်းတို့ကြောင့် ဖူးရေ ထောင်ပေါင်း ၁၁၆,၁၇၂ ပိုမိုထွက်ရှိခဲ့ပါသည်။

ပဲတီစိမ်းစိုက်ပျိုးမှုတွင် ဈေးကွက်ကောင်းခြင်းကြောင့် တောင်သူများစိတ်ဝင်စား စိုက်ပျိုးခဲ့သဖြင့် အထွက်နှုန်းမြင့်တက်ခဲ့ပြီး၊ အထွက် တင်းထောင်ပေါင်း ၅၉၈ ပိုမိုခဲ့ပါသည်။ မိုးနှမ်းစိုက်ပျိုးမှုမှာ ဆည်ရေကောင်းစွာ ရရှိသဖြင့် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး၊ ယခင်ပထမ(၆)လထက် အထွက်တင်း ထောင်ပေါင်း ၆၅၆ ပိုမို ခဲ့ပါသည်။

ဆီအုန်းစိုက်ပျိုးမှုသည် (၁)နှစ် စိုက်ပျိုးပြီးပါက နှစ်(၃၀)စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် အပင်ဖြစ်သဖြင့် စိုက်ဧကတိုးတက်လာခြင်း၊ အပင်ပြုစု ထိန်းသိမ်းမှုနှင့် အပင်သက်တမ်း အပေါ်မူတည်၍ တစ်ဧကအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးလာခြင်းကြောင့် အထွက် ပိုမိုခဲ့ပြီး အထွက်သီးခိုင်ပိသာထောင်ပေါင်း ၂၁,၇၁၄ ပိုမိုခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ မိုးမြေပဲ၊ မိုးနှမ်း၊ ဆီအုန်း၊ ချည်မျှင်ရှည်ဝါ၊ ကြက်ပေါင်စေး၊ ငရုတ်ခြောက်၊ ငရုတ်စို၊ အာလူးနှင့် အခြားမိုးသီးနှံများထွက်ရှိခဲ့ပါသည်။ လယ်ယာကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှု ၄၁.၁ ရာခိုင်နှုန်းသာ ရရှိခဲ့ခြင်းမှာ မြန်မာပြည် အလယ်ပိုင်းဒေသများ၌ မိုးရွာသွန်းမှု လျော့နည်းခဲ့ခြင်း၊ မြစ်ရေတင်ဒေသများတွင်လည်း မြစ်ရေကျဆင်းမှုကြောင့် ရေပေးဝေနိုင်မှု အားနည်းခြင်းတို့ကြောင့် ယခင်နှစ်အလားတူ ကာလထက် နွေစပါးအထွက် တင်းထောင်ပေါင်း ၃၀,၆၇၄ လျော့နည်းခဲ့ခြင်း၊ ကြက်ပေါင်စေးအထွက်မှာလည်း အစေးလှီးချိန်တွင် မိုးများစွာ ရွာသွန်းမှုကြောင့် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် အထွက်နှုန်း လျော့နည်း၍ စုစုပေါင်း

အထွက် ပေါင်ထောင်ပေါင်း ၇၀၉ လျော့နည်းခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည်။ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နွေစပါး၊ နွေနှမ်း၊ ကုလားပဲ၊ မတ်ပဲစသည့် မိုးသီးနှံများ ရိတ်သိမ်းရန် ကျန်ရှိပြီး၊ ဆောင်းသီးနှံများကို ရည်မှန်းချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးနိုင်ပါက စီမံကိန်း ရည်မှန်းချက်ကို နှစ်ကုန်တွင် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ရေကြီးနစ်မြုပ်၍ မိုးစပါး စိုက်ဧက ၁၂၆,၈၃၃ ထိခိုက်ခဲ့ရာတွင် ပျက်စီးဧက ၄၃,၇၅၃ ရှိခဲ့ရာ ၄၀,၂၄၀ ဧကကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး၊ အစေ့ထုတ်ပြောင်းစိုက်ဧက ၃,၂၇၈ ထိခိုက်ခဲ့ရာတွင် ပျက်စီးဧက ၂,၈၈၀ ရှိခဲ့ရာ ၁,၇၁၆ ဧကကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ကယားပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုစုပေါင်းစိုက်ပျိုးဧကမှ ရေကြီးနစ်မြုပ်၍ ထိခိုက်မှု ၁၃၁,၈၁၅ ဧက ရှိခဲ့ရာ ၄၆,၇၀၇ ဧက ပျက်စီးခဲ့ပြီး၊ ၄၁,၉၅၆ ဧကကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးလိုမိုးခေါင်ခြင်းကြောင့် စုစုပေါင်းစိုက်ဧက ၄၉၃,၂၂၇ ထိခိုက်ခဲ့ရာ ၃၆,၅၃၂ ဧက ပျက်စီးခဲ့သော်လည်း ၂,၁၈၅ ဧက ကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရေကြီးနစ်မြုပ်ခြင်း၊ မိုးလိုမိုးခေါင်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းနှင့် အခြားအကြောင်းများကြောင့် ထိခိုက် ခဲ့သည့် စုစုပေါင်း စိုက်ဧက ၆၂၉,၅၉၈ ရှိရာတွင် ၈၅,၃၉၄ ဧက ပျက်စီးခဲ့ရာ ၄၄,၁၄၁ ဧက ကိုပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါ သည်။

နွေစပါးစိုက်ဧက ပိုမိုတိုးတက်လာစေရန်အတွက် ရေရရှိနိုင်မှုအစီအစဉ်များကို ကြိုတင်ဆောင်ရွက်ထားရှိခြင်း၊ အပူပိုင်းဒေသများတွင် အပူဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးစိတ် များကို ရှာဖွေဖေါ်ထုတ်၍ စိုက်ပျိုးစေခြင်း၊ မိုးများသည့်ဒေသများတွင် ရေကြီးနစ်မြုပ်မှုဒဏ် ခံနိုင်ရည်ရှိသည့် မျိုးစိတ်များကို စိုက်ပျိုးစေခြင်း၊ အထွက်တိုး မိုးစပါးများကို ယခင်ကထက်တိုးတက်စိုက်ပျိုးလာခြင်း၊ စပ်မျိုးစပါး၊ စပ်မျိုးနေကြာနှင့် အထွက်နှုန်း အထူးကောင်းသည့် အစေ့ထုတ်ပြောင်းများကို စိုက်ပျိုးလာကြခြင်း၊ အထွက်နှုန်းကောင်းသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာကြခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို အသုံးပြုလာကြခြင်း၊ တောင်သူပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လာခြင်း စသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍ၏ ရည်မှန်းချက်များ ပြည့်မီကျော်လွန်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရှိစေရန်အတွက် သီးနှံအလိုက် တောင်သူပညာပေး စိုက်ပျိုးနည်းသင်တန်းများ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေးနှင့် ကိုင်တွယ်မောင်းနှင်မှုသင်တန်းများ၊ ရာသီသီးနှံဆိုင်ရာသရုပ်ပြပွဲများ၊ ငွေကြေးအရင်းအနှီးများ အချိန်မီရရှိအောင် ဆောင်ရွက်

မှုများ၊ ကျယ်ပြန့်စွာဆောင်ရွက်ရန် အထူးလိုအပ်နေပြီး၊ တောင်သူ လုပ်သားအခက်အခဲရှိသည့် မြို့နယ်များတွင် မြို့နယ်အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ပေးခြင်းများ လိုအပ်မည်ဖြစ်ပါသည်။

သားငါးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများ အရ ကျပ် ၂,၂၅၄,၇၅၈.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၀.၆ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်း ထားပါသည်။

ပုံ (၅-၄) သားငါးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



သားငါးကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂,၀၈၇,၁၀၂.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၂.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၁၁.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ ကျပ် ၂,၀၄၁,၄၂၂.၃ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၁,၉၂၄,၃၀၁.၇ သန်း ရရှိခဲ့ပြီး၊ ၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ပထမ(၆)လပတ် စီမံကိန်းအပေါ် ၉၁.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှု အနေဖြင့် ၈၈.၄၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ငါးထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်း မပြည့်မီရခြင်းမှာ ဧပြီလ၊ မေလများတွင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တို့၌ ငါးမဖမ်းဆီးရ ကာလအဖြစ် သတ်မှတ်တားမြစ်ထား၍ ဖြစ်ပါသည်။ သို့ရာတွင်ဒုတိယ(၆)လပတ်အတွင်း ပွင့်လင်းရာသီများ၌ ငါးပိုမိုထုတ်လုပ် နိုင်သဖြင့် နှစ်ကုန်ချိန်တွင် ငါးထုတ်လုပ်မှု ရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှု အကောင်အထည်ဖော်နိုင်မှု အနေဖြင့် ၉၀.၃၀ ရာခိုင်နှုန်း ရရှိနေပြီဖြစ်ပါသဖြင့် နှစ်ကုန်ချိန်တွင် ယခင်နှစ်ကကဲ့သို့ ငါးထုတ်လုပ်မှု ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အသားထုတ်လုပ်မှုတွင် ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုဖွံ့ဖြိုးရေး ကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ ပထမ (၆) လပတ်အတွင်း တိုင်းရင်းကြက်ကောင်ရေ စုစုပေါင်း(၃၂၆၁)ကောင် မွေးမြူထားပါသည်။ (၃၀-၉-၂၀၁၃)နေ့ထိ ပြည်နယ်/ တိုင်းဒေသကြီးများတွင် ဥစားကြက် ကောင်ရေ (၁၅.၀၄)သန်း၊ အသားစားကြက်ကောင်ရေ (၁၃.၂၄) သန်း၊ တိုင်းရင်းကြက် ကောင်ရေ (၂၀၁.၀၄) သန်း၊ ကြက်စုစုပေါင်းကောင်ရေ (၂၂၉.၃၂)သန်း မွေးမြူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးအမျိုးမျိုးတွင် အဆ (၃၆၈.၂၉) သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ (၁၇.၁၂) သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ(၁.၆၉)သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်း မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ(၁၄၅၄၇)၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ (၁၃၂၈၁) ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပထမ(၆)လပတ် ကာလအတွင်း ဗျားရည်ထုတ်လုပ်မှုတွင် ပေါင်ထောင်ပေါင်း (၁၀၁၇) ထုတ်လုပ်နိုင်ခဲ့ပြီး ၄၂.၆ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့

ပါသည်။ ပြည်တွင်း ပျားရည် ရောင်းချနိုင်မှုမှာ (၁.၉၃) တန်၊ ပြည်ပတင်ပို့ ရောင်းချရန် လျာထား ချက် (၈၀၀) တန်တွင် (၈၅၄.၃၇) တန်၊ အမေရိကန်ဒေါ်လာ (၀.၉၇၆) သန်း ရရှိခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ပထမ(၆)လပတ် ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိက ကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ် စံချိန်စံညွှန်း နှင့်အညီ စနစ်တကျ စစ်ဆေးပေးရာ ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် (၇၃.၈၄) တန်၊ ရေချိုငါး (၃၈၇၀၄.၅၉) တန်၊ ရေငန်ပုစွန် (၅၉၉၈.၂၂) တန်၊ ရေငန်ငါး (၁၆၁၄၀.၅၁) တန်၊ ကဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့်(၂၅၁၈.၉၈)တန်နှင့် အခြား (၁၀၅၂၈.၇၇)တန် ၊ စုစုပေါင်း (၇၃၉၆၄.၉၁)တန် အရည်အသွေး စစ်ဆေးပေးနိုင်ခဲ့ပါသည်။ ရေထွက်ကုန်နမူနာ အရေအတွက် (၁၆၈၅၆) ခုအား စစ်ဆေးပေးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများ အရ ကျပ် ၈၀,၅၈၀.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ၂.၆ ရာခိုင်နှုန်း ပြောင်းလဲမှု လျော့နည်းရန် ရည်မှန်း ထားပါသည်။

ပုံ (၅-၅) သစ်တောကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



သစ်တောကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၄၂,၄၄၂.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၅၂.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၂.၃ ရာခိုင်နှုန်း လျော့နည်းပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၇၄,၆၆၁.၉ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၁ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန် ရည်မှန်းထားရာ ကျပ် ၃၉,၆၀၄.၇ သန်း ရရှိခဲ့ပြီး၊ ၃.၂ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်မှစ၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းနှစ်ရပ်လုံး သစ်အလုံးလိုက်တင်ပို့မှုကို လုံးဝရပ်ဆိုင်းမည်ဖြစ်ပါသည်။ ထို့ကြောင့် သစ်ဝယ်ယူသော ကုမ္ပဏီများ၏ သစ်လုံးတင်ပို့မှုအား အချိန်မီတင်ပို့နိုင်ရေးကို ရည်မှန်းပြီး လျာထားချက် ပြည့်မီစွာ အလျင်အမြန် အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်ခြင်းသည် တွေ့ကြုံရသော စိန်ခေါ်မှုများဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အထိ ကျွန်း ၁၂၂၄၇၈ ကုဗတန်နှင့် သစ်မာ ၅၄၃၄၀၉ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကိုလည်း စီမံကိန်း ရည်မှန်းချက်ဘောင်အတွင်းမှ ထုတ်လုပ်လျက် ရှိပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးကိုရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ကျွန်းသင်းသတ်ခြင်း ၂၃၆၂၀ ပင်၊ သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်း ၅၇၂၄၄ ပင်၊ ပဝတ္တိမျိုးဆက်ခြင်း ၁၅၀၀၀ ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ၁၈၅ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၄၅၈ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၇၄၆၆ ဧက၊ နွယ်ဖြတ် ညောင်ပတ်လှဲခြင်း ၁၀၇၇၂ ဧက၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁၂ မိုင် နှင့် ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်း ၁၆၀၃ စတုရန်းမိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို စီးပွားရေးစိုက်ခင်း ၁၃၂၂၅ ဧက၊ ကျေးရွာသုံး စိုက်ခင်း ၁၁၀၀ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၇၅ ဧက၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၂၅၆၅ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၅၂၈၇ ဧကတို့ကို စိုက်ပျိုးတည်ထောင်ခွင့်ပြုနိုင်ခဲ့ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် သစ်တော သယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း လုပ်ငန်းများ နှင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများ ကိုလည်းနိုင်ငံတကာအဖွဲ့အစည်းများ၏

ပုံပိုးကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် ဖော်ပြပါ လုပ်ငန်းစီမံချက် များသည် ကာလရှည် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများအတွက်လိုအပ်သော သစ်တောဆိုင်ရာ ထွက်ကုန်များ ဖြည့်ဆည်း ပေးနိုင်ရေး၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေးအား အထောက်အကူဖြစ်စေရေး တို့အတွက် သစ်တော သယံဇာတများ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး တို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သစ်တော ထွက်ပစ္စည်းများနိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်တော ထောက်ခံချက်ရရှိရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ရည်မှန်းချက် ပြည့်မီရေး အတွက် ကျန်ရှိသည့်ကာလများသည် ပွင့်လင်းရာသီဖြစ်ပြီး နယ်မြေလုံခြုံမှု အခြေ အနေ တိုးတက် ကောင်းမွန် လာသည်နှင့်အမျှ သစ်ထုတ်လုပ်ငန်းများနှင့် သစ်လုံးသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ ရည်မှန်းချက် ပြည့်မီရေးကိုကြိုးပမ်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် အနာဂတ်ကာလတွင် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှု များကိုလည်း တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရန် လိုအပ် ပါသည်။ ထို့အပြင် သစ်တောနယ်မြေ အတွင်း တရားမဝင်ကျူးကျော်မှုများကို ထိန်းချုပ်ရန် လိုအပ်ခြင်း၊ ထင်းအစားထိုးလောင်စာ ပိုမိုသုံးစွဲရန် လိုအပ်ခြင်းများကိုလည်း တွေ့ကြုံနေရ ပါသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များကို အလေးထား ဖိတ်ခေါ်ရန်လိုအပ်သကဲ့သို့ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများတွင် လည်း စက်စွမ်းအား မြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၈၈၃,၅၄၈.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၀၉.၂ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၆) စွမ်းအင်ကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၃၆၅,၅၁၃.၁ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၇၂.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၃.၃ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ ကျပ် ၃၅,၄၉၉.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၃၀,၅၄၆.၉ သန်း ရရှိခဲ့ပြီး၊ ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၇၂.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ရခြင်းမှာ ရေနံစိမ်းထုတ်လုပ်မှု တွင် သမဝါယမ ပိုင်အခန်း၌ မြစ်သာရွှေရည် ရေနံမြေနှင့် ရွှေမဲရတနာ ရေနံမြေမှရေနံတွင်းများ တွင်းအရေအတွက် လျော့နည်းသွားခြင်း၊ သက်တမ်း ကြာမြင့်လာ၍ အထွက်နှုန်း တဖြည်းဖြည်း ကျဆင်း လာရခြင်း တို့ကြောင့် လည်းကောင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် သရက်မြို့နယ် ပိတောက်ပင်ဒေသရှိ

ရေနံတွင်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ထုတ်လုပ်ရန် လျာထားသော်လည်း ခွင့်ပြုမိန့် မရရှိသေးသဖြင့် ထုတ်လုပ်နိုင်မှု မရှိခြင်း၊ ဂန့်ဂေါမြို့နယ်ရှိ ရေနံတွင်းများ ဖျက်သိမ်းခြင်းနှင့် ဆောမြို့နယ် ပုဂ္ဂလိကပိုင် ရေနံတွင်းများ ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် လည်းကောင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ဧရာဝတီတိုင်း ဒေသကြီး၌ စီမံကိန်းရေးဆွဲစဉ်က ဇောတိကစီမံကိန်းမှ ထွက်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ပထမ(၆)လပတ်အထိ ထွက်ရှိမှုမရှိခြင်း၊ ကုန်းတွင်းသဘာဝ ဓာတ်ငွေ့တွင်းများသည် သက်တမ်း ကြာမြင့်သော တွင်းဟောင်းများ ဖြစ်သဖြင့် decline rate အထွက်နှုန်းများမှာ တဖြည်းဖြည်း ကျဆင်းလာခြင်း၊ ရခိုင်ပြည်နယ်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှာလည်း ၁၂-၉-၂၀၁၃ ရက်နေ့ တွင် ၄၀ လက်မ မြန်မာ-တရုတ်ပိုက်လိုင်း၏ ကျောက်ဖြူမှ နမ့်ခမ်းအထိတွင် ပျမ်းမျှဖိအား 6 Mpa သို့ရောက်ရှိ သဖြင့် ပိုက်လိုင်းအတွင်းသို့ ဓာတ်ငွေ့ ဖြည့်သွင်းခြင်းကို ရပ်ဆိုင်းခဲ့ပြီး ပိုက်လိုင်း Leak Test လုပ်ငန်းများ ဆောင်ရွက်လျက် ရှိခြင်းတို့ကြောင့်လည်းကောင်း၊ ဘူးသွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် စီအန်ဂျီ အသုံးပြုသော ယာဉ်အို ယာဉ်ဟောင်းများကို အစိုးရထံ ပြန်လည်အပ်နှံခြင်းကြောင့် စီအန်ဂျီ အသုံးပြုမှု လျော့နည်းခြင်း နှင့် သဘာဝဓာတ်ငွေ့ များကို စက်ရုံအလုပ်ရုံများသို့ ဦးစားပေး ပို့လွှတ်ရခြင်းတို့ကြောင့် ၇၂.၅ ရာခိုင်နှုန်းသာ အကောင် အထည်ဖော်နိုင်ခြင်း ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလ) တွင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းအင်မူဝါဒများနှင့်အညီ ဖော်ပြပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ရေနံရှာဖွေရေးကွင်းဆင်းအဖွဲ့များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အစီရင်ခံသည့် ကာလ ကွင်းဆင်းတိုင်းတာမှု (၁၀၇.၀၅) လိုင်းကီလိုမီတာ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ရေနံတွင်းသစ်များတူးဖေါ်ခြင်း၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်လျာထားချက်မှာ (၃၈) တွင်း ဖြစ်ပြီး အစီရင်ခံသည့်ကာလပြီးစီးမှုမှာ (၂၀) တွင်းနှင့် (၅၂.၆၁) ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်တွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ် ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့် နိုင်ငံတကာရေနံကုမ္ပဏီများ၏ အဆိုပြုလွှာများ ခေါ်ယူခဲ့ရာ နိုင်ငံတကာ ကုမ္ပဏီ ပေါင်း ၇၈ ခုမှ အဆိုပြုလွှာများပေးပို့ခဲ့၍ Pre-Qualified အောင်မြင်သည့် ကုမ္ပဏီ ၅၉ ခုရှိပါသည်။ လုပ်ကွက်အဆိုပြုလွှာ တင်ပြလာသည့် ကုမ္ပဏီစုစုပေါင်း ၂၆ ခုမှ

လုပ်ကွက်အဆိုပြုလွှာပေါင်း ၅၄ ခု တင်ပြခဲ့ရာ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ကမ်းလွန်လုပ်ကွက် ၃၀ ကွက်တွင်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ် ချုပ်ဆိုရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့် နိုင်ငံတကာရေနံကုမ္ပဏီများ၏ အဆိုပြုလွှာများ ခေါ်ယူခဲ့ရာ နိုင်ငံတကာ ကုမ္ပဏီပေါင်း ၆၈ ခုမှ အဆိုပြုလွှာများပေးပို့ခဲ့၍ Pre-Qualified အောင်မြင်သည့် ကုမ္ပဏီ ၆၁ ခုရှိပါသည်။

(c) ရွှေစီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ပိုက်လိုင်းဖြင့်သွယ်တန်းရောင်းချရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်၍ ၂၈-၇-၂၀၁၃ ရက်နေ့တွင် ရွှေစီမံကိန်း၏ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်နိုင်ခဲ့ပြီး မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း ကိုလည်းစတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

(စ) စွမ်းအင်ဝန်ကြီးဌာနမှ Co-organizer အဖြစ် Alpha Resources & Training Co., Ltd. နှင့်ပူးတွဲ၍ Health, Safety Environment & Training လုပ်ငန်းကိစ္စနှင့် ပတ်သက်သော "Myanmar Drilling 2013 Conference & Exhibition" ကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တို့တွင် ရန်ကုန်မြို့၊ Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၅၄,၂၅၈.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ၃၀.၁ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၇) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လ ပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၉၅,၁၉၂.၆ သန်း ဖြစ်ပေါ်ခဲ့ သဖြင့် ရည်မှန်းချက်အပေါ် ၅၅.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၇.၇ ရာခိုင်နှုန်း လျော့နည်းပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၂၀၇,၅၆၃.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၂၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၁၅၃,၈၂၈.၆ သန်း ရရှိခဲ့၍ ၇၄.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၅၅.၁ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ကချင်ပြည်နယ် တွင် ရွှေထုတ်လုပ်မှု၌ အသေးစားလုပ်ကွက်များအနေဖြင့် သက်တမ်းတိုးမှုမရှိခြင်း၊ သံသတ္တုရိုင်း ထုတ်လုပ်သည့် ထူးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ ထုတ်လုပ်မှု ရပ်နားထားခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်စိမ်း ထုတ်လုပ်မှုတွင် လုံးခင်း၊ ဖားကန့်ဒေသ၌ ထုတ်လုပ်မှုရပ်နားထားခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကုန်အထိ တူးဖော်မှု လုပ်ငန်းများ ပြန်လည် စတင်နိုင်မှု မရှိသဖြင့် ကျောက်စိမ်း ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောက်မီးသွေးထုတ်လုပ်မှုဌ် ကုမ္ပဏီအချို့ မိုးတွင်းကာလဖြစ်၍ ထုတ်လုပ်မှု ခေတ္တရပ်နားထား၍လည်းကောင်း၊ ဖယ်ရိုနီကယ် ထုတ်လုပ်မှုမှာ စီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်း မရှိသေးခြင်းကြောင့် လည်းကောင်းထုတ်လုပ်မှု လျော့နည်းခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာမရရှိခြင်းနှင့် သန့်စင်ရေးသုံး ရေလုံလောက်စွာ မရရှိခြင်းကြောင့် ခဲမဖြူသတ္တုသန့်စင် (၉၉.၉%) ထုတ်လုပ်မှု လျော့နည်းခြင်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ သံမဏိတုံးထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိခြင်းကြောင့် ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍအနေဖြင့် ပထမ(၆)လပတ်ကာလမှာ မိုးတွင်းကာလဖြစ်သဖြင့် တူးဖော်ထုတ်လုပ်ရာတွင် အခက်အခဲများရှိ၍ ထုတ်လုပ်မှုလျော့နည်းသော်လည်း ပွင့်လင်းရာသီတွင် ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ စမ်းသပ်တိုင်းတာ ရှာဖွေရေးလုပ်ငန်းများတိုးတက်မှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းရရှိမှု၊ ထုတ်လုပ်မှု အတွေ့အကြုံကောင်းများနှင့် နည်းပညာတိုးတက်မှု တို့အပေါ်တွင် မူတည်၍ ထုတ်လုပ်မှုများ တိုးတက်လာမည် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေးမူဘောင်တို့အရ ချမှတ်ခဲ့သည့် မူဝါဒ(၈) ရပ် နှင့်အညီ အောက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နှစ်ကုန်တွင် ရည်မှန်းချက်များ ပြည့်မီနိုင်မည် ဖြစ်ပါသည်-

(က) ဓာတ်သတ္တုများ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ခြင်း၊

(ခ) သတ္တုတွင်းသစ်များတိုးချဲ့ခြင်းနှင့် တွင်းဟောင်းများပြုပြင်မွမ်းမံ၍ အရည်အသွေးမြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံအနှံ့ရှေသတ္တု/ကျောက်မျက်လုပ်ကွက်များကိုပြည်သူများ၊အသေးစားလုပ်ငန်းရှင်များသို့ ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေချထား လုပ်ကိုင်ရေး အလေးထားဆောင်ရွက်ခြင်း၊

(ဃ) အရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (Coordinating Committee For Geo-Science Programmes

In East and Southeast Asia-CCOP) တွင် အဖွဲ့ဝင် (Member) အဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခြင်း၊

(c) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနတို့အကြား ဘူမိမြေပုံပြုစုရေးဆွဲရေး၊ ဓာတ်သတ္တု သယံဇာတ အရင်းအမြစ်များနှင့် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပို့ချဖလှယ်ရေး နားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်း၊

(စ) သတ္တုတွင်းဝန်ကြီးဌာနနှင့် ဂျပန်အမျိုးသား ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တု တူးဖော်ရေး ကော်ပိုရေးရှင်း (JAPAN OIL GAS AND METAL NATIONAL CORPORATION JOEMEC) တို့သည် တနင်္သာရီတိုင်းဒေသကြီး အတွင်း ခဲမဖြူအဖြိုက်နက် ဖြစ်ထွန်းမှုများအား နှစ်ဖက်ပူးပေါင်းကာ ဒုတိယအကြိမ် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခြင်း၊

(ဆ) သတ္တုတွင်းဝန်ကြီးဌာနနှင့် ကိုးရီးယားသမ္မတနိုင်ငံ အသိပညာနှင့် စီးပွားရေး ဝန်ကြီးဌာန (Ministry of Knowledge of Economy) တို့သည် မြန်မာ-ကိုးရီးယား ဓာတ်သတ္တုနှင့် သဘာဝ အရင်းအမြစ်များပူးပေါင်းဆောင်ရွက်ရန် မြန်မာ-ကိုးရီးယား သတ္တုသယံဇာတများ ပူးပေါင်းကော်မတီ လုပ်ထုံး လုပ်နည်း (မူကြမ်း) (Terms of Reference) နှင့် ကိုးရီးယား သမ္မတနိုင်ငံ ကိုးရီးယား ဘူမိသိပ္ပံနှင့် သတ္တုသယံဇာတဆိုင်ရာဌာန (Korea Institute of Geo-Science and Mineral Resource-KIGAM) နှင့် သုတေသနပြု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်(မူကြမ်း) (Research-Agreement) လက်မှတ် ရေးထိုး နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊

စက်မှုလက်မှုကဏ္ဍ ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၀၄၉,၇၅၄.၇ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၆.၄ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-ခ) စက်မှုလက်မှုကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



စက်မှုလက်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၆၀၆,၆၃၉.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၉.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၁၇.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅,၃၈၉,၃၆၈.၃ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၀.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၃,၁၉၇,၆၁၆.၀ သန်း ရရှိခဲ့ပြီး၊ ၆.၅ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော စိုက်ပျိုးရေး ကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးဟူသော စီးပွားရေး မူဝါဒနှင့် အညီ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးဖြစ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ဆောင်ရွက်လျက် ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ကျုံပျော်၊ ဝါးခယ်မ၊ အိမ်မဲ၊ ဒေးဒရဲ၊ ဘိုကလေးမြို့များတွင် ပေါင်းဆန်စက် (၅) လုံး၊ ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်ရှိ UMH အထည်ချုပ်စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ စက်မှုနယ်မြေတွင် ရှင်ဆောင်း၊

ကြယ်စင်ဝိုင်း၊ ရွှေမြန်မာ အထည်ချုပ်စက်ရုံများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်ခွဲတွင် လင်းဒဂုံအထည်ချုပ်စက်ရုံ၊ မင်္ဂလာဒုံစက်မှုဇုန်တွင် KMA နှင့် Honey အထည်ချုပ်စက်ရုံများ၊ ရွာမတာယာစက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် Delta Industry Group Co;Ltd အထည်ချုပ်စက်ရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေရည်ပုလဲ ကုမ္ပဏီ၏ ဆင်းရွှေလီသကြားစက်၊ ကရောင်း ဘိလပ်မြေစက်ရုံ စသည့် စက်ရုံများ တိုးတက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာန တွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှာ အကြီးစား စက်မှုလုပ်ငန်း (၅၁၆၈) ခု၊ အလတ်စား စက်မှုလုပ်ငန်း (၇၆၆၅) ခု၊ အငယ်စားစက်မှုလုပ်ငန်း (၃၀၄၀၃) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၄၃,၂၃၆) ခု ရှိပါသည်။ လက်ရှိ တည်ဆောက်ပြီး စက်မှုဇုန် (၁၉) ဇုန်တွင် အကြီးစားစက်မှုလုပ်ငန်း (၂၆၇၈) ခု၊ အလတ်စားစက်မှုလုပ်ငန်း(၂၄၈၅) ခု၊ အငယ်စားစက်မှု လုပ်ငန်း (၃၈၀၄) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၈၉၆၇) ခု မှတ်ပုံတင် ဆောင်ရွက်လျက် ရှိပါသည်။

သို့ရာတွင် အကောင်အထည်ဖော်နိုင်မှုမှာ ၅၉.၆ ရာခိုင်နှုန်း သာဖြစ်သဖြင့် လာမည့် ဒုတိယ (၆)လတွင် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ပါ သည်။ အကောင်အထည်ဖော်နိုင်မှု လျော့နည်းရခြင်းမှာ ထုတ်ကုန်ပစ္စည်းများ အနေဖြင့် နည်းပညာကြောင့် အရည်အသွေးအားနည်းခြင်း၊ ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသော ကုန်စည်များအပေါ် ယှဉ်ပြိုင် နိုင်မှုအားနည်းခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းခါစတွင် ပြင်ဆင် ဆောင်ရွက်မှု များကို ဆောင်ရွက်နေရသဖြင့် ထုတ်လုပ်မှု ရပ်ဆိုင်းနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရာ နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက် ပြည့်မီစေရန်အတွက် လက်ရှိ ထုတ်လုပ်မှုများကို တွန်းအား ပေး ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

နိုင်ငံတော် အနေဖြင့် စက်ရုံများအတွက် ကျခံသုံးစွဲနေရသော စီမံခန့်ခွဲမှုအသုံးစရိတ်များ လျော့နည်းကျဆင်းပြီး အသားတင်ဝင်ငွေရရှိရေးနှင့် စက်မှုကဏ္ဍတွင် ပုဂ္ဂလိက၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာရေး တို့အတွက် အချို့သော ပင်မစက်ရုံကြီးများနှင့် စက်ရုံခွဲများကို ပုဂ္ဂလိကသို့ နှစ်တို/ နှစ်ရှည်ငှားရမ်းခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အထိ အထည်စက်ရုံ၊ ဆေးဝါးစက်ရုံ၊ အပ်ချုပ်စက် စက်ရုံ၊ ဖိနပ်စက်ရုံ၊ ကြွေထည်မြေထည်စက်ရုံ၊ စက်ဘီးစက်ရုံ၊ သစ်စက်၊ ဆန်စက်၊ အအေးခန်း

စက်ရုံ၊ စည်သွပ်စက်ရုံ၊ အစာစပ်စက်ရုံ၊ တိရစ္ဆာန် ကာကွယ်ဆေး စက်ရုံ အပါအဝင် နိုင်ငံပိုင်စက်ရုံ ပေါင်း (၄၈)ရုံကို ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုတက်ရေးအတွက် ဈေးကွက် လိုအပ်ချက်ရှိသည့် ထုတ်ကုန် အမယ်သစ်များ ပြောင်းလဲထုတ်လုပ်နိုင်ရန် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ဖော်ပြပါ လုပ်ငန်း များတွင် ပူးပေါင်း ဆက်သွယ် ဆောင်ရွက်လျက်ရှိပါသည် -

(က) ၄က်ဖျားရောဂါကာကွယ်ကုသဆေး (Quinine Sulphate) များ ထုတ်လုပ်ခြင်း၊

(ခ) တစ်နေ့တန် (၆၀) (Chemical Termo Mechanical Part) CTMP သတင်းစာ စက္ကူ ထုတ်လုပ်ခြင်း၊

(ဂ) အကြီးစား ဒီဇယ်အင်ဂျင်စီမံကိန်းအတွက် စက်ရုံတည်ဆောက်ခြင်း၊

(ဃ) ကုန်တင်ယာဉ်ထုတ်လုပ်မှုစီမံကိန်း အတွက် စက်ရုံ အဆင့်မြှင့်ခြင်း၊

(င) ကုန်တင်ယာဉ်ဝင်ရိုးနှင့် မော်တော်ယာဉ် မိုး(လ်) နှင့် ဒိုင်ထုတ်လုပ်မှုစီမံကိန်း အတွက် အလုပ်ရုံများ တည်ဆောက်ခြင်း၊

(စ) အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း၊

(ဆ) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း။

ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ၂၀၁၃ ခုနှစ် ပထမ(၆)လပတ်တွင် ဖော်ပြပါ သုတေသနနှင့် တီထွင်စမ်းသပ်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဆေးဝါးအမယ်သစ် (၃) မျိုးတီထွင်စမ်းသပ်ခြင်း၊

(ခ) စက်ရုံထုတ်ဆေးဝါးများ ဈေးကွက်မှ နမူနာဝယ်ယူစမ်းသပ်ခြင်း၊

(ဂ) ဆေးဘက်ဝင်အပင်များ စမ်းသပ်ခြင်း၊

(ဃ) ဆေးဝါးထုတ်လုပ်မှုများ စမ်းသပ်ခြင်း၊

(င) စွန့်ပစ်ရေဆိုး စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(စ) အရက်ပြင်းနှင့် ပုလင်းသွင်းအရက် စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(ဆ) အချိုရည်စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(ဇ) စားသောက်ကုန် အရည်အသွေးစမ်းသပ်ခြင်း၊

(ဈ) စားသောက်ကုန် သုတေသနဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(ည) စက်မှုဇုန်များမှ မော်တော်ယာဉ်များကို စနစ်တကျ ထုတ်လုပ်နိုင်ရေး အတွက် **ဒီဇိုင်းပုံစံသစ် (၁၃) မျိုး** ကို စံသတ်မှတ်ပုံစံများ အတည်ပြုပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များ ချမှတ် ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အရေးပါအရာရောက်ဆုံးနှင့် အများစုပါဝင်နေပြီး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထားရှိပါသည်။

နိုင်ငံတော်အနေဖြင့် ယခုအခါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာပံ့ပိုးပေးနိုင်ရန် "အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ" ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အစုအဖွဲ့ (၉)ခုကို ဖွဲ့စည်းရန် စီစဉ်လျက်ရှိပါသည် ။

ထို့ပြင် စက်မှုကဏ္ဍတွင် အဓိကပါဝင်သော အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၃ ခုနှစ် ပထမ(ဖ)လပတ်တွင် ဖော်ပြပါ လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက် ပေးခဲ့ပါသည် -

(က) SME ဗဟိုဌာန အနေဖြင့် ပြည်တွင်းရှိ SME များနှင့် ဝန်ထမ်းများ၏ Capacity Building မြှင့်တင်နိုင် ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ ကျင်းပပေးခြင်း၊ နည်းပညာရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

(ခ) နိုင်ငံတော်အစိုးရမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးပေးရန် ငွေကျပ် (၁၀) ဘီလီယံအား အတိုးနှုန်း (၈.၅) % ဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန မှ လုပ်ငန်းရှင် (၆၂) ဦးအား စုစုပေါင်းငွေကျပ် (၉.၉၁) ဘီလီယံ ချေးငွေ ထောက်ပံ့ပေး ထားပြီးဖြစ်ပါသည်။

(ဂ) အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ

(၁) **ချေးငွေဆောင်ရွက်မှုအခြေအနေ**

(ကက)ရိုးရိုးချေးငွေ ၅၅၁ ဦး ကျပ် (၉၃,၃၀၃) သန်း၊

(ခခ) SME ချေးငွေ ၆၀ ဦး ကျပ် (၉,၅၆၈) သန်း၊

(၂) **Hire Purchase စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေ**

Hire Purchase စနစ်ဖြင့် ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းရှင် (၁၂) ဦးသို့ ချေးငွေ ကျပ် (၂၄၄.၆၆၀) သန်း ထုတ်ချေးထားပါသည်။

(၃) **အစုရှယ်ယာ ရောင်းချမှုအခြေအနေ**

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ရောင်းချပြီး အစုရှယ်ယာ အရေအတွက်မှာ (၄၆,၇၇၆) ဖြစ်၍ တန်ဘိုးငွေ ကျပ် (၂၃,၃၈၈) သန်း ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရမည်ဖြစ်ရာ ပြည်ထောင်စု အဆင့်မှ မူဝါဒပိုင်းကို ချမှတ်ပေးရန်ဖြစ်ပြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်မှ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဥပဒေများ သတ်မှတ်ပေးခြင်း၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးခြင်း၊ အကောင်အထည်ဖော်မှုများအပေါ် ကြီးကြပ်ထိန်းသိမ်းပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ ဒေသဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခြင်း၊ မိမိဒေသအလိုက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးနိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်း၊ လုပ်ငန်းအကောင်အထည် ဖော်မည့်ယူနစ်များ ဖွဲ့စည်းခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုး ဆောင်ရွက်ခြင်း၊ မိမိဒေသအလိုက် အရင်းအနှီးပံ့ပိုးပေးခြင်း၊ လိုအပ်သော တိုင်ပင်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊ ခေတ်မီနည်းပညာ ပိုင်းဆိုင်ရာ သင်တန်းများပို့ချပေးနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲမှုပေးခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင်လျှပ်စစ်ဓာတ်အား ကဏ္ဍ ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၆၄,၂၆၂.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၇.၁ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၉) လျှပ်စစ်ဓာတ်အားကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၅၁,၃၆၀.၆ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၆.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၁၅.၆ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၂၈၆,၉၀၂.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၃.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂၇၉,၁၀၀.၃ သန်း ရရှိခဲ့ပြီး၊ ၁၃.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်ကုန်အထိ ရည်မှန်းချက်၏ ၉၆.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခြင်းမှာ ကချင်ပြည်နယ်တွင် စီမံကိန်း ရည်မှန်းချက် ရေးဆွဲစဉ်က နယ်မြေ အခြေအနေကြောင့် ပိတ်ထားခဲ့သည့် တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံတော်မှ ဒီဇယ်စက်ကြီးများဖြင့် မိုဘိုင်းစနစ်မီးပေးမှုကြောင့် လျှပ်စစ်မီးပိုမိုရရှိခြင်း၊ မွန်ပြည်နယ်တွင် နိုင်ငံပိုင်လျှပ်စစ်မီးပေးချိန် ပိုမိုလာခြင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် ပုဂ္ဂလိကပိုင်၌ အသေးစားရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုများ ပိုမိုခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်သည့် မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပုဂ္ဂလိကပိုင်အခန်း၌ ရည်မှန်းခဲ့သော ကျေးလက်မီးလင်းရေး (ဒီဇယ်) လုပ်ငန်းများသည် မိုးတွင်းဖြစ်၍ အကောင်အထည်ဖော်မှုနည်းပါးပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ရွှေလီရေအားလျှပ်စစ် စက်ရုံမှ ပြည်ပရောင်း လျှပ်စစ်ဓာတ်အား လျော့နည်း ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းအပေါ် ပထမ (၆) လပတ်ကုန်အထိ (ဧပြီလမှစက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှုတွင် အကြီးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၂၀ ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝ ဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၉ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ နှင့် ဒီဇယ်ဓာတ်အားပေးစက်များ၌ စုစုပေါင်း ၃,၉၄၇ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၇,၁၁၅.၈ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အား ဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၉၉၅ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၄၀,၁၅၂ မိုင်အထိ သွယ်တန်း နိုင်ခဲ့ပါသည်။ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၇ခု၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း၂ခု၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၉ခု တို့ကို တည်ဆောက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါ သည်-

ဇယား (၅-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ

(ကီလိုဝပ်နာရီသန်းပေါင်း)

အမှတ်စဉ်		အကြောင်းအရာ	၆လပတ် စီမံကိန်းရည်မှန်းချက်	ပထမ ၆ လပတ်	အကောင်အထည်ဖော်နိုင်မှု(%)
၁		၂	၃	၄	၅
		စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား	**၇,၀၆၃.၂**	**၇,၁၁၅.၈**	**၁၀၀.၇**
၁		**နိုင်ငံပိုင်**	**၄,၃၅၈.၆**	**၄,၆၄၇.၄**	**၁၀၆.၆**
	၁	စက်ရုံသုံး	၁,၅၄၃.၈	၁,၂၃၇.၅	၈၀.၂
	၂	အိမ်သုံး	၁,၈၂၅.၉	၁,၉၀၇.၅	၁၀၄.၅
	၃	ဆေးရုံ၊ရုံး၊ကျောင်းစသည်များ	၈၆၇.၉	၈၆၆.၀	၉၉.၈
	၄	အထွေထွေသုံး	၄၈.၀	၃၆.၉	၇၆.၉
	၅	ကုမ္ဗဏီသို့ရောင်းချခြင်း	၇၃.၀	၅၉၉.၅	၈၂၁.၂
၂		**သမဝါယမပိုင်**	**၀.၇**	**၀.၆**	**၈၅.၇**
၃		**ပုဂ္ဂလိကပိုင်**	**၂,၇၀၃.၉**	**၂,၄၆၇.၈**	**၉၁.၃**

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊

မြို့နယ်ခွဲများအပါအဝင် မြို့နယ်အားလုံး ၄၈၅ မြို့ မီးလင်းပြီးဖြစ်ပါသည်။ ကျေးရွာ အလိုက်မီးလင်းမှုအနေဖြင့် ဓာတ်အားစနစ်အတွင်းမှ ၄,၇၈၅ရွာ၊ မီးစက်စနစ်ဖြင့် ၁၂,၇၈၃ ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၂,၁၅၄ ရွာ၊ ဆိုလာစနစ်ဖြင့် ၇၄၀ ရွာ၊ ဇီဝဓာတ်ငွေ့/ဒြပ်ထု (Bio gas/ Bio mass)ဖြင့် ၁,၂၁၃ ရွာ စုစုပေါင်း ၂၁,၆၇၅ ရွာ မီးလင်းခဲ့ပါသည်။ နိုင်ငံအတွင်း စုစုပေါင်းကျေးရွာ ၆၄,၉၁၇ ရှိသဖြင့် ကျေးရွာအလိုက်မီးလင်းမှုမှာ ၃၃.၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ထို့အပြင် မီးလင်းရန် ဆောင်ရွက်ဆဲကျေးရွာများမှာ ဓာတ်အားစနစ်အတွင်းမှ ၂၄၉ ရွာ၊ မီးစက်စနစ်ဖြင့် ၁ ရွာ၊ အသေးစား ရေအားစနစ်ဖြင့် ၁၅၆ ရွာ၊ ဆိုလာစနစ်ဖြင့် ၃၅၈ ရွာ၊ ဇီဝဓာတ်ငွေ့/ဒြပ်ထု (Bio gas/ Bio mass)ဖြင့် ၂ ရွာ စုစုပေါင်း ၇၆၆ ရွာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ချမှတ်ထားသော မူဝါဒများဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆောက်မှု ကာလတိုတောင်းသည့် သဘာဝ ဓာတ်ငွေ့သုံးအင်ဂျင်စက်များ (Gas Engine)ကို IPP Developer ကုမ္ပဏီများမှ လျော်ကား သဘာဝဓာတ်အားပေးစက်ရုံဝန်းတွင် (၅၀)မဂ္ဂါဝပ်၊ ရွာမသဘာဝဓာတ်အားပေးစက်ရုံဝန်းတွင် (၅၀)မဂ္ဂါဝပ်၊ သာကေတ သဘာဝဓာတ်အားပေး စက်ရုံဝန်းတွင် (၅၀) မဂ္ဂါဝပ်၊ အလုံ သဘာဝ ဓာတ်အားပေး စက်ရုံဝန်းတွင် (၁၂၀)မဂ္ဂါဝပ်တို့ကို တည်ဆောက် တပ်ဆင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ ထိုင်းနိုင်ငံ EGAT ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်သော (၁၂၀)မဂ္ဂါဝပ် ဓာတ်ငွေ့ တာဘိုင်စက်(၂)လုံးအား ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမ သဘာဝဓာတ်အားပေးစက်ရုံဝန်းအတွင်းတွင် တိုးချဲ့တည်ဆောက် တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် တစ်နိုင်ငံလုံးတွင် အောက်ပါလုပ်ငန်းများကိုလည်း အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် -

(က) **ဓာတ်အားဝယ်ယူမှု၊ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားရောင်းချမှုနှင့် ဓာတ်အား ပျောက်ဆုံးမှု အခြေအနေ**

(၁) **ဓာတ်အားဝယ်ယူမှု**။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ရွှေလီ ရေအားလျှပ်စစ် စက်ရုံ (SHPC)၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ် စက်ရုံတို့မှ စုစုပေါင်း ယူနစ် (၄၂၇၈.၄၀၈) သန်း ဝယ်ယူခဲ့ပါသည်။

(၂) **ဓာတ်အားထုတ်လုပ်မှု။** သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများမှ ယူနစ် (၁၃၇၂.၆၀၅) သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ပုဂ္ဂလိက သဘာဝဓာတ်ငွေ့ ဓာတ်အားပေး အင်ဂျင်စက်များမှ ယူနစ် (၁၂၆.၃၈၂) သန်း ထုတ်လုပ်ခဲ့ပါသည်။

(၃) **ဓာတ်အားရောင်းချမှု။** လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့သို့ စုစုပေါင်း ယူနစ် (၅၄၆၇.၆၉၄) သန်း ရောင်းချနိုင်ခဲ့ပါသည်။

(၄) **ဓာတ်အားပျောက်ဆုံးမှု။** ဓာတ်အားစနစ်အတွင်း စုစုပေါင်းဓာတ်အား ထုတ်လုပ်မှုယူနစ် (၅၇၇၇.၃၉၅) သန်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တို့သို့ ဓာတ်အားရောင်းချမှု ယူနစ် (၅၄၆.၆၉၄) သန်း ဖြစ်၍ ပျောက်ဆုံးယူနစ် ပမာဏမှာ ယူနစ် (၂၅၅.၅၉၄) သန်း ဖြစ်သောကြောင့် Transmission Loss ပမာဏ (၄.၄၂၄) ရာခိုင်နှုန်း ဖြစ်ပါ သည်။

(ခ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ လျှပ်စစ်ဓာတ်အားရောင်းချရမှု** ။ရောင်းရယူနစ် (၄၆၄၇.၃၆၅)သန်း၊ ရငွေ ကျပ် (၂၄၇,၁၇၁.၃၃၉) သန်း ဖြစ်ပါသည်။

(ဂ) **စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု**

(၁) **၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ရွာမ-လှိုင်သာယာ (၈.၁၀)မိုင် တည်ဆောက်လျက်ရှိသည့်အပြင် ရွှေတောင်-မြောင်းတကာ (၁၃၀.၉၆) မိုင်၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း(၁၁၅.၇၃)မိုင်၊ အမ်း-မန်း(၆၇) မိုင် ၊ တောင်ကုတ်- မအီ (၄၆.၇၈) မိုင်၊ ဥသျှစ်ပင်-တောင်ကုတ် (၅၄.၄၁) မိုင်တို့ကိုလည်း ဆက်လက် တည်ဆောက်လျက်ရှိပါသည်။

(၂) **၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ဘီလူးချောင်း(၂)-ဘီလူးချောင်း(၃) (၂.၉၀) မိုင်ကို ဆက်လက်တည်ဆောက်လျက် ရှိပါ သည်။

(၃) **၆၆ ကေဗွီ ဓာတ်အားလိုင်း။** ပုဏ္ဏားကျွန်း- ကျောက်တော် (၃၇.၀၁) မိုင်၊ ကျောက်ဖြူ GT- ကျောက်ဖြူ (၅.၅၃)မိုင် တည်ဆောက်လျက်ရှိသည့်

အပြင် ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) (၂၁.၅၇)မိုင်၊ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၂) (၁၈.၉ဖ)မိုင်၊ ပုဏ္ဏားကျွန်း-မြောက်ဦး (၃၅.၃၇) မိုင်၊ ခိုလန်-ကွန်ဟိန်း (၃၂.ဖဖ)မိုင်၊ ဂန့်ဂေါ-ဟားခါး (ကျောက်တိုင်အပိုင်း) (၂၁.၈၅)မိုင်၊ ဂန့်ဂေါ-ဟားခါး (တာဝါအပိုင်း) (၃၅.၁၅) မိုင်၊ မိုင်းရယ်-တန့်ယန်း (၃၂.၅၀)မိုင် တို့ကိုလည်း ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

(၄) **၂၃၀ကေဗို့ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** နေပြည်တော်(၂) (၂၃၀/ ၃၃/ ၁၁ ကေဗို့ ၁၀၀ အမ်ဗို့အေ)၊ ပုသိမ်(၂၃၀/ ဖဖ/ ၁၁ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ အမ်း (၂၃၀/ ၃၃/ ၁၁ ကေဗို့၊ ၅၀အမ်ဗို့အေ)၊ ပုဏ္ဏားကျွန်း (၂၃၀/ ဖဖ/ ၁၁ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ တောင်ကုတ်(၂၃၀/ ဖဖ/၁၁ ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ အရှေ့ဒဂုံ (၂၃၀/ ဖဖ/ ၁၁ ကေဗို့၊ ၁၀၀ အမ်ဗို့အေ)၊ ကျောက်ဖြူ (၂၃၀/ဖဖ/၁၁ ကေဗို့၊ ၁၀၀ အမ်ဗို့အေ) တို့ကို ဆက်လက် တည်ဆောက်လျက်ရှိပါသည်။

(၅) **၁၃၂ကေဗို့ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** ဗန်းမော် (၁၃၂/ ဖဖ/ ၁၁ ကေဗို့၊ ဖ၀ အမ်ဗို့အေ)၊ ဝိုင်းမော် (၁၃၂/ ဖဖ/၁၁ ကေဗို့၊ ဖ၀ အမ်ဗို့အေ) တို့ကို ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

(၆) **ဖဖကေဗို့ဓာတ်အားခွဲရုံစီမံကိန်းများ။** မြစ်ကြီးနား(၁)၊ စစ်တွေနှင့် ကျောက်ဖြူ ခွဲရုံများ (ဖဖ/ ၁၁ ကေဗို့၊၂၀ အမ်ဗို့အေ)၊ မြစ်ကြီးနား(၂) (ဖဖ/၁၁ကေဗို့၊ ၁၀အမ်ဗို့အေ)၊ ကျော နှင့် ဂန့်ဂေါခွဲရုံများ (ဖဖ/၁၁ ကေဗို့၊ ၂ အမ်ဗို့အေ)၊ တာမိုးညဲ၊ ကွန်ဟိန်း၊ ဟားခါးခွဲရုံများ (ဖဖ/၁၁ ကေဗို့၊ ၅အမ်ဗို့အေ) တို့ကို ဆက်လက် တည်ဆောက်လျက်ရှိပါသည်။

(၇) **အထက်ပေါင်းလောင်း** (၁၄၀မဂ္ဂါဝပ်) (ပျဉ်းမနား)၊ **နန်ချို** (၄၀ မဂ္ဂါဝပ်) (ပျဉ်းမနား)၊ **ရွှေလီ(၃)** (၁၀၅၀ မဂ္ဂါဝပ်)(မိုးမိတ်)၊ **ဖြူးချောင်း** (၄၀ မဂ္ဂါဝပ်) (ဖြူး)၊ **အထက်ရဲရွာ** (၂၈၀မဂ္ဂါဝပ်) (ကျောက်မဲ)၊ **ဟတ်ကြီး** (၁၃ဖ၀ မဂ္ဂါဝပ်) (ကမမောင်း)၊ **မဏိပူရ** (၃၈၀မဂ္ဂါဝပ်)(ကလေး)၊ **သူဌေး** (၁၁၁မဂ္ဂါဝပ်) (သံတွဲ)၊ **အမ်းချောင်း** (၁၀ မဂ္ဂါဝပ်) (အမ်း)၊ **အထက်ကျိုင်းတောင်း** (၅၁မဂ္ဂါဝပ်) (ကျိုင်းတောင်း) ရေအားလျှပ်စစ်

စီမံကိန်းများကို တည်ဆောက်လျက် ရှိပါသည်။ **အထက်သံလွင်(မိုင်းတုံ) ရေအားလျှပ်စစ် စီမံကိန်း** (၇၁၁၀မဂ္ဂါဝပ်) (တောင်ကြီး) တည်ဆောက်ရန် စူးစမ်းတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ အသားတင် ဆောက်လုပ်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၃၄၈,၀၁၈.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ၂၆.၆ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၀) ဆောက်လုပ်မှုကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ဆောက်လုပ်မှုကဏ္ဍ၏ အသားတင် ဆောက်လုပ်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၉၈၈,၆၉၁.၉ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၇၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၁၈.၄ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၁,၂၄၉,၉၅၃.၇ သန်း အကောင်အထည် ဖော်ရန် နှင့် ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၈၁၈,၀၄၄.၄ သန်း ရရှိခဲ့ပြီး ၁၄.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) (၁၂)ပေ အကျယ် ကတ္တရာလမ်းမှ (၂၄)ပေ အကျယ် ကတ္တရာလမ်းအဆင့် (၂၀) မိုင် အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂) ပေ အကျယ် ကတ္တရာလမ်းအဆင့် (၁၁၀) မိုင် တိုးမြှင့်ဖောက်လုပ်ရန် ရည်မှန်းထားရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း လမ်းမိုင် စုစုပေါင်း (၄၉-၆)မိုင် ဖောက်လုပ်ခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတကာဆက်သွယ်မှုလမ်းပေါ်ရှိ တံတား (၃၁)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများပေါ်ရှိ တံတား (၁၀၈)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းသစ်များပေါ်ရှိ တံတား (၉)စင်း၊ စုစုပေါင်း တံတား (၁၄၈) စင်းအား (၂၄) ပေ အကျယ် သံကူ ကွန်ကရစ်တံတားများအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပေ ၅၀ အောက် တံတား (၃)စင်း၊ ပေ (၅၀)နှင့် အထက် ပေ (၁၀၀) အောက် တံတား (၂၅) စင်း၊ ပေ (၁၀၀) နှင့် အထက် ပေ(၁၈၀) အောက် တံတား (၃၈) စင်း၊ ပေ (၁၈၀) အထက် တံတား (၆၅)စင်း၊ စုစုပေါင်း တံတား (၁၃၁) စင်းကို ဆောက်လုပ်လျက် ရှိပါသည်။

(ဂ) ဧရာဝတီ၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် (၂၄) ခန်းတွဲ (၁၈)ထပ်၊ အဆောက်အဦ (၄၉) လုံး ကို (၁.၆.၂၀၁၃) ရက်နေ့မှ စတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မီးလောင်မြေ ပြန်လည်နေရာချထားရေး စီမံကိန်းရေးဆွဲခြင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် ကော့ကရိတ်မြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့တွင် မြို့ပြစီမံကိန်း ရေးဆွဲခြင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အိမ်ရာစီမံကိန်းရေးဆွဲခြင်း၊ မိတ္ထီလာမြို့ Layout Plan ချထားရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(c) ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အိမ်ရာပိုင်ဆိုင်ခွင့် ရရှိရေးကို အထောက်အကူပြုမည့် အိမ်ရာဘဏ္ဍာငွေ စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် "ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်" အများနှင့် သက်ဆိုင်သောလီမိတက် (Construction and Housing Development Bank-CHDB) ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် စတင် ဖွင့်လှစ် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလ)အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချောင်းဇြဲကြီးချောင်းတံတား၊ ရေကျော်ကြီးချောင်းတံတား၊ အမ်းချောင်း(အောက်)တံတား၊ ဧရာဝတီမြစ်ကူးတံတား(မလွန်)၊ မိကျောင်းရဲတံတား၊ ပင်းချောင်းတံတား၊ ဆင်ဇာချောင်းတံတား၊ လွှာချောင်းတံတား၊ ဟောင်သရောတံတား၊ မင်းတုန်းချောင်းတံတား၊ သက္ကယ်ချောင်းတံတား၊ ရတနာသိုက်တံတားတို့ကို ဖွင့်လှစ်နိုင်ခဲ့ ပါသည်။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၂၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ၁၉.၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။ ထို့အပြင် စီမံကိန်းရည်မှန်းချက် အပေါ်တွင်လည်း ၇၃.၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သေးသဖြင့် ကျန်ဒုတိယ(၆) လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍအနေဖြင့် အကောင်အထည်ဖော်နိုင်မှု နည်းရခြင်းမှာ မိုးတွင်းကာလဖြစ်၍ တည်ဆောက်ရေး လုပ်ငန်းများ နည်းပါးခြင်းကြောင့် ဖြစ်ပြီး၊ ကျန် ဒုတိယ(၆) လပတ်တွင် ပွင့်လင်းရာသီ ဖြစ်သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းပါသည်။

ပို့ဆောင်ရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၄၇၇,၇၅၂.၀ သန်း အကောင်အထည်ဖော်ရန် နှင့် ၈.၃ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၁၁) ပို့ဆောင်ရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၀၀၀,၃၈၂.၉ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၈၆.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၁၀.၇ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၃,၁၀၂,၉၂၇.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၅.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂,၇၁၇,၈၄၆.၃ သန်း ရရှိခဲ့ပြီး၊ ၄.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှု ၈၆.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းမှာ ပုဂ္ဂလိကပိုင်လေကြောင်း ခရီးသွားလာမှု ပိုမိုများပြားလာခြင်းနှင့် အဝေးပြေးကားလိုင်းများ၊ လိုင်းပေါင်းစုံ ဘတ်စ်ကားယာဉ်များ များပြားလာခြင်း၊ ပုဂ္ဂလိကပိုင်အငှားယာဉ်များ၊ ပုဂ္ဂလိကပိုင် မော်တော်ယာဉ် လိုင်းသစ်များ တိုးချဲ့ပြေးဆွဲလာခြင်း တို့ကြောင့်ဖြစ်ပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ ပထမ(၆)လပတ်သည် မိုးရာသီကာလဖြစ်၍ ခရီးသွားလာမှု၊ ခရီးစဉ်များပုံမှန် ပြေးဆွဲနိုင်မှု လျော့နည်းသော်လည်း ပွင့်လင်းရာသီတွင် ပို့ဆောင်ရေးကဏ္ဍ အကောင်အထည်ဖော်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်၍ နှစ်ကုန်တွင် ရာခိုင်နှုန်းပြည့်အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(ဖ)လပတ် အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးအဖွဲ့အစည်း(၂)ခုဖြစ်သော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်းတို့မှ ခရီးသည် ပို့ဆောင်မှုတွင် ခရီးသည်ဦးရေ (၁၅.၄၈၄) သန်းလျှာထားခဲ့ပြီး ပထမ (ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ(ဖ.၉၀၅)သန်းဖြစ်၍(၄၄.၅၉)ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင်(၃ဖ၃.၈၃၉)သန်း လျှာထားခဲ့ပြီး ပထမ(ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ (၁၃၃.၀ဖ၀)သန်းဖြစ်၍ (၃ဖ.၅၇) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးအဖွဲ့အစည်း (၂)ခုဖြစ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်းတို့မှ ကုန်စည် ပို့ဆောင်မှုတွင် ကုန်တန်ချိန်(၂.၀ဖ၈ဖ၇)သန်းလျှာထားခဲ့ပြီး ပထမ(ဖ)လပတ် အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ (၀.၉ဖ၂၈ဖ)သန်းဖြစ်၍ (၄ဖ.၅၄) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင်(၃၃၇.၅၀၄) သန်း လျှာထားခဲ့ပြီး ပထမ(ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ (၁၄ဖ.၉၈၂)သန်း ဖြစ်၍ (၄၃.၅၅) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ပထမ (ဖ) လပတ်အတွင်း ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ ရန်ကုန်-ပုသိမ်၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး-ညောင်ဦး (ထူး)၊ မန္တလေး-ဗန်းမော် (ထူးမြန်)၊ မန္တလေး-ဗန်းမော် (မြန်)၊ မော်လမြိုင်-ကလို၊ မော်လမြိုင်-နတ်မော်၊ စစ်တွေ-မြောက်ဦး၊ စစ်တွေ-ဘူးသီးတောင်၊ မုံရွာ-ဟုမ္မလင်း(မြန်) တို့သို့ ပြည်တွင်းရေကြောင်းပိုင် သင်္ဘောများဖြင့် ကမ္ဘာလှည့် ခရီးသည် (၁၇၄၇၈)ဦးကို ပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

(ဃ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာဆိပ်ကမ်းအာဏာပိုင်မှ ကုန်ကိုင်တွယ်မှုတွင် ပို့ကုန် မက်ထရစ်တန်(၁၀.၄၃၅)သန်းလျှာထားခဲ့ပြီး၊ ပထမ(ဖ)လပတ် အတွင်း အမှန် အကောင်အထည်ဖော်နိုင်မှုမှာ မက်ထရစ်တန်(၄.၀၄၁)သန်း ဖြစ်၍ (၃၈.၇၃) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သွင်းကုန် မက်ထရစ်တန် (၁၅.၅၅၇) သန်း လျှာထားခဲ့ပြီး ပထမ(ဖ)လပတ်အတွင်း အမှန်အကောင်အထည်ဖော်နိုင်မှုမှာ မက်ထရစ်တန် (၉.၉ဖ၀)သန်းဖြစ်၍ (ဖ၄.၀၂) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ် ပုဂ္ဂလိကပိုင်အခန်းတွင် တိုးတက်မှု ရှိသော်လည်း နိုင်ငံပိုင်အခန်းတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ခရီးသည် လိုက်ပါမှုနှင့် ကုန်တင်ဆောင်မှုလျော့နည်းခြင်း၊ မြန်မာ့လေကြောင်းအနေဖြင့် ခရီးစဉ်ပျံသန်းမှု အတွက် လေယာဉ်အင်အား လျော့နည်းသုံးစွဲခဲ့ရသောကြောင့် ခရီးသည်၊ ခရီးသည်မိုင်နှင့် ဝင်ငွေများ လျော့နည်းခဲ့ပါသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခဲ့ရာ ခရီးစဉ် အချို့တွင် မော်တော်ယာဉ်လက်မှတ်ခနှင့် ကွာဟမှုနည်းပါးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်ကားလမ်းမကြီး ဖွင့်လှစ်ပြီးသည့်နောက် ရန်ကုန်-မန္တလေးခရီးစဉ်နှင့် အဆိုပါ လမ်းပိုင်းနှင့် ဆက်စပ်လျက်ရှိသည့် မြို့များသို့ အလွယ်တကူ အချိန်တိုအတွင်း မော်တော်ယာဉ်ဖြင့် သွားလာ နိုင်ခြင်း၊ တောင်ပေါ်လမ်းပိုင်းများတွင် ခေတ်မီမော်တော်ယာဉ်လိုင်းများ ပိုမိုလျင်မြန်စွာ ပို့ဆောင် နိုင်မှုကြောင့် ခရီးဝေးရထားစီးခရီးသည် စီးနင်းမှု လျော့နည်းခဲ့ခြင်း၊ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင်လည်း အထူးမော်တော်ယာဉ်လိုင်းများ တိုးချဲ့ ပြေးဆွဲလာခြင်းတို့ကြောင့် ရထားစီးခရီးသည် လျော့နည်းရခြင်း၊ ပုဂ္ဂလိက ကျောက်တင်ပို့ပေးမှု ရထားတွဲဆိုင်းများအား သိမ်းဆည်းခဲ့ပြီး မြို့ပြအင်ဂျင်နီယာဌာန၏ ကျောက်ရထားအဖြစ် အသုံးပြုခဲ့ရခြင်းကြောင့် လစဉ် ပျမ်းမျှတန်ချိန် (၀.၀၁၃)သန်းနှင့် ဝင်ငွေကျပ် (၁၀၀)သန်း လျော့နည်းခဲ့ခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု လျော့နည်းခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးပိုင်ယာဉ်များသည် စီးပွားရေး တွက်ချေမကိုက်သည့် ယာဉ်များ များပြားခြင်း၊ ဆောက်လုပ်ရေး ကုန်တန်ချိန် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ပြေးဆွဲစီးရေ လျော့နည်းခြင်းနှင့် ပုဂ္ဂလိကပိုင်ယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲ နိုင်မှု မရှိခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု လျော့နည်း ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လေကြောင်းပို့ဆောင်ရေး လုပ်ငန်းသစ် ၂၆ ခု တည်ဆောက်ရန်လျာထားခဲ့ပြီး မြစ်ကြီးနားလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း (၀.၆) ရာခိုင်နှုန်း၊ ဟဲဟိုးလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်း (၁၃.၀၇)ရာခိုင်နှုန်း၊ ညောင်ဦး လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း (၂၈.၂၆) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ၁၁ ခု နှင့် လုပ်ငန်းသစ် ၁ ခုကို ဆောင်ရွက်ရန်ရည်မှန်းထားရာ ဆောင်ရွက်ဆဲလုပ်ငန်းမှ ဧရာဝတီမြစ် ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်း(၄.၄၅)ရာခိုင်နှုန်း၊ ချင်းတွင်းမြစ် ရေလမ်း ဖွံ့ဖြိုးရေး လုပ်ငန်း (၁.၀၂)ရာခိုင်နှုန်း၊ စကြော-ကျီးကန်းသိုက် ရေလမ်း ဖွံ့ဖြိုးရေး လုပ်ငန်း (၅၂.၂၇) ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မြန်မာ့မီးရထားသည် သစ်သား ဧလီဖားတုံး ဝယ်ယူလဲလှယ်မှု အခြေအနေတွင် သစ်သား ဧလီဖားတုံး (၃၁၁၅၈) တုံး ဝယ်ယူရန် လျာထားသည့်အနက် မြန်မာ့သစ်လုပ်ငန်းထံမှ သစ်သားဧလီဖား (၁၇၈၉) တုံးနှင့် အထူးဧလီဖား (၄.၅၄) တန် ဝယ်ယူရရှိခဲ့ပါသည်။ သစ်သားဧလီဖား (၁၄၀,၀၀၀)တုံး လဲလှယ်ရန်လျာထားခဲ့ရာ (၆၂၈၉) တုံး လဲလှယ်ထည့်သွင်း နိုင်ခဲ့ပါသည်။ ကွန်ကရစ်ဧလီဖား ထုတ်လုပ်နိုင်မှုနှင့် လဲလှယ်နိုင်မှု အခြေအနေတွင် ကွန်ကရစ်ဧလီဖား စက်ရုံများမှ ကွန်ကရစ်ဧလီဖား (၅၃၀၀၀၀)တုံး ထုတ်လုပ်ရန် လျာထားခဲ့ပြီး(၄၃၇၄၉၈) တုံး ထုတ်လုပ်နိုင်ခဲ့ပါသည်။ အဆိုပါ ထုတ်လုပ်ပြီး ကွန်ကရစ်ဧလီဖားများကို တိုင်းအသီးသီး သို့ပေးပို့လဲလှယ်စေခဲ့ရာ စုစုပေါင်း (၁၅၇၆၅၅)တုံးကို လဲလှယ် ထည့်သွင်းနိုင်ခဲ့ ပါသည်။ လမ်းခင်းကျောက်ဖြည့်တင်းနိုင်မှု အခြေအနေတွင် ကျင်းပေါင်း (၄၂၀၀၀) ကျင်း ဝယ်ယူဖြည့်တင်းရန် လျာထားသည့်အနက် တိုင်းအသီးသီးရှိ လမ်းပိုင်းများသို့ (၅၄၁၈၀.၂၅)ကျင်း၊ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းလမ်းပိုင်းများသို့ (၂၄၃၈.၅၀) ကျင်း၊ စုစုပေါင်း (၅၆၆၁၈.၇၅) ကျင်း ဖြည့်တင်းနိုင်ခဲ့သဖြင့် (၁၄၃.၈၀) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအချိန်တွင် အိန္ဒိယချေးငွေဖြင့် တစ်နာရီလျှင် တန်(၅၀)ကျ ကျောက်ခွဲစက် (၈)လုံးနှင့် တစ်နာရီလျှင် (၂၅)တန်ကျ ကျောက်ခွဲစက် (၈)လုံးကို ဝယ်ယူခဲ့ပြီး အဆိုပါ ကျောက်ခွဲစက်များကို အသုံးပြုကာ လမ်းခင်းကျောက်များကို ပိုမိုရရှိအောင် ထုတ်လုပ်၍ လမ်းပိုင်း အသီးသီးသို့ စံနှုန်းပြည့် ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) မြန်မာ့မီးရထား ၊ ရထားသွားလာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အရေးပါ၍ မရှိမဖြစ် လိုအပ်ချက်မှာ အချက်ပြများ ကောင်းမွန်ရေးနှင့် တစ်ဘူတာ နှင့် တစ်ဘူတာ၊ ဘူတာအချင်းချင်း ဆက်သွယ်သည့် ဆက်သွယ်ရေးစနစ် ပြည့်စုံ ကောင်းမွန်စေရေး

(Railway Signalling & Telecomunication Service) တို့ လိုအပ်ပါသည်။ သို့ဖြစ်၍ အိန္ဒိယသမ္မတနိုင်ငံမှ ချေးငွေဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်းမှ ဘူတာများအား အချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ အဆင့်မြှင့်တင်နိုင်ရေး အတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါ သည်-

(၁) ဘူတာ(၆)ဘူတာအတွက် Solid State Interlocking ကွန်ပျူတာ ကွန်ထရိုးစနစ်သုံးမည့် မီးရောင်ပြောင်း အချက်ပြစနစ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် Block Proving with Axle Counter အချက်ပြစနစ်များ တပ်ဆင်ခြင်း၊

(၂) ပဲခူးဘူတာမှ မန္တလေးဘူတာအထိ Block Proving with Axle Counter အချက်ပြစနစ် တပ်ဆင်ခြင်းလုပ်ငန်း၊

(၃) ဘူတာအချင်းချင်းနှင့် ဌာနချုပ် ဆက်သွယ်ရန်အတွက် ရန်ကုန်-မန္တလေး လမ်းပိုင်းရှိ ဘူတာများတွင် EPABX Exchangeများ တပ်ဆင်ကာ Cable Media အသုံးပြုသည့် Fiber Phone ကွန်ယက်ဖြင့် Block Phone များ ဆက်သွယ် တပ်ဆင်ခြင်းလုပ်ငန်း၊

(၄) Electronic Private Automatic Branch Exchange စက်ခလုတ်ခုံ (၈) ခုံ တပ်ဆင်ခြင်းလုပ်ငန်း၊

(၅) Optical Fibre Cable - OFC သွယ်တန်းခြင်းနှင့် Transmission စက်များ တပ်ဆင်ခြင်းလုပ်ငန်း၊

ပို့ဆောင်ရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှ အပြည့်အဝရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စွမ်း ရှိလာခြင်းကြောင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာခြင်း၊ လေယာဉ်လက်မှတ်ဈေးနှုန်းများကြီးမြင့်ခြင်း တို့မှာ အဓိကပြဿနာ အဟန့်အတားများဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ မလုံလောက်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများနည်းပါးခြင်း၊ နိုင်ငံတကာအဆင့်မီကုန်သိုလှောင်ရုံများ လိုအပ်ခြင်းများလည်းဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံပိုင် ပို့ဆောင်ရေး လုပ်ငန်းများအနေဖြင့် ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများ နှင့် ယှဉ်ပြိုင်ပြေးဆွဲနိုင်မှု မရှိသဖြင့် ဖက်စပ်လုပ်ငန်း (Joint Venture)၊ တည်ဆောက် လုပ်ဆောင် လွှဲပြောင်းစနစ် (BOT) နှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းလုပ်ဆောင်မှု အစီအစဉ် (PPP)

စနစ်ဖြင့်ပြောင်းလဲကျင့်သုံး ဆောင်ရွက်လျက်ရှိရာ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် တည်ဆောက်ရေး လုပ်ငန်းအတွက် တင်ဒါအောင်မြင် ပြီးဖြစ်သော Incheon Airport Consortium နှင့် လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း အနေဖြင့် တင်ဒါ အောင်မြင်ပြီး ဖြစ်သော Pioneer Aerodrome Service နှင့် လည်းကောင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် ဖွံ့ဖြိုးရေးလုပ်ငန်း အတွက် တင်ဒါအောင်မြင်ပြီး ဖြစ်သော Mitsubishi-Jalux in association with SPA နှင့်လည်းကောင်း အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများ ဖြစ်သည့် ဗိုလ်တထောင်ဆိပ်ကမ်းတွင် အပန်းဖြေအနားယူနိုင်ရေး နေရာများ၊ အဆောက်အဦများ၊ ဆိုင်ခန်းများ တည်ဆောက်ခြင်း၊ ဆူးလေဆိပ်ခံတံတား အမှတ် (၁၊ ၂၊ ၃၊ ၄) အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ နန်းသီတာ၊ ပန်းဆိုးတန်း၊ ဒလဆိပ်ခံတံတား အဆင့်မြှင့်တင် တည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ ခေတ်မီ အဆောက်အအုံများ တည်ဆောက်ခြင်းတို့ကို PPP စနစ်ဖြင့် တင်ဒါခေါ်ယူပြီး ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် စေရေးနှင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေမည် ၊လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီးစရိတ်သက်သာစွာဖြင့် သွားလာနိုင်မည်၊ ပို့ဆောင်ရေး ဆိုင်ရာ ဝန်ဆောင်မှုများမှာအခြားအာဆီယံနိုင်ငံများနည်းတူဖြစ်လာမည်၊ပြည်တွင်းပြည်ပလေကြောင်း လိုင်းခရီးစဉ်များတိုးချဲ့ပျံ့သန်းခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်၏အကျိုး စီးပွားကို ကာကွယ်ပေးမည် ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေး ကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကိုပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၈၀,၃၆၃.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ၂၆.၇ ရာခိုင်နှုန်း ပြောင်းလဲမှုလျော့နည်းရန် လျာထား ခဲ့ပါသည်။

ပုံ (၅-၁၂) ဆက်သွယ်ရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ဆက်သွယ်ရေးကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၅၀,၃၅၆.၂ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၂၅.၀ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၆.၁ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၇၇၃,၈၆၂.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ၅၇.၂ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားရာ ကျပ် ၉၇၀,၅၆၇.၂ သန်း ရရှိခဲ့ပြီး၊ ၇၁.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း (၁၅၀၀ကျပ်တန်) တန်ဖိုးနည်း မိုဘိုင်းဖုန်း များကို လစဉ် မြို့နယ်၊ကျေးရွာများသို့ တိုးချဲ့ တပ်ဆင်ပေးခဲ့သောကြောင့် ဆက်သွယ်ရေးကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုမှာ ၁၂၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ တယ်လီဖုန်း တပ်ဆင်မှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၂၂၀၂၀၀၀ ရည်မှန်းခဲ့ရာ ပထမ (၆)လပတ် အထိ တပ်ဆင်သည့် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၁၇၇၂၇၉၀ ဖြစ်၍ ၈၀.၅ ရာခိုင်နှုန်း တပ်ဆင်နိုင်ခဲ့ပါသည်။ တယ်လီဖုန်းတပ်ဆင်မှု ၈၀.၅ ရာခိုင်နှုန်းအထိ ဆောင်ရွက် နိုင်ခဲ့၍ တယ်လီဖုန်း ဝင်ငွေလည်း တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန် အထိ မိုဘိုင်းဖုန်းများကို လစဉ် တိုးချဲ့တပ်ဆင် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ရည်မှန်းချက်အပေါ် ရာခိုင်နှုန်း ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဟု သုံးသပ်ရပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများမှာ ဖော်ပြပါ အတိုင်းဖြစ်ပသည်-

(က) ဆက်သွယ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက် ရေးဆွဲထားသည့် ဆက်သွယ်ရေးဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းထားရှိပါသည်။ ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးပါက နည်းဥပဒေကို ဆက်လက်ရေးဆွဲသွားမည် ဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံရှိပြီး လက်ရှိ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေး ကုမ္ပဏီကြီးများ ပါဝင်ဆောင်ရွက်ရန် နိုင်ငံတကာ ဆက်သွယ်ရေးဆိုင်ရာ တင်ဒါခေါ်ယူ ရွေးချယ်၍ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိသည့် ကုမ္ပဏီ ၂ခု ဖြစ်သော Telenor Mobile Communications နှင့် Ooredoo ကုမ္ပဏီတို့ကို ရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါတွင် နိုင်ငံတော် ဘတ်ဂျက်ငွေကိုသာမက ပြည်တွင်း/ပြည်ပမှ ချေးငွေနှင့်အကူအညီ အထောက်အပံ့များပါ ရယူ၍ စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ချင်းပြည်နယ် ဆမီးမြို့နယ်ခွဲ တွင် အဆင့်(၅)ရှိစာတိုက် ရုံးသစ်(၁) ရုံးနှင့် ကြေးနန်းရုံး အသစ် (၁) ရုံး ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ကြို့ပင်ကောက် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီမြို့နယ်တို့တွင် ကြေးနန်းရုံးများကို အဆင့်မြှင့်တင်ခဲ့ပါသည်။ မချမ်းဘော၊ လှိုင်းဘွဲ့၊ ကလေးဝ၊ ပလက်ဝ၊ ပင်လောင်း၊ သိန္နီ၊ မိုင်းတုံနှင့် ငွေဆောင်မြို့နယ်တို့တွင် ကွန်ပျူတာဖြင့် ကြေးနန်းပို့ခြင်း လုပ်ငန်းကိုတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ ဆက်သွယ်ရေးရုံးများကို ဝေးလံဒေသများတွင် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ဒေသနေပြည်သူများ ယခင်ထက် ဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ပါသည်။

(ဂ) တယ်လီဖုန်းလုပ်ငန်း အနေဖြင့် လုပ်ငန်းလိုအပ်ချက်များအရ နေပြည်တော်တွင် GSM စခန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် GSM, CDMA-800 နှင့် MEC စခန်းများ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် CDMA-800 နှင့် MECစခန်းများ နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် CDMA-800 နှင့် MECစခန်းများစသည့်၊ မိုဘိုင်းရုံး (၅) ရုံး ဖွင့်လှစ် နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝ နှင့် မော်လိုက်၊ ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်၊ ရသေ့တောင်နှင့်အမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကာလိ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မဘိမ်း၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ပြင်စလူ၊ ချင်းပြည်နယ်တွင် ကန်ပက်လက်၊ တနင်္သာရီတိုင်း ဒေသကြီးတွင် တနင်္သာရီ နှင့် မကွေးတိုင်းဒေသကြီးတွင် ဆောစသည့် မြို့နယ်များတွင် တယ်လီဖုန်း ရုံးသစ်များ (၁၁) ရုံး ဖွင့်လှစ်ခြင်း နှင့် နေပြည်တော်တွင် ဒက္ခိဏာသီရိ မြို့သစ်နှင့် ရွှေကြာပင်(၁,၂)၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ပန်းတနော်၊ မြန်အောင်နှင့် ကျောင်းကုန်းနှင့် ကယားပြည်နယ်တွင် ဒီမောဆိုးစသည့် မြို့နယ်များတွင် လိုင်းအင်အား တိုးချဲ့ခြင်း (၆) ရုံးကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

(ဃ) မိုဘိုင်းတယ်လီဖုန်းများကို ၂၃-၄-၂၀၁၃ ရက်နေ့မှ စတင်၍ ၁၅၀၀ကျပ် ဈေးနှုန်းသို့ လျော့ချတပ်ဆင်၍ မြို့ပြ/ကျေးလက်နေ ပြည်သူများအထိ သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။ လစဉ် မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တပ်ဆင်ဆောင်ရွက် ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ တပ်ဆင်ပြီး မိုဘိုင်းဖုန်း ၅,၇၄၈,၂၉၈ လုံးအပါအဝင် တယ်လီဖုန်း လုံးရေ စုစုပေါင်း ၆,၃၂၁,၉၀၃ လုံး တပ်ဆင်ပြီး ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း သိပ်သည်းဆ ၃.၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင်GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ တပ်ဆင်ခြင်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ တယ်လီဖုန်းသိပ်သည်းဆ မှာ ၁၃.၇၈ ရာခိုင်နှုန်း ရှိလာ ပြီဖြစ်ပါသည်။

(c) GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ သွားရောက် အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှုစနစ် ကို ဆောင်ရွက် လျက်ရှိပါသည်။ နိုင်ငံပေါင်း(၂၅)နိုင်ငံမှ Operator (၄၉) ဦး၏ မိုဘိုင်းတယ်လီ ဖုန်း သုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက် သုံးစွဲနိုင်ပြီ ဖြစ်ပါ သည်။

(စ) အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းအနေဖြင့် ပက်ကက်ဆွိချင်လိုင်း၊ ဖိုက်ဘာ လိုင်း၊ MPT Satellite Terminal E1 လိုင်း၊ ADSL လိုင်း ၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေးစနစ် အမျိုးမျိုးကိုအသုံးပြု၍ အင်တာနက် ချိတ်ဆက် အသုံးပြု လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အထိ အင်တာနက် လိုင်း အင်အား၁,၄၀၃,၃၀၆လိုင်းနှင့် သုံးစွဲသူဦးရေမှာ ၁,၄၈၉,၂၅၁ ရှိလာပြီ ဖြစ်ပါသည်။

(ဆ) ဖိုက်ဘာဆက်ကြောင်း လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ဆဲ ၈၃၉ ကီလိုမီတာ ရှည်သော ရန်ကုန်-နေပြည်တော် -မန္တလေး(အမြန်လမ်း) ၊ ၇၀၀ ကီလိုမီတာ ရှည် သော ရန်ကုန်-ပြည်-နတ်မောက်-ပျော်ဘွယ်-နေပြည်တော်ဆက်ကြောင်း များ၏ ဖိုက်ဘာချခင်းသွယ်တန်းခြင်းမှာ ၁၀၀ ရာခိုင်နှုန်း နှင့် ၉၆.၃၂ ကီလိုမီတာ ရှည်သော ငွေးချို-ရေနံချောင်း-မကွေး ဆက်ကြောင်းမှာ ၈၀ရာခိုင်နှုန်း ပြီးစီး ဆောင်ရွက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေး ကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၉,၉၃၄.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၆၄.၀ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၃) ငွေရေးကြေးရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ငွေရေးကြေးရေး ကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၄၃,၃၄၁.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၂၄.၃ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် ၅၁,၅၃၅.၇ သန်း အကောင်အထည်ဖော်ရန် နှင့် ၉၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၅၅,၉၃၁.၅ သန်း ရရှိခဲ့ပြီး၊ ၁၀၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေများ ပိုမို ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းသည် ဝင်ငွေလျော့နည်းမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂလိက အာမခံကုမ္ပဏီများလုပ်ငန်းများ စတင် ဆောင်ရွက်လာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းမှ ရငွေများနှင့် ပတ်သက်၍ စာရင်းထားရှိမှု စနစ်ပြောင်းလဲခြင်းကြောင့် (ကျပ်ငွေလဲနှုန်းမြင့်တက်လာသဖြင့်) ဝင်ငွေလျော့နည်းခြင်း ဖြစ်ပေါ်သည် ကို တွေ့ရှိရပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေး အသင်းများမှ ချေးငွေများ ပိုမို ထုတ်ချေးခဲ့သဖြင့် အတိုးရငွေများ တိုးတက်လာခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ် (၂၀) ဘဏ်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ နိုင်ငံတစ်ဝှမ်း ဘဏ်ခွဲပေါင်း ၅၉၂ ဘဏ် ဖွင့်လှစ် နိုင်ခဲ့သဖြင့် ပထမ(၆)လပတ်တွင် စုစုပေါင်းဘဏ်ခွဲ ၁၀၇ ဘဏ် အသစ်တိုးချဲ့ ဖွင့်လှစ် ခဲ့ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများကိုလည်း တိုးချဲ့ ဆောင်ရွက် နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ် ပြန်လည် ရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရန်အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ နည်းပညာအကူအညီ၊ လိုအပ်သော ကျွမ်းကျင်မှု အကူအညီ ရယူဆောင်ရွက် လျက်ရှိပါသည်။

နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရာတွင် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများ နှင့်

နိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုခြင်းများ ဆောင်ရွက်ခြင်းဖြင့် ငွေကြေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်လာပါသည်။ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲကောင်တာများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိခြင်းနှင့် ပုဂ္ဂလိက အာမခံ ကုမ္ပဏီ (၁၂) ခုအား အသက်အာမခံ၊ မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ငွေပို့ငွေသယ် အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့တိုးတက်လာမှု အစဉ်ဖွံ့ဖြိုးစေရန် လိုအပ်သော သင်တန်း(နည်းပညာ) အထောက်အပံ့များ သင်ကြားပေးခြင်း ဆောင်ရွက်ပေး သင့်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေး မူဝါဒများနှင့် ငွေကြေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။ နိုင်ငံတော်၏ လိုအပ်သော အသုံးစရိတ်များ အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ရရှိရန် ဆောင်ရွက်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေ ရှာဖွေခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်း၊ ငွေကြေးဖောင်းပွမှု ကျဆင်းရေး၊ ကုန်စျေးနှုန်း တည်ငြိမ်ရေး၊ စုဆောင်းငွေတိုးမြှင့် စုဆောင်းရန်အတွက် ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိက ငွေကြေး လိုအပ်ချက်အတွက် ပံ့ပိုးပေးခြင်း စသည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အထူးသဖြင့် ဖွံ့ဖြိုးလာသော ပုဂ္ဂလိက ငွေရေးကြေးရေး ကဏ္ဍအား မျက်ခြေမပြတ် စောင့်ကြပ် ကြည့်ရှုသုံးသပ်နေရန် လိုအပ်ပါသည်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာချမှတ်ရန်လည်း လိုအပ် ပါသည်။ငွေကြေးနှင့် ဘဏ်လုပ်ငန်း များသည် နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးနှင့် တိုက်ရိုက် ဆက်နွယ်နေသဖြင့် ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အစဉ်မပြတ် ထိရောက်စွာ ကွပ်ကဲကြပ်မတ် ထိန်းကြောင်းခြင်းဖြင့် ငွေရေးကြေးရေးကဏ္ဍ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းအား ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေး ပိုမိုကြိုးပမ်းရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကုန်သွယ်ရေးကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်ရေး ကဏ္ဍ ၏ အသားတင် ကုန်သွယ်ရေးတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၅,၆၆၉,၈၀၆.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၃.၄ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၄) ကုန်သွယ်ရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



#

ကုန်သွယ်ရေး ကဏ္ဍ ၏ အသားတင် ကုန်သွယ်ရေးတန်ဖိုး သည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၄၃၃,၈၈၅.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်း ချက်အပေါ် ၆၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၉.၆ ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၄,၇၇၂,၁၆၁.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၂,၈၃၂,၄၂၁.၄ သန်း ရရှိခဲ့ပြီး၊ ၃.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ပကုန်သွယ်မှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်ပကုန်သွယ်မှု တန်ဖိုး အခြေအနေမှာ ပြည်ပပို့ကုန် ကျပ် ၄,၈၉၈,၄၅၂.၅ သန်းရှိပြီး ပြည်ပသွင်းကုန် မှာ ကျပ် ၅,၂၉၂,၆၉၁.၀ သန်း ရရှိသဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် **၁၀,၁၉၁,၁၄၃.၅** သန်း ဖြစ်ပါသည်။ ပြည်ပသွင်းကုန်များ (အထူးသဖြင့် ရင်းနှီးကုန်ပစ္စည်းများ) တင်သွင်းမှုတွင် ပိုမိုလာပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များ တင်ပို့မှုအခြေအနေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ **၅,၁၂၂.၁** သန်း တင်ပို့နိုင်ခဲ့ပါသည်။ လယ်ယာ ထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်နှင့် ကျောက်မျက်ရတနာပစ္စည်း၊ စက်မှုကုန်ချောပစ္စည်း စသည့် ပို့ကုန်အုပ်စု များတွင် ပိုမိုတင်ပို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပထမ

(ဖ)လပတ်တွင် တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် သစ်တော ထွက်ပစ္စည်းတင်ပို့မှုတို့တွင် ယခင်နှစ်ကထက် လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု တွင်ပါဝင်သည့် ပြောင်း၊ နှမ်း၊ ရာဘာနှင့် ဆန်ကွဲ တင်ပို့နိုင်မှု သိသိသာသာ တိုးတက်လာပါသည်။ ကုန်သွယ်ရေး ဖြေလျော့မှုများ ဆောင်ရွက်လာခြင်းဖြင့် လည်းကောင်း၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေး ပိတ်ဆို့မှုများ ဖယ်ရှား ပေးမှုကြောင့်လည်းကောင်း ပို့ကုန်ဈေးကွက်များ ကျယ်ပြန့်စွာ ထိုးဖောက်လာနိုင်သည့် အတွက် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် ပါဝင်သော ချုပ်ပြီးအထည်တင်ပို့မှု (လက်ခစား လုပ်ငန်း)သည် ယခင်နှစ် အလားတူကာလထက် ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။ ပွင့်လင်းလာသော ဈေးကွက် သစ်၊ အမယ်သစ်များ တင်ပို့ ကုန်သွယ်နိုင်ရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက် ရပါမည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(ဖ)လပတ်တွင် ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန် တင်သွင်းမှုအခြေအနေမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ **၅,၅၄၆.၁** သန်း တင်သွင်းခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသော ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများတွင် အလားတူကာလထက် ပိုမိုတင်သွင်းခဲ့ ကြောင်း တွေ့ရှိရပါသည်။

ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခဲ့ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြုပြင်ပြောင်းလဲမှုအနေဖြင့် ဌာနများအား ဝန်ကြီးရုံး၊ ကုန်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တို့ကို ပြင်ဆင်ဖွဲ့စည်း စီမံဆောင်ရွက်ခဲ့ပါသည်။ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖေါ်ပြပါ လုပ်ငန်းများအား ဆောင်ရွက်စေနိုင်ပါသည် –

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(ဖ) လပတ်တွင် နယ်စပ်ဒေသများအတွင်း တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team)များ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လာမည့်ကာလ ပွင့်လင်းရာသီတွင် (Mobile Team)များပိုမိုရှိ ဆောင်ရွက်စေခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု လျော့နည်း ပျောက် စေပြီး ပုံမှန်ကုန်သွယ်မှု တိုးပွားလာပါ မည်။

(ခ) ကုန်ထုတ်လုပ်မှု စက်ရုံ/အလုပ်ရုံများအတွင်း နည်းပညာနှင့် လိုအပ်ချက် အခြေ အနေများကို ပြည်တွင်း/ပြည်ပကုန်သည်များ၊ အသင်းအဖွဲ့များက ပေါင်းစပ် ပံ့ပိုး ပေးခြင်းဖြင့် ထုတ်လုပ်သူနှင့် ကုန်သွယ်သူတို့အကြား လိုအပ်ချက်များ ပိုမို ချောမွေ့စေပါသည်။

(ဂ) Website နှင့် Trade News Bulletin ၊ Hot News စာစောင်တို့တွင် ကုန်သွယ်မှုဆိုင်ရာ ပြည်တွင်း/ပြည်ပမှ စျေးကွက်သတင်း အချက်အလက်များ အားလေ့လာဖော်ပြခြင်းအပြင် စာစောင်များတွင်စီးပွားရေးဆိုင်ရာများ ထည့်သွင်းပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

(ဃ) ပို့ကုန်/သွင်းကုန် လိုင်စင် လျှောက်ထားမှုစနစ် (IELPS) အား အဆင့်လိုက်သင့်တင့်စွာ ဆက်လက် ဖြေလျော့ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပိုမို ချောမွေ့စေမည် ဖြစ်ပါသည်။

(င) ပို့ကုန်/သွင်းကုန် လိုင်စင်ကြေးဖြတ်တောက်ရာတွင် အသုံးပြုနေသည့် e-payment စနစ်အား မြန်မာနိုင်ငံသားများဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ သကဲ့သို့ အခြားငွေကြေးနှင့် ဘဏ်လုပ်ငန်းများကိုပါ ပါဝင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(စ) မြန်မာနိုင်ငံ၏ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းအတွက် ADB အကူအညီဖြင့် နည်းပညာ၊ ကျွမ်းကျင်ပညာရှင်များ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆန်းစစ်ချက်အစီရင်ခံစာများမှ အားသာချက် အားနည်းချက်များကို သုံးသပ် ပြုပြင် သင့်ပါသည်။

(ဆ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးသည့် Enhanced Integrated Framework (EIF) အစီအစဉ် မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီးဖြစ်၍ လက်တွေ့လုပ်ငန်းစဉ်များ တွင်လည်း စတင်ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးကဏ္ဍအနေဖြင့် ပွင့်လင်းမြင်သာသော ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး အတွက် မြန်မာနိုင်ငံသည် WTO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖေါ်ပြပါ ဘာသာရပ်များကို လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်–

(က) အကောက်ခွန် လျော့ချရေး၊

(ခ) အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရေး၊

(ဂ) ပင်ရင်းဒေသ စည်းမျဉ်းများ၊

(ဃ) အကောက်ခွန် ပေါင်းစည်းရေး၊

(င) စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ အတားအဆီးများ၊

(စ) ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး၊

(ဆ) အာဆီယံ ပြုတင်းတစ်ပေါက်စနစ် ဖြစ်ပေါ်ရေးစသည်တို့ဖြစ်သည်။

ထိုဘာသာရပ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်အာဏာပိုင်အဖွဲ့အစည်း တစ်ခု (Competent Authority) သတ်မှတ်၍ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ (Intergovernment Agency Body) ဖွဲ့စည်းရေးအတွက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ၂၀၁၅ အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ပေါ်ရေးအတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက်အရ ကုန်စည်များ လွတ်လပ်စွာစီးဆင်းရေး လုပ်ငန်းကော်မတီကို အစိုးရဌာန/အဖွဲ့အစည်း (၁၈)ခု၊ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့(၃)ခု၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အာဆီယံဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲများအတွက် Market Research Services (CPC86401)၊ Market Management Consulting Services(CPC86503) တို့နှင့် စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ခွင့်ပြုသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြေလျော့ပေးခဲ့ပါသည်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံ၏ထွက်ကုန်များ ပိုမိုတင်ပို့လာနိုင်ရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာရေးဆွဲမှုအား ဂျာမန် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) နှင့် နိုင်ငံတကာ ကုန်သွယ်မှုစင်တာ (International Trade Center-ITC)၏ နည်းပညာအထောက်အပံ့တို့ဖြင့် အမျိုးသားအဆင့် ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာ (National Export Strategy-NES) ကို ရေးဆွဲဆောင်ရွက်နိုင်ရန်စီစဉ်နိုင်ခဲ့ပါသည်။

ပို့ကုန်မြှင့်တင်ရေးအတွက် ဦးစားပေးကုန်ပစ္စည်း (Priority Sector Goods) တွင် ဆန်၊ ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းစသည့် ကုန်ပစ္စည်း(၅)မျိုးအား ဦးစားပေးသတ်မှတ်ခဲ့ပြီး၊ ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအား လည်းကောင်း၊ ဖွံ့ဖြိုးရန် အလားအလာရှိသော ကဏ္ဍတွင် ရော်ဘာအားလည်းကောင်းသတ်မှတ်ခဲ့ပါသည်။ ဦးစားပေး အထောက်အကူပြု ကဏ္ဍများအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှု၊ ကုန်သွယ်မှု သတင်းအချက်

အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်းနှင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေးစသည့် ကဏ္ဍများအား သတ်မှတ်ထားပြီး အမျိုးသားအဆင့် ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းအား ထိုကဏ္ဍများအတွင်း ဆောင်ရွက်သွားရန်ဖြစ်သည်။

နိုင်ငံအလိုက် ကုန်သွယ်မှု အခြေအနေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အာရှနိုင်ငံများသည် ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်ပြီး(၉၅.၁)ရာခိုင်နှုန်း၊ ဥရောပနိုင်ငံများ (၁.၉)ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံ(၀.၅)ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများ၏ကုန်သွယ်မှုသည် (၂.၅) ရာခိုင်နှုန်းဖြစ်ပါသည်။ ပထမ(၆)လပတ်အတွင်း အဓိကကုန်သွယ်ခဲ့သော နိုင်ငံများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့ ဖြစ်ပါသည်။ ယင်းတို့အနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃.၄၉ ဘီလီယံနှင့် ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂.၄၃ ဘီလီယံ အများဆုံး ကုန်သွယ်မှု ပြုခဲ့ပါသည်။ ပထမ(၆)လပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံး တင်ပို့နိုင်ခဲ့သည့်နိုင်ငံသည် စုစုပေါင်းပို့ကုန်ပမာဏ၏(၃၇.၂) ရာခိုင်နှုန်းရှိခဲ့သော ထိုင်းနိုင်ငံ ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စုစုပေါင်းပို့ကုန် ပမာဏ၏(၃၄.၄)ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံး တင်ပို့နိုင်ခဲ့သည့်နိုင်ငံ ဖြစ်ပါသည်။ ပထမ(၆)လအတွင်း ကုန်ပစ္စည်း တင်သွင်းခဲ့သည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စုစုပေါင်း သွင်းကုန်ပမာဏ၏(၃၁.၂) ရာခိုင်နှုန်းဖြင့် အများဆုံး တင်သွင်းခဲ့ပြီး စင်္ကာပူနိုင်ငံသည် (၂၃.၅) ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံး တင်သွင်းခဲ့ပါသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများနှင့်သာမက ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်နိုင်ငံကဲ့သို့ ကမ္ဘာပေါ်ရှိ အင်အားကြီး အနောက်နိုင်ငံများနှင့် လိုက်လျောညီစွာ ပေါင်းသင်းဆက်ဆံမှုအားဖြင့် လွတ်လပ်သော ကုန်သွယ်မှု ဈေးကွက်သို့ ဦးတည်ရောက်ရှိစေပြီး၊ မြန်မာနိုင်ငံအတွင်း မျက်မှောက်ကာလနှင့် အနာဂတ်၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေမည် ဖြစ်ပါသည်။

သမဝါ ယမကဏ္ဍ။ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျှက်ရှိရာ အဓိကမူဝါဒများမှာ ခေတ်မီနည်းပညာနှင့်အတတ်ပညာတတ်မြောက် အသုံးပြုနိုင်သည့် သမဝါ ယမအသင်းများ၊ အသင်းသားများဖြစ်စေရေး အားပေးဆောင်ရွက်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များတိုးတက် ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေရေးအတွက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု စုစုပေါင်းတန်ဖိုးကို ပထမ (၆)လပတ်တွင် ကျပ် ၁၈၀,၂၀၆.၅ သန်း ရရှိရန် မျှော်မှန်းထားရှိခဲ့ရာ ကျပ် ၁၇၆,၂၉၅.၇ သန်း ရရှိခဲ့သဖြင့် ၉၇.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ တိုးတက်မှုနှုန်း အနေဖြင့် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခဲ့ရာ ၄.၇ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

ပုံ (၅-၁၅) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ သမဝါယမပိုင်အခန်းမှ ပထမ(၆) လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှုအခြေအနေ



စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေနှင့် ပတ်သက်၍ လူတန်းစားအလွှာပေါင်းစုံဆောင်ရွက်စေနိုင်မည့် အခြေခံသမဝါယမအသင်း (၂၃၈၄) သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး (၃၀-၉-၂၀၁၃) အထိ ဖွဲ့စည်းပြီး သမဝါ ယမ အသင်း ပေါင်း (၂၂၉၄၉) သင်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပါဝင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် ငွေစုငွေချေးနှင့် အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သော သမဝါယမအသင်း (၄၈၈) သင်း၏ ငွေစုငွေချေး လုပ်ငန်းခွဲများမှ အသင်းသား(၃၆၉၅၄)ဦးသို့ ကျပ်(၂၄၂၈.၄၇၄) သန်းထုတ်ချေး ပေးနိုင်ခဲ့ပါသည်။ လိုအပ်သော ငွေကြေး အရင်းအနှီးရရှိစေရန်နှင့် ဘဏ္ဍာရေး ခိုင်မာမှုရရှိစေရန် အစုတစ်စု တန်ဖိုး

ကိုလည်း (၅၀၀) ကျပ် မှ(၅၀၀၀) ကျပ်သို့ အစုတန်ဖိုး တိုးမြှင့် ထည့်ဝင်စေခြင်း၊ အကျိုးငွေဖြင့် အရင်းဖြည့်သွင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒေသထွက်သယံဇာတအရင်းအမြစ်များကို အသုံးပြုလုပ်ဆောင်သော စီးပွားရေး လုပ်ငန်းများဖြစ်သည့် ရေနံစိမ်းထုတ်လုပ်ခြင်းကို သမဝါယမအသင်း(ဖ)သင်းမှလည်းကောင်း၊ ကျောက်စိမ်းကျောက်မျက်အရိုင်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဂဝံအုတ်ပြား၊ လမ်းခင်းကျောက်၊ မြစ်သဲ၊ ရေတွင်းကျောက်၊ ကျင်းကျောက်၊ စကျင်ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများကို သမဝါယမအသင်း(၁၂)သင်းမှ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးမြင့်လာရေးအတွက် လူတစ်ဦးချင်း ဝင်ငွေရရှိရန် ချေးငွေများထုတ်ချေးပြီး၊ ဝက်၊ နွား၊ ဆိတ်၊ ငါးမွေးမြူရေးလုပ်ငန်း၊ အိမ်ဆိုင် လုပ်ငန်းများဆောင်ရွက်ပြီး ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သမဝါ ယမ အသင်းများမှ လိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာ များကို ဂျပန်၊ ကိုရီးယား၊ မလေးရှားနိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတကာကုန်စည်ပြပွဲများဖြစ်သော တရုတ်-တောင်အာရှ၊ ကူမင်း၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲများသို့၊ သမဝါယမအသင်းများမှ ကျောက်မျက်ရတနာ၊ သစ်အချောထည်၊ ပန်းပု ရုပ်မျိုးစုံ၊ ကြိမ်ထည်ပစ္စည်းများ သွားရောက်ပြသပေးနိုင်ခဲ့ပါသည်။

သမဝါယမတက္ကသိုလ်(၂)ခု၊ ကောလိပ်(၂)ခု၊ သင်တန်းကျောင်း (၄) ကျောင်းနှင့် ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း (၃) ကျောင်းတို့တွင် လက်မှတ်ရ စာရင်းရေး စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ လက်နှိပ်စက်သင်တန်း၊ အရာရှိများလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှလည်း စားသောက်ကုန်၊ လူသုံးကုန်၊ အခြားနည်းပညာသင်တန်း၊ (၃၀) ကြိမ်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ အသေးစား စက်မှု လက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းကို လုပ်ငန်း (၉၄၉)ခု လျာထားရာ (၁၀၀၉)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သမဝါယမပို့ကုန်သွင်းကုန် လုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(ဖ)လပတ် တွင် ပို့ကုန်တင်ပို့နိုင်မှုမှာ လယ်ယာဥယျာဉ်ခြံမြေထွက် သီးနှံအနေဖြင့် မတ်ပဲ၊ ရေထွက် ပစ္စည်း စသည့် ပို့ကုန်ပစ္စည်း (၂)မျိုး အတွက် မက်ထရစ်တန်ချိန် (၉၂၃.၉၆၅၀)၊ တန်ဖိုး ကျပ် (၄၆၃.၅) သန်း၊ သမဝါယမအသင်းများမှ ပို့ကုန်တင်ပို့နိုင်မှုမှာ လယ်ယာဥယျာဉ် ခြံမြေထွက် သီးနှံ၊ ရေထွက်

ပစ္စည်း၊ ကြိမ်၊ လက်မှုပစ္စည်း၊ ကုန်မျိုးစုံ အတွက် မက်ထရစ်တန်ချိန် (၁၃၇၀၀.၆)၊ တန်ဖိုး ကျပ် (၉၆၃၂၂.၅) သန်း တင်ပို့နိုင်ခဲ့ပါသည်။

ပုံ (၅-၁၆) သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမအသင်းများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း)



သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ သမဝါ ယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၏ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် ကျပ် ၄၁၄၂.၆ သန်း လျာထားခဲ့ရာ ကျပ် ၄၆၃၂.၅ သန်း ရရှိခဲ့သဖြင့် ၁၁.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။ သမဝါယမအသင်းများ၏ ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးကို ကျပ် ၅၂၂၃.၂ သန်း လျာထားခဲ့ရာ ကျပ် ၉၆၃၂.၅ သန်း ရရှိခဲ့သဖြင့် ၁၈၄.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။

ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးကို ပထမ(၆)လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ်

၆၁၄,၃၁၄.၂ သန်း အကောင် အထည်ဖော်ရန် နှင့် ၁၉.၇ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၅-၁၇) ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးသည် ပထမ(၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများ အရ ကျပ် ၆၃၅,၅၉၁.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၃.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ၂၀.၇ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅၅၉,၈၃၆.၈ သန်း အကောင်အထည်ဖော်ရန် နှင့် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၅၄၀,၀၇၅.၂ သန်း ရရှိခဲ့ပြီး၊ ၁၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အနေဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးစသည့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အကျုံးဝင်ခြင်းမရှိသေးသည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ဌားရမ်းမှု လုပ်ငန်းတို့၏ ဝန်ဆောင်မှု တန်ဖိုးကို စုစည်း၊ ခန့်မှန်း ဖော်ပြလျက်ရှိပါသည်။ ပုဂ္ဂလိကပိုင်အခန်းသည် ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉၆% ကျော်ပါ ဝင်နေပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှု လိုအပ်ချက်များအရ ပညာရေးဝန်ဆောင်မှု၊

ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Toll Gate တို့အပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်ဖြစ် ထွန်းလာပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဟူသောနိုင်ငံတော်သမ္မတ လမ်းညွှန် ချက်နှင့်အညီ နိုင်ငံတော်၏ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ထူးချွန်ထက်မြက်သည့် လူစွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပညာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပုဂ္ဂလိက ပညာသင်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ်တွင် ပုဂ္ဂလိကကျောင်း (၆၉)ခု၊ ဘော်ဒါဆောင်လုပ်ငန်း(၄၈၁၉)ခုနှင့် နေ့ကလေးထိန်း လုပ်ငန်း (၂၂၈၀)ခုတို့ ဖြင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

အဆင့်အတန်းမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးသော ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုလည်း ၂၀၀၇ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဥပဒေနှင့်အညီခွင့်ပြု၍ ဆောင်ရွက်စေခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိက ပိုင်အခန်းမှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် ပုဂ္ဂလိကဆေးရုံ (၁၆၇)ခု၊ ဆေးကုသခန်း (၅၅၄၅)ခု၊ တိုင်းရင်းဆေးကုသခန်း (၈၅၉)ခု အထိ ဖြစ်ပေါ်တိုးတက်ခဲ့ပြီး ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါသည်။

ခရီးသွားလုပ်ငန်း။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်မှ ချမှတ်ပေးသော ဦးစားပေး လုပ်ငန်း (၇)ခုတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရာသီချိန်နှင့် ပတ်သက်ပြီး ခရီးသည်အများအပြားလာရောက်ချိန်နှင့် ခရီးသည်ဦးရေ နည်းပါးသည့်အချိန် ဟူ၍ အခြေအနေနှစ်မျိုးရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်သည် ခရီးသည် နည်းပါးသည့် အချိန် ဟု သတ်မှတ်နိုင်ပါသည်။ ကမ္ဘာလှည့်ခရီးသည် ဦးရေကို ၉၀၀,၀၀၀ ဦး ရည်မှန်းခဲ့ရာ ခရီးသည် ဦးရေ ၇၉၄၅၁၉ ဦးရောက်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို အဆင့် (၄)ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၎င်းတို့အနက် ပထမအဆင့်ဖြစ်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းကြောင့် မြန်မာ နိုင်ငံကို နိုင်ငံတကာမှ စိတ်ဝင်စားလာသောကြောင့် ခရီးသွားလုပ်ငန်းကို ဆွဲဆောင်မှု ဖြစ်စေပါ သည်။ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုဖြစ်သော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်

ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက် လုပ်ကိုင်လိုခြင်းသည်လည်း ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် အချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်များ၊ ဟိုတယ်အခန်းများလိုအပ်ချက်ရှိခြင်း၊ အဆင့်အတန်းမီ သောဟိုတယ်များသည် တည်းခိုခန်းခ စရိတ်ကြီးမြင့်ခြင်း၊ ကန့်သတ်နယ်မြေများ သတ်မှတ်၍ ကမ္ဘာလှည့်ခရီးသည်များအား သွားရောက်ခွင့်မပြုခြင်း၊ ဒေသတွင်းလုံခြုံမှုမရှိခြင်း၊ လူမျိုးရေး ပဋိပက္ခများကြောင့် ငြိမ်းချမ်းမှုမရှိခြင်းများက ကမ္ဘာလှည့်ခရီးသည်များ နည်းပါးသွားစေသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျန်ရှိနေသော ဒုတိယ(၆)လပတ်သည် ခရီးသည်အများအပြား လာရောက်ချိန် ဖြစ်သည့်အပြင် မကြာမီပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ခုနှစ် အတွင်း အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီး အစည်းအဝေးများကြောင့် နိုင်ငံခြားသား ခရီးသည် ဝင်ရောက်မှုအခြေအနေ တိုးတက်များပြားလာနိုင်သည့်အပြင် ပွင့်လင်းမြင်သာမှု ရှိလာသော နိုင်ငံတော်၏ အခြေအနေ များကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပိုမိုတိုးတက် ဝင်ရောက်လာနိုင်ခြင်းကြောင့် ရည်မှန်းထားသည့် ကမ္ဘာလှည့်ခရီးသည် ဦးရေထက်ကျော်လွန်မည်ဟု မျှော်မှန်းထားခြင်း ဖြစ်ပါ သည်။

ခရီးသွားလုပ်ငန်း အောင်မြင်မှုရရှိရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့်ဟိုတယ်များကိုအဆင့်အတန်းမီဟိုတယ်များဖြစ်ပေါ်ရန်ဆောင်ရွက်ခြင်း၊ လုပ်ကိုင်ခွင့်ပြုထားသောဟိုတယ်တည်ဆောက်မှုများနှင့်ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော လုပ်ငန်းများကိုလည်းပြီးစီးအောင်ဆောင်ရွက်ခွင့်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ခရီးသွားပြပွဲများတွင် ပါ ဝင်ပြသနိုင်ရေး ကြိုးကြပ်စီစဉ်ပေးပြီး ဈေးကွက်ရှာဖွေ ဆောင်ရွက် ခြင်း၊ စင်းလုံးဌားလေယာဉ်၊ လေယာဉ်ခရီးစဉ်များ၊ မြစ်တွင်းအပျော်စီး သင်္ဘောခရီးစဉ်များ ဆောင်ရွက်ပေးခြင်း၊ ခရီးစဉ်ဒေသအလိုက် နိုင်ငံခြားသားများအတွက် လုံခြုံမှုရှိစေရန် စောင့်ရှောက် အကူအညီပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊ ခရီးစဉ်ဒေသတွင်း ဒေသခံပြည်သူများ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်နိုင် စေရေးနှင့် ဝန်ဆောင်မှုကောင်းများဖြင့် ဧည့်ဝတ်ကျေပွန်စွာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်ပြီး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အပြည်ပြည် ဆိုင်ရာ လေကြောင်းလိုင်းများတိုက်ရိုက်ပြေးဆွဲနိုင်ရေး၊ နယ်စပ် ဝင်/ထွက်ပေါက်များတွင် အဆင်ပြေစွာ ဝင်/ထွက် သွားလာနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်ရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲစေမည့် ခရီးသွားလုပ်ငန်းအဖြစ် စနစ်တကျ အကောင်အထည်ဖော် နိုင်ရန်ဖြစ်ပါသည်။ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံရုံးများ၊ ရုံးစိုက်ရာမြို့များနှင့် အလှမ်းကွာဝေးသော နိုင်ငံခြားသား ဧည့်သည်များအတွက် ပထမ(၆)လ ပတ်အတွင်း ခရီးသွားလုပ်ငန်း ကုမ္ပဏီ (၉၂) ခုမှ နိုင်ငံခြားသားဧည့်သည် (၁၁၅၅၈) ဦး အတွက် ပြည်ဝင်ခွင့်ဗီဇာ (Visa On Arrival) ရရှိရေး ထောက်ခံ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်/ တာဝန်ထမ်းဆောင်လျှက်ရှိသည့် နိုင်ငံခြားသားဝန်ထမ်း (၆၇၁)ဦး အတွက် ဗီဇာသက်တမ်း တိုးမြှင့်ရေး ထောက်ခံ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ခွင့်ပြုထားသည့်ခရီးစဉ်များအပြင် ခွင့်ပြုချက်ရယူ၍ သွားရောက်ရမည့် ခရီးစဉ်များ အတွက် ပထမ(၆)လပတ်အတွင်း ခရီးသွားကုမ္ပဏီ (၁၇၅)ခုမှ နိုင်ငံခြားသားဧည့်သည် (၂၇၇၁) ဦး အတွက် ခရီးစဉ်ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များမှ ဟိုတယ်ဆောက်လုပ်ခွင့်ပြုမိန့် တောင်းခံခဲ့ခြင်းနှင့် ပတ်သက်၍ ပထမ(၆) လပတ်အတွင်း ဟိုတယ်(၅)လုံးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီသောလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်(၄)မျိုးကို ထုတ်ပေးလျက်ရှိပါသည်။

(က) **ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်**

(၁) ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်း (၈၃၄) ခု၊ နိုင်ငံခြားနှင့်ပြည်တွင်းဖက်စပ် ဟိုတယ် (၂၆) ခု၊ ဌာနပိုင်ဌားရမ်း ဟိုတယ်(၂၁) ခု စုစုပေါင်း (၈၈၁) ခု ရှိပြီး၊ ပြည်တွင်းပုဂ္ဂလိကပိုင် ဟိုတယ်၌(၂၇၁၉၂) ခန်းနှင့် နိုင်ငံခြားနှင့် ဖက်စပ် ဟိုတယ်(၃၈၇၁)ခန်းနှင့် ဌာနပိုင်ဌားရမ်း ဟိုတယ်(၉၆၈) ခန်းရှိ ပါသည်။ စုစုပေါင်း အခန်း (၃၂၀၃၁) ခန်း ရှိ ပါသည်။

(၂) ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ်များမှာ မန္တလေးတိုင်း၌ အများဆုံးရှိပြီး၊ ရန်ကုန်တိုင်း၌ ဒုတိယအများဆုံးရှိပါသည်။

(၃) နိုင်ငံခြားဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များမှာ ရန်ကုန်မြို့၌ အများဆုံးနှင့် ဒုတိယအများဆုံးမှာ မန္တလေးမြို့၌ ဖြစ်ပါသည်။

(ခ) **ခရီးလှည့်လည်ရေးကုမ္ပဏီများ**

(၁) ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီများမှာ စုစုပေါင်း(၁၂၃၃) ခု ရှိပါသည်။ ၄င်းကုမ္ပဏီများသည် ရန်ကုန်ပင်

ပေါက်မှဝင် ရောက်လာသော ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးစဉ်ချောမွေ့စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ တချို့သော ကုမ္ပဏီများသည် နယ်စပ်ဝင်ပေါက်များမှတဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအတွက် ခရီးစဉ် ဆောင်ရွက်ကြပါ သည်။

(၂) နိုင်ငံခြားမှ ရာနှုန်းပြည့်ရင်းနှီးလုပ်ကိုင်သော ခရီးလှည့်လည်ရေး ကုမ္ပဏီ (၁) ခုရှိပြီး၊ ပြည်တွင်းနှင့် နိုင်ငံခြားဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီ (၂၃)ခု ရှိပါ သည်။

(ဂ) **ဧည့်လမ်းညွှန်လိုင်စင်**

(၁) ကမ္ဘာလှည့် ခရီးသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြန်မာလူမျိုးတိုင်းရင်းသားတို့၏ ဆီးကြိုသောအပြုံးများကို နှစ်ခြိုက်စွာ လက်ခံကြပြီး မြန်မာ့ရေမြေတောတောင် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာ ခံစားရင်းမြန်မာ့ ရိုးရာယဉ်ကျေးမှု ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများ အကြောင်းကို ၎င်းတို့၏ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်း ကို နှစ်သက်ကြပါသည်။

(၂) ယင်းသို့ ရှင်းလင်းပြောကြားနိုင်ရန် သက်ဆိုင်ရာ ဘာသာရပ် အလိုက် ဧည့်လမ်းညွှန်များကို အခါအားလျော်စွာ လေ့ကျင့်မွေးထုတ် ပေးလျက်ရှိပါ သည်။ ယခုအခါ ဧည့်လမ်းညွှန်စုစုပေါင်း (၃၄၄၃) ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် အင်္ဂလိပ်ဘာသာဖြင့် လိုင်စင်ရရှိသူမှာ အများဆုံးဖြစ်ပြီး ဂျပန်ဘာသာမှာ ဒုတိယအများဆုံးဖြစ်ပါသည်။ တရုတ်ဘာသာမှာ တတိယအများဆုံး ဖြစ်ပါသည်။ ကျန်ဘာသာရပ်များမှာ အနည်းအကျဉ်းသာ ရှိကြပါသည်။

(ဃ) **ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်**

(၁) မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့် ခရီးသည်များအား သက်တောင့်သက်သာစွာ ပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များကို ထုတ်ပေးခဲ့ပါသည်။

(၂) ယင်းသို့ ထုတ်ပေးပြီးသော လိုင်စင်စုစုပေါင်းမှာ (၁၉၂)ခု၊ စင်းရေပေါင်း (၁၉ဖ) စင်း ရှိပါသည်။

(၃) ပုဂံ-ညောင်ဦးဒေသအတွင်း မိုးပျံပူဖောင်းဖြင့် ကောင်းကင်ယံမှ လှည့်လည်ကြည့်ရှုရန် ခရီးလှည့်လည်ရေးကုမ္ပဏီ (၁) ခုအား လုပ်ငန်းလုပ်ကိုင် ခွင့်ပြုထားပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ၎င်းအဖွဲ့ချုပ်အောက်ရှိ လုပ်ငန်းကဏ္ဍအလိုက် အသင်း(၁၁) သင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဟိုတယ်ဇုန် (၁၁)ဇုန် သတ်မှတ်ပြီး သက်ဆိုင်ရာဇုန် နယ်မြေအလိုက် အလုပ်အမှုဆောင်များကို ဖွဲ့စည်းပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် Sea Game၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေးများကျင်းပချိန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် AEC အဖွဲ့သို့ဝင်ရောက်ပြီး ပိုမိုပွင့်လင်းလာမည့် အချိန်များတွင် တိုးတက်ဝင်ရောက် လာမည့် နိုင်ငံခြားသား ခရီးသွား ဧည့်သည်များအတွက် တည်းခိုနေထိုင်ရေး ကိစ္စများ အဆင်ပြေစေရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီး ဟိုတယ်များတိုးတက်လာအောင် မျှော်မှန်း ဆောင်ရွက်လျက် ရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့နိုင်စေရန်အတွက် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ဆောင်ရန်၊ ရှောင်ရန် (Dos and Don’ts for Tourists) ပညာပေး မှတ်တမ်းစာအုပ်နှင့် ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်စေရန် အတွက် ပြည်ပပညာရှင်များ၏ အကူအညီဖြင့် Policy for Responsible Tourism, Policy for Involvement in Tourism စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအထိ ဖြန့်ဝေထားရှိပြီးဖြစ်ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း Myanmar Tourism Master Plan ကိုလည်းထုတ်ဝေရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

ကျင်းပပြီးစီးခဲ့သည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေး ဖိုရမ်ကာလအတွင်း Tourism Sector ၏ High Level Meeting ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပါဝင် တက်ရောက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့်လည်း Letter of Intent on Smart Tourism လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး Guiding Principle for Sustainable Tourism Development in Myanmar ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ၦင်းအပြင် World Economic Forum ကျင်းပချိန်နှင့် ချိန်ကိုက်ပြီး Nation Branding Campaign TV Commercial အစီအစဉ်ကို Channel News Asia နှင့် BBC Channel တို့တွင် ထုတ်လွှင့်ပြသနိုင်ခဲ့သကဲ့သို့ ဆက်လက်ပြီး CNN Channel ၌လည်း လွှင့်တင်ပြသ လျက်ရှိပါသည်။

ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါ က အရေအတွက် တိုးလာသည့်အပြင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေတိုးလာကြောင်း တွေ့ရှိရပါ သည်။ ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများတွင် အဓိကအားဖြင့် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ Toll Gate လုပ်ငန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ်လုပ်ငန်းများ၊ Internet ဝန်ဆောင်မှုလုပ်ငန်းများသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါ က အရေအတွက် တိုးလာသည့်အပြင် ဝင်ငွေများလည်း တိုးတက်လာသောကြောင့် ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီနိုင်မည် ဖြစ်ပါ သည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆၇၇,၈၀၅.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ၅၁.၅ ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထား ပါသည်။

ပုံ (၅-၁၈) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်
ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)



လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လ ပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆၇၇,၇၂၉.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၁၀၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၂၆.၅ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅၇၂,၁၄၈.၀ သန်း အကောင်အထည် ဖော်ရန် နှင့် ၂၇.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် ၅၀၇,၁၇၆.၀ သန်းရရှိခဲ့ပြီး၊ ၂၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန။ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းများမှာ-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အသိပညာပေးခြင်း နေရပ်သို့ ကယ်တင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ လူကုန်ကူးခံရသူများ စုစုပေါင်း (၁၆၆) ဦး လွှဲပြောင်းပေးခဲ့ပါသည်။

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့သည် ဘိန်းခင်း ၂၉၅၄.၆၇ ဧက ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ယာယီ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (ရနောင်း) အပါအဝင် (၁၁)ရုံး တိုးချဲ့ ဖွင့်လှစ်ထားရာ နှစ်နိုင်ငံ ညှိနှိုင်းချက်အရ ထိုင်းနိုင်ငံတွင် (စမုစခွန် (မဟာချိုင်)၊ စူရတ်ဌာနီ၊ ချင်းမိုင်၊ ရနောင်း) ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ရုံး (၄) ရုံးဖြင့် မြန်မာအလုပ်သမားများ၏ သက်တမ်းတိုးပေးခြင်း၊ ဒဏ်ကြေးဖြင့် စာအုပ်အသစ် ပြန်လည် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုများအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်တိုင် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ခဲ့ ပါသည်။ နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုကို ချီးမြှင့်နိုင်ရေး အတွက် မြို့ပြ/ကျေးရွာအဆင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်း ကော်မတီ အနေဖြင့် အောက်ပါဆုများ ချီးမြှင့် နိုင်ရေးကို ဆောင်ရွက်ပေး ခဲ့ပါသည်-

(၁) စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးတောင်သူလယ်သမားဆု၊

(၂) စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု၊

(၃) မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလူပုဂ္ဂိုလ်ဆု၊

(၄) မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု၊

(၅) ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု။

(ဂ) မြန်မာနိုင်ငံအမျိုးသားရှာဖွေ ကယ်ဆယ်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ သြဂုတ်လ(၂၇)ရက်စွဲပါ စာအမှတ်၊ ၅၀၆(၃၅၉)/၁၂/ သမ္မတရုံး ခွင့်ပြု ချက်အရ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီး အမျိုးသားရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်း ကော်မတီမှ တိုင်းဒေသကြီး/ ပြည်နယ်(၁၄)ခုတွင် သဘာဝဘေး အန္တရာယ် ဖြစ်ပွားမှု(၁၈၁) ကြိမ်တွင် ဒုက္ခသည်ပေါင်း (၅၆,၃၅၃) ဦးကို ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(စ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ် (UNDP)တို့အကြား Country Programme Action Plan - CPAP (2013-2015)အား မဏ္ဍိုင် (၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးဌာနများ နှင့်အတူ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ "ဒေသဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲခြင်း၊ ထိရောက်မြန်ဆန်သော ပြည်သူ့ဝန်ဆောင်မှုပေး ခြင်း နှင့် ပဋိပက္ခကြုံတင် ကာကွယ်တားဆီးခြင်း အတွက် ဒေသဆိုင်ရာ အစိုးရများ၏ စွမ်းရည် နှင့် စီမံခန့်ခွဲမှု တိုးတက်စေခြင်း" ရလဒ်ကို အကောင်အထည် ဖော်ဆောင် ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် UNDP တို့ ပူးပေါင်း၍ Good Local Governance and People Centered Services ခေါင်းစဉ်ဖြင့် နိုင်ငံတော် အဆင့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေးပွဲများကို မွန်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မဏ္ဍိုင်(၁) ရလဒ်၊ ကဏ္ဍပါ ထိရောက် သော ပြည်သူ့ဝန်ဆောင်မှုများအတွက် မြို့နယ်ဖွံ့ဖြိုးမှု ရန်ပုံငွေထောက်ပံ့မှုနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို (၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြည်သူ့ ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်း အဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ သက်ဆိုင်ရာအစိုးရဌာန ကိုယ်စား လှယ်များ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ ပါသည်။ ညောင်ဦးခရိုင်၊ ပုဂံဒေသတွင် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက် အာဏာ

ပိုင်များ၏ (၂၀)ကြိမ်မြောက် ဒေသအဆင့် အစည်းအဝေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဆ) အကျဉ်ဦးစီးဌာန၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကျင့်ထုံး-၄၀၁(၁)အရ နိုင်ငံခြားသား အကျဉ်းသား (၅)ဦး နှင့် နိုင်ငံသား အကျဉ်းသား (၁၈၆)ဦးတို့ လွတ်မြောက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အင်းစိန်ဗဟို အကျဉ်းထောင်၊ မန္တလေးဗဟို အကျဉ်းထောင်၊ သာယာဝတီ ဗဟိုအကျဉ်းထောင်နှင့် မြင်းခြံ အကျဉ်းထောင်များ၌ ရေနှင့်သန့်ရှင်းမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း လုပ်ငန်းများအပြင် အကျဉ်းထောင်များသို့ ဝင်ရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဇ) မီးသတ်ဦးစီးဌာနသည် မီးဘေး ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်ကို တိုင်းဒေသကြီး / ပြည်နယ်အဆင့်(၁၄)ဖွဲ့၊ ခရိုင်အဆင့်(၅၉)ဖွဲ့၊ မြို့နယ်အဆင့် (၃၂၄)ဖွဲ့၊ ရပ်ကွက်/ ကျေးရွာ အဆင့် (၈၀၃၈)ဖွဲ့၊ စုစုပေါင်း(၈၄၃၅)ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဖော်ပြပါလုပ်ငန်း များကို ဆောင်ရွက်လျက် ရှိပါသည် -

(က) တပ်မတော်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ၊ အရေးကြီးအဆောက်အဦများ၊ လေယာဉ်ကွင်းများ၊ စီမံကိန်းဝင်တည်ဆောက်ရေး လုပ်ငန်းများအား လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ပေးခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်း ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့ပြီး သဘောတူညီချက် ၁၄ ချက် ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အခမဲ့ဆေးဝါး ကုသပေးသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်း တာကျောက်၊ မိုင်းဖြတ်ကြား ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာအတွင်း ရေနစ်မြုပ်မှု ဖြစ်ပွားခြင်း၊ နမ့်လင်းချောင်းရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီး ယိုယွင်းမှုများ၊ ကတ်ထိုက် ကျေးရွာအုပ်စုတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ကတ်ဝုန်းကျေးရွာ တစ်ဝိုက်တွင် မိုးသီးများ ကြွေကျခြင်း၊ နောင်ရှန်တံတား ရေတိုက်စားမှုကြောင့် ရေဘေးသင့်

အိမ်များကို ပြောင်းရွှေ့ပေးခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ရေစီးလမ်းကြောင်း တူးဖော်ခြင်း၊ လမ်းအူကြောင်း ပြန်လည်ဖော်ခြင်းနှင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ကို ဆောင်ရွက်ပေးခဲ့ပါ သည်။

(ဂ) ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း၊ ပခုက္ကူမြို့နယ်၊ အမရပူရမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ မင်းဘူးမြို့နယ်၊ ညောင်ဦးမြို့နယ်များတွင် ရေကြီးနစ်မြုပ်မှုများမှ ရေဘေးသင့်အိမ်များကို ရေဘေး ကင်းလွတ်ရာ နေရာများသို့ ကူညီပြောင်းရွှေ့ပေးခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများ တည်ဆောက်ပေးခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း ခဲ့ပါသည်။ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်း များ အတွက်ဆောင်ရွက်ပေးခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အတည်ပြုချမှတ်ပေးထားသော နှစ်တို နှစ်ရှည် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းတံတား လုပ်ငန်း အနေဖြင့် လုပ်ငန်း ပြီးစီးမှုမှာ မြေလမ်း (၄၆/၂) မိုင်၊ ကျောက်လမ်း (၁၄၁/၂) မိုင်၊ ကတ္တရာလမ်း (၂၈/၄) မိုင်၊ တံတားကြီး(၃) စင်း၊ တံတားငယ် (၁၈)စင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်(၁)ခု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။

(ခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအား ချင်းပြည်နယ် (၉) မြို့နယ်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ (၃)မြို့နယ်တို့တွင် ကျေးလက်လမ်းများ ဖောက်လုပ်မြှင့်တင်ခြင်း၊ တံတားငယ်များ ဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်း၊ အသေးစားလျှပ်စစ်ဓါတ်အား ရရှိရေး၊ ပညာရေး၊ကျန်းမာရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ World Food Programme (WFP)တို့ ပူးပေါင်း၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် ဆန်နှင့် စားနပ်ရိက္ခာဖြန့်ဖြူး ခြင်း လုပ်ငန်းများ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) United Nations High Commissioner for Refugees (UNHCR) နှင့် နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျေးရွာအခြေပြု လူထုစွမ်းရည်မြှင့်တင်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်း နှင့် တန်ဘိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါ သည်။

(ဃ) SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား မွန်ပြည်နယ် နှင့် ကရင်ပြည်နယ် တို့တွင် ပညာရေး၊ ကျန်းမာရေးနှင့် ရေရရှိရေးလုပ်ငန်း၊ JICA နှင့် ဘိန်းစိုက်ပျိုးမှု ပယောက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် စိုက်ပျိုးရေးလုပ်ငန်း၊World Vision Myanmar နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နှင့် ကရင်ပြည်နယ်တို့တွင် ကျေးရွာလူထု ဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး၊ ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ လျှော့ချရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ Terra People Association (TPA) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးနှင့် ပညာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ The Association of Medical Doctors of Asia (AMDA)နှင့်လည်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူတို့တွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်ရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများတိုးတက် ကောင်းမွန်ရေး၊ ကျောင်း ထောက်ပံ့ရေး လုပ်ငန်းများအား အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(c) SWISSAID နှင့် ပူးပေါင်း၍ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဂျင်ဒါ နှင့် အမျိုးသမီးဖွံ့ဖြိုးမှု

လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ Nippon Foundation (စေတနာ) နှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာသင်ကြားခြင်း စီမံကိန်းအား ရှမ်းပြည်နယ်တွင် စာသင်ကျောင်း (၁၀၀)ဆောက်လုပ်ခြင်း၊ ကျောင်း (၅၀) ပြုပြင်ခြင်း လုပ်ငန်းများ၊ Nippon Foundation (BAJ)နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် စာသင်ကျောင်း (၁၀၀) ဆောက်လုပ်ခြင်း စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Welt hunger hilfe (Whh)နှင့် ပူးပေါင်း၍ လူမှုစီးပွားဘဝနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှု လျှော့ချရေးနှင့် ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း အား ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများအား အကောင် အထည် ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ Malteser International နှင့် ပူးပေါင်း၍ ကျန်းမာရေး၊ သောက်သုံးရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စီမံကိန်းအား ရှမ်း ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

(စ) စက်မှုလက်မှု သင်တန်းကျောင်း (မိုင်းလား၊ ပန်ဆန်း၊ လောက်ကိုင်၊ လပွတ္တာ) (၄)ကျောင်းတွင် လောက်ကိုင်နှင့်လပွတ္တာကျောင်း တို့တွင်သင်တန်း (၄)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား(၁၅၀) ဦး တက်ရောက်လျက်ရှိပါသည်။ တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း၊ ရန်ကုန်မြို့တွင် "အသက်မွေးမှု ပညာလေ့ကျင့်ရေး သင်တန်းကျောင်း (စက်/ အလုပ်ရုံ)" ဖွင့်လှစ်ပြီး စက်ပြင် သင်တန်း၊ အခြေခံလျှပ်စစ်နှင့် အီလက်ထရွန်နစ် သင်တန်း၊ လျှပ်စစ်ဂေဟဆက် သင်တန်းတို့ကို (၆)လ သတ်မှတ်သင်ကြားပေးလျက် အောင်လက်မှတ်များ ချီးမြှင့် ပေးခဲ့ပါသည်။

(ဆ) အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(၃၆) ကျောင်း တွင် အခြေခံစက်ချုပ်၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေး၊ ဂျပ်ခုတ်၊ ရက်ကန်း စသည့် သင်တန်းများကိုဖွင့်လှစ်ပေးပြီး ပထမအကြိမ် သင်တန်းသူ စုစုပေါင်း(၁၈၁၅)ဦး တက်ရောက် အောင်မြင်ခဲ့ပြီး၊ ဒုတိယ အကြိမ် သင်တန်းကို သင်တန်းသူ စုစုပေါင်း (၁၉၁၉)ဦး သင်ကြားပေးခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန။ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်စေရန် နယ်နိမိတ် သတ်မှတ်ဆောင်ရွက်ရေးနှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) အရှေ့အာရှနှင့် ပစိဖိတ်ဌာန၊ အရှေ့တောင်အာရှဌာန၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန၊ ဥရောပဌာန၊ အမေရိကဌာန၊ တောင်နှင့် အနောက် အာရှဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဌာနတို့မှ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(ခ) ကောင်စစ်ရေးရာနှင့် နယ်နိမိတ်ရေးရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် သံတမန်ရေးရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောက်ရွက်နိုင်ခဲ့ပါသည်။

(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် သမ္မတကြီး၏ တရုတ်ပြည်ချစ်ကြည်ရေး ခရီးစဉ်အတွင်း ဘိုအောင်းဖိုရမ်အစည်းအဝေးတွင် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆိုင်ရာလုပ်ငန်းစီမံချက်(မူကြမ်း)ကို သဘောတူခဲ့သည်။

(ဃ) မဲခေါင်-ကိုးရီးယား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀-၆-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ (၄၆)ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားကို ၂၀၁၃ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(င) ဆွမ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၁၁-၉-၂၀၁၃ ရက်နေ့မှ ၁၄-၉-၂၀၁၃ ရက်နေ့ထိ ကျင်းပသည့် (၂၄)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး၊ လက်နက်ဖျက်သိမ်းရေးညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်ညီလာခံတို့တွင်အပြည်ပြည်ဆိုင်ရာအဏုမြူ စွမ်းအင်အေဂျင်စီ၏ နောက်ဆက်တွဲ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန။ မြန်မာ့မီဒီယာ လောကကို အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာရေး မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ရန် အပါအဝင် လုပ်ငန်းစဉ်(၅၅)ခုကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပခုက္ကူစက်ရုံ (3KW) ၊ ရေဦးစက်ရုံ (3KW)၊ မိုင်းလုံစက်ရုံ (50W)၊ ခိုလန်စက်ရုံ (50W)၊ ပန်လုံစက်ရုံ(50W)၊ ကာလိစက်ရုံ(50W)၊ မော်ထိုက်စက်ရုံ (50W)နှင့် မင်းတုန်းစက်ရုံ (250W)တို့ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ရုပ်သံအစီအစဉ်များ ထုတ်လွှင့်ခဲ့ပါသည်။

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မွန်ပြည်နယ် အတွင်းရှိ ပြည်သူ့စာကြည့်တိုက် (၈)တိုက် နှင့် ကျေးရွာစာကြည့်တိုက် (၁၉)တိုက် စုစုပေါင်း (၂၇) တိုက်ကို International Media Support (IMS)အဖွဲ့ နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ အင်တာနက်အသုံးပြု နိုင်ရန် Sky Net များတပ်ဆင်ခြင်း၊ ခရိုင်ရုံးများ၌ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Router များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ခရိုင်ရုံး (၁၃)ရုံးတွင် တပ်ဆင်ပေးခဲ့ပါသည်။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ခရိုင် (၃၅)ခုတွင် ပြည်တွင်းပြည်ပ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်း အချက် အလက်များကို သိရှိနိုင်ရန်အတွက် WiFi များ တပ်ဆင်ပေးခဲ့ပါသည်။ ခရိုင်ရုံး (၆၉)ရုံး၊ မြို့နယ်ရုံး (၂၅၉)ရုံးနှင့် မြို့နယ်ခွဲရုံး(၈၄)ရုံး တို့တွင် မြေစိုက် နံရံကပ်စာစောင်များ စိုက်ထူပြသထားပါသည်။

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မူလတန်းကျောင်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှု(၅၆၂၃)ကြိမ်၊ လက်ကမ်း စာစောင် ထုတ်ဝေမှု (၃၇၅) ကြိမ်၊ နံရံကပ်စာစောင်ပြသမှု (၅၂၂၂)ကြိမ်၊ ဓာတ်ပုံပြပွဲ (၅၂၇၆) ကြိမ်၊ ဟောပြောပွဲ (၅၆၂၃) ကြိမ်ကို ခင်းကျင်းပြသ ပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ကူညီဆောင်ရွက်မှုများဖြင့် e-Library (၁၀၈)ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

(c) ခရိုင်နှင့်မြို့နယ်ရုံး စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်း နေရာများကို သီးခြားသတ်မှတ်ပေးထားပြီး ကလေးဆိုင်ရာစာပေများကို ဝယ်ယူ စုဆောင်းပေးခဲ့ပါသည်။

(စ) ဝန်ထမ်းများ၏ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် ပြည်သူ့ ဆက်ဆံရေးလုပ်ငန်းစွမ်းရည်များ တိုးတက်လာစေရေးအတွက် စာကြည့် တိုက် ပညာသင်တန်း၊ သတင်း ဗီဒီယိုရိုက်ကူးခြင်းနှင့် တည်းဖြတ်ခြင်း သင်တန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဆက်သွယ်ရေးအရာရှိ သင်တန်းနှင့် စွမ်းရည်မြှင့်သင်တန်းတို့ကို ဖွင့်လှစ် ပေးခဲ့ပါသည်။

(ဆ) သတင်းစာ တိုက်(၁၃)ခုမှ စောင်ရေပေါင်း(၆၀၇၈၀၆၃၉)စောင် ရိုက်နှိပ်နိုင်ခဲ့ပြီး၊ စက်လုံးရေ (၂၁)လုံးဖြင့် လည်ပတ်လျက်ရှိရာ စက်တစ်လုံးချင်း အနေဖြင့် မူလ စက်စွမ်းအားအပေါ် ၅၉.၈၁ ရာခိုင်နှုန်း ထုတ်လုပ် နိုင်ခဲ့ပါသည်။

(ဇ) မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ရုပ်ရှင်ဇာတ်ကား (၅၄)ကား၊ ဗီဒီယိုတိပ်ခွေ (၈၆၈) ခွေအား စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး သတင်းကား ရိုက်ကူးခြင်းတွင် (၇)ကား ရိုက်ကူးနိုင်ခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန။ သာသနာရေးဝန်ကြီးဌာနအနေဖြင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းအတွက် Infrastructure တည်ဆောက်ခြင်း၊ HRD (Human Resources Development) မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ Data base Portal ထူထောင်ခြင်း၊ ကိုယ်ပိုင် Website ထူထောင်ခြင်း၊ e-Library ထူထောင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ICT နည်းပညာရပ်များအသုံးပြုကာ လူနည်းနည်းဖြင့် စွမ်းရည် ပြည့်ဝအောင် ဆောင်ရွက်ရန်၊ ICT နည်းပညာရပ်များကို အခြေပြုကာ ခေတ်မီအစိုးရ အုပ်ချုပ်ရေးယန္တရား များ ဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိပါ သည်။

(က) (၆၅) ကြိမ်မြောက် တိပိဋ္ဌကရေ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပခြင်း၊ (၆၆)ကြိမ်မြောက် တိပိဋ္ဌကရေ ရွေးချယ်ရေး စာမေးပွဲကျင်းပရေး ကြိုတင် ပြင်ဆင်ခြင်း၊ (၆၆) ကြိမ်မြောက် တိပိဋ္ဌကရေစာမေးပွဲ ဝင်ခွင့်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးပို့ခြင်း၊ ၂၀၁၃ ခုနှစ်၊ (၂၁) ကြိမ်မြောက် နိကာယ်စာမေးပွဲကို ကျင်းပခြင်း၊ (၂၁)ကြိမ်မြောက် နိကာယ် စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) ပြည်ပသာသနာပြုအနေဖြင့် မြန်မာနိုင်ငံသို့ တရားအားထုတ်ရန် လာရောက်ကြသော နိုင်ငံခြားသားရဟန်းတော်၊ သီလရှင်၊ ယောဂီများ၏ ပြည်နေခွင့်သက်တမ်း တိုးမြှင့်ခြင်း၊ ပြည်ဝင် ဗီဇာလျှောက်ထားခြင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားခြင်းများကို နိုင်ငံပေါင်း ၅၈ နိုင်ငံမှ ရဟန်း ၂၆၇ ပါး၊ သီလရှင် ၁၇၈ ပါးနှင့် ယောဂီ ၂၇၃ ဦးတို့အတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်ပသို့သာသနာပြု ဆောင်ရွက်ရန်နှင့် ဘုရားဖူးကြွရောက်ကြသော ရဟန်း ၉၀၅ ပါးနှင့် သီလရှင် ၃၀ ပါးတို့ အတွက် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

(ဂ) ပိဋကတ် ဘာသာပြန်စာတည်းအဖွဲ့က ပိဋကတ်တော် ဘာသာပြန်စာမူများကို တည်းဖြတ်ပေးပြီးနောက် စာမူချော ပြုစုခြင်း၊ စာစီခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း နှင့်ဌာနဆိုင်ရာ အချက်အလက်များ ပြန်ဆို စာစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) မြန်မာနိုင်ငံ၌ ထူးခြားထင်ရှားသော သာသနာ့ဥည္သျှောင် ဆရာတော်များ၏ အတ္ထုပ္ပတ္တိများကို ရှာဖွေစုဆောင်း၍ ထေရုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်း စသည်တို့ ဆောင်ရွက်ခဲ့ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားဆင်းတုတော် ၅၇၅ ဆူအား ရှေးမူမပျက် ပြန်လည်ပြုပြင်ပြီး ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ အမျိုးအစားခွဲခြား၍ စာရင်းပြုစုခြင်း၊ ကွန်ပျူတာမှတ်တမ်းများ အတွင်း စာရင်းရေးသွင်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။ ဝန်ကြီးဌာနသည် အဓိကတာဝန်ကြီး (၃)ရပ် ဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသား မှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့် (PR)စနစ် စီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စုစုပေါင်း(၃)ကြိမ် ကျင်းပပြီး၊ နည်းဥပဒေ (မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထား မှတ်ချက် တောင်းခံထားပါသည်။ အိမ်နီးချင်း(၅)နိုင်ငံအနက် အိန္ဒိယနိုင်ငံမှ လွဲ၍ ကျန်(၄)နိုင်ငံနှင့် နယ်စပ် ဖြတ်သန်းသွားလာရေးဆိုင်ရာ စာချုပ်များအရ စုစုပေါင်း ဝင်/ထွက်ပေါက် (၁၆) ပေါက်ဖွင့်လှစ်၍ နှစ်နိုင်ငံပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တို့ဖြင့် နှစ်နိုင်ငံ ပြည်သူများအား အဆင်ပြေချောမွေ့စွာ ဝင်/ထွက်သွားလာရေး ခွင့်ပြုလျက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်တွင် နယ်စပ်ဝင်/ထွက်ပေါက် (၃) ပေါက်အပြင် ထီးခီး-ဖူနာရွန် နယ်စပ် ဝင်/ထွက်ပေါက်

အား အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်၍ (၂၈-၈-၂၀၁၃) ရက်နေ့မှစ၍ နယ်စပ် ဝင်/ထွက် ပေါက်(၄) ပေါက်တွင် Visa ပါရှိသော နိုင်ငံကူးလက်မှတ်ဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံသားများ နှင့် တတိယနိုင်ငံသားများကို ဝင်ထွက် ခွင့်ပြုလျက်ရှိပါသည်။

(ခ) လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွင် ရေဆိပ်စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက် သဘော်(၇ဖ၃)စီးနှင့် ထွက်ခွာသဘော်(ဖ၂၃)စီးကိုစစ်ဆေးခဲ့ပြီး၊ ကမ္ဘာလှည့် သဘော်(၁)စီး ဝင်ရောက်/ ထွက်ခွါခဲ့ပါသည်။ On Arrival Visa ထုတ်ပေးသူ (၃၂၈၉၅)ဦး၊ Overstay ဖြစ်သူ (၇ဖ၂၈) ဦး၊ နယ်စပ်နှင့်ကုန်းလမ်းမှ နိုင်ငံခြားသား (၇၉၁၄၅၃) ဦး ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား (၂ဖ၅၃၄၇) ဦး ထွက်ခွာခဲ့ပါသည်။ ပြည်ပြန်ဝင်ခွင့်ဗီဇာ ထုတ်ပေးပြီးသူ (၃၀၁၁) ဦး၊ အခွန်အခ ကင်းလွတ်ခွင့်ပြုသူ (၈၄၅) ဦး၊ ဆက်လက် နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသား (၁၄၇၃၉) ဦးနှင့် အခွန်အခ ကင်းလွတ်ခွင့်ပြုထားသူ (၁၄၂၉)ဦးတို့ဖြစ်ပါသည်။

(ဂ) ၂၀၁၄ခုနှစ်၊ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရန်အတွက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝယ်ယူထားသော Universal Transverse Mercator မြေပုံ(၁၁၃၄)ပုံအား လက်ခံစစ်ဆေးခြင်း၊ ပြည်တွင်း/ ပြည်ပပညာရှင်များ၏ ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေအသစ်ကို အတည်ပြုပြီး (၃၁-၇-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းအတွက် ကောင်းကင် မြေပုံရရှိရန် Google Earth Software အသုံးပြု၍ ကွန်ပျူတာဖြင့် မြေပုံများ ရေးဆွဲ လျက်ရှိရာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မွန်၊ ရခိုင်၊ ရှမ်း နှင့် နေပြည်တော်ရှိ ကျေးရွာမြေပုံများအား ရေးဆွဲပြီးဖြစ်ပါသည်။ Geographic Information System နည်းပညာကို အသုံးပြု၍ ရေးဆွဲခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်အပ်နှံသော မြေပုံ(၅)မျိုးနှင့် စာရင်းကောက်ကွက် မြေပုံများကို Scan ဆွဲခြင်းနှင့် Editing ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အားကစားဝန်ကြီးဌာန ။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက် မြင့်မားစေရေးအတွက် အားကစားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် "မြန်မာ့အားကစား မှ ကမ္ဘာ့အားကစားသို့" ဟူသော ရည်မှန်းချက်ကို ရေတို ရေရှည် စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

(က) အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် ရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေး စီမံချက်နှင့် အောင်နိုင်ရေး စီမံချက်များအား လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများ မြန်မာနိုင်ငံတွင် လက်ခံကျင်းပခြင်း၊ ပြည်ပနိုင်ငံများသို့ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် ဒိုင်တာဝန်ထမ်းဆောင်ရန် ကိုယ်စားလှယ် စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံများသို့ အားကစားသင်တန်းနှင့် ပညာသင်စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းနှင့် ပြည်တွင်း၌ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီအစဉ်ဖြင့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာစစ်တမ်းများနှင့် လေ့ကျင့်ပညာပေးလုပ်ငန်း၊ လူငယ်လူရွယ်များ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု နှင့်ကြံ့ခိုင်မှုကို လေ့လာစစ်တမ်း ကောက်ယူရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များတွင် အားကစားနည်းအလိုက် အားကစားကလပ် အသင်းများ ဖွဲ့စည်း လေ့ကျင့်စေခဲ့ရာ အားကစား ကလပ်ပေါင်း (၁၀၄၇) ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သိပ္ပံဘွဲ့ (အားကစားပညာ)၊ Bachelor of Science (Sport)၊ B.Sc(Sport) နှင့် ဝိဇ္ဇာဘွဲ့ (အားကစားပညာ) Bachelor of Arts (Sport)၊ B.A(Sport) ဘွဲ့ကြိုသင်တန်း ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒီဇင်ဘာလမှ စတင်၍ ဒဂုံတက္ကသိုလ် (ရန်ကုန်) နှင့် ရတနာပုံတက္ကသိုလ်(မန္တလေး) တို့တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သား ကောင်းများ ပေါ်ထွန်းလာစေရန်၊ကျောင်းသား၊ ကျောင်းသူများ၏ စံနမူနာပြ လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များ ဖြင့် ဘက်စုံထူးချွန်လူငယ် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ပေးခဲ့ ပါသည်။

(ခ) အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အဆင့် မြှင့်တင်ရေး

အနေဖြင့် အင်္ဂလိပ်ဘာသာစွမ်းရည် ပြိုင်ပွဲကျင်းပခြင်း၊ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းများ ဖွင့်လှစ်ခြင်း တို့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း (၁၅၉) ကျောင်း အထိ တိုးမြှင့် ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးနှင့် ကျေးလက်ဒေသများတွင် ဆရာတည်မြဲရေးအတွက် အခြေခံကျောင်း / ရုံးများတွင် နေ့စား၊ လပေး မူလတန်းပြ ဆရာ၊ ဆရာမ (၂၉၅၃၅) ဦး၊ နေ့စား၊ လပေးအောက်ခြေ ဝန်ထမ်း (၂၂၁၀၀) ဦး စုစုပေါင်း (၅၁၆၃၅) ဦး တို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြည့်ဆည်းခန့်ထားပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားရောက် မြန်မာကလေးငယ်များ အတွက် အခြေခံပညာ စာပေးစာယူနည်းဖြင့် ဆက်သွယ်ပို့ချပေးခဲ့ရာ နိုင်ငံပေါင်း ၃၉ နိုင်ငံမှ အခြေခံပညာ မူလတန်းအဆင့် (၂၅၀) ဦး၊ အလယ်တန်းအဆင့် (၁၈၃)ဦး၊ အထက်တန်း အဆင့် (၁၁၇)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၅၅၀)ဦး ဆက်သွယ် သင်ယူနေဆဲဖြစ်ပါသည်။ ကျောင်းပြင်ပ မူလတန်း ပညာရေးနှင့် ကျောင်းပြင်ပရောက် ကလေးများ/လူငယ်များအတွက် စဉ်ဆက်မပြတ် တိုးချဲ့ပညာ သင်ယူခြင်း စီမံချက် EXCEL ကို မြို့နယ် ၃၀ တွင် လည်းကောင်း၊ အခြေခံပညာ ကဏ္ဍလေ့လာစိစစ် အကဲဖြတ်ခြင်း နှင့် ပညာရေး ကောလိပ်သင်ရိုးတွင် ကလေးပျော်ကျောင်းသဘောတရားများ ပေါင်းစပ်သင်ကြားရေး လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ပညာရေးဂန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး ဘက်စုံအရည်အသွေးပြည့်ဝသော ပညာရေး အစီအစဉ် (Comprehensive Quality Education) ဖြင့် အရည်အသွေးရှိသည့် အခြေခံ ပညာရေးစီမံချက် (Quality Basic Education Project-QBE) ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေး စီမံချက် (Early Childhood Development- ECD)၊ ဘဝတွက်တာ ကျွမ်းကျင်စရာနှင့် HIV/AIDS ကာကွယ်တားဆီးရေးပညာရေး စီမံချက်(Life-skill & HIV/ AIDS Prevention Education Project-LAPE)များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(c) မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပညာရေးကဏ္ဍတွင် အခြေခံပညာရေး နှင့် ကျားမတန်းတူ အခွင့်အရေးရရှိရေး အစီအစဉ် (Basic Education and Gender Equality–BEGE)ကို ဆောင်ရွက်လျက် ရှိပါသည်။

ဘဝတွက်တာ ကျွမ်းကျင်စရာ နှင့် ခုခံအား ကျဆင်းမှု ကူးစက် ရောဂါ ကာကွယ်တားဆီးရေးနှင့် ဒုတိယအကြိမ် သင်ယူမှု အခွင့်အလမ်း ရရှိရေး (Life Skills and HIV/AIDS Prevention Education and Second Chance Education) စသည့် စီမံချက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေမြဲရေးတို့အတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင် မိဘများ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ ကျောင်းနေ အရွယ်လွန် သက်ကြီးစာမတတ်သူ အားလုံး စာတတ်မြောက်ရေးအတွက် ၂၀၁၃ ခုနှစ်၊ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို ဘားအံမြို့နယ်၊ တီးတိန်မြို့နယ်၊ ချောင်းဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တမူးမြို့နယ်၊ ငဖဲမြို့နယ်၊ ရေစကြိုမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် မုဒုံမြို့နယ်များတွင် လုပ်အားပေး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(စ) တက္ကသိုလ်အသီးသီး၏ ဘွဲ့သင်တန်းများကို ပညာသင်နှစ် တစ်နှစ်စီ တိုးမြှင့်သင်ကြားပေးလျက်ရှိ ပါသည်။ Comprehensive Education Sector Review (CESR) ကို နိုင်ငံတကာမှ Development Partners များနှင့် ဆွေးနွေးကာ Phase (၃) ခု ဖြင့် ဆောင်ရွက် လျက်ရှိပါသည်။ ဝန်ကြီးဌာန(၁၃) ခု အောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များတွင် ပေါ်ပေါက်လာမည့် တက္ကသိုလ် ပညာရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြ ပါသည်။

(ဆ) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR) လုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်တိုအတွင်း အကဲဖြတ်ခြင်း (Rapid Assessment)၊ အသေးစိတ် လေ့လာဆန်းစစ်ခြင်း (In-depth Analysis) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အမေရိကန် နိုင်ငံ၊ Spoon River College နှင့် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒ ဌာနတို့ပူးပေါင်း၍ Training for Computer Based Laboratory (CBL) သင်တန်း ဖွင့်လှစ်ခဲ့ပါသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် "အာဆီယံ စီးပွားရေး ပညာရပ်ကျွမ်းကျင်မှု သင်တန်း" ဖွင့်လှစ်ဆောင်ရွက်ခဲ့ ပါသည်။

(ဇ) သဘာဝဘေးအန္တရာယ် လျော့ပါးရေး ပညာပေး အစီအစဉ် (Education for Disaster Risk Reduction)ကို ယူနက်စကိုနှင့်ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ် ၆ ခုရှိ ၈၈ မြို့နယ်တွင် ၂နှစ် ကြာ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါသည်။ ငလျင်ဘေး၊ မီးဘေး၊ ရေဘေး၊ မုန်တိုင်းစသော သဘာဝဘေးအန္တရာယ် အမျိုးမျိုး တွေ့ကြုံရပါက ကြိုတင် ပြင်ဆင်တတ်ရန် နှင့် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံပညာကျောင်းသင်ခန်းစာများ၊ ဆရာအတတ်ပညာဆိုင်ရာ သင်ခန်းစာများနှင့် ပညာရေး အကောင်အထည်ဖော်မှု ဆိုင်ရာ လမ်းညွှန်ချက်များကို မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား (ရေဒီယိုကဏ္ဍ) မှ ထုတ်လွှင့်ပေးခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တိုင်းရင်းဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**အား (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ်(၂)ဖြင့် (၁၅-၁-၂၀၁၃) ရက်နေ့၊ **ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**အား (၂၀၁၃)ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁၄)ဖြင့် (၂၈-၆-၂၀၁၃) ရက်နေ့၊ **မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား** (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၁၅) ဖြင့် (၂၈-၆-၂၀၁၃) ရက်နေ့၊ **အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**အား (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၂၄)ဖြင့် (၁၃-၈-၂၀၁၃) ရက်နေ့၊ **မျက်စိ လှူဒါန်းခြင်းဆိုင်ရာဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေအား (၂၀၁၃) ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၂၅)ဖြင့် (၂၀-၈-၂၀၁၃) ရက်နေ့ တို့တွင် အသီးသီး ပြဋ္ဌာန်းခဲ့ပါသည် ။

(ခ) The Geneva Convention Implementing Act (India Act XIV, 1936, Vol V) ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) တို့အား ညှိနှိုင်းရေးဆွဲလျက်ရှိပါသည်။

(ဂ) နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှ ရရှိခံစားနိုင်စေရန် အစီရင်ခံသည့် ကာလအတွင်း

ဆေးရုံများ အသစ်ဖွင့်လှစ်ခြင်း(၂)ရုံ၊ စံကိုက်ဖွဲ့စည်းပုံ နှင့် လက်ရှိဖွဲ့စည်းပုံများ ပြင်ဆင်သည့် ဆေးရုံ(၁)ရုံဖြစ်၍ ကျေးလက် ကျန်းမာရေးဌာန (၁) ဌာန အသစ် ဖွင့်လှစ်ပေးပြီး၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ (၂၃၇) ဌာနကိုလည်း အသစ် ဖွင့်လှစ်ပေးခဲ့သည့်အပြင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ရုံး(၃)ရုံးကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည် ။

(ဃ) ဆေးသိပ္ပံပညာဦးစီးဌာနသည် အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည့် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်များကို လေ့ကျင့် မွေးထုတ်ပေးနိုင်ရန်အတွက် ဆေးတက္ကသိုလ်အသစ်တစ်ခုအား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ရေး အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

(c) ဆေးသိပ္ပံပညာဦးစီးဌာနသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများ(နာဂ၊ ဓနု၊ ပအိုဝ်၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့်နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေး နှင့် လူမှုရေးခက်ခဲသော ဒေသများမှ (၂၀၁၃) ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲကို ဓါတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူများအား ဆေးတက္ကသိုလ် ဝင်ခွင့်ပြုရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည် ။

(စ) ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအနေဖြင့် ၄က်ဖျားရောဂါ တိုက်ဖျက်ရေး ဌာနသည် တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခု ရှိဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများမှ ၄က်ဖျားရောဂါဖြစ်ပွားသူ၊ (RDT/ Microscope) ဖြင့် သွေးစစ်ဆေးပေးသူ လူနာများအနက် ရောဂါပိုးတွေ့ရှိသူများအား ကုသပေးနိုင်ခဲ့ပါသည်။

(ဆ) သွေးလွန်တုပ်ကွေးရောဂါအနေဖြင့် အစီရင်ခံကာလအတွင်း သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားသူပေါင်း (၁၇,၉၅၀)ဦး ရှိပြီး သေဆုံးသူ (၇၉)ဦး ရှိပါသည်။ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသော တိုင်းဒေသကြီး/ ပြည်နယ်များ၏ မြို့နယ် (၂၅၆) တွင် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းအဖြစ် ရပ်ကွက်/ကျေးရွာ ပေါင်း(၁၄,၇၄၂)၊ အိမ်ခြေပေါင်း (၁,၇၁၅,၀၂၆)တွင် လူဦးရေ(၇,၂၀၇,၂၅၆)ဦး ကာကွယ်ပေးနိုင်ခဲ့ပါသည်။ ဆေးမှုတ်ဆောင်ရွက်ခြင်း အဖြစ် မြို့နယ်ပေါင်း(၉၄) မြို့နယ်၊ ရပ်ကွက်/ ကျေးရွာပေါင်း (၁၀၇၆)ခု၊ အိမ်ခြေ/

ကျောင်းပေါင်း (၂၁,၈၀၂)၊ ကာကွယ်ပေးနိုင်သည့် လူဦးရေပေါင်း (၁၅၉,၀၂၉)ဦး၊ ကျန်းမာရေး ပညာပေးခဲ့သူပေါင်း (၁,၆၇၂,၁၉၅)ဦး ဖြစ်ပါသည်။

(ဇ) ဆင်ခြေထောက်ရောဂါကင်းဝေးရေး၊ လူကုန်ဆေးကျွေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအနေဖြင့် တိုင်းဒေသကြီး(၇)တိုင်း၊ နေပြည်တော် နှင့် ကရင်၊ မွန်ပြည်နယ် တို့တွင်ဆေးတိုက်ရန် ရည်မှန်းလူဦးရေ စုစုပေါင်း(၃၃.၄သန်း) အနက် ဆေးတိုက်ကျွေးပြီးစီးသည့် လူဦးရေ စုစုပေါင်း (၂၃.၇) သန်းရှိပြီး ဆေးတိုက်ပြီးစီးမှု ရာခိုင်နှုန်းအားဖြင့် (၇၀.၉၆%)ဖြစ်ပါသည်။

(စျ) အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် တီဘီရောဂါ ရှာဖွေရေး လုပ်ငန်းဆောင်ရွက်မှုများ အနေဖြင့် သလိပ်ပိုးတွေ့လူနာသစ် (၂၁,၃၇၈)ဦး၊ သလိပ်ပိုးတွေ့ ပြန်ဖြစ်လူနာ (၂,၃၁၆) ဦး၊ ပျက်ကွက်ပြန်ကု လူနာ(၂၄၅)ဦး၊ ဆေးကုသမှု မအောင်မြင်သော လူနာ (၈၁၈)ဦး၊ သလိပ်ပိုး မတွေ့လူနာ (၂၀,၈၄၃) ဦး၊ ကလေးတီဘီ(၁၀,၈၀၉)ဦး၊ အဆုတ်ပြင်ပတီဘီ လူနာ(၈,၀၂၃) ဦး၊ အခြား လူနာများ (၂,၄၄၆)ဦး၊ စုစုပေါင်းလူနာ(၆၆,၈၇၈) ဦးတို့အား ကုသပေးနိုင်ခဲ့သည်။

(ည) အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးကင်း လုံခြုံစိတ်ချရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအား ၂၂-၄-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉/၂၀၁၃အရ အသစ်တိုးချဲ့ ဖွဲ့စည်းခွင့် ရရှိခဲ့ပါသည်။ အဆိုပါဌာနမှ ပြည်သူများ အရည်အသွေးပြည့်မီ၍ ဘေးဥပါဒ် အန္တရာယ် ကင်းစင်သော အစား အသောက်နှင့် ဆေးဝါးများ ရရှိသုံးစွဲ နိုင်ရေးနှင့် အလှကုန်၊ လူသုံးကုန်ကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းများနှင့် ဆေးပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဓါတ်ခွဲစစ်ဆေးခြင်း ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ဌာနအသစ် ဖွင့်လှစ်ခြင်း အနေဖြင့် (၁၁-၅-၂၀၁၃) ရက်နေ့တွင် နယ်စပ်ကုန်သွယ်ရေးစခန်း၊ တမူး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံးခွဲကို ဖွင့်လှစ်ခဲ့ပါသည် ။

(ဋ) အစားအသောက် ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း အနေဖြင့် အစားအသောက် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများမှ အစားအသောက် တင်သွင်း ခြင်း နမူနာ (၃၁၅၀)ခု၊ အစားအသောက် တင်ပို့ခြင်း နမူနာ(၉၅)ခု အတွက်

ကျန်းမာရေးထောက်ခံချက်/လက်မှတ်ထုတ်ပေးခြင်း၊ ပြည်တွင်းတွင်လုပ်ငန်းသစ် အစားအသောက် လုပ်ငန်း(၁၁)ခု၊ သောက်ရေသန့် လုပ်ငန်း (၂၀)ခု၊ တိုးချဲ့ ထုတ်လုပ်ခြင်း ထောက်ခံချက် လက်မှတ် လျှောက်ထားသော အစားအသောက် လုပ်ငန်း(၁၉)ခု၊ သောက်ရေသန့် လုပ်ငန်း(၃)ခု၊ ထောက်ခံချက် သက်တမ်းတိုး ပေးရန် လျှောက်ထားသော အစားအသောက်လုပ်ငန်း(၂၈)ခု၊ သောက်ရေသန့် လုပ်ငန်း(၃၈)ခုတို့အား ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ အစား အသောက် နမူနာ(၁၉)မျိုး၊ ဈေးကွက်နမူနာကောက်ယူ ဓါတ်ခွဲစစ်ဆေးခဲ့ပြီး အစားအသောက် ထုတ်လုပ်သည့် လုပ်ငန်း(၄၀)ခုအား ကွင်းဆင်းစစ်ဆေးခဲ့ ပါသည်။

(၄) ကျန်းမာရေးသတင်းအချက်အလက်လုပ်ငန်း အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ ဆေးရုံများ၏ ဆေးမှတ်တမ်းဌာနမှ ဆေးမှတ်တမ်းထိန်းများအား အပြည်ပြည်ဆိုင်ရာ ရောဂါသင်္ကေတ (International Classification of Diseases (ICD-10) ပြုလုပ်ခြင်း၊ ကွန်ပျူတာအသုံးချ ဆေးမှတ်တမ်းစနစ် (Computer Assisted Medical Record System-CAMRS) သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပြု လုပ်ခဲ့ပါသည်။

(၃) e-Health လုပ်ငန်းအနေဖြင့် ကွန်ပျူတာစနစ်နှင့် ကွန်ပျူတာကွန်ယက်စနစ် အခြေခံသဘောတရားများ နားလည်စေရန် ရည်ရွယ်၍ ဝန်ထမ်းများအား ကွန်ပျူတာစနစ်နှင့် ကွန်ပျူတာ ကွန်ယက်စနစ် အခြေခံပြုပြင် ထိန်းသိမ်းခြင်း သင်တန်းပို့ချခြင်း၊ Geographical Information System (GIS) စနစ် အသုံးပြု၍ ကျန်းမာရေးတည်နေရာပြမြေပုံများ ရေးဆွဲခြင်းကို ဆောင်ရွက် လျက်ရှိရာ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီးတို့တွင် ဆေးရုံ၊ ကျန်းမာရေး ဌာန၊ ကျန်းမာရေး ဌာနခွဲတို့၏ Geo-database နှင့် တည်နေရာပြ ကွန်ပျူတာ မြေပုံများအား တိုင်းဒေသကြီး/ပြည်နယ် အလိုက်၊ မြို့နယ် တစ်ခုချင်းအလိုက် ပြုစု ရေးဆွဲခဲ့ပြီး မန္တလေးတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်တို့အတွက် Geo-database နှင့် တည်နေရာပြ ကွန်ပျူတာ မြေပုံများအား တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် တစ်ခုချင်း အလိုက် ပြုစုရေးဆွဲလျက်ရှိပါသည်။

(ဃ) အခြေခံ/အဓိကဆေးဝါးများ၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ရာတွင် ဗဟိုဆေးသိုလှောင်ရေးဌာနမှ ကျပ်သန်းပေါင်း ၁၄,၈၃၆ ၊ FEC ၅၇၂၁၀ နှင့် US$ ၁၃,၄၈၁,၉၃၉ တန်ဘိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံအသီးသီးသို့ ခွဲဝေ ဖြန့်ဖြူးခဲ့ပါသည်။

(ဏ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းလိုင်စင် ခွင့်ပြုခြင်းအနေဖြင့် လိုင်စင် လျှောက်ထားမှုများအပေါ် လုပ်ငန်း လိုင်စင်(ယာယီ) ခွင့်ပြုပေးမှု စုစုပေါင်းမှာ အထူးကုဆေးခန်း (၄၇၅)ခန်း၊ ဆေးရုံ (၁၇၆)ရုံ၊ သားဖွားခန်း(၁၇)ခန်း၊ ရောဂါရှာဖွေရေး လုပ်ငန်း(ဓာတ်ခွဲ) (၁၅၂)ခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း (ဓာတ်မှန်) (၁၁၅) ခန်း၊ သူနာပြုစုရေး ဂေဟာ(၁) ခု၊ ကျန်းမာရေး အကျိုးဆောင်လုပ်ငန်း (၁၃)ခု၊ အထွေထွေကျန်းမာရေးလုပ်ငန်း (၁၂) ခု တို့ဖြစ်ပါသည်။

(တ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သြစတြေးလျ နိုင်ငံ Royal Adelaide Hospital အဖွဲ့သည် မြန်မာမျက်စိကု ဆရာဝန်များ အဖွဲ့နှင့် ပူးပေါင်း၍လည်းကောင်း၊ ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ ကလေးအရိုး အထူးကု ဆရာဝန်ကြီးနှင့် မေ့ဆေးအထူးကု ဆရာဝန်ကြီးတို့သည် မြန်မာ ဆရာဝန်ကြီးများ အဖွဲ့နှင့် ပူးပေါင်း၍လည်းကောင်း၊ ပြင်သစ်နိုင်ငံ AMFA မှ နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး ဦးဆောင်သောအဖွဲ့၊ ဂျပန်နိုင်ငံ Department of Endoscopy, Nagoya University အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ နှလုံးအထူးကု ဆရာဝန်ကြီးတို့သည် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးအဖွဲ့တို့နှင့် ပူးပေါင်း၍ ခွဲစိတ် ကုသမှုများ၊ သင်တန်းပို့ချမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

(ထ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် "အစိုးရကျန်းမာရေးအသုံးစရိတ်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်း"အစည်းအဝေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း စီစဉ်မှုဖြင့် ကျန်းမာရေးမူဝါဒနှင့် စီမံကိန်း ပြန်လည် သုံးသပ်စိစစ်ရေးဆိုင်ရာ အကြံပေး ဆွေးနွေးပွဲ (Health Policy and Meeting)၊ ကျန်းမာရေး မူဝါဒများ စိစစ်လေ့လာ အကြံပြုသည့်လုပ်ငန်း (Technical Consultation Meeting on Myanmar Health Systems in Transition Series (Myanmar Hits) အစည်းအဝေး တို့ကို ကျင်းပခဲ့ပါသည်။

(ဒ) တိုင်းရင်းဆေးပညာလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်ကို မူလ(၂၂.၇၇) ဧကမှ (၁၉ဖ.၄) ဧကအထိ တိုးချဲ့ပြီး တိုင်းဒေသ ကြီးများနှင့်ပြည်နယ်များမှ ရှားပါးပရဆေးပင်များ အပါအဝင် ပရဆေးပင် အမျိုး အစားပေါင်း(၄ဖ၅)မျိုး၊ အပင်အရေအတွက် စုစုပေါင်း(၁၂၀၀၀) ကျော် စုဆောင်း ထားရှိနိုင်ခဲ့ပြီး ၄င်းတို့အနက် (ဖ၇၀)ပင် ကို မြေခြ စိုက်ပျိုးထားရှိခဲ့ပြီး ဖြစ်ပါ သည်။

(ဓ) အခြေခံသုတေသန၊ အသုံးချသုတေသနနှင့် ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေး စနစ်ဆိုင်ရာ သုတေသနများကို ဟန်ချက်ညီညီ တိုးမြှင့်ဆောင်ရွက်ရေးအတွက် စက်မှုဇုန်များမှ စွန့်ပစ်သောရေများ စီးဆင်းရာ မြစ်ကြောင်းများမှ ရေနမူနာယူရန် နေရာများကို လေ့လာလျက်ရှိပြီး စက်ဖြင့် တိုင်းတာနိုင်ရန် စမ်းသပ်လျက်ရှိပါ သည်။

(နဓ) မြန်မာနိုင်ငံအတွင်း ၄က်ဖျားရောဂါပိုးအဓိကသယ်ဆောင်သော Anopheles dirus (baimaii) ခြင် ၏ ဒေသအလိုက် မျိုးရိုးဗီဇကွဲပြားမှုကို သိရှိနိုင်ရန်အတွက် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်နှင့် ကသာ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်နှင့် ရှမ်းပြည်နယ် လားရှိုး မြို့နယ်တို့မှ ဖမ်းယူရရှိခဲ့သော A.dirus (baimaii) ခြင်များအား မန်ချက်စတာတက္ကသိုလ်သို့ ပို့ဆောင်ခဲ့ပြီး၊ Molecular genetic analysis စိစစ်မှုကို ဆောင်ရွက်လျက်ရှိပါ သည်။

(ပ) ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်မှ) ပြင်ဦးလွင်မြို့နယ် အတွင်းရှိ နမိုးနီးယား အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်နေသော ကလေး များတွင် တွေ့ရသော သတ္တုဓာတ်ပြောင်းလဲမှုများအား လေ့လာခြင်း၊ မန္တလေးခရိုင်အတွင်း ရှိ သွေးလွန် တုပ်ကွေး ခြင်ကျား (Aedes Aegypti)၏ ပိုးသတ်ဆေးအာနိသင် ယဉ်ပါးမှုရှိ/မရှိကို ဓာတ်ခွဲခန်း အတွင်း စမ်းသပ် ဆောင်ရွက်ခြင်း၊ အထက်မြန်မာ ပြည်ရှိရွှေးချယ်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် HIV ရောဂါကုသရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ အပေါ်တွင် လူနာများ၏ သဘောထားအမြင် လေ့လာသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ အသက်ငါးနှစ်အောက် ကလေးများသေဆုံးရခြင်း အကြောင်းအရင်း များအားလေ့လာခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံ

ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၏ ကျန်းမာရေးအသုံးစရိတ် စစ်တမ်းကောက်ယူခြင်း၊ ဆယ်ကျော်သက် တက္ကသိုလ်ကျောင်းသားများ လိင်ဆိုင်ရာ အပြုအမူနှင့် ကိုယ်ဝန်တားဆေးသုံးစွဲမှုတို့ကို လေ့လာခြင်း သုတေသနတို့ ဆောင်ရွက်လျက်ရှိပါသည်။

(ဖ) (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် အားကစားသမားများအား တားမြစ်ဆေးဝါးသုံးစွဲမှုရှိ/မရှိ စစ်ဆေးမည့် တားမြစ်ဆေးဝါးစစ်ဆေးသည့် အဖွဲ့ (Doping Control Team) ကို ကူညီဆောင်ရွက်ပေးမည့်သူများ (Chaperon) အဖြစ် တာဝန်ပေးလေ့ကျင့်ရန် အတွက် ကျောင်းသား၊ ကျောင်းသူ(၁၀၀)ဦး တို့၏ အမည်စာရင်းအား ရွေးချယ်၍ ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့ခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန။ မျိုးဆက်သစ်အနုပညာရှင်များပြုစုပျိုးထောင်ခြင်းလုပ်ငန်းအနေဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ကျောင်းသား၊ ကျောင်းသူ ၄၈၄ ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၆ ဦးနှင့် အနုပညာအထက်တန်းကျောင်း (မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ ၇၆ ဦး ကို ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

(က) မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအနေဖြင့် စစ်ကိုင်းဒေသ၊ ပုဂံဒေသ၊ မန္တလေးဒေသ၊ ရွှေဘို-ဟန်လင်းဒေသ၊ ဘားအံဒေသ၊ မြောက်ဦးဒေသ၊ တကောင်းဒေသ၊ ဗိသဏိုး ဒေသများရှိ ရှေးဟောင်းဘုရားများ၊ လှိုဏ်များရှိ နံရံဆေးရေးပန်းချီများ၊ ကျောက်စာရုံနှင့် ကျောက်စာချပ်များ၊ ဂူဘုရားများ၊ အက်ကွဲကြောင်းများ၊ ကုန်းများနှင့် ကြေးခေတ်၊ သံခေတ် သမိုင်းအထောက်အထား ရုပ်ကြွင်းများအား ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

(ခ) မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များအား ကမ္ဘာ့ဒြပ်မဲ့ အမွေအနှစ်စာရင်း သို့ တင်သွင်းနိုင်ရေးအတွက် တောင်ကြီးဒေသ၊ လွှင်ကော်ဒေသ၊ ကျိုင်းတုံ ဒေသ၊ မန္တလေးဒေသတို့တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ပေပုရပိုဒ်များ စာရင်းကောက်ယူခြင်း၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လက်မှုပညာရပ်များကို သုတေသနပြု မှတ်တမ်းတင်ခဲ့ပါသည်။

(ဂ) သမိုင်းသုတေသန လုပ်ငန်းများအနေဖြင့် မြန်မာ့နိုင်ငံရေးသမိုင်း(၁၉၄၅-၁၉၄၈)၊ မြန်မာ့သတ္တုခေတ်ကာလ (ကြေးခေတ်၊ သံခေတ်) သမိုင်း၊ မြန်မာသမိုင်း သုတေသနစာစောင် အမှတ် (၂၄) စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ မော်ကွန်း ဌာနတွင် စုဆောင်းထားရှိသည့် ဖလင်လိပ် (၅၂)လိပ်၊ အသံသွင်းတိပ်ခွေ (၁၀၉) ခွေ၊ မဟာမုနိတံတိုင်း အတွင်းရှိ ကျောက်စာမင်ကူးချပ်ရေ (၈၄)ချပ် တို့အား ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။ နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုစီးပွား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ(၉)ရပ်ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလကုန်အထိ လုပ်ငန်းစဉ်များ ချမှတ်၍ အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) လက်ရှိအသုံးပြုနေသော ၁၉၆၈ ခုနှစ်၊ အမျိုးသား စာရင်းအင်းစနစ်မှ ၂၀၀၈ ခုနှစ် အမျိုးသားစာရင်းအင်းစနစ်သို့ ပြောင်းလဲရေးအတွက် သင်တန်းများပေးခြင်း၊ ကောက်ယူရရှိသည့် ကိန်းဂဏန်းများကို ကွန်ပျူတာ ပရိုဂရမ်များဖြင့် စမ်းသပ်စာရင်းရေးသွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ကဏ္ဍစီမံကိန်းတာဝန်ယူသည့် ဝန်ကြီးဌာနများနှင့် ဒေသန္တရစီမံကိန်း တာဝန်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ နိုင်ငံပိုင်၊ ပုဂ္ဂလိက နှင့်အသင်းအဖွဲ့များအတွက် ကောက်ယူထားသည့် စာရင်းများကို ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

(ဂ) ဌာနဆိုင်ရာများ နှင့် ဒေသန္တရဆိုင်ရာများမှ စာရင်းများရယူ စုစည်းထုတ်ပြန် ခြင်း၊ စာရင်းအင်းများမှန်ကန်စေရေးအတွက် လိုအပ်မည့်စစ်တမ်းများ ကောက်ယူခြင်း၊ လူမှုစီးပွားအညွှန်းကိန်းများ ကဏ္ဍပေါင်းစုံ ထုတ်ပြန်နိုင်ရေးအတွက် ဌာန အသီးသီး နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုကို စိစစ် ဆောင်ရွက်ခြင်း၊ စာရင်းအင်း ဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် Action Aid Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူအများ ပူးပေါင်းပါဝင်မှုရှိသော အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။

(င) မော်ကွန်း ဥပဒေအသစ် ရေးဆွဲရေးဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်၏ မှတ်တမ်းများ ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(စ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသော စက်မှုနှင့် ထုတ်လုပ်မှု လုပ်ငန်း(၄၃)ခု၊ ဝန်ဆောင်မှုလုပ်ငန်း (၃၉)ခု၊ CMP လုပ်ငန်း (၅၅)ခု၊ ဟိုတယ်လုပ်ငန်း(၁၀)ခု နှင့် သဘော်ကျင်း လုပ်ငန်း(၁)ခု၊ စုစုပေါင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု(၁၄၈)ခုတို့၏ စီးပွားရေး ဆိုင်ရာကိစ္စရပ်များကို စိစစ်ပြီး တွေ့ရှိချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အကြောင်းပြန်ကြားခဲ့ပါသည်။

(ဆ) မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ ပဋ္ဌမအကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးကို ၂၃-၉-၂၀၁၃ တွင် ကျင်းပခဲ့ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကို ၁၀-၉-၂၀၁၃ တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) နှင့် (၂/၂၀၁၃)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါ သည်။ မြန်မာအစိုးရနှင့် အမေရိကန် ပြည်ထောင်စုအစိုးရတို့အကြား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၁-၅-၂၀၁၃ တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဇ) UNCTAD National Workshop on FDI Statistic in Myanmar; Survey Methodologies in Collecting Data on FDI and TNC Activities ကို ၁၆-၇-၂၀၁၃ မှ ၁၉-၆-၂၀၁၃ အထိ နေပြည်တော် ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ Euromoney Myanmar Global Investment Forum ကို ၁၀-၉-၂၀၁၃ မှ ၁၁-၉-၂၀၁၃ အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

(ဈ) အရှေ့အာရှဒေသ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia 2013)ကို ၂၀၁၃ ခုနှစ် ဇွန်လ(၅)ရက် မှ (၇)ရက်နေ့အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန၊ နေပြည်တော်တွင် ကျင်းပခဲ့ပါ သည်။

(ည) မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၁၁-၂၀၁၅ ကာလဝက် ပြန်လည်သုံးသပ်ရေး အစည်းအဝေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ (MTR-Organizing Committee) အစည်းအဝေးကိုလည်း ကျင်းပခဲ့ပါသည်။

(ဋ) မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရဘက်မှ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (Sectoral Working Groups -

SWGs) အစည်းအဝေးကို ၆-၅-၂၀၁၃ နှင့် ၅-၇-၂၀၁၃ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။

(ဌ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကဏ္ဍအဖွဲ့များ ပါ ဝင်သော (Sectoral Strategy Development Framework) ရေးဆွဲရေး အတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၂-၉-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ မြန်မာအစိုးရ ဘက်မှ လုပ်ငန်းကဏ္ဍ အဖွဲ့များပါဝင်သော (Sectoral Working Groups - SWGs) အစည်းအဝေးကို ၅-၇-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ အာဆီယံ အသိုက်အဝန်း (အေအီးစီ) ၂၀၁၅ ပြည့်မီရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ အဖြစ် အောင်မြင်နိုင်ရေးအတွက် အာဆီယံ ဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းကော်မတီ အစည်းအဝေးကို ၃၀-၄-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနဌာန(အီရီယာ)တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် (MCDV) စီမံချက် လေ့လာမှု အစည်းအဝေးကို ၂၈-၅-၂၀၁၃ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။ အာဆီယံအသိုက်အဝန်း (အေအီးစီ)အတွက် အသင့် ပြင်ဆင်ရန် အထောက်အကူပေးနိုင်သည့် အလုပ်ရုံ ဆွေးနွေးပွဲကို ၄-၉-၂၀၁၃ မှ ၅-၉-၂၀၁၃ ရက်နေ့အထိ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။ နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အစည်းအဝေးကို ၉-၉-၂၀၁၃ ရက်နေ့တွင် သမ္မတရုံး(၃)၌ ကျင်းပခဲ့ပါ သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။ အစိုးရ၊ အလုပ်ရှင် နှင့် အလုပ်သမား(၃)ဦး (၃)ဖလှယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက် ပေးသည့် အသွင်သဏ္ဌာန်ဖြင့် လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များရရှိရေး၊ လူမှုရေးရပိုင်ခွင့်များ ခံစားခွင့် ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကိုလည်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

(က) ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းတွင် The Organization for Educational Resource and Technological Training (ORT) အဖွဲ့နှင့်ပူးပေါင်း၍ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းများ၊ ရန်ကုန်မြို့

တွင် ဖွင့်လှစ်နေသော ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အသက်မွေးမှု အတတ်ပညာ သင်တန်းကျောင်း Centre for Vocational Training (VT Myanmar)တို့ကို ဖွင့်လှစ်ရေးကိစ္စရပ်များ ဆောင်ရွက်ခဲ့ ပါသည်။

(ခ) လုပ်သားအင်အားစစ်တမ်း နှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူး အပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းအစည်း အဝေးများ ပြုလုပ်ခဲ့ပြီး၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့အကြား ချုပ်ဆိုမည့် နားလည် မှု စာချွန်လွှာ ရေးထိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိ ပါသည်။

(ဂ) ၁၉၅၄ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေသည် ခေတ်နှင့်လျော်ညီမှု မရှိတော့သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်သောဥပဒေ ဖြစ်စေရန် လည်းကောင်း၊ ASEAN Charter နှင့် သဟဇာတ ဖြစ်စေရန် လည်းကောင်း၊ ILO Conventions များ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ နှင့် ညီညွတ်စေရန် လည်းကောင်း ပြင်ဆင်ရေးဆွဲခဲ့သော ၂၀၁၃ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေအား အတည်ပြုခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီးရှိ ရုံးခွဲ (၅) မင်္ဂလာဒုံစက်မှုဇုန်နယ်မြေမှ စတင်ကာ ရုံးခွဲပေါင်း (၇) ရုံးမှ ဌာနပေါင်း (၂၄၈၀) ဌာန ရှိ အာမခံအလုပ်သမားပေါင်း (၁၃၄၈၂)ဦးတို့၏ လက်ဗွေ နှင့် ဓာတ်ပုံများကို စက်ရုံ၊ အလုပ်ရုံများ အရောက် ကွင်းဆင်းရယူနိုင်ခဲ့ပါသည်။ အာမခံအလုပ်သမား (၄၁၂၀၂) ဦး လက်ဝယ်သို့ Smart Card များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ လူမှုရေး ပြဿနာများ ကြုံတင်ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်မျိုးသားလုံးကြံ့ခိုင်ရေး နှင့် ပညာရည် မြင့်မားရေးတွင် လူမှုရေးချို့တဲ့သူများ ပါဝင်နိုင်စေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးမှု လျော့ပါးရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်ရိပ်သာ (၇၀)ခုကို ဖွင့်လှစ်ပြီး၊ လူငယ်ရိပ်သာများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ပရိဘောဂ နှင့်အားကစား ပစ္စည်းများကို ထောက်ပံ့လျက် ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ တွင် စေတနာမူလတန်း ညကျောင်း(၈၉) ကျောင်းဖွင့်လှစ်ပြီး၊ ကျောင်းသား ပေါင်း (၅၅၀၇)ဦးကို မူလတန်းပညာရပ်များ သင်ကြားလျက် ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများ သင်တန်းကျောင်း (၁၀)ခု ဖွင့်လှစ်ပြီး ပျမ်းမျှအားဖြင့် လူငယ် (၁၄၂၂)ဦး လက်ခံ၍ ကျောင်းပညာသင်ကြားခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်လာအောင် ဆုံးမပြုပြင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။ လူငယ်အမျိုးသား/ အမျိုးသမီး (၂၇၈) ဦးကို မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပေးခြင်း၊ ၂၀၁၃-၂၀၁၄ ပညာရေးနှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်း ကျောင်း/ ဌာနငယ်များမှ ပညာသင်ကြားနေသော မူလတန်း ကျောင်းသား (၄၄၄) ဦး၊ အလယ်တန်း ကျောင်းသား (၃၀၈)ဦး၊ အထက်တန်း ကျောင်း သား(၅၄) ဦး နှင့်တက္ကသိုလ်ကျောင်းသား (၄)ဦးတို့အတွက် မူလတန်း(၁)ဦး (၈၀၀၀) ကျပ်၊ အလယ်တန်း (၁၂၀၀၀) ကျပ်၊ အထက်တန်း (၁၅၀၀၀) ကျပ်နှင့် တက္ကသိုလ်(၁)ဦး (၂၀၀၀၀)ကျပ် စုစုပေါင်း ပညာသင်စရိတ် ကျပ်သန်း ၈.၁၄၅ ကို ခွဲဝေ ထောက်ပံ့ပေးခဲ့ပါသည်။

(ခ) အစီရင်ခံသည့် ကာလအတွင်း တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်းခံရသူ (၆၀)ဦး၊ ထိုင်းနိုင်ငံ သို့ လူကုန်ကူးခြင်းခံရသူ(၂၆) ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခြင်း ခံရသူ (၇၀) ဦးတို့အား မိဘရပ်ထံ ပြန်လည်အပ်နှံခဲ့ပါ သည်။

(ဂ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း ဘိုးဘွားရိပ်သာ (၆၂)ခု တွင် ဘိုးဘွားပေါင်း (၂၁၇၈)ကျော်ကို စောင့်ရှောက်ထားပါသည်။ ပြောင်းလဲလာ သော မြန်မာ့လူ့အဖွဲ့အစည်း၏ အသွင်၊ အမြင်များအား ထောက်ရှု၍ ရိပ်သာအခြေပြု နှင့် ရပ်ရွာအခြေပြု စောင့်ရှောက်ရေး နည်းစနစ် (၂) မျိုး လုံး ရောစပ်ထားသော သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်မှုဂေဟာ (Day Care Centre for Aged)ကို ရန်ကုန်မြို့၊ အမှတ်(၆၄)၊ ကမ္ဘာအေး စေတီလမ်း၌ ဖွင့်လှစ်၍ ရန်ကုန်တိုင်းအတွင်းရှိ အသက်(၇၀) နှင့်အထက် လူမှုရေးအရ အထီးကျန် နေသော သက်ကြီးရွယ်အို (၃၀)ဦး ဖြင့် စတင် ဆောင်ရွက်ရန်စီစဉ်လျက် ရှိပါသည်။

(ဃ) မသန်စွမ်းသူများပြုစု စောင့်ရှောက်ရေး ဂေဟာကို ဖွင့်လှစ်ထားရှိပြီး၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဌာနငယ်၊ သင်တန်းကျောင်းများမှ မသန်စွမ်းကလေးများနှင့် ဉာဏ်ရည်မမီသူများအား ပြုစုစောင့်ရှောက်

လျက်ရှိရာ ကလေး (၆၂) ဦးကို ပြုစု စောင့်ရှောက်လျက် ရှိပါသည်။ ဥာဏ်ရည်မမီနှင့် ကိုယ်အင်္ဂါ မသန်စွမ်းသူ ကလေးများ အတွက် မသန်စွမ်း သက်ငယ် သင်တန်းကျောင်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး၊ ကျောင်းသား (၂၁၈) ဦးကို လေ့ကျင့်ပေးလျက်ရှိပါသည်။ နေ့စဉ်လှုပ်ရှား သွားလာမှု၊ လူမှုဆက်ဆံရေးနှင့် အကြို အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးလျက်ရှိပါသည်။ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး၊ သင်တန်းသား (၉၃) ဦး လက်ခံထားရှိ၍ စက်ချုပ်၊ ရေဒီယို အီလက်ထရောနစ်သင်တန်း၊ ကွန်ပျူတာ၊ ပိုးဇာ ပုံနှိပ် သင်တန်း၊ ဆံပင်ညှပ် သင်တန်းများနှင့် ဓါတ်ပုံ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက် ရှိပါသည်။ ရန်ကုန်မြို့ရှိ မျက်မမြင်ကျောင်းတွင် ကျောင်းသား (၁၃၂)ဦးကို လက်ခံစောင့်ရှောက်ထားပြီး၊ မျက်မမြင် လက်စမ်းစာပေ Braille ဖြင့် ကျောင်းပညာ သင်ကြားပေးခြင်း၊ ကွန်ပျူတာပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်း၊ ဂျပန်စာ နှင့် စကားပြော၊ အင်္ဂလိပ်စာနှင့် စကားပြော လေ့ကျင့် သင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များအဖြစ် ကြိမ်ထိုးခြင်း၊ တံမြက်စည်း ပြုလုပ်ခြင်း၊ အနှိပ်သင်တန်း၊ သိုးမွေးထိုးသင်တန်းများ သင်ကြားပေး လျက်ရှိပါသည်။ မျက်မမြင်ကျောင်း(စစ်ကိုင်း)တွင် ကျောင်းသား/ ကျောင်းသူ (၆၆)ဦးကို စောင့်ရှောက်ထားပြီး၊ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်အဖြစ် ကြိမ်ထိုးလုပ်ငန်း ပညာကို သင်ကြားပေး လျက်ရှိပါသည်။ နားမကြားသော ကလေးများကျောင်း(မန္တလေး)တွင် ကျောင်းသား (၁၉၀)ဦး ရှိပြီး၊ Sign Language ဖြင့် ကျောင်းပညာ သင်ကြားခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(c) မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးတွင် ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မြစ်ကြီးနားနှင့် တာချီလိတ် ပြန်လည်ထူထောင်ရေး စခန်းတွင် စုစုပေါင်းသင်တန်းသား (၂၅၈)ဦးအား ဆောင်ရွက်ပေးလျက် ရှိပါသည်။ ရွှေပြည်သာလူငယ်များပြုစု ပျိုးထောင်ရေးဌာနတွင် မိဘအပ် (သီးသန့်) သင်တန်းသား(၂၉)ဦးကို လက်ခံစောင့်ရှောက် ပေးလျက် ရှိပါသည်။ ပြန်လည်ထူထောင်ရေးစခန်း အသီးသီးမှ သင်တန်းဆင်းများ

အား ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူး အသင်း၏ ကူညီမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်မြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့၊ မန္တလေးမြို့နှင့်လားရှိုးမြို့တွင် စုစုပေါင်း(၁၅၄)ဦး အား နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

(စ) HIV / AIDS ရောဂါဝေဒနာ ခံစားနေရသော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအား လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ပြည်မြို့၊ မော်လမြိုင်မြို့နှင့်မုံရွာမြို့များတွင် ၂၀၁၃ ခုနှစ်မှ စတင်၍ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

(ဆ) သင်တန်းကျောင်းအခြေပြုလုပ်ငန်းအဖြစ် လူငယ်သင်တန်းကျောင်း (၁၀) ခုတွင် ကလေးဦးရေ ကျား(၁၀၇၉)ဦး၊ မ(၃၄၃) ဦး၊ စုစုပေါင်း (၁၄၂၂) ဦးကို လက်ခံစောင့်ရှောက် ပေးလျက်ရှိပါသည်။ သင်တန်းကျောင်းမှ ကလေးများအား မိသားစုထံ ပြန်လည်အပ်နှံနိုင်ရေးအတွက် Terre def hommes-L အဖွဲ့အစည်းမှ မိသားစုပြန်လည် ပေါင်းစည်းနိုင်ရန် နောက်ကြောင်း ရာဇဝင် လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း လုပ်ငန်းများကို ကလေး (၆၁)ဦး အတွက် ဆောင်ရွက်ခဲ့ပါသည်။

(ဇ) ၄က်အော်စမ်း လူငယ်သင်တန်းကျောင်းမှ ကလေး(၁၅)ဦးအား အလုပ်အကိုင်ရရှိရန် နှင့် လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်စေရန်အတွက် Group Home ပုံစံဖြင့် နေထိုင်စေပြီး အသက်မွေး ဝမ်းကျောင်းသင်တန်းများဖြင့် လေ့ကျင့်ပေးလျက် ပုံနှိပ်လုပ်ငန်းတွင် အလုပ်အကိုင်ရှာဖွေပေးခဲ့ပါသည်။ ရန်ကုန်မြို့ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် Adolenscent Counselling ကို သင်တန်းသား(၂၅)ဦးဖြင့် သင်တန်း ဖွင့်လှစ်ခြင်းနှင့် Counselling Training of Trainer သင်တန်းကို သင်တန်းသား(၃၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ Shelter Self Improvement အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ၊ သင်တန်းသား/သူ (၁၇)ဦးသည် Shelter Visit အဖြစ် ကျိုင်းတုံ အမျိုးသမီး သက်မွေးအတတ် ပညာသင်ကျောင်း၊ မူဆယ် လူကုန်ကူးခံရသူများ ယာယီ စောင့်ရှောက်ရေးဂေဟာ၊ မန္တလေးအမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ ရန်ကုန် အမျိုးသမီး သက်မွေးအတတ်ပညာသင် ကျောင်းတို့သို့

သွားရောက် လေ့လာကြပြီး ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံ ကျောင်း၌ Shelter Visit Wind Up အစည်းအဝေး ကျင်းပခဲ့ပါသည်။

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ရန်ကုန်မြို့၊ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်းတွင် Trafficking Training of Trainer သင်တန်း တက်ရောက်ပြီးသူများမှ ဆင့်ပွားသင်တန်းများကို ရန်ကုန်မြို့ Central Hotel ၌ Case Form Meeting ကို ကျင်းပပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၊ လားရှိုးမြို့တွင် လက်တွေ့ ဝန်ဆောင်မှု ပေးနေသော အမျိုး သမီးရေးရာ အဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး သင်တန်းကို သင်တန်းသား (၃၀)ဦးဖြင့် ဖွင့်လှစ် ခဲ့ပါသည်။

(ည) ဘေးဒုက္ခသည်များအား ကယ်ဆယ်ထောက်ပံ့ခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဒုက္ခသည်များ စားသောက်ရေးအတွက် ဆန် (၁) အိတ် (၁၉၂၀၀) ကျပ်နှုန်းဖြင့် လူဦးရေအလိုက် ဆန်ရိက္ခာ (၃)ရက်စာမှ (၁) လစာထိ ထောက်ပံ့ခြင်း၊ လတ်တလော သုံးစွဲနိုင်ရန်အတွက် ကယ်ဆယ် ရေး ပစ္စည်းများကို ဘေးသင့်အိမ်ထောင်စု အလိုက် ထောက်ပံ့ခြင်း၊ ပျက်စီး အိမ်ခြေအတွက် (၁) အိမ်လျှင် (၅၀၀၀၀) ကျပ်နှုန်းနှင့် ဘာသာရေး အဆောက်အဦးဖြစ်သော ဘုန်းကြီးကျောင်း (၁) ကျောင်းလျှင် (၆၀၀၀၀) ကျပ်နှုန်းထောက်ပံ့ခြင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် သေဆုံးသူများ အတွက် ဗဟိုအထွေထွေ ကယ်ဆယ်ရေး ရန်ပုံငွေမှ လူကြီး (၁) ဦးလျှင် (၁၀၀၀၀၀)ကျပ်၊ ကလေး(၁) ဦးလျှင် (၅၀၀၀၀) ကျပ်နှုန်း ထောက်ပံ့ပေး ခြင်းတို့ ဆောင်ရွက်လျက် ရှိပါသည်။ မီးဘေး(၆၈)ကြိမ်၊ ရေဘေး(၂၅) ကြိမ်၊ လေဘေး(၄၇) ကြိမ်၊ အခြားဘေး(၂၇) ကြိမ်ဖြစ်ပွားခဲ့ပြီး၊ ၎င်းဘေး များအတွက် ကယ်ဆယ်ရေးပစ္စည်း (၈)မျိုး၊ စုစုပေါင်း (၁၄၀၆၆) အိမ်ထောင် စာနှင့် ရန်ပုံငွေအပါအဝင် စုစုပေါင်း ကျပ်သန်း ၂၇၈.၅၉၁ ထောက်ပံ့ခဲ့ပါ သည်။ သေဆုံးသူကလေး (၁၃)ဦးနှင့် လူကြီး (၂) ဦး အတွက် ဗဟို အထွေထွေကယ်ဆယ်ရေး ရန်ပုံငွေမှ ကျပ်သန်း ၀.၈၅၀ ကို ထောက်ပံ့ခဲ့ ပါသည်။ ထိခိုက်ပျက်စီး ဆုံးရှုံးမှု ကြီးမားသော ဘေးများမှာ ကရင်

ပြည်နယ်ရှိ မြို့နယ်/မြို့နယ်ခွဲ (၁၃) ခု၌ ရေဘေးဖြစ်ပွားခဲ့ရာ ယင်းဘေး အတွက် ကျပ်သန်း ၄၂.၅၄၁ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၈)မျိုး ကို ထောက်ပံ့ခဲ့ပါသည်။ မွန်ပြည်နယ်ရှိ မြို့နယ်(၅)မြို့နယ်၌ ရေဘေး ဖြစ်ပွားခဲ့ရာ ယင်းရေဘေး အတွက် ဆန်ရိက္ခာ ရန်ပုံငွေ ကျပ် ၁.၁၁၉ သန်း၊ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် ကျပ် ၂၀.၆၄၄ သန်း ကို ထောက်ပံ့ခဲ့ပါသည်။ မန္တလေးတိုင်း ဒေသကြီးရှိ မြို့နယ်(၆)မြို့နယ်၌ ဖြစ်ပွားခဲ့သည့် ရေဘေးအတွက် ကျပ် ၃.၅၆၄ သန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၄) မျိုး နှင့် ဆန်ရိက္ခာ ရန်ပုံငွေ ကျပ် ၄.၁၄၁ သန်း ကို ထောက်ပံ့ ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်(၄) မြို့နယ်၌ ဖြစ်ပွားခဲ့သည့် ရေဘေးအတွက် ကျပ် ၁.၂၇၈ သန်း တန်ဖိုးရှိ ကယ်ဆယ်ရေး ပစ္စည်း(၄) မျိုးနှင့် ဆန်ရိက္ခာ ရန်ပုံငွေ ကျပ် ၀.၅၈၉ သန်းကို ထောက်ပံ့ခဲ့ပါသည်။ ပေါင်မြို့သို့ ရောက်ရှိလာသော ပြည်တွင်း ရေမျှော မြန်မာ ရေလုပ်သား(၁)ဦး၊ အိန္ဒိယနိုင်ငံ၊ ပို့ဘလဲယားမြို့ရှိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာရေလုပ်သား (၁၂၃)ဦးကို ပြန်လည်ခေါ်ယူ၍ နေရပ်များသို့ ပြန်လည် ပို့ဆောင်ခဲ့ပါသည်။

(၆) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်း စာနာကူညီမှုဆိုင်ရာ အာဆီယံ ညှိနှိုင်းရေးမှူးရုံး (AHA-Centre) ထူထောင် ရာတွင် မြန်မာနိုင်ငံအနေ ဖြင့် (၁)နှစ်လျှင် အမေရိကန် ဒေါ်လာ (၃၀၀၀၀) ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ထည့်ဝင်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ် ကယ်ဆယ်ရေးရန်ပုံငွေ (AADMER- Fund) သို့ နှစ်စဉ်ကြေး အမေရိကန်ဒေါ်လာ (၂၀၀၀၀) ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ထည့်ဝင်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

(၇) သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို ရပ်ရွာ လူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ရပ်ကွက်/ ကျေးရွာများ အထိ ဆွေးနွေး ဟောပြောပွဲများ ပြုလုပ်လျက်ရှိရာ မြို့နယ် (၅၀)ရှိ ပြည်သူ လူထု (၁၀၇၄၆)ဦးကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာများကို ဖြန့်ဝေ နိုင်ခဲ့ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန်နှင့် သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုအောင်မြင်စေရေးအတွက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကဏ္ဍတွင် အခြေခံကျွမ်းကျင်မှု အဆင့်ဖြစ်သော ဒီပလိုမာအချိန်ပိုင်း သင်တန်းမှစ၍ အဆင့်မြင့်ပါရဂူဘွဲ့ သင်တန်းများအထိ အထူးပြုပညာရပ် ဆိုင်ရာ သင်တန်းများကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ ပါရဂူဘွဲ့ရရှိပြီးသူ (၁၄၇၉)ဦး၊ မဟာဘွဲ့ရရှိပြီးသူ (၉၉၂၇) ဦး အပါအဝင် စုစုပေါင်း (၃၄၃၀၆) ဦးအား အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပါသည်၊

(ခ) သင်တန်းများကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ သင်တန်း ကာလ (၅)နှစ်မှ (၆) နှစ်သို့ ပြောင်းလဲ၍ တိုက်ရိုက်အင်ဂျင်နီယာဘွဲ့ BE ရရှိမည့် သင်တန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် နှင့် မန္တလေး နည်းပညာတက္ကသိုလ် တို့တွင် ပြုလုပ်လျက်ရှိပြီး ကျန်နည်းပညာတက္ကသိုလ်များ ၏ ပညာသင်နှစ်အား (၅)နှစ်မှ (၆)နှစ်သို့ တိုးမြှင့်ခြင်း၊ ကွန်ပျူတာ တက္ကသိုလ်များ၏ ပညာသင်နှစ်ကို (၄)နှစ်မှ (၅)နှစ်သို့ တိုးမြှင့်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) နိုင်ငံခြားတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရိုးရိုးတွင်ခုံ၊ ဖောက်ခုံများအား PC-Based Computer Numerical Control Machine များ အဖြစ်သို့ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်း၊ Internal Combustion Engine ဆိုင်ရာ သင်ထောက် ကူပစ္စည်းများ ဆောင်ရွက်ခြင်း၊ သုတေသန လုပ်ငန်းနှင့် အသေးစား ရေအား လျှပ်စစ်တာဘိုင် သုတေသနပြု ထုတ်လုပ်ခြင်း လုပ်ငန်းများ တို့ကို ဆောင်ရွက်ခဲ့ ပါသည်၊

(ဃ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ သုတေသန လုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးပေးခြင်းနှင့် လက်တွေ့သုံးစွဲနည်းများအား ကျေးရွာများသို့ အရောက် ကွင်းဆင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပညာသင်ကြား လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည် ဆန်းသစ်ရေးဆွဲခြင်း၊ အမျိုးသားပညာရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးတွင်

ကျွမ်းကျင်မှုစံ သတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အင်ဒိုနီးရှား သမ္မတနိုင်ငံ SEAMOLEC စင်ကာပူ သမ္မတနိုင်ငံ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ Asian Development Bank (ADB)၊ Korea International Cooperation Agency (KOICA), Japan International Cooperation Agency (JICA)၊ Asia Institute of Technology (AIT) တို့နှင့် Techanical Vocational Education Training (TVET) တို့နှင့်ပူးပေါင်း၍ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

(c) အဏုမြူ စွမ်းအင်ဆိုင်ရာ နည်းပညာရပ်ဖွံ့ဖြိုးရေးကို ထိရောက်စွာဆောင်ရွက်သွားရန်နှင့် အဏုမြူ ဓာတ်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ သတ္တုဗေဒ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ)၊ စက်မှုနည်းပညာ မြှင့်တင်ရေး သင်တန်းဌာန (ဘယ်လင်း) နှင့် သုတေသနလုပ်ငန်းများ၊ လက်တွေ့ ကျွမ်းကျင်မှု သင်တန်းများနှင့် အလုပ်ရုံလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၉၂၈,၈၂၄ သန်း (ပါဝင်မှုရာခိုင်နှုန်း ၂၅.၅ ရာခိုင်နှုန်း)၊ သမဝါ ယမပိုင်အခန်းအနေဖြင့် ကျပ် ၁,၆၇၄ သန်း (ပါဝင်မှုရာခိုင်နှုန်း ၀.၀၁ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ကျပ် ၁၄,၄၁၂,၁၆၈ သန်း (ပါဝင်မှုရာခိုင်နှုန်း ၇၄.၅ ရာခိုင်နှုန်း) ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထား သတ်မှတ်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု အနေဖြင့် နိုင်ငံပိုင်အခန်းမှ ကျပ် ၁,၃၈၇,၀၃၁ သန်း (ရာခိုင်နှုန်းအားဖြင့် ၂၈.၁၄ ရာခိုင်နှုန်း)၊ သမဝါ ယမပိုင် အခန်းအနေဖြင့်ကျပ် ၈၆၄ သန်း (ရာခိုင်နှုန်းအားဖြင့် ၅၁.၆၀ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကပိုင် အခန်းအနေဖြင့် ကျပ် ၇,၆၀၂,၅၁၅ သန်း (ရာခိုင်နှုန်းအားဖြင့် ၅၂.၇၅ ရာခိုင်နှုန်း) အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ယခင်နှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံပိုင်အခန်းအနေဖြင့် ၁.၄ ရာခိုင်နှုန်း လျော့နည်းအကောင်အထည် ဖော်နိုင်ခဲ့သော်လည်း သမ/အဖွဲ့အစည်းပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်း အနေဖြင့် ၃၉.၉ ရာခိုင်နှုန်း တိုးတက် အကောင်အထည်ဖော်

နိုင်ခဲ့ပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ယခင်နှစ် ပထမ(၆)လပတ်ထက် ၃၁.၄ ရာခိုင်နှုန်း ပိုမို အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၅-၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလျာထားချက်နှင့် ပထမ(၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု

အမှတ်စဉ်	အကြောင်းအရာ	နိုင်ငံပိုင်		သမ/အဖွဲ့အစည်းပိုင် နှင့်ပုဂ္ဂလိကပိုင်		စုစုပေါင်း
		တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု ရာခိုင်နှုန်း	တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု ရာခိုင်နှုန်း	
၁	၂၀၁၂-၂၀၁၃ (ပထမ ၆ လ)	၁၄၀၆၂၈၅	၂၀.၆	၅၄၃၃၇၄၂	၇၉.၄	၆၈၄၀၀၂၇
၂	၂၀၁၃-၂၀၁၄ (လျာထားချက်)	၄၉၂၈၈၂၄	၂၅.၅	၁၄၄၁၃၈၄၁	၇၄.၅	၁၉၃၄၂ဖ၆၅
၃	၂၀၁၃-၂၀၁၄ (ပထမ ၆ လ)	၁၃၈၇၀၃၁	၁၅.၄	၇ဖ၀၃၃၇၈	၈၄.ဖ	၈၉၉၀၄၀၉

အခန်း(၆)

ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆောင်ရွက် အကောင်အထည်ဖော်မှုကို တင်ပြအပ်ပါသည်။

ကျင်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ်တွင် နှစ်အလိုက် ဈေးနှုန်း များအရ ကျပ် **၇၇၅,၁၈၀.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၂.၁** ရာခိုင်နှုန်း ပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁) ကျင်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ကျင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၂၉၀,၅၆၇.၃** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၃၇.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **-၀.၃** ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၆၁၈,၆၁၀.၈** သန်း အကောင်အထည် ဖော်ရန်နှင့် **၈.၄** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၂၄၃,၅၁၆.၈** သန်း ဖြစ်ပေါ်ခဲ့ သဖြင့် **၃.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၈၂၈၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ထို့အပြင် အထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစမ်းသပ် စိုက်ပျိုးခြင်းကို ဝိုင်းမော် မြို့နယ်၊ ဝါရှောင် ဆည်ရေသောက် ဧရိယာတွင် ဧက ၁၀၀၊ မိုးကောင်း မြို့နယ် ကုလားကုန်း ဆည်ရေသောက် ဧရိယာတွင် ဧက ၁၀၀၊ ဟိုပင် မြို့နယ်ခွဲ မြို့သစ်ကလေး ဆည်ရေသောက် ဧရိယာတွင် ဧက ၁၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ပထမ(၆)လပတ်တွင် နိုင်ငံပိုင် အခန်းမှ ကျွန်း နှင့် သစ်မာ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိစေရေး အတွက် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူရာတွင် စနစ်တကျ စီစစ်၍ ဆောင်ရွက်လျက် ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ရွှေထုတ်လုပ်မှု၌ အသေးစားလုပ်ကွက်များ အနေဖြင့် သက်တမ်းတိုးမှုမရှိခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်စိမ်းထုတ်လုပ်မှုတွင် ဖော်ထုတ်လုပ်ကွက်များ ရပ်ဆိုင်းထားခြင်း၊ ပုဂ္ဂလိကပိုင် အခန်းတွင် လုံးခင်း၊ ဖားကန့်ဒေသတွင် တူးဖော်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ခြင်း မရှိသဖြင့် ကျောက်စိမ်းထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ သယံဇာတ သတ္တုသိုက်များ မကုန်ခမ်းစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ စက်မှုဇုန်တည်ထောင်နိုင်ခြင်း မရှိသော်လည်း မိုးညှင်းမြို့နယ်နှင့် မိုးမောက်မြို့နယ်များတွင် သစ်အခြေခံကုန်ချောပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ်များတွင် ပီလောပီနံကော်မှုန့်စက်ရုံနှင့် စက္ကူထုတ်လုပ်ခြင်းစက်ရုံ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းအကြီးစား ၄၂ ခု၊ အလတ်စား ၉၄ ခု၊ အငယ်စား ၁၀၅၈ ခု၊ စုစုပေါင်း လုပ်ငန်းဦးရေ ၁၁၉၄ ခုနှင့် မှတ်ပုံ မတင်ထားသော လုပ်ငန်းဦးရေ ၁၀၂၀ ခု ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန တာပိန်(၁) မှ ပြည်ပသို့ ဓာတ်အားတင်ပို့ဖြန့်ဖြူးမှု ယခင်နှစ်က ရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလမှ စ၍ ပြည်ပသို့ဓာတ်အားများ ပြန်လည် ဖြန့်ဖြူးလျက်ရှိပါသည်။ မိုးညှင်း-နမ္မားသို့ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျောက်ပထိုး မဟာဓာတ်အားစနစ် (National Grid) လျှပ်စစ်ဓာတ်အားစနစ်မှ ၃၁.၈.၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ မိုးကောင်းသို့ ၁.၉.၂၀၁၃

ရက်နေ့တွင် လည်းကောင်း စတင်ဖြန့်ဖြူးလျက် ရှိပါသည်။ ချီဖွေငယ် ရေအား လျှပ်စစ် ဓာတ်အားလုပ်ငန်းသည် ရာနှုန်းပြည့် တည်ဆောက်ပြီးဖြစ်၍ ဓာတ်အားပို့လွှတ်နိုင်ရေး စီစဉ်လျက် ရှိပါသည်။ မလိခရေအားလျှပ်စစ် ဓာတ်အားကို ဘူးဂါးကုမ္ဗဏီမှ တစ်ယူနစ်လျှင် ၁၆၀ ကျပ်နှုန်းဖြင့် မြစ်ကြီးနား မြို့နယ်အတွင်း ဖြန့်ဖြူးလျက်ရှိသော်လည်း ဓာတ်အား လိုအပ်ချက် ရှိနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နိုင်ငံပိုင်လမ်းတံတားများ ဖောက်လုပ်ခြင်း၊ ရထားပို့ဆောင်ရေးမှ ကသာ-ဗန်းမော်လမ်းဖောက်လုပ်ခြင်း၊ ရွှေဘို-မြစ်ကြီးနားကားလမ်းနှင့် မြစ်ကြီးနား-ဆွမ်ပရာ ဘွမ်-ပူတာအိုကားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြစ်ကြီးနားပညာရေးကောလိပ်၊ ဗန်းမော် သူနာပြုသင်တန်းကျောင်း၊ တကွင်းရေလွှဲဆည်တည်ဆောက်ခြင်းနှင့် မိုးညှင်းခရိုင်တွင် သာသနိက အဆောက်အဦတည်ဆောက်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ လမ်းများဖောက်လုပ် ပြုပြင်ခြင်းနှင့် ပုဂ္ဂလိကအခန်းတွင် လူနေအိမ်များအသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ မီးရထားကိုသာ အဓိက အသုံးပြုသွားလာနေရသဖြင့် ရထား လမ်း ပိုမိုကောင်းမွန်ရေးအတွက် ကွန်ကရစ်ဧလီဖားတုံးများ၊ လမ်းခင်းကျောက်များ ၊ လူစီးတွဲ၊ ကုန်တွဲများ ဖြည့်ဆည်းပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြစ်ကြီးနား-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ဖားကန့်လမ်း၊ မြစ်ကြီးနား-တနိုင်းလမ်း၊ မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီးလမ်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ပုဂ္ဂလိက မော်တော်ယာဉ် လိုင်းများ အသီးသီး ပြေးဆွဲလျက်ရှိရာ ကုန်စည်များလည်းပုံမှန် ပို့ဆောင်လျက် ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ တယ်လီဖုန်းကွန်ယက်များ ချဲ့ထွင်ပေးခြင်း၊ သက်တမ်း ကြာမြင့်သည့် မြေအောက်ကြိုးများနှင့် ကောင်းကင်ကြိုးများလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ တယ်လီဖုန်း ၂၇၂၁၆ လုံးအား အသစ်တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းတို့၏ ဝင်ငွေများတိုးလာခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ကမ္ဘောဇဘဏ်နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်တို့၏ ဝင်ငွေတိုးလာခြင်း၊ ဧရာဝတီ ဘဏ်ခွဲ အသစ်ဖွင့်လှစ်ခြင်း တို့ကြောင့် တိုးတက်ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကုန်အထိ နိုင်ငံတော် ဘတ်ဂျက်ဖြင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ အင်ဂျန်ယန်၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ မိုးမောက်၊ ပူတာအို၊ မချမ်းဘောမြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန ၅ ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၉ ခု တို့ကို ကျပ် ၁၅၀၃.၉စသန်း ဖြင့် တည်ဆောက် လျက်ရှိပါသည်။

သောက်သုံးရေရရှိမှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ တနိုင်း၊ ဖားကန့်၊ မိုးကောင်း၊ မိုးမောက်၊ မန်စီ၊ လွယ်ဂျယ်၊ ပူတာအို၊ ရှင်ဖွေယန်မြို့နယ်များတွင် မြို့ပြ ရေပေးရေးလုပ်ငန်း ၂၆ ခု တို့အား စည်ပင်သာယာရန်ပုံငွေ ကျပ် ၈၁.၅၉ သန်း ဖြင့် လည်းကောင်း၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ဖားကန့် မြို့နယ်တွင် လုပ်ငန်း ၁ ခု ကို စည်ပင်သာယာရန်ပုံငွေ ကျပ် ၃.၅၅ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်မီးလင်းရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ ကျေးရွာပေါင်း ၂၅၇၉ ရွာတွင် မီးလင်းပြီးကျေးရွာ ၂၉၆ ရွာရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၁.၄၈ ရာခိုင်နှုန်း ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကုန်အထိ ပြည်နယ်အတွင်း မြို့ပြလမ်းတံတားလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ကတ္တရာလမ်း ၇/၃.၂ မိုင်၊ ကျောက်ချောလမ်း ၀/၃.၇၁၉ မိုင်၊ ၈ဝ/သဲကျောက်ခင်းလမ်း ၅.၉၃၉ မိုင်၊ ကွန်ကရစ်လမ်း ၀/၁.၅၇၅ မိုင်၊ ကွန်ကရစ်တံတား ၃၀ စင်း၊ သစ်သားနှင့် အခြားတံတား ၁၇ စင်းတို့အား စည်ပင်သာယာရန်ပုံငွေ ကျပ်သန်း ၁၀၂၀.၈၉၆၆ ဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်လမ်း၊ တံတားဆောင်ရွက်မှုတွင် ကျောက်ချောလမ်း ၀/၁.၅၁ မိုင်၊ ၈ဝ/သဲ ကျောက်ခင်း လမ်း ၀.၁၇၆၅ မိုင်၊ သစ်သားတံတား ၁ စင်း တို့ကို စည်ပင်သာယာရန်ပုံငွေ ကျပ် ၁၅.၁၃၈ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

နယ်စပ်ကုန်သွယ်ရေး။ ကုန်သွယ်ရေးကဏ္ဍတွင် လွယ်ဂျယ်၊ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်အတွက် အတားအဆီးဖြစ်နေသော စာရွက်စာတမ်းကိစ္စများကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ ယခင် ကုမ္ပဏီလိုင်စင်ဖြင့်သာ ကုန်ပစ္စည်းတင်ပို့ခြင်း၊ တင်သွင်းခြင်း ခွင့်ပြုခဲ့သော်လည်း ယခုအခါ ITC (Individual Trading Card) များထုတ်ပေးပြီး တစ်ဦးချင်း ကုန်သွယ်ခွင့်မပြုသော ကုန်ပစ္စည်းများ၊ စားသုံးသူ အန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများမှအပ အခြား ကုန်ပစ္စည်းများကို တင်သွင်းခွင့်ပြုလျက် ရှိပါသည်။

ကချင်ပြည်နယ်၏ ပထမ(၆)လပတ် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပြည့်မီစေရန် ထုတ်လုပ်မှုကဏ္ဍများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေး ကဏ္ဍများမှာ စီမံကိန်း ရည်မှန်းချက် ပြည့်မီနိုင်ရန် အားနည်း နေသောကြောင့် ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် မိုးစပါးမှာ ဧက ၅၅၀၀၀၀ ကျော် စိုက်ပျိုးရန် ရည်မှန်းသော်လည်း ၄၄၀၀၀၀ ကျော်သာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍသည် နယ်မြေ

အခြေအနေအရ ထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရသည့် အခြေအနေများ ရှိနေခြင်း၊ ကျောက်စိမ်းများ ထုတ်လုပ်မှု လျော့နည်းခြင်း၊ ရွှေလုပ်ကွက်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကုမ္ပဏီများမှ ရွှေလုပ်ကွက်အတွက် တစ်နှစ်စာ ရွှေစင် ၂၄ ကျပ်သား ကြိုတင်ပေးသွင်းရခြင်း စနစ်ကြောင့် သက်တမ်းလွန် လုပ်ကွက်များအား ဆက်လက် သက်တမ်း မတိုးခြင်းနှင့် လုပ်ကွက် ပြန်လည် အပ်နှံခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် သစ်မာခွဲသား၊ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပွင့်နှင့် ကျောက်စိမ်းပြားတို့တွင် ထုတ်လုပ်မှု ရည်မှန်းချက် မပြည့်မီခြင်း၊ မော်တော်ကားနှင့် ဆိုင်ကယ်ဝပ်ရှော့ လုပ်ငန်းများ၊ ဆွယ်တာ ထိုးလုပ်ငန်း ထုတ်လုပ်မှု လျော့နည်း ကျဆင်းနေခြင်း၊ ပို့ဆောင်ရေးကဏ္ဍ အနေဖြင့် ပွင့်လင်းရာသီ ကာလတွင် မြစ်ကြီးနား-တနိုင်း၊ မြစ်ကြီးနား-ဖားကန့်၊ မြစ်ကြီးနား-လိုင်ဇာ၊ မြစ်ကြီးနား-ဗန်းမော်၊ မြစ်ကြီးနား-ကန်ပိုက်တီးလမ်းများ ပွင့်လင်းလာ၍ ပုဂ္ဂလိက မော်တော်ယာဉ် လိုင်းများ ပုံမှန်ပြေးဆွဲ လာနိုင်သော်လည်း အဓိက အားဖြင့် မီးရထားကိုသာ အားထားအသုံးပြု သွားလာနေရခြင်း စသည် တို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက် ပြည့်မီနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကယားပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကယားပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ပထမ(ဖ) လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၉၈,၂၆၁.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၀.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၂) ကယားပြည်နယ်၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ကယားပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၇၅,၂၉၉.၇** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၇၆.၆** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၃.၄** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၉,၁၂၄.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၈,၄၀၈.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၁** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံ စိုက်ဧက ၂၆၄၆၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။အထူးသဖြင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်းနှင့် နေကြာ တို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ မျိုးကောင်း မျိုးသန့် ဖြန့်ဖြူးမှုအနေဖြင့် စပါးအထွက်ကောင်းမျိုးသန့်၊ ပုလဲသွယ် မျိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲပုတ် တို့ကို ဖြန့်ဖြူးပေးခဲ့ပါသည်။ မိုးစိုက်သီးနှံဖြစ်သည့် ပဲအမျိုးမျိုးမှာ ယခင်နှစ်ထက် ပိုမိုထွက်ရှိခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံစိုက်ပျိုးထုတ်လုပ် ရန်အတွက် တောင်သူလယ်သမားများ သို့ ချေးငွေ ကျပ် ၁၄၈၄.၃ သန်း ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

သားငါးကဏ္ဍ ။ ပြည်နယ်အတွင်း အသားစားသုံးမှု ဖူလုံစေရန်အတွက် ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်ရန် မိတ္ထီလာမြို့နယ်၊

တောမကျေးရွာ နို့စားနွားမွေးမြူရေးခြံမှ သားစပ်မိတ်လိုက်နိုင်သော ဖရီရှန်နို့စားနွားသိုး ၇ ကောင်၊ ဒိုက်ဦးမွေးမြူရေးခြံမှ သားခွဝက်ငယ်ကောင်ရေ ၂၀၀ မွေးမြူလျက် ရှိပါသည်။ ငါးမွေးမြူသူဦးရေ ၁၂၂ ဦးမှ ငါးမွေးကန် ၇၅၉.၀၄ ဧကတွင် မွေးမြူလျက်ရှိပါသည်။

သစ်တောကဏ္ဍ။ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သစ်တောစိုက်ခင်း ထူထောင်ရန် စုစုပေါင်း ကျွန်း ၂၃၇၄၂ ပင်၊ သစ်မာပင် ၁၆၉၀၀ ပင် စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ကျွန်းစိုက်ခင်းတွင် လွိုင်ကော်မြို့နယ် မထောခူကြိုးဝိုင်းတွင် ဧက ၅၀ ၊ သစ်မာစိုက်ခင်း ပိတောက်ဧက ၅၀ ၊ ဒီးမောဆိုမြို့နယ် နန့်စံဖူးကြိုးပြင်ကာကွယ်တောတွင် သစ်မာမျိုးစုံ ဧက ၁၉၀ စိုက်ပျိုးပြီးဖြစ်ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပုဂ္ဂလိကအခန်းမှ ခဲမဖြူအဖြိုက်နက် ရိုးလိုက်ရောရာ မက်ထရစ်တန် ၃၉၁.၉၄၉၊ ခနောက်စိမ်း မက်ထရစ်တန် ၈၉၀ နှင့် ထုံးကျောက် ၁၆၈၄ တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အတွင်း ၁၇၅ ရွာ မီးလင်းနိုင်ခဲ့ပါသည်။ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းကို High Tech Concrete Technology Co. Ltd မှ ဆောင်ရွက်လျက်ရှိရာ ၇၃ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။ နိုင်ငံပိုင် လျှပ်စစ်ခါတ်အား ကီလိုဝပ် နာရီထောင်ပေါင်း ၁၇၃၈၂ နှင့် ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း ၅၉၁ စုစုပေါင်း ကီလိုဝပ်နာရီထောင်ပေါင်း ၁၇၉၇၃ အသုံးပြုနိုင်ခဲ့ပါ သည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အတွင်း ယာဉ်လိုင်း ၂၂ လိုင်း၊ ယာဉ်စီးရေ ၁၁၂ စီးဖြင့် လွိုင်ကော်-ရန်ကုန်၊ ရန်ကုန်-နေပြည်တော်-တောင်ငူ၊ လွိုင်ကော်-တောင်ကြီး၊ လွိုင်ကော်-မန္တလေး၊ လွိုင်ကော်-မိတ္ထီလာခရီးစဉ်များကိုလည်းကောင်း၊ ပြည်နယ် အတွင်း ယာဉ်လိုင်း ၁၂ လိုင်း၊ ယာဉ်စီးရေ ၆၂ စီး ဖြင့်လည်းကောင်း ခရီးသွားလာမှု နှင့် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရန် ဆောင်ရွက် လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပထမ(၆) လပတ် အတွင်း တန်ဖိုးနည်း တယ်လီဖုန်းများကို ပြည်သူများသို့ လစဉ် ဖြန့်ဖြူးပေးလျက်ရှိရာ ၇၄၀၉ လုံး ဖြန့်ဖြူးပေး နိုင်ခဲ့ပါသည်။

ကယားပြည်နယ်အစိုးရအနေဖြင့် လယ်ယာကဏ္ဍတွင် မိုးသီးနှံဆောင်းသီးနှံများကို ပိုမိုထွက်ရှိရန်အတွက် တွန်းအားပေး ဆောင်ရွက်ခြင်းနှင့် ကျန်ပွင့်လင်းရာသီတွင် သတ္တုကဏ္ဍ၏ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ပါက နှစ်ကုန်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင် အထည် ဖော်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

ကရင်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၄၇၈,၅၇၃.၇** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၁.၀** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၃) ကရင်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ကရင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၂၅၈,၄၄၈.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၅၄.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၇.၀** ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၄၃၄,၆၀၁.၉** သန်း အကောင်အထည် ဖော်ရန်နှင့် **၈.၆** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၂၄၈,၂၄၉.၃** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံစိုက်ဧက ၁၂၀၆၅၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အထူးသဖြင့် စီးပွားရေးတွက်ခြေကိုက်သည့် အစေ့ထုတ်ပြောင်းကို မြဝတီမြို့နယ်တွင် ယခင်နှစ်ထက် ဧက ၇၀၀၀ ကျော် ပိုမိုစိုက်ပျိုးပြီး ဖြစ်ပါသည်။ ရာဘာစိုက်ပျိုးနည်းကို ကုမ္ပဏီများမှ နည်းပညာပေးခြင်းကြောင့် တောင်သူများ စိတ်ပါဝင်စားလာပြီး စက်မှုသီးနှံ ဦးစီးဌာနမှ နောင်နန်းမျိုးကဲ့သို့ မျိုးကောင်း မျိုးသန့်

ဖြန့်ဝေပေးခြင်း၊ ရာဘာစိုက်ပျိုး ဖြစ်ထွန်းသော မွန်ပြည်နယ်မှ နည်းပညာများ ရရှိခြင်း တို့ကြောင့် ရာဘာ ၂၂၃၁၄၄ ဧက စိုက်ပျိုးခဲ့ပါသည်။

သားငါးကဏ္ဍ။ ငါးလုပ်ငန်းဦးစီးဌာနမှ ဘားအံငါးလုပ်ငန်းစခန်းရှိ ငါးမွေးကန်များ အား ရေလျှံမှုကာကွယ်တားဆီးရန် လက်ရှိမြေသားကန်များကို အနက် ၂ ပေစီ မြေတူးဘောင် မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပေါင်းစည်းလယ်ယာ ငါးမွေးကန်များနှင့် တစ်ပိုင်တစ်နိုင် ငါးမွေးကန်များသို့ ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ စပါးငါးကန်များ အတွင်းသို့ ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးမြူရေးဆိုင်ရာ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ကျေးရွာများသို့ ကွင်းဆင်းပြီး အစုအဖွဲ့များဖွဲ့စည်းရေး ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ ဘားအံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ် များရှိ ဆန်စက်များအား အဆင့်မြှင့်တင်ခြင်းကြောင့် ဒေသတွင်း ကြိတ်ခွဲမှုများ ပိုမိုလာခဲ့ ပါသည်။ ဘားအံစက်မှုဇုန်မှ စက်ရုံများ၏ ထုတ်လုပ်မှုများ၊ ဘုရားသုံးဆူ မြို့နယ်ခွဲတွင် စက်မှုလုပ်ငန်းများ၏ထုတ်လုပ်မှုများပိုမိုလာခြင်း၊ ၄င်းတို့အနက်မှ ဦးမန်းသိန်းပိုင် 'ဆိုပန်းဆံ' ဖိနပ်လုပ်ငန်းတွင် လုပ်သား ၁၈၅၀ ခန့် ဝင်ရောက် လုပ်ကိုင်လျက်ရှိပြီး၊ တစ်လ ထက်တစ်လ လုပ်ငန်းတွင်ကျယ်လျက်ရှိပါသည်။ ထို့အပြင် ဦးဆောက်ပန်း ရေသန့်လုပ်ငန်း၏ ကျေးရွာ အရောက် ဖြန့်ဖြူးမှု တိုးချဲ့လာခြင်းကြောင့် ထုတ်လုပ်မှုများ ပိုမိုလာပါသည်။ အိမ်တွင်း စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဘားအံမြို့ သစ်လွင်ယက္ကန်း ကုန်ထုတ် သမဝါယမ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် အရင်းအနှီး ပိုမိုရရှိကာ ယက္ကန်းထည် ထုတ်လုပ်မှုများ တွင်ကျယ်လျက်ရှိပါသည်။ မြဝတီမြို့နယ်တွင် ပြည်တွင်းပြည်ပဇည့်သည် ပိုမိုဝင်ရောက် လာမှုကြောင့် သောက်ရေသန့် လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ဘားအံမြို့နယ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိက MCC ကုမ္ပဏီတို့ ပူးပေါင်း၍ သြဂုတ်လမှ စတင်ပြီး ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း များကို ဆောင်ရွက်လျက် ရှိပါ သည်။

ဆောက်လုပ်မှုကဏ္ဍ။ ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမို ချောမွေ့လာစေရန်အတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လမ်းတံတားတည်ဆောက်မှုများ ယခင်နှစ်ထက် တိုးတက်ဆောက်လုပ်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကယာဉ်လိုင်းများ ယခင်နှစ်ကထက် ပိုမိုတိုးချဲ့ ပြေးဆွဲလာခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ တယ်လီဖုန်း အသစ်တပ်ဆင်မှုများ ယခင်နှစ်ထက် ၁၄၀၆၇ လုံး ပိုမိုတပ်ဆင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ မြဝတီမြို့တွင် ဧရာဝတီဘဏ်နှင့် ပထမပုဂ္ဂလိကဘဏ် ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

ပညာရေးကဏ္ဍ။ ပညာရေးဝန်ထမ်းလိုအပ်ချက်အရ နေ့စား၊ လပေး ဝန်ထမ်းဦးရေ ၂၁၇၆ ဦး တိုးချဲ့ ခန့်ထားခဲ့ပါသည်။ ကရင်ပြည်နယ်၏ ပညာရေးကဏ္ဍတွင် ကျောင်းဆရာနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင် ၁:၃၇၊ အလယ်တန်းအဆင့်တွင် ၁:၃၈၊ အထက်တန်းအဆင့်တွင် ၁:၂၂ ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍ။ ကျန်းမာရေးဝန်ထမ်း ၂၅၈ ဦး တိုးချဲ့ခန့်ထားခဲ့ပါသည်။ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ပိုမိုစောင့်ရှောက်နိုင်ရန်အတွက် တိုင်းရင်းဆေးဆရာအသင်း (ကရင်ပြည်နယ် အသင်းခွဲ)၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်း အစရှိသည့် NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွင်းဆင်းကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ဟိုတယ်နှင့်တည်းခိုခန်း ဝင်ငွေ တိုးတက်လာခြင်းမှာ မြဝတီဝင်ပေါက်မှ နိုင်ငံခြားခရီးသွားများနှင့် တတိယနိုင်ငံသား လာရောက် လည်ပတ်ခွင့်ပြုခဲ့ပြီး ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအနေဖြင့် Vega Hpaan International Tour & Air Ticket Center လုပ်ငန်းမှ Passport နှင့် Visa ပြုလုပ်ပေးခြင်း၊ ပြည်တွင်း ပြည်ပလေယာဉ်လက်မှတ်များ ရောင်းချပေးခြင်း၊ နိုင်ငံတကာ ဟိုတယ်များမှ အခန်းများ ရယူပေးခြင်း၊ မွန်ပြည်နယ်-ကရင်ပြည်နယ် အလည်အပတ် ခရီးစဉ်များ စီစဉ်ပေးခြင်း၊ နိုင်ငံ ၁၂ နိုင်ငံအား အလည်အပတ်ခရီးစဉ်များ စီစဉ်ပေးခြင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မစ်ရှင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလိုသူများအား အထူး ဝန်ဆောင်မှုများပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ကရင်ပြည်နယ်အနေဖြင့် ပထမ(၆) လပတ် စီမံကိန်း အကောင်အထည် ဖော်ရာတွင် အစေ့ထုတ်ပြောင်းကို စမ်းသပ် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှု ရရှိခြင်းကြောင့် စုစုပေါင်းဧက ၂၀၀၀ ကို CP ကုမ္ပဏီနှင့် တောင်သူများ အကျိုးတူ စိုက်ပျိုးထုတ်လုပ်မည့် Contract Farming စနစ်ဖြင့် ဆောင်ရွက်သွားရန် ညှိနှိုင်းဆောင်ရွက်လျက် ရှိသည့်အတွက် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်၍ နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါသည်။

ချင်းပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၉၆,၁၄၈.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၂.၂** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၄) ချင်းပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၆၅,၂၁၈.၂** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၇.၈** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင် ခဲ့ပြီး **၉.၃** ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၇,၂၄၈.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၈** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၆၁,၆၉၆.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံ စိုက်ဧက ၂၈၅၉၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အထူးသဖြင့် လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ (လှေခါးထစ်လယ်) ၁၅၀ ဧက ဖော်ထုတ်ရန် စီစဉ်ထားရှိပါသည်။ INGO အဖွဲ့အစည်းများဖြစ်သော CAD၊ ADRA၊ GRET၊ KMSS၊ UNDP

အဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် လှေခါးထစ် လယ် ၁၀.၆၂ ဧက နှင့် တောင်သူများမှ ၁၇၇.၄၂ ဧက ဖော်ထုတ်ရန် စီစဉ်ထားရှိပါသည်။

သားငါးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်မွေးမြူမှုအနေဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲဆောင်ရွက်ရာတွင် နွားနောက် ၄၉၃၉ ကောင် ၊ ဝက် ၈၀၄၈ ကောင်၊ ဆိတ် ၁၄၂၆ ကောင်၊ တို့ကို စီးပွားဖြစ်မွေးမြူနိုင်ခဲ့ပါသည်။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနမှ တောင်သူများသို့ ချေးငွေ ကျပ် ၂၀၀၀ သန်း ထုတ်ချေးခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ အသေးစား အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများအား မှတ်ပုံတင်ထုတ်ပေးလျက်ရှိပြီး မှတ်ပုံတင်ထုတ်ပေးပြီးသည့် လုပ်ငန်းများမှာ စပျစ်ဝိုင်လုပ်ငန်း၊ မြင်းဆိုသစ်တောထွက်ပစ္စည်းလုပ်ငန်း၊ ပရိဘောဂနှင့် သစ်သီးစုံ ဖျော်ရည်လုပ်ငန်း၊ ဗျူတီလင်းဝိုင်လုပ်ငန်း၊ လန်းဆန်းအောင် သစ်သီးစုံ၊ ဝိုင်နှင့် ဖျော်ရည်လုပ်ငန်း၊ ရွှေမက်မန်း ဝိုင်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်းနှင့် မုန့်ဖုတ်လုပ်ငန်းများ ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မီးလင်းသော ကျေးရွာများ တိုးတက်လာရေးကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၄၇ ရွာကို အသစ်ထပ်မံ မီးလင်းစေနိုင်ခဲ့ပါသည်။ ကျေးရွာများကို မီးလင်းရေး ဆောင်ရွက်ရာတွင် မီးလင်းပြီး ကျေးရွာပေါင်း ၃၆၆ ရွာ ရှိပြီး ကျေးရွာများ မီးလင်းရေးအတွက် ဒီဇယ်စွမ်းအင်ဖြင့် လည်းကောင်း၊ စပါးခွံစွမ်းအင်ဖြင့် လည်းကောင်း၊ ဆိုလာစွမ်းအင်ဖြင့် လည်းကောင်း၊ ဘိုင်အိုဂက်စ်ဖြင့် လည်းကောင်း၊ အသေးစားရေအား လျှပ်စစ်စွမ်းအင်ဖြင့် လည်းကောင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းသွားလာရေး တိုးတက်ကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း၊ သိုင်းငင်-တီးတိန်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဂန့်ဂေါ-အိုက်ကားလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ရှာတလိုင်း-လိုတောလမ်းနှင့် တီးတိန် မြို့တွင်းလမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ဖလမ်း-ရိဒ် လမ်း၊ ထန်တလန်-လုံလဲလမ်း၊

ထန်တလန်-နှာရှိန်-ရေဇော-မတူပီလမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ ဖို့ဝှိက်- ထုတ်လှိုင်လမ်း၊ ဖလမ်း မြို့ရှောင်ကွင်းလမ်း၊ လောင်းရှည်-ကျင်ဒွေး လမ်း၊ မတူပီ-ပလက်ဝလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ဟားခါး-ထန်တလန်- ဆာဆီချောက်လမ်း၊ တီးတိန် မြို့တွင်းလမ်း၊ မင်းတပ်မြို့တွင်းလမ်းများကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်ကုန်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်ထောင်စုလမ်းများအတွက် ငွေလုံးငွေရင်း၊ ပြင်ဆင်ထိန်းသိမ်းရန်ပုံငွေ ကျပ် ၁၈၀၂၅.၄ သန်း သုံးစွဲထားပါသည်။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ပံ့ပိုးမှုနှင့် လူမှုဖွံ့ဖြိုးရေး ထောက်ပံ့ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး ရန်ပုံငွေတို့ဖြင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ မြို့ပြ/ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရရှိနိုင်သမျှသော ရေအရင်းအမြစ်ထွက်ရှိရာ နေရာဒေသများတွင် ရေဖမ်း၊ ရေစုကန်များ တည်ဆောက်၍ ၄င်းကန်များမှတစ်ဆင့် ရေပိုက်လိုင်းများ သွယ်တန်းကာ ရေမီတာများ တပ်ဆင်၍ မြို့ပြကျေးလက် ရေပေးဝေမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ကျေးရွာပေါင်း ၃၀ ရွာနှင့် ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ကျေးရွာပေါင်း ၇ ရွာကို သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသတွင်း ကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိုခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ်လျက်ရှိသော်လည်း မိုးရာသီ သွားလာရေး ခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှု ကြန့်ကြာသောကြောင့် လက်ရှိအခြေအနေတွင် များစွာဖွံ့ဖြိုးမှု မရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းပါသည်။ အဓိကအားဖြင့် ဆောက်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေး

ကဏ္ဍများမှာ စီမံကိန်းရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆)လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၃,၂၃၅,၂၅၁.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၃.၁** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၅) စစ်ကိုင်းတိုင်းဒေသကြီး၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ (၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁,ဝ၁၅,ဂ၁ဇ.ဂ** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၅၆.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၆.ဝ** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန် ဈေးနှုန်းများအရ ကျပ် **၂,ဝဝဂ,၅၄၁.ဂ** သန်း အကောင်အထည်ဖော်ရန်နှင့် **ဇ.၅** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၆၅၁,၁ဝ၁.ဂ** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.ဂ** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၅၇ဇ၃၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လ

ပတ်အတွင်း စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်များတွင် ငွေချည် ၆ စံပြကွက် ဧက **၇၅** ဧက၊ မျိုးသန့် စိုက်နိုင်သည့် စုစုပေါင်း ဧက **၇၆၃၇၃** ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။

လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့် မြှင့်တင်ခြင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း လမ်းပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း အတွက် ကျပ် ၂၈၈၀၀.၀ သန်းနှင့် တံတားပြင်ဆင် အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ကျပ် ၂၆၀၃.၆ သန်း ကုန်ကျခံ ဆောင်ရွက်လျက်ရှိပါသည်။ နာဂဒေသ၏ ဆင်သေ-လဟယ်လမ်းနှင့် ရှင်ဗွေယန်-နန်ယွန်း-ပန်ဆောင် လမ်းအားတစ်နှစ်ပတ်လုံး မော်တော်ယာဉ်များ သွားလာနိုင်ရန် အတွက် ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်သွယ်တန်းထုတ်လုပ်မှုနှင့် ဖြန့်ဖြူးပေးရေးလုပ်ငန်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အတွင်း လျှပ်စစ်မာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် စစ်ကိုင်းမြို့တွင် ၄၀၀ ဗို့လိုင်းကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း၊ ချောင်းဦးမြို့တွင် ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း၊ ကေဗီအေခွဲရုံ ၁ ရုံ၊ ၁၁ ကေဗီ လိုင်းတည်ဆောက်ခြင်း၊ ဆားလင်းကြီးမြို့ ၃၃/၁၁ ကေဗီ (၅)အမ်ဗီအေခွဲရုံ၊ ၃၃ ကေဗီ တည်ဆောက်ခြင်း၊ ကနီမြို့တွင် ၁၁ ကေဗီလိုင်း၊ ၂၀၀ ကေဗီအေခွဲရုံ တည်ဆောက်ခြင်း၊ မုံရွာ မြို့နယ် အလုံတွင် ၃၃/၁၁ ကေဗီ (၁၀) အမ်ဗီအေခွဲရုံ တည်ဆောက်ခြင်း၊ ရွှေဘိုမြို့တွင် ခွဲရုံတည်ဆောက်ခြင်း၊ ရေဦးမြို့တွင်ခွဲရုံ ၃ ရုံ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ရေရရှိရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ စိုက်ပျိုးမြေ ၁၅၀၀ ဧက အကျိုးသက်ရောက်မည့် အရာတော်(၂) လျှပ်စစ် မြစ်ရေတင် စီမံကိန်း ဆောင်ရွက်လျက်ရှိရာ ပထမ(၆)လပတ်အတွင်း ရေပေးမြောင်းပြုပြင်ရေးလုပ်ငန်း **၇၄** ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း **၂၅** ရာခိုင်နှုန်း နှင့် လျှပ်စစ်လုပ်ငန်းပိုင်း အနေဖြင့် **၁၀** ရာခိုင်နှုန်း အထိ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ဝက်လက်မြို့နယ်၊ တပ်ရွာ လျှပ်စစ်မြစ်ရေတင် လုပ်ငန်း အတွက် ရေပေးမြောင်းပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆည်ရေရရှိမှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်မည့်အစီအစဉ်များ။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ရာဇေဂြိုလ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း တစ်ခုလုံးပြီးစီးမှုရာခိုင်နှုန်းမှာ အကြိုတည်ဆောက်မှု ၄.၅၂ ရာခိုင်နှုန်း၊ တမံ ၃၂.၁၄ ရာခိုင်နှုန်း ၊ ရေအားလျှပ်စစ် ၀.၀၄ ရာခိုင်နှုန်း၊ ရေပိုလွှဲ ၁၄.၁ ရာခိုင်နှုန်း နှင့် ဆည်ရေသောက် ၅.၀၂ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ ပါသည်။

ဆက်သွယ်ရေး လုပ်ငန်းများ တိုးချဲ့ခြင်း၊ အသစ် တည်ဆောက်ခြင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်းဖုန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်၍ ပထမ (၆) လပတ်အတွင်း ဖုန်းလုံးရေ ၆၅၂၀၀ လုံး ရောင်းချပေးခဲ့ပါသည်။

ပညာရေးကဏ္ဍ။ စစ်ကိုင်းမြို့နယ်တွင် သမဝါယမတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကို အဆင့်မြှင့်၍ စစ်ကိုင်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာသင်တန်း (MPA)၊ စီးပွားရေး စီမံခန့်ခွဲမှုမဟာသင်တန်း(MBA)တို့ကို ဖွင့်လှစ်ပို့ချ လျက်ရှိပါသည်။

ကျန်းမာရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ်အတွင်း ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရွှေဝန်းပြည့်ကုမ္ပဏီမှ ခင်ဦးမြို့နယ်၊ တန့်ဆည်မြို့နယ် နှင့် ကန့်ဘလူမြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ သစ္စာတောင်ကုမ္ပဏီမှ ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ သာထက်ကုမ္ပဏီမှ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း၊ ချင်းတွင်း ငွေဇင်ယော်ကုမ္ပဏီမှ စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်တို့တွင်ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ Good Tow Side ကုမ္ပဏီမှ မုံရွာမြို့နယ်တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ်ခြင်း၊ မြန်မာ့ခေတ် ကုမ္ပဏီမှ ကန့်ဘလူ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ဒေါက်တာတင်အောင်ဆွေ ကုမ္ပဏီမှ တမူးခရိုင် ဆရာဝန်များ နေအိမ်ဆောက်လုပ်ခြင်း၊ မန္တလေးစွမ်းအား ကုမ္ပဏီမှ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဧည့်ရိပ်သာဆောက်လုပ်ခြင်း၊ စာရာမေရိ အားမာန်နှင့် ရွှေညီအစ်ကိုများ ကုမ္ပဏီမှလေရှီးမြို့နယ် ဆေးရုံရေစင်ဆောက်လုပ်ခြင်း၊ ဇေယျာဖြိုး ကုမ္ပဏီမှ ခမ်းပတ်တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ရေပေးဝေမည့်အစီအစဉ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက် သောက်သုံးရေ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်း ၈၈ ခု အတွက် ဆောင်ရွက်ရန် ပစ္စည်းများ စုဆောင်းလျက်ရှိပါသည်။

ကျေးလက်မီးလင်းရေး။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၂၅၂၆ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၄၂.၁ ရာခိုင်နှုန်းကို ပထမ(၆)လပတ်အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမ(၆)လပတ် စီမံကိန်း အကောင်အထည်ဖော်နိုင်မှုမှာ လယ်ယာကဏ္ဍတွင် တောင်သူအစီအစဉ်ဖြင့် ပလပ်မြေမှ ၆၁၂ ဧက၊ မြေရိုင်းမှ ၂၆၉၃ ဧက၊ တောရိုင်းမြေမှ ၇၂၅၃ ဧက၊ စုစုပေါင်း ၁၀၅၅၈ ဧက ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လယ်ယာကဏ္ဍအနေဖြင့် ရည်မှန်းချက် ပြည့်မီနိုင်မည်ဟု ခန့်မှန်းပါသည်။

သီးနှံများလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရိတ်သိမ်း ခြွေလှေ့စက်များကို တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဝယ်ယူ၍ မြို့နယ်များတွင် ရိတ်သိမ်း ဆောင်ရွက်လျက်ရှိခြင်း၊ ဆန်စက်၊ သစ်စက်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ လုပ်ငန်းသုံး စက်ကိရိယာများ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများရှိခြင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် မုံရွာစက်မှုဇုန်မှ ရတနာမိုးမြင့် စက္ကူထုတ်လုပ်ခြင်း၊ သီဟထွန်း သံရည်ကျိုစက်ရုံမှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်း၊ စစ်ကိုင်း စက်မှုဇုန် ဟွန်ဒါမြန်မာကုမ္ပဏီမှ သစ်ပါးလွှာအမျိုးမျိုး ထုတ်လုပ်ခြင်း၊ ကလေး စက်မှုဇုန်မှ ရေနံတွင်းတူးကိရိယာများ ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်များ အစားထိုးလဲလှယ်မှုများ နှင့် မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်လက် တိုးချဲ့ချထားပေးခြင်းတို့ကိုဆောင်ရွက်လျက် ရှိသည့်အတွက် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည် ဖော်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

တနင်္သာရီတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆) လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၁,၆၂၇,၄၄၃.၄** သန်း အကောင်အထည် ဖော်ရန်နှင့် **၂၆.၁** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၆) တနင်္သာရီတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



တနင်္သာရီတိုင်း ဒေသကြီး၏ အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၁,၅၀၀,၆၀၃.၃** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၉၂.၂** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၁၃.၂** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၅၁,၅၂၃.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၇.၄** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၈၀,၃၃၅.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ပထမ (၆) လပတ်အတွင်း စုစုပေါင်း စိုက်ပျိုးပြီးဧကမှာ ၁၄၁၇၀၈၃ ဧကဖြစ်ပါသည်။ ဆီအုန်း ၃၆၂၃၄၂ ဧကနှင့် ရာဘာ ၃၁၈၈၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍတွင် ကမ်းဝေးရေယာဉ် ၁၀၀၂ စီး၊ ကမ်းနီးရေယာဉ် ၄၉၅၁ စီးနှင့် ငါးသယ် လှေစီးရေ ၉၀ စီးဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ အက်ဖ်အိုဘီ (မြိတ်) စနစ်ဖြင့် စက်တင်ဘာလကုန်အထိ ငါး၊ပုစွန်တန်ချိန် ၅၉၅၅.၂၈ တင်ပို့ခဲ့ရာ အမေရိကန် ဒေါ်လာ ၇.၆၅ သန်း ရရှိခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း ရေဖြူမြို့၌ ရဲတံခွန်ရေနံမြေ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့

ကုဗပေသန်း ၇၁၂၄၆ ထုတ်လုပ်နိုင်ခဲ့ပြီး ရေနံစိမ်း(ကမ်းလွန်) အနေဖြင့် အမေရိကန် စည်ထောင်ပေါင်း ၁၇၆၇.၃၀၂ ထုတ်လုပ် ဆောင်ရွက် နိုင်ခဲ့ပါသည်။

သတ္တုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခဲမဖြူသတ္တု ၆၈၄ မက်ထရစ်တန် ထုတ်လုပ်ရန် ရည်မှန်းထားပြီး ပထမ (၆) လပတ် အတွင်း ၃၁၂ မက်ထရစ်တန် ထုတ်လုပ်ပြီး ဖြစ်ပါသည်။ ထုတ်လုပ်မှုအသစ်အဖြစ် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ကိုလည်း မက်ထရစ်တန် ၁၅၅၀ ထုတ်လုပ်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရရှိသည့် အတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းပိုင် ဒီဇယ်အင်ဂျင် အလုံး ၂၀၊ မြို့မီးလင်းရေး ကော်မတီ၏ ဒီဇယ်အင်ဂျင် ၈၆ လုံး၊ စုစုပေါင်း ၁၀၆ လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်း ဓာတ်အား လိုအပ်ချက်အနေဖြင့် ၃၅.၉၁၂ မဂ္ဂါဝပ် ရှိသည့်အနက် ၁၄.၀၈၁ မဂ္ဂါဝပ်သာ ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းကို ကော့သောင်းမြို့၊ ရွှေပြည်သာ စက်မှုဇုန်အနီးတွင် သန်းဖြိုးသူ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်မှ တပ်ဆင် အသုံးပြုမည့် စက်အင်အား (၈) မဂ္ဂါဝပ်ဖြင့် ခမောက်ကြီးမြို့နယ်ခွဲရှိ ကျေးရွာများ၊ စက်မှု လက်မှုလုပ်ငန်းများသို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်ထောင်စုလမ်းဖြစ်သော ထားဝယ်-ရေး-မြိတ်လမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ လမ်း/တံတားများ ဖောက်လုပ်ခြင်း၊ မြိတ်-တနင်္သာရီလမ်းပေါ်ရှိ ချောင်းမွန်တံတား၊ ရန်ကုန်-မြိတ် လမ်းပေါ်ရှိ ကြဲတံတား၊ ပုလော တံတား၊ ပိတောက်ငယ်တံတား၊ ကညင်ချောင်းတံတား၊ မြိတ်တက္ကသိုလ်အဆောက်အဦနှင့် ထားဝယ်ခရိုင်အတွင်းရှိ ရုံး အဆောက်အဦများ၊ အထူးစီးပွားရေးဇုန်လုပ်ငန်းများကို တည်ဆောက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ် အတွင်း ကုန်းလမ်းပို့ဆောင်ရေးတွင် ထားဝယ်-မြိတ်-ကော့သောင်း ခရီးစဉ်ကို ပုဂ္ဂလိက မော်တော်ယာဉ်များ ပြေးဆွဲလျက်ရှိပါသည်။ ရေကြောင်း ပို့ဆောင်ရေးတွင် ပုဂ္ဂလိက အမြန် ရေယာဉ်များနှင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းများမှလည်း ပြေးဆွဲလျက်ရှိပါသည်။ မြန်မာ့ လေကြောင်း လိုင်းမှ အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေ (၂) ရက် ပြေးဆွဲ၍ ပုဂ္ဂလိက လေကြောင်းလိုင်းများဖြစ်သော Air Mandalay, Air KBZ, Air Bagan, Asia Wings, Yangon Airways တို့မှ နေ့စဉ် ပျမ်းမျှအနည်းဆုံး ၁ စီးစီ ပြေးဆွဲလျက် ရှိပါသည်။

တနင်္သာရီတိုင်း ဒေသကြီးအနေဖြင့် ပထမ(၆)လပတ် စီမံကိန်း အကောင်အထည်ဖော်နိုင်မှုမှာ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ပုဂ္ဂလိကပိုင်ကဏ္ဍမှ ဂေါ်ဒန်ကျောက် (အမည်သစ်) ထုတ်လုပ်မှုနှင့် စင်္ကာပူအခြေစိုက်ကုမ္ပဏီပိုင် သဲတင်သင်္ဘောများမှ ပင်လယ်သဲ ထုတ်လုပ်မှု ပိုမိုလာနိုင်မည်ဖြစ်သောကြောင့်ရည်မှန်းချက် ပြည့်မီနိုင်မည် ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်ပါသဖြင့် ပြည်ထောင်စု လမ်းမကြီးဖြစ်သော ထားဝယ်-ရေးလမ်း တည်ဆောက်ခြင်း၊ ထားဝယ် ခရိုင် ရှိ ကလိန်အောင် တံတား၊ ရေဖြူ တံတား၊ တံတားဖြူ တံတားများ တည်ဆောက်ခြင်း၊ ခရိုင်ချင်းဆက် လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ရုံး၊ ကျောင်း၊ ဝန်ထမ်း အိမ်ရာများ၊ သာသနိက အဆောက်အဦများ၊ ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတား လုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာရေရရှိရေး လုပ်ငန်းများကို တည်ဆောက် အကောင်အထည်ဖော်မည်ဖြစ်ပါသဖြင့် ရည်မှန်းချက်ကိုပြည့်မီကျော်လွန်နိုင်မည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၂,၃၅၆,၈၄၈.၉** သန်း အကောင်အထည်ဖော်ရန်နှင့် **၁၀.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၇) ပဲခူးတိုင်းဒေသကြီး၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၁,၁၈၉,၇၂၄.၉** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်း ချက်အပေါ် **၅၀.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၁.၃** ရာခိုင်နှုန်း ပြောင်းလဲ ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၂,၁၄၉,၂၈၆.၁** သန်း အကောင်အထည်ဖေါ်ရန်နှင့် **၈.၇** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၁,၁၂၉,၀၉၀.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း စုစုပေါင်း စိုက်ပျိုးပြီး ဧကမှာ ၃၅၉၈၆၃၄ ဧကဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ယခုနှစ် မိုးရာသီ မိုးရွာသွန်းမှု ပုံမှန်ထက် မိုးရွာရက်နှင့် မိုးရေချိန်လက်မ အနည်းငယ်သာ ပိုမိုရွာသွန်းခဲ့၍ မိုးစပါးများ စိုက်ပျိုးမှုတွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်တို့တွင် ထိခိုက်ခြင်းမရှိခဲ့ပါ။ သာယာဝတီခရိုင်တွင် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့ မြစ်ရေတိုးခြင်းတို့ကြောင့် မိုးစပါးဧက ၃၇၄၂ ဧက ထိခိုက်မှု ရှိခဲ့ပါသည်။ ကြက်ပေါင်စေး စိုက်ပျိုးမှု၌ စိုက်ဧက ၃၁၄၃ ဧက တိုးလာခြင်း နှင့် အစေးလှီးဧက များ၏ သက်တမ်းပြည့်မီလာခြင်းတို့ကြောင့် ရာဘာအထွက် တိုးတက်လာပါသည်။

စက်မှုလက်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အတွင်း ပုဂ္ဂလိကပိုင် ကဏ္ဍတွင် ဒေသန္တရစက်မှုလက်မှု လုပ်ငန်းများမှ သောက်ရေသန့် ထုတ်လုပ်မှု၊ အထည်ချုပ်

လုပ်ငန်းတွင် ရှင်ဆောင်း အထည်ချုပ်စက်ရုံနှင့် ကြယ်စင်ဝိုင်း အထည်ချုပ် စက်ရုံများမှ ချုပ်ပြီးအထည်ထုတ်လုပ်မှုများ တိုးတက်လာခဲ့ပါ သည်။ ဂျပန် ဂေါက်လက်အိတ် စက်ရုံကို ၂၄.၉.၂၀၁၃ ရက်နေ့တွင် ဖွင့်လှစ်၍ လုပ်သားများအား လုပ်ငန်းခွင်သင်တန်း ပေးလျက်ရှိရာ လက်ရှိ အခြေအနေတွင် ထုတ်လုပ်နိုင်မှု မရှိသေးသော်လည်း လုပ်ငန်းစတင် လည်ပတ်ပါက လုပ်သား အင်အား ၂၅၀ ဦးအထိ ခန့်ထား၍ လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေလမ်းနှင့် တံတားများစသည်ဖြင့် ဆောင်ရွက်ရာတွင် ကျပ် ၁၇၀၅.၅ သန်းဖြင့်ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ ပထမ(၆) လ ပတ် အတွင်း ပဲခူးမြို့၊ ကဝ၊ ဝေါ၊ အုတ်တွင်း၊ ရေတာရှည်မြို့နယ်များတွင် ကျန်းမာရေး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊ အုတ်တွင်း၊ အုတ်ဖို၊ ရွှေတောင်၊ မင်းလှ မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာနများ တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လ ပတ်အတွင်း လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးသစ်စမ်းသပ်ကွက်များ တည်ထောင် ခြင်း၊ ဇုန် ၈ ဇုန် တွင် မျိုးသန့်ဇုန်တည်ထောင်ခြင်း၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွဲ၊ နွားများကာကွယ်ဆေးထိုးခြင်း ၂၁ ကြိမ်နှင့် ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစုအဖွဲ့ ၁၅ ဖွဲ့အား လိုင်စင်ချထားပေးခဲ့ပြီး အသေးစားနှင့် အလတ်စား SME လုပ်ငန်းများအတွက် ငွေထုတ်ချေးပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ပထမ(၆)လပတ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ရာတွင် အဓိကကျသော လယ်ယာကဏ္ဍ၏ ရည်မှန်းချက်ပြည့်မီစေရန်အတွက် စပါး၊ မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲအမျိုးမျိုး၊ အခြားသစ်သီးဝလံများ၏ အထွက်နှုန်းပိုမို တိုးတက်စေရေးအတွက် တွန်းအား ပေးဆောင်ရွက်ခြင်း၊ အထောက်အပံ့ပေးခြင်းတို့အပြင် သာယာဝတီ ခရိုင်တွင် မြစ်ရေတိုး၍ ပျက်စီးသွားသော စိုက်ဧကများကို အချိန်မီ ပြန်လည်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်း များအရ ကျပ် **၂,၇၄၂,၆၆၃.၈** သန်း အကောင်အထည် ဖော်ရန်နှင့် **၁၄.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၈) မကွေးတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



မကွေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လ ပတ်တွင် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် **၂,၀၉၉,ရ၉ရ.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **ရ၆.၆** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၁၁.၀** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် **၂,၃၉၀,၃၂၅.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၁,၈၆၉,၄၈၃.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ ပထမ(၆)လပတ်တွင် ၆၂၂၁၉၂၇ ဧက စိုက်ပျိုး ပြီးဖြစ်ပါသည်။ လယ်ယာမြေ မှတ်ပုံတင်ခြင်း လုပ်ငန်းကို ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ(၁) ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ ပထမ(၆)ပတ်တွင် ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ မျိုးသန့်မျိုးပွားစေ့ ၃၄၀၄ တင်း၊ ပုလဲသွယ် စပ်မျိုး စပါး ၂၁၀၀၀ ကီလို၊

ထုတ်လုပ် ပွားများနိုင်ရန် ရည်မှန်းထားခဲ့သည့် အတိုင်း ဆောင်ရွက် နိုင်ခဲ့ပါသည်။ ပထမ(၆) ပတ်တွင် လယ်ယာသုံး စက်ကိရိယာထွန်စက် စီးရေ ၃၀၅ စီးရောင်းချ ပေးနိုင်ခဲ့ပါသည်။ မြေယာ ပြုပြင်ရေး၊ ထွန်ယက်ရေးလုပ်ငန်း အနေဖြင့် ၁၂၃၄၈ ဧက ထွန်ယက် ပေးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ပထမ (၆)လပတ်တွင် ငါးလုပ်ငန်း ဦးစီးဌာန မှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ဆည်၊ တမံ၊ ကန်၊ ဂရမ်အင်းများ၊ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးရစ်သန်ကာလဖြစ်သော မေလနှောင်းပိုင်းမှ ဇူလိုင်လကုန်အထိ ငါးမဖမ်းဆီးရန် အဆိပ်ချငါးဖမ်းခြင်း၊ ဘက်ထရီ ရှော့တိုက် ငါးဖမ်းဆီးခြင်း များ မပြုလုပ်ရန် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ ကြီးအုံကြီးဝဆည်အတွင်း တစ်ပိုင် တစ်နိုင် ငါးသားပေါက်စခန်း တည်ဆောက်ခြင်း စေတုတ္တရာမြို့နယ် သဲဆည်ကျေးရွာ ငါးကုန်ထုတ် သ/မအသင်း ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျောက်မီးသွေး ထုတ်လုပ်သည့် ပုဂ္ဂလိကပိုင် ကုမ္ပဏီ ၂ ခု တိုးချဲ့ စုစုပေါင်း ကုမ္ပဏီ ၆ ခု ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ပထမ(၆)လ ပတ်ကုန်အထိ ရေနံချောင်း စက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်၊ ဇုန်(၂)ဇုန် အပါအဝင် စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၂၆၆၆ ၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ကျပ် ၂၀၄၈၃.၁၈၆ သန်း၊ အမေရိကန်ဒေါ်လာ ၀.၂၃၂ သန်းဖြင့် တိုးတက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ လျှပ်စစ်မီးပြည့်ဝစွာ ရရှိရေးအတွက် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ်ပေါ် အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် (၁၁)ကေဗွီ လိုင်းများအားလုံး တိုင်ထူပြီး ဖြစ်၍ လုပ်ငန်း၏ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ပါသည်။ (၁၁/၀.၄) ကေဗွီ ခွဲရုံတည်ဆောက် ခြင်းလုပ်ငန်းများမှာ Transformer ၅ လုံး ရောက်ရှိပြီး လုပ်ငန်း၏ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ကျေးလက်မီးလင်းရေး။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပထမ(၆)ပတ်အထိ မီးလင်းရန် ကျန်ရှိသည့် ကျေးရွာ ၂၀၈၇ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၄၃.၅ရာခိုင်နှုန်းကို ဆောင်ရွက် နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ကျန်းမာရေး။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) အစီအစဉ်ဖြင့် ကျေးလက်ကျန်းမာရေး ဌာန(၃၁)ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ၁ခုတို့ကို ဂျပန်ယန်း ငွေ ၁၂၅ဒေ သန်း အထောက်အပံ့ ဖြင့် ဆောက်လုပ်လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အော်တို တယ်လီဖုန်း ၈၁ လုံး၊ Mobile (GSM + CDMA) ၁၂၃၃၅၀ လုံး တိုးချဲ့တပ်ဆင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး။ မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ် ၆ လုံး၊ တည်းခိုရိပ်သာ ၉၆ လုံးဖြင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကိုဆောင်ရွက်လျက် ရှိပါသည်။

မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး ။ မကွေးမြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ပြည်တော်သာအိမ်ရာ စခန်းတွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ၄ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၂ လုံး၊ ၂ ခန်းတွဲ ၂ ထပ် အဆောက်အဦ၁ လုံး၊ ၄ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၁ လုံး၊ ၆ခန်းတွဲ ၂ ထပ် အဆောက်အဦ ၂ လုံးတို့ကို ပထမ(၆)လပတ်တွင်စတင် ဆောက်လုပ်လျက် ရှိပါသည်။

မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

လယ်ယာကဏ္ဍတွင် မိုးစပါးသီးနှံ သည် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးရေချိန် နည်းပါးခြင်းတို့ကြောင့် စိုက်ပျိုးချိန် နောက်ကျခဲ့ရသဖြင့် စိုက်ဧက မပြည့်မီသည့်အတွက် စုစုပေါင်းစိုက်ဧက ပြည့်မီရေးအတွက် ဆောင်းသီးနှံကို တိုးတက်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ မိုးရေချိန် နည်းပါး၍ ဆည်ငယ်၊ ကန်ငယ်များတွင် ရေဝင်ရောက်မှုနည်းပါးသဖြင့် နွေစပါးစိုက်ပျိုးရန် ရေလုံလောက်စွာ မဖြန့်ဝေနိုင်သည့်အတွက် အစားထိုးသီးနှံအဖြစ် တွက်ခြေကိုက်သည့် ပဲသီးနှံများကို အစားထိုး စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ ဆောင်းသီးနှံများဖြစ်သော ဆောင်းနှမ်း၊ ဆောင်းမြေပဲ၊ နေကြာ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲလွန်း၊ ပဲစဉ်ငုံ၊ ပဲကြီးတို့ကို ပိုမိုတိုးတက် စိုက်ပျိုးနိုင်ပါက ရည်မှန်းချက်အပေါ် ပြည့်မီနိုင်မည်ဟု ခန့်မှန်းပါသည်။

သားငါးကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း၌ တစ်နိုင်တစ်ပိုင် ဆိတ်မွေးမြူရေး လုပ်ငန်းများ နို့စားနွားမွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးတက် မွေးမြူရန်စီစဉ် ဆောင်ရွက်ထားခြင်း တို့ကြောင့် လည်းကောင်း၊ ငါးမွေးမြူရေးလုပ်ငန်းတွင် ဧရာမင်း သမဝါယမအသင်း ကဲ့သို့သော အသင်းအဖွဲ့များကြောင့်လည်းကောင်း၊ အသားထုတ်လုပ်မှု၊ ငါးထုတ်လုပ်မှုများ ပိုမိုထွက်ရှိလာနိုင်ပါသဖြင့် ရည်မှန်းချက်အပေါ် ပြည့်မီ နိုင်မည်ဟု ခန့်မှန်းပါသည်။

ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်းတွင် လမ်းပန်း ဆက်သွယ်ရေး မြန်ဆန်ချောမွေ့ လာသည်နှင့်အမျှ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များပိုမို လာရောက်နိုင်မည်ဟု မျှော်မှန်း၍ မကွေးမြို့တွင် နန်းထိုက်သူ ဟိုတယ်သစ် တည်ဆောက်ခြင်း၊ ပွင့်လင်းရာသီ၌ ရွှေစက်တော် ဘုရားပွဲတော်၊ ခရီးသွားဧည့်သည်များ လာရောက်လေ့လာရန် နေရာများ

ဖြစ်သည့် ဗိသနိုး မြို့ပေါင်း၊ ကွေ့ချောင်း ခံတပ်၊ မင်းလှ ခံတပ်၊ စလေ ရုပ်စုံကျောင်းသို့ ပိုမို လာရောက်နိုင်ရန် စီမံထားရှိခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ရည်မှန်းချက် အပေါ် ပြည့်မီ နိုင်မည်ဟု ခန့်မှန်းပါသည်။

မန္တလေးတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၃,၀၅၄,၉၇၅.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၉.၂** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၉) မန္တလေးတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



မန္တလေးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ်တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၂,၀၈၈,၉၄၅.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၈.၄** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၁၃.၁** ရာခိုင်နှုန်း ပြောင်းလဲ ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၂,၇၆၄,၅၀၂.၃** သန်း အကောင် အထည်ဖေါ်ရန်နှင့် ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၉၇၇,၉၂၉.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.၀** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၃၈၁၄၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပထမ(၆)လပတ်အထိ လယ်ယာကဏ္ဍတွင် မိုးစပါး ပုလဲသွယ် အထူးအထွက်တိုးမျိုးကို ၂၁၅၅ ဧက၊ မနောသုခ ၂၁၉၇၀၅ ဧက၊ ရွှေသွယ်ရင် ၄၁၇၃၉ ဧက၊ ရေဆင်းလုံးသွယ် အထူးအထွက် ကောင်းမျိုးကို ၆၁၃၈ ဧကနှင့် အခြားမျိုးများ အပါအဝင် မိုးစပါး ၄၅၆၈၈၀ ဧက စိုက်ပျိုးထားပါသည်။

သားငါးကဏ္ဍ။ ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုဖွံ့ဖြိုးရေးအနေဖြင့် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံကို ညောင်ဦးမြို့နယ်တွင် ထူထောင်မွေးမြူခြင်း၊ တိုင်းရင်းကြက်၊ ဥစားကြက်များအား တိုးချဲ့မွေးမြူနိုင်ခြင်းကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု တိုးတက်လာခြင်း၊ ကျွဲနို့ နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ငါးထုတ်လုပ်မှုများလည်း တိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် ဧရာဝတီမြစ် ဆီမီးခုံဆိပ်ကမ်းကို Royal Hi-Tech Group ကုမ္ပဏီမှ မှတ်ပုံတင်ပြီး မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၃၁.၁ သန်း အပါအဝင် စုစုပေါင်း ကျပ် ၄၈၄၀၀ သန်းဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ မြင်းခြံခရိုင်မြို့သာတွင် ခေတ်မီစက်မှုဥယျာဉ် (Industrial Park) စီမံကိန်းကို မေ ၁၀၇၃၄ ဧကတွင် လျာထားဖော်ဆောင်ပြီး စံပြစက်မှုမြို့တော်တစ်ခု ပေါ်ပေါက်ရန် ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ရွှေ၊ ကျောက်မျက်ရတနာ၊ ခဲသွပ်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက် နှင့် ခနောက်စိမ်းများ ထုတ်လုပ်လျက်ရှိပါသည်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အနေဖြင့် ကြေးနီ၊ ခနောက်စိမ်း၊ သွပ်သတ္တုများကို ဦးစားပေး ထုတ်လုပ်လျက်ရှိပါသည်။ပထမ(၆)လပတ်ကုန်ထိအမှတ်(၁)စက်မှုဝန်ကြီးဌာန မြင်းခြံသံမဏိ စက်ရုံမှ သံမဏိတုံး ၅၈၆၃.၄၂ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ပထမ(၆)လ ပတ်ကုန်ထိ ကျေးလက်မီးလင်းရေးအနေဖြင့် မီးလင်းပြီး ကျေးရွာပေါင်း ၂၁၂၂ ရွာရှိပါသည်။ ၎င်းရွာများတွင်ယခင် မီးလင်းပြီး ကျေးရွာ ၁၅၃၁ ရွာ၊ တိုင်းဒေသကြီး အစီအစဉ်အနေဖြင့် မီးလင်းပြီး ၃၈၅ ရွာ၊ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်မီးလင်းပြီး ၂၀၆ ရွာ တို့ ပါဝင်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ဒေသအလိုက်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို အဆောက်အဦ အထူးအဖွဲ့(၆)မှမန္တလေးမြို့တွင် အိုးအိမ် ၁ ခန်းတွဲ ၈ ထပ်တိုက်(ဓာတ်လှေကားပါ) ဆောက်လုပ်ခြင်း၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် ဆေးရုံဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်ဆောက်လုပ်မှုများနှင့် ညောင်ဦးတွင် ခရိုင်အင်ဂျင်နီယာမှူးရုံး ပြင်ဆင်မှုများအတွက် ကျပ် ၈၁၆၉.၄ သန်း သုံးစွဲခဲ့ပါသည်။ လမ်းဖောက်လုပ်မှုတွင် မန္တလေး-

ချောင်းဝန်းလမ်းပိုင်း၊ ရန်ကင်းတောင် - စက်မှု တက္ကသိုလ်-ရေတံခွန်တောင်လမ်းပိုင်းတို့အား မြေသားဘောင်ဖို့ ကြိတ်ခြင်း၊ ကျောက်ရိုးစီ မြေကာ နံရံပြုလုပ်ခြင်း၊ ကတ္တရာလမ်းသား တိုးချဲ့ခြင်း၊ မန္တလေး-တကောင်း- ဗန်းမော် မြစ်ကြီးနား မဟာဗျူဟာလမ်းပိုင်း ကတ္တရာခင်းရန် ရေပိတ်လွှာလောင်းခြင်းနှင့် မန္တလေး- မိုးကုတ် လမ်းပိုင်း၊ ရတနာသိဃ်ီ တံတားချဉ်းကပ် လမ်းအား ကျောက်စီရေမြောင်း တည်ဆောက်ခြင်း၊ မိတ္ထီလာခရိုင် အတွင်း ရေဝေ-သဖန်းချောင်း လမ်းပိုင်းတွင် ကျောက်ချောလမ်းခင်းခြင်း၊ ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက် လျက်ရှိပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းတွင် ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ စွန်းလွန်း တံတား၊ မြို့သာ-ငါန်းဇွန်-စစ်ကိုင်း လမ်းပေါ်ရှိ သစ်သားတံတား၊ ထွန်းသာချောင်းရေကျော် တံတားနှင့် ရွာသစ်ရေကျော်တံတားများအား သံကူကွန်ကရစ် တံတားအဖြစ်လည်းကောင်း၊ ပြင်စာ-ရွှေချောင်းလမ်းပေါ်တွင်သံကူကွန်ကရစ်တံတား(၃)စင်း၊ဒုဋ္ဌဝတီတံတား ဆောက်လုပ် ခြင်းများနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်လျက် ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ကမ္ဘောဇောဏ်၊ သမဝါယမဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေး ဘဏ်ခွဲအသစ် ဖွင့်လှစ်နိုင်ခြင်းနှင့် ငွေကြေးကိုင်တွယ်သုံးစွဲမှု လျော့ချရေးအတွက် ချက်လက်မှတ် များ အသုံးပြုငွေပေးချေခြင်းနှင့် ငွေပေးချေကဒ်များ Myanmar Payment Union Card သုံးစွဲ မှုကို ပုဂ္ဂလိကဘဏ်များမှ ATM နှင့် POS များတွင် ငွေများ ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး၏ နှစ်ကုန်ခန့်မှန်းခြေ အကောင်အထည်ဖော်နိုင်မှုမှာ ပြည့်မီ အောင် ဆောင်ရွက်နိုင်ခြင်းမရှိဟု ခန့်မှန်းရပါသည်။ မန္တလေးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ စိုက်ပျိုးသီးနှံများမှာ မိုးကောင်းသောက် သီးနှံများဖြစ်ပြီး ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်း ရက်မှာ စုစုပေါင်းရက်(၅၀)ခန့်သာရှိပြီး မိုးရေချိန်မှာလည်း များစွာလျော့နည်းသည့် အတွက်သီးနှံ များ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခြင်းကြောင့်ဖြစ်ပါသည်။ သတ္တုကဏ္ဍတွင် သပိတ်ကျင်း မြေငလျင်ကြောင့် ရွှေထုတ်လုပ်မှု လျော့နည်းခြင်းနှင့် သံမဏိထုတ်လုပ်မှုတွင်လည်း စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

မွန်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကို ပထမ(ဖ)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁,၁၇၄,၁၅၈.၃** သန်း အကောင် အထည်ဖော်ရန်နှင့် **၁၁.၂** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၀) မွန်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ



မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆)လပတ်တွင် နှစ်အလိုက်စျေးနှုန်း များအရ ကျပ် **၇၁၆,၆၄၀.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၁.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၅.၉** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် **၁,၀၆၆,၉၂၃.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **၉.၁** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၇၁,၃၈၂.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၅.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၁၆၁၈၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးမျိုးကွဲများဖြစ်သော မနောသုခ၊ ပေါ်ဆန်းဘေးကြား၊ ဆင်းသွယ်လတ်စသော မျိုးကောင်း မျိုးသန့်များကို စိုက်ပျိုးခဲ့ပါသည်။ ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေးသည် အစေးခြစ်ချိန်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းများ လျော့နည်း ထွက်ရှိခဲ့ပါ သည်။

စက်မှုလက်မှုကဏ္ဍ။ ပထမ(၆)လပတ်အထိ နိုင်ငံပိုင်စက်ရုံ ၉ ခု အနက် ဘီးလင်း အရက်ပျံစက်ရုံ၊ စစ်တောင်းစက္ကူစက်နှင့် ဘီးလင်းသကြား စက်ရုံတို့ကို ပုဂ္ဂလိကသို့လွှဲပြောင်း လုပ်ကိုင်ခဲ့ပါသည်။ သထုံတာယာစက်ရုံ၊ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက်ပြုပြင်ခြင်းနှင့် အခြား အသေးစား ပုဂ္ဂလိက လုပ်ငန်းများမှကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နိုင်ငံပိုင်အခန်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခေါဇာ မြို့နယ်ခွဲတွင် ရေး - ကလော့ - ခေါဇာလမ်း ၊ ကျိုက်ထိုမြို့နယ်တွင် သဲဖြူချောင်း - တောင်စွန်း လမ်း ၊ ဘီးလင်းမြို့နယ်တွင် နှင်းပုလဲ-ရွှေလှေ-လိပ်ခုံးလမ်းများ ကတ္တရာလမ်း သစ်ခင်းခြင်း ၊ ဆည်မြောင်း တာတမံများ တည်ဆောက်ခြင်းလုပ်ငန်းမှ ဆည်မြောင်းဦးစီးဌာန၏ ချောင်းကော၊ မြောင်းကောများ၊ တာတမံများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ တူးမြောင်းများ ပြန်လည် တူးဖော်ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှပေါင်မြို့နယ်တွင် ထန်းပင်ချောင်ကြီးရွာတွင်း လမ်းခင်းခြင်း၊ မုတ္တမ - ပုသိမ်ကွင်း - ဇင်းဘာလမ်း ပြုပြင်ခြင်း၊ ကျိုက်မရောမြို့နယ်တွင် ခနောင်ကျေးရွာ ကတ္တရာလမ်းခင်းခြင်း၊ ဘုရားကုန်း- ဘိန်းဗျောလမ်း ကျောက်ချောခင်းခြင်း၊ ပေါလော-ကြီတောရွာချင်းဆက် တံတားများတည်ဆောက်ခြင်း၊ နေအိမ်အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည် ။

ပို့ဆောင်ရေးကဏ္ဍ။ ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုအားကောင်းလာပြီး ခရီးသည်နှင့် ကုန်စည်တင်ယာဉ်များ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိက ပို့ဆောင်ရေးတွင် မော်လမြိုင်မြို့နယ် အခြေပြု၍ ပြည်နယ်ကျော်မှန်လုံနှင့် ဟိုင်းလတ် ၄၀ လိုင်း၊ ပြည်နယ် တွင်း၂၃ လိုင်း၊ မြို့တွင်း ၈ လိုင်းတို့ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ မော်လမြိုင်မြို့တွင် ရိုးမဘဏ်၊ ချောင်းဆုံမြို့တွင် ကမ္ဘောဇ ဘဏ်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်၊ မုဒုံမြို့နှင့် သထုံမြို့တို့တွင် ဧရာဝတီဘဏ်ခွဲ ၁ ခု စီ ဖြင့် စုစုပေါင်းဘဏ်ခွဲ ၅ ခု ထပ်မံဖွင့်လှစ်နိုင်ပါသည်။

ကျန်းမာရေး။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာ ရေးဌာနအဖြစ် တိုးမြှင့်ခြင်းလုပ်ငန်းများကို ရေးမြို့နယ် ကဗျာကြီးကျေးရွာ၊ ဘီးလင်းမြို့နယ် အဝင်းကြီး ကျေးရွာ၊ ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာများတွင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ရေးမြို့နယ် ကွမ်ဒူးကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ အသစ်ဆောက်လုပ်နိုင်ခဲ့ပါသည်။

ကျေးရွာမီးလင်းရေး။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် အသေးစား၊ ဒီဇယ်၊ ဆိုလာ၊ စပါးခွံ၊ နေရောင်ခြည် စသည့်နည်းတို့ဖြင့် ကျေးရွာပေါင်း ၁၄ ရွာ မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မွန်ပြည်နယ်၏ပထမ(၆)လပတ် စီမံကိန်း အကောင်အထည်ဖော်မှုကို သုံးသပ်ရာတွင် စက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများသည် နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည့်မီနိုင်မည်ဟု ခန့်မှန်းရပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ရာဘာထုတ်လုပ်မှုတိုးတက်လာခြင်း၊ မြို့နယ်များအတွင်း ဆန်ကြိတ်ခွဲလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝပ်ရှော့ လုပ်ငန်း၊ တွင်ခုံ လုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းကြောင့် ရည်မှန်းချက် ပြည့်မီနိုင်မည် ဟုခန့်မှန်းရပါ သည်။

ဆောက်လုပ်မှုကဏ္ဍတွင် ရေးမြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်တွင် လမ်း တံတားများဆောက်လုပ်ခြင်း၊ ကျိုက်မရောမြို့နယ်တွင် ကျောင်းများ ဆောက်လုပ်ခြင်း၊ သံဖြူဇရပ်မြို့နယ်တွင် ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း၊ ပုဂ္ဂလိကအခန်းမှ ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်တို့တွင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းနှင့်နေအိမ် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြုပြင်မှုများကြောင့် နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည်မီနိုင်မည်ဟု ခန့်မှန်းပါ သည်။

ပို့ဆောင်ရေးကဏ္ဍ ပုဂ္ဂလိကပိုင်အခန်းတွင် ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မော်တော်ကားလမ်းနှင့် တံတားများလည်း ကောင်းမွန်လာပြီး ခရီးသွားလာမှု ပိုမိုဖွံ့ဖြိုး တိုးတက် လာပါသည်။ ပွင့်လင်းရာသီ ရောက်ရှိလာပြီ ဖြစ်၍ ကျိုက်ထီးရိုး စေတီတော်၊ စက်စဲ ကမ်းခြေနှင့် ကျိုက္ခမီဘုရားများသို့လည်း ဘုရားဖူးများ ပိုမိုလာရောက်နိုင်မည်ဟု မျှော်မှန်း ခြင်းကြောင့် ရည်မှန်းချက်ကိုပြည်မီနိုင်မည်ဟု ခန့်မှန်းပါ သည်။

ရခိုင်ပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကိုပထမ(ဖ)လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၁,၃၉၈,၉၄၄.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **၄၆.၄** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၁) ရခိုင်ပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ရခိုင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကိုပထမ(၆)လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၆,၉၄,၈၅၃.၄** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၄၉.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၆.၄** ရာခိုင်နှုန်း ပြောင်းလဲခဲ့ ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၈၅၇,၁၅၉.၄** သန်း အကောင်အထည်ဖော်ရန်နှင့် **၆.၂** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၆၂၅,၁၇၉.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄.၀** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၁၃၁၆၂၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်ရန် အတွက် စိုက်ပျိုးရေးဦးစီးဌာန မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း မျိုးစပါး မျိုးကွဲအလိုက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် အထူးအထွက်တိုးစပါး မျိုးကောင်း မျိုးသန့်များ စုစုပေါင်း ၁၁၁၁၈၃၅ ဧက စိုက်ပျိုး ခဲ့ပါသည်။

သားငါးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများမှ ငါးပုစွန်ထုတ်လုပ်မှုမှာ ပိဿာထောင်ပေါင်း ၈၁၇၉၁ ထုတ်လုပ် နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်အတွင်း ကျွန်း၊ ထင်း၊ မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အတွင်း ရွှေသဘာဝ ဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ ၁၈၅၆ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အထိ မီးလင်းပြီးကျေးရွာပေါင်း ၁၂၁၂ ရွာ ရှိပြီးဖြစ်ပါသည်။ ကျေးရွာ မီးလင်းရေးအတွက် ကျေးရွာပိုင် ဒီဇယ်စွမ်းအင်များဖြင့်လည်းကောင်း၊ စပါးခွံ စွမ်းအင်ဖြင့်လည်းကောင်း၊ ဇီဝဓာတ်ငွေ့စွမ်းအား ဖြင့်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(၆)ပတ်အထိ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရန်ကုန်- ကျောက်ဖြူလမ်း၊ အမ်း-ပဒဲကြော-မအီလမ်း၊ ငသိုင်းချောင်း-ဂွလမ်း၊ မြေပုံ-ကံသာလမ်း-ကပိုင်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ မင်းဘူး-အမ်း-စစ်တွေ မြို့တွင်းလမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ် ဘတ်ဂျက်ဖြင့် ပန်းတောင်း-တောင်ကုတ်လမ်း၊ သံတွဲ-ဂွလမ်း၊ ကျောက်ဖြူ-မင်းပြင်- ရမ်းဇြဲလမ်း၊ ရမ်းဇြဲ-အောင်လှပြင်-ပိန္နဲတောင်လမ်း၊ မာန်အောင် ကျွန်းပတ်လမ်း၊ ဘူးသီးတောင်-မောင်တော လမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း၊ ပေါက်တော-မင်းပြားလမ်း၊ မြေပုံ-မင်းပြားလမ်းတို့တွင် ကတ္တရာလမ်းအဆင့် မြှင့်တင်ခြင်း၊ ကျောက်ချောလမ်းများအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း၊ ရုံးခြံစည်းရိုးများ ပြုပြင်ခြင်း၊ ရုံးခြံဝန်းအတွင်း ကတ္တရာလမ်း ခင်းခြင်းများ၊ အားကစားကွင်း၊ အားကစားရုံများ ဆောက်လုပ်ခြင်း၊ ကျေးရွာချင်း ဆက်လမ်း များ ဖောက်လုပ်ခြင်းနှင့် အခြားတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ ပထမ(၆)လပတ်အထိ ရခိုင်ပြည်နယ်၏ မြို့ပြနှင့် ကျေးလက် ဒေသများတွင် သောက်သုံး ရေရရှိရေး လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များ၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆည်မြောင်း ဦးစီးဌာနတို့မှ ဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေခရိုင်တွင် စက်ရေတွင်း ၄ တွင်း၊ တွင်းတိမ် ၁၅၂ တွင်း၊ မိုးရေလှောင်ကန် ၃၁၃၇ ကန်၊ လက်တူးတွင်း ၅၂၉ တွင်းရှိပြီး၊ မောင်တောခရိုင်တွင် တွင်းတိမ် ၃၉၈၃ တွင်း၊ မိုးရေ လှောင်ကန် ၁၃၅၅ ကန်၊ လက်တူးတွင်း ၃၀၂ တွင်းရှိပြီး၊ ကျောက်ဖြူခရိုင်တွင် တွင်းတိမ် ၇၅ တွင်း ၊ မိုးရေလှောင်ကန် ၄၅၃ကန်၊ လက်တူး တွင်း ၃၈၃၆ တွင်းရှိပြီး၊ သံတွဲခရိုင်တွင် တွင်းတိမ် ၄၂၀ တွင်း၊ မိုးရေလှောင်ကန် ၈၂ ကန်၊ လက်တူးတွင်း ၆၂၇၉ တွင်း ကျေးရွာပေါင်း ၂၆၁၄၆ ရွာတို့အား သောက်သုံးရေ ရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အဓိကအားဖြင့် စွမ်းအင်ကဏ္ဍတွင် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရေးဆွဲချိန်တွင် တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရေးဆွဲခဲ့သော်လည်း "ရွှေ" သဘာဝဓာတ်ငွေ့ စီမံကိန်းသည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်မှသာ ထုတ်လုပ်နိုင်ခြင်းကြောင့် အကောင်အထည်ဖော်နိုင်မှု လျော့နည်းရခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၆,၂၀၃,၅၆၇.၀** သန်း အကောင်အထည် ဖော်ရန်နှင့် **၁၂.၁** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၂) ရန်ကုန်တိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ရန်ကုန်တိုင်း ဒေသ ကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၄,၆၂၂,၀၀၀.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၇၄.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၁၅.၆** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါ သည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများ အရ ကျပ် **၅,၅၃၉,၇၂၅.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၀** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၄,၁၇၅,၉၅၅.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၆.၀** ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက **၁,၄၅၅,၉၅၀** ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါးရာသီတွင် အထွက်ကောင်း မျိုးစေ့ထုတ် စိုက်ကွက်များ စိုက်ပျိုးရာ မျိုးသန့် စံပြရွာနှင့် ကုမ္ပဏီများမှ **၁,၉၂၂** ဧက၊ အကျိုးဆောင် တောင်သူများမှ **၂၉,၅၅၀** ဧက စိုက်ပျိုးပြီးစီးခဲ့ပါသည်။ မျိုးသန့်ခြံများမှ စပါး မျိုးကောင်းမျိုးသန့်များကို **၂၄၀** ဧက စိုက်ပျိုးပြီးစီးခဲ့ပါသည်။ ကျေးရွာ **၈၅၁** ရွာတွင် တောင်သူနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး တောင်သူများစိုက်ပျိုးရေး လုပ်ငန်းများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ရာဘာစိုက်ဧက**၄၀,၈၂၉** တွင် အစေးလှီးဧက **၈,၆၂၁**ရှိပါသည်။ ရာသီဥတု ကောင်းမွန်ခြင်းကြောင့် ကော့မှူး၊ တိုက်ကြီးနှင့် လှည်းကူးမြို့နယ်ရှိ ရာဘာခြံများမှ ရာဘာများ အထွက်နှုန်း တိုးတက်ခဲ့ပါ သည်။

စွမ်းအင်ကဏ္ဍ ။ တိုက်ကြီးမြို့နယ် အဖျောက်ရေနံ သဘာဝဓာတ်ငွေ့တွင်းမှ သဘာဝ ဓာတ်ငွေ့နှင့် ဘူးသွင်းဓာတ်ငွေ့များ ထုတ်လုပ်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ ။ စက်မှုဇုန်ကြီး ဌာနအောက်ရှိ နိုင်ငံပိုင် စက်ရုံ အလုပ်ရုံ ၁၇၄ ရုံ အနက် ပုဂ္ဂလိကသို့ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အကျိုးတူဖက်စပ်ပြုခြင်းများကြောင့် နိုင်ငံပိုင် စက်ရုံ ၇၄ ရုံသာ ကျန်ရှိပါသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးကို ဆောင်ရွက် လျက် ရှိပါသည်။

အထူးစီးပွားရေးဇုန်။ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုစီမံကိန်းအတွက် ပတ်ဝန်းကျင် ထိခိုက်မှု စိစစ်ခြင်း (Environment Impact Assessment- EIA) ကိုဆောင်ရွက်နိုင်ခဲ့ပါ သည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ ။ လှော်ကားဌ်ဓာတ်ငွေ့တပ်ဆင်မှုအတွက်ပထမအဆင့် ၉၀%၊ ရွာမဌ် တည်ဆောက်မှု ၉၀ %၊ ရွာမဌ် ထိုင်းနိုင်ငံ EGAT နှင့် ဓာတ်ငွေ့သုံးတည်ဆောက်မှု ၄၅%၊ သာကေတဌ် တည်ဆောက်မှု ၈၀ %၊ အလုံဌ် ဓာတ်ငွေ့သုံးအတွက် စက် ၂ လုံး တပ်ဆင်နိုင် ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ ။ ကျေးလက်မြို့ပြကွန်ယက် ဆက်သွယ်မှု တိုးမြှင့်နိုင်ရေးနှင့် မြို့ပြရှိ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်ပင်သာယာ ပြင်ပမြို့နယ်များတွင် စည်ပင်သာယာရေး အဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေမြယာ(၂) အဆင့်မြင့်အိမ်ရာစီမံကိန်း၊ လမ်းမတော် မြို့နယ် အဆင့်မြင့်အိမ်ရာ စီမံကိန်း၊ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း Pent House စီမံကိန်း၊

ဒဂုံမြို့သစ်မြောက်ပိုင်း ဗိုလ်ဗထူး အိမ်ရာစီမံကိန်း၊ ဗိုလ်မင်းရောင်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်တောင်ပိုင်း ဧရာဝဏ်အိမ်ရာ စီမံကိန်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မင်းရဲကျော်စွာအိမ်ရာ စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ လမ်းတံတား ၈၇ ခု၊ အဆောက်အဦ ၃ ခု တည်ဆောက်ခဲ့ပါ သည်။

ပို့ဆောင်ရေး ကဏ္ဍ ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ ပထမ(၆) လပတ်တွင် အင်္ဂပယာဉ် ၄၁၅၃၃ စီး၊ လိုင်းပေါင်းစုံ ဘတ်စ်ကား ၆၂၉၅ စီး၊ အဝေးပြေး ၂၈၆၁ စီး၊ ကြို/ပို့ ယာဉ် ၆၂၁ စီး၊ လုပ်ငန်းသုံးယာဉ် ၂၁၆၇၀ စီး၊ ၅ တန်အထက် ကုန်တင်ယာဉ် ၂၁၂၁၆ စီး၊ ၅ တန်အောက် ၁၇၁၂၉ စီး ဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းမှ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ အင်္ဂပယာဉ်၊ အဝေးပြေး ကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ကားလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေး။ အမှတ်(၃)အခြေခံပညာဦးစီးဌာနအနေဖြင့် ပထမ(၆)လပတ်တွင် တွံတေးမြို့နယ် ကျောင်း ၁၆ ကျောင်း၌ အန္တရာယ်ရှိ ကျောင်းပေါင်း ၁၁ ကျောင်း၊ ဥပဓိရုပ် မကောင်းသော ကျောင်း ၃ ကျောင်း၊ ကျောင်းသားဦးရေ အရ တိုးချဲ့ကျောင်း ၂ ကျောင်း ဆောက်လုပ်ခဲ့ပါသည်။ ၎င်းကျောင်းများအနက် အန္တရာယ်ရှိကျောင်း ၁၀ ကျောင်း၊ ကျောင်းသားဦးရေ အရ တိုးချဲ့ကျောင်း ၂ ကျောင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်း ၂ ကျောင်းမှာ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

ကျန်းမာရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆)လပတ်၌ ကျေးလက်ကျန်းမာရေးဌာန ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉ ခု တိုးချဲ့ နိုင်ခဲ့သဖြင့် ကျေးလက် ကျန်းမာရေးဌာန ၇၉ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၄၀၇ ခု ရှိပါသည်။ ကုတင် ၁၀၀ တိုင်းရင်းဆေးရုံတွင် အတွင်းလူနာ ၆၈၃ ဦး၊ ပြင်ပလူနာ ၉၇၀၇ ဦး ကုသပေးနိုင်ခဲ့ပါသည်။

ရေပေးဝေရေးနှင့်သောက်သုံးရေဖူလုံရေး။ မြို့ပြရေပေးရေးနှင့် ကျေးလက်ရေရရှိရေး တို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မှ နေ့စဉ်ဖြန့်ဝေသည့် ရေပမာဏမှာ ဂျိုးဖြူကန် မှ ရေဂါလန် ၂၇ သန်း၊ လှော်ကားကန်မှ ရေဂါလန် ၁၄ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၅၄ သန်း၊ ရန်ကုန်မြို့တော်ရေပေး ဝေရေး(ငမိုးရိပ်)မှ ရေဂါလန် ၄၅ သန်း၊ အဝီစိစက်ရေတွင်းမှ ရေဂါလန် ၁၆ သန်း၊ ၎င်းအပြင် ရေပေးဝေရေး စခန်းများမှ တစ်နေ့ ရေဂါလန် ၄ သန်း၊ စုစုပေါင်း ရေဂါလန် ၁၆၀ သန်း တို့ကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိပါသည်။

မီးလင်းရေး။ နိုင်ငံတော်အနေဖြင့် မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလတွင် ကျေးရွာပေါင်း **၅၁၃** ရွာ မီးလင်းပြီး ဖြစ်ပါသည်။

ဌားရမ်းခနှင့်အခြားဝန်ဆောင်မှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် လုပ်ငန်းလိုင်စင်ခွန်၊ တည်းခိုခန်း လိုင်စင်ခွန်၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်ဖြင့်လှည့်လည် ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်၊ အနေးယာဉ် (ဆိုက်ကား) လိုင်စင်များအငှားချထားခြင်း၊ အနေးယာဉ်နှင့် ပတ်သက်သည့် လုပ်ငန်းများ၊ City Taxi လုပ်ငန်းနှင့် မြောက်ဥက္ကလာပမြို့နယ် ခန်းမ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ခန်းမ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ခန်းမတို့နှင့် ဆိုင်/မြေ ငှားရမ်းခ စသည့်လုပ်ငန်းများမှ အခွန်အခရင်ငွေများ တိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ နှစ်ကုန် ခန့်မှန်းခြေ အကောင်အထည် ဖော်နိုင်မှုမှာ ပြည့်မီမည်ဟု ခန့်မှန်းနိုင်ပါသည်။ အကြောင်းအရင်းများမှာ မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်ခဲ့သဖြင့် လယ်ယာကဏ္ဍတွင် လျာထားချက် ပြည့်မီနိုင်ခြင်း၊ မိုးနှောင်း ရာသီတွင် အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးကြောင့် သီးနှံများ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များကို တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဝယ်ယူ၍ မြို့နယ်များတွင် ရိတ်သိမ်းဆောင်ရွက်လျက်ရှိခြင်း၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း မြေနေရာများတွင် တစ်ရာသီ စိုက်ပျိုးခွင့်ပြုခြင်း၊ သုံးခွ မြို့နယ်တွင် ယခင်က ရေငန်ဝင်သည့် နေရာများ၌ ရေငန်တား တာများ ပြုလုပ်၍ ၈က ၁၀၀၀ တိုးချဲ့၍ စပါး စိုက်ပျိုးခြင်းများ၊ ကော့မှူးမြို့နယ်၊ ၄က်အော်စမ်း ဆုကလပ် ရာဘာခြံအား ပုဂ္ဂလိကသို့ အငှားချ၍ ရင်းနှီး မြှုပ်နှံမှုပြုခြင်း၊ ကန်တော်ကြီး ရေချိုငါးဥယျာဉ်ကို ပုဂ္ဂလိကသို့ အငှားချ၍ ရင်းနှီးမြှုပ်နှံမှု ပြုခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုမ္ပဏီများ မှတ်ပုံတင်သည့် အရေအတွက်သည် ၂၂၆၂ အထိ ရှိခဲ့သဖြင့် ကုမ္ပဏီဖွဲ့စည်းသည့် အရေအတွက် တိုးတက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်း၊ ရွှေဂုံတိုင်နှင့် ဘုရင့်နောင် ခုံးကျော်တံတားများ တည်ဆောက် ပြီးစီး၍ ဖွင့်လှစ်မည် ဖြစ်ခြင်း၊ ဆန်စက်များတိုးချဲ့ ဆောက်လုပ်ခြင်း၊ သစ်စက်များတွင် လုပ်ငန်းသုံးစက်ကိရိယာများ တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများရှိခြင်း ၊ မော်တော်ယာဉ်များ အစားထိုး လဲလှယ်မှုများနှင့် မော်တော်ယာဉ် လိုင်းသစ်တိုးချဲ့မှုများရှိခြင်း၊ ဘဏ်လုပ်ငန်းတွင် ပုဂ္ဂလိက ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်မှုများ၊ ဆရာ/ဆရာမများအား တိုးချဲ့ခန့်ထားခြင်း၊ တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်လက်ချထား ပေးမှုများ ရှိသဖြင့် နှစ်ကုန်ခန့်မှန်းခြေ ပြည့်မီနိုင်မည်ဟု ခန့်မှန်း ပါသည်။

ရှမ်းပြည်နယ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ပထမ (၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် **၁,၉၅၀,၈၂၄.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **၈.၉** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၃) ရှမ်းပြည်နယ်၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ရှမ်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၁,၁၉၂,၇၇၂.၀** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၁.၁** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၇.၀** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၁,၇၆၁,၇၀၂.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **၆.၁** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၁၂၂,၃၇၈.၉** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၃.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၃၄၈၈၀၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးသီးနှံများ မိုးရွာသွန်းမှု နောက်ကျ၍ စိုက်ပျိုး၊ ရိတ်သိမ်းမှု နောက်ကျခြင်း၊ မိုးနှောင်းပိုင်းတွင် အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှု ခံရသဖြင့် နွေစပါး၊ ပဲပုတ်စသည့် သီးနှံအချို့ ထွက်ရှိမှုသည် ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံများအား တာရှည်ခံရန်နှင့် အရည်အသွေးမီ စားသောက်ကုန်အဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် တောင်ကြီး မြို့နယ်တွင် Myanmar Belle Manufacture Co.ltd မှ ဂေါ်ဖီထုပ် အခြောက်ခံစက်ရုံ၊ ဟဲဟိုးမြို့တွင် မြနဒီ ပြောင်းဖူးအခြောက်ခံ စက်ရုံ၊ထုံးကျောက် ထွက်ရှိသည့် ပင်လောင်းမြို့နယ်တွင် ဘိလပ်မြေ စက်ရုံ

၂ ရုံနှင့် ထူးကွန်ကရစ်မီးတိုင် ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို တည်ဆောက်နိုင်ခဲ့ပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ခဲ့ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အေးသာယာစက်မှုဇုန် တွင်ပတ္တမြား နဂါးသံနှင့် သံမဏိ စက်ရုံ တည်ထောင်ပြီး လုပ်ငန်းများ လည်ပတ် လုပ်ကိုင်လျက်ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင်လုပ်ငန်း ကြီး ၁၇၅ ခု၊ လုပ်ငန်းလတ် ၃၅၆ ခု၊ လုပ်ငန်းငယ် ၃၀၂၂ခု ၊ စုစုပေါင်း စက်မှုလုပ်ငန်းပေါင်း ၃၅၅၃ ခု မှတ်ပုံတင်နိုင်ခဲ့ပြီးကျပ် ၃၇၇၆၈.၅ သန်းရင်းနှီးမြှုပ်နှံခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်တွင် ကျေးရွာ ၈ ရွာကို ဒီဇယ်စနစ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ မြို့နယ် မန်မွန်းခေး ကျေးရွာနှင့် ပန်မြိုင်းကျေးရွာ တို့တွင် ဆိုလာစနစ် ဖြင့်လည်းကောင်း၊ မူဆယ် ခရိုင် ဟိုမောလော့ခွမ် ကျေးရွာအုပ်စု နှင့် နမ့်ဖတ်ကာ ကျေးရွာတို့တွင် တရုတ်နိုင်ငံ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားဖြင့်လည်းကောင်း၊ လောက်ကိုင်ခရိုင်ကျေးရွာ ၇ ရွာတွင် ကိုယ်အားကိုယ်ကိုး ဓာတ်အားခွဲစက်ရုံ၊ကျေးရွာ ၂ ရွာတွင်အသေးစားရေအားဖြင့် လည်းကောင်း၊ ကျေးရွာ ၁၅ ရွာကို စပါးခွံဓာတ်အားပေးစက် ၂၉ ခုဖြင့်လည်းကောင်း ကျေးလက် မီးလင်းရေး ဆောင်ရွက်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပိုင် လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲနိုင်ခဲ့ခြင်းနှင့် မော်တော်ယာဉ်လိုင်းသစ် ၂၀ ကျော် တိုးချဲ့ ပြေးဆွဲလျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အစတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ သုံးဘီးဆိုင်ကယ် စီးရေ ၄၈၆ စီး ဖြင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ ရှမ်းပြည်နယ် စည်ပင်သာယာရေးမှ ဘဏ္ဍာနှစ်အတွင်း ရေပေးရေး လုပ်ငန်းများကို ကျေးလက်တွင် အဝီစိရေတွင်းတူးဖော်ခြင်း ၄ ခု၊ လက်တူးတွင်း ၁၄ ခု၊ ရေကန် အဆင့်မြှင့် ၇ ခု၊ စိမ့်စမ်းရေသွယ် ၁၇ ခု၊ အခြား ၇ ခု စုစုပေါင်း ၄၉ ခု ကို လည်းကောင်း၊ မြို့ပြတွင် အဝီစိရေတွင်း တူးဖော်ခြင်း ၅ ခု၊ တွင်းတိမ် ၁ ခု၊ လက်တူးတွင်း ၁၄ ခု၊ ရေကန် အဆင့်မြှင့် ၂ ခု၊ အခြား ၃၀ ခု စုစုပေါင်း ၅၂ ခုကို လည်းကောင်း သောက်သုံးရေ ရရှိရန် ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားကဏ္ဍ။ အင်ကြင်းကုန်း ကျေးရွာအနီးရှိ အင်းလေး အရှေ့ကြိုးဝိုင်းမှ မြေဧရိယာ ၆၂၂ ဧကကို ဟိုတယ်ဇုန်အဖြစ် ဖော်ထုတ်ကာ ဟိုတယ် ၁၄ လုံး တည်ဆောက်လျက် ရှိပါသည်။

ရှမ်းပြည်နယ်၏ ပထမ(၆)လပတ် စီမံကိန်းအကောင်အထည်ဖော်နိုင်မှုအရ ရည်မှန်းချက် ပြည့်မီစေရန် ပါဝင်မှုအများဆုံးဖြစ်သော လယ်ယာကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့၏ အကောင်အထည်ဖော်မှု အနည်းငယ် လျော့နည်းနိုင်ကြောင်း ခန့်မှန်းရပါသည်။

လယ်ယာကဏ္ဍတွင် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းတို့ကြောင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ပဲပုတ် စိုက်ဧကများ ထိခိုက်ပျက်စီးပြီး အထွက်လျာထားချက် မပြည့်မီနိုင်ခြင်းကြောင့် လည်းကောင်း၊ အချို့စိုက်ဧကများမှာ သဲဖုံးခြင်းကြောင့် မူလမြေဆီလွှာကဲ့သို့ အထွက်နှုန်း မပြည့်မီနိုင်ခြင်းကြောင့်လည်းကောင်း နှစ်ကုန်တွင်ရည်မှန်းချက် မပြည့်မီနိုင်ကြောင်း ခန့်မှန်း ရပါသည်။

စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ သစ်မာခွဲသား ထုတ်လုပ်မှုတွင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ သစ်စက်များမှာ သစ်လုံးရရှိမှု မရှိခြင်းကြောင့် စက်များလည်ပတ် နိုင်ခြင်းမရှိဘဲ ထုတ်လုပ်မှုလျော့နည်းခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် မိုးစပါးနှင့် ဆီထွက်သီးနှံ များဖြစ်သော မိုးနှမ်း၊ ပဲပုတ် စိုက်ဧကအချို့ထိခိုက်ပျက်စီးပြီး အထွက်လျော့နည်း၍ ဆန်ကြိတ် ခွဲမှု နှင့် ဆီကြိတ်ခွဲမှုများ လျော့နည်းခြင်း၊ စက်မှုဇုန်ရှိ ပုဂ္ဂလိက မော်တော်ယာဉ် ထုတ်လုပ်မှုသည် ပြည်ပမော်တော်ယာဉ်များနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်မှု မရှိသဖြင့်စက်မှုဇုန် မော်တော်ယာဉ် များ ထုတ်လုပ်မှုလျော့နည်းခြင်း၊ မော်တော်ယာဉ်နှင့် ဆက်စပ်သည့် အပိုပစ္စည်းများ ထုတ်လုပ်မှု ကျဆင်းသဖြင့် ရည်မှန်းချက် ပြည့်မီနိုင်ခြင်းမရှိကြောင်း ခန့်မှန်းပါသည်။

ဧရာဝတီတိုင်းဒေသကြီး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဧရာဝတီတိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၃,၈၈၈,၉၈၁.၂** သန်း အကောင်အထည် ဖော်ရန်နှင့် **၁၈.၀** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၄) ဧရာဝတီတိုင်းဒေသကြီး၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်

အကောင်အထည်ဖော်နိုင်မှု အခြေအနေ



ဧရာဝတီတိုင်း ဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ (၆) လပတ် တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၂,၅၁၃,၃၃၉.၅** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၆၄.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၅.၇** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန် ဈေးနှုန်းများအရ ကျပ် **၂,၈၂၉,၈၁၇.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **၅.၆** ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ကျပ် **၁,၆၈၂,၃၇၆.၁** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၃.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၄၅၈၂၀၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်းသီးနှံများမှအပ ကျန်သီးနှံများ အားလုံးနီးပါး စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သော်လည်း နွေစပါးနှင့်ဂုန်လျှော်အထွက် လျော့နည်းခဲ့ပါသည်။ နွေစပါးစိုက်ပျိုးမှုမှာ သက်တမ်းနုအထွက်ကောင်းမျိုးများ ဖြစ်သော်လည်း ဆည်ရေသောက် ဧကအချို့တွင် ဆည်ရေပေးမှု နောက်ကျသဖြင့် အပင်ပွားအားနည်းခြင်း၊ အပင်ပန်းပွင့်ချိန်တွင် အပူချိန် မြင့်တက်ခြင်းကြောင့် စပါးအဖျင်းများ၍ အထွက်နှုန်းများ လျော့နည်းခဲ့ရ ပါသည်။

သားငါးကဏ္ဍ။ ပထမ (ဖ)လပတ်တွင် ငါးပုစွန် ထုတ်လုပ်မှု ပိသာ ၅၂၉.၄ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခင်နှစ် ထုတ်လုပ်မှု ပိသာ ၅၀၁.၃ သန်း ထက် ပိသာ ၂၈.၁ သန်းခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(ဖ)လပတ်အထိ သစ်တောဦးစီးဌာနမှ ကျွန်းစိုက်ဧက ၇၀၀ တွင် အပင်ထောင်ပေါင်း ၃၇၈ နှင့် သစ်မာစိုက်ဧက ၃၀၀ တွင် အပင်ထောင်ပေါင်း ၁၆၂ စိုက်ပျိုး နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (ဖ) လပတ် အတွင်း သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၄.၇ ဖြစ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၅၈၈ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (ဖ) လပတ်တွင် အော်တိုတယ်လီဖုန်း ၃ လုံး၊ GSM Mobile ၂၃၁၀၀ လုံး၊ CDMA 800 Mobile ၁ဖ၇၉၉၅ လုံး ကို တပ်ဆင်ခဲ့ပါသည်။

သောက်သုံးရေရရှိမှု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ (ဖ) လပတ်တွင် တွင်းနက် ၇တွင်း၊ တွင်းတိမ် ၅၇ တွင်း၊လက်တူးတွင်း ၁တွင်း မြေသားမိုးရေလျှောင်ကန် ၉ ကန်၊ စုစုပေါင်း ၇၄ ခုအား ငွေကျပ် ဖ၁၇.၇ဖ သိန်းဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ကျေးလက်မီးလင်းရေး။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ(ဖ)လပတ် အထိ နိုင်ငံပိုင်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာများမှာ ၅၀၅ ရွာရှိပြီး ၊အခြားနည်းဖြင့် လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာများမှာ အသေးစား ရေအား ဖြင့် ၂၅ ရွာ၊ ဇီဝသုံးစွမ်းအင်ဖြင့် ၂ ရွာ ၊ စပါးခွံလောင်စာဖြင့် ဖ၈၀ ရွာ၊ ဒီဇယ်လောင်စာဖြင့် ၄၇၄၉ ရွာ၊ နေရောင်ခြည်ဖြင့် ၁၉၅ ရွာ၊ ဒီဇယ်ရေအားဖြင့် ၃ ရွာဖြစ်ပါသည်။ မီးလင်းပြီးကျေးရွာပေါင်း ဖ၀၉၇ ရွာရှိပြီး မီးလင်းရန် ကျန်ရှိသော ကျေးရွာပေါင်း ၅၈ဖ၈ ရွာ ရှိပါသည်။

ခရီးသွားလုပ်ငန်း။ ပထမ(ဖ)လပတ်အထိ လက်ရှိလိုင်စင် ထုတ်ပေးသည့် ဟိုတယ်/တည်းခိုခန်းမှာ ပုသိမ်ဒေသတွင် ၁၀လုံး၊ ချောင်းသာကမ်းခြေ ဒေသတွင် ၂၂ လုံး၊ ငွေဆောင်ကမ်းခြေဒေသတွင် ၂၁ လုံးတို့ဖြင့် လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ပထမ(ဖ)လပတ် လယ်ယာကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍ စီမံကိန်းအကောင်အထည်ဖော်မှုအရ လယ်ယာကဏ္ဍတွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ဧကများ လျှာထားချက် ပြည့်မီမှုမရှိခြင်း၊ ထိခိုက်ပျက်စီးဧကများမှ အထွက်နှုန်းများ လျော့နည်းခြင်းတို့ကြောင့် နှစ်ကုန် တွင် ရည်မှန်းချက် ပြည့်မီခြင်း မရှိဟု ခန့်မှန်းပါသည်။

စက်မှုလက်မှုကဏ္ဍတွင် စွမ်းအင်ဝန်ကြီးဌာန၏ ဓာတ်မြေသြဇာ၊ ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်မှုများမှာ သဘာဝဓာတ်ငွေ့ရရှိမှု နည်းပါးခြင်း၊ သစ်တောရေးရာဝန်ကြီးဌာန၏ သစ်မာခွဲသားနှင့် အထပ်သား ထုတ်လုပ်မှုတွင် သစ်စက် ၆ စက် ဖျက်သိမ်းလိုက်သောကြောင့် ရည်မှန်းချက် သစ်စက် ၁၁ စက် အပေါ် သစ်စက် ၅ စက်သာ ဆက်လက်လည်ပတ်နိုင်မည်ဖြစ်သဖြင့် ရည်မှန်းချက် မပြည့်မီနိုင်ခြင်း ဖြစ်ပါသည်။ သို့ပါ၍ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီနိုင်ရေးအတွက် ဆောင်းရာသီ သီးနှံများ လျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးသွားရန်နှင့် သားငါး ကဏ္ဍ၊ ခရီးသွား လုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နေပြည်တော် ကောင်စီနယ်မြေ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ပထမ(၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၅၄၂,၆၅၄.၉** သန်း အကောင်အထည်ဖော်ရန်နှင့် **၈၀.၆** ရာခိုင်နှုန်းပြောင်းလဲရန် ရည်မှန်းထားပါသည်။

ပုံ (၆-၁၅) နေပြည်တော်ကောင်စီနယ်မြေ၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်
အကောင်အထည်ဖော်နိုင်မှု အခြေအနေ



နေပြည်တော် ကောင်စီနယ်မြေ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ပထမ(၆) လပတ် တွင် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် **၃၃၂,၈၇၇.၇** သန်း ဖြစ်ပေါ်ခဲ့သဖြင့်

ရည်မှန်းချက်အပေါ် **၆၁.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၂၁.၃** ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် **၅၀၆,၃၁၅.၆** သန်း အကောင်အထည်ဖော်ရန်နှင့် **၇၆.၇** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ကျပ် **၃၁၉,၄၆၄.၆** သန်း ဖြစ်ပေါ်ခဲ့သဖြင့် **၄၈.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၃၉၆၄၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရေကြီးနှစ်မြုပ်ထိခိုက် ဧက ၁၈၆၅၊ မိုးလိုမိုးခေါင် ထိခိုက်ဧက ၆၂၉ ရှိခဲ့ပြီး မိုးလိုမိုးခေါင် ပျက်စီးဧက ၇၅ ရှိခဲ့ပါသည်။

သစ်တောကဏ္ဍ။ ပထမ(၆) လပတ်ကုန်အထိ နိုင်ငံပိုင်အခန်းမှ သစ်မာထုတ်လုပ်မှုတွင် ၅၁၉ ကုဗတန်သာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်ကျွန်းထုတ်လုပ်မှု စီမံကိန်းရည်မှန်းချက် ကုဗတန် ၃၀၀၀၊ သစ်မာ ကုဗတန် ၃၀၀၀၀ ကို ဝန်ကြီးဌာနမှ ချမှတ်ခဲ့သော်လည်း ဒေသ ရည်မှန်းချက်အရ နိုင်ငံပိုင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှုများကို နေပြည်တော် ကောင်စီနယ်မြေ အတွင်း လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ နေပြည်တော် ကောင်စီနယ်မြေတွင် နိုင်ငံပိုင် မြန်မာ့သစ်လုပ်ငန်းမှ သစ်စက် ၅ စက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ သကြားစက်ရုံ ၂ ရုံ၊ ရေသန့်စက်ရုံတို့၏ ထုတ်လုပ်မှုမှာလည်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် နေပြည်တော်စည်ပင် သာယာရေး ကော်မတီမှ ဘိလပ်မြေစက်ရုံ၊ အုတ်စက်ရုံ ၂ ရုံ၊ မက်စ်မြန်မာကုမ္ပဏီမှ ဘိလပ်မြေ စက်ရုံ၊ ယုဇနကုမ္ပဏီလီမိတက်မှ သကြားစက်ရုံများနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများလည်း တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နေပြည်တော်ကောင်စီ နယ်မြေ အတွင်းတွင် မွန်းတည့်ခွင် - ကျည်တောင် - ခေါမ - သာယာဝှမ်း - ဇီးပင်ရိုင်း - ဝဲကြီး- ကုတို့ဆိပ် ရေလွှဲဆည်၊ သစ်စိမ့်ပင်-နှမ်းတော-သကြားစက်-နေပြည်တော်ပတ်လမ်း၊ ဆည်မြောင်းဦးစီးဌာန မှ ပေါင်းလောင်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်၊ မဒန်း ရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ် ရေလှောင်တမံစီမံကိန်း၊ ဖောင်းလောင်းရေလှောင်တမံစီမံကိန်း၊ နေပြည်တော် စိမ်းလန်းစိုပြေရေးစီမံကိန်းနှင့် ငလိုက်တူးမြောင်း ကျောက်လိုင်နင်စီခြင်း လုပ်ငန်းတို့ကို တည်ဆောက်ခဲ့ပါသည်။ အထူးဖွံ့ဖြိုးရေး စီမံကိန်းမှ တည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ် ၁၄၅၀၀ သန်းခန့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာပြီး နေပြည်တော် အခြေပြု ယာဉ်လိုင်းအသင်း ၁၆ သင်း၊ အခြားဒေသအခြေစိုက် ယာဉ်လိုင်းအသင်း ၄၅ သင်း

တိုင်းဒေသကြီး ၃၂ မြို့သို့ ကွန်ယက်သဖွယ်ပြေးဆွဲဆောင်ရွက်ခဲ့ပါသည်။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ် ၃၉၃ စီး၊ မော်တော်ဆိုင်ကယ် ၈၉၆ စီး တိုးတက် မှတ်ပုံတင်ထားရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ဧရာဝတီဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်၊ အာရှ-ရန်ကုန်ဘဏ်နှင့် စည်ပင်သာယာရေးဘဏ်တို့ မှ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်မီးလင်းရေး။ နိုင်ငံတော်အစီအစဉ်ဖြင့် ၁၃၄ ရွာ၊ ဒီဇယ်စက်ဖြင့် ၂၇၆ ရွာ၊ စပါးခွံသုံးစက်ဖြင့် ၂၂ ရွာ၊ ဆိုလာစနစ်ဖြင့် ၂ ရွာ၊ အသေးစားရေအားလျှပ်စစ် ၁၅ ရွာ၊ ဇီဝလောင်စာဖြင့် ၁ ရွာ၊ စုစုပေါင်း ၄၃၈ ရွာ၊ စုစုပေါင်းကျေးရွာ၏ ၅၄.၈ ရာခိုင်နှုန်း မီးလင်းအောင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ပထမ(၆)လပတ်အထိ ဧယျာဝတီရိုးမြို့နယ်တွင် ဟိုတယ် ၁ လုံး၊ ပုဗ္ဗသီရိ မြို့နယ်တွင်မိုတယ် ၁ လုံးနှင့်ဟိုတယ် ၂ လုံး၊ ဥတ္တရသီရိမြို့နယ်တွင် ဟိုတယ် ၉ လုံး၊ ဒက္ခိဏသီရိ မြို့နယ်တွင် ဟိုတယ် ၂၅ လုံး၊ စုစုပေါင်း မိုတယ် ၁ လုံး၊ ဟိုတယ် ၃၇ လုံးနှင့်စည်ပင်တည်းခိုရိပ်သာ ၁ လုံး တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေသည် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍများမှ စီမံကိန်း ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ပထမ(၆) လပတ်ကုန်အထိ မိုးစပါး ၁၀၀.၆ ရာခိုင်နှုန်း၊ မိုးသီးနှံများ ဖြစ်သော ပဲတီစိမ်း ၉၇.၁ ရာခိုင်နှုန်း၊ ပဲစဉ်းငုံ(မိုး) ၁၄၅.၃ ရာခိုင်နှုန်း၊ မိုးမြေပဲ ၁၁၀.၈ ရာခိုင်နှုန်း ၊ မိုးနှမ်း ၁၁၀.၅ ရာခိုင်နှုန်း ၊ ချည်မျှင်ရှည်ဝါ ၁၁၇.၆ ရာခိုင်နှုန်း၊ မိုးငရုတ်စို ၁၁၃.၃ ရာခိုင်နှုန်း အသီးသီး စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးပိုမို စိုက်ပျိုးနိုင်ရန် ရေရရှိမှုအစီအစဉ်များ ကြိုတင်ဆောင်ရွက်ခြင်းတို့ကြောင့် နှစ်ကုန်တွင် လယ်ယာကဏ္ဍအနေဖြင့် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည် ဖော်နိုင်မည်ဟု မျှော်မှန်းပါသည်။

အခန်း(၇)

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစ၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဆောင်ရွက်ခဲ့ရာတွင် စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍ အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ယူဆောင်ရွက်သော ဝန်ကြီးဌာနများ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေး တာဝန်ယူဆောင်ရွက်သော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များအား အစိုးရဌာနများက ကမကထပြုပြီး ပုဂ္ဂလိက ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ရန်နှင့် အစီအမံများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် နိုင်ငံတော်မှ မူဝါဒချမှတ်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်မှချမှတ်ထားသောမူဝါဒနှင့်အညီ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့်ကိစ္စများ အကောင်အထည်ဖော်ခြင်းကို လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို လည်းကောင်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် ပုဂ္ဂလိက ကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီကို Delivery Unit အဖြစ် ပြည်ထောင်စု အစိုးရအဖွဲ့မှ ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဆပ်ကော်မတီအဖွဲ့များ၏ လုပ်ငန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍ နယ်ပယ်အလိုက် အသင်းအဖွဲ့များ ပိုမိုအားကောင်း ခိုင်မာအောင် ဖွဲ့စည်း ဆောင်ရွက်သွားရန်၊

(ခ) အသင်းအဖွဲ့၊ အစုအဖွဲ့မရှိသေးသော လုပ်ငန်းကဏ္ဍများ၊ ဒေသများ၌ အသင်းအဖွဲ့ သို့မဟုတ် အစုအဖွဲ့များ၊ သမဝါယမကုန်ထုတ်လုပ်ငန်းများတိုးချဲ့ဖွဲ့စည်းအားပေး မြှင့်တင်သွားရန်၊

(ဂ) ပုဂ္ဂလိက ကဏ္ဍရှိ အသင်းအဖွဲ့များအတွင်း လုပ်ငန်းအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများမှ လုပ်ငန်းကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းသွားရန်၊

(ဃ) ဝန်ကြီးဌာနအဆင့်၊ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့သော်လည်း ဆွေးနွေးညှိနှိုင်းမှု ရလဒ်နှင့် လက်တွေ့အကောင်အထည်ဖော်မှု၊ စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်မှု အားနည်းသည့်အတွက် အဆိုပါ

ဆွေးနွေးပွဲများ၊ ညှိနှိုင်းအစည်းအဝေးများကိုလိုအပ်သလောက်ကျင်းပ၍လက်တွေ့ ညှိနှိုင်းလုပ်ကိုင် အကောင်အထည်ဖော်မည့်အဆင့် ညှိနှိုင်းအစည်းအဝေး (Working Level Meeting) များကို ပိုမိုအလေးထား၍ ပုံမှန် ထိထိ ရောက်ရောက် ညှိနှိုင်း ဆောင်ရွက်ပြီး လက်တွေ့အောင်မြင် တိုးတက်မှု ရှိအောင် ဆောင်ရွက် သွားရန်၊

(c) စိုက်ပျိုးမွေးမြူထုတ်လုပ်မှုကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်မှုမှ ဈေးကွက်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးတွင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့များ၊ Working Group များ ပူးပေါင်း ကွင်းဆင်း၍ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး တိုးတက်အောင် အားပေး မြှင့်တင်မည့် နည်းလမ်းများ ရှာဖွေစီမံ အကောင်အထည်ဖော် သွားရန်၊

(စ) မြို့နယ်၊ ဒေသအလိုက် လက်ကားဈေးကွက်များနှင့် ကုန်စည်ဒိုင် ဈေးကွက် ဖွံ့ဖြိုး ရေးအဆင့်မှ နိုင်ငံတကာဈေးကွက်သို့ လုပ်ငန်းကဏ္ဍ နယ်ပယ်အလိုက် ယှဉ်ပြိုင် ဝင်ရောက်နိုင်စွမ်းရှိရေး အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းလုပ်ငန်းအဖွဲ့များ၊ Working Group များ ဖွဲ့စည်းညှိနှိုင်း စီမံအားပေးမြှင့်တင် ဆောင်ရွက်သွားရန်၊

(ဆ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်ရန် လျှပ်စစ် ဓာတ်အား လိုအပ်ချက်အား ပြည့်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဒေသ အလိုက်၊ ဧုန်အလိုက် လျှပ်စစ်ရရှိရေး ဆောင်ရွက်သွားရန်၊

(ဇ) ငွေကြေးလိုအပ်ချက်အတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းလုပ်ငန်းအဖွဲ့များဖြင့် ညှိနှိုင်းပြီး အသေးစားငွေချေးလုပ်ငန်းများ အားပေးမြှင့်တင်သွားရန်၊

(ဆ) လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံ ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်း လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပြီး အစီအမံရေးဆွဲ အားပေးမြှင့်တင်ဆောင်ရွက် သွားရန်၊

ဆပ်ကော်မတီအနေဖြင့် အသင်းအဖွဲ့များနှင့် ကွင်းဆင်းထိတွေ့ခြင်း၊ အသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မန္တလေးမြို့၊ ကုန်သွယ်ရေးမြှင့်တင်မှု ဦးစီးဌာနတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း

ရှင်များအသင်း၊ မန္တလေးကုန်စည်ဒိုင်၊ မန္တလေးစက်မှုဇုန်များမှ တာဝန်ရှိပုဂ္ဂိုလ် များ အားတွေ့ဆုံညှိနှိုင်းကာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ရုံးခွဲကို မန္တလေးမြို့၌ ဖွင့်လှစ်ပေးရေး၊ မန္တလေးတိုင်းအတွင်းရှိ လုပ်ငန်းရှင်များ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းဖွင့်လှစ်ပေးရေး ကိစ္စများ ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

(ခ) ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိ သူများ နှင့် တွေ့ဆုံ၍ လုပ်ငန်းများညှိနှိုင်းခဲ့ပြီး၊ လုပ်ငန်းရှင်များ အခက်အခဲ ကြုံတွေ့လျက်ရှိသည့် ၄င်းတို့၏ လုပ်ငန်းများတွင် တာဝန်ပေးအပ်ထားသော နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ဗီဇာ ရရှိရေး အခက်အခဲပေါ်ပေါက်နေမှုကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ဗီဇာနှင့်ပတ်သက်၍ဆောင်ရွက်ပေးမည့် အစီအစဉ်များ ကိုလည်း ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများ တွင် ဖော်ပြပေးခဲ့ပါသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အသင်းချုပ်မှ ဖွဲ့စည်းထားသည့် လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးရန် ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ နယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဃ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးတွင် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်းမှ တာဝန်ရှိသူ များနှင့် တွေ့ဆုံ၍ အထည်ချုပ်လုပ်ငန်းများအား လက်ခစားစနစ်မှ ပြည်ပ တိုက်ရိုက်တင်ပို့နိုင်သည့် စနစ်သို့ ကူးပြောင်းရေး၊ ပဲနှမ်းလုပ်ငန်းရှင်များ အသင်း ဖွံ့ဖြိုးမှုရန်ပုံငွေ ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းခဲ့ ပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရမှ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးပေး ဆောင်ရွက်လျက်ရှိရာတွင် စတုတ္ထအဆင့်ပြုပြင်ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်မှု ပြုပြင်ပြောင်းလဲရေးကိုဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတို့၏ ဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှု

လျှော့ချရေး၊ နိုင်ငံတော်ရှိ မြို့ပြကျေးလက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျ မျှတစွာ ဖွံ့ဖြိုး တိုးတက်ရေးကိုဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြား တွင် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းဖြင့် လည်းကောင်း ကြိုးပမ်းအကောင်အထည် ဖော်ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ တို့အရ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ၊ စက်မှုလက်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်းများထူထောင်၍ ရင်းနှီးမြှုပ်နှံခြင်းများပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းများ အနေဖြင့် နိုင်ငံတော်အတွင်း နေရာဒေသစုံ၊ နယ်ပယ်ကဏ္ဍစုံတွင် ပုံစံစုံဖြင့် ပါဝင်နေပြီး ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းမှသည် မိသားစု ဝင်ငွေကို တိုးမြင့် စေကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများကို ဖွံ့ဖြိုးစေနိုင်ပါသည်။

လက်ရှိမြန်မာနိုင်ငံ စီးပွားရေးတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမပိုင် အခန်း ကဏ္ဍ နှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ပါဝင်မှု အချိုးအစားအရ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ ၉၁.၇ ရာခိုင်နှုန်း၊ သမဝါယမကဏ္ဍ ၁.၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင်ကဏ္ဍ ၇.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိက ကဏ္ဍ အချိုးအစားမှာ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးစုစုပေါင်းတွင် အများဆုံး ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှာများစွာ အရေးပါလှသည်ကို တွေ့မြင်နိုင်ပေသည်။

ယနေ့အချိန်တွင် နိုင်ငံ၏ တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့်အတူ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများသည်လည်း တိုးတက်များ ပြားလျက် ရှိပါသည်။ နိုင်ငံပိုင်စက်ရုံအလုပ်ရုံ၊ စက်မှုနယ်မြေများနှင့် ပုဂ္ဂလိက စက်မှုဇုန် များလည်း အများအပြား ပေါ်ပေါက်လာပြီဖြစ်သည်။ ၁၉၉၅ ခုနှစ်ခန့်မှစ၍ စက်မှုဇုန်များ ဖွဲ့စည်းတည်ထောင် ခဲ့ရာ စက်မှုဇုန် ၁၈ ဇုန်ကို တည်ထောင်နိုင်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ အချင်းချင်း ပူးပေါင်း၍ လုပ်ငန်း တိုးချဲ့ရင်းနှီး မြှုပ်နှံနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူ စာချုပ်ပုံစံ အမျိုးမျိုးဖြင့် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုကို ရည်သန်လျက် စက်မှုလုပ်ငန်းများ တရှိန်ထိုးတိုးတက်စေရန် ထပ်မံ၍ ပြည်တွင်း စက်မှုဇုန် ၇ ဇုန်ကို လည်းကောင်း၊ ထားဝယ်အထူး စီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန် နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စသည့် အထူးစီးပွားရေးဇုန် ၃ ဇုန်ကိုလည်းကောင်း တည်ဆောက်၍ ယင်းဒေသများရှိ လူမှုစီးပွားရေး ဖွံ့ဖြိုးရေး မှသည် အာဆီယံနှင့် အရှေ့အာရှ ဒေသဆိုင်ရာ ပေါင်းစပ်ယှက်နွယ်ရေး ကွန်ယက်ကို အားဖြည့်ရန် ဆောင်ရွက်လျက်ရှိပါသည်။ တည်ထောင်ပြီး စက်မှုဇုန် ၁၈ ဇုန်၏ စုစုပေါင်းအကျယ်အဝန်းမှာ ၁၁,၂၇၈.၇၃၈ ဧကရှိပြီး၊ စက်ရုံအရေအတွက် ၉,၃၈၇ ရုံနှင့်အလုပ်သမားဦးရေ ၁၂၆,၃၀၆ ဦးတို့ဖြင့် လုပ်ငန်း အမျိုးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လုပ်ငန်းသဘာဝအရ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအား လက်ရှိတည်ဆဲ လုပ်ငန်းများ (Existing Projects) ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်း အမေရိကန် ဒေါ်လာ ၃၂၀၈၉.၁၅၈ သန်းအပေါ် အခြေခံ၍ လေ့လာလျှင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၆၉၁.၆၄၂ သန်း(၈၉.၄၂%) ဖြစ်ပြီး၊ ပုဂ္ဂလိက သီးသန့်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၉၇.၅၁၆ သန်း(၁၀.၅၈%)ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် လုပ်ငန်းများမှာ PSC, BOT , IPP များဖြစ်၍ ယင်းလုပ်ငန်းများသည် ပုဂ္ဂလိကပိုင်း၏ ရင်းနှီးမြှုပ်နှံမှု များပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု၌ နိုင်ငံပိုင် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ (အမေရိကန်ဒေါ်လာ ၂၈၁၈.၉၃ သန်း အပါအဝင်) ကျပ် ၂၈၂၀၄၃၆.၆၇ သန်းဖြစ်ပါသည်။ ယင်းအနက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပါဝင်မှုမှာ (အမေရိကန်ဒေါ်လာ ၁၄၃၃.၀၁ သန်းအပါအဝင်)ကျပ် ၁၈၉၇၉၅၁.၀၀ သန်းဖြစ်၍ ၆၇.၂၉ % ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ ၍ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် အရေးပါသော အနေအထားတွင် ရပ်တည်နေသည်ကို တွေ့နိုင်ပါသည်။

နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအရ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခြေအနေမှာရင်းနှီးမြှုပ်နှံမှု ကဏ္ဍအလိုက် အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည်–

ဇယား(၇-၁) ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်မှု (ကဏ္ဍအလိုက်)

စဉ်	ကဏ္ဍ	၂၀၁၁-၂၀၁၂		၂၀၁၂-၂၀၁၃	
		FIL	MCIL	FIL	MCIL
၁	၂	၃	၄	၅	၆
၁	စက်မှုကဏ္ဍ	၆၂၈၇	၉၉၄၂	၅၉၅၂၇	၁၃၃၉၅
၂	လျှပ်စစ်ဓာတ်အားကဏ္ဍ	၅၀၀		၇၀	၅၅
၃	ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ				
၄	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ		၅၇	၄၅၀	၄၃၉
၅	သတ္တုတွင်းကဏ္ဍ	၂၇		၄၀၀	
၆	အခြားဝန်ဆောင်မှုကဏ္ဍ			၉၄၄	၃၃၂
၇	စိုက်ပျိုးရေးကဏ္ဍ			၈၁၅	
၈	မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ			၂၀၆	၈၅၄
၉	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု လုပ်ငန်း		၃၈၈၁		၂၀၂

၁၀	သယ်ယူပို့ဆောင်ရေး လုပ်ငန်း		၂၁၇		၁၇၉၁
၁၁	စက်မှုဇုန် တည်ဆောက်မှု လုပ်ငန်း				၁၂၂
၁၂	ဆောက်လုပ်ရေးလုပ်ငန်း		၁၇၆၂		၃၄၈
	စုစုပေါင်း	**၆၉၁၄**	**၁၅၈၅၉**	**၆၂၄၁၂**	**၁၇၆၉၈**

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းနှင့် အလုပ်အကိုင်ဖန်တီးမှုကို တိုးတက်အောင် ဆောင်ရွက်သော်လည်း မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီး အကန့်အသတ်ရှိခြင်း၊ ငွေကြေး အထောက်အပံ့မရရှိခြင်း၊ အတိုးနှုန်း သက်သာသည့် ချေးငွေအစီအစဉ် အားနည်းခြင်း၊ အရည်အချင်း ပြည့်မီသည့် လုပ်သားအင်အားအလုံအလောက် မရှိခြင်း၊ ခေတ်မီ နည်းပညာများ အသုံးမပြုနိုင်ခြင်း၊ ဈေးကွက် ထိုးဖောက်နိုင်စွမ်းမရှိခြင်း၊ နည်းပညာဈေးနှုန်းတို့ နှင့်ပတ်သက်၍ သတင်းအချက် အလက်များ လုံလောက်စွာ မရရှိခြင်း၊ အချိန်မီသိရှိအောင်ဆောင်ရွက်မှု အစီအမံများနည်းခြင်း၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် သွင်းအားစုများ ရရှိရန်ခက်ခဲခြင်း၊ ထုတ်ကုန်ပစ္စည်း ဖြန့်ဖြူးရေးအပိုင်းတွင် ခက်ခဲမှုရှိခြင်း၊ ဈေးကွက်သတင်းအချက်အလက်နှင့်ဈေးကွက်ရှိမှု အခက်အခဲရှိခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်ကြီးမြင့်ခြင်း၊ လမ်းပန်း ဆက်သွယ်မှု၊ လျှပ်စစ် ဓာတ်အား၊ ရေရရှိမှု စသည့် အခြေခံ အဆောက်အဦ ပြည့်စုံမှုမရှိခြင်းစသည့် အချက်များမှာ မိမိတို့၏ ပုဂ္ဂလိက လုပ်ငန်းဖွံ့ဖြိုးရေးတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြစ်ပါသည်။

သို့ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအများတွင် ဆောင်ရွက်နေကြသည့် လုပ်ငန်းစဉ်များဖြစ်သည့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ တိုးတက်ရန်၊ သတင်းအချက်အလက်ရရှိမှုနှင့် ၄င်းကို အထောက်အကူပြုမည့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်စေရန်၊ ငွေရေးကြေးရေးရရှိမှု အဆင်ပြေစေရန်၊ နည်းပညာနှင့် တီထွင်နိုင်မှု စွမ်းအား တိုးတက်စေရန်၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုချဉ်းကပ်နိုင်ရန်၊ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်စသည်တို့ကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အရင်းအနှီး ရရှိနိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ၏တီထွင်နိုင်မှု စွမ်းရည်နှင့် ပြည်ပတင်ပို့မှုတိုးမြှင့်စေရန်တို့ကို အစီအစဉ်ချမှတ် ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငွေကြေး စီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ တိုးတက် ကောင်းမွန်မှုရှိစေရန်နှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ငွေကြေးဆိုင်ရာ သိနားလည်မှု စွမ်းရည်မြှင့် အစီအစဉ်များ ပြုလုပ်ပေးရန်တို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်မှလည်း စားသုံးသူပြည်သူများ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအကြား လွတ်လပ်စွာ ယှဉ်ပြိုင်

နိုင်ခွင့်အတွက် ယှဉ်ပြိုင်မှုဥပဒေများ (Competition Law) ကိုလည်း မူကြမ်းရေးဆွဲပြီး အတည်ပြု ပြဋ္ဌာန်းရန်ရှိပါသည်။ အခွန်စနစ် ခေတ်မီ တိုးတက်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများအား ဖြေလျော့ ပြင်ဆင်မှုများ ရှိသကဲ့သို့ ဖက်စက်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှု များ ဖိတ်ခေါ်လျက်ရှိပါသည်။

ဒေသဆိုင်ရာအဆင့်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း၏ ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား ချုပ်ဆိုသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသဆိုင်ရာ စာချုပ်များသည် ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်အလမ်းကောင်းများ ရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် နိုင်ငံအများမှ ပိုမိုပူးပေါင်းပါဝင်လာခြင်းသည် ပုဂ္ဂလိကကဏ္ဍအား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွန်ရက်တွင် ပါဝင်နိုင်သည့်အခွင့်အလမ်းအား ဖြစ်ပေါ်စေပါသည်။

ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ရက်တွင် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ခြင်းသည် ပုဂ္ဂလိက ကဏ္ဍ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ နိုင်ငံခြားငွေပိုင်ဆိုင်မှု၊ ငွေကြေးရရှိနိုင်မှု၊ တီထွင်မှုဆိုင်ရာ ကြိုးပမ်းမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများကို တိုးတက်စေပါသည်။ ၄င်းအပြင် ကုမ္ပဏီကြီးများ၊ နိုင်ငံစုံကော်ပိုရေးရှင်းများနှင့် စီးပွားရေးမိတ်ဖက် ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ရာ လူ့အဖွဲ့အစည်း ကောင်းမွန်တိုးတက်စေရန်အတွက် မိမိထုတ်ကုန်များကို ရွေးချယ် ထုတ်လုပ်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုနှင့် စွမ်းအင်အသုံးပြုရာတွင် ချေတာမှုဖြစ်စေသော (Environmental Friendly Technologies and Energy Saving Technologies)များ တီထွင်ခြင်း၊ အသုံးပြုခြင်း၊ မိမိတို့ရရှိသည့် အမြတ်ထဲမှ လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်း၊ နိုင်ငံတော်သို့ အခွန်မှန်ကန်စွာ ပေးဆောင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အတွက် အလေးထား ဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ငန်းအတွက်၊ တိုင်းပြည်အတွက်၊ စားသုံးသူဖြစ်သော ပြည်သူအတွက် အလုပ်အကိုင်များ ဖန်တီးရေးစသည့် Win-Win-Win မဟာဗျူဟာဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင် ဖန်တီးပေးရန်လိုအပ်ကြောင်း သုံးသပ်တင်ပြရပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရန်များ

စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ် ဆောင်ရွက်မှုများ တိုးတက်မှုရှိစေရန်အတွက်ဆောင်ရွက်ရာတွင် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးရန်၊ ပုဂ္ဂလိကကဏ္ဍများ အကြားပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန်၊ မူဝါဒပိုင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ ညှိနှိုင်းအကြံပေးခြင်းဆိုင်ရာ၊ အခက်အခဲများ ဖြေရှင်းခြင်းဆိုင်ရာကိစ္စများတွင် အစိုးရ၊ လုပ်ငန်းရှင်၊ စက်မှုအဖွဲ့အစည်းများ၊ သုတေသနပြုသူများ၊ ပညာရှင်များ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့သူတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ဆောင်မှု

ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာ နည်းလမ်းများ ချမှတ်ခြင်းတို့ကို ဆက်လက် ကြိုးပမ်းဖေါ်ဆောင်ရန် ဖြစ်ပါသည်။

ထို့အပြင် သတင်းအချက်အလက်ရရှိမှုနှင့် အထောက်အကူပြုမည့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်တည်ထောင်မှု၌ လိုအပ်သော သတင်း အချက် အလက်များအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်ဌာနတည်ထောင်ရန်၊ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် စျေးကွက် ရရှိနိုင်မှု၊ ကုန်ကြမ်းရရှိနိုင်မည့် နည်းလမ်း၊ အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည် တို့ပါဝင်သော Portal တစ်ခုတည်ဆောက်ရန်နှင့် အစိုးရ နှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန် ဖြစ်ပါသည်။

နည်းပညာနှင့် တီထွင်နိုင်မှုစွမ်းအား တိုးတက်စေရန် ဆောင်ရွက်ရာတွင် ထုတ်ကုန်များသည် စံချိန်စံညွှန်းများနှင့် အရည်အသွေးသတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန်၊ ပြည်တွင်းပြည်ပ စျေးကွက် ရှယ်ယာများရရှိရန်နှင့် စားသုံးသူများ၏ ယုံကြည်မှုရရှိစေရန်အတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထွက်ကုန် အရည်အသွေးဆိုင်ရာ စစ်ဆေးမှုပြုနိုင်သည့်ဌာန တည်ထောင်ရန်၊ အဆင့်မြင့် နည်းပညာများ အသုံးပြုနိုင်ရေးကြိုးပမ်းရန်၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ရန်အတွက် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါ သည်။

နိုင်ငံတကာစျေးကွက်သို့ ချဉ်းကပ်နိုင်ရန်အတွက်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ နိုင်ငံတကာစျေးကွက် အခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အကြံဉာဏ်များ၊ နိုင်ငံတကာမှ ကျင့်သုံးနေသော အလေ့အကျင့်များ၊ အက်ဖ်တီအေများရှိ ဦးစားပေးအကောက်အခွန် အစီအစဉ်အသီးသီးတွင် အသုံးပြုသည့် MFM Tariff Rate နှင့် Preferential Tariff Rate များ၊ ပင်ရင်းဒေသစည်းမျဉ်းများအပါအဝင် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများ၊ စျေးကွက်တိုးချဲ့ရေးအတွက် ဆောင်ရွက်နေမှုများအား ပုဂ္ဂလိကကဏ္ဍမှ သိရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများ(clusters) များတည်ထောင်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍများ အကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ရန် ဖြစ်ပါသည်။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် ပညာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ လုပ်ငန်းခွင်မဝင်မီနှင့် လုပ်ငန်းခွင်ဝင်နေစဉ်အတွင်း လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုနှင့် စွန့်ဦးတီထွင်မှု စွမ်းရည်မြှင့်တင်ခြင်း၊ စက်မှုလုပ်ငန်းများ ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းများ၊ အတတ် ပညာရှင်များအကြား လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများတင်ပြမှုအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေမှာ ဖော်ပြပါ အတိုင်း ဖြစ်ပါသည် -

ဇယား (၇-၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ

ကျပ်သန်း

စဉ်	လုပ်ငန်းကဏ္ဍ	၃၀-၉-၂၀၁၃ ထိ ရင်းနှီးမြှုပ်နှံမှု	ယခင်နှစ်ကာလတူ ရင်းနှီးမြှုပ်နှံမှု (၃၀-၉-၂၀၁၂)	ယခင်နှစ် ရင်းနှီးမြှုပ်နှံမှု
(က)	စိုက်ပျိုးရေး	-	-	-
(ခ)	မွေးမြူရေး	-	၁၂၀၀.၀၀	၆၂၅၀.၀၀
(ဂ)	သတ္တုတူးဖော်ရေး		၅၀၀.၀၀	၂၅၀၀.၀၀
(ဃ)	စက်မှုလုပ်ငန်း	၇၅၆၉၆.၈၁	၄၃၂၀၃.၈၅	၁၈၅၄၆၉.၉၁
(c)	လျှပ်စစ်ဓာတ်အား	၄၄၂၅၁.၂၆	၄၃၆၉.၂၆	၄၃၆၉.၂၆
(စ)	ဆောက်လုပ်ရေး	၁၈၉၅၅.၇၅	၁၀၅၀၀.၀၀	၇၂၄၉၇.၁၂
(ဆ)	သယ်ယူပို့ဆောင်ရေး	-	၂၄၇၀၀.၀၀	၂၂၀၁၈၉.၈၄
(ဇ)	ဟိုတယ်/ခရီး	၂၀၀၈၂၈.၆၅	-	၆၃၁၁.၀၀
(ဈ)	အိမ်ရာအဆောက်အအုံ	-	-	၂၂၃၅၂၂.၁၇
(ည)	စက်မှုဇုန်လုပ်ငန်း	၅၁၅၀၀.၀၀	-	၂၄၈၂၀၀.၀၀
(ဋ)	အခြား	၂၃၃၄၃၅.၇၁	၄၈၄၀၀.၀၀	၉၅၃၅.၀၅
	စုစုပေါင်း	၆၂၄၆၆၈.၁၈	၁၃၂၈၇၃.၁၁	၁၀၆၄၆၆၄.၃၅

နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျော့မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကုမ္ပဏီထူထောင် ဆောင်ရွက်မှု တိုးတက်လာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဇယား (၇-၃)နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

စဉ်	ကုမ္ပဏီအမျိုးအစား	၃၀-၉-၂၀၁၃ ထိ အရေအတွက်	ယခင်နှစ်ကာလတူ အရေအတွက် (၃၀-၉-၂၀၁၂)	ယခင်နှစ် စုစုပေါင်း
(က)	ပုဂ္ဂလိကကုမ္ပဏီ	၃၄၁၀၈	၂၇၉	၅၁၆
(ခ)	အများနှင့်သက်ဆိုင်သော ကုမ္ပဏီ	၁၀၀	၃၆	၅၁

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များ ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အသင်းအဖွဲ့ ပေါင်း ၇၀ ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖွဲ့စည်းနိုင်မှုမှာ ၅၀ သင်းဖြစ်ပြီး ယခင်နှစ် တစ်နှစ်တာ ဖွဲ့စည်းနိုင်မှုမှာ အသင်းပေါင်း ၃ ခု ဖြစ်ပါသည်။ သို့ပါ၍ ယခုနှစ်တွင် ယခင်နှစ်ကာလတူ အခြေအနေထက် အသင်းပေါင်း ၉ ခု ပိုမို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ အစုအဖွဲ့များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပြည်သူပိုင်ကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် တိုးတက်မှု ရရှိသွားအောင် ဆောင်ရွက်နိုင်ပါကြောင်း နှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်း စီးပွားရေး ဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ် သကဲ့သို့ စီးပွားရေး လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ် (Corporate Social Responsibility CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ် ပါသည်။

အခန်း(၈)

အထူးစီးပွားရေးဇုန်များနှင့်ဆောင်ရွက်မှုအခြေအနေ

အထူးစီးပွားရေးဇုန်များ

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆွဲဆောင်နိုင်ရေး အတွက် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်လျက်ရှိရာ တနင်္သာရီတိုင်း ဒေသကြီး တွင် ထားဝယ် အထူးစီးပွားရေးဇုန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ အထူး စီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို စတင် အကောင် အထည်ဖော်လျက် ရှိပါသည်။

အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်မှာ ဒေသ အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးရန် စက်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး ကွန်ရက် လုပ်ငန်းများ တည်ထောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ စီးဝင်ဆောင်ရွက် ကြခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖြစ်ပါ သည်။

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့တို့ကို နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် (၄၁/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုအဖွဲ့တွင် နိုင်ငံတော် သမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးသည် အတွင်းရေးမှူးနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက်အတွင်းရေးမှူး အဖြစ် ဖွဲ့စည်းထားပါသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၃ ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ်(၇၄/၂၀၁၂)ဖြင့် အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့၍ ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာ စာအရ နိုင်ငံတော် ဒုတိယ သမ္မတ ၂ သည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည် ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အတွင်းရေးမှူးနှင့် ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက် အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားပါသည်။

အထူးစီးပွားရေးဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်နှင့် ဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအထူးစီးပွားရေးဇုန် စီမံ ခန့်ခွဲမှု ကော်မတီများ ကို ဖွဲ့စည်းခဲ့ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်

ထားဝယ်အထူး စီးပွားရေးဇုန် နယ်နိမိတ် ဧရိယာ ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၀/၂၀၁၃ ဖြင့် နယ်နိမိတ်ဧရိယာ ၁၉၅.၉၉၉၉၇၉၀ စတုရန်းကီလို မီတာ (၄၈၄၃၂.၄၅၁၂ဧက) အားပြင်ဆင် သတ်မှတ်ခဲ့ ပါသည်။

နိုင်ငံတော်သမ္မတရုံး၏ ၁၅-၈-၂၀၁၃ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီတွင် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး ပါဝင်ကာ ဒုတိယသမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည် ဖော်ရေးဆိုင်ရာ ဆပ်ကော်မတီ (၆)ရပ်မှာ-

(က) အခြေခံ အဆောက်အဦနှင့် တည်ဆောက်မှုလုပ်ငန်းများကဏ္ဍ ဆပ်ကော်မတီ၊

(ခ) စက်ရုံ၊အလုပ်ရုံနှင့်စီးပွားရေးလုပ်ငန်းများတည်ဆောက်ထူထောင်ရေးဆိုင်ရာ ကဏ္ဍဆပ်ကော်မတီ၊

(ဂ) လျှပ်စစ်နှင့် စွမ်းအင်လုပ်ငန်းများ ထူထောင်ရေးကဏ္ဍ ဆိုင်ရာ ဆပ်ကော်မတီ၊

(ဃ) ရပ်ရွာဒေသ လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကဏ္ဍဆပ် ကော် မတီ၊

(င) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီနှင့်

(စ) ငွေကြေးနှင့် ရန်ပုံငွေ ရှာဖွေစုစည်း ထူထောင်ရေး ကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ တို့ ဖြစ်ပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

ထားဝယ် အထူးစီးပွားရေးဇုန် အောင်မြင်စွာ အကောင် အထည်ပေါ်လာစေရေး အတွက် ထိုင်း နှင့် မြန်မာ နှစ်နိုင်ငံ အစိုးရတို့သည် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ နှင့် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းမှုကော်မတီ တို့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာ- ထိုင်း ပူးတွဲလုပ်ငန်းအဖွဲ့ ၏ အစည်းအဝေးများကို ၈-၁၁-၂၀၁၂ နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ၁၄-၁၂-၂၀၁၂ နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်နှင့် ၆-၃-၂၀၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ပတ္တရားမြို့တို့ တွင် ကျင်းပခဲ့ပါသည်။

ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ထိုင်း-မြန်မာ ပူးပေါင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား အောက်ပါစာချုပ်၊ စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပါသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စီမံကိန်းဆက်စပ်နယ်မြေများတွင် ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို ၂၃-၇-၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပူးတွဲကော်မတီ အဆင့်အလိုက် တည်ဆောက်ရေးအတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံပူးတွဲကော်မတီအား ထူထောင်ခြင်းဆိုင်ရာ စာချွန်လွှာများကို ၇-၁၁-၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုး ခဲ့ပါသည်။

(ဂ) ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း ပူးတွဲကြေညာချက် လဲလှယ်ခြင်း (၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များတွင် ဆောင်ရွက်ခဲ့ ပါသည်။)

(ဃ) ၂၀၁၃ ခုနှစ် ဇွန်လ ၁၇ နေ့တွင် ထိုင်းနိုင်ငံခရီးစဉ်၌ ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်းနှင့် ထိုင်းနိုင်ငံအိမ်နီးချင်း နိုင်ငံများ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ Mr. Perames Vudthitornnetirak တို့က အစုရှယ်ယာရှင်များ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ

ထားဝယ်အထူးစီးပွားရေးဇုန်သည် ရင်းနှီးမှုငွေကြေးပမာဏ (ခန့်မှန်းအဆင့်) အမေရိကန် ဒေါ်လာ ၈.၆ ဘီလီယံခန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ ရင်းနှီး မြှုပ်နှံမှုကို အပိုင်းလိုက်ဆောင်ရွက်သွားရန် Development Plan ကို ရေးဆွဲခဲ့ပါသည်။ ယင်းစီမံကိန်း လုပ်ငန်းသည် ငွေကြေးပမာဏများစွာ လိုအပ်သည့်အတွက် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံသာမက စီမံကိန်းတွင် ဂျပန်နိုင်ငံပါဝင်လာနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်တွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်မှာ ပင်မကုမ္ပဏီ-၁ (Special Purpose Vehicle [SPV-1]) ကို ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည်ဖြစ်ပြီး ပင်မကုမ္ပဏီ-၂ (Special Purpose Vehicle[SPV-2])ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။

ပင်မကုမ္ပဏီ- ၁ ကို ဖွဲ့စည်းရာ၌ ထိုင်းနိုင်ငံမှ Neighbouring Countries Economic Development Cooperation Agency – NEDA နှင့် မြန်မာ နိုင်ငံမှ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန FERD တို့မှ ၅၀%စီ အချိုးဖြင့် ဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းအဖွဲ့အစည်း၂ ခုသည် Shareholder Agreement ကို လက်မှတ်ရေးထိုးမည်ဖြစ်ပြီး ကုမ္ပဏီဖွဲ့ပြီးသည်နှင့် Articles of Associations ကို ချုပ်ဆို မည်ဖြစ်ပါသည်။ အလားတူပင် SPV-1 ၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ပေးမည့် SPV-2 ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်း၍ အထူးပြုကုမ္ပဏီများ Special Purpose Companies (SPCs) ဖြစ်သည့် စီမံကိန်းအလိုက် ဆောင်ရွက်မည့် ကုမ္ပဏီများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက် မည်ဖြစ်ပါသည်။ SPV-2 သည် မြန်မာ-ထိုင်း ဖက်စပ်ကုမ္ပဏီခွဲဖြစ်ပြီး၊ ထားဝယ် အထူးစီးပွားရေး ဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အဓိကဆောင်ရွက်ပေးမည့် Operational Level ကုမ္ပဏီဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည့် SPV-1 သည် နိုင်ငံခြားငွေကြေး ဈေးကွက်ရှာဖွေခြင်းအတွက် မူဝါဒ ပိုင်းဆိုင်ရာ ဆောင်ရွက်မည့် ကုမ္ပဏီဖြစ်ပြီး SPV-2သည် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများကို အဓိကဆောင်ရွက်ပေးမည့် ကုမ္ပဏီ ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အား အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက် သွားမည်ဖြစ်ပါသည်-

(က) Phase 1 (ပထမ ၅ နှစ်အတွင်း) တွင် ကနဦးစီးပွားရေးလုပ်ငန်းများကို တည်ထောင်ရန် ဇုန်ဧရိယာ ဧက ၂၅၀၀ကို စတင် အကောင်အထည်ဖော်မည် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ အများဆုံးပေးနိုင်မည့် အသေးစား နှင့် အလတ်စား စက်မှု လုပ်ငန်းများ Small and Medium Industry/Light Industry ကို စတင်အကောင် အထည် ဖော်ဆောင်ရွက်ပြီး၊ ဆိပ်ကမ်းငယ် Small Port ကိုသာ တည်ဆောက် အသုံးပြုမည်ဖြစ်ပါသည်။

(ခ) Phase 2 (၆ နှစ်မှ ၁၀ နှစ်အတွင်း) တွင် ဇုန်ဧရိယာအား ဧက ၄,၀၀၀ ခန့် ထပ်မံတိုးချဲ့ပြီးသံမဏိစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများ၊ Oil Refinery နှင့် မော်တော်ယာဉ်များထုတ်လုပ်သည့် စက်ရုံများတည်ထောင်သွားမည်ဖြစ်ပါ သည်။

(ဂ) Phase 3 (၁၁ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ဇုန်ဧရိယာအား ၁၃,၅၀၀ ဧကခန့် ထပ်မံတိုးချဲ့ပြီး Plastic Industry၊ Chemical Industry၊ Petrochemical Industry နှင့် General Industry တို့ တည်ထောင်သွားရန် လျာထား ပါသည်။

(ဃ) Phase 4 (၂၁ နှစ်မှ ၄၀ နှစ်အတွင်း) တွင် မြေအကျယ်အဝန်း ၁၂,၅၀၀ ဧကခန့်ကို ထပ်မံတိုးချဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကိုသာ တိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(c) Phase 5 (၄၁ နှစ် မှ ၇၅ နှစ်အတွင်း) တွင် မြေဧက ၄၄၈၅၀ ဧကအားလုံး၏ ၉၀% ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထားဝယ်ရေနက်ဆိပ်ကမ်း ပထမအဆင့် တည်ဆောက်ပြီး(၂၀၁၅)တွင်မြင်တွေ့ရမည့်ပုံစံ

အုပ်ချုပ်ရေးအဆောက်အဦသစ် ဆောက်လုပ်မှု

ထားဝယ်အထူးစီးပွားရေးဇုန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထောက် အကူပြု လုပ်ငန်းအဖွဲ့ (ယာယီ) ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရုံးသစ်တည်ဆောက်ခြင်း လုပ်ငန်း အား တည်ဆောက်ပြီးစီး ပြီဖြစ်ပါသည်။

ကျေးရွာများ ပြောင်းရွှေ့နေရာချထားခြင်း

ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းအတွင်းရှိ ရေဖြူမြို့နယ်မှ ကျေးရွာ (၁၅)ရွာနှင့် လောင်းလုံမြို့နယ်မှ ကျေးရွာ (၁)ရွာ၊ စုစုပေါင်း ကျေးရွာ (၁၆)ရွာ အား ပြောင်းရွှေ့ပေးရန် စီစဉ်ဆောင်ရွက်ထားသော်လည်း အဆိုပါ ကျေးရွာများအနက်မှ ရေဖြူမြို့နယ် ကျေးရွာ (၉)ရွာနှင့် လောင်းလုံမြို့နယ်မှ ကျေးရွာ (၁)ရွာ စုစုပေါင်း (၁၀)ရွာအား နှုတ်ပယ်၍ ကျန်ရှိသော ကျေးရွာ (၆)ရွာအား ပြောင်းရွှေ့ပေးရမည်ဖြစ်ပါသည်။

အဆိုပါ ကျေးရွာအား ပြောင်းရွှေ့နေရာ ချထားနိုင်ရေးအတွက် နဘုလယ်ဒေသရှိ ကျေးရွာ (၄)ရွာဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒက်၊ မူးဒူးကျေးရွာများအား ရေဖြူမြို့နယ် ဘဝါကျေးရွာတွင် နဘုလယ်မြို့သစ်တည်၍ လည်းကောင်း ကျန်ကျေးရွာ (၂)ရွာဖြစ်သည့် ခမောင်းချောင်းကျေးရွာနှင့် ဝက်ချောင်းကျေးရွာအား ရေဖြူမြို့နယ်၊ ပုဂေါ့ဒွန်းဆီအုန်းခြံ အကွက်အမှတ် -၆/၇ တွင် လည်းကောင်း ရွှေ့ပြောင်းနေရာချထားနိုင်ရေး စီမံဆောင်ရွက် လျက်ရှိပါသည်။

လျော်ကြေးငွေပေးချေပြီးစီးမှုအခြေအနေ

ထားဝယ်အထူးစီးပွားရေးဇုန်တွင် တည်ဆောက်အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သံမဏိစက်ရုံ၊ Road Link to Thailand လမ်းဖောက်လုပ်မည့် မြေနေရာ၊ Oil and Gas (Refinery)၊ ဓာတ်မြေသြဇာစက်ရုံ၊ Green Area နှင့် ကျေးရွာများ ပြန်လည်နေရာ ချထားမည့် မြေနေရာများအတွက် ဥယျာဉ်ခြံ/ လယ်ပိုင်ရှင်များ အား လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိရာ (၃၁-၁၀-၂၀၁၃) ရက်နေ့အထိ လျော်ကြေးငွေ ကျပ်သန်းပေါင်း ၅၇၉၄.၁ အားပေးချေပြီး ဖြစ်ပါသည်။

ဘဝါကျေးရွာတွင် မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း

ရေဖြူမြို့နယ်မှ ထားဝယ် အထူးစီးပွားရေးဇုန်အတွင်းပါဝင်သည့် ကျေးရွာ ၁၆ ရွာအနက် နဘုလယ်ဒေသရှိ ကျေးရွာ ၅ ရွာ ဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒတ်၊ မယင်းကြီး၊ မူးဒူး ကျေးရွာ များ၌ အိမ်ခြေ ၁၈၂၅ အိမ်ကို ရွှေ့ပြောင်းရန်အတွက် မူလကျေးရွာများနှင့် ၅ မိုင်ခန့် ဝေးကွာသော ဘဝါကျေးရွာအနီးတွင် မြေ ဖော်ထုတ်၍ လမ်း၊ ရေ၊ လျှပ်စစ်မီး၊ အထက်တန်း ကျောင်း၊ အလယ်တန်း ကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ စျေး၊ မီးသတ်၊ ဘိုးဘွားရိပ်သာ၊ အားကစားကွင်း၊ ပန်းခြံတို့ပါဝင်သော မြို့သစ်ကို အသစ် တည်ဆောက်၍ နေရာချထားပေးမည် ဖြစ်ပါသည်။ မြေကွက်များမှာ (ပေ ၈၀ x ပေ ၁၀၀) ရှိရမည် ဖြစ်ပြီး၊ မူလအိမ်အရွယ်အစား ပေါ်မူတည်၍ အိမ်ကြီး၊ အိမ်လတ်၊ အိမ်သေးဟု ခွဲခြားကာ RC တိုင်၊ အကာအဖြစ် ကွန်ကရစ် Pre-fabricated Parts အမိုးအဖြစ် သွပ်မိုးတို့ဖြင့် တည်ဆောက်နေရာ ချထားပေးမည်ဖြစ်ပါသည်။ တည်ဆောက် ရေးလုပ်ငန်း ပထမအဆင့်အနေဖြင့် မူးဒူးကျေးရွာအား စတင်ပြောင်းရွှေ့ နေရာချ ထားနိုင်ရန် နေအိမ် ၄၈၄ လုံးအား ပြည်တွင်းကုမ္ပဏီ ၁၅ ခု ဖြင့်တည်ဆောက်လျက်ရှိပြီး ယခုအခါနေအိမ် ၄၂၄ လုံးအား အချောသတ် ဆောက်လုပ်ပြီးဖြစ်ပါသည်။

ပုဂေါ့ဒွန်းဆီအုန်းခြံအတွင်း မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း

ရေဖြူမြို့နယ်မှ ပြောင်းရွှေ့ရမည့် ကျေးရွာ ၁၀ ရွာဖြစ်သည့် ပုဂေါ့ဒွန်းကျေးရွာ၊ သပြေဒွန်း ကျေးရွာ၊ မင်းဒပ်ကျေးရွာ၊ ဝက်ချောင်းကျေးရွာ၊ ရလိုင်ကျေးရွာ၊ ခမောင်းချောင်း ကျေးရွာ၊ သစ်တိုထောင့်ကျေးရွာ၊ ကျောက်ဝှက်ကုန်းကျေးရွာ၊ ပိန်းရှောင်ကျေးရွာ၊ ကျခတ္တာပင်အင်း

ကျေးရွာတို့အား ရေဖြူမြို့နယ်၊ ပုဂေါဇွန်း ကျေးရွာအုပ်စုတွင် မြို့သစ်တည်ဆောက် နေရာချ ထားပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ပုဂေါဇွန်းဆီအုန်းခြံမှာ စက်မှုဝန်ကြီးဌာနပိုင် မြေဖြစ်ပြီး၊ ၎င်းမြေကို အထူးစီးပွားရေး ဇုန် စီမံခန့်ခွဲမှုကော်မတီက အသုံးပြုနိုင်ရန်အတွက် စက်မှုဝန်ကြီး ဌာနမှ သဘောတူခွင့်ပြုပြီး ဖြစ်ပါသည်။ ယခုအခါ ပုဂေါဇွန်း ဆီအုန်းခြံအတွင်း မြေနေရာ ရှင်းလင်းခြင်း လုပ်ငန်းများမှာ ပြီးစီးပြီ ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်မှုအခြေအနေ

နိုင်ငံတော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ် ဖန်တီးပေးနိုင်ရေး အတွက် အထူးစီးပွားရေးဇုန်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ထားဝယ် အထူးစီးပွားရေး ဇုန်တွင် ပညာရှင်/ ကျွမ်းကျင်သူ/ ကြီးကြပ်သူမှအပ ကျန်ရာထူးနေရာတွင် မြန်မာနိုင်ငံသားကိုသာ မဖြစ်မနေ ငှားရမ်းသုံးစွဲစေရန် ITD သို့ ညွှန်ကြားထားပြီး စီမံကိန်း လုပ်ငန်းများတွင် သီးခြား ကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်၊ ကုမ္ဂဏီ (သို့မဟုတ်) အဖွဲ့အစည်းများအား ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံစေရေး အတွက် မြန်မာ အထူး စီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်း ထားပြီး ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတွင် အလုပ်သမားများခန့်ထားမှုနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ် ပညာရှင်များနှင့် ဝန်ထမ်းများကိုခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမ(၅)နှစ် ကုန်ဆုံး သည့်အချိန်တွင် နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယ (၅)နှစ် ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယ(၅)နှစ်ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး၇၅ ရာခိုင်နှုန်း ခန့်ထားရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့(ယာယီ)၏ အပတ်စဉ် အစီရင်ခံ တင်ပြချက်အရ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ ပြည်တွင်းနိုင်ငံသားလုပ်သား ကျား ၁၀၈၉ဦး၊ မ ၂၁၈ဦး၊ စုစုပေါင်း ၁၃၀၇ဦး နှင့် နိုင်ငံခြားသား အလုပ်သမား ကျား ၁၁၀၃ဦး နှင့် မ ၁၉၄ဦး၊ စုစုပေါင်း နိုင်ငံခြားသား ၁၂၉၇ ဦး အလုပ်လုပ်ကိုင် လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ ထားဝယ်အထူး စီးပွားရေး ဇုန်တွင် အလုပ်လုပ် ကိုင်လျက်ရှိသည့် နိုင်ငံသားနှင့် နိုင်ငံခြား အလုပ်သမား စာရင်းမှာ တစ်ဖက်ပါ အတိုင်း ဖြစ်ပါသည်-

ဇယား (၈-၁) ထားဝယ်အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားနှင့် နိုင်ငံခြား အလုပ်သမားစာရင်း

	၂၀၁၁ ခုနှစ်	၂၀၁၂ ခုနှစ်	၂၀၁၃ ခုနှစ် (အောက်တိုဘာလ)
နိုင်ငံသား	၇၇၂ ဦး	၂၂၇၄ ဦး	၁၃၀၇ ဦး
နိုင်ငံခြားသား	၅၉၉ ဦး	၁၂၁၇ ဦး	၁၂၉၇ ဦး

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း

သီလဝါအထူး စီးပွားရေးဇုန် နယ်နိမိတ် ဧရိယာ ၂၃.၄၂၁၁၈၈၄၂ စတုရန်း ကီလို မီတာ (၅၇၈၇.၇၁၈ဧက) ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု အစိုးရ အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၁၃ ဖြင့်ထုတ်ပြန်ခဲ့ ပါသည်။



သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးနှင့်ပတ်သက်၍ ငွေကြေးအရင်းအနှီး နှင့် နည်းပညာ အရင်းအနှီးတို့၏ပမာဏကြီးမားခြင်း၊ နိုင်ငံတော်အစိုးရအား ဆက်သွယ် ဆောင်ရွက်လာသည့် နိုင်ငံခြားအစိုးရများအနက် ဂျပန်အစိုးရကသာ ယင်းဇုန်စီမံကိန်း တည်ဆောက်ရေး၊ ဆက်စပ်အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက်သာမက လုပ်ငန်းအကောင်အထည် ဖော်နိုင်မည့် အခြေအနေအထိပါ တစိုက်မတ်မတ် ဆက်သွယ် ဆောင်ရွက်ခဲ့ခြင်း၊ သီလဝါအထူး စီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန် လိုအပ်သည့် နည်းပညာ

နှင့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရေးအတွက် ဂျပန်အစိုးရမှ အပြည့်အဝ အာမခံချက်ပေးခြင်း တို့ကြောင့် အထူးစီးပွားရေးဇုန်စီမံကိန်းကို ဂျပန် နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ JV အဖြစ် ထူထောင်ရာတွင် မြန်မာနိုင်ငံဘက်မှ Consortium ဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံမှု၏ ၅၁ % ကို ထည့်ဝင်မည်ဖြစ်ပါသည်။ မြန်မာဘက်မှ ၅၁ % တွင် မြန်မာအစိုးရ၏ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ (in kind တန်ဘိုး) ၁၀ % နှင့် မြန်မာအများပိုင် ကုမ္ပဏီ (၉)ခုမှ အစုရှယ် ယာ ၄၁ % ပါဝင်မတည် ထူထောင်မည်ဖြစ်ပါသည်။ ဂျပန်ဘက်မှ Mitsubishi Corporation, Sumitomo Corporation နှင့် Marubeni Corporation တို့ ပါဝင်လျက် ရင်းနှီးမြှုပ်နှံမှု၏ ၄၉ % ကို ထည့်ဝင်မည်ဖြစ်ပါသည်။ အဆိုပါ မြန်မာ Consortium နှင့် ဂျပန် Consortium တို့ ပူးပေါင်းပါဝင်သော အများပိုင် ကုမ္ပဏီသည် သီလဝါအထူးစီးပွားရေးဇုန်၏ ရင်းနှီးတည်ဆောက်သူ (Developer) ဖြစ်လာပါမည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရည်ရွယ်ချက်မှတ်တမ်းလွှာ (Memorandum of Intent- MOI) တစ်ရပ်ကို ဂျပန်နိုင်ငံတိုကျိုမြို့၌ ၂၀၁၂ ခုနှစ် ဧပြီလ ၂၁ ရက်တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ လက်မှတ်ရေးထိုး ချုပ်ဆို ခဲ့ကြပါသည်။ အဆိုပါ ရည်ရွယ်ချက် မှတ်တမ်းလွှာ MOI ကိုအခြေခံ၍ မြန်မာ-ဂျပန် ပူးပေါင်း ဆောင်ရွက်ရေး စာချွန်လွှာ (Memorandum of Cooperation on Development of the Thilawa Special Economic Zone-MOC)ကို ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ နိုင်ငံတကာရေးရာ ဆိုင်ရာ Vice-Minister တို့မှ လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

၂၀၁၃ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သည် မြန်မာနိုင်ငံသို့ တရားဝင်ခရီးလာရောက်စဉ်အတွင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဂျပန်နိုင်ငံ မစ်ဆူဘစ်ရှိ ကုမ္ပဏီ ဥက္ကဋ္ဌ ကန်ကိုဘေးယာရှိတို့သည် သီလဝါ စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ကြပါသည်။ ထို့အပြင် အဆင့်မြင့်နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏများစွာ လိုအပ်သည့် ဇုန်ပြင်ပ အခြေခံ အဆောက်အအုံများ အချိန်မီ တည်ဆောက် နိုင်ရန်အတွက် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ ကို မြန်မာနိုင်ငံမှ အချိန်မီ

မရရှိနိုင်ပါက ၄င်းဇုန်ပြင်ပ ဆက်စပ်အခြေခံ အဆောက်အအုံများ အားလုံးကို တည်ဆောက်နိုင်ရန်အတွက် ဂျပန်ယန်း ၂၀ ဘီလီယံကို ODA ချေးငွေအနေဖြင့် ဂျပန်အစိုးရမှ ပေးအပ်ရေးအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးထားပါသည်။ ၄င်းဂျပန် ODA ချေးငွေဖြင့် ဇုန်ပြင်ပ ဆက်စပ်အခြေခံအဆောက်အအုံများတည်ဆောက် အကောင်အထည် ဖော်ဆောင်ရာတွင် ဂျပန်ကုမ္ပဏီများကိုသာ ရွေးချယ်ရမည်မဟုတ်ဘဲ တာဝန်ခံ တည်ဆောက်မည့် ကုမ္ပဏီ (Engineering Procurement & Construction Companies - EPCs) များကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် နိုင်ငံပေါင်းစုံမှ ရွေးချယ်နိုင်မည် ဖြစ်ပါ သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသည့်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူ ဒေသအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်အား လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းစွာဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ၁၅-၁၀-၂၀၁၂နေ့တွင် ရန်ကုန်မြို့၌ "ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်သောအစကနဦးဆွေးနွေး တိုင်ပင်ခြင်းလုပ်ငန်းစဉ်"ကို ကျင်းပ၍ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရခိုင်သဟာယအသင်းမှ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသား ပြည်သူများ အကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲတွင် ရခိုင်ဒေသသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဒုတိယ ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ် တစ်ခုဖြစ်ခြင်းကြောင့် အထူးစီးပွားရေးဇုန်ပေါ်ထွန်းလာခြင်းကို ထောက်ခံကြိုဆိုပါကြောင်း၊ သို့သော်လည်း ရေနံတင်ဆိပ်ကမ်းကဲ့သို့သော လုပ်ငန်းများ၊ မြန်မာပြည်အလယ်ပိုင်းကို ကန့်လန့်ဖြတ်၍ ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ပါဝင်မည်ဖြစ်ခြင်းကြောင့် တော၊ တောင်ရေမြေတို့ကို ထိခိုက်စေသည့် ကိစ္စများ မဖြစ်ပေါ်စေရန် အထူးသတိထား၍ ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးကြပါသည်။

၁၃-၅-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌမှ ကျောက်ဖြူအထူးစီးပွားရေးဇုန် Master Plan ရေးဆွဲပြီးစီးမှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ပါသည်။

၁၅-၅-၂၀၁၃ ရက်နေ့တွင် ရေးဆွဲပြီးဖြစ်သော ကျောက်ဖြူအထူးစီးပွားရေးဇုန် Master Plan အရ ကျောက်ဖြူ SEZ မြေနေရာနယ်နိမိတ်တွင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ် ၃ ခုပါဝင်ပြီး ဧရိယာ အကျယ်အဝန်း စုစုပေါင်းမှာ ၃၅၉၂၆၄ ဟက်တာ (၈၈၇၇၅၇ ဧက) ရှိပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် Free Zone (Port, Trade, Processing)၊ Agriculture Zone, Tourism Zone, Environmental Conservation Zone, Deep Sea Port Zone, Logistics Zone စသည်တို့ပါဝင်ပြီး ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ်၌ ဆောင်ရွက်ရန် Master Plan တွင်ထည့်သွင်းရေးဆွဲထားရှိပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အမှတ်(၁)ကို ဧရိယာအကျယ်အဝန်း ၅၂၀ ဟက်တာ(၁၂၈၅ဧက) ဖြင့် အစကနဦး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ ဧရိယာအကျယ်အဝန်း ၅၂၀ ဟက်တာ(၁၂၈၅ ဧက) တွင် ဆိပ်ကမ်းတည်ဆောက်မှု အတွက် ၂၀ ဟက်တာ(၅၀ ဧက)၊ အိမ်ယာစီမံကိန်းအတွက် ၁၀၀ ဟက်တာ(၂၄၇ ဧက)၊ အထူးစီးပွားရေးဇုန် အတွက် ၄၀၀ ဟက်တာ(၉၈၉ ဧက) သတ်မှတ်ဆောင်ရွက်ထားရှိပါသည်။

အိမ်ရာစီမံကိန်းဧရိယာ ၁၀၀ ဟက်တာ(၂၄၇ဧက)အနက် ၇၅ ဟက်တာ (၁၈၆ ဧက) နှင့် အထူးစီးပွားရေးဇုန်အတွက် ၄၀၀ဟက်တာ(၉၈၉ ဧက) အနက် ၃၀၀ဟက်တာ(၇၄၁ဧက) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကျန် ၁၂၅ ဟက်တာ ကို အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စိမ်းလန်းဇုန်ဧရိယာများ လျာထားဆောင်ရွက်မည် ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အမှတ်(၁)ကို အပိုင်းကဏ္ဍ(၃)ခုခွဲ၍ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ အပိုင်းကဏ္ဍ(၁)ကို ၂၀၁၄ ခုနစ်မှ ၂၀၁၆ ခုနစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၄၅ဟက်တာ(၃၅၈ ဧက) ဖြင့်လည်းကောင်း၊ အပိုင်းကဏ္ဍ(၂)ကို ၂၀၁၇ ခုနစ်မှ ၂၀၂၀ ခုနစ်အတွင်း မြေဧရိယာအကျယ်အဝန်း ၁၂၅ ဟက်တာ(၃၀၉ ဧက) ဖြင့်လည်းကောင်း၊ အပိုင်း ကဏ္ဍ(၃) ကို ၂၀၂၁ ခုနစ်မှ ၂၀၂၅ ခုနစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၂၅ ဟက်တာ (၃၀၉ ဧက) ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောက်ဖြူဒေသ၏ ပထဝီဝင်အနေအထားသည် အာရှ၊အာရှအလယ်ပိုင်း ဒေသနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်ရာ တွင် မဟာဗျူဟာကျသော ဒေသအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်


Hkakabo Razi
5881
BHUTAN
INDIA
Naga Hills
Kumon Range
Hengduan Shan
CHINA
Myitkyina
BANGLADESH
Monywa
Mandalay
Shan Plateau
Salween
Taunggyi
Irrawaddy
ကျောက်ဖြူ
LAOS
Sandoway
Pegu
Bay of Bengal
Basseln
Rangoon
Moulmein
Gulf of Martaban
THAILAND
Tavoy
Andaman Sea
Andaman Islands
Mergui Archipelago
Gulf of Thailand

အခန်း(၉)

ပြည်ပ အကူအညီ အထောက်အပံ့ ရရှိမှု

ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၀၁၃ ခုနှစ် ဧနှစ်ဝါရီလ (၁၉)ရက်နှင့် (၂၀)ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်နှင့် ကာလတို၊ ကာလ ရှည် စီမံကိန်းများကို ဆွေးနွေး ခဲ့ကြပြီး ဖွံ့ဖြိုးမှု မိတ်ဖက် နိုင်ငံများနှင့် အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အတွက် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲမှု များကြောင့် နိုင်ငံတကာ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာပြီး နိုင်ငံခြား အကူအညီ အထောက်အပံ့များတိုးမြင့်ပေးအပ်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ် အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက် အပံ့ (Grant) စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇.၉၇ သန်း ရရှိရေးအတွက် ဝန်ကြီးဌာနများမှ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်အတွင်း နိုင်ငံခြား အကူအညီ အထောက် အပံ့ ရရှိမှုကို အောက်ပါအတိုင်း အမျိုးအစား (၃) မျိုး ခွဲ၍ တင်ပြပါသည်-

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

(ဂ) ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်အတွင်း လုပ်ငန်းစီမံချက် ၂၀ ခု အတွက် နိုင်ငံခြားအကူအညီ (Grant) ပမာဏ အမေရိကန် ဒေါ်လာ ၉၇.၉၇ သန်း ရရှိမည် ဖြစ်ပါသည်။

- နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာန အသီးသီးမှ လုပ်ငန်းစီမံချက် (၁) ခု စီအတွက် အမေရိကန် ဒေါ်လာ

စုစုပေါင်း (၁၈.၃၂)သန်း၊ စက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ လုပ်ငန်းစီမံချက်(၂)ခုစီအတွက် အမေရိကန် ဒေါ်လာ (၆၇.၇၅)သန်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက် (၃)ခု အတွက် အမေရိကန် ဒေါ်လာ(၄.၈၄)သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက်(၄)ခု အတွက် အမေရိကန်ဒေါ်လာ(၇.၀၆)သန်း ရရှိရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဇယား (၉-၁)

ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

စဉ်	ဝန်ကြီးဌာန	စီမံချက်	ငွေပမာဏ (USS သန်းပေါင်း)
၁	နိုင်ငံခြားရေးဝန်ကြီးဌာန	၁	၁.၀၀
၂	ပြန်ကြားရေးဝန်ကြီးဌာန	၁	၀.၈၃
၃	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန	၁	၆.၀၀
၄	ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန	၁	၁.၅၀
၅	ပို့ဆောင်ရေးဝန်ကြီးဌာန	၁	၂.၃၄
၆	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန	၁	၂.၃၀
၇	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	၁	၁.၅၀
၈	စွမ်းအင်ဝန်ကြီးဌာန	၁	၁.၃၅
၉	စက်မှုဝန်ကြီးဌာန	၂	၁၁.၅၆
၁၀	ပညာရေးဝန်ကြီးဌာန	၁	၁.၅
၁၁	ဘဏ္ဍာရေးဝန်ကြီးဌာန	၂	၅၆.၁၉
၁၂	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	၃	၄.၈၄
၁၃	ဆောက်လုပ်ရေးဝန်ကြီးဌာန	၄	၇.၀၆
	စုစုပေါင်း	၂၀	၉၇.၉၇

ဇယားမှတ်။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

ပုံ (၉-၁)

ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

(US$ သန်းပေါင်း)



ဇယား(၉)။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု။

- အကူအညီ ရရှိမှု အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ် အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ၊ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့များ (Grant)များ ပေးအပ်လျက်ရှိရာ အောက်ဖော်ပြပါ နိုင်ငံ အသီးသီးမှ အကူအညီ အထောက်အပံ့များ ရရှိရန် ဆောင်ရွက် နိုင်ခဲ့ပါ သည်။
- **ဂျပန်နိုင်ငံ**မှ ဗဟိုဘဏ် လုပ်ငန်း ICT နည်းစနစ်ဖွံ့ဖြိုး တိုးတက်ရေး၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ပေါ်ပေါက်လာမည့် ရာသီဥတု အခြေအနေ စောင့်ကြည့်

ရေးစနစ် ထူထောင်ရေးနှင့် MRTV အစီအစဉ်နှင့် အသံလွှင့် တည်းဖြတ်ခြင်း ဆိုင်ရာ စက်ပစ္စည်းများ ပိုမိုကောင်းမွန် လာစေရေး လုပ်ငန်း စီမံချက်(၃)ခု အတွက် ဂျပန် ယန်း သန်း ၅၄၁၂.၉၀(US$ ၅၄.၈၄သန်း)၊

- **တရုတ်ပြည်သူ့သမ္မတနိုင်ငံ** မှ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌ အစည်းအဝေးများတွင် ယာဉ်နှင့် ရုံးသုံးပစ္စည်း တန်ဖိုး ရင်မင်ဘီယွမ် ၁၀ သန်း(US$ ၁.၆၄ သန်း)၊

- **ကိုရီးယားသမ္မတနိုင်ငံ** မှ မြန်မာနိုင်ငံ၏ အဓိကလမ်းများ ဖွံ့ဖြိုးတိုးတက် ရေး၊ အမျိုးသား စာရင်းအင်းစနစ် ခိုင်မာရေး၊ ညီလာခံများ ကျင်းပရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးနှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံချက်(၅)ခု ဆောင်ရွက်ရန် အမေရိကန် ဒေါ်လာ ၁၅.၃၀သန်း၊

- **ဂျာမနီနိုင်ငံ** (GIZ) မှ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ပညာပေးရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးခြင်းနှင့် ကျေးလက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (၃)ခု အတွက် စုစုပေါင်း ယူရို ၁၂ သန်း(US$ ၁၆.၀၈ သန်း)၊

- **အာရှဖွံ့ဖြိုးရေးဘဏ်(ADB)**မှ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ အခြေခံအဆောက်အအုံ၊ ကျွမ်းကျင်မှု နှင့် နည်းပညာ အကူအညီများ ပံ့ပိုးပေးရေးစသည့် လုပ်ငန်းစီမံချက် (၈)ခုအတွက် ကျွမ်းကျင်မှု အမေရိကန်ဒေါ်လာ ၁၀.၁၁ သန်း ရရှိရန်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဇယား (၉-၂)

နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

စဉ်	နိုင်ငံအချင်းချင်း/ အဖွဲ့အစည်း	လုပ်ငန်းစီမံချက်	ငွေပမာဏ(US$ သန်းပေါင်း)
(က)	နိုင်ငံအချင်းချင်း		
၁	ဂျပန်နိုင်ငံ	၃	၅၄.၈၄
၂	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	၁	၁.၆၄
၃	ဂျာမနီနိုင်ငံ	၃	၁၆.၀၈
၄	ကိုရီးယားနိုင်ငံ	၅	၁၅.၃၀
	စုစုပေါင်း	**၁၂**	**၈၇.၈၆**
(ခ)	အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ		
၁	အာရှဖွံ့ဖြိုးရေးဘဏ်	၈	၁၀.၁၁
	စုစုပေါင်း	**၈**	**၁၀.၁၁**
	စာရင်းပေါင်းချုပ်	**၂၀**	**၉၇.၉၇**

ဇာစ်မြစ်။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

ပုံ (၉-၂)

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု

(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)

(US$ သန်းပေါင်း)



ဇယားမြစ်။ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

(ဂ) **ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု။**

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ် အတွင်း ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ ရရှိမှုမှာ စိုက်ပျိုးရေးကဏ္ဍတွင် ၆%၊ ဆက်သွယ်ရေးကဏ္ဍတွင် ၂%၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၇ %၊ လျှပ်စစ်ကဏ္ဍတွင် ၂%၊ စွမ်းအင်ကဏ္ဍတွင် ၁%၊ ငွေကြေးကဏ္ဍတွင် ၅၃%၊ သစ်တောကဏ္ဍတွင် ၂ %၊ စက်မှုကဏ္ဍ တွင် ၁၂%နှင့် လူမှုရေးကဏ္ဍတွင် ၁၅ % တို့ ဖြစ်ပါ သည်။

ပုံ (၉-၃)
ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု
(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ပထမ(၆)လပါတ်)



ဇယား-၆ သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ

၂၀၁၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စ၍ နိုင်ငံအချင်းချင်းအစီအစဉ် (Bilateral)အရ အကူအညီများ အထောက်အပံ့များ ပေးအပ်နေသည့် နိုင်ငံများမှာ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား၊ အိန္ဒိယ၊ ဗြိတိန်၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျ၊ ဂျာမဏီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ အီတလီ၊ အီးယူ နှင့် ကူဝိတ် ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (International Institutions) များမှာ World Bank, ADB, IFAD နှင့် WTO တို့နှင့် အလျှူရှင် နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှာ UNDP, UNICEF, UNFPA, FAO, UNODC, WHO, UNEP, UNHCR, UNOCHA, UNHABITAT တို့မှ မပြီးပြတ်သေးသော လုပ်ငန်းစီမံချက်များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

အီးယူ မှ ၂၀၁၄-၂၀၂၀ နှစ်များ အတွင်း မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးနယ်ပယ်(၄)ခုတွင် တစ်နှစ်လျှင် ယူရို ၉၀ သန်း ခန့် အကူအညီများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ တစ်ဆင့် ပေးအပ်မည် ဖြစ်ပါသည်။

အခန်း(၁၀)

ပြည်ပ စီးပွားရေး ဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အရှေ့တောင်အာရှ ဒေသနိုင်ငံများအဖွဲ့ (အာဆီယံ)၊ ဒေသခွဲ အဆင့်တွင် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဂျီအမ်အက်စ်)၊ ဘင်္ဂလားပင်လယ် ဘက်စုံစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)၊ ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာ ဗျူဟာ (အက်ခ်မက်) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင် နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးမှုနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးကို ဆောင်ရွက် လျက် ရှိပါသည်။

အာဆီယံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် အာဆီယံ စီးပွားရေး အသိုက်အဝန်း(ASEAN Economic Community-AEC) ၂၀၁၅ ခုနှစ်၌ ဖြစ်ပေါ်လာရေး အတွက် ပါဝင် ဆောင်ရွက်လျက်ရှိရာ AEC အကဲဖြတ် မှတ်တမ်းအရ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိဆောင် ရွက်ရမည့် လုပ်ငန်း၏ စ၄% ကိုအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တွေ့ကြုံရင်ဆိုင်ရမည့် အာဆီယံ လွတ်လပ် သောကုန်သွယ်မှုဒေသအတွင်း စျေးကွက် ယှဉ်ပြိုင်စွမ်းရှိရေး၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရေး၊ အာဆီယံစီးပွားရေး အသိုက်အဝန်း အကဲဖြတ် မှတ်တမ်းအရ နှစ်အလိုက် ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာန အလိုက် ကဏ္ဍအလိုက် နှောင့်နှေးမှု မရှိဘဲ ဆောင်ရွက်နိုင်ရေး တို့အတွက် အာဆီယံ ဒေသတွင်း ထုတ်လုပ်မှုနှင့် စျေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ အဆိုပါ လုပ်ငန်း စီမံချက်အရ ဘာသာရပ်ဆိုင်ရာ ဌာနများမှ ဒုတိယ ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်နှင့် ညွှန်ကြားရေးမှူးချုပ်များက အတွင်းရေးမှူးအဖြစ် ပါဝင်သော လုပ်ငန်းကော်မတီ (၁၅)ရပ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး ညှိနှိုင်း အစည်း အဝေးများကို လစဉ် ကျင်းပခဲ့ရာ ယခုအခါ (၁၃)ကြိမ်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူစဉ် အာဆီယံ စီးပွားရေး အသိုက်အဝန်း မဏ္ဍိုင်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပရန် လျာထားသည့် အစည်းအဝေးများအတွက် Notional Calendar ကိုလည်းကောင်း၊ အာဆီယံ

စီးပွားရေးဝန်ကြီး အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လုပ်ငန်း စီမံချက်ကို လည်းကောင်း၊ ရေးဆွဲထားပြီး ဖြစ်ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာ၌ စွမ်းဆောင်ရည် မြင့်တင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် သင်တန်းများကို အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာန (အီးအာရ်အိုင်အေ)၊ အမျိုးသား စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ နှင့် ဥရောပသမဂ္ဂ အကူအညီ တို့ဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ပါသည်။ ထို့အပြင် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများမှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဩစတြေးလျှနိုင်ငံ တို့တွင် ကျင်းပခဲ့သည့် အလုပ်ရုံ ဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲများသို့ ကိုယ်စားလှယ်များ စေလွှတ် တက်ရောက်နိုင်ခဲ့ပါသည်။ အာဆီယံ ဥက္ကဋ္ဌတာဝန်ရယူ၍ ဒေသဆိုင်ရာ ထိပ်သီး ဆွေးနွေး ပွဲများ၊ ဝန်ကြီးအဆင့် ဆွေးနွေးပွဲများ၊ လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲများ ဖွဲ့စည်းကျင်းပရာတွင် စွမ်းရည်ပြည့်ဝစေရေးအတွက် သင်တန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ဝန်ကြီးဌာနများမှ အရာထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရန် နှင့် နိုင်ငံတကာ အတွေ့အကြုံများ ရရှိရန်အတွက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူး ချုပ်ရုံးနှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (အီးအာရ်အိုင်အေ) တို့၌ (၁)နှစ်၊ (၆)လ နှင့် (၃)လ စသည်ဖြင့် တွဲဘက် တာဝန်ထမ်းဆောင်စေလျက် ရှိပါသည်။

ပြည်သူများ အာဆီယံ စီးပွားရေးဆိုင်ရာ ဘာသာရပ်ကို လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ အာဆီယံ စီးပွားရေးပညာရပ် ကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှင့် ပူးပေါင်း၍ သင်တန်း (၄)ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၄၀၆)ဦး တက်ရောက်ခဲ့ပြီး မန္တလေး တက္ကသိုလ်နှင့် ပူးပေါင်း၍ သင်တန်းတစ်ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား(၉၀)ဦး တက်ရောက် ခဲ့ပါသည်။

မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်)

ဂျီအမ်အက်စ် အစီအစဉ်အောက်တွင် မဲခေါင်ဒေသခွဲ (၆) နိုင်ငံအကြား လာမည့် ဆယ်စုနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင်ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ရေးဆွဲ လျက်ရှိပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်မှ (၁၁) ရက်နေ့ အထိ လာအိုနိုင်ငံ၊ ဗီယင်းကျန်းမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉) ကြိမ် မြောက် ဂျီအမ်အက်စ် ဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုသွားရန်ရှိပါသည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်)

မြန်မာနိုင်ငံသည် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး အာဆီယံနိုင်ငံများ အကြား ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွား လုပ်ငန်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

ဘင်္ဂလားပင်လယ်ဒေသ ဘက်စုံစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)

ထို့အတူ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်ဒေသ ဘက်စုံ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်)တွင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလား ဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ နည်းပညာ၊ ငါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ပြည်သူ့ကျန်းမာရေး၊အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ် ဖြတ်ကျော် ရာဇဝတ်မှု နှိမ်နင်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးဒဏ် စီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

အီးယူနှင့် ပူးပေါင်းဆောင်ရွက်မှု

ဖွံ့ဖြိုးမှုစီမံချက်များအတွက် အီးယူမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါသည်။ အီးယူနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နိုင်ငံတော် သမ္မတအား ဖိတ်ကြားသည့် ခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်မည့် ကတိကဝတ်များကို ပေးအပ်ခဲ့ပါသည်။

ပဲရစ်ကလပ်မှ ချေးငွေများ လျော်ခြင်း၊ ပေါ်လစီ အခြေခံသည့် ငွေချေးယူမှုများဖြင့် ပြန်လည်ပေးဆပ်ခြင်း၊ မြန်မာ့ပို့ကုန်များအတွက် ဂျီအက်စ်ပီ ကမ်းလှမ်းခြင်းများ ရှိခဲ့ပါသည်။ အီးယူမှ အဆင့်မြင့် ပုဂ္ဂိုလ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် EU Business Forum ကို

၂၀၁၃ခုနှစ် နိုဝင်ဘာလ(၁၄)ရက်နေ့နှင့်(၁၅)ရက်နေ့များတွင် ရန်ကုန်မြို့နှင့် နေပြည်တော် တို့တွင် ကျင်းပရန် ရှိပါသည်။

ကမ္ဘာ့စီးပွားရေး ဖိုရမ်အား ၂၀၁၃ ခုနှစ် ဇွန်လ (၅) ရက်နေ့မှ (၇) ရက်နေ့ အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အတွင်းရေးမှူးရုံး အဖြစ် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ဖိုရမ်အား လက်ခံကျင်းပခြင်းဖြင့် အဆိုပါ ဖိုရမ်၏ ဆွေးနွေးချက်များသည် အားလုံး (လူတိုင်း) ပါဝင်သည့် တိုးတက်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ အရှေ့အာရှ ဒေသအဆင့် ပေါင်းစည်းမှု အမှန်တကယ် ဖြစ်ပေါ်စေရန် တွန်းအား ပေးဖြေရှင်းနိုင်မည့် ဒေသအဆင့် ဖြေရှင်း ဆောင်ရွက်နိုင်မှုများနှင့် နည်းလမ်းများကို ကမ္ဘာလုံးဆိုင်ရာ ခံနိုင်ရည်ရှိမှု မြင့်မား လာသည် အထိ ပိုမို ကျယ်ပြန့်စေရန် တိုးမြှင့်ဆောင်ရွက်မည့် အခွင့်အရေးများ ရရှိစေပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် စီးပွားရေး ပိတ်ဆို့ထားမှုများ အားလုံးကို ဖယ်ရှားပြီး ဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် အပြန် အလှန် ကုန်သွယ်မှုကို တိုးမြှင့်ရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဆွဲဆောင်နိုင်ရန်၊ ကမ္ဘာ့စျေးကွက်မှာ မြန်မာနိုင်ငံမှ ထုတ်ကုန် ပစ္စည်းများ ပိုမိုတင်ပို့နိုင်စေရန်၊ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်၊ သတင်း အချက် အလက်နှင့် အဆက်အသွယ်များ ရရှိစေပါသည်။

နိုင်ငံခေါင်းဆောင် အကြီးအကဲများ၊ မူဝါဒ ချမှတ်သူများ၊ အထင်ကရ ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများမှ အကြီးအကဲများ၊ စီအီးအိုများ၊ နယ်ပယ် အသီးသီးမှ ကျွမ်းကျင်သူ ပညာရှင် များ၏ အတွေးအခေါ် အယူအဆများကို သိရှိနိုင်ပြီး ကမ္ဘာ့ကြီး၏ အရွေ့များကို မှန်းဆနိုင်သည့် အခွင့်အရေး ရရှိစေပါသည်။ ထို့ပြင် ဆွေးနွေးပွဲများအား ကမ္ဘာသိအောင် တိုက်ရိုက် ထုတ်လွှင့် မှုများ၊ အစိုးရ၊ လွှတ်တော်နှင့် နိုင်ငံရေးပါတီများ၊ အပြည်ပြည်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်း Stakeholders အစုံအလင်ဖြင့် လွတ်လပ်စွာ ပါဝင်တက်ရောက် ဆွေးနွေး နိုင်မှုသည် ပွင့်လင်းလာပြီဖြစ်သည့် မြန်မာ့လူ့အဖွဲ့အစည်းအား ကမ္ဘာကို လက်တွေ့ ပြသ နိုင်သည့် အခွင့် အရေးတစ်ရပ်ပင် ဖြစ်ပါသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်တော့ မည် ဖြစ်ပါသဖြင့် အိမ်ရှင်အဖြစ် ကြီးမားသည့် အစည်းအဝေး ဖွဲ့စည်းကျင်းပမည့် သက်ဆိုင်ရာ ဌာနများ အားလုံး၏ Conference Management စွမ်းရည် တည်ဆောက်ကာ လေ့ကျင့် ပြင်ဆင်မှု ကို ရရှိစေပါသည်။ Online Registration၊ ဖိုရမ်၏ လုံခြုံရေးအစီအမံ၊ ဖိတ်ကြားရေးနှင့် ဧည့်ခံကြိုဆိုရေး ကိစ္စရပ်များ၊ ဖိုရမ်ရုံးလုပ်ငန်းနှင့် စာရွက်စာတမ်းဆိုင်ရာ စီမံဆောင်ရွက်မှုများ၊ သယ်ယူပို့ဆောင်ရေး စီမံဆောင်ရွက်မှုများ၊ ဟိုတယ်တည်းခိုရေး လုပ်ငန်းများ၊ အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့များအတွက် ဆက်ဆံရေးနှင့်လုံခြုံရေး အရာရှိ များ တာဝန်ပေးအပ် ခြင်းဖြင့်

အတွေ့ အကြုံများအား ရရှိစေပါသည်။ မြန်မာကို ကမ္ဘာသိအောင် ပြသကြော်ငြာခြင်း (Marketing of our Nation) လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများအပြင် မြန်မာ-အီးယူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ၊ နည်းပညာ ကျွမ်းကျင်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှု အကူအညီ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရန် အလားအလာ များ ရှိနေပါကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

နိုင်ငံအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုး တိုးတက်ရေး အတွက် Dialogues များ၊ Joint Initiative Meeting များ၊ Bilateral Meeting များအား သက်ဆိုင်ရာ နိုင်ငံများနှင့် ဖွဲ့စည်းကျင်းပ ဆောင်ရွက်ပါသည်။ ထို့ပြင် နိုင်ငံ အသီးသီးမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဖိတ်ကြားလာသည့် ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ အား အချိန်မီ စေလွှတ်နိုင်ရေး စီမံဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံအတွင်း ပူးပေါင်း ဆောင်ရွက်ရန် ရှိသည့် ဆွေးနွေးပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲ၊ ကွန်ဖရင့်များအား လိုအပ်သလို ဖွဲ့စည်းကျင်းပ ဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံတွင် လာရောက် တာဝန်ထမ်းဆောင်နေစဉ် သက်ဆိုင်ရာ နိုင်ငံများ၏ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ စီမံချက်များအတွက် လာရောက်မည့် ကျွမ်းကျင် သူများ အတွက် ဗီဇာ၊ နေထိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ အချိန်မီ စီစဉ်ဆောင်ရွက်ပေးပါသည်။ နိုင်ငံတော် အကြီးအကဲ များ၊ ဝန်ကြီးဌာနအကြီးအကဲများ ပြည်ပ ခရီးစဉ် သွားရောက်ခြင်း၊ အခြားနိုင်ငံမှ အကြီးအကဲများ မိမိတို့ နိုင်ငံသို့ လာရောက်သည့် ခရီးစဉ်များ၊ ဂါရဝပြု တွေ့ဆုံပွဲများ၊ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အမေရိကန် နိုင်ငံ တို့နှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်/ မူဘောင် စာချုပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင် သဘောတူစာချုပ်များနှင့် နားလည်မှု စာလွှာများ (၁၁)ခု ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

နိုင်ငံခြား အကူအညီ အထောက်အပံ့

နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီများကို ရယူ အသုံးပြုရာတွင် ထိရောက်မှုရှိရေး (Aid Effectiveness) ၊ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအတွက် စနစ်တကျ အသုံးပြုနိုင်ရေးတို့ အတွက် "နိုင်ငံခြား အကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီ" ကို နိုင်ငံတော်သမ္မတကြီး ဦးဆောင်၍ ဖွဲ့စည်းထားပြီး၊ အဆိုပါ ဗဟိုကော်မတီ အောက်တွင် နိုင်ငံခြား အကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီနှင့် အမျိုးသား စီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီတို့ကို ဖွဲ့စည်းထားရှိပါသည်။

နိုင်ငံခြားအကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အနေဖြင့် မူဝါဒ များ ချမှတ်လမ်းညွှန်ပြီး ချမှတ်ထားသည့် မူဘောင်များနှင့်အညီ ဦးစားပေး လုပ်ငန်း၊ စီမံချက် ကဏ္ဍများနှင့် ဦးစားပေး စီမံချက်များကို ရွေးချယ်သတ်မှတ်ပြီး ပြည်သူ့လိုအပ်ချက်များကို ရှာဖွေ ဖော်ထုတ်၍ အလျှုရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်နိုင်ငံအချင်းမှ ပေးအပ်သည့် အကူအညီ၊ အထောက်အပံ့များ၊ ချေးငွေများဖြင့် ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းများ ထိရောက်မှုရှိရေးအတွက် ယင်းလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်သည့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ ဝန်ကြီးဌာနများ နှင့် အကူအညီ ပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်းများက ပူးပေါင်း၍ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ် အကဲဖြတ်ခြင်း (Monitoring and Evaluation) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အကူအညီ အထောက်အပံ့များကို ပိုမိုရရှိနိုင်စေရန် NayPyiTaw Accord အရ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၁၆)ဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်။ အဆိုပါ အဖွဲ့များမှာ (၁)ပညာရေး လုပ်ငန်းအဖွဲ့၊ (၂)ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၃)လယ်ယာစိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊(၄) ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၅) အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၆)လျှပ်စစ်စွမ်းအားလုပ်ငန်းအဖွဲ့၊ (၇)ကျန်းမာရေးနှင့် ရေရရှိရေး လုပ်ငန်းအဖွဲ့၊ (၈) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ လုပ်ငန်းအဖွဲ့၊ (၉)ပို့ဆောင်ရေး ဆိုင်ရာလုပ်ငန်းအဖွဲ့၊(၁၀)လူမှုအကာအကွယ်ပေးရေးနှင့် သဘာဝဘေး အန္တရာယ် လျော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၁၁) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင် ပြောင်းလဲရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၁၁) ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ (၁၂) အမျိုးသမီးများ စွမ်းပကား မြှင့်တင်ရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၃) မီဒီယာ လုပ်ငန်းအဖွဲ့(၁၄) ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းအဖွဲ့(၁၅) စာရင်းအင်းဆိုင်ရာ အရည် အသွေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းအဖွဲ့ (၁၆)

ကုန်သွယ်ရေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်း အဖွဲ့တို့ ဖြစ်ပြီး အဆိုပါ လုပ်ငန်းအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရှေ့အလားအလာ

အာဆီယံသည် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ဘက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့နှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership - RCEP) ဘောင်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မေလမှ စတင်၍ ညှိနှိုင်းလျက်ရှိရာ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိပါ သည်။ အဆိုပါ ဘောင်သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် ညှိနှိုင်းမှု ပြီးစီးရန် ရည်မှန်းထားရာ ၎င်း ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါ်ပေါက်ပြီး အရှေ့အာရှ စီးပွားရေး အသိုက်အဝန်းကို ဆက်လက် ဖော်ဆောင်ရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မဟာဗျူဟာ အချက်အခြာကျသော နေရာတွင် တည်ရှိနေသည့် အတွက် ဂျီအမ်အက်စ် အရှေ့-အနောက် စင်္ကြံလမ်းကြောင်းတွင် တည်ရှိသကဲ့သို့ တောင်အာရှ နှင့် အရှေ့အာရှတို့အကြား ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံနှစ်နိုင်ငံအကြား တည်ရှိနေပါသည်။ ယခု မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ တည်ထောင်မှုကြောင့် ဂျီအမ်အက်စ် တောင် မြောက် စင်္ကြံများနှင့် ချိတ်ဆက်ခြင်းဖြင့် ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် ကွန်ယက်သဖွယ် ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင် ဒေသခွဲသာမက ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ နှင့် ဆက်ဆံရေး ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်များပြား လာခဲ့ပြီး ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့မှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ လျော့ပျော့ခြင်းနှင့် ဖယ်ရှားခြင်းကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုတွင် ပိုမိုတိုးမြင့် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပွင့်လင်း လာမှုနှင့် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ထောက်ခံလာသည်နှင့်အမျှ နိုင်ငံတကာ အကူအညီ အထောက်အပံ့များ (ငွေကြေးအကူအညီ၊ ကျွမ်းကျင်မှု အကူအညီ၊ နည်းပညာ အကူအညီ) ပိုမို ပေးအပ်လာပါသဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာ အကျိုးပြုစေ နိုင်မည် ဖြစ်ပါသည်။

နိဂုံး

နိုင်ငံတော်အစိုးရသစ် တက်လာပြီး နောက်ပိုင်းတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်ရွယ်၍ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးခဲ့ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်စေရန်အတွက် စက်မှုကဏ္ဍမှာ အဓိကမောင်းနှင်အားဖြစ်သကဲ့သို့၊ စက်မှုကဏ္ဍကြီးတွင် ပါဝင်သည့် လျှပ်စစ်ဓာတ်အား ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် လျှပ်စစ်မီးတိုးတက်ရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေဖူလုံရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေး၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ကဏ္ဍအလိုက် သိသာစွာ တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်မှ ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံတော်သည် လူမှုစီးပွားရေးမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုး တိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဖွံ့ဖြိုးမှုကို ရှုဒေါင့်ပေါင်းစုံ(Multi-Dimentional Aspect) နှင့် ရှုမြင်ပြီး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အထိကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့မှသာ လူထု၊ လူတန်းစားများအကြား ဆင်းရဲ၊ ချမ်းသာကွာဟမှုနည်းပါးပြီး လူတိုင်း ဖွံ့ဖြိုးမှု၏ အသီးအပွင့်ခံစားနိုင်မှသာ နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှု (Quality Development of a Nation) ကို ဖြစ်ပေါ်စေရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် အချိုးမျှတစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ ကဏ္ဍနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ ချိတ်ဆက်၍ ကျန်ရှိနေသော ဒုတိယ (ဖ)လတွင် စီမံကိန်းရည်မှန်းချက်များ အောင်မြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။